WWW.DHAMMARANSI.COM

စစ်ကိုင်းတိုင်းဒေသကြီး ၊ မုံရွာမြို့နယ်

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

**ကျေးဇူးရှင်မိုးညှင်းတောရဆရာတော်ဘုရားကြီး**

သည်

ပဋ္ဌာန်းကျမ်းစာ မတက်ဖူးသူများပင်
သိမြင်သဘောပေါက်အောင်
ရေးသားထားတော်မူအပ်သော

# လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်း
# နှင့်
# လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီး

(နှစ်အုပ်တွဲ)

ဓမ္မမာမက ပုဂ္ဂိုလ်များအတွက်
မိုးညှင်းသမ္ဗုဒ္ဓေ ကျေးဇူးရှင်တိုက်ရင်းမှ ထပ်မံထုတ်ဝေသည်

ကောဇာ - ၁၃၇၆ ၊ ခရစ် - ၂၀၁၅

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM




အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင် မိုးညှင်းဆရာတော်ဘုရားကြီး

WWW.DHAMMARANSI.COM

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ

ကျေးဇူးတော်ရှင်

**မိုးညှင်းတောရဆရာတော်ကြီးသည်**

ဘာသာခြားတို့ပင် သိနားလည်ချင်လောက်အောင် ကိုယ်တွေ့ဒိဋ္ဌ ဖြစ်နေကြသည့်

ပဋ္ဌာန်းတရားကြီးများကို ရေးသားဖော်ပြအပ်သော

# လက်တွေ့ပဋ္ဌာန်းအားမြည်းကျမ်း

ဘွဲ့တံဆိပ်တော် (၃) ကြိမ်ရ

ကျွန်းချွာတောရဆရာတော်ကြီး နှင့်

အမရပူရ၊ တောင်မြို့၊ မင်္ဂလာတိုက်ဟောင်း ဆရာတော် ဦးဝိမလ တို့

ထောက်ခံပြင်ဆင်ကြသည်။

(ထုတ်ဝေသူ)

နေရှင်း-ဦးကောဝိဒ

မိုးညှင်းဆရာတော်ကြီး၏စက္ကရီထေရီ

မိုးညှင်းစံကျောင်း၊ ရန်ကုန်မြို့။

၁၃၁၀ ခု၊ ဒုတိယဝါဆိုလ၊ ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀)

WWW.DHAMMARANSI.COM

၂၀၁၅ ခုနှစ် ၊ ဧပြီလ

ဒုတိယအကြိမ်

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း - မောင်အေးချို

ထုတ်ဝေသူ - အရှင်သုမန (ကင်းလွတ်ခွင့်အမှတ် - ၂/၉၄(၅))
မိုးညှင်းတောရကျောင်းတိုက်၊
စံပျော်ရွှင်ကြည်ကျောင်း၊
မြေနဲကျေးရွာ၊ မုံရွာမြို့နယ်၊
စစ်ကိုင်းတိုင်း။

ပုံနှိပ်သူ - ဦးငြိမ်းချမ်း (မြ-၀၃၁၉၅)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄လမ်း နှင့် ၃၃လမ်းထောင့်၊
မန္တလေး။
ဖုန်း - ၀၂-၃၉၇၁၇၊ ၀၂-၆၀၁၃၆
၀၉-၉၇၁၉၃၇၇၃၇

WWW.DHAMMARANSI.COM

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထပ်မံရိုက်နှိပ်ရခြင်းအကြောင်း | ၁ |
| ၂။ | နိဒါန်း | ၄ |
| ၃။ | ပဋိညာဉ်ကို ပြချက်။ | ၆ |
| ၄။ | သစ္စာအရနှင့် ပညတ်တရား အစားစားတို့ကို ထင်ရှားပြချက်။ | ၁၃ |
| ၅။ | ဖန်ဆင်းပေးတတ်သော ဓာတ်စွမ်းကောင်းတို့ကို ထင်ရှားပြချက်။ | ၁၇ |
| ၆။ | တေဇောဓာတ်စွမ်းကောင်းကြီးက ဖန်ဆင်းပေးပုံ။ | ၁၈ |
| ၇။ | ဟာနဘာဂီယ တေဇောဓာတ်က ဖန်ဆင်းပေးပုံ။ | ၁၈ |
| ၈။ | ဌိတိဘာဂီယ တေဇောဓာတ်က ဖန်ဆင်းပေးပုံကို ပြချက်။ | ၂၂ |
| ၉။ | ဝုဍ္ဎိဘာဂီယ တေဇောဓာတ်က ဖန်ဆင်းပေးပုံကို ပြချက်။ | ၂၅ |
| ၁၀။ | တေဇောဓာတ်နှင့်တကွ ရုပ်ဓာတ်တို့ ပေါင်းစပ်၍ ဖြစ်ပုံကို ပြချက်။ | ၂၈ |
| ၁၁။ | ဓာတ်ကြီးလေးပါးတို့က အဖော်ဓာတ်တို့နှင့်တကွ လောကကြီးကို ဖန်ဆင်းပေးပုံကို ပြချက်။ | ၂၉ |
| ၁၂။ | ကုသိုလ်ကံဓာတ်စွမ်းကောင်းကြီးက ဖန်ဆင်းပေးပုံကို ပြချက်။ | ၃၂ |

WWW.DHAMMARANSI.COM


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | နေရာတိုင်းတို့မှာ ထိုကုသိုလ်ကံဖြစ်နိုင်ပုံ။ | ၃၇ |
| ၁၄။ | ဖန်ဆင်းပေးတတ်သော အကုသိုလ်ကံ၏ အကျိုးရင်း အကျိုးဖျားတို့ ထင်ရှားဖြစ်ပုံကို ပြချက်။ | ၃၈ |
| ၁၅။ | ယခုဘဝကံတို့က နိဿန္ဒအကျိုးနှင့် ပဋိသန္ဓေ ပဝတ္တိ အကျိုးပေးပုံကို ပြချက်။ | ၄၂ |
| ၁၆။ | ပဋိသန္ဓေနှင့် ကံအကျိုးတို့ ဖြစ်ပုံကို ပြချက်။ | ၄၅ |
| ၁၇။ | ထိုပြုလုပ် ပြောဆို ကြံစည်သမျှ ပဋ္ဌာန်းချည်းဖြစ်ကြ၍ အကျိုးပေးပုံကို ပြချက်။ | ၅၀ |
| ၁၈။ | ဖန်ဆင်းပေးတတ်သော စိတ်အရနှင့် အမျိုးမျိုး ဖန်ဆင်းပေးပုံကို ပြချက်။ | ၅၄ |
| ၁၉။ | ဩဇာအာဟာရက သတ္တဝါတို့အား ပဋ္ဌာန်းတရားနှင့် ကျေးဇူးပြုပုံကို ပြချက်။ | ၅၉ |
| ၂၀။ | ဖန်ဆင်းပေးတတ်သော ပဋ္ဌာန်းတရား အစားစားတို့ကို ထင်ရှား ပြချက်။ | ၆၀ |
| ၂၁။ | စိတ် ကောင်း.မကောင်းတို့ကို ဟေတုပဋ္ဌာန်းဖြစ်ချက်နှင့် အထူးသတိပေးချက်။ | ၆၅ |
| ၂၂။ | ကျမ်းပြီးနိဂုံး | ၇၀ |
| ၂၃။ | ပုံနှိပ်နိဂုံး | ၇၀ |


❖

WWW.DHAMMARANSI.COM

# ထပ်မံရိုက်နှိပ်ရခြင်းအကြောင်း

ကောင်းမြှိန်စွဲငြိ လျှာခံတွင်းမိအောင် ချက်ပြုတ်စီရင် ပွဲတင်လိုသော စာဖိုမှူးသည် မိမိ ချက်ပြုတ်စီရင်သော ဟင်းလျာကို သေချာအောင် စိတ်တိုင်းကျ စီမံပြီးလျှင် အလေးအပေ့ါ အချိုအချဉ် စသော ရသဓာတ် အစုံအလင်ကို အာရုံတင် ခန့်မှန်းကာ အရသာခံ မြည်းစမ်းသကဲ့သို့ ပဋ္ဌာန်းဝိပဿနာ အလုပ်ပေးကျမ်းကြီး ကို ဂန္ထဝင်မြောက် တခမ်းတနား ရေးသားဟောကြားတော်မူမည့် ကျေးရူးရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် ထိုပဋ္ဌာန်း အဘိဓမ္မာဒေသနာတော် ကို မရေးသား မဟောကြားသေးမီ ရှေးဦးစွာ ဓမ္မမာမက ပုဂ္ဂိုလ်များ နားဝင်ဆံ့ စေရန် အမြည်းအစမ်းအနေအားဖြင့် သဘောထားကာ "လက်တွေ့ပဋ္ဌာန်း ဆားမြည်းကျမ်း" ဟူသော အမည်ဖြင့် ပဋ္ဌာန်းအဘိဓမ္မာကျမ်းစာငယ်ကို ပထမဆုံး ရေးသားထုတ်ဝေခဲ့လေသည်။ ထိုကျမ်းစာအုပ် ထုတ်ဝေပြီး ကိုယ်တော်တိုင် ကလည်း အနယ်နယ်အရပ်ရပ်သို့ တရားဟော ကြွချီရာတွင် ထိုပဋ္ဌာန်းအဘိဓမ္မာ ကြီးနှင့် စပ်၍ အချိန်ရလျှင် ရသလောက် ကြားညှပ် ဟောကြားခဲ့လေသည်။

WWW.DHAMMARANSI.COM



ထိုသို့ဟောကြားလျက် ဓမ္မမာမကပုဂ္ဂိုလ်တို့နားတွင် ပဋ္ဌာန်းဟူသော ဓမ္မဒေသနာအသံများ ယဉ်ပါးလာသောအခါ ပဋ္ဌာန်းဆိုသော ဓမ္မဖြစ်စဉ် သဘောသည် နေ့စဉ်အမြဲ ကိုယ်တို့၏ ငါတို့၏ ခန္ဓာဖြစ်စဉ်ဝယ် အကြောင်းအကျိုးဆက် ဓမ္မဓာတ် တစ်မျိုးမျိုး အနေအားဖြင့် အမြဲပါရှိလျက်နေသော ခန္ဓာဖြစ်စဉ် သဘောပဲ ဖြစ်သည်ဟု သဘောပေါက်လာစေရန် ဒုတိယအားဖြင့် ထပ်ဆင့်၍ "ပဋ္ဌာန်းဘုံဆိုင်ကျမ်း" ဟူသောအမည်ဖြင့် ပဋ္ဌာန်းအဘိဓမ္မာကျမ်းစာငယ် တစ်ကျမ်း ထပ်မံရေးသား ထုတ်ဝေခဲ့ပြန်လေသည်။ ကျမ်းနှစ်စောင်လုံးပင် သွားလေရာသို့ ပေါ့ပေါ့ပါးပါး ယူဆောင်ကိုင်စွဲနိုင်သော ရင်ခွင်ပိုက်ပစ္စည်းပမာပင် ဖြစ်လေသည်။

ထိုကျမ်းစာငယ်နှစ်စောင် ထွက်ပေါ်ပြီး အနယ်နယ်အရပ်ရပ်သို့ ကြွချီ တိုင်း ပဋ္ဌာန်းသံပေး ပဋ္ဌာန်းအရေး ဖော်ခဲ့သည်မှာ "စာပဋ္ဌာန်း ရွာပဋ္ဌာန်း ငါပဋ္ဌာန်း" ဟူသော ဓမ္မအစဉ် ဆောင်ပုဒ်တော်ပင် ယခုတိုင် ဥဒါန်းကျော်ဆဲ ရှိနေလေသည်။

ထိုကျမ်းရေးရန် လျှောက်ထား တောင်းပန်ကြသော အဘိယာစက ပုဂ္ဂိုလ်များမှာ

- အော်နာရေဘီ ဦးသိန်းမောင် ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးချုပ်၊ ရန်ကုန်မြို့။
- ဦးကျော် ပဲခူးဝန်ရှင်တော်မင်းကြီးနှင့် ရွှေကောက်ပွဲဆိုင်ရာမင်းကြီး၊ ရန်ကုန်မြို့။
- သူဌေး ဦးမောင်မောင်၊ ဦးဆင့် - ဒေါ်ဌေး၊ တိုက်ပိုင်ရှင်၊ ကုန်စိမ်းတန်း၊ ရန်ကုန်မြို့။
- အင်းစိန်မြို့ မိုးညှင်းဂတိဝိသုဒ္ဓိအသင်းကြီး။
- ရန်ကုန်မြို့ မိုးညှင်းမင်္ဂလာ ဂတိဝိသုဒ္ဓိအသင်းကြီး တို့ဖြစ်သည်။

ထိုစဉ်က ထိုကျမ်းစာ နှစ်စောင်လုံးပင် ချွင်းချက်မရှိ အတိသုန္ဒရဖြစ်စေရန် ကူညီ တည်းဖြတ် ပေးတော်မူခဲ့ကြသည်မှာ မြန်မာမင်းများ လက်ထက်က ဘွဲ့တံဆိပ်တော် သုံးထပ်ရ ကျွန်းရွာတောရဆရာတော်ဘုရားနှင့် အမရပူရ မင်္ဂလာတိုက်ဟောင်း ဆရာတော် ဦးဝိမလတို့ ဖြစ်ကြသည်။

WWW.DHAMMARANSI.COM



တာဝန်ခံ၍ စာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သူမှာ နေရင်း ဦးကောဝိဒ ဖြစ်သည်။ မူလရိုက်စဉ်က စက္ကူရှားပါး၍ အလုပ်တွင်ဖို့အရေးကို ဦးစားပေး ဆောင်ရွက်ခဲ့လေသည်လားမသိ။ အနည်းအပါး တွေ့ရှိရသော စာအုပ်လေးများမှာ စက္ကူများ ဝါကြန့်၍ ကိုင်လျှင် ကျွတ်ထွက်တော့မည့်အလား ဖြစ်စဉ်တော် ဆိုးဝါးလျက်ပင် ရှိနေလေသည်။

သို့ဖြစ်၍ မပျောက်ကောင်းသော ထိုကျမ်းတော်နှစ်အုပ်ကို တစ်အုပ်တည်း ပြုလျက် ယခုအခါမှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ခိုင်မာစွာ တည်ရှိနိုင်ရန် အတွက် ပဋ္ဌာဇာတပစ္စည်းဖော်လျက် သက်တမ်းတော် တိုးသောအားဖြင့် ထပ်မံ ထုတ်ဝေလိုက်ရပါသတည်း။

*ဘဒ္ဒန္တသုမန*
*အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ*
*မိုးညှင်းသမ္ဗုဒ္ဓေ၊ မုံရွာမြို့။*
*၂၅-၁-၂၀၁၅*

❖

WWW.DHAMMARANSI.COM



# နိဒါန်း

ကမ္ဘာကြီးတစ်ခုလုံးတွင် ဘာသာအယူ အစားစား ဝါဒတွေ များပြီးလျှင် အကြောင်းအား၊ အကျိုးသင့်၊ အဆိုးနှင့်အကောင်း၊ အကြောင်းရင်း အစစ်များကို မလိုက်စားသဖြင့် စရိုက်အားဖြင့် ကြမ်းတမ်း၍ ပရမ်းပတာ အဖြာဖြာ ဖြစ်ပြီးလျှင် ကမ္ဘာစစ်ကြီး ဒုတိယအကြိမ် ဖြစ်ခဲ့လေသည်။

ထိုအခါတွင် မုံရွာမြို့နယ်၊ မိုးညှင်းတောရကျောင်းတိုက်ကြီးတွင် သီတင်းသုံးလျက်ရှိတော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဝိပဿနာ သာသနာပြု ဇဟုဇနကန္တဂုဏ်၊ ပိဋကတ္တယကောဝိဒဂုဏ် အဖုံဖုံတို့နှင့် ပြည့်စုံတော်မူသော ငါတို့ ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီးသည် ဤသို့ အကြံ ဖြစ်တော်မူသည်။ သြော် ငါတို့ဘုရားသခင်၏ တရားအစဉ်တို့တွင် ပဋ္ဌာန်းကျမ်း ဒေသနာတော်ကြီးသည် အကြောင်းအမျိုးမျိုး ခွဲပြပြီး ငရဲက လွတ်နိုင်အောင် ဟောတော်မူ၍ ခက်ခဲ နက်နဲလှသော ဒေသနာဖြစ်လေသည်။ ထိုသည့် ပဋ္ဌာန်း ကျမ်းကြီးကို အလွယ်တကူ သိနိုင်ရန် ရေးသား၍ ကမ္ဘာသူ ကမ္ဘာသားတို့အား ဖြန့်ဝေပေးရပါမူ အကြောင်းမှန် အကျိုးစစ်တို့ကို သိမြင်၍ သတိယှဉ်ကာ အခါခါ ထိန်းပြီးလျှင် ကမ္ဘာကြီးပင် ငြိမ်းအေးပေလိမ့်မည် ဟူသော အကြံတော် ဖြစ်တော်မူသတည်း။

ထိုသို့ ဖြစ်တော်မူသော အကြံတော်အတိုင်း ပဋ္ဌာန်းကျမ်းတော်ကြီးကို အလွယ်တကူနှင့် သင်ယူတတ်မြောက် ကြည့်ရှုကျင့်ကြံ အဖန်ဖန် ပွားများနိုင်ရန်

WWW.DHAMMARANSI.COM



အတွက် အခန်းကြီး အခန်းငယ် အသွယ်သွယ် ပိုင်းခြား၍ မည်သူအားမျှ မငြင်းဆန်နိုင်ဘဲ ဟုတ်ပါပေသည် မှန်ပါပေသည်ဟု ဝန်ခံရအောင် သာဓကယုတ္တိ သဘာဝထိပြီး လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး သိနိုင်သောကြောင့် "လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီး" ကို တခမ်းတနား ရေးသားထားတော်မူသတည်း။

ထိုသို့ ကြီးကျယ်ခမ်းနားသော လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီး၌ မကြည့်မရှုရသေးမီ ရှေးဦးစွာ ထိုပဋ္ဌာန်းကျမ်းကြီး၏ သဘောအစစ် အရသာအနှစ် တို့ကို တစ်တစ်ခွခွ မသိရသေးမီ နမူနာစံပြ သာဓက အနေအားဖြင့် အမြည်းအစမ်း အစအန ပုံစံကလေး ထုတ်ပေးသကဲ့သို့ လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီးမှာ ဤသို့သော သဘောအချက် အဓိပ္ပာယ်အနက် တို့ကို အကွက်ကျကျ သိမြင်ရလိမ့်မည်ဟု သိစေခြင်း အကျိုးငှာ ဤ "လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်း" ကို ရှေးဦးစွာ ရေးသားတော်မူလိုက်လေသတည်း။

ထိုသို့ ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဤ "လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်း" ရှေးဦးစွာ ပုံနှိပ်စက်တင်လိုက်ပါသတည်း။

ဤဆားမြည်းကျမ်းကို ကြည့်ပြီးလျှင် လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီးကို တခမ်းတနား ဆန်းပြားစွာ ထွက်တော့မည်ဖြစ်၍ မျှော်လင့် စောင့်စားတော်မူကြပါစေကုန်သတည်း။

**န ပရေသံ ဝိသောမာနိ၊ ဩလောကေယျ ပဏ္ဍိတာ။**
**အတ္တနောဝ္ဝ ပေက္ခေယျ၊ ကတပုညာ ဝိစက္ခဏာ။**

*သူ့အပြစ် စင်စစ်များလှသော်။*
*ပညာရှိ မကြည့် အမှန်နော်။*
*ကိုယ့်အကျိုး မျိုးမျိုးကြည့်၍သော်။*
*ကုသိုလ်ရှိ ကဝိပညာကျော်။*

*နေရင်း - ဦးကောဝိဒ*
*မိုးညှင်းဆရာတော်ကြီး စက္ကရီထေရ်*
*မိုးညှင်းစံကျောင်း၊ ရန်ကုန်မြို့။*
*၁၃၁၀ ခု၊ ဒုတိယဝါဆိုလပြည့်နေ့*

❖

WWW.DHAMMARANSI.COM



စိရံ တိဋ္ဌတု သဒ္ဓမ္မော

# လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်း

(ပဋ္ဌိညာဉ်ကိုပြချက်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အို ... ဘုန်းကံပါရမီရှိသူအပေါင်း သူတော်ကောင်းတို့။ သင်တို့သည် လောကီပညာနှင့် အလုပ်ဘက်သို့ ဆောင်ရွက်ကြသောအခါ ဓာတုဗေဒ ရူပဗေဒ စသော ဝိဇ္ဇာဓရ ပညာနှင့် အလုပ်ကို အားထုတ်ကြ၍ ယခုမျက်မြင် ဓာတုဗေဒ ဆရာကြီးတို့ထက်မက မြေလျှိုးမိုးပျံနိုင်သော ဝိဇ္ဇာဓရပုဂ္ဂိုလ်ကြီးများဖြစ်စေကာမူ လည်းကောင်း၊ အစိုးရ ပညာနှင့် အလုပ်တို့ကို အားထုတ်ကြသောအခါ ဘုရင်ခံ ချုပ်ကြီး ထက်မက လေးကျွန်းတစ်မြင်းမိုရ်ကို အစိုးရသော စကြာမင်းကြီးအစစ် ဖြစ်စေကာမူလည်းကောင်း၊ ဈာန်အဘိညာဉ်နှင့် ကုသိုလ်အလုပ်တို့ကို အားထုတ် ကြ၍ မြေလျှိုးမိုးပျံ ဈာန်အဘိညာဉ်တရားကို ရကြပြီး သိကြားမင်း၊ ဗြဟ္မာမင်း ကြီးတွေ ဖြစ်စေကာမူလည်းကောင်း နောက်ဆုံးပိတ်တို့မှာ ပျက်စီး၍ကျသော မီးအိမ်ပျံပမာ သေကြေ ပျက်စီးကြ၍သာ အပါယ်လေးဘုံ တို့အထဲမှာ တဝဲ လည်လည် ရှေးကလည်း နေခဲ့ရလှလေပြီ၊ ယခုလည်း နေရလှနီးနီး၊ နောက်

WWW.DHAMMARANSI.COM



နောင်လည်း နေရလတ္တံ့မည်များကို ဉာဏ်တွေ့မျက်မြင် ဆင်ခြင်စဉ်းစားကြည့်က လောကီဘက် ပညာနှင့် အလုပ်တို့ အပြီးသတ်တို့မှာ ဘာတစ်ခုမျှ ယုံကြည် အားကိုးရခြင်း မရှိကုန်။

အို... ဘုန်းကံပါရမီရှိသူတို့။ သင်တို့သည် လောကုတ္တရာနှင့်စပ်သော ပညာ အလုပ်တို့ကိုမူကား အသချေ်ျ ကမ္ဘာတွေ ကြာသော်လည်း အင်မတန်မှ တွေ့ကြုံ သင်ကြားကြရန် ကျင့်ကြံအားထုတ်ကြရန် ခဲယဉ်းလှသောကြောင့် အတိဒုလ္လဘ ဟု ဟောပြတော်မူလေ၏။ ယခုအခါ တွေ့ကြုံရပါသော သူတို့မှာကား အသက် မွေးမှုပညာ အလုပ်တို့ကို အားထုတ်နေကြရရှာသောကြောင့် အဘိဓမ္မာပဋ္ဌာန်း ကျမ်းစာကြီးများကို သင်ကြားသိရှိကြရန် အင်မတန်မှ ခဲယဉ်းနေကြဆဲ အခါ ထဲတွင် ဘာသာခြား အမျိုးသားတို့ ဖြစ်စေကာမူ လူတန်းစေ့အောင် အသိပညာ မရှိက အလွယ်တကူနှင့် လက်ငင်းချက်ချင်း သိသာနိုင်ကြအောင် မိမိတို့အတွင်း လောကကြီးအတွင်းမှာ ထင်ရှားရှိနေကြပါသော ပဋ္ဌာန်းတရားအစစ်များကို လက်တွေ့ ဉာဏ်တွေ့ဖြင့် သိကြား နားလည်ရုံမက ဝိသုဒ္ဓိ အစားစား ဝိပဿနာ တရားတို့ပါ အလွယ်တကူနှင့် ကျင့်ကြံ အားထုတ်နိုင်ကြရန် အောက်အမည်ပါ ပုဂ္ဂိုလ်ထူးကြီးများ တောင်းပန်ချက်အရ ယခု ရေးပြလတ္တံ့သော တရားတို့ကား ဘာသာရေးတရားဟု ဆိုရပေလိမ့်မည်။ ဤဘာသာရေးတရား၌ ငါတို့ သဘော ထားသည်ကား အယူဝါဒ အစားစား ရှိနေကြသူတို့အား မိမိတို့၏ အယူဝါဒ တရားနှင့် မိမိ ကျေနပ်နေကြပြီးသား ဖြစ်နေကြသောကြောင့် ငါတို့က ဝင်စွက် ဖျက်ဆီးခြင်း နှိမ်နင်းပြောဆိုခြင်း စသည်တို့ကို ပြုရန်မလို။ ငါတို့၏ တပည့် ဒါယကာ တို့ကိုလည်း ဝင်ရောက် စွက်ဖက် ဖျက်ဆီးခြင်း နှိမ်နင်းပြောဆိုခြင်း များကို မပြုကြရန် တားမြစ် ပိတ်ပင်ထားသေး၏။ စင်စစ်မူကား ဘာသာအယူရှိသူ တိုင်းတို့ အားသစ်ကြဖို့ အစစ်တို့ကား မိမိတို့အယူဝါဒ ကျင့်ကြံဖွယ် ဟူသမျှတို့ အကြောင်းအကျိုး အကောင်းအဆိုး ဟုတ်.မဟုတ်ကို အမှန် သိရှိကြပြီးလျှင် ဖြောင့်ဖြောင့် မှန်မှန်နှင့် သူတော်တရား တစ်နေ့တခြား အသားတက်သည်ထက် တက်တက်သွားကြအောင်သာ အားထုတ်ဖို့နှင့် တစ်ဖက်သားကို ကူညီနိုင်က ကူညီ ရိုင်းပင်းကြဖို့သာ လိုကြပါသတည်းဟု နလုံးသွင်းရှိသည့်အတိုင်း ပြုလုပ် နေထိုင်ရာတွင် မိမိတို့ ဘာသာရေးအလုပ်များကို ရေးသားကြရာဝယ် ထိုထို

WWW.DHAMMARANSI.COM



ဘာသာ တစ်ခုနှင့်တစ်ခုတို့ တချို့တူမျှကြ၏။ အချို့အရေးနှင့်အနောက် အထက်နှင့်အောက်တို့ တစ်ဖက်တစ်လမ်းစီ ကွာခြားနေကြသလို ကွာခြားလျက် ရှိကြ၏။ ထိုသို့ ကွာခြားရာတွင် တစ်ဖက်ဘက်ကို အကောင်းပြောက ကျန်သောဘက်ကို အပြစ်. မပြောသော်လည်း အကောင်း. မပြောသောကြောင့် အပြစ်ပြောရာ အဓိပ္ပာယ် ရောက်နေတတ်၏။ ဤသို့ ရောက်ရှိသော အရာတို့ကို တွေ့ရှိသော အခါတို့မှာ တို့ဟာကသာ အမှန်ချည်းပဲ အခြားဝါဒတို့ကို အမှားထား၍ မစဉ်းစားဘဲ မရှိသင့်ကြပေရာ။ စင်စစ်မူကား ဆရာပြောစကား ကျမ်းဂန်များကို အဆိုးနှင့် အကောင်း အကျိုးနှင့်အကြောင်းတို့ သင့်.မသင့်များကို ကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းချိန်ကြည့်ရှုခြင်း စုံစမ်းမေးမြန်းခြင်းတို့ကို အကြိမ်ကြိမ် အထပ်ထပ် ပြုလုပ်၍ ထင်ရှားစွာ သိပြီးမှ အစွမ်းကုန် လိုက်စား ကျင့်ကြံ အားထုတ်ကြလေ့၏။ အကြောင်းမူကား "ကုန်ရှုံးလျှင် တစ်ခေါက် (လင်ကုန်ရှုံးလျှင် တစ်ယောက်) (ဆရာကုန်ရှုံးလျှင် ဆွေမျိုးနှင့်တကွ သံသရာလုံး မှောက်သည်)" ဟု ရှေးပညာရှိကြီးများ မိန့်တော်မူထားကြသည့်အတိုင်း ရှေ့သွားလမ်းပြ ဆရာပြုလုပ်သူတို့က မှား၍ ပြထားတာ ဖြစ်ပါမူ ကျင့်ကြံအားထုတ်၍ သွားသမျှ အမှားချည်း ဖြစ်ကြ၍ လမ်းမှားကို သွားသောသူသည် သွားလေ.မှားလေ၊ တစ်ဖန် မစဉ်းစားဘဲ သွားပြန်က မှားလေ.သွားလေ၊ သွားလေ.မှားလေ၊ ဖြစ်သကဲ့သို့ အကျင့်အကြံမှာလည်း မှားသည်ထက် မှားသွားကြမည့်အရေး ရှိနေတတ်ကြသေးသောကြောင့် မိမိ. မိမိတို့ ကျင့်ကြံအားထုတ်မည့် ဘာသာရေးကို ပေါ့ပေါ့ဆဆ မလုပ်ကြဘဲ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိရှိအောင် နှိုင်းဆ ကြည့်ရှုခြင်း ပညာရှိ အစားစား တို့ကိုလည်း စုံစမ်းမေးမြန်းခြင်း တို့ကို အကြိမ်ကြိမ် အထပ်ထပ် ပြုလုပ်၍သာ ကျင့်ကြံအားထုတ်ကြပါလေ။ ဘုန်းကံပါရမီရှိကောင်း ပညာရှိအပေါင်း သူတော်ကောင်းတို့ဟု တိုက်တွန်းရပေသတည်း။

ဤသို့မိမိတို့ဖြစ်ပုံအကျိုးအကြောင်းသိအောင်ပြုလုပ်နိုင်သည့်အခွင့်အခါမျိုးကား ဘဝအသချေ ကြာနေသော်လည်း ဟောနိုင်သူ ရှား၏။ ဟောသူ ရှား၍ နာရသူမရှိ။ ယခု မိမိတို့မှာမူ အကြောင်းကိုပြသော လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်းနှင့် လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း တို့ကို နာရသူများကား "ပဗ္ဗေစ ကတပုညတာ ပဋိရူပ ဒေသဝါသ သပ္ပုရိ သူပနိဿယ သဒ္ဓမ္မသဝန ယောနိသော

WWW.DHAMMARANSI.COM



မနသိကာရ ဓမ္မပူဇာ ပါမောဇ္ဇပီတိ ပဿဒ္ဓိသုခ ယထာဘူတ နိဗ္ဗိန္ဒာဉာဏ် မဂ်ဖိုလ် ပစ္စဝေက္ခဏာဉာဏ် စသော ပဋ္ဌာန်းအဆင့်ဆင့်ရှိ၍ နိဗ္ဗာန်နှင့် နီးသူများဖြစ်ကြောင်းကို နေတ္တိပါဠိတော်နှင့် သုတ်မဟာဝါပါဠိတော်တို့၌ "ကတပုညောသိ(တွံ) အာနန္ဒ ပဓာနမနုယုဉ္ဇ ခိပ္ပံဟော တိသိ အနာသဝေါ" ဟု လာသည့်အတိုင်း ဒီပိကာရညာစရိယာသဘက တိုက်တွန်း နှိုးဆော်လိုက်ရပေသတည်း။

❖

ပဋ္ဌာန်းကျမ်းကြီးရေးရန် တောင်းပန်ကြသော

# အဘိယာစက ပုဂ္ဂိုလ်ကြီးများ

- အော်နာရေဘီ ဦးသိန်းမောင် ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးချုပ်၊ ရန်ကုန်မြို့။
- ဦးကျော် (K.S.M , O.B.E) ပဲခူးဝန်ရှင်တော်မင်းကြီးနှင့် ရွေးကောက်ပွဲဆိုင်ရာ မင်းကြီး၊ ရန်ကုန်မြို့။
- သူဌေး ဦးမောင်မောင်၊ ဦးဆင်၊ ဒေါ်ဌေး၊ တိုက်ပိုင်ရှင်၊ ကုန်စျေးတန်း၊ ရန်ကုန်မြို့။
- အင်းစိန်မြို့ မိုးညှင်းဂတိဝိသုဒ္ဓိအသင်းကြီး။
- ရန်ကုန်မြို့ မိုးညှင်းမင်္ဂလာဂတိဝိသုဒ္ဓိအသင်းကြီး။

❖

WWW.DHAMMARANSI.COM



### လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီး၌ပါရှိသော အခန်းများမှ အနည်းငယ်ထုတ်နုတ်ပြအပ်သော

# အကြောင်းအရာမာတိကာများ

၁။ နိဒါန်းနှင့် ပဋ္ဌိညာဉ်ကို ပြချက်။
၂။ သစ္စာအရနှင့်တကွ ပညတ်တရား အစားစား တို့ကို ထင်ရှား ပြချက်။
၃။ ဖန်ဆင်းပေးတတ်သော ဓာတ်စွမ်းကောင်းကြီးတို့ကို ထင်ရှား ပြချက်။
၄။ ဠီတိဘာဓိယတေဇောဓာတ်က ဖန်ဆင်းပေးပုံကို ပြချက်။
၅။ ဝုမိဘာဓိယတေဇောဓာတ်က ဖန်ဆင်းပေးပုံကို ပြချက်။
၆။ ဓာတ်ကြီးလေးပါးတို့က အဖော်ဓာတ်တို့နှင့်တကွ ဖန်ဆင်းပေးပုံ။
၇။ ကုသိုလ်ကံ ဓာတ်စွမ်းကောင်းကြီးက လောကကြီးကို ဖန်ဆင်းပေးပုံ။
၈။ ဖန်ဆင်းပေးတတ်သော အကုသိုလ်ကံ၏ အကျိုးရင်း အကျိုးပွား ပြပုံ။
၉။ ယခုဘဝကံတို့က နိသန္ဒအကျိုးနှင့် ပဋိသန္ဓေအကျိုး ပေးပုံ ပြချက်။
၁၀။ ပဋိသန္ဓေနှင့် ကံအကျိုးတို့ ဖြစ်ပုံကို ပြချက်။
၁၁။ ပြုလုပ်ပြောဆို ကြံစည်သမျှ ပဋ္ဌာန်းချည်း ဖြစ်ကြ၍ အကျိုးပေးပုံ။
၁၂။ ဖန်ဆင်းပေးတတ်သော စိတ်အရနှင့် အမျိုးမျိုးဖန်ဆင်းပေးပုံ။
၁၃။ ဩဇာအာဟာရက သတ္တဝါတို့အား ပဋ္ဌာန်းတရားနှင့် ကျေးဇူးပြုပုံ။
၁၄။ ဖန်ဆင်းပေးတတ်သော ပဋ္ဌာန်းတရား အစားစားတို့ ထင်ရှားပြပုံ။
၁၅။ စိတ် ကောင်း.မကောင်းတို့မှာ ဟေတုပဋ္ဌာန်း ဖြစ်ချက်နှင့် သတိပေးပုံ။
၁၆။ လူနတ်တွင်မက ပြဟ္မာကျအောင် အောင်မြင်နိုင်သော လက်နက်ကောင်းကြီးများကို ပြချက်။

WWW.DHAMMARANSI.COM



၁၇။ အဘိဓမ္မာပဋ္ဌာန်းတရားအစစ်များသည် သတ္တဝါအလုံးစုံတို့နှင့် ဆိုင်ခြင်းကို သဘာဝယုတ္တိ သာဓကယုတ္တိ ပြချက်။

၁၈။ ခေတ်ဆိုသောစကားနှင့် ပဋ္ဌာန်းတရား အရတို့ တူကြပုံကို ပြချက်။

၁၉။ ၂၄ ပစ္စည်းပဋ္ဌာန်းတရားကြီးတို့၏ ပါဠိတော်အနက်များကို ပြချက်။

၂၀။ ပဋ္ဌာန်းတရားအစစ်များကို အလွယ်နှင့်သိကြရန် ဆောင်ပုဒ်ဖြင့် ပြပုံ။

၂၁။ ဉာဏ်အငယ်စားတို့ပင် မိမိတို့ ဉာဏ်ရှိသလောက် ရုပ်နာမ်တရားများကို ထင်ရှား သိသာရုံမျှ ဟောပြချက်။

၂၂။ ရုပ်ကလာပ် သေးငယ်လှ၍ အထည့်ဒြပ် မပေါ် ကြပုံနှင့် ပေါ် ကြပုံ။

၂၃။ ကလာပ်ချင်း ပေါင်းစပ်မိသောအခါ ပညတ်တွေ ပေါ်ရှိလာပုံ။

၂၄။ ဒိဋ္ဌိရန်သူကြီးကို ပယ်ဖြုတ်၍ ဒိဋ္ဌိဝိသုဒ္ဓိအလုပ်ကို အားထုတ်ပုံ။

၂၅။ ပရမတ္ထသစ္စာအရ၊ သင်္ကေတနှင့် ဒိဋ္ဌိအရ စသည်ကို ခွဲခြား၍ ပြချက်။

၂၆။ ကင်္ခါဝိတရဏဝိသုဒ္ဓိအရ အကြောင်းကို သိမ်းဆည်း ရှုကြည့်ရာ၌ ဗုဒ္ဓဘာသာအလို၊ ခရစ်ယာန်ဘာသာအလို အားဖြင့် ခွဲခြားပြချက်။

၂၇။ ဤကမ္ဘာလောကကြီး၌ ဖန်ဆင်းသောသူဟူ၍ ရှိ.မရှိ အရကို ဗုဒ္ဓဘာသာ ခရစ်ယာန်ဘာသာ နှစ်ပါးအရနှင့် ရှင်းလင်း၍ ပြချက်။

၂၈။ အဝိဇ္ဇာဇာက ရှိရှိသမျှတို့မှာ ပဋ္ဌာန်းအကြောင်းတို့ကြောင့် ဖြစ်ပုံ။

၂၉။ သတ္တဝါတို့၏ အတွင်းသား ကမ္မဇကလာပ် အစားစားတို့ ပဋ္ဌာန်းအကြောင်းများကြောင့်သာ ဖြစ်သည်ကို ပြချက်။

၃၀။ သတ္တဝါတို့၏ အတွင်းသား စိတ်. ဥတု. အာဟာရဇ ကလာပ် အစားစားတို့ ပဋ္ဌာန်း အကြောင်းများကြောင့်သာ ဖြစ်ကြပုံ။

၃၁။ ပဋ္ဌာန်းတရား ဝိပဿနာများကို အကျဉ်းမျှ ပြချက်။

၃၂။ အတွင်းရန်သူတို့ကို တိုက်ခိုက်ရန် စစ်ဆင်ကြပုံ။

၃၃။ ပရမတ် ပညတ် ခွဲခန်း။

စသော အခန်းများ (၆၂)ခန်း ပါဝင်ကြောင်း။

❖

WWW.DHAMMARANSI.COM



# လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိများတို့။ ဤလောကကြီး၌ ကြီးပွားရေး၊ စီးပွားရေး၊ ပညာရေး စသည် အရေးအမျိုးမျိုးတို့ ရှိနေကြရာတွင် အရေးကြီးဆုံး အချုပ်ကား ဘာသာရေးတို့သာ အချုပ်ပါတည်းဟု သင်တို့ သိရှိထိုက်သည် မဟုတ်ပါလော။ အကြောင်းမူကား ဘာသာရေးတို့ကသာ လိမ္မာယဉ်ကျေးသဖြင့် လောကကြီးပွားရေး ဓမ္မကြီးပွားရေးတို့၌ အမှားကို ပယ်ရှား၍ အမှန်ကို သိရှိကြပြီး ပြုလုပ်နိုင်ကြသောကြောင့်လည်းကောင်း၊ ဤလောက၌နစ်နာနေကြသော သူတို့တွင် ပစ္စည်းကုန်ရှုံး တစ်ခေါက်. လင်ကုန်ရှုံးက တစ်ယောက်. ဆရာကုန်ရှုံးက ဆွေမျိုးနှင့်တကွ တစ်ကမ္ဘာလုံး မှောက်ကြရမည်ဟု ရေးကပြခဲ့သည့်အတိုင်း ဘာသာရေးလမ်းလွဲက ဘေးဒုက္ခချောက်ထဲသို့သာ အမျိုးနှင့်တကွ ကျရောက်ကြရမည် ဖြစ်သောကြောင့်လည်းကောင်း၊ ဘာသာရေးတို့သာ အချုပ်ပါတည်းဟု သင်တို့သိထိုက်ကြသည် မဟုတ်ပါလော။ ဤသို့သိထိုက်သည် အားလျော်စွာ ယခုရေးပြလတ္တံ့သော "လက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်းနှင့် လက်တွေ့ပဋ္ဌာန်း ဘုံဆိုင်ကျမ်း" တို့သည် ဘာသာရေးသက်သက်မဟုတ်။ လောကဓမ္မထိုနှစ်ဝတို့၌ ဖြစ်ပျက်နေကြသော အကြောင်းအကျိုး အမျိုးမျိုး တို့ကိုပြသော ကျမ်းတို့ ဖြစ်သောကြောင့် သင်တို့ အကြိမ်ကြိမ် အထပ်ထပ် ကြည့်ရှု စဉ်းစားအပ်သည် မဟုတ်ပါလော။ ထိုသို့ ကြည့်ရှု စဉ်းစားအပ်ရာတွင် လက်တွေ့ပဋ္ဌာန်းဘုံဆိုင်

WWW.DHAMMARANSI.COM



ကျမ်းကို အ၀မစားမီ ၎င်းကျမ်း၏ ကောင်း.မကောင်း မှန်.မမှန် အတန်တန်တို့ကို ဆားမြည်းကြည့်ရန် ဤလက်တွေ့ပဋ္ဌာန်းဆားမြည်းကျမ်းကို ရှေးဦးစွာ ရေးသား ပြုအပ်ပေသတည်း။

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိ အများတို့။ ယခုခေတ်အခါကြီးကား မိရိုးဖလာ အတိုင်းကိုသာ မစဉ်းစားဘဲ ပြုလုပ် နေထိုင်ကြမြဲသော ခေတ်ကြီး မဟုတ်တော့ပြီ။ ကြီးကျယ်မြင့်မြတ်သော၊ လောကနှင့်စပ်သော၊ ဉာဏ်ဓမ္မနှင့်စပ်သော၊ ဉာဏ်တို့ အတိုင်းတိုင်း အပြည်ပြည်တို့မှာ ထင်ရှား ဖြစ်ပေါ်လာကြသဖြင့် မိဘ ဘိုးဘေးနှင့်တကွ ယူဆပြုလုပ်လာကြသော လောကအလုပ် ဓမ္မအလုပ်များကို ဟုတ်.မဟုတ် မှန်.မမှန် အတန်တန်တို့ကို ကိုယ်တွေ့ လက်တွေ့ ဉာဏ်တွေ့ သဘောများနှင့် အကြိမ်ကြိမ် အဖန်ဖန် ကြံဖန်စဉ်းစား၍ မည်သည့်ဘာသာ အမျိုးမျိုး အလုပ်အမျိုးမျိုး တို့ကိုမဆို အမှန်ကို သိကြစေခြင်း အကျိုးငှာ အမှန်ရှိ ကေန်ရှိ တရားများကို မေးဖြေ ပြုပါအံ့ သတည်း။

❖

## ၂။ သစ္စာအရနှင့် ပညတ်တရား အစားစားတို့ကို ထင်ရှား ပြချက်။

**မေး။ ။ ဤကမ္ဘာလောကကြီးအားလုံးကို အကျဉ်းချုံးလိုက်လျှင် အမှန်တရား ဘယ်နှစ်ပါး ရှိပါသနည်း။**

ဖြေ။ ။ ပရမတ္ထသစ္စာ သမုတိသစ္စာအားဖြင့် နှစ်ပါး ရှိပါသည်။ အဓိပ္ပာယ်ကား ပရမတ်နယ်က အမှန်တစ်မျိုး၊ သမုတိပညတ်နယ်က အမှန်တစ်မျိုး အားဖြင့် အမှန်နှစ်မျိုးရှိ၏ ဆိုလိုသည်။

**မေး။ ။ ပရမတ္ထသစ္စာမှာ အကျဉ်းအားဖြင့် အဘယ်မျှ ပြားသနည်း။**

ဖြေ။ ။ ရုပ်ပရမတ်တစ်မျိုး နာမ်ပရမတ်တစ်မျိုး အားဖြင့် နှစ်မျိုး ပြားပါသည်။

**မေး။ ။ ရုပ်ပရမတ် ဆိုသည်ကား ဘာကိုဆိုသနည်း။**

ဤလောကကြီးအတွင်းမှာ အဖြူ. အနီ စသော အဆင်းရုပ်၊ အသံရုပ်၊ အနံ့ရုပ်၊ အရသာရုပ်၊ အပူ၊ အအေး၊ အကြမ်း၊ အနု၊ အတွေ့ စသော ရုပ်ပရမတ် တရားတို့သည် ထင်ရှား ရှိနေကြသည်ကို ဆိုလိုသည်။

WWW.DHAMMARANSI.COM



အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤရှေ့က မေးဖြေ ပြခဲ့သည်တို့ကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိကြအောင် စဉ်းစား၍ သင်တို့ ကြည့်လိုက်ကြပါမူ။ ဤလောကကြီးအတွင်းမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့စသော ရုပ်ပရမတ်တို့ ထင်ရှားရှိနေကြပါသည်ဟု သူတစ်ပါးစကားကိုသာ ယုံကြည်အားမထားဘဲ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိထိုက်ကြသည် သိနေကြပါသည် မဟုတ်ကြပါလော။

**မေး။ ။ နာမ်ပရမတ် ဆိုရာမှာလည်း ဘာကိုဆိုသနည်း။**

ဖြေ။ ။ ဤလောကကြီးအတွင်းမှာ အဆင်းဟူသမျှကို မျက်စိဖြင့် မြင်၍ ပြုလုပ်ပြောဆို ကြံစည်နေသော နာမ်ပရမတ်တစ်မျိုး၊ နားဖြင့် အသံကိုကြား၍၊ နှာခေါင်းဖြင့် အနံ့ကိုနံ၍၊ လျှာဖြင့် အရသာကိုစား၍၊ ကိုယ်ဖြင့် အတွေ့ကိုတွေ့၍၊ မနောသက်သက်ဖြင့် ထိုထိုအာရုံကို ကြံ၍ပြုလုပ် ပြောဆို ကြံစည်နေသော နာမ်ပရမတ် အမျိုးမျိုးတို့ သတ္တဝါတိုင်းတို့မှာ ထင်ရှား ရှိနေကြသည်ကို ဆိုလိုသည်။

အို... အမောင်တို့ အမိတို့။ စဉ်းစား၍ သင်တို့ ကြည့်လိုက်ကြပါမူ ဤလောကကြီးအတွင်းမှာ မျက်စိသိ၊ နားသိ၊ နှာခေါင်းသိ၊ လျှာသိ၊ ကိုယ်သိ၊ မနောသိတို့ဖြင့် သိရှိကြ၍ ပြုလုပ် ပြောဆို ကြံစည်နေကြသော နာမ်ပရမတ်တို့ ထင်ရှားရှိနေကြပါသည်ဟု သူတစ်ပါးစကားကိုသာ ယုံကြည်အားမထားဘဲ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိနိုင်ကြသည် သိနေကြသည် မဟုတ်ပါလော။ ဤသည်တို့ကား ဤလောကကြီးအတွင်းမှာ ရုပ်ဟု ဆိုအပ်သော ပရမတ်တရားတစ်မျိုး၊ နာမ်ဟု ဆိုအပ်သော ပရမတ်တရားတစ်မျိုး ဤနှစ်မျိုးတို့ ထင်ရှားအမှန် ကေန်ရှိနေကြသည်တို့ကို သင်တို့ကိုယ်တိုင် ရှေ့က မေးပြောပြခဲ့သည်အတိုင်း ကြည့်၍ ပရမတ်နယ်က အမှန်ကို သိပြီးဖြစ်သောကြောင့် တန်ခိုးရှိန်ဝါ ကြီးမားလှစွာသော နတ်.သိကြားတို့ ကောင်းကင်ကနေကြ၍ ထိုထို ရုပ်နာမ် တရားတို့သည် ဤလောကကြီးမှာ မရှိဘူးဟု ပြောကြားလာစေကာမူ လိမ်လည် လှည့်ဖြား၍လည်းကောင်း၊ မသိကြ၍လည်းကောင်း အမှားကိုသာ ပြောကြားလာသည်ဟု ပယ်ရှားပစ်ထိုက်သော အချက်ကြီးတို့ပေတည်းဟု သိကြပါလေ။ အမှန်တရားကို ထင်ရှား သိလိုသူတစ်တွေတို့။

WWW.DHAMMARANSI.COM



အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ သမုတိသစ္စာ အရကိုလည်း သင်တို့ ထင်ရှား သိထိုက်သည် မဟုတ်ပါလော။ ဤသို့ သိကြားရန် မေးဖြေပြရမူ။

**မေး။ ။ သမ္မုတိသစ္စာမှာလည်း အကျဉ်းအားဖြင့် အဘယ်မျှပြားသေးသနည်း။**

ဖြေ။ ။ သဏ္ဍာနပညတ်တစ်မျိုး၊ သန္တတိပညတ်တစ်မျိုး အားဖြင့် နှစ်မျိုးနှစ်စား အကျဉ်းအားဖြင့် ပြားပါသည်။

**မေး။ ။ သဏ္ဍာနပညတ် ဆိုသည်ကား ဘာကို ဆိုသနည်း။**

ဖြေ။ ။ ထိုထိုသက်ရှိ.သက်မဲ့ သတ္တဝါတို့၏အတွင်းရှိရုပ်မှုန့်ကလာပ် ပရမတ်တို့ အပေါ်ယံ အပြင်စပ်က ထင်ရှားစွာ ဖြစ်ပေါ်နေကြပါသော မိန်းမ, ယောကျာ်း, ငါ, သူ တစ်ပါး စသော ထိုထိုသတ္တဝါတို့ ပုံသဏ္ဍာန်၊ ထိုထို သက်မဲ့ တော, တောင်, ရေ, မြေ, ဝတ္ထု ရှိရှိသမျှတို့ ပုံသဏ္ဍာန် ဟူသမျှတို့ကို သဏ္ဍာနပညတ်ဟု ဆိုရပါသည်။

အို ... အမောင်အမိတို့။ ဤရှေ့က မေးဖြေပြခဲ့သည့်အတိုင်း လောကကြီး အတွင်းကို သင်တို့ ဉာဏ်သွင်း၍ ကြည့်လိုက်ကြပါဦးမူ မိန်းမ, ယောကျာ်း, ငါ, သူတစ်ပါး စသော သတ္တဝါ ပုံသဏ္ဍာန် တို့သည်လည်းကောင်း၊ ထိုထို တော, တောင် စသော အဝိညာဏက ပုံသဏ္ဍာန် တို့သည်လည်းကောင်း၊ ဤလောက နယ်ကြီးအတွင်းမှာ ထင်ရှားရှိနေတာတို့ကို သင်တို့ကိုယ်တိုင် သိထိုက်ကြသည် (ဝါ) သိနေကြသည် မဟုတ်ပါလော။

**မေး။ ။ သန္တတိပညတ် ဆိုသည်ကား ဘာကို ဆိုသနည်း။**

ဖြေး။ ။ ရှေ့ကပြခဲ့သော သဏ္ဍာနပညတ် အကောင်အထည်.ဒြပ်တို့ မပျောက် မပျက်ဘဲ တစ်ရက် တစ်လ တစ်နှစ် စသည် တည်နေနိုင်သည်ဟု ထင်မြင်ရအောင် အတွင်းသား ရုပ်နာမ်တို့၏ ရှေ့နောက် ဆက်လက် နေကြသော အစဉ်တို့ဖြင့် မြဲသည်ဟု ထင်မြင်ရအောင် ဆက်လက် နေမှုကို သန္တတိပညတ်ဟု ဆိုရပါသည်။

အို ... အမောင်အမိတို့၊ ဤရှေ့က မေးဖြေပြခဲ့သည့်အတိုင်း လောကကြီး အတွင်းကို ဉာဏ်သွင်း၍ ကြည့်လိုက်ကြပါမူ မည်သူမည်ဝါ မည်သည့်ဥစ္စာ တို့သည် နေ့ရက်ကာလတို့ ဆက်လက်ကြ၍ မည်၍ မည်မျှ တည်နေနိုင်ကြသည်

WWW.DHAMMARANSI.COM



ဟု ထင်မြင်ရအောင် ရှေ့နောက်အစဉ် သန္တတိပညတ်တို့ကို သင်တို့ကိုယ်တိုင် သိထိုက်ကြသည် (ဝါ) သိနေကြသည် မဟုတ်ကြပါလော။

ဤသည်တို့ကား ဤလောကကြီးအတွင်းမှာ အကောင်အထည်, ဒြပ်, ပုံသဏ္ဍာန် တည်းဟူသော သဏ္ဍာနပညတ်တစ်မျိုး၊ ရှေ့နောက်အစဉ် မြဲသည်ဟု ထင်ရသော သန္တတိပညတ်တစ်မျိုး၊ ဤနှစ်မျိုးတို့ သမ္မုတိသစ္စာနယ်မှာ ထင်ရှား အမှန် ဧကန်ရှိနေကြသည်တို့ကို သင်တို့ကိုယ်တိုင် ရှေ့က မေးဖြေပြခဲ့သည့် အတိုင်း ကြည့်၍ ပညတ်နယ်က အမှန်ကို ကြည့်ပြီး ဖြစ်သောကြောင့် တန်ခိုးရှိန်ဝါ ကြီးမားလှစွာသော နတ်, သိကြားတို့က ကောင်းကင်ကနေကြ၍ ထိုပညတ်နှစ်ပါး တို့သည် ဤလောကကြီးအတွင်းမှာ မရှိဘူးဟု ပြောကြားလာစေကာမူ လိမ်လည် လှည့်ဖြားလို၍လည်းကောင်း၊ မသိခြား၍လည်းကောင်း အမှားကိုသာ ပြောကြား လာသည်ဟု ပယ်ရှားပစ်ထိုက်သော အချက်ကြီးတို့ပေတည်း။ ဤသည်တို့ကား ဤလောကကြီးအတွင်းမှာ မည်သူကမျှ မငြင်းပယ်နိုင်သော အမှန်တရားနှစ်ပါး တို့ကို အကျဉ်းပြချက် အမြွက်ပြီး၏။

အကျယ်ကို သိလိုမူ (လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း) စသည်တို့မှာ ကြည့် ကြပါလေ ပညာရှိတွေတို့။

အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤလောကကြီးအတွင်း၌ ဆီကို အလိုရှိသောသူသည် တစ်စုံတစ်ခုသော ဝတ္ထုကို ဆီထွက်အောင် ကြိတ်ရာ ၌ တစ်ပတ်, နှစ်ပတ်ကြိတ်ခါမျှနှင့် ဆီထွက်မည့်ဝတ္ထု, မထွက်မည့်ဝတ္ထုဟူ၍လည်း မသိနိုင်၊ ဆီကိုလည်းမရနိုင်သကဲ့သို့၊ ထိုထို သာသနာနှင့် ဘာသာရေး, စီးပွားရေး, ကြီးပွားရေး အမျိုးမျိုးတို့ကို ညွှန်ကြား ရေးသားသော ကျမ်းစာအုပ်တို့၏ ကောင်းမြတ်သော အဆီအနှစ်ရအောင် ကြည့်ရှုရာတို့၌လည်း သာမည တစ်ခေါက် ပေါက်ရုံ ဖတ်ခါမျှနှင့် ထိုကျမ်း၏ အကြောင်းအကျိုး အကောင်းအဆိုး တို့ကိုလည်း မသိနိုင်ရာ၊ ထိုကျမ်း၏ အဆီအနှစ်ကိုလည်း မရနိုင်ကြရာ၊ ရှေ့နောက် စကား အသွားအလာနှင့် အနက်အဓိပ္ပာယ်တို့ သဘောယုတ္တိ ရှိ,မရှိကို အကြိမ်ကြိမ် အထပ်ထပ် ကြည့်ရှုတတ်သူ တို့မှသာလျှင် ထိုကျမ်းစကားတို့ သူ့နေရာနှင့်သူ အဆီထွက်သောကျမ်း ဟူ၍လည်းကောင်း၊ အဆီအနှစ် မထွက်သောကျမ်း ဟူ၍လည်းကောင်း၊ သင်တို့ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်

WWW.DHAMMARANSI.COM



လည်း သိနိုင်၏။ ကောင်းမြတ်သော ကျမ်း၏ အဆီအနှစ်ကိုလည်း ရယူ သုံးဆောင်နိုင်မည် ဖြစ်သောကြောင့် ယခုရေးပြအပ်သော ဘာသာရေး စကားရပ်တို့ကိုလည်း မည်သည့်ဘာသာဝင်မဆို ကြည့်ရှု ကြံစည်ကြကာ အမှန်ကို သိရှိနိုင်ကြပါစေသတည်း။

❖

## ၃။ ဖန်ဆင်းပေးတတ်သော ဓာတ်စွမ်းကောင်းတို့ကို ထင်ရှားပြချက်။

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤလောကကြီးအတွင်း၌ ထိုထို အမှန်တရားတို့ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းတို့ကို (ဝါ) ဖြစ်ပေါ် လာအောင် ဖန်ဆင်းပေးသူတို့ကို သင်တို့ ကြည့်ထိုက် သိထိုက်ကြသည် မဟုတ်ကြပါလော။ ဤအချက်တို့ကို သိကြရန် မေးဖြေ ပြရမူ။

**မေး။ ။ အထက်က ဖော်ပြခဲ့သော သစ္စာနှစ်ပါးတို့အရ ထင်ရှားရှိနေကြသည့် အတွင်းသား ရုပ်နာမ် ပရမတ်နှင့် မိန်းမ, ယောက်ျား, တော, တောင် စသော အကောင်အထည် ပညတ်ကြီးတွေ ဖြစ်ပေါ်နေအောင် မည်သူက ဖန်ဆင်း၍ ဖြစ်ပေါ်တည်နေသနည်း။**

ဖြေ။ ။ ၁။ ဗုဒ္ဓဘာသာအလိုအားဖြင့် တစ်စုံတစ်ယောက်သော ပညတ်နယ်သား ပုဂ္ဂိုလ်များ ဖန်ဆင်းသောကြောင့်မဟုတ်။ ဥတုခေါ်သော တေဇောရုပ်ဓာတ် စွမ်းကောင်းကြီးတစ်ပါး၊ ကံခေါ်သော နာမ်ဓာတ်စွမ်းကောင်းကြီးတစ်ပါး၊ ဤနှစ်ပါး တို့က ဖန်ဆင်းပေးကြသောကြောင့် (ဝါ) ဖြစ်ပေါ်လာကြစေသောကြောင့် ဤ ကမ္ဘာလောကကြီးမှာ သက်ရှိ,သက်မဲ့ အစားစားတို့ ဖြစ်ပွား တည်နိုင်ကြကုန်၏။

၂။ တစ်နည်း။ ကံ, စိတ်, ဥတု, အာဟာရ စသည်တို့က ဖန်ဆင်း ပေးကြ သောကြောင့် ဖြစ်ပွား တည်ရှိနိုင်ကြကုန်၏။

၃။ တစ်နည်း။ ပဋ္ဌာန်းတရား အစားစားတို့က ဖန်ဆင်းပေးကြသော ကြောင့် ဖြစ်ပွား တည်ရှိနိုင်ကြကုန်၏ ဟူ၍လည်းကောင်းဟု သိကြပါလေ။

❖

WWW.DHAMMARANSI.COM



## တေဇောဓာတ်စွမ်းကောင်းကြီးက ဖန်ဆင်းပေးပုံကို မေးဖြေပြရမှု။

**မေး။ ။ ဤကမ္ဘာ လောကကြီးကို တည်ထောင် ဖန်ဆင်းပေးနိုင်သော အကြောင်း တရား အစားစားတို့တွင် (၁)နံပါတ်အရ အကျဉ်းအားဖြင့် ပြအပ်သော ဥတုခေါ်သော တေဇောဓာတ်စွမ်းကောင်းကြီးဆိုတာ ဘာကို ဆိုသနည်း။**

ဖြေ။ ။ ပူသောဓာတ်တစ်မျိုး၊ အေးသောဓာတ်တစ်မျိုးတို့ကို ဆိုအပ်ပါသည်။ အဓိပ္ပာယ်ကား ၎င်းဓာတ်တို့က အတူတကွ ဖြစ်ကြသော ရုပ်ကလာပ်တို့ကို ကုန်ဆုံးအောင် လောင်မြိုက်၍ ရုပ်သစ် သုံးစားတို့ကို ပေါက်ဖွားစေနိုင်သော ဥတုခေါ်သော တေဇောဓာတ်စွမ်းကောင်းကြီးဟု ဆိုသည်။

**မေး။ ။ ထိုရုပ်သုံးစားတို့ကို ပေါက်ဖွားစေနိုင်သော ဥတုခေါ်သော တေဇော ရုပ်ဓာတ် စွမ်းကောင်းကြီး သုံးမျိုးဆိုသည်ကား ဘာကို ဆိုသနည်း။**

ဖြေ။ ။ ၁။ ဤကမ္ဘာလောကကြီးအတွင်း၌ သက်ရှိ.သက်မဲ့ အလုံးစုံတို့ကို ဆုတ်ယုတ် သွားအောင် ဖန်ဆင်းပေးသော ဟာနဘာဂီယတေဇော။

၂။ တည်တံ့နေအောင် ဖန်ဆင်းပေးသော ဌိတိဘာဂီယတေဇော။

၃။ တစ်နေ့တခြား တိုးတက်ကြီးပွားအောင် ဖန်ဆင်းပေးသော ဝုမိ ဘာဂီယတေဇော အားဖြင့် သုံးမျိုးသုံးစားတို့ကို ဆိုသည်ဟု သိပါလေ။

❖

## ဟာနဘာဂီယတေဇောဓာတ် ဖန်ဆင်းပေးပုံကို ပြရမှု။

**မေး။ ။ ထိုသုံးမျိုးတို့တွင် ဤကမ္ဘာလောကကြီးအတွင်း၌ သက်ရှိ.သက်မဲ့ အလုံးစုံတို့ကို သေးငယ် ဆုတ်ယုတ်သွားအောင် ဟာနဘာဂီယ တေဇောဓာတ်က ဘယ်ကဲ့သို့ ဖန်ဆင်းပေးသနည်း။**

ဖြေ။ ။ ဤဆုတ်ယုတ်သွားအောင် ဟာနဘာဂီယတေဇောဓာတ်က ဖန်ဆင်း ပုံကား။ ဤကမ္ဘာလောကကြီးအတွင်း၌ ရှိရှိသမျှသော သတ္တဝါ. အိမ်. ကျောင်း. သစ်ပင်. တော. တောင် စသော သက်ရှိ.သက်မဲ့တို့၏ ရုပ်ဓာတ်ကလာပ်တို့

WWW.DHAMMARANSI.COM



အတွင်းမှာ ပါဝင်နေသည့် ဥတုခေါ်သော တေဇောဓာတ်စွမ်းကောင်းရှိ၏။ ထိုရုပ်ဓာတ် ကလာပ်တိုင်းတို့မှာ ပါသော တေဇောဓာတ်စွမ်းကောင်းကြီးက မိမိနှင့်အတူတကွ ဖြစ်ကြသော ရုပ်တို့ကို အခါမစဲ အမြဲပျက်ပျောက် ကုန်ဆုံးအောင်လည်း လောင်မြိုက်၍အနိစ္စနယ်က မိမိပါသေဆုံး၏။ ထိုထို မိမိတို့မချုပ်မီ ရုပ်သစ် ကလာပ်သစ်တို့ ယုတ်လျော့၍ ဖြစ်ပေါ်လာအောင်လည်း သင်္ခါရနယ်က မွေးဖွားနိုင်၏ (ဝါ) ဖန်ဆင်းပေးနိုင်၏ သိကြပါလေ။

**မေး။ ။ ဤသို့ ချုပ်ပျောက် မွေးဖွားရာ၌ ဒိဋ္ဌလက်တွေ့သက်သေအရ ကိုမည်သို့ သိရမည်နည်း။**

ဖြေ။ ။ ၎င်းလက်တွေ့အရ ထန်းရွက်စို တစ်ပိဿာကို နေလှမ်း၍ စဉ်းစား ကြည့်ရှုစေကာ ပြသရာ၏။ စဉ်းစား ကြည့်ရှုစေပုံကား။ ဤထန်းရွက်စိမ်း ထန်းရွက်စိုတို့၌ ထန်းရွက် ပုံသဏ္ဌာန် ပညတ် တို့ကို မပြဆို။ ထိုထန်းရွက် အတွင်းသား ရုပ်ကလာပ် ပရမတ်တို့မှာပါသည့် တေဇောဓာတ်စွမ်းကောင်း ကြောင့် ဆုတ်ယုတ်ခြင်း၊ တည်တံ့ခြင်း၊ တိုးတက်ကြီးပွားလာခြင်း တို့ကိုသာ ပြောဆိုမှာပါတကားဟု ထန်းရွက်အတွင်းသားကိုသာ ဉာဏ်စိုက်အောင် ကြည့်ရှုစေပြီးမှ ပြသပုံကား။ ခုတ်ပြီး ထန်းရွက်စိမ်း တစ်ပိဿာကို နေပူ၌ လှန်းသဖြင့် ခြောက်သွေ့သောအခါ ၅ဝသားသာ ရှိ၍ ဤထန်းရွက်ကြီးအတွင်းမှာ အဘယ်မျှ ပျောက်ပျက်သွားပြီး အဘယ်မျှ အသစ်သစ် ဖြစ်ပေါ်လာသနည်း။

အမှတ်တမဲ့ အလေးဘက်ကို ကြည့်၍ ဖြေဆိုသူတို့ကား တစ်ပိဿာရှိ ထန်းရွက်ကြီးမှာ ၅ဝသားသာ တင်ရှိသောကြောင့် ၅ဝသား ပျောက်သွား၍ အသစ် တိုးတက် ဖြစ်ပေါ်လာတာ မရှိဟု ဖြေဆိုကြပေလိမ့်မည်။ ဤအဖြေကား ထန်းရွက် အတွင်းသားတို့ ပျောက်ချက်နှင့် ဖြစ်ပေါ်ချက်ကို မေးပါလျက် အလေးဘက်ကို ကြည့်၍သာ ဖြေပါသောကြောင့် မမှန်။ ထန်းရွက်ကို ကြည့်၍ အမှန်ကို ဖြေဆိုရာ၌ ယခင် တစ်ပိဿာအလေးနှင့် ချိန်ထားသော ထန်းရွက်အစိမ်းရုပ် အစိုရုပ် တစ် ပိဿာလုံးတို့ကို တွင်းပတေဇောတို့က လောင်မြိုက် ဆုံးကုန်စေသောကြောင့် တစ်ပိဿာလုံး အနိစ္စနယ်က အဆင့်ဆင့် ပျောက်ပျက်သည် ဟူ၍လည်းကောင်း၊ ထိုတေဇောဓာတ် တို့ကပင် မိမိတို့မသေမီ ၅ဝရှိထန်းရွက်အခြောက်ရုပ်တို့အသစ်

WWW.DHAMMARANSI.COM



အသစ် ဖြစ်ပေါ်လာအောင် သင်္ခါရနယ်ကလည်း အဆင့်ဆင့် မွေးဖွား တိုးတက်လာသောကြောင့် ၅၀သားတို့ အသစ်သစ် ဖြစ်ပေါ်လာသည် ဟူ၍လည်းကောင်း၊ ထန်းရွက် အတွင်းသားတို့၏ အဆင့်ဆင့် ပျောက်ပျက်ချက်တို့ကို လက်တွေ့အားဖြင့် ထင်ရှားသိသာနိုင်အောင် အလေးချိန်ဖြင့် ပြ၍ ဖြေဆိုကြရာ၏။ ဤဖြေဆိုချက်ကို ဉာဏ်မမီသေးက အထပ်ထပ်လည်း စဉ်းစား၊ သူတစ်ပါးနှင့်လည်း နှီးနှောပါလေ။

အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤထန်းရွက်စို ပျောက်၍ ထန်းရွက် ခြောက် ဖြစ်လာရာ၌ မည်သူက ဖန်ဆင်း၍ ဖြစ်ရသနည်းဟု မေးပြန်မူ မည်သူကမျှ မဖန်ဆင်းရဘဲ နေပူလို့ အစိုပျောက်သွားသည်။ နေပူလို့ပင် အခြောက် ဖြစ်ပေါ်လာသည်ဟု သူငယ်များပင် အသိဉာဏ်ဝင်၍ တေဇောဓာတ် ဖန်ဆင်းချက်အရကို ဖြေဆိုကြပေလိမ့်မည်။ ဤသို့ဖြေဆိုသည့်အတိုင်း ဟုတ်ပါပေသည် မှန်ပါပေသည်ဟု သင်တို့ဇကန် ဝန်ခံရမည် မဟုတ်ပါလော။ ဤသို့ ဝန်ခံကြရမည့် ရှေ့ကပြခဲ့သည့် ကြီးရာမှ ယုတ်လျော့သွားသော ထန်းရွက်စိုကို နမူနာစံမီ၍ မည်သူကမျှမဖန်ဆင်းရဘဲ ဟာနဘာဂိယတေဇောဓာတ်ကြောင့်သာ ကမ္ဘာလောကကြီးအတွင်းရှိကြီးရာမှယုတ်လျော့သွားသမျှသော သက်ရှိ,သက်မဲ့ အလုံးစုံတို့၌ ကြည့်ကြ သိကြပါလေ။

ဤသိရှိရာ၌အဝ,အတုတ်,အကြီး တို့အကုန်မပျက်ကြဘဲအချို့အဝက်သာ ပျက်သည်ဟု မယူဆမူ၍ ထန်းရွက်မှာ အစိုရုပ် အကုန်လုံးတို့ အဆင့်ဆင့် ပျောက်ပျက်လိုက်သမျှ ထိုထန်းရွက်နှင့် အပြည့်အပြည့် အခြောက်ရုပ်တို့ အဆင့်ဆင့် ဖြစ်ပေါ်လာသလို အဝ,အကြီး တစ်ခုလုံးတို့ တေဇော စသည်တို့ကြောင့် အကုန်လုံး အဆင့်ဆင့် ပျက်ပျက်လိုက်သည် ဟူ၍လည်းကောင်း၊ အသေး,အငယ် တစ်ခုလုံးတို့ တေဇောဓာတ် စသည်ကြောင့် အဆင့်ဆင့် အပြည့်အပြည့် ဖြစ်ပေါ်လျက် အသေးဘက်သို့ တက်တက်သွားကြသည် ဟူ၍လည်းကောင်း၊ သူတစ်ပါးစကားကို အားထားယုံကြည်ခြင်း မရှိဘဲ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် လောကအကုန်လုံးပေါက်အောင် မကြာမကြာ အခါခါ ကြည့်ကြ သိကြပါလေ။ ဤသို့သင်တို့ကိုယ်တွေ့ဉာဏ်မြင် အထင်အရှား သိပြီးသား ဖြစ်နေကြသည်ကို တစ်စုံတစ်ယောက်သော တန်ခိုး ကြီးမားသော

WWW.DHAMMARANSI.COM



နတ်၊သိကြားတို့ ကောင်းကင်ကနေကြ၍ ထန်းရွက်ကြီးနှင့်တကွ ဤလောက အားလုံး ရှိရှိသမျှတို့အဝ၊အကြီး ပျောက်၍ အသေး၊အငယ် ရောက်လာအောင် မည်သူမည်ဝါတို့က ဖန်ဆင်းပေးကြလို့သာ ဖြစ်ပေါ်လာသည်ဟု ပြောကြား စေကာမူ ဟာနဘာဂီယတေဇာကြောင့် အစိုပျောက်၍ အခြောက် ဖြစ်လာခြင်း စသည်များကို မသိကြ၍လည်းကောင်း၊ လိမ်လည်လှည့်ဖြားလို၍လည်းကောင်း၊ အမှားကို ပြောကြားလာသည်ဟု ပယ်ရှားပစ်ထိုက်သော အချက်ကြီးပေတည်း။

ဤသည်တို့ကား ဆုတ်ယုတ်သွားသော အကောင်အထည်၊ ဝတ္ထုတို့ကို တေဇောဓာတ်စွမ်းကောင်းကြီးက ဖန်ဆင်းပေးချက် ဆားမြည်းရန်နည်း အမြွက် ပြီး၏။

❖

အဝစားလိုမှ လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီးမှာ ကြည့်ကြ စားကြပါလေ ပညာရှိတွေတို့။

ဩော် အရေးကြီးသော ရှေ့ကပြခဲ့သည့် ပရမတ် ပညတ်များနှင့် တေဇော တစ်စား၊ ဘာသာရေး၊ လောကရေး အချက်များကို အရေးကြီးသလို အကြိမ်ကြိမ် အထပ်ထပ် မသိ၊သိအောင် ကြည့်လည်းကြည့်ခဲ့စွ၊ သိလည်းသိခဲ့စွ၊ သိကြသော် လည်း ယခုမျက်မှောက် လောကရေးမှာ မိမိတို့ကိုယ်တိုင် ချမ်းသာ ဟူသမျှတို့ကို အလိုရှိကြသလို သူတစ်ပါးတို့သည်လည်း အလိုရှိကြမှာချည်းပဲဟု ကိုယ်ချင်းစာ တရားနှင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူသော မေတ္တာများကိုလည်း ပွားခဲ့စွ၊ ယခု မျက်မှောက်ရေးမှာလည်း မိမိဒုက္ခဟူသမျှ ကြောက်ကြသလို သူတစ်ပါးတို့သည်လည်း ကြောက်ကြမှာချည်းပဲဟု ကိုယ်ချင်းစာတရားနှင့် ကိုယ်စိတ်နှစ်တွဲ ဆင်းရဲတို့မှ လွတ်ကြပါစေဟူသော ကရုဏာများကိုလည်း ပွားခဲ့စွ၊ မပွားကြပါဘဲ လောဘ၊ ဒေါသ၊ မောဟတို့ နိုင်ငံထဲမှာ တစ်ယောက် တစ်လှည့် ညှဉ်းဆဲ နှိပ်စက်နေကြပါမူ ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ ဟူ၍သာ ကရုဏာ ရှေ့ထားကာ ညည်းတွား လိုက်ရပါတော့သတည်း။

❖

WWW.DHAMMARANSI.COM



## ၄။ ဋ္ဌိတိဘာဂီယတေဇောဓာတ်က ဖန်ဆင်းပေးပုံကို ပြချက်။

**မေး။ ။ ဤကမ္ဘာလောကကြီးအတွင်း၌ သက်ရှိ,သက်မဲ့ အလုံးစုံတို့ မတိုးမဆုတ်ဘဲ ရှေးအတိုင်း တည်တံ့အောင် ဋ္ဌိတိဘာဂီယတေဇောဓာတ်စွမ်းကောင်း က အဘယ်သို့ ဖန်ဆင်းသနည်း။**

ဖြေ။ ။ ဤမတိုးမဆုတ်ဘဲ ရှေးအတိုင်း တည်တံ့နေအောင် ဖန်ဆင်းရာဝယ် ဤကမ္ဘာလောကကြီး၌ ရှိရှိသမျှသော **သတ္တဝါ**. အိမ်. ကျောင်း. သစ်ပင်. တော. တောင် စသော **သက်ရှိ,သက်မဲ့**တို့၏ ရုပ်ဓာတ်ကလာပ်တို့တွင် ပါဝင်နေသည့် ဥတုခေါ်သော တေဇောဓာတ်စွမ်းကောင်းကြီးက မိမိနှင့်အတူတကွ ဖြစ်ကြသော ရုပ်ကလာပ်တို့ကိုအခါမစဲ အမြဲပျက်ပျောက် ကုန်ဆုံးအောင်လည်း လောင်မြိုက်၍ အနိစ္စနယ်က မိမိပါ သေဆုံး၏။ မိမိတို့ မချုပ်မီ ရုပ်သစ် ကလာပ်သစ်တို့ကို ရှေးအတိုင်း တည်တံ့နေအောင်လည်း သခ်ါရနယ်က မွေးဖွားနိုင်၏ (ဝါ) ဖန်ဆင်း နိုင်၏။

**မေး။ ။ ဤသို့ချုပ်ပျောက် မွေးဖွားရာ၌ဒိဋ္ဌလက်တွေ့သက်သေအရကိုမည်သို့ သိရမည်နည်း။**

ဖြေ။ ။ ၎င်းလက်တွေ့အရ ယခင်က ထန်းရွက်ခြောက်၅၀သားကိုပင် နေလှန်း၍ ပြသရာ၏။ ပြသပုံကား။ နေမလှန်းခင်ချိန်၍ ကြည့်သောအခါ ထန်းရွက် အတွင်း က အေးရုပ်တို့ ၅၀သား ရှိရာ၏။ နေလှန်း၍ တစ်ဖန် ချိန်ကြည့်ပြန်သော် ထိုထန်းရွက်အတွင်းက အေးရုပ် ၅၀သားတို့ ပျောက်ကြ၍ ပူရုပ် ၅၀သား တို့ပင် အသစ် ဖြစ်ပေါ် တည်ရှိပြန်ရာ၏။ ထိုသို့ တည်ရှိသောအခါ ဤထန်းရွက် ခြောက်ကြီးအတွင်းမှာ အဘယ်မျှ ပျောက်ပျက်သွားပြီး အဘယ်မျှ အသစ်ဖြစ်ပေါ် လာသနည်းဟု မေးမူ အမှတ်တမဲ့ အလေးဘက်ကို ကြည့်၍ ဖြေဆိုသူတို့ကား ၅၀သားရှိ ထန်းရွက်ခြောက်ကြီးမှာ ယုတ်လည်းမယုတ် တိုး၍ အသစ်လည်း မဖြစ်ဘဲ ၅၀သားသာ တည်မြဲ တည်ရှိနေသည်ဟု ဖြေဆိုကြပေလိမ့်မည်။ ဤ အဖြေကား ထန်းရွက်အတွင်းသားတို့ ပျောက်ချက်နှင့် ဖြစ်ပေါ်ချက်ကို မေးပါလျက် အလေးဘက်က ၅၀သားတို့ မတိုးမဆုတ် ရှိသည်ကို ကြည့်၍ ဖြေသောကြောင့် မမှန်။ ထန်းရွက်ဘက်ကို ကြည့်၍ အမှန်ကို ဖြေဆိုရာ၌ ယခင်

WWW.DHAMMARANSI.COM



နေမလှန်းမီ ၅၀ သားလေးနှင့် ချိန်ထားသော ထန်းရွက်အတွင်းရှိ အေးရုပ် ၅၀သားတို့ကို နေလှန်းသောအခါတွင် တေဇောတို့က လောင်မြိုက် ကုန်ဆုံးသောကြောင့် အေးရုပ် ၅၀သားလုံးတို့ အဆင့်ဆင့် အနိစ္စနယ်က ပျောက်ပျက်သည် ဟူ၍လည်းကောင်း၊ ထိုတေဇောဓာတ် တို့ကပင် မိမိတို့ မသေခင် ၅၀သားရှိ အတွင်း ပူရုပ်တို့ကို အဆင့်ဆင့် အသစ်ဖြစ်ပေါ်လာအောင် သန္တတိရနယ်ကလည်း မွေးဖွား တိုးတက်လာသောကြောင့် ၅၀သား အသစ်အသစ် ဖြစ်ပေါ်လာသည် ဟူ၍လည်းကောင်း၊ ထန်းရွက်အတွင်းသားတို့က အဆင့်ဆင့် ပျောက်ပျက်ချက် ဖြစ်ပေါ်ချက် တို့ကို လက်တွေ့အားဖြင့် ထင်ရှားသိသာနိုင်အောင် အလေးချိန်နှင့် ပြ၍ ဖြေဆိုကြရာ၏။

အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤအတွင်းသား ထန်းရွက် အေး ပျောက်၍ ထန်းရွက်ပူ ရောက်လာရာ၌ မည်သူက ဖန်ဆင်း၍ ဖြစ်ရသနည်း ဟု မေးပြန်မူ။

မည်သူကမျှ မဖန်ဆင်းရဘဲ နေပူလို့ အေးရုပ် အကုန်လုံးတို့ ပျောက်သွားသည် နေပူလို့ပင် ပူရုပ်အကုန်လုံးတို့ ဖြစ်ပေါ်လာသည်ဟု သူငယ်များပင် အသိဉာဏ် ဝင်၍ တေဇောဓာတ် ဖန်ဆင်းချက်အရကို ဖြေဆိုကြပေလိမ့်သတည်း။ ဤသို့ ဖြေဆိုသည့်အတိုင်း ဟုတ်ပါပေသည် မှန်ပါပေသည်ဟု သင်တို့ ဧကန်ဝန်ခံရမည် မဟုတ်ပါလော။

ဤသို့ ဝန်ခံကြရမည့် ရှေ့ကပြခဲ့သည့်အတိုင်း တည်တံ့နေသော ထန်းရွက်ခြောက်ကို နမူနာစံမီ၍ မည်သူကမျှ မဖန်ဆင်းရဘဲ တေဇောဓာတ်ကြောင့်သာ ကမ္ဘာလောကကြီးအတွင်းရှိ ရှေးအတိုင်း တည်တံ့နေသော သက်ရှိ,သက်မဲ့ အလုံးစုံတို့၌ ကြည့်ကြ သိကြပါလေ။

ဤသို့ သိရှိရာ၌ ပညတ်နယ်က အလေးချိန်နှင့်တကွ ထန်းရွက်ခြောက်ကြီးတို့ ရှေးအတိုင်း တည်ရှိနေသောကြောင့် အတွင်းသားရုပ်တို့ အကုန်လုံး မဆုတ်ယုတ်ဘူး၊ မတိုးတက်ဘူး၊ အအေး,အပူမျှသာ ပြောင်းသည်ဟု မယူဆမူ၍ ထန်းရွက်ခြောက်ကြီးမှာ အေးရုပ်တေဇောအကုန်လုံးတို့အဆင့်ဆင့် ပျောက်ပျက်လိုက်သမျှ ထိုအအေး တေဇောနှင့်တကွ ဖြစ်ကြသော ၅၀သားရှိ ရုပ်ကလာပ် အမျိုးမျိုးတို့ အကုန်လုံး အဆင့်ဆင့် ပျောက်ပျက်လိုက်ကြကုန်၏။ ထိုထန်းရွက်

WWW.DHAMMARANSI.COM



ကြီးမှာ ပူရုပ် တေဇော အကုန်လုံးတို့ အဆင့်ဆင့် တိုးတက်လိုက်သမျှလည်း ထို အပူတေဇောနှင့်တကွ ၅ဝကျပ်သားရှိ ရုပ်ကလာပ် အမျိုးမျိုးတို့ အပြည့်အပြည့် အဆင့်ဆင့် ပြောင်းလဲ ဖြစ်ပေါ်လာကြကုန်၏ဟု အေးရုပ်ကလာပ် အကုန်လုံးတို့ အနိစ္စအချက်နှင့် ပူရုပ်ကလာပ် အကုန်လုံးတို့ ဖြစ်ပေါ်မှု သမုဒယ အချက်စုတို့ကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိရှိရသလို ဤလောကကြီးအတွင်းရှိ ရုပ်ကလာပ် အကုန်လုံးတို့မှာလည်း နေထွက်သည်မှ နေဝင်သည်ကျအောင် အေးရုပ်ကလာပ် အဆင့်ဆင့်တို့ ပျောက်ပျက်ခြင်း အနိစ္စအချက်နှင့် ပူရုပ်ကလာပ် အဆင့်ဆင့်တို့ သမုဒယနယ်က ဖြစ်ပေါ်ချက်ကိုလည်း ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိထိုက်ကြ၏။ တစ်နည်း။ နေဝင်သည်မှ နေထွက်သည်ကျအောင် ဤလောကကြီးအတွင်းရှိ ပူရုပ်ကလာပ်တို့ အဆင့်ဆင့် ပျောက်ပျက်ခြင်း အနိစ္စဖြစ်ချက်နှင့် အေးရုပ်ကလာပ် အဆင့်ဆင့်တို့ သမုဒယနယ်က ဖြစ်ပေါ်ချက်ကိုလည်း ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိထိုက်ကြ၏။ ဤသို့ သိသော ဉာဏ်ကား အလွန်အလွန် အဖိုးထိုက်တန်လှ၏။ အကြောင်းမူကား အဝိဇ္ဇာဂဏ ရှိရှိသမျှတို့သည် ပညတ်နယ်က မပျောက်ပျက် ကြသော်လည်း အတွင်းသား ပရမတ်နယ်က ရုပ်အကုန်လုံးတို့ အအေး၊ အပူ တေဇောနှင့်တကွ အခါမစဲ အမြဲမပျက်ပျောက် အနိစ္စရောက်လိုက်နေကြသော အချက်ကိုလည်း ထင်မြင်နိုင်ကြကုန်၏။ ထိုသို့ ပျောက်ပျက်လိုက် သမျှလည်း အတွင်းသား ပရမတ်နယ်က ရုပ်အကုန်လုံးတို့ လောကကြီးနှင့် အပြည့်အပြည့် အအေး၊ အပူ တေဇောနှင့်တကွ အခါမစဲ အမြဲဖြစ်ပေါ်နေကြသော သမုဒယဖြစ်ချက် တို့ကိုလည်း ထင်မြင်နိုင်ကြကုန်၏။ ဤပရမတ်တရားအစစ်များတို့၏ ဖြစ်ချက်နှင့် ပျက်ချက်ကို သိသောဉာဏ်ကို ဝိပဿနာအရာ၌ ဥဒယဗ္ဗယဉာဏ်ဟု ဆိုကြ သောကြောင့် အလွန့်အလွန် အဖိုးတန်လှ၏ဟု ဆိုအပ်ပေသတည်း။ ဤသို့ သင်တို့ ကိုယ်တွေ့ဉာဏ်မြင် အထင်အရှား အနိစ္စနှင့် သမုဒယ ဖြစ်ချက်များကို သိပြီး သား ဖြစ်နေကြရာ၌ တစ်စုံတစ်ယောက်သော တန်ခိုးကြီးမားသော နတ်၊ သိကြား တို့က ကောင်းကင်ကနေကြ၍ ထန်းရွက်ခြောက်ကြီးနှင့်တကွ ဤလောက အားလုံး ရှိရှိသမျှတို့ မတိုးမဆုတ်ဘဲ ရှေးအတိုင်း တည်တံ့နေအောင် မည်သူ မည်ဝါတို့က ဖန်ဆင်းပေးလို့သာ ဖြစ်ပေါ်လာရသည်ဟု ပြောကြားလာစေကာမူ ဌိတိဘာဂီယတေဇောဓာတ်ကြောင့်သာ အအေးနှင့်တကွ ရုပ်အကုန်လုံးတို့ ရှေး

WWW.DHAMMARANSI.COM



အတိုင်း ရောက်လာခြင်း၊ တစ်ဖန် အပူနှင့်တကွ ရုပ်အကုန်လုံးတို့ ပျောက်၍ အအေးနှင့်တကွ ရုပ်အကုန်လုံးတို့ ရှေးအတိုင်း ရောက်လာခြင်း စသည်များကို မသိပြား၍လည်းကောင်း၊ လိမ်လည် လှည့်ဖြားလို၍လည်းကောင်း၊ အမှားကိုသာ ပြောကြားလာသည်ဟု ပယ်ရှားပစ်ထိုက်သော အချက်ကြီးတို့ပေတည်း။

ဤရှေ့ကပြခဲ့သည့်အတိုင်း တို့ကိုလည်း မကြာမကြာ အခါခါ အထပ်ထပ် စဉ်းစားကြ၍အမှန်ကို သိရှိကြပါလေ။ ပညာရှိအများ ကမ္ဘာသူ ကမ္ဘာသားတွေတို့။

ဤသည်တို့ကား ရှေ့အတိုင်း တည်တံ့နေသော အကောင်အထည်, ဝတ္ထု တို့ကို တေဇောဓာတ်စွမ်းကောင်းကြီးတို့က ဖန်ဆင်းပေးချက် ဆားမြည်းရန်နည်း အမြွက်ပါတည်း။

❖

## ဝုမိဘာဂီယတေဇောဓာတ်က ဖန်ဆင်းပေးပုံကို ပြချက်။

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဝုမိဘာဂီယတေဇောဓာတ်က ဖန်ဆင်းချက်အရကိုလည်း သင်တို့ သိရှိထိုက်သည် မဟုတ်ပါလော။ ဤသို့ သိရှိကြရန် ထုတ်ပြန် မေးဖြေပြရမူ။

**မေး။ ။ ဤလောကကြီးအတွင်း၌ သက်ရှိ,သက်မဲ့ အလုံးစုံကို တစ်နေ့တခြား ကြီးပွားတိုးတက်လာအောင် ဝုမိဘာဂီယတေဇောဓာတ်က အဘယ်ကဲ့သို့ ဖန်ဆင်းသနည်း။**

ဖြေ။ ။ ဤကြီးပွားတိုးတက်လာအောင် ဖန်ဆင်းရာဝယ် ကမ္ဘာလောကကြီး အတွင်း၌ ရှိရှိသမျှသော သတ္တဝါ, သစ်ပင်, ချုံနွယ် စသည် ရုပ်ဓာတ် ကလာပ် တို့တွင် ပါဝင်နေသည့် ဥတုခေါ်သော ဝုမိဘာဂီယတေဇောဓာတ် စွမ်းကောင်း ကြီးက မိမိနှင့်အတူတကွ ဖြစ်ကြသော ရုပ်ကလာပ်တို့ကို အခါမစဲ အမြဲ ပျက်ပျောက် ကုန်ဆုံးအောင်လည်း လောင်မြိုက်၍အနိစ္စနယ်က မိမိပါသေဆုံး၏။ မိမိတို့ မချုပ်မီ ရုပ်သစ် ကလာပ်သစ်တို့ ရှေးကထက် တိုးတက် ကြီးပွားလာအောင် လည်း သခါရနယ်က မွေးဖွားနိုင်၏။ (ဝါ) ဖန်ဆင်းပေးနိုင်၏ဟု သိကြပါလေ။

ဤကြီးပွားလာအောင် ဖန်ဆင်းပေးရာ၌ စိမ်းရှင်သော မြက်, သစ်ပင်, ချုံ နွယ်, မျိုးစေ့ တို့အတွင်း၌ ပါဝင်သော တစ်နေ့တခြား ကြီးပွား တိုးတက် စေနိုင်

WWW.DHAMMARANSI.COM



အောင် ဟရိတမည်သော ဝုမိဘာဂီယတေဇောတို့က တစ်နေ့တခြား ကြီးပွားတိုးတက်လာအောင် ဖန်ဆင်းနိုင်သည့် ဥတုဓာတ်စွမ်းကောင်းရှိ၏။ ထိုဓာတ်စွမ်းကောင်းတို့က ဖန်ဆင်းပေးကြ၏ဟု သိကြပါလေ။

**မေး။ ။ ဤသို့ ချုပ်ပျောက်မွေးဖွားရာ၌ ဒိဋ္ဌလက်တွေ့သက်သေအရကိုမည်သို့ သိရမည်နည်း။**

ဖြေ။ ။ ၎င်းလက်တွေ့အရ ပန်းအိုးငယ်တွင် စိုက်ထားသည့် နေ့ညခဏချင်း ကြီးပွားလာသော သစ်ပင်ငယ်ကို ချိန်တွယ်၍ပြသရာ၏။ ပြသပုံကား ထိုပန်းပင်ငယ်ကိုစိုက်စ အရွယ်နုစဉ် ချိန်ကြည့်သောအခါ တစ်ပိဿာရှိ၏ဟု သိပြီးမှ တစ်လလောက်ကြာ၍ အရွယ်ရင့်လာသောအခါ ချိန်ကြည့်ပြန်ရာ တစ်ပိဿာတစ်ဆယ်သား ရှိသော ပန်းပင်ငယ်မှာ အဘယ်မျှ ဆုတ်ယုတ်ပျောက်ပျက်သွားပြီး အဘယ်မျှ တိုးတက် ကြီးပွားလာသနည်းဟု မေးပြန်မူ အမှတ်တမဲ့ အလေးဘက်ကို ကြည့်၍ ဖြေဆိုသူတို့ကား တစ်ပိဿာ တစ်ဆယ်သားရှိသော ပန်းပင်ငယ်မှာ တစ်ဆယ်သားသာ ကြီးပွားတိုးတက်လာသည်။ ဆုတ်ယုတ် ပျောက်ပျက်ခြင်းကား အလျဉ်းမရှိဟု ဖြေဆိုကြပေလိမ့်မည်။ ဤအဖြေကား ပန်းပင်ငယ်၏ အတွင်းသားတို့ ပျောက်ချက်နှင့် ဖြစ်ပေါ်ချက်ကို မေးပါလျက် အလေးဘက်ကို ကြည့်သာ ဖြေပါသောကြောင့် မမှန်။ ပန်းပင်ငယ်ကို ကြည့်၍ အမှန်ကို ဖြေဆိုရာ၌ ယခင် တစ်ပိဿာလေးနှင့် ချိန်ထားသော ရွက်နု ပန်းပင်ငယ် တစ်ပိဿာလုံးလုံးတို့ကို တွင်းပ အပူ.အအေး တေဇောတို့က လောင်မြိုက် သေဆုံးသောကြောင့် တစ်ပိဿာလုံး အနိစ္စနယ်က အနုရုပ်တို့ ပျောက်ပျက်သည် ဟူ၍လည်းကောင်း၊ ထိုတေဇောဓာတ်တို့ကပင် မိမိတို့မသေမီ တစ်ပိဿာတစ်ဆယ်သားရှိ အရွက်ရင့် ပန်းပင်ငယ်တို့ အသစ်အသစ် ဖြစ်ပေါ်လာအောင် သန္တတိရနယ်ကလည်း မွေးဖွားတိုးတက်လာသောကြောင့် တစ်ပိဿာတစ်ဆယ်သား အရင့်ရုပ်တို့ အသစ်သစ်ဖြစ်ပေါ်လာသည် ဟူ၍လည်းကောင်း၊ ပန်းပင်ငယ် အတွင်းသားတို့၏ ပျောက်ပျက်ချက် တိုးတက်ကြီးပွားဖြစ်ချက်တို့ကို လက်တွေ့အားဖြင့် ထင်ရှား သိသာနိုင်အောင် အလေးချိန်နှင့်ပြ၍ ဖြေဆိုကြရာ၏။

အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤအနုရုပ် တစ်ပိဿာ ပျောက်၍ အရင့်ရုပ် တစ်ပိဿာတစ်ဆယ် ဖြစ်လာရာ၌ မည်သူက ဖန်ဆင်း၍

WWW.DHAMMARANSI.COM



ဖြစ်ပေါ်လာသနည်းဟု မေးမြန်းမှု မည်သူကမျှ မဖန်ဆင်းရဘဲ ပြုပြင်ပေးကြသည့် မြေ. ရေ. နေ. လေ တို့နှင့်တကွ ဖြစ်ကြသော အပူ.အအေးတို့ကြောင့် အနုရုပ် အဆင့်ဆင့်တွေ ပျောက်ပြီး အရင့်ရုပ်တွေ အဆင့်ဆင့် ကြီးပွားတိုးတက် လာကြ၏ဟု သူငယ်များပင် အသိဉာဏ်ဝင်၍ အပူ.အအေး ဝေဇောဓာတ် ဖန်ဆင်းချက် အရကို ဖြေဆိုကြပေလိမ့်သတည်း။

ဤသို့ ဖြေဆိုသည့်အတိုင်း ဟုတ်ပါပေသည် မှန်ပါပေသည်ဟု သင်တို့ကေန် ဝန်ခံကြရမည် မဟုတ်လော။ ဤသို့ ဝန်ခံရမည့် ရှေ့ကပြခဲ့သည့် ငယ်ရာမှ ကြီးထွားလာသော ပန်းပင်ငယ်ကို နမူနာစံမီ၍ မည်သူကမျှ မဖန်ဆင်းရဘဲ ဝုမိဘာဂီယဝေဇောဓာတ်ကြောင့်သာ ကမ္ဘာလောကကြီးအတွင်းရှိ ငယ်ရာမှ ကြီးထွားလာသော သက်ရှိ.သက်မဲ့ အလုံးစုံတို့၌ သိကြပါလေ။

ဤသို့သိရာ၌ အသေးအငယ်တို့ အကုန်လုံး မပျောက်ပျက်ဘဲ ထိုအသေးအငယ်၌ ထပ်၍ထပ်၍ အသစ်အသစ် အကြီးအထွားတို့ ဖြစ်ပေါ် လာသည်ဟု မယူဆဘဲ ထိုပန်းပင်ငယ်မှာ သေးငယ်သော အနုရုပ် အကုန်လုံးတို့ အဆင့်ဆင့် ပျောက်ပျက်လိုက်သမျှ ထိုပန်းပင်ငယ်နှင့် အပြည့်အပြည့် ကြီးထွားလာသော အရင့်ရုပ်တို့ အဆင့်ဆင့် ဖြစ်ပေါ်လာသလို သက်ရှိ.သက်မဲ့ အသေးအငယ် အလုံးစုံတို့ အဆင့်ဆင့် ပျောက်ပျက်လိုက်သမျှ အကြီးအထွား တစ်ခုလုံးတို့ အဆင့်ဆင့်ဖြစ်ပေါ်လျက် တက်တက်သွားကြသည်၌ သူတစ်ပါးစကားကို အားထားယုံကြည်ခြင်းမရှိဘဲ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် လောကအကုန်လုံး ပေါက်အောင် မကြာမကြာ အခါခါ ကြည့်ကြ သိကြပါလေ။

ဤသို့ သင်တို့ ကိုယ်တွေ့ ဉာဏ်မြင် အထင်အရှား သိပြီးသား ဖြစ်နေကြသည်ကို တစ်စုံတစ်ယောက်သော တန်ခိုးကြီးသော နတ်.သိကြားတို့ ကောင်းကင်ကနေကြ၍ ပန်းပင်ငယ်နှင့်တကွ ဤလောကအားလုံး ရှိရှိသမျှတို့ အသေးအငယ်ပျောက်၍ အကြီးအထွား ရောက်လာအောင် မည်သူမည်ဝါတို့က ဖန်ဆင်းပေးကြလို့သာ ဖြစ်ပေါ်လာသည်ဟု ပြောကြားလာစေကာမူ ဝုမိဘာဂီယ ဝေဇောဓာတ်ကြောင့် အနုရုပ်.အသေးရုပ်တို့ ပျောက်၍ အရင့်ရုပ်. အကြီးရုပ်တို့ ဖြစ်လာခြင်း စသည်များကို မသိကြ၍လည်းကောင်း၊ လိမ်လည်လှည့်ဖြားလို၍လည်းကောင်း၊ အမှားကိုသာ ပြောကြားလာသည်ဟု ပယ်ရှားပစ်ထိုက်သော အချက်ကြီးတို့ ပေတည်း။

WWW.DHAMMARANSI.COM



ဤရှေ့ကပြခဲ့သည့်အတိုင်းတို့ကိုလည်း မကြာမကြာ အခါခါ အထပ်ထပ် စဉ်းစားကြ၍ အမှန်ကို သိရှိကြပါလေ ပညာရှိအများ ကမ္ဘာသူ ကမ္ဘာသားတွေတို့။

ဤသည်တို့ကား တိုးတက်ကြီးပွားလာသော အကောင်အထည်.ဝတ္ထု တို့ကို တေဇောဓာတ်စွမ်းကောင်းက ဖန်ဆင်းပေးချက် ဆားမြည်းရန်နည်းအမြွက် ပြီး၏။

❖

## ၅။ တေဇောဓာတ်နှင့်တကွ ရုပ်ဓာတ်တို့ ပေါင်းစပ်၍ ဖြစ်ပုံကို ပြချက်။

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ထိုတေဇောဓာတ်နှင့်တကွ ရုပ်ဓာတ်တို့ ပေါင်းစပ်၍ ဖြစ်ပေါ်ကြသည်ကိုလည်း သင်တို့ သိထိုက်ကြသည် မဟုတ် ပါလော ဤသို့ သိကြရန် မေးဖြေပြရမူ။

**မေး။ ။ ဤတေဇောဓာတ် ဖြစ်ရာ၌ တစ်ခုတည်းပင် ဖြစ်ကြပါသလော။**

ဖြေ။ ။ အနည်းဆုံး ရုပ်ရှစ်ခု ပေါင်းစုံ၍ ဖြစ်ကြ၏။

**မေး။ ။ ရုပ်ရှစ်ခု ဆိုသည်ကား အဘယ်နည်း။**

ဖြေ။ ။ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်၊ အဆင်းဓာတ်၊ အနံ့ဓာတ်၊ အရသာဓာတ်၊ သြဇာဓာတ် ရှစ်ပါးတို့တည်း။ ထိုရှစ်ပါးတို့ အားလုံးကုန် မထင်ရှား သော်လည်း တစ်ပါးပါး ထင်ရှားက ရှစ်ပါးလုံး ပါရှိကြ၏။ တစ်ပါးပါး ပျောက်ပျက် ကလည်း ရှစ်ပါးလုံး ပျောက်ပျက်ကြ၏ဟု သိကြပါလေ။

**မေး။ ။ သက်မဲ့လောက အားလုံးကြီး၌ ရုပ်ကလာပ် ဘယ်နှစ်မျိုး ရှိသနည်း။**

ဖြေ။ ။ နှစ်မျိုးရှိ၏။ ရှိပုံကား။

၁။ ရှေးကပြခဲ့သော ရုပ်ရှစ်မျိုးကို သုဒ္ဓဋ္ဌကကလာပ်ဟု ဆို၏။ ဤကလာပ် တစ်မျိုး။

၂။ ၎င်းအတွင်းသို့ အသံဓာတ်တစ်မျိုးထည့်၍ ရုပ်ကိုးခုကို သဒ္ဒနဝကကလာပ် ဟု ဆို၏။ ဤကလာပ် တစ်မျိုးအားဖြင့် နှစ်မျိုးနှစ်စားသာ ရှိကြ၏။

**မေး။ ။ ဤကလာပ်တို့ အကြီးအငယ်ပမာဏနှင့် အသက်ကာလတို့ ထူးခြား ခြင်း ရှိကြသလော။**

WWW.DHAMMARANSI.COM



ဖြေ။ ။မထူးခြားဘဲ တူမျှကြကုန်၏။ တူမျှကြပုံကား ပကတိမျက်စိဖြင့် အကောင်အထည် ညွှန်ပြရန် မဖြစ်နိုင်၊ အားလုံးကုန် သဘောမျှတို့ချည်းသာ ဖြစ်ကြ၍အကြီး,အငယ်မရှိဘဲရုပ်ကလာပ်ချင်း တူမျှကြ၏။ ၎င်းရုပ်ကလာပ်တို့ကို ဗုဒ္ဓဘာသာ ကျမ်းတို့၌ ပရမာဏုမြူ ကလာပ်မှုန့် တို့ချည်းသာဟု ဆို၏။ အနောက် နိုင်ငံသား ဝိဇ္ဇာပညာရှိကြီးများတို့ကား လွန်ခဲ့သော အနှစ် ၂၅၃၀ နောက်မှ ပေါ်ပေါက်လာသော ရေဒီယံသတ္တုနှင့် တန်ခိုးအလွန်ကြီးကဲသော အိပ်စရေး (ခေါ်) အလင်းရောင်ခြည်များ၏အထောက်အပံ့ဖြင့်အသေးအငယ်ဆုံးဖြစ်သော သတ္တုဓာတ်စင်တို့၏ အဏုမြူ တရားသစ် ပေါ်ပေါက်လာလေ၏ဟု ဆို၏။ ဤ ကျမ်းဂန်နှစ်ရပ်တို့အဆိုကား ပကတိမျက်စိဖြင့် မမြင်နိုင်သော သဘောမျှကလေး တို့ချည်းသာ ရှိ၏ဟု ပြဆိုခြင်း တူကြ၏။ ၎င်းသဘောကလေးတို့ အတွင်းမှာ ပါဝင်သော တေဇောဓာတ်တို့က ဇာတိမီး, ဇရာမီး, မရဏမီးတို့ကို အဖော်ရ၍ တခဏချင်း အတူတကွ ဖြစ်ကြသော ရုပ်ကလာပ်တို့ကို ကုန်ဆုံးအောင် လောင်မြိုက်ကြခြင်း တူသောကြောင့် ရုပ်သက်တို့လည်း အချင်းချင်း တူမျှကြ၏ ဟု သိကြပါလေ။

တေဇောတို့က ရုပ်သစ်တို့ကို ဖြစ်စေရာ၌ကား မတူကြကုန်။ မိမိတို့ အားရှိ သလောက် ဆုတ်ယုတ်သွားအောင်လည်းကောင်း၊ တည်တံ့နေအောင် လည်း ကောင်း၊ တိုးတက်လာအောင်လည်းကောင်း ဤရုပ်ကလာပ်သစ် သုံးစား တို့ကို လည်း မွေးဖွားသောအားဖြင့် ဖန်ဆင်းပေးနိုင်ကြ၏ဟု သိကြပါလေ။

❖

## ၆။ ဓာတ်ကြီးလေးပါးတို့က အဖော်ဓာတ်တို့နှင့်တကွ လောကကြီးကို ဖန်ဆင်းပေးပုံကို ပြချက်။

အို … ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤလောကကြီးအတွင်း၌ တေဇောဓာတ်စွမ်းကောင်းကြီးက တွင်းပဓာတ်ကြီးလေးပါးတို့ကို အဖော်ရ၍ သက်ရှိ, သက်မဲ့တို့ကို ဆုတ်ယုတ်သွားခြင်း၊ တည်တံ့နေခြင်း၊ ကြီးပွားလာခြင်း စသည်တို့ကို ဖြစ်ပေါ်လာအောင် ဖန်ဆင်းပေးချက်ကို သင်တို့ ဒိဋ္ဌလက်တွေ့ အားဖြင့် သိထိုက်ကြ ရမည်မဟုတ်ပါလော။ သိရပုံကို ပြရမူ။

WWW.DHAMMARANSI.COM



ဤလောက၌ သက်ရှိ,သက်မဲ့ အကောင်အထည်,သစ်ပင် စသည်တို့ကို တိုးတက် ကြီးပွားလာအောင်လည်းကောင်း၊ တည်တံ့နေအောင်လည်းကောင်း၊ ဆုတ်ယုတ်သွားအောင်လည်းကောင်း၊ ဓာတ်ကြိုက် သဘောကို ကြည့်၍ မြေဓာတ်နှင့်လည်း ပြုပြင်ပေးကြခြင်း၊ ရေဓာတ်နှင့်လည်း ပြုပြင်ပေးကြခြင်း၊ အပူ, အအေး တေဇောဓာတ်နှင့်လည်း ပြုပြင်ပေးကြခြင်း၊ လေဓာတ်နှင့်လည်း ပြုပြင်ပေးခြင်း၊ ၎င်းဓာတ်လေးပါးတို့ပါသော ဆေးဝါး,ဓာတ်စာ တို့ဖြင့်လည်း ပြုပြင်ပေးကြခြင်း တို့ကြောင့်လည်းကောင်း၊ ပြုပြင်မပေးကြခြင်း တို့ကြောင့်လည်းကောင်း၊ ကြီးပွား တိုးတက်လာခြင်း၊ တည်တံ့နေခြင်း၊ ဆုတ်ယုတ်သွားခြင်း တို့သည် သက်ရှိ,သက်မဲ့ တို့မှာ ဆေးကုပေးရာ စိုက်ပျိုးပေးရာတို့၌ ဖြစ်ပေါ်နေကြသည်ကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ရ၍ သိကြပါလေ။

ဓာတ်ကြီးလေးပါးတို့က ထိုထိုအလုပ်ကိစ္စကို ပြီးစီးကြအောင် ပြုလုပ်ဖန်ဆင်း ပေးပုံကို မေးဖြေပြရမူ။

**မေး။ ။ ဤကမ္ဘာလောကကြီး၌ ရွေ့ရှားသွားလာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော သဘော်, ရထား, ကား, လေယာဉ်ပျံ, အလုပ်စက်ရုံ စသည်တို့၌လည်း အတွင်းအပ ဓာတ်လေးပါးတို့ အကူအညီရ၍ တေဇောဓာတ်စွမ်းကောင်းကြီးက ဖန်ဆင်းကြပုံကို အဘယ်သို့ သိရမည်နည်း။**

အလွန်တန်ခိုးကြီးလှသော ကံ, ဉာဏ်, ဝီရိယ စသည်တို့က ဖန်ဆင်းပေးသမျှဖြစ်နေကြသော ထိုထို သဘော်,ရထား,ကား,လေယာဉ်ပျံ,အလုပ်စက်ရုံတို့ အတွင်းတွင် ပါဝင်နေသော တေဇောဓာတ်က အားရှိသလောက် ဝါယောဓာတ်ကို လှုံ့ဆော်ပေး၏။ ထိုဝါယောဓာတ်တို့ကို မိမိတို့အလိုရှိသလို လှုပ်ရှား ပြုလုပ်နိုင်အောင် အလွန်နိုင်မာသော သံ, ကြေး, သတ္တုတို့တွင် ပါဝင်နေသော ခက်မာ ပထဝီ၊ ဖွဲ့စေး အာပေါ တို့ကလည်း စက်ကိရိယာ အဖြာဖြာတို့ ဖြစ်ကြပြီး၊ ချုပ်ချယ်ကန့်သတ်ပေးခြင်း အာပေါ၊ ရေပူ,ရေအေး လဲလှယ်ပေးခြင်းတို့အကူအညီရ၍ တေဇောဓာတ်စွမ်းကောင်းက မိမိတို့ အားရှိသလောက် သဘော်, ရထား, ကား, လေယာဉ်ပျံ, အလုပ်စက်ရုံ စသည်တို့ ရွေ့ရှားသွားလာ ဆောင်ရွက်လုပ်ကိုင်နေနိုင်ကြအောင် ဖန်ဆင်းပေးချက်ကို အရှေ့အနောက် နိုင်ငံသား ပညာရှိကြီးများတို့ ကိုယ်တွေ့ ဉာဏ်မြင် အထင်အရှား ဓာတ်ကြီးလေးပါးတို့ကြောင့်သာ ဖြစ်ပွား ပြုလုပ်နေတာကို သိနိုင်ကြကုန်ရာ၏။

WWW.DHAMMARANSI.COM



အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤသဘော်, ရထား, ကား, လေယာဉ်ပျံ, အလုပ်စက်ရုံကြီး တို့တွင် ရွေ့ရှားသွားလာ ပြုလုပ်နေကြသည်၌ မည်သူက ဖန်ဆင်း၍ သွားလာ ပြုလုပ်နေကြသနည်းဟု မေးပြန်မူ။

မည်သူကမျှ မဖန်ဆင်းရဘဲ ပထဝီဓာတ် နိုင်မာသော ထိုထို စက်ကိရိယာ အတွင်းမှာ မီး, ရေ, လေ, အခိုးဓာတ်ငွေ့တို့ကြောင့် စက်ကိရိယာတို့ လည်ပတ်ကြ၍သာ လှုပ်ရှားသွားလာ လုပ်ကိုင်နေကြပါသည်ဟု သူငယ်များပင် အသိဉာဏ်ဝင်၍ ထိုထို စက်တို့တွင် ပါဝင်သော ဓာတ်ကြီးလေးပါးတို့ ဖန်ဆင်းချက်အရကို ဖြေဆိုကြပေလိမ့်သတည်း။ ဤသို့ ဖြေဆိုသည့်အတိုင်း ဟုတ်ပါပေသည် မှန်ပါပေသည်ဟု သင်တို့ ကောန် ဝန်ခံရမည် မဟုတ်ပါလော။

ဤစက်ကိရိယာတို့ ပါဝင်သော ဓာတ်ကြီးလေးပါးတို့ ပြုလုပ်ဖန်ဆင်းပေးချက်ကို သင်တို့ ကိုယ်တွေ့ဉာဏ်မြင် အထင်အရှား သိပြီးသားဖြစ်နေကြသည်ကို တစ်စုံတစ်ယောက်သော တန်ခိုးကြီးသော နတ်,သိကြားတို့ ကောင်းကင်က နေကြ၍ ဤ သဘော်, ရထား, ကား, လေယာဉ်ပျံ, အလုပ်စက်ရုံစသည်တို့ ရွေ့ရှားသွားလာ လုပ်ကိုင်နေနိုင်အောင် မည်သူမည်ဝါတို့က ဖန်ဆင်းပေးကြလို့သာ ရွေ့ရှား သွားလာ လုပ်ကိုင်နေနိုင်ကြသည်ဟု ပြောကြားလာစေကာမူ ထိုထို စက်ကိရိယာတို့ ပါဝင်သော ဓာတ်ကြီးလေးပါးတို့က ပြုလုပ်ဖန်ဆင်းပေးကြခြင်း စသည်များကို မသိငြား၍လည်းကောင်း၊ လိမ်လည်လှည့်ဖြားလို၍လည်းကောင်း၊ အမှားကိုသာ ပြောကြားလာသည်ဟု ပယ်ရှားပစ်ထိုက်သော အချက်ကြီးတို့ ပေတည်း။

(အမှာ) ကံ, ဉာဏ်, ဝီရိယ စသည်တို့က သဘော်, ရထား, ကား စသည် ဖြစ်အောင် ဖန်ဆင်းပေးချက်အရကို နောက်၌ ပြလတ္တံ့ပါသတည်း။

မေး။ ။ ရှေ့ကပြခဲ့သော တေဇောဓာတ်နှင့်တကွ ဓာတ်ကြီးလေးပါးတို့က တည်ထောင် ဖန်ဆင်းပေးသောအားဖြင့် ကျေးရွာပြုကြလို့ တိုးတက်လျက်၊ တည်တံ့လျက်၊ ဆုတ်ယုတ်လျက်၊ လောကကြီးအားလုံးတို့ ဖြစ်ပေါ်နေသည်တို့ကို ပဋ္ဌာန်းအကြောင်းအကျိုးတရားတို့နှင့် ဘယ်ကဲ့သို့ ဟောကြားတော် မူပါသနည်း။

ဖြေ။ ။ ဟောကြားတော်မူပုံကား။

WWW.DHAMMARANSI.COM



**စတ္တာရောမဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။**

**အညမညပစ္စယေန ပစ္စယော။ နိဿယ ပစ္စယေန ပစ္စယော။**

စသည်ဖြင့် ပဋ္ဌာန်းပါဠိတော်မှာ ဘုရားဟောတော်မူသောကြောင့် သက်ရှိ.သက်မဲ့ အတွင်းရှိ တိုးတက်နေကြ၊ တည်တံ့နေကြ၊ ဆုတ်ယုတ်နေကြသော ရုပ်ဓာတ် ကလာပ် ဟူသမျှတို့သည် ပဋ္ဌာန်း အကြောင်းအကျိုး အမျိုးမျိုးတို့နှင့်ချည်း အမြဲ ဖြစ်ပေါ်လျက် ရှိနေကြကုန်၏ဟု သိကြပါလေ။

၎င်းပါဠိတော်ကို မြန်မာပြန်ဆိုရမူ။

**စတ္တာရော၊** လေးပါးကုန်သော။ **မဟာဘူတာ၊** ဤလောကကြီးထဲမှာ တိုးတက်နေကြ. တည်တံ့နေကြ. ဆုတ်ယုတ်နေကြသော ရုပ်ဓာတ်ကလာပ်တို့ အတွင်းတွင် ပါဝင်နေကြသည့် ပထဝီ. အာပေါ. တေဇော. ဝါယောဟု ဆိုအပ် ကုန်သော (ဝါ) မြေ. ရေ. မီး. လေ ဟု ဆိုအပ်ကုန်သော မဟာဘုတ်တို့သည်။ **အညမညံ၊** အချင်းချင်း။ **သဟဇာတ ပစ္စယေန၊** အတူတကွ ဖြစ်ကြသည့် သဟ ဇာတ သတ္တိဖြင့်။ တစ်နည်း။ **အညမည ပစ္စယေန၊** အချင်းချင်း ကျေးဇူးပြုကြသည့် (ဝါ) တစ်ပါးသည်တစ်ပါးအား ကျေးဇူးပြုကြသည့် အညမည သတ္တိဖြင့်။ တစ်နည်း။ **နိဿယပစ္စယေန၊** အချင်းချင်း တည်မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုကြ သည့် နိဿယ သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ထိုထို ပြုဖွယ်ကိစ္စ အဝဝတို့ ပြီးစီးကြအောင် ကျေးဇူးဆောင်သည်။ **ဟောတိ၊** ဖြစ်၏။ ဤအရင်ကပြခဲ့သည့် ဥတုခေါ်သော တေဇောဓာတ်စွမ်းကောင်းကြီးက ဓာတ်ကြီးလေးပါးတို့ကို အကူ အညီရ၍ သဝိညာဏက. အဝိညာဏက ရှိရှိသမျှသော လောကကြီး အစားစား တို့ကို ပဋ္ဌာန်းတရားဖြင့် ဖန်ဆင်းတည်ထောင်ပေးချက် ဆားမြည်းရန်နည်းအမြွက် ပြီး၏။

❖

၇။ ကုသိုလ်ကံဓာတ်စွမ်းကောင်းကြီးက ဖန်ဆင်းပေးပုံကို မေးဖြေပြချက်။

မေး။ ။ ရှေးကပြခဲ့သည့် ကံခေါ်သော နာမ်ဓာတ်စွမ်းကောင်းကြီးက ဤကမ္ဘာ လောကကြီး၌ သက်ရှိ.သက်မဲ့ အစားစားတို့ကို ဖြစ်ပွားတည်ရှိ နေနိုင် အောင် ဖန်ဆင်းပေးနိုင်သည်ဟု ဆိုရာ၌ ကံဆိုသည်ကား ဘာကို ဆိုပါ သနည်း။

WWW.DHAMMARANSI.COM



ဖြေ။ ။ ထိုထို ကောင်းသောကိစ္စ, မကောင်းသောကိစ္စ ဟူသမျှတို့ကို ပြီးစီးစေနိုင်သော ကိုယ်ဖြင့် ပြုလုပ် စေ့ဆော်ပေးခြင်းအမှု၊ နှုတ်ဖြင့် ပြောဆို စေ့ဆော်ပေးခြင်းအမှု၊ စိတ်ဖြင့် ကြံစည် စေ့ဆော်ပေးခြင်းအမှု တို့ကို ကံဟု ဆိုအပ်ပါသည်။ တစ်နည်း။ ထိုထို အကျိုးအမျိုးမျိုး ဖြစ်ပေါ်အောင် ကိုယ်ဖြင့် ဖန်ဆင်းပြုလုပ်၍ ပေးသည်ကို ကာယကံ ဟု ဆို၏။ နှုတ်ဖြင့် ပြောဆို ဖန်ဆင်း၍ ပေးသည်ကို ဝစီကံ ဟုဆို၏။ စိတ်ဖြင့် ကြံစည်ဖန်ဆင်းပေးသည်ကို မနောကံဟု ဆို၏ ဟု သိစေအပ်ပါသတည်း။

**မေး။ ။ ထိုကံ၏ သဘောအချုပ်ကား အဘယ်နည်း။**

ဖြေ။ ။ ပါဠိလို စေတနာ၊ မြန်မာလို မိမိသာ ပြုလုပ် စေ့ဆော်ပေးရုံမက အတူတကွ ဖြစ်ကြသော တရားတို့ကို မိမိတို့ကိစ္စ ပြုလုပ်ကြအောင်လည်း စေ့ဆော်တိုက်တွန်းမှု သဘောမျှကလေးသာ ဟု အချုပ်ကို သိရာ၏။

ဤ၌စေတနာနှင့် ကံတို့ တူကြပုံကို စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိဟု ဘုရားဟောတော်မူ၏။ အဓိပ္ပာယ်ကား စေတနာကို ကံဟူ၍ ငါဘုရား ဟောတော်မူ၏ ဟု ဆိုသည်။

**မေး။ ။ အချုပ်အားဖြင့် ထိုက အဘယ်မျှ ပြားပါသနည်း။**

ဖြေ။ ။ ထိုကံသည် ပါဠိလို (၁) ကုသိုလ်ကံ၊ (၂) အကုသိုလ်ကံ။ မြန်မာလို (၁) ကောင်းသောအမှု (ဝါ) တရားသောအမှု၊ (၂) မကောင်းသောအမှု (ဝါ) မတရားသောအမှု အားဖြင့် နှစ်ပါးပြား၏။

**မေး။ ။ ထိုကံသည် အဘယ်မှာရှိ၍ အဘယ်အခါ ဖြစ်ပါသနည်း။**

ဖြေ။ ။ ထိုကံသည် အဝိညာဏက သစ်ပင်, တော, တောင်တို့မှာ မရှိ၊ သဝိညာဏက လူ, တိရစ္ဆာန် စသည်တို့မှာ ရှိ၍ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ပြုလုပ် ပြောဆို ကြံစည်တိုင်းသော အခါတို့မှာ အမြဲထာဝရ ကံဆိုသော တရားတို့ ဖြစ်နေကြ၏။

**မေး။ ။ ထိုကံအကြောင်းတို့က အဘယ်အခါ အဘယ်အကျိုးများကို ဖန်ဆင်း ပြုလုပ် ပေးပါသနည်း။**

WWW.DHAMMARANSI.COM



ဖြေ။ ။ ထိုကောင်းသောကံ, မကောင်းသောကံ တို့က မျက်မှောက်ဘဝအခါ အခြားမဲ့ ဘဝအခါတို့၌ ကောင်းကျိုးချမ်းသာ, မကောင်းကျိုးဆင်းရဲ အနည်းနည်း တို့ကို ဖန်ဆင်း ပြုလုပ်ပေးနိုင်၏။

**မေး။ ။ ထိုသို့ ဖန်ဆင်းပေးရာ၌ ကောင်းသောကံက ကောင်းသောအကျိုးရင်း, မကောင်းသောကံက မကောင်းသောအကျိုးရင်း တို့ကိုသာ ဖန်ဆင်း ပေးနိုင်ပါသလော။**

ဖြေ။ ။ မျက်မှောက်ဘဝအခါ၌ကား အကျိုးရင်းသာမက အကျိုးဖျားကိုလည်း ဖြစ်စေနိုင်၏။ ဤအကျိုးရင်းကို မုချအကျိုး၊ အကျိုးဖျားကို နိသန္ဒအကျိုးဟု ကျမ်းဂန်၌ ပြဆို၏။

အဓိပ္ပာယ်ကား ကောင်းသောအမှုကြောင့် ကောင်းကျိုးချမ်းသာ ဖြစ်ကြ ရခြင်း အကျိုးရင်းလည်း ဖြစ်၏။ ချွတ်ချော်တိမ်းပါး၍ မကောင်းကျိုးဆင်းရဲများ နိသန္ဒ အကျိုးဖျားကိုလည်းဖြစ်စေနိုင်သေး၏။ မကောင်းသောအမှုကြောင့်လည်း မကောင်းကျိုးဆင်းရဲဖြစ်ရခြင်း အကျိုးရင်းလည်းဖြစ်၏။ အစစ အကြောင်း ညီညွတ်ပြား ကောင်းကျိုးချမ်းသာများ နိသန္ဒ အကျိုးဖျားကိုလည်း ဖြစ်စေနိုင် သေး၏။ အခြားမဲ့ နောင်ဘဝအခါတို့၌ကား ကောင်းသောကံက ကောင်းသော အကျိုးရင်း, မကောင်းသောကံက မကောင်းသောအကျိုးရင်းတစ်ခုတည်းကိုသာ ဖြစ်စေနိုင် ဖန်ဆင်းပေးနိုင်၏ ဟု သိကြပါလေ။

အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ကုသိုလ်ကံ၏ အကျိုးရင်း, အကျိုးဖျား ထင်ရှားဖြစ်စေပုံကို သင်တို့သိကြရန် ဤလောကကြီးအတွင်းမှာ ကြီးပွား တိုးတက်နေကြသောသူ၊ ဆုတ်ယုတ် ပျက်ပြားနေကြသော သူတို့ကို မည်သူ တစ်ဦးတစ်ယောက်က ဖန်ဆင်း ပြုလုပ်ပေးလို့သာ ဖြစ်ကြပါသလော။ သို့မဟုတ် မိမိတို့ပြုလုပ်ကြသော အကြောင်းကံတို့ကြောင့်သာ ဖြစ်ပါသလောဟု ဒိဋ္ဌလက်တွေ့ဉာဏ်တွေ့အားဖြင့် ကြပ်ကြပ်ကြီး စဉ်းစားထိုက်ကြသည် မဟုတ် ပါလော။

ဤသို့စဉ်းစားကြည့်ရန် အမေးအဖြေကား။

WWW.DHAMMARANSI.COM



**မေး။ ။ မျက်မှောက်ဘဝ၌ ကောင်းသော ကုသိုလ်အမှု အကြောင်းကံကို ပြုရာဝယ် ကောင်းသောအကျိုးရင်း, မကောင်းသောအကျိုးများကို ဖြစ်စေရာ၌ ဒိဋ္ဌလက်တွေ့သက်သေအရကို မည်သို့ သိရမည်နည်း။**

ဖြေ။ ။ အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ လက်တွေ့အရကို ပြုရမှု ပညာရှိ သူဌေးကြီးတို့က ကောင်းမြတ်သော စေတနာ စိတ်ထားနှင့် အမျိုးသားတို့ပါ ကြီးပွားလာအောင် သင်္ဘော. ရထား. ကား. လေယာဉ်ပျံ. အလုပ်စက်ရုံကြီး စသည်တို့ကို တည်ထောင် ပြုလုပ်ကာ ထိုအကျိုးနှစ်ပါးကို သိစေရာ၏။ သိစေပုံကား မဖြစ်ပေါ်သေးသော သင်္ဘော.ရထား.ကား.လေယာဉ်ပျံ.အလုပ်စက်ရုံကြီး စသည်တို့ကို ဖြစ်ပေါ်လာနိုင်အောင် အကြောင်းအကျိုး အကောင်းအဆိုးတို့ကို စိတ်သက်သက်ဖြင့် စေ့ဆော်ကြံစည်မှု ကောင်းသော မနောကံစု တို့ကြောင့်လည်းကောင်း၊ ထိုကြံစည်တိုင်း နှုတ်ဖြင့် ပြောဆိုစေခိုင်းမှု ကောင်းသော ဝစီကံစု တို့ကြောင့်လည်းကောင်း၊ ထိုကြံစည် ပြောဆိုတိုင်း ပစ္စည်းအကုန်အကျခံ၍ မဖြစ်. ဖြစ်အောင် ကိုယ်ဖြင့် စေ့ဆော်ပြုလုပ်မှု ကောင်းသော ကာယကံစု တို့ကြောင့်လည်းကောင်း၊ နောက်ဆုံးတစ်ရက်မှာ သင်္ဘော. ရထား. ကား. လေယာဉ်ပျံ. အလုပ်စက်ရုံကြီး စသည်တို့ ဖြစ်ပေါ်လာ၍ မိမိနှင့်တကွ အမျိုးသားတို့ပါ အစစ အကြောင်းညီညွတ် ပါသဖြင့် စည်းစိမ်ချမ်းသာအမျိုးမျိုး ကောင်းသောအကျိုးရင်း တို့ကိုသာ ခံစားကြရသူ တို့လည်း လောကကြီးအတွင်းမှာ သူ့ကံ အကြောင်းအကျိုးနှင့်သူ ထင်ရှားရှိကြသည်ကို သင်တို့ကိုယ်တွေ့ဒိဋ္ဌ သိရှိကြသည် မဟုတ်ကြပါလော။ တစ်နည်း။ ကောင်းသောစိတ်ထားဖြင့် ထိုသင်္ဘောစသည် တည်မှုနှင့် စပ်၍ အကြောင်း မညီညွတ်ဘဲ ချွတ်လွဲတိမ်းပါး ပျက်စီးခြင်းများသောကြောင့် ငွေကြေးကုန်ကြ မွဲတေကြ၍ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းများ၊ နိသန္ဒ အကျိုးဖျားတို့ကို ခံစားရသော သူတို့လည်း လောကကြီးအတွင်းမှာ သူ့ကံ အကြောင်းအကျိုးနှင့်သူ ထင်ရှားရှိကြသည်ကို သင်တို့ မျက်မြင်ဒိဋ္ဌ တွေ့ကြုံရ၍ သိရှိနေကြသည် မဟုတ်ပါလော။ ဤသို့သိရှိကြရာဝယ် ကောင်းသောအလုပ်ကို လုပ်၍ ကောင်းသောအကျိုးကို ရခြင်းသည် အကျိုးရင်း၊ ကောင်းသောအလုပ်ကို လုပ်သော်လည်း မကောင်းသော အကျိုးရခြင်းသည် အကျိုးဖျားတို့ဟု သိရှိကြကုန်ရာ၏။

WWW.DHAMMARANSI.COM



အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤပညာရှိသူဌေးကြီးတို့ ချမ်းသာရခြင်း. ဆင်းရဲရခြင်းတို့သည် မည်သူက ဖန်ဆင်းပေး၍ ဖြစ်ရသနည်းဟု မေးပြန်မူ။

ချမ်းသာရာ၌ မည်သူကမျှ မဖန်ဆင်းရဘဲ သဘော် စသည်တို့ ပြီးစီးအောင် ထိုပညာရှိ သူဌေးကြီးတို့က ကောင်းသောစိတ်ထားဖြင့် ကြံစည်မှု မနောကံ၊ နိုင်းစေမှု ဝစီကံ၊ ပြုလုပ်မှု ကာယကံ တို့ကြောင့်သာ ချမ်းသာလာ၏ ဟူ၍လည်း ကောင်း၊ ဆင်းရဲရာ၌လည်း မည်သူကမျှဆင်းရဲအောင် မဖန်ဆင်းရဘဲ ထိုသဘော် စသည် တည်လို့သာ အစစ ချွတ်ယွင်းပါ၍ ဆင်းရဲရ၏ ဟူ၍လည်းကောင်း၊ မျက်မှောက်ဒိဋ္ဌ တွေ့ကြုံရသဖြင့် ပြုလုပ်သောအမှုနှင့် ကံ၏ အကျိုးရင်း.အကျိုး ဖျား တို့ကို သူငယ်များပင် အသိဉာဏ်ဝင်၍ ထိုပြုလုပ်ပေးကြသောအမှုနှင့် ကံ၏ ဖန်ဆင်းချက်အရကို သိရှိဖြေဆိုကြ ပေလိမ့်သတည်း။

ဤသို့ ဖြေဆိုသည့်အတိုင်း ဟုတ်ပါပေသည် မှန်ပါပေသည်ဟု သင်တို့ ဧကန် ဝန်ခံရမည် မဟုတ်ပါလော။ ဤသို့ ဝန်ခံရမည့် ရှေ့ကပြခဲ့သည့် ပညာရှိ သူဌေးကြီးတို့၏ မူချအကျိုးရင်း. နိဿန္ဒအကျိုးဖျား တို့မှာ ပြုလုပ်သောကံက ဖန်ဆင်းပေးတာကို နမူနာစံမီ၍ ဤကမ္ဘာလောကကြီးအတွင်းမှာ ရှိရှိသမျှသော သတ္တဝါတို့၏ ကောင်းမြတ်သော စေတနာ စိတ်ထားနှင့် ကြီးပွားချမ်းသာ ကြအောင် ကိုယ်. နှုတ်. စိတ် တို့ဖြင့် ပြုလုပ်သမျှသော အသက်မွေးမှု စေတနာကံ အစုစုတို့ကြောင့် ချမ်းသာလာကြခြင်း အကျိုးရင်း တို့ကိုလည်း အခြားသူက မဖန်ဆင်းရ မိမိပြုလုပ်သော ကောင်းမှုကံကသာ ဖန်ဆင်းကြ၏ ဟူ၍ လည်းကောင်း၊ ထိုချမ်းသာအောင် စိတ်ကောင်းဖြင့် ပြုလုပ်ရာဝယ် မချမ်းသာဘဲ ဆင်းရဲလာပြား အကျိုးဖျား တို့၌လည်း အခြားသူက ဆင်းရဲအောင် မဖန်ဆင်းရ မိမိတို့ ပြုလုပ်သော ကံကသာ ချွတ်ယွင်းစွာ ဖန်ဆင်းကြ၏ ဟူ၍လည်းကောင်း၊ သူတစ်ပါးစကားကို အားထားယုံကြည်ခြင်းမရှိဘဲ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် လောက၌ပြုလုပ်နေကြသောကိုယ်အမှု.နှုတ်အမှု.စိတ်အမှုတို့၏ (ဝါ) ကာယကံ. ဝစီကံ. မနောကံတို့၏ ဖန်ဆင်းချက်ကို ကွက်ကွက်ကွင်းကွင်း တစ်လောကလုံး ထင်လင်းအောင် မကြာမကြာ အခါခါ ကြည့်ကြ သိကြပါလေ။

❖

WWW.DHAMMARANSI.COM



## နေရာတိုင်းတို့မှာ ထိုကုသိုလ်ကံ ဖြစ်နိုင်တာကို မေးဖြေပြရမူ။

**မေး။ ။ ရှေ့ကပြခဲ့သော စကားတို့မှာ ကောင်းသော စေတနာ စိတ်ထားနှင့် ပြုလုပ်သည် ဆိုသည်ကား ဘယ်လိုပြုလုပ်သည့် စိတ်စေတနာထားကို ဆိုလိုပါ သနည်း။**

ဖြေ။ ။ အတိုချုပ်အားဖြင့် ကုသိုလ်စိတ်ထားနှင့် ပြုလုပ်သည်ကို ဆို၏။ အကျယ် အားဖြင့် ပေါင်းသင်းပြုလုပ်လျက်ရှိသော သူတို့တွင် မိဘ စသည်တို့က ပြုသင့် ပြုထိုက်ကြသော (မိဘဝတ်ငါးပါး၊ သားသမီးဝတ်ငါးပါး၊ ဆရာ့ဝတ်ငါးပါး၊ တပည့် ဝတ်ငါးပါး၊ လင်ဝတ်ငါးပါး၊ မယားဝတ်ငါးပါး၊ အဆွေခင်ပွန်းဝတ်ငါးပါး၊ အရှင့်ဝတ် ငါးပါး၊ ကျွန်ဝတ်ငါးပါး၊ ရဟန်း, ပုဏ္ဏား, ရသေ့များတို့ ဝတ်ခြောက်ပါး၊ ဒါယကာတို့ ဝတ်ငါးပါး) ရှိသည်များကို မိမိဝတ်ကျေကုန်အောင် ရိုသေလေးစား စိတ်ကောင်း ထား၍ပြုလုပ်ဆောင်ရွက်ခြင်း တို့သည်လည်းကောင်း၊ ကောင်းသော(ဝါ)မှန်ကန် ရိုးသား ဖြောင့်မတ်သော ကုန်သွယ်လယ်လုပ်ခြင်း၊ ကူလီလက်သမား အစားစား သော အလုပ်ဟူသမျှ ပြုလုပ်ကြခြင်း တို့သည်လည်းကောင်း၊ ပေးကမ်းခြင်း ဒါန, စောင့်ရှောက်ခြင်း သီလ, ပွားများခြင်း ဘာဝနာ စသော သူတော်ကောင်းအလုပ်ကို အားထုတ်ခြင်း ဟူသမျှတို့သည်လည်းကောင်း၊ ကောင်းမြတ်သော စေတနာ စိတ်ထားဖြင့် (ဝါ) ကုသိုလ်စိတ်ထားဖြင့် ပြုလုပ်သည်မည်၏။ ဤသို့ ပြုလုပ် ကြသည့် စိတ်စေတနာထားကို ဆိုလိုပါသည်။

အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤကောင်းသော စေတနာ စိတ်ထားက မျက်မှောက် ကောင်းကျိုးများကို ရှေ့ကပြခဲ့သည့်အတိုင်း ဖန်ဆင်း ပေးစွမ်းနိုင်သည် တို့ကိုလည်းကောင်း၊ ချွတ်ချော်တိမ်းပါး မကောင်းသောအကျိုး များနှင့် တွေ့ကြုံ ရသည် တို့ကိုလည်းကောင်း၊ သင်တို့ ကိုယ်တွေ့ဒိဋ္ဌ သိရှိနေကြ သည် မဟုတ်ပါလော။

ဤသို့ သင်တို့ ကိုယ်တွေ့ ဉာဏ်မြင် အထင်အရှား သိပြီးသား ဖြစ်နေကြ သည်ကို တစ်စုံတစ်ယောက်သော တန်ခိုးရှိန်ဝါ ကြီးမားလှစွာသော နတ်.သိကြား တို့ ကောင်းကင်ကနေကြ၍ ပညာရှိသူဌေးကြီးများတို့နှင့်တကွ ဤလောကကြီး အတွင်းမှာ ရှိရှိသမျှသော သတ္တဝါတို့ကို တစ်နေ့တခြား တိုးတက်ကြီးပွား ချမ်းသာ

WWW.DHAMMARANSI.COM



လာအောင် လည်းကောင်း၊ တစ်နေ့ထက်တစ်နေ့ ဆုတ်ယုတ်ပျက်ပြား ဆင်းရဲသွားအောင် လည်းကောင်း၊ မည်သူမည်ဝါတို့က ဖန်ဆင်းပေးကြလို့သာ ဖြစ်ပေါ်လာကြသည်ဟု ပြောကြားလာစေကာမူ မျက်မှောက်ဒိဋ္ဌ ပြုလုပ်ပေးကြသော ကိုယ်အမှု. နှုတ်အမှု. စိတ်အမှု တို့က (ဝါ) ကာယကံ. ဝစီကံ. မနောကံ တို့က ဖန်ဆင်းပေးကြခြင်းတို့ကြောင့် ကြီးပွား ချမ်းသာလာရခြင်း. ဆင်းရဲသွားရခြင်း စသည်များကို မသိပြား၍လည်းကောင်း၊ လိမ်လည်လှည့်ဖြားလို၍လည်းကောင်း အမှားကိုသာ ပြောကြားလာသည်ဟု ပယ်ရှားပစ်ထိုက်သော အချက်ကြီးတို့ပေတည်း။

ဤချမ်းသာဆင်းရဲ ထိုနှစ်တွဲတို့ကို ကုသိုလ်ကံစွမ်းကောင်းကြီးက ဖန်ဆင်းပေးချက် ဆားမြည်းရန်နည်းအမြွက် ပြီး၏။

❖

## ၈။ ဖန်ဆင်းပေးတတ်သော အကုသိုလ်ကံ၏ အကျိုးရင်း အကျိုးဖျားတို့ ထင်ရှားဖြစ်ပုံကို မေးဖြေပြချက်။

မေး။ ။ ဤလောကကြီးအတွင်းရှိ သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ မကောင်းသော အကုသိုလ်အမှု အကြောင်းကံကို ပြုရာဝယ် အကျိုးရင်း.အကျိုးဖျားတို့ဖြစ်စေရာ၌ ဒိဋ္ဌလက်တွေ့သက်သေအရကို မည်သို့ သိရမည်နည်း။

ဖြေ။ ။ အို… ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ သင်တို့အား လက်တွေ့အရ ပြရမူ လူဆိုးကြီးက ယုတ်သောစိတ်ထားနှင့် သူတစ်ပါးတို့၏ ပစ္စည်းကို တိုက်ခိုက်ခိုးယူ လုယက်ကာ ထိုအကျိုးနှစ်ပါးကို သိစေရာ၏။ သိစေပုံကား။

သူတစ်ပါးတို့၏ ပစ္စည်းကို ခိုးယူလုယက် တိုက်ဖျက်နိုင်ကြအောင် ထိုအမှုအားလျော်စွာ အကြောင်းအကျိုး အကောင်းအဆိုး တို့ကို စိတ်ဖြင့် စေ့ဆော်ကြံစည်မှု မနောကံစု တို့ဖြင့်လည်းကောင်း၊ ထိုကြံစည်တိုင်း နှုတ်ဖြင့် စေ့ဆော်ပြောဆိုစေခိုင်းမှု ဝစီကံစု တို့ဖြင့်လည်းကောင်း၊ ထိုကြံစည် ပြောဆိုတိုင်း မိမိရော အခြားသူတို့ပါ သွားရောက်၍ ကိုယ်ဖြင့် ခိုးယူတိုက်ခိုက် လုယက်ဖျက်ဆီးမှု

WWW.DHAMMARANSI.COM



ကာယကံစုတို့ဖြင့်လည်းကောင်း ခိုးယူတိုက်ခိုက်မှုကို ပြုကြ၏။ ထိုသို့ပြုကြသော အခါ ပစ္စည်းရှင်တို့က ပြန်လှန်၍ ထိုးခုတ်ပစ်ခတ် သတ်ဖြတ် ညှဉ်းဆဲသဖြင့် ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း တည်းဟူသော ထိုမကောင်းမှုကံ၏ အကျိုးရင်း ဒုက္ခတွေ့ကြုံရသော သူတို့ကိုလည်းကောင်း၊ ဖမ်းဆီးချုပ်နှောင် ထောင်တန်းချခြင်း, တရားစွဲခြင်း တို့ကို ခံရ၍ ငွေကြေးကုန်ကျ မွဲတေရခြင်း, ထိုမကောင်းမှုကံ၏ အကျိုးရင်း ဒုက္ခတွေ့ကြုံ ရသော သူတို့ကိုလည်းကောင်း၊ ဤလောကကြီးအတွင်းမှာ သူ့ကံ အကြောင်းအကျိုးနှင့်သူ ထင်ရှားရှိကြသည်ကို မျက်မြင်ဒိဋ္ဌ တွေ့ကြုံရ၍ မကောင်းမှုကံ၏အကျိုးရင်းကို သင်တို့ ကိုယ်တွေ့ဒိဋ္ဌ သိရှိနေကြသည် မဟုတ်ကြပါလော။

(တစ်နည်း) ထိုလူဆိုးကြီးတို့ မကောင်းသော ကြံစည် ပြောဆို ကိုယ်ဖြင့် ခိုးယူ တိုက်ခိုက် လုယက်ခြင်းအမှုကိုပြု၍ ဘေးရန်ကင်းကွာ ဥစ္စာပစ္စည်းတွေ မြောက်များစွာ ရကြပြီးလျှင် စည်းစိမ်အမျိုးမျိုး ကောင်းသောအကျိုးဖျား ချမ်းသာ များကို ခံစားကြရသူတို့လည်း ဤလောကကြီးအတွင်းမှာ သူ့ကံ အကြောင်း အကျိုးနှင့်သူ ထင်ရှားရှိနေကြသည်ကို သင်တို့ မျက်မြင်ဒိဋ္ဌ တွေ့ကြုံရ၍ သိရှိနေ ကြသည် မဟုတ်ပါလော။ ဤသို့ သိကြရာဝယ် မကောင်းသောအလုပ်ကို လုပ်၍ မကောင်းသောအကျိုးကို ခံစားရသည်ကား အကျိုးရင်းတည်း။ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော မကောင်းသောအလုပ်ကို လုပ်ပါသော်လည်း ဘေးရန်ကင်းကာ စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့ကို ခံစားရသည်ကား အကျိုးဖျား တည်းဟု အကျိုးရင်း, အကျိုးဖျားကို သိရှိကြကုန်ရာ၏။

အို...ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤလူဆိုးကြီးတို့ ဆင်းရဲရခြင်း, ချမ်းသာရခြင်း တို့သည် မည်သူက ဖန်ဆင်းပေးကြ၍ ဖြစ်ရသနည်းဟု မေးပြန်မူ။

ထိုလူဆိုးကြီးတို့ ဆင်းရဲရာ၌ မည်သူကမျှ မဖန်ဆင်းရဘဲ ထိုလူဆိုးကြီး တို့ကပင် ခိုးယူတိုက်ခိုက် လုယက်ခြင်းဖြစ်ပွားအောင် ကြံစည်မှု မနောကံ, ပြောဆို စေခိုင်းမှု ဝစီကံ, တိုက်ခိုက်ခိုးယူ လုယက်မှု ကာယကံ တို့ကြောင့်သာ ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း, ဒုက္ခတွေ့ကြုံခံနေကြရ၏ ဟူ၍လည်းကောင်း၊ ထိုလူဆိုးကြီးမှာ ချမ်းသာရာ၌လည်း မည်သူကမျှ မဖန်ဆင်းရဘဲ ထိုလူဆိုးကြီးတို့ ကပင် မကောင်းသောကံအစုတို့ဖြင့် ခိုးယူတိုက်ခိုက်ကြသောကြောင့် အကြောင်း

WWW.DHAMMARANSI.COM



ညီညွတ်စွာ ချမ်းသာလာရ၏ဟူ၍လည်းကောင်း၊ မျက်မြင်ဒိဋ္ဌ တွေ့ကြုံကြရသဖြင့် ပြုလုပ်သော ဘေးရန် လွတ်ကင်းအောင် အမှုနှင့် ကံ၏အကျိုးရင်း, အကျိုးဖျား တို့ကို သူငယ်များပင် အသိဉာဏ်ဝင်၍ ထိုပြုပြင်ပေးကြသော အမှုနှင့် ကံ၏ ဖန်ဆင်းချက်အရကို သိရှိ ဖြေဆိုကြပေလိမ့်သတည်း။

ဤသို့ ဖြေဆိုသည့်အတိုင်း ဟုတ်ပါပေသည် မှန်ပါပေသည်ဟု သင်တို့ ကေန် ဝန်ခံရမည် မဟုတ်ပါလော။ ဤသို့ ဝန်ခံရမည့် ရှေ့ကပြခဲ့သည့် လူဆိုးကြီးတို့၏ မုချ အကျိုးရင်း, နိဿန္ဒ အကျိုးဖျား တို့မှာ ပြုလုပ်သောကံကသာ ဖန်ဆင်းပေးတာကို နမူနာစံမီ၍ ဤလောကကြီးအတွင်းမှာ ရှိရှိသမျှသော သတ္တဝါတို့၏ သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း စသော ဒုစရိုက်(၁၀)ပါး ယုတ်မာသော စေတနာ စိတ်ထားနှင့် မတရားသော ကိုယ်,နှုတ်,စိတ်တို့ဖြင့် ပြုလုပ်သမျှသော အသက်မွေးမှု စသည်တို့၌ ဆင်းရဲဒုက္ခ တွေ့ကြုံရခြင်း အကျိုးရင်းတို့ကိုလည်း အခြားသူက မဖန်ဆင်းရ မိမိတို့ပြုလုပ်သော မကောင်းမှု ကံကသာ ဖန်ဆင်းကြ၏ ဟူ၍လည်းကောင်း၊ ထိုမကောင်းသော စိတ်ထားနှင့် ပြုလုပ်ကြသော်လည်း ချမ်းသာလာငြား အကျိုးဖျားတို့၌လည်း အခြားသူက ချမ်းသာအောင် မဖန်ဆင်းရ မိမိတို့ ပြုလုပ်သောကံသာ ဖန်ဆင်းကြ၏ ဟူ၍ လည်းကောင်း သူတစ်ပါးစကားကို အားထားယုံကြည်ခြင်းမရှိဘဲ ကိုယ်ပိုင်ဉာဏ် နှင့်ကိုယ်တိုင် လောက၌ပြုလုပ်ကြသော ကိုယ်အမှု,နှုတ်အမှု,စိတ်အမှုတို့၏ (ဝါ) ကာယကံ, ဝစီကံ, မနောကံ တို့၏ ဖန်ဆင်းချက်ကို ကွက်ကွက် ကွင်းကွင်း တစ်လောကလုံး ထင်လင်းအောင် မကြာမကြာ အခါခါ ကြည့်ကြ သိကြပါလေ။

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ နေရာတိုင်းတို့မှာ အကုသိုလ်က ဖြစ်နိုင်တာကို သင်တို့သိထိုက်သည် မဟုတ်ပါလော။ သိရပုံကို မေးဖြေပြရမူ။

မေး။ ။ ရှေ့ကပြခဲ့သော စကားတို့မှာ ယုတ်မာသော စေတနာ စိတ်ထားနှင့် မတရားသော ကိုယ်, နှုတ်, စိတ် တို့ဖြင့် ပြုလုပ် အသက်မွေးသည် ဆိုသည်ကား ဘယ်လိုပြုလုပ်သည့်စိတ်စေတနာကို ဆိုလိုပါသနည်း။

ဖြေ။ ။ အတိုချုပ်အားဖြင့် လောဘ,ဒေါသ,မောဟ စသော အကုသိုလ်စိတ်ထား နှင့် ပြုသမျှကို ဆိုလို၏။ အကျယ်အားဖြင့် မိမိတို့နှင့် ပေါင်းသင်း ပြုလုပ်လျက်

WWW.DHAMMARANSI.COM



ရှိသော သူတို့တွင် မိဘစသည်တို့က ပြုသင့်ပြုထိုက်ကြသော မိဘဝတ်ငါးပါး၊ သားသမီးဝတ်ငါးပါး စသည်များကို မိမိတို့ ဝတ်ကျေကုန်အောင် မပြုလုပ်ခြား ခွကန့်လန့်သမား တို့သည်လည်းကောင်း၊ မကောင်းသော (ဝါ) ယုတ်မာသော စိတ်ထားဖြင့် နပ်ပါး လိမ်လည် ကောက်ကျစ်ခြင်း စသော ကုန်သွယ် လယ်လုပ်ခြင်း, ကူလီ, လက်သမား အစားစားသော အလုပ်ဟူသမျှ ပြုလုပ်ကြခြင်း တို့သည်လည်းကောင်း၊ သူတစ်ပါးအသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူ လုယက် ဖျက်ဆီးခြင်း စသည် များပြား မကောင်းသော လူယုတ်မာတို့ အလုပ်ကို ပြုလုပ်အားထုတ်ခြင်း တို့သည် လည်းကောင်း၊ မကောင်းစုတ်ချာ ယုတ်မာသော စေတနာစိတ်ထားဖြင့် (ဝါ) အကုသိုလ်စိတ်ထားဖြင့် ပြုလုပ်သည် မည်၏။ ဤသို့ ပြုလုပ်ကြသည့် စိတ် စေတနာထားကို ဆိုလိုပါသည်။

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤမကောင်းသော စေတနာစိတ်ထားက မျက်မှောက် မကောင်းကျိုးများကို ရှေ့ကပြခဲ့သည့်အတိုင်း ဖန်ဆင်းပေးစွမ်းနိုင်သည် တို့ကိုလည်းကောင်း၊ မကောင်းမှုကိုပြုလုပ်သော်လည်း ဘေးရန်ကင်းကွာ မြောက်များစွာသော စည်းစိမ်ဥစ္စာတို့ကို ရ၍ မျက်မှောက် ချမ်းသာတို့ကို ခံစားရခြား အကျိုးများကိုပါ တွေ့ကြုံရသည်ကိုလည်းကောင်း၊ သင်တို့ကိုယ်တွေ့ ဒိဋ္ဌ သိရှိနေကြသည် မဟုတ်ပါလော။ ဤသို့ သင်တို့ ကိုယ်တွေ့ ဉာဏ်မြင် အထင်အရှားသိပြီးသား ဖြစ်နေကြသည်ကို တစ်စုံတစ်ယောက်သော တန်ခိုးရှိန်ဝါကြီးမားလှစွာသော နတ်,သိကြားတို့ ကောင်းကင်ကနေကြ၍ ထိုလူဆိုးကြီးတို့နှင့်တကွ ဤလောကကြီးအတွင်းမှာ ရှိရှိသမျှသော သတ္တဝါတို့ကို တစ်နေ့တခြား ဆုတ်ယုတ် ပျက်ပြား ဆင်းရဲသွားအောင်လည်းကောင်း၊ တစ်နေ့ထက်တစ်နေ့ တိုးတက်ကြီးပွား ချမ်းသာလာအောင်လည်းကောင်း မည်သူမည်ဝါတို့က ဖန်ဆင်းပေးကြလို့သာဖြစ်ပေါ်လာသည်ဟု ပြောကြားလာစေကာမူ မျက်မှောက်ဒိဋ္ဌ ရှိင်းပျကျူးလွန်နေကြသော ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုတို့က (ဝါ) ကာယကံ, ဝစီကံ, မနောကံတို့က ဖန်ဆင်းပေးကြခြင်း တို့ကြောင့် ဆင်းရဲကြရခြင်း, ကြီးပွားချမ်းသာလာရခြင်း စသည်များကို မသိခြား၍လည်းကောင်း၊ လိမ်လည်လှည့်ဖြားလို၍လည်းကောင်း၊ အမှားကိုသာ ပြောကြားလာသည်ဟု ပယ်ရှားပစ်ထိုက်သော အချက်ကြီးတို့တည်း။

WWW.DHAMMARANSI.COM



ဤကား ဆင်းရဲချမ်းသာ ထိုနှစ်ဖြာတို့ကို အကုသိုလ်ကံ ဓာတ်စွမ်းကြီးက ဖန်ဆင်းပေးချက် ဆားမြည်းရန်နည်းအမြွက် ပြီး၏။

❖

## ၉။ ယခုဘဝကံတို့က နိယာမအကျိုးနှင့် ပဋိသန္ဓေပဝတ္တိ အကျိုးပေးပုံကို ပြချက်။

အို… ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ နိသန္ဒအကျိုးများကို ပဋ္ဌာန်းတရားမှ ဟောပြချက်အရ သင်တို့ သိထိုက်ကြသည် မဟုတ်ပါလော။

## သိရပုံကို မေးဖြေပြရမှု

မေး။ ။ ကုသိုလ်ကံက ကောင်းသောအကျိုး.အကုသိုလ်ကံက မကောင်းသော အကျိုးရင်း တို့ကို ဖန်ဆင်းပြုလုပ်ပေးနိုင်သည်ဆိုက ကျေနပ်လှပါ၏။ ကုသိုလ်ကံက မကောင်းသော ဒုက္ခဝေဒနာများ ဖန်ဆင်းပေးသည်၊ အကုသိုလ်ကံက ကောင်းသောသုခများအကျိုးများကိုလည်း ဖန်ဆင်းပေးသည်ဟု ပြောကြားချက်များ မကျေနပ်ပြား၍ ပဋ္ဌာန်းတရားမှာ တိုက်ရိုက် ဟောကြားတာများ ရှိပါရဲ့လား။

ဖြေ။ ။ ရှိပါ၏။ ကုသိုလ်၌ရှိပုံကား။

သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ၊ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ၊ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဟု တိုက်ရိုက် ရှိတော်မူ၏။

အဓိပ္ပာယ်ကား။ ကုသိုလ် ပြုလုပ်သော အခါတို့မှာ ဖြစ်ကြသည့် တပ်နှစ်သက်ခြင်း ရာဂ. ပြစ်မှားခြင်း ဒေါသ. တွေဝေခြင်း မောဟ. အယူလွဲမှားခြင်း ဒိဋ္ဌိ. လိုအပ်သောဆုကို တောင့်တခြင်း ပတ္ထနာ တို့ကြောင့် ကိုယ်၏ဆင်းရဲခြင်း အကျိုးရင်းလည်း ဖြစ်ကြ၏။ ကိုယ်၏ချမ်းသာခြင်း အကျိုးဖျားလည်း ဖြစ်ကြ၏။ ထို့ထက်မက ဖလသမာပတ်ကိုတောင် အကျိုးဖျားအနေအားဖြင့် သိနိုင်စေ၏ဟု ဆိုလိုသည်။

WWW.DHAMMARANSI.COM



အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ယခုဘဝ ပြုလုပ်သည့် ကံတို့က ဖြစ်လတ္တံ့ဘဝ၌ အကျိုးအမျိုးမျိုးတို့ကို ဖြစ်စေကြသည်ကို သင်တို့ သိထိုက်သည် မဟုတ်ကြပါလော။

## သိရပုံကို မေးဖြေပြရမှု

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ မျက်မှောက်ဘဝ ပြုလုပ်ကြသည့် ကြီးကျယ်ခမ်းနားလှသော ကိုယ်အမှု့နှုတ်အမှု့စိတ်အမှု တည်းဟူသော ကုသိုလ်ကံစုတို့က မျက်မှောက်ဘဝ၌ စည်းစိမ်ချမ်းသာအမျိုးမျိုး ကောင်းကျိုးတို့ကို ဖန်ဆင်း ပေးစွမ်းနိုင်သည်ကို သင်တို့ နှိုင်းဆ၍ သိထိုက်ကြသည် မဟုတ်ပါလော။

တစ်နည်း။ ယခုမျက်မှောက်ဘဝ ပြုလုပ်ကြသည့် ကြီးကျယ်မိုက်ဖြား လွန်ကျူးထားကြသော ကိုယ်အမှု့နှုတ်အမှု့စိတ်အမှု တည်းဟူသော အကုသိုလ်ကံအစုတို့က မျက်မှောက်ဘဝ၌ ဆင်းရဲဒုက္ခအမျိုးမျိုး မကောင်းကျိုးတို့ကို ဖန်ဆင်း ပေးစွမ်းနိုင်သလို အခြားမဲ့ဘဝ နောက်ကာလ၌လည်း မကောင်းသောအကျိုးအမျိုးမျိုးတို့ကို ဖန်ဆင်း ပေးစွမ်းနိုင်တာကို သင်တို့ နှိုင်းဆ၍ သိထိုက်ကြသည် မဟုတ်ပါလော။ ဤသို့ နှိုင်းဆ၍ သိနိုင်ကြရန် ထုတ်ပြန် မေးဖြေ၍ ပြရပုံကား။

**မေး။ ။ အခြားမဲ့ နောက်ဘဝအခါတို့၌ ကောင်းသောကံ ကောင်းသော အကျိုးရင်း, မကောင်းသောကံ မကောင်းသောအကျိုးရင်းကိုသာ ဖြစ်စေနိုင် ဖန်ဆင်းပေးနိုင်၏ဟု ရေးကပြခဲ့ရာ၌ သာမညအကျိုး တစ်မျိုးတည်းကိုသာ ဖန်ဆင်းပေးနိုင်ပါသလား။**

ဖြေ။ ။ ရှေ့ကပြခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံတို့က သာမညအကျိုး တစ်မျိုးတည်း ဖြစ်ပေါ်လာအောင် ဖန်ဆင်းပေးနိုင်သည်မဟုတ်။ ရှေ့ဘဝက ပြုခဲ့ကြသော ကောင်းမှုကုသိုလ် ပထမတန်း ဒုတိယတန်း စသည် ဘဝသစ် အစားစား ဖြစ်ပေါ် လာရခြင်း ပဋိသန္ဓေ အကျိုးရင်း တို့ကိုလည်း ဖြစ်စေသော အားဖြင့် ဖန်ဆင်းပေး၏။ ထိုပဋိသန္ဓေ ဖြစ်ပြီးသည့်နောက် ဤသုဂတိ တစ်ဘဝ လုံးလုံးအတွင်း နောက်အခြား သုဂတိ ဒုဂ္ဂတိဘဝအတွင်းတို့၌ ဖြစ်ဆဲဘဝမှာ ရလောက်အောင် ကာယကံမှု့ ဝစီကံမှု့ မနောကံမှုတို့ဖြင့် အားမထုတ်ရဘဲ

WWW.DHAMMARANSI.COM



ရှေးဘဝက ပြုခဲ့ကြသော ကောင်းသောကံ အစားစား တို့ကြောင့် မိဘဆွေမျိုးတို့ ထံမှလည်းကောင်း၊ တစ်ပါးသူတို့ ထံမှလည်းကောင်း အလိုလိုရရှိလာသော စည်းစိမ်ချမ်းသာ အမျိုးမျိုး အစားစားတို့သည် ဖြစ်ပေါ်လာကုန်၏။ (ဝါ) ရှေ့ကံဟောင်းက ဖြစ်ပေါ်ရရှိလာရအောင် ဖန်ဆင်းပေးကြ၏။ မိမိတို့ကိုယ်တိုင် ကုန်သွယ်လယ်လုပ်ခြင်းစသည့်အမှုတစ်ခုခုကိုအားထုတ်ပြုလုပ်ရာ၌ပစ္စုပ္ပန်က အကြောင်းတို့မိမိရော သူတစ်ပါးတို့ပါအစစ ချို့တဲ့နေကြပါသော်လည်းမိမိမှာသာ ကုန်သွယ်သည့်ဘက်က အဖိုးချောင်ဝယ်ရ၍ ဈေးကောင်းရောင်းရခြင်း၊ လယ်လုပ်သည့်ဘက်က သာမညလုပ်ကြသော်လည်း အသီးအနှံကောင်း၍ အကြောင်းညီညွတ်ခြင်းစသည်ဖြစ်ရ၏။ ရာထူးဌာနန္တရအဆင့်ဆင့်က ရှင်ဘုရင် တိုင်အောင် ဖြစ်ကြရာတို့၌ အားမထုတ်ရသော်လည်း ချီးမြှောက် မစသူတို့ အလိုလို ဖြစ်ပေါ်လာသဖြင့် မဖြစ်နိုင်,မရနိုင်ဘူးဟု ထင်မြင်ရသော ရာထူးဌာနန္တရ အဆင့်ဆင့်က ရှင်ဘုရင်ကျအောင် အလိုလိုဖြစ်ပေါ်ရရှိလာရခြင်း ပဝတ္တိအကျိုး အမျိုးမျိုး တို့သည်လည်း ဤဘဝပြုလုပ်ကြသည့် ကိုယ်အမှု, နှုတ်အမှု, စိတ်အမှု ကုသိုလ်ကံစုတို့ကြောင့် မဟုတ်ဘဲ ရှေးက ကုသိုလ်ကံဟောင်းက ဖြစ်ပေါ် ရရှိအောင်ဖန်ဆင်းပေးကြ၏ဟု သင်တို့ နှိုင်းဆ၍ သိထိုက်သည် မဟုတ်ပါလော။

ဤကား ရှေးဘဝ ကောင်းမှုကုသိုလ်ကံက ကောင်းသော ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး အမျိုးမျိုးတို့ကို ဖြစ်ပေါ်လာအောင် ဖန်ဆင်းပေးချက် ဆားမြည်းရန် နည်းအမြွက်ပြီး၏။

**မေး။ ။ ရှေ့ဘဝကပြုခဲ့သော မကောင်းမှု အကုသိုလ်ကံတို့က မကောင်းသော ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး အမျိုးမျိုးတို့ကို ဖြစ်ပေါ်လာအောင် ဘယ်လို ဖန်ဆင်းပေး ပါသနည်း။**

ဖြေ။ ။ ရှေ့ဘဝက ပြုခဲ့ကြသည့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော မကောင်းမှု အကုသိုလ်ကံ ပဌမတန်း ဒုတိယတန်း အစားစား တို့ကြောင့် မကောင်းသော ငရဲ, တိရစ္ဆာန် စသော ဘဝသစ် အဆိုးအမျိုးမျိုးတို့ ဖြစ်လာရခြင်း ပဋိသန္ဓေအကျိုးရင်း တို့ကိုလည်း ဖြစ်စေသောအားဖြင့် ဖန်ဆင်းပေး၏။ ထို ပဋိသန္ဓေ ဖြစ်ပြီးသည့်နောက် ဤအပါယ် တစ်ဘဝလုံးလုံးအတွင်း နောက် အခြား ဒုဂ္ဂတိ,သုဂတိဘဝ အတွင်းတို့၌လည်းဖြစ်ဆဲဘဝမှာရလောက်အောင် ကာယကံ

WWW.DHAMMARANSI.COM



မှု. ဝစီကံမှု. မနောကံမှုတို့ဖြင့် အားထုတ်ပါသော်လည်း မိဘဆွေမျိုး တို့ထံမှလည်းကောင်း၊ သူတစ်ပါးတို့၏ ထံမှလည်းကောင်း၊ ရသင့်ရထိုက်လှသော ဝတ္ထုပစ္စည်းတို့ကို ရှေ့ဘဝက ပြုခဲ့ကြသော မကောင်းမှုကံကြောင့် မရရှိကြဘဲ မွဲတေဆင်းရဲလျက် ရှိကြရ၏။ မိမိကိုယ်တိုင် ကုန်သွယ်လယ်လုပ်ခြင်း စသည်အမှုတစ်ခုခုကိုအားထုတ်ပြုလုပ်ရာ၌ ပစ္စုပ္ပန်ကံအကြောင်းတို့ မိမိရော သူတစ်ပါးတို့ပါ အစစ မချို့တဲ့ကြအောင် ပြုလုပ်အားထုတ်ကြရာဝယ် မိမိမှာသာ ကုန်သွယ်သည့်ဘက်က အဖိုးကြီးပေးဝယ်ရ၍ အဖိုးငယ်နှင့်သာ ရောင်းချရခြင်း စသည် ချို့တဲ့ခြင်း ဖြစ်ကြရ၏။ လယ်ယာလုပ်သည့်ဘက်က အထူးဝိသေသ လုပ်ကြ၍ အပင်ပင်ကောင်းသော်လည်း အသီးအနှံတုံး၍ အကုန်လုံး ညှံ့ဖျင်း ချို့တဲ့ခြင်း စသည်များ ဖြစ်ရ၏။ ရာထူးဌာနန္တရဘက်က ရလောက်အောင် ပညာသင်ခြင်း အရည်အချင်းတို့နှင့် ပြည့်စုံရန် အားထုတ်ပါသော်လည်း ဓိုးမြှောက် မစသူနှင့်တကွ အစစတို့က ချွတ်ယွင်းကြ၍ ကောန်မှုချ ရလောက်သော ရာထူးဌာနန္တရ အဆင့်ဆင့်က ရင်ဘုရင်ကျအောင် ရနိုင်သည်တို့ကို အလိုလို ပျက်ကွက် ချွတ်လွဲ မရဘဲ ရှိရခြင်း တည်းဟူသော ပဝတ္တိအကျိုး အမျိုးမျိုးတို့ ဤဘဝ ပြုလုပ်ကြသည့် မကောင်းတဲ့အမှု အကုသိုလ်ကံစုကြောင့် မဟုတ်ကြဘဲ ရှေ့ဘဝက မိုက်မှားပြုလုပ်ခဲ့ကြသော အကုသိုလ်ကံဟောင်းကြောင့်သာ ဖြစ်ပေါ်လာရ၏ (ဝါ) ရှေးအကုသိုလ်ကံဟောင်းက မကောင်းတာဟူသမျှတို့ ဖြစ်ပေါ်ရရှိအောင် ဖန်ဆင်းပေးကြ၏ဟု သင်တို့ နှိုင်းဆ၍ သိထိုက်သည် မဟုတ်ပါလော။

ဤရှေးဘဝ မကောင်းမှု အကုသိုလ်က မကောင်းသော ပဋိသန္ဓေအကျိုး. ပဝတ္တိအကျိုး အမျိုးမျိုးတို့ကို ဖြစ်ပေါ်လာအောင် ဖန်ဆင်းပေးချက် ဆားမြည်းရန်နည်း အမြွက်ပါတည်း။

❖

## ၁၀။ ပဋိသန္ဓေနှင့် ကံအကျိုးတို့ ဖြစ်ပုံကို ပြချက်။

**မေး။** ။သတ္တဝါတို့ ဘဝသစ်အစ ဖြစ်ပေါ်လာရသည့် ပဋိသန္ဓေ ဆိုသည်ကား တစ်မျိုး တစ်စားတည်းပါလား။

WWW.DHAMMARANSI.COM



ဖြေ။ ။ တစ်မျိုးတစ်စားတည်းမဟုတ် ၁၅နှစ်၊ ၁၆နှစ် အရွယ်ရှိ အကောင်အထည်ကြီး တစ်ခါတည်း ပြုန်းခနဲ ဖြစ်ပေါ်လာသော ဥပပါတ်ပဋိသန္ဓေ တစ်မျိုး၊ အပုပ်နံ့ အမွှေးနံ့ ရှိရာ အရပ်ဌာနတို့၌ သေးငယ်သော အကောင်အထည်. အရွယ်အစားစားကစ၍ ကြီးပွားလာသော သံသေဒဇပဋိသန္ဓေတစ်မျိုး၊ အဥ၌ ပဋိသန္ဓေနေသော အဏ္ဍဇ ပဋိသန္ဓေတစ်မျိုး၊ သားအိမ်၌ ပဋိသန္ဓေ နေကြသော ဇလာဗုဇပဋိသန္ဓေတစ်မျိုးအားဖြင့် လေးမျိုးလေးစား ရှိကြ၏။ ဤအဏ္ဍဇနှင့် ဇလာဗုဇ နှစ်မျိုးတို့ကို အမိဝမ်း၌ ပဋိသန္ဓေ နေကြသောကြောင့် ဂဗ္ဘသေယျက ပဋိသန္ဓေ ဟူ၍လည်း ခေါ်ဆိုကြ၏။ ဤလေးမျိုးတို့တွင် ရှေ့ဘဝက ဖန်ဆင်း ပေးတတ်ကြသော ကံဟောင်း စသည်တို့နှင့် အဆင်သင့်ရာ ဘဝတစ်ပါးက သေကြသော သတ္တဝါတို့ ဘဝသစ်၌ ပဋိသန္ဓေ အမျိုးမျိုး တို့ဖြင့် ဖြစ်ကြရ၏။

❖

**မေး။ ။ ဤလေးမျိုးလုံးတို့အကောင်အထည်အပြည့်အစုံ တစ်ခါတည်းဖြစ်ကြသလော။**

ဖြေ။ ။ ဥပပါတ်နှင့် သံသေဒဇနှစ်မျိုးတို့သာ အပြည့်အစုံ ဖြစ်ကြ၏။ အဏ္ဍဇနှင့် ဇလာဗုဇဖြစ်သော ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့ကား အပြည့်အစုံ မဖြစ်ကြ။ အသေးငယ်ဆုံးဖြစ်သော ရုပ်နာမ်နှစ်ပါးတို့ တစ်ပြိုင်နက် ဥအတွင်း သားအိမ်အတွင်း၌ ဖြစ်ကြပြီးနောက် တဖြည်းဖြည်း အင်္ဂါကြီးငယ် အသွယ်သွယ်တို့ ဖြစ်ပေါ်လာရ ပေသည်။

**မေး။ ။ အမိဝမ်း၌ပဋိသန္ဓေနေကြသော သတ္တဝါတို့သည် အကြောင်းကင်းကာ ဖြစ်ချင်ရာ ဖြစ်ကြပါသလော။**

ဖြေ။ ။ အကြောင်းကင်း၍ မဖြစ်နိုင် အကြောင်းသုံးပါးနှင့် ပြည့်စုံမှသာလျှင် ဖြစ်နိုင်၏။ အကြောင်းသုံးပါး ဟူသည်ကား။

၁။ ရှေ့ဘဝက ကောင်းမြတ် ယဉ်ကျေးကြ၍ ကောင်းသော လူ. နတ် စသည် ဘဝသစ်၌ ဖြစ်ရန် ကောင်းမှုကုသိုလ်ကံများ အစားစားတို့ ရှိကြပြီးမှ သေသည်လည်းဖြစ်စေ။

၂။ ဘဝသစ်၌ဖြစ်ရန် အမိက ဥတုလာပြီးမှ ၇ ရက်အတွင်းလည်း ဖြစ်စေ (သို့မဟုတ်) ၁၅ ရက်အတွင်းလည်း ဖြစ်စေ။

WWW.DHAMMARANSI.COM



၃။ ထို ၇ ရက်အတွင်းမှာ (သို့မဟုတ်) ၁၅ ရက်အတွင်းမှာ မိဘနှစ်ပါးတို့ သုက်ရှိသည်လည်းဖြစ်စေ။ ဤအင်္ဂါသုံးပါးနှင့်ညီမှ ဂဗ္ဘသေယျက လူ့ နတ်တို့ ဖြစ်နိုင်ကြ၏။ တိရစ္ဆာန် စသည်တို့မှာကား ထိုက်သလို ပဋိသန္ဓေ ဖြစ်ကြရ၏။ ဤ အင်္ဂါသုံးပါးအရကို ယခုကာလ ပညာရှိကြသူတို့ လူတို့၌ ပဋိသန္ဓေနေသည်ကို များများကြီး စဉ်းစားကြည့်ရပုံကား ဥတုလာပြီးသည်မှ ၇ရက် (သို့မဟုတ်) ၁၅ရက် အတွင်းမှာ မိဘတို့သုက်မရှိကလည်း ပဋိသန္ဓေ မရနိုင်ကြသည်ကို တွေ့ရှိ၍လည်း သိရ၏။ ထိုဥတုလာပြီးမှ ၇ ရက် (သို့မဟုတ်) ၁၅ ရက်အတွင်းမှာ မိဘနှစ်ပါးတို့ သုက်ရှိတိုင်းလည်း ပဋိသန္ဓေ မနေနိုင်ကြသည်ကို တွေ့ရှိ၍လည်း သိရ၏။ အကြောင်းမူကား ရှေ့အင်္ဂါ အကြောင်းနှစ်ပါးနှင့် ပြည့်စုံသော်လည်း ထိုမိဘ၌ ပဋိသန္ဓေနေရန် ကံရှိသူတို့ အတိတ်ဘဝက ထိုကာလ၌ သေကြသူတို့နှင့် မတိုက် ဆိုင်ကြသောကြောင့်တည်း။ အကယ်၍ တစ်ပါးသူက မိမိသဘောရှိရာ ဖန်ဆင်း ချင်တိုင်း ဖန်ဆင်းလို့ ဖြစ်ပါမူ အပျိုမရောင် အရွယ်ရှိသူတိုင်းတို့ မွေးဖွားကြမည် သာမက အလှအချော သဘောပညာ ပြည့်စုံယဉ်ကျေးစွာသော လူ တိရစ္ဆာန် စသည်တို့ကိုသာ ဖန်ဆင်းကြကုန်ရာ၏။ ဤသို့လည်း အမိ၌ ဖြစ်ကြသူတို့ကို တစ်ပါးသူက ဖန်ဆင်းခြင်တိုင်း ဖန်ဆင်းလို့ မဖြစ်နိုင်ကြဘဲ ရှေ့ကပြခဲ့သော အကြောင်း ၃ပါးနှင့် ညီညွတ်မှသာ ဖြစ်စေသော ကံအားလျော်စွာ ဖြစ်နိုင်ကြသည် တို့ကို ပညာရှိအများတို့ ကြပ်ကြပ်ကြီး စဉ်းစား၍ ကြည့်ထိုက် သိထိုက်ကြလှ၏။ ကောင်းသော သုဂတိဘဝ၌ ဖြစ်နိုင်ခဲကြသောကြောင့် ဤသို့ ကောင်းမှု အကြောင်းကံ တူသူတို့ အများဆုံး ၅မွှာပူးတို့ မွေးနိုင်ကြသည်ဟု သတင်းစာများ၌ ကြားဖူး၏။ ထိုမှတစ်ပါး မကောင်းသော တိရစ္ဆာန်ဘဝ စသည် တို့၌ကား ရှေ့က ပြခဲ့သည့် အင်္ဂါအတိုင်း မယူဆဘဲ ထိုက်သည် အားလျော်စွာ ဘဝသစ်၌ လွယ်ကူစွာ ပဋိသန္ဓေ နေကြရဝယ် မကောင်းမှု အကြောင်းကံ တူသူ များပြားလှ သောကြောင့် ခွေး, ဝက် စသည် တို့၌လည်းကောင်း၊ ကြက်, ဘဲ, ငါး, လိပ် စသည် တို့၌လည်းကောင်း၊ တိရစ္ဆာန် သတ္တဝါ မြောက်များစွာတို့ ဘဝသစ် ပဋိသန္ဓေ တစ်ပြိုင်နက် နေကြ မွေးဖွားကြသည်တို့ကို တွေ့မြင်ကြရသည်၌ ရှေ့ကပြခဲ့သည့် အတိုင်း မိဘနှစ်ပါး စသည်များတို့ အကြောင်းကံ ကင်းကြ၍ မဖြစ်နိုင်ကြသည်ကို ပညာရှိအများတို့ ကြပ်ကြပ်ကြီး စဉ်းစား၍ ကြည့်ထိုက် သိထိုက်ကြလှ၏။

WWW.DHAMMARANSI.COM



ဤကား အတိတ်ဘဝ ကောင်းမှုကံဟောင်းက ယခု ပစ္စုပ္ပန် ကောင်းသော ပဋိသန္ဓေဘဝကို ဖန်ဆင်းပေးချက်၊ အတိတ်ဘဝ မကောင်းမှု ကံဟောင်းက ယခု ပစ္စုပ္ပန် မကောင်းသော ပဋိသန္ဓေဘဝကို ဖန်ဆင်းပေးချက် ဆားမြည်းရန်နည်း အမြွက် ပြီး၏။

အို… ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့၊ ကုသိုလ် အကုသိုလ်ကံတို့ကို ပြုသူနှင့် ဖြစ်သည့်အခါတို့ကို သင်တို့သိထိုက်သည် မဟုတ်ပါလော။ သိရပုံကို မေးဖြေပြရမူ။

မေး။ ။ ရှေ့ကပြခဲ့ပြီးသော သတ္တဝါတို့မှာ ဖြစ်ပြီးသော အတိတ်ဘဝ၊ ဖြစ်လတ္တံ့သော အနာဂါတ်ဘဝ၊ ယခုဖြစ်ဆဲသော ပစ္စုပ္ပန်ဘဝတို့၌ တွေ့ကြုံဖြစ်ပေါ်ကြရသမျှ ကောင်းသောဘဝ၊ မကောင်းသောဘဝ၊ ကောင်းမှုကံ၊ မကောင်းမှုကံတို့နှင့် ကောင်းသောအဖြစ်၊ မကောင်းသောအဖြစ်တို့ကို တွေ့ ကြုံရရှိရခြင်းတို့သည် သူတစ်ပါးတို့က သက်သက်ဖန်ဆင်းလို့မဖြစ်ဘဲ အတိတ်.ပစ္စုပ္ပန် ကံနှစ်ပါးတို့ကြောင့်သာ ဖြစ်ကြရကုန်၏။ (ဝါ) ဖန်ဆင်းပေးကြကုန်၏ဟု ဆိုရာ၌ ၎င်းကံနှစ်ပါးတို့ကို ဘယ်သူက ဘယ်လိုအခါပြုလုပ်ထားကြပါသနည်း။

ဖြေ။ ။ မိမိ.မိမိတို့ပင် ဇောစေတနာ ဖြစ်ကြသောအခါ ပြုလုပ်ကြကုန်၏။ ပြုလုပ်ပုံကား မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်တို့၌ ထိုထို ဝတ္ထုတို့ကို မျက်စိဖြင့် မြင်သိ ဇောစေတနာ၊ နားဖြင့် ကြားသိ ဇောစေတနာ၊ နှာခေါင်းဖြင့် နံသိ ဇောစေတနာ၊ လျှာဖြင့် စားသိ ဇောစေတနာ၊ ကိုယ်ဖြင့် တွေ့သိ ဇောစေတနာ၊ မနောဖြင့် ကြံသိ ဇောစေတနာတို့ ဖြစ်တိုင်းသောအခါတို့မှာ ယဉ်ကျေးကောင်းမြတ်သော ကောင်းမှုကုသိုလ် ဇောစေတနာ၊ ရိုင်းစိုင်းယုတ်မာသော မကောင်းမှုအကုသိုလ် ဇောစေတနာတို့ကို မိမိတို့ပင် ပြုလုပ်ကြကုန်၏။

အတိုချုပ်ကား။ မျက်စိဖြင့် မြင်၍ ပြုလုပ် ပြောဆို ကြံစည်သမျှတို့သည် ကုသိုလ်.အကုသိုလ် ဇောစေတနာချည်း ဖြစ်ကြကုန်၏။ နားဖြင့်ကြား၍၊ နှာခေါင်းဖြင့်နံ၍၊ လျှာဖြင့် စား၍၊ ကိုယ်ဖြင့်တွေ့၍၊ မနောဖြင့်ကြံ၍ ပြုလုပ်ပြောဆို ကြံစည်

WWW.DHAMMARANSI.COM



သမျှတို့သည် ကုသိုလ်, အကုသိုလ်,ဇောစေတနာ တို့ချည်း ဖြစ်ကြကုန်၏။ (ဝါ) ကောင်းကျိုး မကောင်းကျိုးတို့ကို ဖန်ဆင်းပေးတတ်သော ကုသိုလ်, အကုသိုလ် ကံတို့ချည်း ဖြစ်ကြကုန်၏။ ထိုကံတို့ကို သူတစ်ပါးမပြုရ မိမိတို့ကပင် ပြုထားကြကုန်၏ ဟု သိကြပါလေ။

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ထိုကံတို့က အမြဲ ကြောင့်ကြ လျက် အကျိုးပေးချက်ကို သင်တို့ သိထိုက်သည် မဟုတ်ပါလော။

သိရပုံကို မေးဖြေပြရမူ။

**မေး။ ။ ကောင်းသောကံ, မကောင်းသောကံ နှစ်ပါးတို့က ကောင်းသော အကျိုး, မကောင်းသောအကျိုး တို့ကို ဖြစ်စေကြရန် မည်သူက ကြောင့်ကြ စိုက်ပါသနည်း။**

ဖြေ။ ။ မည်သူကမျှ ကြောင့်ကြ မစိုက်ရဘဲ လက်ဇော့ထိုးသော သူနှစ်ယောက် တို့မှာ အခါခပ်သိမ်း လစ်လပ်ခွင့်ရသမျှ ထိုးသတ်ကြရအောင် အမြဲစိစိ ပြူးပြူးကြီး ကြည့်၍ အခွင့်ရှာပြီး ထိုးသတ်သကဲ့သို့ ၎င်းကံနှစ်ပါးတို့ကသာ မိမိတို့ ပြုလုပ် အားထုတ်ကြသော သတ္တဝါတို့ ခန္ဓာအစဉ်မှာ အခါခပ်သိမ်း မိမိတို့ အခွင့်ရသမျှ မျက်မှောက်အကျိုး ပဋိသန္ဓေအကျိုးကို ပေးရအောင် မရ,ရသော အခွင့်ရှာ၍ ကောင်းကျိုး, မကောင်းကျိုး တို့ကို ဖြစ်စေကြလေကုန်၏။

**မေး။ ။ ဤကံတို့က အကျိုးကို ဘယ်လိုအခါ ဖြစ်စေကြပါသနည်း။**

ဖြေ။ ။ ၎င်းကံတို့က မိမိဖြစ်ဆဲ အခါတို့၌လည်းကောင်း၊ ဖြစ်ပြီးသော နောက် ကာလ၌ လည်းကောင်း အကျိုးကို ဖြစ်စေကြကုန်၏။

**မေး။ ။ ဖြစ်ဆဲသောအခါ အကျိုးကို ဘယ်လိုဖြစ်စေပါသနည်း။**

ဖြေ။ ။ စေတနာဖြစ်သောကံသည် မိမိဖြစ်ဆဲသောအခါ ထိုထိုအမှုတို့ကို ကိုယ်ဖြင့် ပြုလုပ်နေအောင်လည်းကောင်း၊ နှုတ်ဖြင့် ပြောဆိုနေအောင် လည်းကောင်း၊ စိတ်ဖြင့် ကြံစည်နေအောင်လည်းကောင်း၊ စိတ်,စေတသိက်နှင့် တကွ ပြုလုပ်သော ကိုယ်အမှုအရာရုပ်၊ ပြောဆိုသော နှုတ်အမှုအရာရုပ်၊ ကြံစည် သော စိတ်အမှုအရာရုပ်တို့ ဖြစ်ပေါ်အောင် ကျေးဇူးပြုပေ၏။

❖

WWW.DHAMMARANSI.COM



## ၁၁။ ထိုပြုလုပ် ပြောဆို ကြံစည်သမျှ ပဋ္ဌာန်းချည်းဖြစ်ကြ၍ အကျိုးပေးကြပုံကို ပြချက်။

အို… ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ သင်တို့သည် ပြုလုပ် ပြောဆို ကြံစည်ဆဲအခါ ပဋ္ဌာန်းတို့ချည်း ဖြစ်တာကို သိထိုက်သည် မဟုတ်ပါလော။

သိရပုံကို မေးဖြေပြရမူ။

**မေး။ ။ ဤလောက၌ ပြုလုပ် ပြောဆို ကြံစည်နေဆဲ အခါတိုင်းတို့မှာ ပဋ္ဌာန်းတရားတို့နှင့်ချည်း ကျေးဇူးပြုကြောင်းကို ဘုရားဟော ပဋ္ဌာန်းပါဠိတော်မှာ တိုက်ရိုက် ရှိပါ၏လား။**

ဖြေ။ ။ ပဋ္ဌာန်းပါဠိတော်မှာ ရှိပါ၏။ ရှိပုံကား။

**စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။** ဟု ပြ၏။

မြန်မာပြန်ဆိုရမူ။ **စေတနာ၊** ကိုယ်. နှုတ်. စိတ် တို့ဖြင့် စေ့ဆော် ကြောင့်ကြစိုက်သမျှသော စေတနာသည်။ **သမ္ပယုတ္တကာနံ၊** အတူတကွ ယှဉ်၍ ဖြစ်ကြကုန်သော။ **ဓမ္မာနဉ္စ၊** ပြုလုပ်နေသော စိတ်စေတသိက်. ပြောဆိုနေသော စိတ်စေတသိက်. ကြံစည်နေသော စိတ်စေတသိက် တို့အားလည်းကောင်း။ **တံသမုဋ္ဌာနာနံ၊** ထိုပြုလုပ် ပြောဆို ကြံစည်နေသော စေတနာကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ၊** ပြုလုပ်နေသော ကိုယ်အမူအရာ စိတ္တဇရုပ်. ပြောဆိုနေသော နှုတ်အမူအရာ စိတ္တဇရုပ်. ကြံစည်နေသော စိတ်အမူအရာ စိတ္တဇရုပ် တို့အားလည်းကောင်း။ **ကမ္မပစ္စယေန၊** အတူတကွ ဖြစ်ကြသည့် သဟဇာတကမ္မ သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြအောင် ကျေးဇူးဆောင်သည်။ **ဟောတိ၊** ဖြစ်၏။

ဤကားစေတနာဖြစ်ဆဲအခါ၌ ကိုယ်.နှုတ်.စိတ်တို့ဖြင့် တစ်လောကလုံးကြီးတို့မှာ ပြုလုပ်ပြောဆို ကြံစည်နေဆဲ ဖြစ်ကြပါသော လက်တွေ့အကျိုး အမျိုးမျိုးတို့တည်း ဟူသော အနက်သဘော ဟူသမျှတို့ကို ဤပဋ္ဌာန်းပါဠိတော်က ဟောပြတော်မူချက် ဆားမြည်းရန်နည်းအမြွက် ပြီး၏။

WWW.DHAMMARANSI.COM



**မေး။ ။ မိမိတို့ပြုလုပ်ကြသော ၎င်းကံတို့က မိမိဖြစ်ပြီးသော နောက်ကာလ၌ အကျိုးကို ဘယ်လိုဖြစ်စေပါသနည်း။**

ဖြေ။ ။ ဤလောကကြီးအတွင်းမှာ ရှိရှိသမျှသော သတ္တဝါတို့ ကိုယ်. နှုတ်. စိတ်တို့ဖြင့် ကောင်းသောအမှု၊ မကောင်းသောအမှုတို့ကို ပြုကြကုန်၏။ ထိုသို့ ပြုကြခြင်းကြောင့် အကြောင်းအားလျော်စွာ ကောင်းသောအကျိုး. မကောင်းသောအကျိုး အမျိုးမျိုးတို့ကို ကိုယ်တွေ့ဒိဋ္ဌ ယခုဘဝမှာ တွေ့ကြုံခံစား နေကြရသည်ကိုလည်း သိရှိရာ၏။ ထိုသို့ သိရှိရသလို နောက်နောင်ဘဝတို့မှာလည်း ဘဝသစ်နှင့်တကွ ၎င်းအကျိုး အမျိုးမျိုးတို့ကို ခံစားသွားကြရဦးမည်ဟု သိကြပါလေ။

အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ သင်တို့သည် ကောင်း. မကောင်း အကျိုးတို့ကို ခံစားရသမျှ ပဋ္ဌာန်းတရားတို့နှင့်ချည်း ဖြစ်ကြတာကို သိထိုက်သည် မဟုတ်ပါလော။

သိထိုက်ပုံကို မေးဖြေပြရမူ။

**မေး။ ။ ဤလောက၌ ကောင်း.မကောင်းအကျိုး တို့ကို ခံစားရသမျှ ပဋ္ဌာန်းတရားတို့နှင့်ချည်း ကျေးဇူးပြုကြောင်းကို ဘုရားဟော ပဋ္ဌာန်းပါဠိတော်မှာ တိုက်ရိုက် ရှိပါ၏လား။**

ဖြေ။ ။ ရှိပါ၏။ ရှိပုံကား။

ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ဟု ပြ၏။

မြန်မာပြန်ဆိုရမူ။ **ကုသလာ ကုသလံ**၊ အတိတ်ဘဝ ယခုဘဝတို့၌ ထိုထိုကိုယ်. နှုတ်. စိတ် တို့ဖြင့် ပြုအပ်သော ကောင်းသောအမှု. မကောင်းသောအမှု ဟု ဆိုအပ်သော။ **ကမ္မံ**၊ ကုသိုလ်. အကုသိုလ်ကံသည်။ **ဝိပါကာနံ**၊ ကောင်း. မကောင်းသော မျက်မှောက်ဘဝတွင်ပင် တွေ့ကြုံ ခံစားရသော အကျိုးဝိပါက်. နောက်ဘဝမှ တွေ့ကြုံ ခံစားရမည့် အကျိုးဝိပါက်ဟု ဆိုအပ်သော။ **ခန္ဓာနဉ္စ**၊ ပြုပြီးသည်မှ နောက်ကာလ၌ ဖြစ်သော စိတ်စေတသိက် နာမ်ခန္ဓာတို့အားလည်းကောင်း။ **ကဋတ္တာ ရူပါနဉ္စ**၊ ထိုထို ကံက ဖြစ်စေကြသည့် ကောင်းသောရုပ်. မကောင်းသောရုပ် တို့အားလည်းကောင်း။ **ကမ္မပစ္စယေန**၊ နောက်ကာလ၌ အကျိုးကို ဖြစ်စေကြသည့် နာနက္ခဏိက ကမ္မပစ္စယ သတ္တိဖြင့်။ **ပစ္စယော**

WWW.DHAMMARANSI.COM



ဥပကာရကော၊ ထိုထိုဘဝ အကျိုးရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ဤကားပြပြီးသောနောက်မှ ကောင်းသောအကျိုး.မကောင်းသောအကျိုး အမျိုးမျိုးတို့ကို ဤဘဝ နောက်ဘဝတို့၌ သူရောငါပါ ဤလောကကြီးမှာ ခံစား နေကြရသည့် အနက်သဘော ဟူသမျှတို့ကို ဤပဋ္ဌာန်းပါဠိတော်က ပြချက်နှင့် ကံဓာတ်စွမ်းကောင်းက ဖန်ဆင်းပေးချက် နည်းအမြွက်ပြီး၏။

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ကံဓာတ်စွမ်းကောင်းကြီးတို့က ထိုထိုအကျိုးအမျိုးမျိုးတို့ကို ဖန်ဆင်းပေးရာ၌ အဖော်သဟဲပါမှ ဖန်ဆင်းပေးနိုင် ကြသည်ကို သင်တို့ သိထိုက်ကြသည် မဟုတ်ပါလော။

ဤသို့ သိကြရန် မေးဖြေပြရမူ။

**မေး။ ။ ဤရှေ့ကပြခဲ့သော ကံဓာတ်စွမ်းကောင်းကြီးတို့က ဖြစ်စေရာ၌ (ဝါ) ဖန်ဆင်းပေးရာ၌ အကူအညီ အဖော်သဟဲ မပါဘဲ ဖြစ်စေနိုင်ပါ သလော။**

ဖြေ။ ။ အဖော်သဟဲပါမှ ဖြစ်စေနိုင်ကြ၏။ ထိုအဖော်သဟဲတို့ကား ကောင်း သောအမှုကို ပြုလုပ်ရာ၌ ယုံကြည်သော သဒ္ဓါ. အားထုတ်သော ဝီရိယ စသော များစွာသော အဖော်သဟဲရှိကြ၏။ မကောင်းသောအမှုကို ပြုလုပ်ရာ၌လည်း မတရားသဖြင့် လိုချင်သော လောဘ. ပြစ်မှားသော ဒေါသ. အကောင်းအဆိုး အကြောင်းတို့ကို မသိသော မောဟ စသောအားဖြင့် များစွာသော အဖော်သဟဲ ရှိကြ၏။ ထိုအပေါင်းအသင်းတို့ကို ပါဠိလို သမ္ဘာရကွန္တာ၊ မြန်မာလို ထိုထို အကျိုး တရား ဖြစ်ပွားလာအောင် ဝိုင်းအုံ၍ ပြုပြင်တတ်သော တရားအပေါင်းဟု ဆိုလို သည်။

**မေး။ ။ ထိုထိုအဖော်သဟဲတို့က ထိုထိုကောင်းသောအကျိုးအမျိုးမျိုး ဖြစ်ပေါ် လာအောင် ကူညီဝိုင်းဝန်း ဖန်ဆင်းပေးချက် ဒိဋ္ဌသက်သေအရကို အဘယ်သို့ သိရမည်နည်း။**

ဖြေ။ ။ အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ယခုအခါ ပုဂ္ဂိုလ်ထူးကြီး တို့က ကောင်းမြတ်သော စိတ်ထားနှင့် ကြီးပွားတိုးတက်လာအောင် ထိုထို ဓမ္မ အမှု.လောကအမှုပြုကြသောအခါ မိမိပြုလုပ်သောအမှုသည် ကေန်ဖြစ်ရမည်ဟု ထိုအမှု၌ ယုံကြည်သော သဒ္ဓါအစွမ်းကောင်း၊ ထိုအမှု၌ အားထုတ်သော ဝီရိယ

WWW.DHAMMARANSI.COM



အစွမ်းကောင်း၊ ထိုအမှု၌ အမြဲအမှတ်ထားသော သတိ အစွမ်းကောင်း၊ ထိုအမှု၌ ပြုလုပ်ရန် တည်တံ့နိုင်မြဲသော သမာဓိအစွမ်းကောင်း၊ ထိုအမှု၏ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို သိမြင်နိုင်သော ပညာဉာဏ် အစွမ်းကောင်း စသည်တို့ကို ဗုဒ္ဓဘာသာကျမ်းဂန်၌ အားရှိသော ဗိုလ်ကြီးတွေ အစိုးရကြီးတွေ စသည် ဖြစ်ကြ၏ ဟုဆို၏။

ငင်းဗိုလ်အစိုးရ စသည်တို့ကို အဖော်သဟဲရ၍ ကိုယ်, နှုတ်, စိတ် တို့ဖြင့် ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီးတို့က အလိုရှိသော ထိုထို အမှုပြုကြ၏ (ဝါ) ဖန်ဆင်း ပေးကြ၏။ ထိုသို့ ပြုပြင်ဖန်ဆင်းပေးကြရာဝယ် ငါတို့ ဗုဒ္ဓဘာသာဘက်က မေတ္တာ, ကရုဏာ စသော သမာဓိလမ်းကို ဖြောင့်တန်း ပေါက်ရောက်အောင် အားထုတ်သူ တို့မှာ မြေလျှိုး မိုးပျံခြင်း စသော ရှာန်အဘိညာဉ်တန်ခိုး အမျိုးမျိုး တို့ကိုပင် ပေါက် ရောက် ရရှိနိုင်၏။ အနိစ္စ ဒုက္ခ စသော ဝိပဿနာပညာလမ်းကို ဖြောင့်တန်း ပေါက် ရောက်အောင် အားထုတ်ပါမူ ဒုက္ခခပ်သိမ်း ကင်းငြိမ်းသော နိဗ္ဗာန်ကိုပင် ပေါက် ရောက် ရရှိနိုင်၏။ မျက်မှောက်လောကဘက်ကလည်း ငင်းအဖော်များကို ရရှိ၍ ကြိုးကြိုးကုတ်ကုတ် အားထုတ်ကြပါမူ ဤလောကကြီးမှာ အံ့ဩဖွယ်ရာသော သင်္ဘော, ရထား, ကား, အလုပ်စက်ရုံကြီးများနှင့် လေယာဉ်ပျံ, ဝိုင်ယာလက်, အသံထွက်ရုပ်ရှင် စသည် များပြား အစားစားတို့ ဖြစ်ပွားနေကြကုန်၏။ ဤသို့ ဖြစ်ပွားနေကြခြင်းတို့ကား တစ်စုံတစ်ယောက်သော သူက ဖန်ဆင်းပေးကြ၍ ဖြစ်ပေါ်လာရခြင်း မဟုတ်သည်ကို လည်းကောင်း၊ မည်သည့် ပညာရှိကြီးတို့က အကြံကောင်း ဉာဏ်ကောင်း တို့ဖြင့် အစစဦး ပြုလုပ်စီမံကြ၍သာ ဆက်လက် ဖြစ်ပေါ်နေကြသည်ကိုလည်းကောင်း၊ ဒိဋ္ဌ လက်တွေ့ သက်သေအရဖြင့် သင် ပညာရှိအပေါင်းတို့ ကြပ်ကြပ်ကြီး စဉ်းစား၍ ကြည့်ထိုက် သိထိုက်ကြသည် မဟုတ် ပါလော။

**မေး။** ။ မကောင်းသောအမှုကို ပြုလုပ်ရာ၌လည်း မကောင်းသောအကျိုး ဟူသမျှတို့ ဖြစ်ပေါ်လာအောင် မကောင်းသော အဖော်သဟဲတို့က ကူညီဝိုင်းဝန်း၍ ဖန်ဆင်းပေးချက်ကို ဒိဋ္ဌသက်သေအရ အဘယ်သို့ သိရမည်နည်း။

WWW.DHAMMARANSI.COM



ဖြေ။ ။ အို… ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့ စိတ်ဆိုး စိတ်ယုတ်မာရှိသော သူတို့က တစ်ဖက်သားကို သတ်ဖြတ်နှိပ်စက် လုယက် သိမ်းယူခြင်းငှာ ထိုထိုအမှု ပြုကြရာဝယ် မတရားသဖြင့် လိုချင်သည့် လောဘဓာတ်ဆိုး၊ တစ်ဖက်သားကို ရက်ရက်စက်စက် နှိပ်စက် ညှဉ်းပန်း၍ ပြစ်မှားလိုသော ဒေါသဓာတ်ဆိုး၊ မတရားသောအမှုကို ပြုလုပ်ရာ၌ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို မမြင်နိုင်ဘဲ တွေဝေမိုက်မဲသော မောဟဓာတ်ဆိုး စသော ကိလေသာဒုစရိုက် အမိုက်အမှားတို့ဖြင့် မိမိရော သူတစ်ပါးတို့ပါ မြောက်များစွာသော ဒုက္ခအမျိုးမျိုး မကောင်းကျိုးတို့ကို ဖြစ်စေလျက် တစ်ဖက်သားကို သတ်ဖြတ်နှိပ်စက် လုယက် ခိုးယူကြကုန်၏။ ဤသို့ သတ်ဖြတ် နှိပ်စက် လုယက် ခိုးယူခြင်းတို့ကား တစ်စုံတစ်ယောက်သောသူက ဖန်ဆင်းပေးကြ၍ ဖြစ်ပေါ်လာရခြင်း မဟုတ်သည်ကိုလည်းကောင်း၊ မည်သည့် လူဆိုးကြီးတို့က မတရားသဖြင့် လိုချင်သော လောဘ၊ ကြမ်းတမ်းခက်ထန်သော ဒေါသ၊ မိုက်မဲတွေဝေသော မောဟ စသည်တို့ဖြင့် စဉ်းစား ပြုလုပ် စီမံကြ၍သာ ဆက်လက်ကြကာ ထိုထို ဒုက္ခ ဖြစ်ပေါ်နေကြသည်ကိုလည်းကောင်း၊ ဒိဋ္ဌလက်တွေ့သက်သေအရဖြင့် သင်ပညာရှိအပေါင်းတို့ ကြပ်ကြပ်ကြီး စဉ်းစား၍ ကြည့်ထိုက် သိထိုက်ကြလှသည် မဟုတ်ပါလော။

ဤကား ကောင်းသောအဖော်သဟဲ, မကောင်းသောအဖော်သဟဲ တို့က ကူညီ ဖန်ဆင်းချက် ပြီး၏။

❖

## ၁၂။ ဖန်ဆင်းပေးတတ်သော စိတ်အရနှင့် အမျိုးမျိုး ဖန်ဆင်းပေးပုံကို ပြချက်။

ဖန်ဆင်းပေးတတ်သော စိတ်အရကို မေးဖြေပြရမှု။

မေး။ ။ စိတ်ဓာတ်စွမ်းကောင်းကြီးတို့က လောကကြီးကို ဖန်ဆင်းပေးကြသည် ဆိုရာ၌ စိတ် ဆိုသည်ကား ဘာကို ဆိုအပ်ပါသနည်း။

ဖြေ။ ။ ထိုထိုကောင်းသောကိစ္စ, မကောင်းသောကိစ္စ စသည်တို့၌ ရှေ့ရှုကြံစည်ခြင်း သဘောမျှကလေးကို စိတ် ဟု ဆိုအပ်ပါသည်။

မေး။ ။ ရှေ့ရှုကြံစည်ခြင်းဆိုသည်ကား ဘာကို ဆိုအပ်ပါသနည်း။

WWW.DHAMMARANSI.COM



ဖြေ။ ။ ပြုလိုသော စိတ်ရှေ့သွား ကြံစည်မှု ပြဋ္ဌာန်းခြားကြောင့် ကိုယ်ဖြင့် ပြုလုပ်သော ရုပ်စုနှင့် ကာယကံမှု ဖြစ်ကြ၏။ ပြောလိုသော စိတ်ရှေ့သွား ကြံစည်မှု ပြဋ္ဌာန်းခြားကြောင့် နှုတ်ဖြင့် ပြောဆိုသော ရုပ်စုနှင့် ဝစီကံမှု ဖြစ်ကြ၏။ ဘာဘာညာညာတို့ ကြံစည်လိုသော စိတ်ရှေ့သွားကြံစည်မှု ပြဋ္ဌာန်းခြားကြောင့် စိတ်သက်သက်ဖြင့် ကြံစည်ဖြစ်ပေါ်နေသော ရုပ်စုနှင့် မနောကံမှု ဖြစ်ကြ၏။ ဤသို့ရှေ့သွား ကြံစည်မှု ပြဋ္ဌာန်းစုကို ရှေ့ရှုကြံစည်သည်ဟု ဆိုလိုပါသည်။

**မေး။ ။ ၎င်းပြဋ္ဌာန်းချက် အရကို ဘုရား ဘယ်လို ဟောပြတော်မူပါသနည်း။**

ဖြေ။ ။ **မနောပုဗ္ဗင်္ဂမာဓမ္မာ** ဟု ဘုရားဟောပြတော်မူ၏။ အဓိပ္ပာယ်ကား။

ထိုထို အကျိုးအမျိုးမျိုး ဖြစ်ပေါ်လာကြရန် ရှေ့ကပြခဲ့သည့်အတိုင်း တစ်စုံတစ်ယောက်သောသူက အလိုအလျောက်ပေါ်ပေါက်လာအောင် ဖန်ဆင်း၍ မပေးရဘဲ ကံ၊ ဉာဏ်၊ ဝီရိယ စသော နာမက္ခန္ဓာတို့ကသာ ဖန်ဆင်း၍ ပေးကြရာ၌ ပြုလုပ်လိုသော စိတ်ရှေ့သွား ပြဋ္ဌာန်းခြား၍သော ပြုလုပ်သော ကာယကံနှင့် ဉာဏ်. ဝီရိယ စသည် တို့ကလည်းကောင်း၊ ပြောလိုသော စိတ်ရှေ့သွား ပြဋ္ဌာန်းခြား၍သော ပြောလိုသော ဝစီကံနှင့် ဉာဏ်. ဝီရိယ စသည်တို့က လည်းကောင်း၊ ကြံလိုသော စိတ်ရှေ့သွား ပြဋ္ဌာန်းခြား၍သော ကြံစည်သော မနောကံနှင့် ဉာဏ်. ဝီရိယ စသည် တို့က လည်းကောင်း၊ မျက်မှောက်၌ သင်္ဘော. ရထား. ကား. လေယာဉ်ပျံ စသော ကောင်းကျိုး.မကောင်းကျိုး အမျိုးမျိုးတို့ကိုလည်း ဖြစ်စေနိုင်၏။ (ဝါ) ဖန်ဆင်းနိုင်၏။ ထိုသို့ ဖန်ဆင်းပေးနိုင်သည်ကို မျက်မြင်ဒိဋ္ဌ သိရှိရသလို သေသည်မှ အခြားဘဝ နောက်ကာလတို့၌လည်း ကောင်းသော ပဋိသန္ဓေဘဝသစ်နှင့် ကောင်းသော ပဝတ္တိအကျိုး. မကောင်းသော ပဋိသန္ဓေဘဝသစ်နှင့် မကောင်းသော ပဝတ္တိအကျိုး အမျိုးမျိုးတို့ကို ထိုထို စိတ်ဝိညာဉ်က ပြဋ္ဌာန်း ခြား၍သော ဖြစ်ပေါ်ခံစားသွားရမှာကိုလည်း သင်ပညာရှိအများတို့ ကြပ်ကြပ်ကြီး စဉ်းစား၍ ကြည့်ထိုက် သိထိုက်ကြလှသည် မဟုတ်ပါလော။

အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤလောကကြီးအတွင်းမှာ လူမျိုး အစားစား ရှိကြရာတွင် တစ်မျိုးတည်း၌ပင် ပုံသဏ္ဌာန်. အနေအထား. အလုအချောများ အစားစား ရှိသည်ကိုလည်းကောင်း၊ တိရစ္ဆာန် တို့မှာလည်း ဆင်. မြင်း. ကျွဲ. နွား. ဆိတ်. ဝက် စသော ကုန်းသတ္တဝါ အစားစား၊ ရေသတ္တဝါ အစားစား၊

WWW.DHAMMARANSI.COM



ကောင်းကင်ပျံသတ္တဝါ အစားစား ရှိကြရာတွင် ဆင်တစ်မျိုးတည်းမှာပင် လုံးရပ်. အကြီး. အငယ်. ပုံသဏ္ဍာန်. အရွယ်များ အစားစား ရှိကြသည်ကိုလည်းကောင်း၊ ထိုမှ ကြွင်းသော သတ္တဝါတို့လည်း ဤအတူ အစားစားရှိကြသည်ကို သင်တို့ မျက်မြင်ဒိဋ္ဌ ရှိနေကြရာ၌ မည်သူက ဖန်ဆင်းချက်အရ ဤကဲ့သို့ အမျိုးမျိုး ဆန်းကြယ်လျက် ရှိနေကြသနည်းဟု သင်တို့စဉ်းစားကြည့်ထိုက် သိထိုက်သည် မဟုတ်ပါလော။

စဉ်းစားကြည့်ရန် မေးဖြေပြရမှု။

**မေး။ ။ ဤလောကကြီး၌ သတ္တဝါတို့၏ အသုံးအဆောင်တို့နှင့်တကွ ပုံသဏ္ဍာန်. အနေအထားတို့ အမျိုးမျိုး အစားစား ရှိအောင် မည်သူက ဖန်ဆင်းသနည်း။**

ဖြေ။ ။ စိတ်နှင့်ကံက ဖန်ဆင်းပေး၏။ ဖန်ဆင်းပုံကား။

စိတ်ကသာလျှင် ရှေ့သွားခေါင်းဆောင်ပြုလုပ်၍ ကိုယ်ဖြင့် ပြုလုပ်ပေးမှု ကာယကံစုကလည်းကောင်း၊ နှုတ်ဖြင့် ပြောဆိုပေးမှု ဝစီကံစုကလည်းကောင်း၊ စိတ်ဖြင့် ကြံစည်ပေးမှု မနောကံစုကလည်းကောင်း ဖန်ဆင်းပေးသောကြောင့် သတ္တဝါတို့၏ အသုံးအဆောင်တို့နှင့်တကွ ပုံသဏ္ဍာန်. အနေအထားတို့ အမျိုးမျိုး အစားစား ဖြစ်ပေါ်နေကြလေသည်။

**မေး။ ။ အသုံးအဆောင်အမျိုးမျိုးတို့ ဖြစ်ပေါ်အောင် ဒိဋ္ဌလက်တွေ့ဖန်ဆင်း ပေးချက် သက်သေအရကို ဘယ်သို့ပြမည်နည်း။**

ဖြေ။ ။ အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤလောက၌ ဌေးကြွယ်သော သူသည် စားပွဲ၊ ကုလားထိုင်၊ ပန်းအိုး၊ ပန်းခြံများနှင့် ခမ်းနား ကြီးကျယ်သည့် အိမ်ကြီး စသော အသုံးအဆောင်တို့နှင့် နေလိုသော စိတ်ရှေ့သွားရှိသောကြောင့် စိတ်ရှိသလို မနောကံဖြင့် ကြံစည် ဖန်ဆင်း၏။ ကြံစည်သည့်အတိုင်း ဝစီကံဖြင့် စေခိုင်းပြောဆို ဖန်ဆင်း၏။ စေခိုင်းသည့်အတိုင်း ကိုယ်ဖြင့် မိမိရော သူတစ်ပါး တို့ပါ ဖန်ဆင်း ပြုလုပ်ပေးကြ၏။ ပေးသည့်အတိုင်းလည်း ထိုဌေးကြွယ်သော သူသည် ခမ်းနားကြီးကျယ်စွာသော အိမ်ကြီး စသည့် အသုံးအဆောင်တို့နှင့် နေထိုင်ရ၏။ ဤသို့ နေထိုင်ရသည်များကို နတ်.သိကြား စသည်တို့က မဖန်ဆင်းရဘဲ အလိုရှိသော စိတ်ရှေ့သွားရှိသလို ကံသုံးပါးတို့ဖြင့် ပြုလုပ် ဖန်ဆင်းပေး၍သာ

WWW.DHAMMARANSI.COM



ထိုဒွေးကြွယ်သောသူသည် ကြီးကျယ်ခမ်းနားစွာသော အိမ်ကြီး စသည် အသုံးအဆောင်များဖြစ်ပေါ်ရရှိခံစားနေရသည်ကို သင်တို့ဒိဋ္ဌလက်တွေ့သက်သေအရနှင့် သိထိုက်ကြသည် မဟုတ်ပါလော။

ဤအသုံးအဆောင်မှတစ်ပါး အခြားအသုံးအဆောင်တို့ကို ဖန်ဆင်းပေးရာ၌လည်း ဤနည်းကို မှီ၍ သိကြပါလေ။

**မေး။ ။ လူသတ္တဝါ ပုံသဏ္ဌာန်, အနေအထား အမျိုးမျိုး အစားစားတို့ ဖြစ်ပေါ်အောင် ဒိဋ္ဌလက်တွေ့ ဖန်ဆင်းချက် သက်သေအရကို ဘယ်သို့ပြမည်နည်း။**

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိ အများတို့။ ဤလောက၌ ဒွေးကြွယ်သော အမျိုးသမီးတစ်ဦးသည် မိမိအမျိုး အဝတ်အစား ပုံသဏ္ဌာန် အနေအထားကို မကြိုက်၍ မြန်မာနန်းတွင်းသူ အငြိမ့်မ စသည်တို့၏ အဝတ်အစား ပုံသဏ္ဌာန် အနေအထားတို့နှင့်သာ နေထိုင်လိုသော စိတ်ရေ့သွားရှိသောကြောင့် စိတ်ရှိသလို မနောကံဖြင့် ကြံစည်ဖန်ဆင်း၏။ ကြံစည် ဖန်ဆင်းသည့်အတိုင်း ဝစီကံဖြင့် အဝတ်အစား အနေအထား တို့ကို ပြုလုပ်ပေးရန် ပြောဆို စေခိုင်း ဖန်ဆင်း၏။ စေခိုင်းသည့်အတိုင်း ကိုယ်ဖြင့် မိမိရော သူတစ်ပါးတို့ပါ ပြုလုပ်ဖန်ဆင်းပေးကြ၏။ ပေးသည့်အတိုင်းလည်း မြန်မာနန်းတွင်းသူ အငြိမ့်မ စသည်တို့ကဲ့သို့ လုပတင့်တယ် ရှုချင်ဖွယ်ကောင်းသော အချောအလှမကလေး တစ်ယောက် ဖြစ်ရ၏။ ဤဖြစ်ရသည်များကို နတ်,သိကြား စသည်တို့က မဖန်ဆင်းရဘဲ အလိုရှိသော စိတ်ရေ့သွားရှိသလို ကံသုံးပါးတို့ဖြင့် ပြုလုပ် ဖန်ဆင်း ပေး၍သာ အချောအလှမကလေး ဖြစ်ပေါ်လာသည်ကို သင်တို့ ဒိဋ္ဌလက်တွေ့သက်သေအရနှင့် သိထိုက်ကြသည် မဟုတ်ပါလော။

တစ်နည်း။ ထိုအမျိုးသမီးသည် ပြင်သစ် စသော အမျိုးသမီး အလှအချောမကလေးတို့လို ဖြစ်လိုသော စိတ်ရေ့သွားရှိ၍လည်းကောင်း၊ တရုတ် ဂျပန် အမျိုးသမီး အလှအချောမကလေး စသည်တို့လို ဖြစ်လိုသော စိတ်ရေ့သွား ရှိ၍လည်းကောင်း၊ ကံသုံးပါးတို့ဖြင့် စိတ်အလိုရှိသလို ပြုပြင်ဖန်ဆင်းပေးကြကာ မိမိတို့အလိုရှိသည့်ပုံသဏ္ဌာန် အနေအထား အလှအချောမကလေးများ ဖြစ်ကြရသည်ကို နတ်,သိကြား တို့က မဖန်ဆင်းရဘဲ အလိုရှိသောစိတ်နှင့် ကံသုံးပါးတို့က

WWW.DHAMMARANSI.COM



ပြုပြင် ဖန်ဆင်းပေးကြလို့သာ ပုံသဏ္ဌာန် အလှအချော အမျိုးမျိုးတို့ ဖြစ်ပေါ်တည်ရှိနေကြသည်ကို သင်တို့ လက်တွေ့ဒိဋ္ဌ သိရှိနိုင်ကြသည် မဟုတ်ပါလော။

ဤပုံသဏ္ဌာန်မှတစ်ပါး လူအမျိုးမျိုး အစားစား ပုံသဏ္ဌာန်တို့ကို ပြုလုပ်ဖန်ဆင်းပေးရာ၌လည်း ဤနည်းမှီ၍ သိကြပါလေ။

**မေး။ ။ တိရစ္ဆာန် သတ္တဝါတို့ ပုံသဏ္ဌာန် အနေအထား အမျိုးမျိုး အစားစားတို့ များပြား ဆန်းကြယ်သည်များကို ပြောပြ၍ မကုန်နိုင်အောင် များပြားလှ၏။ ဤသို့ များပြားလှအောင် ဆန်းကြယ်နေကြသည်၌လည်း မည်သူက ဖန်ဆင်း၍ ဆန်းကြယ်နေသနည်း။**

ဖြေ။ ။ ဤဘဝ ရှေ့ဘဝက ပြုခဲ့ကြသော မကောင်းမှုကံနှင့် ပြုလုပ်သောစိတ်တို့က ဖန်ဆင်းပေးပုံ ဆန်းကြယ်သောကြောင့်ပေတည်း။

**မေး။ ။ ဤစိတ်တို့က ဖန်ဆင်းပေးချက်အရကို ဘုရား ဘယ်ကဲ့သို့ ဟောပြသနည်း။**

ဖြေ။ ။ စိတ္တေနနီယတေလောကော။ ဟု ဟောပြသည်ကို အနက် မြန်မာဆိုရမူ။ လောကော၊ သတ္တဝါအမျိုးမျိုး အစားစားတည်းဟူသော သတ္တလောက အကြောင်းတရားတို့ ပြုပြင်ပေးသမျှ ဖြစ်ပေါ်နေကြသော အဝတ်အစား အသုံးအဆောင် သင်္ခါရလောက စသည်ကို။ စိတ္တေန၊ ရှေ့သွားဖြစ်သောစိတ်က။ နီယတေ၊ ဖန်ဆင်း၍ ပေးအပ်၏။ ဟု ဟောပြသည့်အတိုင်း ယခုမျက်မှောက်ဘဝရော နောက်နောင်ဘဝတို့မှာပါ ဆန်းကြယ်သော စိတ်တို့က ဆန်းကြယ်အောင် ဖန်ဆင်းပေးကြတာကို သိကြပါလေ ပညာရှိတွေတို့။

ဤကား ပြဋ္ဌာန်းသော စိတ်နှင့်တကွ စေတသိက်တို့ကပါ လောကကြီးအားလုံး ဖြစ်ပေါ်လာအောင် ကိုယ်, နှုတ်, စိတ် တို့ဖြင့် ဖန်ဆင်းပေးနေကြသည့် အနက်သဘော ဟူသမျှတို့ကို ဤပဋ္ဌာန်းပါဠိတော်က ဟောပြတော်မူချက် ဆားမြည်းရန်နည်းအမြွက် ပြီး၏။

ဤသည်တို့ကား လောကကြီး အစားစားကို စိတ်က ဖန်ဆင်းပေးချက် နည်းအမြွက် ပြီး၏။

❖

WWW.DHAMMARANSI.COM



## ၁၃။ ဩဇာအာဟာရက သတ္တဝါတို့အား ပဋ္ဌာန်းတရားနှင့် ကျေးဇူးပြုပုံကို ပြချက်။

**မေး။ ။ ဤကမ္ဘာလောကကြီး ဖြစ်ပေါ်လာအောင် တေဇောဓာတ်စွမ်းကောင်း၊ ကံဓာတ်စွမ်းကောင်း၊ စိတ်ဓာတ်စွမ်းကောင်းကြီး တို့က ဖန်ဆင်းပေးကြ၍ ဖြစ်ပေါ် လာချက် ဆားမြည်းရန်နည်း အမြွက်ကို သိရပါပြီ၊ အာဟာရဓာတ်စွမ်းကောင်းကြီးကလည်း ဖန်ဆင်းပေးနိုင်သည်ဟု ဆိုရာ၌ အာဟာရ ဆိုသည်ကား ဘာကို ဆိုပါသနည်း။**

ဖြေ။ ။ အတိုချုပ်အားဖြင့် စားသောက်သုတ်လိမ်း ထိုးနှံဖွယ် ဆေးအာဟာရ အစုတို့၌ ပါသော ထူးခြားသည့် အာဟာရဇ ရုပ်သစ် အမျိုးမျိုးတို့ကို ဖြစ်ပေါ် ဖန်ဆင်းပေးနိုင်သော ဓာတ်ဆီ ဩဇာရုပ်ကို အာဟာရဟု ဆို၏။

**မေး။ ။ ထိုအာဟာရ ဓာတ်စွမ်းကောင်းကြီးက ဖန်ဆင်းပေးချက်အရကို ဒိဋ္ဌ လက်တွေ့အားဖြင့် အဘယ်သို့သိရမည်နည်း။**

ဖြေ။ ။ အို… ကမ္ဘာသူ ကမ္ဘာသား ပညာရှိ အများတို့။ ဆာလောင်မွတ်သိပ်ခြင်း ရောဂါ ဖြစ်ခြင်း စသည်တို့ကြောင့် ညှိုးနွမ်းခွေနွဲ့သော မကျန်းမာသောသတ္တဝါ တစ်လောကလုံးကြီးတို့သည် သင့်တင့်လျောက်ပတ်သောအခါ အာဟာရဆေး စသည်တို့ကို စားသုံး ထိုးနှံလိမ်းကြံ ရှူရှိုက်သောအားဖြင့် ဖန်ဆင်းပေးချက် ကြောင့် ဆာလောင်ခြင်းနှင့်တကွ ရောဂါပျောက်ကင်းကြ၍ တောင့်တင်းခိုင်မာ ကျန်းမာလာခြင်း စသော ရုပ်ကိုယ်ကောင်ကြီးတစ်ခုလုံးတို့ ဖြစ်ပေါ်လာကြ သည်ကို (ဝါ) ဖြစ်ပေါ်လာအောင် အာဟာရက ဖန်ဆင်းပေးကြသည်ကို သင်တို့ ကိုယ်တွေ့ဒိဋ္ဌ တွေ့ကြုံရသဖြင့် လူတိုင်းပင် အာဟာရက ဖန်ဆင်းပေးကြသည်ကို သိရှိထိုက်၏။ တစ်နည်း။ မျက်မြင်ဒိဋ္ဌ တည်ရှိကြသော လူသတ္တဝါ အစားစား တိရစ္ဆာန် သတ္တဝါ အစားစားတို့ တည်တံ့ နေအောင်လည်းကောင်း၊ ကြီးပွား တိုးတက်လာအောင်လည်းကောင်း၊ မည်သူက ဖန်ဆင်း၍ ဖြစ်ပေါ်တည်ရှိနေ ကြသနည်းဟု မေးပြန်မူ။

အို… ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ငါတို့ ဗုဒ္ဓဘာသာ အလို အားဖြင့် မည်သည့် ပုဂ္ဂိုလ် သတ္တဝါတို့ကမျှ ဖန်ဆင်းမပေးရ။ ထို ဆေး၊ အစာ၊

WWW.DHAMMARANSI.COM



အာဟာရ တို့ပါသော ဓာတ်ဆီ ဩဇာ တို့ကသာ ဖန်ဆင်း ပေးသောကြောင့် တည်တံ့ တိုးတက်နေနိုင်ကြ၏။ အကယ်၍ ၎င်းဆေး, အာဟာရ တို့ကို အသုံး မပြုဘဲဖြတ်ဆဲထားလိုက်ပါမူ မတည်တံ့နိုင်ဘဲ ယိုင်လဲသေဆုံးကြမည်ကို သင်တို့ သိရှိရသဖြင့် ဤကမ္ဘာလောကကြီး အတွင်းမှာ သတ္တဝါ အစားစားတို့ ထင်ရှား တည်ရှိ တိုးတက်နေကြအောင် ထိုဆေး, အာဟာရ, ဓာတ်ဆီက ဖန်ဆင်း ပေးကြ သောကြောင့်သာ တည်ရှိ တိုးတက်နိုင်ကြတာကို သိထိုက်ကြသည် မဟုတ် ပါလော။

မေး။ ။ ဤဖန်ဆင်းပေးရာဝယ် ဒိဋ္ဌလက်တွေ့တစ်မျိုးအားဖြင့် ဘယ်လို သိရ မည်နည်း။

ဖြေ။ ။ အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိအများတို့။ ဤလောက၌ ရှိသမျှသော သတ္တဝါတို့ ငယ်စဉ်ကစ၍ ကြီးထွားလာကြအောင် နေ့စဉ်ထာဝရ မိမိတို့ စားသုံးသော အာဟာရတို့နှင့်တကွ ဆေးတို့က ဖန်ဆင်းပေးကြသောကြောင့်သာ တည်တံ့နေနိုင်သည် တို့ကိုလည်းကောင်း၊ ကြီးပွားတိုးတက်လာနိုင်သည် တို့ကို လည်းကောင်း၊ သင်တို့ကိုယ်တွေ့ဒိဋ္ဌ သိရှိကြသည် မဟုတ်ပါလော။

ဤသို့ဆေး, အာဟာရတို့က ဖန်ဆင်းပေးကြသည်ကို ကိုယ်တွေ့ဒိဋ္ဌ သိနေ ကြသော သင်တို့အား တန်ခိုးကြီးမားသော နတ်,သိကြားတို့က ကောင်းကင်ကနေ ကြ၍ သတ္တဝါအများတို့တည်တံ့ကြီးပွားနေအောင် မည်သူမည်ဝါက ဖန်ဆင်းပေး ကြလို့သာ တည်တံ့နေနိုင်ကြသည်ဟု ပြောကြားလာစေကာမူ ဆေး, အာဟာရ, ဓာတ်ဆီ, ဩဇာတို့က ဖန်ဆင်းပေးကြလို့ တည်တံ့ကြီးပွား နေနိုင်ကြသည်ကို မသိ၍လည်းကောင်း၊ လိမ်လည်လှည့်ဖြားလို၍လည်းကောင်း၊ အမှားကိုသာ ပြောကြားလာသည်ဟု ပယ်ရှားပြစ်ထိုက်သော အချက်ကြီးတို့ပေတည်း။

မေး။ ။ ဤဆေး,အာဟာရတို့မှာ ပါရှိနေပါသော ဩဇာဓာတ်ဆီတို့က ဖန်ဆင်း ပေးကြလို့သာ သတ္တဝါတစ်ကိုယ်လုံး တစ်ကောင်လုံးကြီးတို့ တည်တံ့ နေကြ တိုးတက်နေကြအောင် ပဋ္ဌာန်းတရားတို့နှင့်ချည်း ကျေးဇူးပြု ကြောင်းကို ဘုရားဟောပါဠိတော်မှာ တိုက်ရိုက်ရှိပါ၏လော။

ဖြေ။ ။ ပါဠိတော်မှာရှိပါ၏။ ရှိပုံကား။

WWW.DHAMMARANSI.COM



**ကဗဠီကာရော အာဟာရော၊ ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယော။** ဟု ဟောတော်မူသည်ကို မြန်မာပြန်ဆိုရမူ။

**ကဗဠီကာရော အာဟာရော၊** ဆေး၊ အာဟာရ၊ ခဲဖွယ်၊ ဘောဇဉ်စသည်တို့၌ ပါသော ဩဇာဓာတ်ဆီဟု ဆိုအပ်သော အာဟာရသည်။ **ဣမဿ ကာယဿ၊** ဤတစ်ကိုယ်လုံး တစ်ကောင်လုံးရှိ ရုပ်ကြီးအား။ **အာဟာရ ပစ္စယေန၊** အိမ်ကျား ပမာဏ မြဲမြံစေကြသော အာဟာရ သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ထောက်ပံ့ကြမှု ကျေးဇူး ပြုသည်။ **ဟောတိ၊** ဖြစ်၏။

ဤကား လောကကြီးတစ်ခုလုံးအတွင်းရှိ သတ္တဝါ အစားစားတို့ တည်တံ့ နေကြသော အနက်သဘော တိုးတက်ကြီးပွားနေကြသော အနက်သဘောတို့ကို ဤပဋ္ဌာန်းပါဠိတော်က ဟောပြတော်မူလျက် ဆားမြည်းရန် ပြချက်နှင့် ဆေး၊ အာဟာရ တို့မှာ ပါသော ဩဇာဓာတ်ဆီက ဖန်ဆင်းပေးချက် နည်းအမြွက်ပြီး၏။

❖

## ၁၄။ ဖန်ဆင်းပေးတတ်သော ပဋ္ဌာန်းတရား အစားစားတို့ကို ထင်ရှား ပြချက်။

**မေး။ ။ ဤလောကကြီးကို ဖန်ဆင်းပေးတတ်သူ သုံးမျိုးသုံးစားတို့တွင် ရှေ့ နှစ်စား အရ ဆားမြည်းရန်ပြချက် နည်းအမြွက်ကို သိရပါပြီ။ တတိယ နည်းအရပဋ္ဌာန်းတရားအစားစားတို့က ဖန်ဆင်းပေးကြသောကြောင့် ဖြစ်ပွား တည်ရှိနိုင်ကြကုန်၏ဟု ရှေ့က ပြဆိုခဲ့ရာ၌ ပဋ္ဌာန်းတရား ဆိုသည်ကား ဘာကို ဆိုသနည်း။**

ဖြေ။ ။ အထူးထူး အပြားပြားသော အကြောင်းတရားတို့ကို ပဋ္ဌာန်းတရား ဆိုပါသည်။

**မေး။ ။ ဘယ်၍ ဘယ်မျှ ထူးပြား ပါသနည်း။**

ဖြေ။ ။ (၂၄)ပါး ထူးပြား ကြပါသည်။

**မေး။ ။ ထိုပဋ္ဌာန်းတရားတို့သည် အဘယ်အခါ အဘယ်မှာ ရှိကြပါသနည်း။**

ဖြေ။ ။ အခါခပ်သိမ်းပင် ကမ္ဘာလောကကြီး နယ်တစ်ခွင်နှင့် သတ္တဝါတိုင်း တို့မှာပင် ထိုက်သည် အားလျော်စွာ တည်ရှိကြပါသည်။

WWW.DHAMMARANSI.COM



**မေး။ ။ ထို(၂၄)ပါးပဋ္ဌာန်းတရားတို့ကို အကျဉ်းချုပ်အမျိုးအစား ဘယ်မျှ ပြားပါသနည်း။**

ဖြေ။ ။ နှစ်မျိုးနှစ်စား ပြားပါ၏။ ပြားပုံကား။

မသိတတ်သော ရုပ်တစ်မျိုး၊ သိတတ်သော နာမ်တစ်မျိုး အားဖြင့် နှစ်မျိုးနှစ်စား ပြား၏။ ထိုနှစ်မျိုးတို့တွင် သိတတ်သောနာမ်က (၁) ကောင်းသော နာမ်သဘောတစ်မျိုး၊ (၂) မကောင်းသော နာမ်သဘောတစ်မျိုး၊ (၃) ကောင်း. မကောင်း မဆိုရသော ရုပ်နာမ်သဘောတစ်မျိုး အားဖြင့် သုံးမျိုးသုံးစား ပြားပြန်ပါသည်။

၎င်းသုံးမျိုးကို။

**ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ။** ဟု ဘုရား ဟောတော်မူ၏။

**မေး။ ။ ဤအဘိဓမ္မာတရား ပဋ္ဌာန်းတရားတို့သည် ဘုရားဟောတော်မူမှ ဖြစ်ပေါ်လာပါသလား။**

ဖြေ။ ။ ဘုရားမဟောခင် အစဉ်ထာဝရ တည်ရှိနေကြ၏။ တည်ပုံကား။

ဘုရား မဟောခင် ကမ္ဘာလောကနယ် တစ်ခွင်မှာ စိတ်နေစိတ်ထား ယဉ်ကျေး ကောင်းမြတ်သော ကုသလာဓမ္မာ ပဋ္ဌာန်းအကြောင်းတရားတို့ကြောင့် လူ. နတ်. ဗြဟ္မာ တို့မှာ ကောင်းသော ဝိပါက်. ပဝတ္တိ. ပဋိသန္ဓေ. ရုပ်. နာမ်. အဗျာကတ အကျိုးတရား ဖြစ်ရသည်ကိုလည်းကောင်း၊ ရိုင်းပြယုတ်မာသော အကုသလာဓမ္မာ ပဋ္ဌာန်း အကြောင်းတရားတို့ကြောင့် ငရဲ. တိရစ္ဆာန်. အပါယ်လေးဘုံ တို့မှာ မကောင်းသော ဝိပါက်. ပဝတ္တိ. ပဋိသန္ဓေ. ရုပ်. နာမ်. အဗျာကတ အကျိုးတရား ဖြစ်ရ သည်ကိုလည်းကောင်း တွေ့မြင်သိရှိရသဖြင့် ဘုရားဟော၍ အဘိဓမ္မာတရား ပဋ္ဌာန်းတရား ရှိသည်မဟုတ်၊ အဘိဓမ္မာတရား ပဋ္ဌာန်းတရားတို့က အမြဲထာဝရ ရှိနေကြသည်ကို သဗ္ဗညုတဘုရား ဖြစ်ပေါ်လာမှ ဉာဏ်နှင့် အမှန်ကို သိ၍ ကြည့်၍ ဟောတော်မူရသည်။

**မေး။ ။ ထိုပဋ္ဌာန်းတရား (၂၄)ပါးတို့ကို အဘယ်သို့ ဟောတော်မူသနည်း။**

ဖြေ။ ။ ဟေတုပစ္စယော အာရမ္မဏပစ္စယော စသည်ဖြင့် ဟောတော်မူ၏။

WWW.DHAMMARANSI.COM



မေး။ ။ ဟေတုပစ္စယောအရ သတ္တဝါတွေမှာ ဘယ်လိုအခါ ဖြစ်နေကြပါ သနည်း။

ဖြေ။ ။ မိန်းမ, ယောကျာ်း စသည်များကို နှစ်သက်ခင်မင် လိုချင်နေသောအခါ မှာလည်း လောဘပဋ္ဌာန်းနှင့်သာ လိုချင်ကြ၏။ နလုံးမသာမယာ အမျက်ထွက် သောအခါတို့မှာလည်းဒေါသပဋ္ဌာန်းနှင့်သာအမျက်ဒေါသဖြစ်ကြ၏။ အကြောင်း အကျိုး အကောင်းအဆိုး စသည်ကို မသိကြဘဲ မိုက်မဲတွေဝေသော အခါတို့မှာ လည်း မောဟပဋ္ဌာန်းနှင့်သာ မိုက်မဲတွေဝေကြ၏။ ဤသုံးပါး အကုသိုလ်တရား ဖြစ်ကြသော အခါတိုင်းတို့မှာ လောဘ၊ ဒေါသ၊ မောဟ ဟေတုပစ္စည်း ပဋ္ဌာန်း တရားကြီး ဖြစ်နေကြသည်တို့ကို ကိုယ်တွေ့မျက်မြင် အထင်အရှား သိနေကြ ပြီးသား မဟုတ်ပါလော။ ထိုမှတစ်ပါး မလိုချင် မခင်တွယ်ပြားဘဲ ပေးကမ်း စွန့်ကြသောအခါ စသည်တို့မှာ အလောဘပဋ္ဌာန်းနှင့်သာ ထိုထို ကုသိုလ်အမှု ပြုကြ၏။ ထိုထိုပေးကမ်းခြင်းဒါန၊ စောင့်စည်းခြင်း သီလ စသည်တို့ကိုပြုကြသော အခါတို့မှာလည်း အမျက်မထွက်ပြား ယဉ်ကျေးသော အဒေါသပဋ္ဌာန်းနှင့်သာ ထိုထိုကုသိုလ်အမှုကို ပြုကြ၏။ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို သိ၍ ဒါန၊ သီလ စသည်တို့ကို ပြုကြသော အခါတို့မှာလည်း အမောဟပဋ္ဌာန်းနှင့်သာ ထိုထိုကုသိုလ်အမှုကို ပြုကြ၏။ ဤသုံးပါး ကုသိုလ်တရား ဖြစ်ကြသော အခါတိုင်း တို့မှာ အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီး ဖြစ်နေကြသည် တို့ကို သင်တို့ကိုယ်တွေ့မျက်မြင် အထင်အရှား သိနေကြပြီးသား မဟုတ်ပါလော။ ဘုရား ရဟန္တာတို့ကား နောက်ဟိတ်သုံးပါး အဗျာကတ ပဋ္ဌာန်း တရားနှင့်သာ ဖြစ်ကြကုန်၏။

မေး။ ။ ဤလောကနယ်တစ်ခွင်မှာ မတရားသောအားဖြင့် လိုချင် နေကြ အောင် လည်းကောင်း၊ လုယက် ဖျက်ဆီး သတ်ဖြတ် နေကြအောင် လည်းကောင်း၊ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို မကြည့်နိုင် မသိနိုင်ဘဲ ဖွတ်တရွတ် မိုက်မဲနေကြအောင်လည်းကောင်း မည်သူက ဖန်ဆင်း၍ ဖြစ်ကြပါသနည်း။

ဖြေ။ ။ အို ... ကမ္ဘာသူ ကမ္ဘာသား ပညာရှိ အများတို့။ မည်သူကမျှ မဖန်ဆင်းရ ရှေ့ကပြခဲ့သည့် ရှိင်းပြယုတ်မာသော အကုသိုလ်အစုတို့တွင် ပါဝင်သော

WWW.DHAMMARANSI.COM



လောဘ၊ ဒေါသ၊ မောဟ ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးတို့က ဖန်ဆင်းပေးကြလို့သာ လောဘအလုပ်နှင့် လောဘရုပ်အမျိုးမျိုး၊ ဒေါသအလုပ်နှင့် ဒေါသရုပ်အမျိုးမျိုး၊ မောဟအလုပ်နှင့် မောဟရုပ် အမျိုးမျိုးတို့ ဖြစ်နေကြသည်ကို သင်တို့ကိုယ်တွေ့ဒိဋ္ဌ သိနေကြသည် မဟုတ်ပါလော။

**မေး။ ။ ဤရှေ့ကပြခဲ့သော လောဘ၊ ဒေါသ၊ မောဟတို့ ပျောက်ငြိမ်းအောင်လည်း မည်သူက ဖန်ဆင်းပေးပါသနည်း။**

ဖြေ။ ။ မည်သူကမျှ မဖန်ဆင်းရ ရှေ့ကပြခဲ့သော ယဉ်ကျေးကောင်းမြတ်သော ကုသိုလ်အစုတို့တွင် ပါဝင်သော မလိုချင်သည့် အလောဘ၊ မပြစ်မှားသည့် အဒေါသ၊ မတွေဝေငြား အကြောင်းအကျိုး အကောင်းအဆိုးများကို ထင်ရှားသိတတ်သော အမောဟ တို့ကြောင့်သာ ပျောက်ငြိမ်းကြကုန်၏။

**မေး။ ။ အလောဘကြောင့် လောဘပျောက်ငြိမ်းပုံကို အဘယ်သို့ သိရမည်နည်း။**

ဖြေ။ ။ ဤလောကဌ် နမြောစုံမက် မသုံးရက်သောသူပင် ဖြစ်စေကာမူ ငါ့မှာရှိသော ဝတ္ထုပစ္စည်းကား သိုးပုပ် ပျက်စီးသွားမည် ဟူ၍လည်းကောင်း၊ မကြာခင် မွဲတေသွားမည် ဟူ၍လည်းကောင်း၊ ကေန်မုချ ပျောက်ပျက်မည် ဟူ၍လည်းကောင်း၊ သိရှိရသောအခါ ၎င်းဝတ္ထုကို မခင်တွယ်ခြင်း အလောဘတရားဖြင့် အခြားသူအား ကျွေးမွေးပေးကမ်း စွန့်ကြဲသကဲ့သို့ ကောင်းမြတ်ယဉ်ကျေးသော သူတို့မှာလည်း သူတစ်ပါးပစ္စည်းကို မတရားသဖြင့် လိုချင်ရမှာဝေးစွ မိမိတို့မှာ ရှိသမျှသော ပစ္စည်းတို့သည်ပင်လျှင် မကြာခင် ရန်သူများနှင့် တွေ့၍ပျက်စီးကုန်ဆုံးနိုင်ခြင်း၊ ရန်သူတို့နှင့် မတွေ့စေကာမူ မကြာခင် မိမိက သေဆုံး၍ အကုန်လုံး စွန့်ထားခဲ့ကြရပြီး အဝတ်တစ်ခုမျှပင် မပါအောင် မွဲတေသွားနိုင်ခြင်း စသည်တို့ကို သိရှိရသောအခါ ကိုယ်ပိုင်ပစ္စည်းတို့ကို မနစ်သက် မသာယာသော အလောဘတရားဖြင့် ရက်ရက် စက်စက် ပေးကမ်းစွန့်ကြဲနိုင်သော ဒါန သီလ စသော သူတော်ကောင်းတရား အလောဘ ဟေတုပဋ္ဌာန်းတရားများကြောင့် ရှေးအဖို့က မတရားသဖြင့် လိုချင်နေကြသော လောဘတို့ကို ပယ်ရှား ဖျောက်ဖျက်နိုင်၏ဟု သိကြပါလေ။

WWW.DHAMMARANSI.COM



**မေး။ ။ အဒေါသ၊ အမောဟတို့ကြောင့် ဒေါသ၊ မောဟတို့ ပျောက်ငြိမ်းပုံကို အဘယ်သို့ သိရမည်နည်း။**

ဖြေ။ ။ လောက၌ သူတစ်ပါးကိုရက်စက်စိမ်းကားဒေါသပွားသောသူပင်ဖြစ်စေကာမူ အသိအလိမ္မာ ဉာဏ်ပညာနှင့်ဖြစ်စေ၊ ကိုယ်ချင်းစာတရားနှင့်ဖြစ်စေ၊ မိမိ၌ ဖြစ်ပွားနေသော ဒေါသ. မောဟ တို့ကို ပယ်ဖျောက်ပုံကား။ မိမိကို သူတစ်ပါးက အမျက်ဒေါသနှင့် ကြည့်သော်လည်းကောင်း၊ ဆဲဆိုရိုင်းပျသောစကား ပြောကြားလာသော်လည်းကောင်း၊ ရိုက်နှက် ထိုးခုတ် ပြုလုပ်သော်လည်းကောင်း၊ ဧကန်မုချ မိမိကမခံချင်ယုံမက ထိုသူကိုပင် မုန်းစိတ်ဝင်ပြီး တုံ့ပြန်ပြုကြမည် မလွဲဖြစ်ကြမည်ကို ထိုးထွင်းသောဉာဏ်ဖြင့် သိရှိရပြီးလျှင် ငါက ဒေါသဖြစ်ပွား၍ သူတစ်ပါး ဆဲဆိုရိုက်နှိုက် ကလည်း မခံချင်ကြပြီ၊ မျက်မှောက်တွင် ငါ့ကို ပြန်၍ နှိပ်စက် သံသရာ ကမ္ဘာတိုင်း တို့မှာလည်း ပြန်လှန်၍ နှိပ်စက်ညှဉ်းပန်းကြမည် မလွဲတည်းဟု အကြောင်းအကျိုး အကောင်းအဆိုးတို့ကို သိရှိသော ဉာဏ်အမြင်များ အမောဟ ဟေတုပစ္စည်း ပဋ္ဌာန်းတရားဖြင့် မသိရှိဘဲ မိုက်မဲတွေဝေဆိုးတေပြစ်မှားသော မောဟတရား, ဒေါသတရား တို့ကို ပယ်ရှား ဖျောက်ဖျက်နိုင်၏။ တစ်နည်း။ မိမိက သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းခြင်း စသည်များကို ပယ်ရှား၍ မေတ္တာတရားဖြင့် ချမ်းသာခြင်းများကိုသာ အလိုရှိသလို သူတစ်ပါးတို့ကလည်း မိမိအား တုံ့ပြန်သော မေတ္တာတရားဖြင့် ချမ်းသာခြင်းများကို အလိုရှိမှာ ချည်းပဲဟု ကိုယ်ချင်းစာတရားနှင့် ပွားများအားထုတ် ပြုလုပ်သော အဒေါသ၊ မေတ္တာတရား ပဋ္ဌာန်းများဖြင့် ဒေါသတရား ပဋ္ဌာန်းများကို ပယ်ရှား ဖျောက်ဖျက် နိုင်၏ဟု သိကြပါလေ။

❖

## ၁၅။ စိတ်ကောင်းမကောင်းတို့ကို ဟေတုပဋ္ဌာန်းဖြစ်ချက်နှင့် အထူး သတိပေးချက်။

မေး။ ။ ဤကုသိုလ် အကုသိုလ် ဖြစ်တိုင်းတို့မှာ ဟေတုပစ္စည်း ပဋ္ဌာန်းတရားတို့ချည်း ဖြစ်နေကြတာကို ဘုရားဟော ပဋ္ဌာန်းပါဠိတော်မှာ တိုက်ရိုက်ရှိပါ၏လား။

WWW.DHAMMARANSI.COM



ဖြေ။ ။ ရှိပါ၏။ ရှိပုံကား။

**ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော** ဟု ပြ၍ မြန်မာပြန်ဆိုရမူ။

**ဟေတုပစ္စယောတိ**၊ ဟေတုပစ္စည်း ပဋ္ဌာန်းကြီးဟူသည်ကား။ **ဟေတူ**၊ လိုချင်သည့် လောဘဟိတ်. ပြစ်မှားသည့် ဒေါသဟိတ်. တွေဝေသည့် မောဟဟိတ်. မလိုချင်သည့် အလောဘဟိတ်. မပြစ်မှားသည့် အဒေါသဟိတ်. မတွေဝေသည့် အမောဟဟိတ် ဟု ဆိုအပ်ကုန်သော အကုသိုလ်. ကုသိုလ်. အဗျာကတ ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့သည်။ **ဟေတုသမ္ပယုတ္တကာနံ**၊ ထိုဟိတ်ခြောက်ပါးနှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ**၊ စိတ်.စေတသိက် တရားတို့အားလည်းကောင်း။ **တံသမုဋ္ဌာနံ**၊ ထို ဟိတ်ခြောက်ပါး ဖြစ်ကုန်သော။ **ရူပါနဉ္စ**၊ စိတ္တဇရုပ်, ပဋိသန္ဓေ. ကမ္မဇရုပ် တို့အားလည်းကောင်း။ **ဟေတုပစ္စယေန**၊ အကြောင်းဖြစ်သော ဟေတုသတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ခပ်သိမ်းကိစ္စပြုလုပ်ကြအောင် ကျေးဇူးဆောင်သည်။ **ဟောတိ**၊ ဖြစ်၏။

ဤကား ကုသိုလ်.အကုသိုလ်.အဗျာကတဟိတ်ဖြစ်ဆဲသောအခါ၌ ကိုယ်. နှုတ်.စိတ်တို့ဖြင့် တစ်လောကလုံးကြီးတို့မှာပြုလုပ်ပြောဆိုကြံစည်နေကြပါသော လက်တွေ့အကျိုး အမျိုးမျိုးတို့တည်းဟူသော အနက်သဘော ဟူသမျှတို့ကို ဤပဋ္ဌာန်း ပါဠိတော်က ဟောပြတော်မူလျက် ဆားမြည်းရန် ပြချက် နည်းအမြွက် ပြီး၏။

ဤပစ္စည်း၏ အကျယ်ကိုလည်းကောင်း ထိုမှတစ်ပါးသော (၂၃)ပါးသော ပစ္စည်းတို့၏အကျဉ်းအကျယ် တို့ကိုလည်းကောင်းအလွယ်နှင့် အဝစားလိုကြပါမူ လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း၌လည်းကောင်း၊ ပဋ္ဌာန်းဝိပဿနာကျင့်စဉ် ကျမ်း၌ လည်းကောင်း၊ ယူ၍ ကြည့်ကြ သိကြ စားကြပါလေ ကမ္ဘာသူ ကမ္ဘာသား ပညာရှိ အများတွေတို့။

အို... ကမ္ဘာသူ ကမ္ဘာသား ပညာရှိ အများတို့။ ရှေ့ပြခဲ့သော စိတ်ဓာတ်စွမ်းကောင်းက ဖန်ဆင်းပေးချက် အရကိုလည်းကောင်း၊ အာဟာရဓာတ်စွမ်းကောင်းက ဖန်ဆင်းပေးချက် အရကိုလည်းကောင်း၊ ကိုယ်တွေ့ဒိဋ္ဌ သိရှိကြလျက် သင်တို့သည် ယုံတမ်းစကား ပြောကြားသည့်ပမာ တစ်စုံတစ်ယောက်သောသူက ဖန်ဆင်းပေးကြလို့သာ လောကအားလုံးကြီးတို့ ဖြစ်ပေါ်လာသည်ဟူသော

WWW.DHAMMARANSI.COM



အချက်များကို မမျှော်လင့် မယုံကြည်ဘဲ ဤဆားမြည်းကျမ်း အစမှစ၍ ပြအပ်သော ပရမတ္ထသစ္စာ သမုတိသစ္စာ တို့အရနင့် တည်ရှိနေကြသော ကမ္ဘာလောကကြီးကို ဥတုခေါ်သော တေဇောရုပ်ဓာတ် စွမ်းကောင်းကြီး၊ ကံခေါ်သော နာမ်ဓာတ်စွမ်းကောင်းကြီးတို့က ဖန်ဆင်းပေးကြလို့လည်းကောင်း။ တစ်နည်း။ ကံ, စိတ်, ဥတု, အာဟာရစသည်တို့က ဖန်ဆင်းပေးကြလို့လည်းကောင်း၊ ဖြစ်ပေါ်တည်ရှိ နေနိုင်ကြ၏ဟု စိတ်ချ ယုံကြည်ကြပြီးလျှင် အဖော် ဓာတ်စွမ်းကောင်း တို့နှင့်တကွ မိမိတို့ကိုယ်, နှုတ်, စိတ် တို့ဖြင့် အလိုရှိရာ ဓမ္မအမှု, လောကအမှုတို့ကို ပြီးစီးအောင် ပြုလုပ်အားထုတ်ကြရကုန်၏။ ဤ၌ အဖော် ဓာတ်စွမ်းကောင်းကြီးတို့ ဆိုသည်ကား။ သက်ရှိ,သက်မဲ့ အမျိုးမျိုးတို့ကို ဖန်ဆင်းပေးနိုင်သော တေဇော ဓာတ်စွမ်းကောင်း၊ သက်ရှိ သတ္တဝါများ အစားစား တို့ကို ဖန်ဆင်းပေးနိုင်သော အာဟာရ ဓာတ်စွမ်းကောင်း ဤရုပ်ဓာတ်ကောင်းများကိုလည်း ဆို၏။ မိမိပြုလုပ်သော အမှုသည် ဧကန် ဖြစ်ရမည်ဟု ထိုအမှု၌ ယုံကြည်သော သဒ္ဓါအစွမ်းကောင်း၊ ထိုအမှု၌ အားထုတ်သော ဝီရိယ အစွမ်းကောင်း၊ ထိုအမှု၌ အမြဲအမှတ်ထားသော သတိအစွမ်းကောင်း၊ ထိုအမှုပြုလုပ်ရန် တည်တံ့ခိုင်မြဲဖွဲကောင်းသော သမာဓိအစွမ်းကောင်း၊ ထိုအမှု၏ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို သိမြင်နိုင်သော ပညာဉာဏ် အစွမ်းကောင်း၊ ထိုအမှု၌ ရှေ့ဆောင်ပြုလုပ်နိုင်သော စိတ်ဓာတ်စွမ်းကောင်းကြီး စသော နာမ်ဓာတ်စွမ်းကောင်းများတို့ကိုလည်း ဆို၏။ ဤဓာတ်စွမ်းကောင်းကြီး တို့ကို ဗုဒ္ဓဘာသာ ကျမ်းဂန်၌ ဖြစ်ပေါ်အောင် ဖန်ဆင်းပေးနိုင်သော တရားကြီးတွေ၊ အားရှိသော ဗိုလ်ကြီးတွေ၊ အုပ်ချုပ်စီမံနိုင်သော အစိုးရကြီးတွေ ဖြစ်ကြ၏ဟု ဆို၏။ ၎င်းဗိုလ်အစိုးရ စသည်တို့ကို အဖော်သဟဲရ၍ ကိုယ်, နှုတ်, စိတ် တို့ဖြင့် ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီးတို့က အလိုရှိသော ထိုထိုအမှုတို့ကို ပြုကြ၏ (ဝါ) ဖန်ဆင်းပေးကြ၏။ ထိုသို့ပြုပြင်ဖန်ဆင်းပေးကြရာဝယ် ငါတို့ ဗုဒ္ဓဘာသာဘက်က သမထဝိပဿနာ လမ်းကို အားထုတ်ကြပါမူ မြေလျှိုး, မိုးပျံ, ဈာန်, အဘိညာဉ် နှင့်တကွ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်သို့ ရောက်နိုင်ကြ၏။ မျက်မှောက် လောကဘက်၌လည်း ၎င်းအဖော်များကို ရရှိ၍ ကြိုးကြိုးကုတ်ကုတ် ကိုယ်အမှု, နှုတ်အမှု, စိတ်အမှု တည်းဟူသော ဖန်ဆင်းပေးတတ်သည့် ကံများကို အားထုတ်ကြပါမူ ဤလောကကြီးမှာ အံ့သြဖွယ်ရာသော သင်္ဘော, ရထား, ကား, အလုပ်စက်ရုံကြီးများနှင့်

WWW.DHAMMARANSI.COM



လေယာဉ်ပျံ, ဓိုင်ယာလက်, အသံထွက်ရုပ်ရှင် စသည် များပြား အစားစားတို့ ဖြစ်ပွားနေအောင် ၎င်းကံတို့ကသာ ဖန်ဆင်းပေးကြပုံကို (ဝါ) ပြုလုပ်ပေးကြပုံကို သင်တို့ မျက်မြင် ကိုယ်တွေ့ ဖြစ်နေကြသည် မဟုတ်ပါလော။ ဤသို့မျက်မြင် ကိုယ်တွေ့သိရှိအောင် ဓမ္မရေး၊ မျက်မှောက် လောကရေးများ အစားစားတို့ကို ဖော်ပြရေးသားသော ဤလက်တွေ့ပဋ္ဌာန်း ဆားမြည်းကျမ်းနှင့်တကွ လက်တွေ့ ပဋ္ဌာန်းဘုံဆိုင်ကျမ်း စသည်ကို မည်သည့် ဘာသာမဆို အကြိမ်ကြိမ် အထပ်ထပ် ကြည့်ရှု စဉ်းစားအပ်သည် မဟုတ်ပါလော (ဝါ) အကြိမ်ကြိမ် အခါခါ ကြည့်ရှု စဉ်းစားကြပါလေ ပညာရှိတွေတို့။

ဩော် ရှေ့ကပြခဲ့သည့် ပဋ္ဌာန်းတရား အစားစား၊ ဘာသာရေး၊ လောကရေး အချက်များနှင့် အထူးတိုက်တွန်းနိုးဆော်ဖွယ်များကို မသိသိအောင် ကြည့်လည်း ကြည့်ခဲ့စွ၊ သိလည်း သိခဲ့စွ၊ သိကြသော်လည်း ယခုမျက်မှောက် လောကရေးမှာ မိမိတို့ကိုယ်တိုင် ချမ်းသာဟူသမျှတို့ကို အလိုရှိကြသလို သူတစ်ပါးတို့သည် လည်း အလိုရှိကြမှာချည်းပဲဟု ကိုယ်ချင်းစာတရားနှင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေဟူသော မေတ္တာများကိုလည်း ပွားခဲစွ၊ ယခု မျက်မှောက် လောကရေး မှာလည်း မိမိတို့ ဒုက္ခဟူသမျှ ကြောက်ကြသလို သူတစ်ပါးတို့လည်း ကြောက်ကြမှာချည်းပဲဟု ကိုယ်ချင်းစာတရားနှင့် ကိုယ်စိတ် နှစ်တွဲ ဆင်းရဲတို့မှ လွတ်မြောက်ကြပါစေဟူသော ကရုဏာများကိုလည်း ပွားခဲစွ၊ မပွားကြပါဘဲ လောဘ, ဒေါသ, မောဟတို့ နိုင်ငံထဲမှာ တစ်ယောက်တစ်လှည့် နှိပ်စက်ညှဉ်းဆဲ နေကြပါမူ ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ ဟူ၍သာ ကရုဏာတော် ရှေ့ထားကာ ညည်းတွား လိုက်ရပါတော့သတည်း။

အို… ကမ္ဘာသူ ကမ္ဘာသား ပညာရှိ အများတို့။ ဤလောကကြီး၌ အထက်နှင့် အောက်အကျ၊ အဆန်နှင့်အစုန်၊ အကောင်းနှင့်အဆိုး အမျိုးမျိုး အစားစား ရှိကြရာတွင် အထက်အဆန် အကောင်းတို့ဘက်ကိုမူကား အားထုတ်ပြုလုပ်မှ ဖြစ်ကြရ၏။ အကျအစုန် အဆိုးတို့ဘက်ကိုမူကား အားမထုတ်ကြဘဲ အားလျော့ လိုက်ကာမျှနှင့် အလိုလို ကျရောက် သွားကြသည်ကို သင်တို့သိနေကြသည် မဟုတ်ပါလော။ ဤသို့သိနေကြရာတွင် မျက်မှောက် လောကရေး၊ ဘာသာရေး၊ ဓမ္မရေး တို့ဘက်မှာ မြင့်မားဆန်တက် ကောင်းမြတ်ချက်တို့ကို အချက်ကျကျ သိနားလည်သူ ရှားပါးလှ၏။ သိရှိမှတ်မိရုံမျှနှင့်လည်း ၎င်းအကျိုးတို့ကို မခံစားရ

WWW.DHAMMARANSI.COM



သေးပုံကိုဥပမာဆိုသော် ဝိဇ္ဇာမိုရ်ဆေးကို ရရှိမှုနှင့် ဝိဇ္ဇာမမိုရ်နိုင်သေး၊ ၎င်းဆေးကို သုံးစားသွားမှသာလျှင် ဝိဇ္ဇာမိုရ် ဖြစ်ရသကဲ့သို့ ထိုထို လောကရေး. ဓမ္မရေး တို့ကို လေ့လာ အားထုတ် ပြုလုပ်သွားကြမှသာလျှင် လောကဓမ္မအကျိုးတို့ကို ခံစားသွားကြရမည် ဖြစ်သောကြောင့် ထိုလောကဓမ္မ ကြီးပွားရေး၌ လွယ်လင့်တကူ ပြုလုပ်နိုင်ကြရန် စိတ်လေ့ကျင့်ခြင်း အလုပ်ကို ဘာသာတစ်ရပ်အနေအားဖြင့် ကလေးသူငယ်က စ၍ ပြုလုပ်အားထုတ်ကြကုန်ရာ၏။

အားထုတ်ရပုံကား ကျောင်းဆရာများက မိမိကျောင်းသားတို့၏ ညံ့ဖျင်းချို့ယွင်းသော အချက်များကို ကြည့်ရှုရှာဖွေ၍ တစ်တန်းလျှင် တစ်နာရီကျစီဖြစ်စေ၊ အတန်းနိမ့်လျှင် နိမ့်သလောက်၊ မြင့်လျှင်မြင့်သလောက် လေ့ကျင့်ခန်းများကို ဆူကြံ နိမ့်မြင့် စီရင်ထားကြပြီးလျှင် စိတ်တိုသော သူငယ်များအား လေ့ကျင့်ခန်းတစ်မျိုး၊ ပျင်းရိသော သူငယ်များအား လေ့ကျင့်ခန်းတစ်မျိုး၊ လောဘကြီး၍ တစ်ကိုယ်ကောင်း ကြံတတ်သော သူငယ်များအား လေ့ကျင့်ခန်းတစ်မျိုး စသည်ဖြင့် ဆိုင်ရာဆိုင်ရာ လေ့လာ သင်ကြားပေးခြင်းအားဖြင့် သူငယ်များ၏ အကျင့်စာရိတ္တကို ပြုပြင် ပြောင်းလဲ ပေးကြကုန်ရာ၏။ ထိုမှတစ်ပါး အမျိုးကို ချစ်ခင်ခြင်း၊ မတရားသည်ကို ကဲ့ရဲ့ရှုံ့ချခြင်း၊ တရားသဖြင့် ပြုလုပ်နေထိုင်ကြသည်ကို ချီးမွမ်းခြင်း၊ ရဲဝံ့စွန့်စားခြင်းသည် သူငယ် ခပ်သိမ်းတို့နှင့် သင့်လျော်သော အရည်အချင်းတို့ ဖြစ်ပေါ်အောင် လေ့ကျင့်ခန်း တစ်မျိုးဖြင့် သင်ကြားပေးကြကုန်ရာ၏။ ထို့ပြင် ကျောင်းမှထွက်ပြီးသော ကျောင်းသားကြီးများ အဖို့မှာ စိတ္တဗလ လေ့ကျင့်ရေးအတွက် ကျောင်းတစ်ကျောင်း တည်ထောင်ဖွင့်လှစ်၍ ၆လ ၁နှစ် စသည်ဖြင့် ၎င်းကိစ္စအတွက် သက်သက် သင်ကြားလေ့ကျက် ကြသည်ရှိသော် မြို့ရွာတိုင်းပြည်တို့မှာ လိမ္မာယဉ်ကျေးစွာနှင့် လောကရေး၊ ဓမ္မရေးတို့ပါ ကြီးပွားတိုးတက်လာ၍ ပြည်သူပြည်သား မင်းအများတို့ပါ စိတ်ချမ်းသာ ကိုယ်အေးနှင့် လိုလေသေး မရှိကြအောင် ကောင်းကျိုးချမ်းသာ မင်္ဂလာတရား အစားစားတို့ ကြီးပွားတိုးတက်ကြပါစေသောဟု သြဒိဿ မေတ္တာကြီးကြီးပြုကာ အထူး သတိပေးလိုက်ရ ပါတော့သတည်း။

❖

WWW.DHAMMARANSI.COM



## ကျမ်းပြီးနိဂုံး

အင်္ဂလိပ်သက္ကရာဇ် ၁၉၄၁ ခု၊ မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ စနေနေ့အချိန်မှာ အပြီးသတ်အောင် ဤစာကို ရေးသား ပြောဟောရသော ကောင်းမှု စသည် အစုစုတို့ကြောင့် ပြည်ပိုင်အစိုးရတို့နှင့်တကွ တိုင်းသူပြည်သား တို့ပါလည်းကောင်း၊ ခေါင်းဆောင်ကြီးများ အစားစား တို့နှင့်တကွ နောက်လိုက် ငယ်သား တို့ပါလည်းကောင်း၊ ကောင်းမြတ်ယဉ်ကျေးသော အယူဝါဒ အကျင့် အကြံ ရှိကြသဖြင့် ကောင်းမြတ်သော အလိုဆန္ဒ အဝဝတို့နှင့် ပြည့်စုံကြ၍ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းသော အဖြစ်သို့ ရကြရောက်ကြပါစေ ကုန်သတည်း။ ဤသည် ကား "လက်တွေ့ပဋ္ဌာန်း ဆားမြည်းကျမ်း" အပြီးတည်း။

❖

## ပုံရိုက်နိဂုံး

အေးကြည်သံချို၊ နိဂုံးဆိုစိမ့်၊ မြင်းမိုရ်မေရု၊ ကတည့်တည့်၊ ဗဟုပကာ၊ ကျေးဇူးများသား ထွင်ရှုဖျားမှန်စွာ၊ ဆရာသခင်၊ အရှင်မိုးညှင်း၊ ရွှေလမင်း၏၊ အလင်းဒေသနာ၊ ရောင်ဝါတင့်ဆန်း၊ ကမ္ဘာလွှမ်းသည့်၊ ပဋ္ဌာန်းမည်သာ၊ ရွှေကျမ်းစာကို၊ နမူနာပြ၊ သိစေရဖို့၊ (လက်တွေ့ပဋ္ဌာန်း) ဆားမြည်းကျမ်းကို၊ ရဟန်းရှင်လူ၊ စင်ဖြူသီလ၊ ဒါနခင်မင် သူတော်စင်တို့၊ ကြည်လင်ဝမ်းသာ၊ သိပါ စေရန်၊ စိတ်ရည်သန်၍၊ သိသံ့အရင်း၊ ရှင်မိုးညှင်း၏၊ အတွင်းတပည့်၊ ကဝိတံခွန်၊ ဉာဏ်ရည်ချွန်သည့်၊ အမွန်ပါကင္ဍ၊ ကောဝိဒဟု၊ နာမတွင်ခေါ်၊ နေရင်း ကိုယ်တော်က၊ ထုတ်ဖော်နှုန်းစေ ဖြန့်ဝေပုံရိုက်၊ မော်ကွန်းစိုက်သည်။ သောင်းတိုက်ဇမ္ဗူ ဉဒါန်းတည်း။

လက်တွေ့ပဋ္ဌာန်း ဆားမြည်းကျမ်း

ပြီးပါပြီ။

❖

WWW.DHAMMARANSI.COM

အဂ္ဂမဟာပဏ္ဍိတ

**မိုးညှင်းဆရာတော်ဘုရားကြီး**

ရေးသားတော်မူသော

# လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီး

အဂ္ဂမဟာပဏ္ဍိတ
ကျွန်းရွာဆရာတော်ကြီး နှင့်
အမရပူရ မင်္ဂလာတိုက်ဟောင်း ဆရာတော် ဦးဝိမလ တို့
ထောက်ခံပြင်ဆင်ကြသည်။

(တာဝန်ခံ ထုတ်ဝေသူ)
နေရင်း - ဦးကောဝိဒ
မိုးညှင်းဆရာတော်ကြီး စက္ကရီထေရီ
မိုးညှင်းစံကျောင်း၊ ရန်ကုန်မြို့
(ပထမအကြိမ် အုပ်ရေ ၂၀၀၀ ပုံနှိပ်သည်)

| သာသနာ | ကောဇာ | ကမ္ဘာနှစ် |
|---|---|---|
| ၂၄၉၂ | ၁၃၁၀ | ၁၉၄၈ |

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ပဋ္ဌာန်းကို ပြချက်။ | ၅ |
| ၂။ | ကျမ်းဦးအစ ပဏာမကို ပြချက်။ | ၉ |
| ၃။ | လူနတ်တွင်မက ပြဟ္မာကျအောင် အောင်မြင်နိုင်သော လက်နက်ကောင်းကြီးများကို ပြချက်။ | ၁၄ |
| ၄။ | အဘိဓမ္မာ ပဋ္ဌာန်းတရားအစစ်များသည် သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်ခြင်းကို သဘာဝယုတ္တိ သာဓကယုတ္တိ ပြချက်။ | ၁၉ |
| ၅။ | ဓာတ်ဆိုသော စကားအရနှင့် ပဋ္ဌာန်းတရားတို့တူကြပုံကို ပြချက်။ | ၂၂ |
| ၆။ | ၂၄ပစ္စည်း ပဋ္ဌာန်းတရားကြီး ပါဠိတော် အနက်များကို ပြချက်။ | ၂၄ |
| ၇။ | ပဋ္ဌာန်းတရား အစစ်များကို အလွယ်နှင့်သိကြရန် ဆောင်ပုဒ်ဖြင့် ပြချက်။ | ၂၇ |
| ၈။ | ဉာဏ်အငယ်စားတို့ပွင် မိမိတို့ ဉာဏ်မီသလောက် ရုပ်နာမ်တရားများကို ထင်ရှားသိသာရုံမျှ ပြချက်။ | ၃၄ |
| ၉။ | ဟေတုပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေ ပြချက်။ | ၃၇ |
| ၁၀။ | အာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေ ပြချက်။ | ၄၄ |
| ၁၁။ | အဓိပတိပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေ ပြချက်။ | ၄၇ |
| ၁၂။ | အနန္တရ၊ သမနန္တရပစ္စည်းတို့နှင့် သဟဇာတပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေ ပြချက်။ | ၅၂ |
| ၁၃။ | သဟဇာတပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေ ပြချက်။ | ၅၄ |
| ၁၄။ | အညမညပစ္စည်းနှင့် နိဿယပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေ ပြချက်။ | ၅၈ |
| ၁၅။ | နိဿယပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေ ပြချက်။ | ၆၀ |

WWW.DHAMMARANSI.COM


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ဥပနိဿယပစ္စည်း၊ ပုရေဇာတပစ္စည်းတို့နှင့် ပစ္ဆာဇာတပစ္စည်း ပဋ္ဌာန်းကြီး တို့ အရကို မေးဖြေပြချက်။ | ၆၂ |
| ၁၇။ | ပုရေဇာတပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။ | ၆၅ |
| ၁၈။ | ပစ္ဆာဇာတပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။ | ၆၇ |
| ၁၉။ | အာသေဝနပစ္စည်း၊ ကမ္မပစ္စည်းတို့နှင့် ဝိပါကပစ္စည်း ပဋ္ဌာန်းကြီး တို့အရကို မေးဖြေပြချက်။ | ၆၉ |
| ၂၀။ | ကမ္မပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။ | ၇၀ |
| ၂၁။ | ဝိပါကပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။ | ၇၃ |
| ၂၂။ | အာဟာရပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေပြချက်။ | ၇၅ |
| ၂၃။ | ဣန္ဒြိယပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။ | ၇၈ |
| ၂၄။ | ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေပြချက်။ | ၈၂ |
| ၂၅။ | မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။ | ၈၄ |
| ၂၆။ | သမ္ပယုတ္တပစ္စည်းနှင့် ဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေပြချက်။ | ၈၈ |
| ၂၇။ | ဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။ | ၉၀ |
| ၂၈။ | အတ္ထိပစ္စည်းနှင့် နတ္ထိပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေပြချက်။ | ၉၃ |
| ၂၉။ | နတ္ထိပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။ | ၉၅ |
| ၃၀။ | ပဋ္ဌာန်းတရား ဝိပဿနာများကို အကျဉ်းမျှပြချက်။ | ၉၈ |
| ၃၁။ | အတွင်းရန်သူတို့ကို တိုက်ခိုက်ရန် စစ်ဆင်ကြံပုံကို ပြချက်။ | ၁၀၅ |
| ၃၂။ | ရန်သူကို အောင်မြင်အောင် တိုက်ခိုက်ပုံ နည်းလမ်းကို ပြချက်။ | ၁၀၈ |
| ၃၃။ | ပညတ် ပရမတ် ခွဲခန်းကို ပြချက်။ | ၁၀၈ |
| | သဲပုံစေတီပုံ | ၁၁၀ |
| | ပုတီးလုံးစေတီပုံ | ၁၁၁ |
| | စိပ်ပုတီးပုံ | ၁၁၂ |
| | စေတီတော်ပုံ | ၁၁၃ |

WWW.DHAMMARANSI.COM


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄။ | ရုပ်ကလာပ် သေးငယ်လှ၍ အထည့်ဒြပ် မပေါ်ကြပုံနှင့် ပေါင်းစပ်မိသောအခါမှ အထည့်ဒြပ် ပေါ် ကြပုံကို ပြချက်။ | ၁၂၀ |
| ၃၅။ | ကလာပ်ချင်း ပေါင်းစပ်မိသောအခါ ပညတ်တွေ ထင်ရှား ပေါ်ရှိလာသည်ကို ပြချက်။ | ၁၂၁ |
| ၃၆။ | ဒိဋ္ဌိရန်သူကြီးကို ပယ်ဖြုတ်၍ ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်ကို အားထုတ်ယူရပုံ။ | ၁၂၄ |
| ၃၇။ | ပရမတ္ထသစ္စာအရ၊ သက္ကာယနှင့် ဒိဋ္ဌိအရ၊ ပရမတ္ထသစ္စာနှင့် အရိယသစ္စာ အရ ခွဲခြား၍ ပြချက်။ | ၁၂၈ |
| ၃၈။ | သက္ကာယ နှင့် ဒိဋ္ဌိ ခွဲပြချက်။ | ၁၂၉ |
| ၃၉။ | သစ္စာနှစ်ပါး ခွဲပုံကို ပြချက်။ | ၁၃၁ |
| ၄၀။ | ကင်္ခါဝိတရဏ ဝိသုဒ္ဓိအရ အကြောင်းကို သိမ်းဆည်း ရှုကြည့်ရာ၌ ဗုဒ္ဓ ဘာသာအလို၊ ခရစ်ယာန်အလို အားဖြင့် ခွဲခြား၍ ပြချက်။ | ၁၃၂ |
| ၄၁။ | မိမိတို့အယူဝါဒနှင့်မိမိတို့ ဟုတ်ကြတာချည်းပဲဟု ဆိုသော်လည်း ပညာရှိအများတို့ စဉ်းစားကြည့်ကြဖို့အချက်တို့ကို ပြချက်။ | ၁၃၅ |
| ၄၂။ | ဤကမ္ဘာလောကကြီး၌ ဖန်ဆင်းသူ ရှိ,မရှိ အရကို ဗုဒ္ဓဘာသာ၊ ခရစ်ယာန် ဘာသာ နှစ်ပါးအရနှင့် ရှင်းလင်း၍ ပြချက်။ | ၁၃၇ |
| ၄၃။ | အဝိဇ္ဇာဏကက ရှိရှိသမျှတို့မှာ ပဋ္ဌာန်းအကြောင်းတို့ကြောင့်ချည်း ဖြစ်ကြ ပုံကို ပြချက်။ | ၁၄၁ |
| ၄၄။ | သတ္တဝါတို့၏အတွင်းသား ကမ္မဇကလာပ် အစားစားတို့ ပဋ္ဌာန်း အကြောင်းများကြောင့် ဖြစ်သည်ကို ပြချက်။ | ၁၄၅ |
| ၄၅။ | သတ္တဝါတို့၏အတွင်းသား စိတ်,ဥတု,အာဟာရဇကလာပ် အစားစားတို့ ပဋ္ဌာန်းအကြောင်းများကြောင့်သာ ဖြစ်သည်ကို ပြချက်။ | ၁၅၀ |
| ၄၆။ | ဘာသာခြားနှင့် စာမတတ်သူများပင် မသိချင်တယ်လို့မနေရအောင် ပဋ္ဌာန်းတရားကို ပြဆိုချက်။ | ၁၅၆ |
| ၄၇။ | ဓာတ် (၁၈)ပါး ပဋ္ဌာန်းတရားဖြစ်ပုံကို ပြချက်။ | ၁၅၈ |
| ၄၈။ | သတ္တဝါတို့မှာ ပဋ္ဌာန်းတရားတို့ချည်းသာ ဖြစ်နေပုံကို ပြချက်။ | ၁၆၂ |
| ၄၉။ | သားသမီးနှင့်မိဘ အမြဲနေထိုင်ကြရာ၌ ကုသိုလ်. အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ ဖြစ်ကြပုံကို ပြချက်။ | ၁၆၇ |

WWW.DHAMMARANSI.COM

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၀။ | လင်နှဲ့မယား စသည်များကို အမြဲနေထိုင်ကြရာ၌ ကုသိုလ်. အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ ဖြစ်ကြပုံကို ပြချက်။ | ၁၇၂ |
| ၅၁။ | ငှားရမ်းပြုလုပ်ခြင်း စသည်တို့မှာလည်း ပဋ္ဌာန်းအကြောင်းနှင့်ချည်း ဖြစ်နေကြပုံကို ပြချက်။ | ၁၇၇ |
| ၅၂။ | ပြုလုပ်သမျှ ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းအကြောင်းကြီးဖြင့် ယှံမှားခြင်း ကင်းပုံကို ပြဆိုချက်။ | ၁၈၄ |
| ၅၃။ | မတရားပြုလုပ်သမျှ အကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းအကြောင်းတရား တို့ဖြင့် ယှံမှားခြင်းကင်းပုံကို ပြဆိုချက်။ | ၁၈၈ |
| ၅၄။ | ဝိပဿနာအလုပ် အားထုတ်ကြရန် သဲချောင်း၌ ဉာဏ်စစ်ရေး ပြပုံကို ပြချက်။ | ၁၉၂ |
| | သဲခွက်ကြီးမှ သဲများကျသောအခါ သဲချောင်းကြီး ဖြစ်နေပုံ။ | ၁၉၅ |
| ၅၅။ | ရုပ်ကလာပ်တိုင်းတို့မှာ ပါသော ၂၅မီး အရနှင့် ဝိပဿနာ ရှုပုံကို ပြချက်။ | ၁၉၈ |
| ၅၆။ | လက်တွေ့ပဋ္ဌာန်းတရားနှင့် ဝိပဿနာ ရှုစားရပုံကို ပြချက်။ | ၂၀၁ |
| ၅၇။ | ပဋ္ဌာန်းအကုသိုလ်တရားတို့ကို ဝိပဿနာ ရှုစားရပုံကို ပြချက်။ | ၂၀၈ |
| ၅၈။ | မိုက်ပြီးသား အကုသိုလ်များကို အရင်းခံ၍ နိဗ္ဗာန်သို့ ကူးတက်သွား နိုင်ပုံကို ပြချက်။ | ၂၁၃ |
| ၅၉။ | ဣရိယာပုတ်ကြီး လေးပါးတို့အတွင်းမှာ အမှုအရာပျက် အစားစား ဝိပဿနာ ရှုသွားရပုံ။ | ၂၁၇ |
| ၆၀။ | မိုက်မှားမိသမျှတို့ကို ဝိပဿနာ ရှုရပုံကို ပြချက်။ | ၂၂၂ |
| ၆၁။ | မိုက်ပြီးသား အကုသိုလ်များကို ပယ်ဖျောက်ရပုံကို ပြချက်။ | ၂၂၇ |
| ၆၂။ | ဗုဒ္ဓဘာသာဝါဒနှင့် လောကဓာတ်ပညာ အယူဝါဒတို့ညှိနှိုင်းကြပြီး ဝိပဿနာစခန်းသို့တက်လှမ်း၍ ရှုကြည့်ရပုံကို ပြချက်။ | ၂၃၁ |
| ၆၃။ | ကျမ်းပြီးနိဂုံးကို ပြချက်။ | ၂၃၈ |
| ၆၄။ | ပုံရိုက်နိဂုံးကို ပြချက်။ | ၂၄၄ |

❖

WWW.DHAMMARANSI.COM

# နိဒါန်း

ကမ္ဘာကြီးတစ်ခုလုံးတွင် ဘာသာအယူ မတူကွဲပြား ဝါဒကလည်းများ၊ စိတ်ဆန္ဒကလည်း အစားစား ဖြစ်ကြသဖြင့် တရားနှင့် မတရားတို့ခွဲခြားကာ ကောင်းကောင်း မသိသဖြင့် အကြောင်းနှင့်အကျိုး အဆိုးနှင့်အကောင်း အကြောင်းရင်းအကျိုးရင်းအကျိုးဖျား အကြောင်းတရား အစစ်အမှန်များကို မလိုက်စားကြသဖြင့် စရိုက်အားဖြင့် ကြမ်းတမ်း၍ ပရမ်းပတာ အဖြာဖြာ ဖြစ်ပြီးလျှင် ကမ္ဘာစစ်ကြီးပင် ဒုတိယအကြိမ် ဖြစ်ခဲ့လေသတည်း။

ထိုအခါတွင် မုံရွာမြို့နယ်အတွင်း သတင်းတော် အလွန်ကြီးပြီးလျှင် စာဖွဲ့၍ မရေးနိုင်လောက်အောင် ထူးသည်ထက်ထူး၊ ဆန်းသည်ထက်ဆန်းလှသော သာသနာ ငါးထောင်တည်မည့် သမ္ဗုဒ္ဓဘုရားကြီး အာလိန်ငါးဆင့် တင့်တယ်လှသော ရေကန်များ၊ ဆန်းကြယ်လှသော ဗောဓိတိုက်တော်၊ အဟော်ဝတ ပြောပြမပြီး အံ့ချီး မကုန်နိုင်သော ဘုရားစေတီ၊ အလီလီသော ကမ္မဋ္ဌာန်းကျောင်း၊ ရာပေါင်းများစွာသော တန်ဆောင်း၊ ဇရပ်၊ အထပ်ထပ်သော တရားအားထုတ်ရာ ယောဂီအရာမ်ကြီးများ စသည်တို့ဖြင့် ပြည့်စုံလှသဖြင့် ဓမ္မခင်မင် သူတော်စင် ရဟန်းရှင်လူမှန်သမျှတို့၏ နိဗ္ဗာန်ပေါက် တရားကြီးကို ခိုမှီးအားထုတ်ရာ

WWW.DHAMMARANSI.COM



ပညာတက္ကသိုလ်ကျောင်းတိုက်ကြီးဟု ဉာဏ်ကြီးရှင် သူတော်စင် ပုဂ္ဂိုလ်ကြီးတို့၏ သမုတ်ခြင်း ထောမနာ ကောင်းချီးပေးခြင်း ခံရသော မိုးညှင်းတောရ ကျောင်းတိုက်ကြီးတွင် သီတင်းသုံးလျက် ရှိနေတော်မူသော။

သုံးဖြာပိဋကတ် တောသုံးရပ်တွင် အမြုတ်ရာဇာ ကေသရာသို့ မညှာ မထောက် မကြောက်မရွံ့ မတွန့်မဆိပ် ခြင်္သေ့စိတ်ဖြင့် တိဟိတ်ဥက္ကဋ္ဌ ဉာဏ်တော် မြတ်ဖြင့် နံ့စပ် ကျွမ်းကျင်တော်မူသော ပရိယတ္တိဝိသာရဒဂုဏ်။

ပဋိပတ်စခန်း မှုတင်လမ်းနှင့် ရဟန်းတရား အစားစားတို့ကို အများလူရှင် မတွေ့မြင်ဘဲ ဉာဏ်တွင်စူးရှ အာရုံရအောင် ထိုထိုသို့သော အရညဝိဟာရ ကျောင်းတံခါး တို့ကိုပင် ပိတ်၍ အဆင့်အဆင့် အလွန်ရင့်၍ အဆင့်ဆင့်တရား လွန်ထင်ရှားအောင် စကားမပြော တရားမဟောဘဲ (၁၀)နှစ်တိုင်တိုင် ကြံ့ခိုင် သော သမာဓိ၊ မယိမ်းယိုင် လှသော အဓိဋ္ဌာန်ဖြင့် စိတ်သန်သန် အားထုတ်တော် မူသော ပဋိပတ္တိ အာရဒ္ဓဝိပဿကဂုဏ်။

မိမိကျင့်ကြံ ထိုတရားတို့ကို လက်ဝယ်တင်ထား ပတ္တမြားသို့ထင်ရှား လင်းလင်း အမြင်ရှင်းအောင် ပမာပမေး ရောထွေးမရှိ ထိထိမိမိ ဟောပြသဖြင့် လောကအလယ်တွင် ဘယ်ဝယ်ဘယ်နှစ် မြန်မာ့ခေတ်တို့၌ မဖြစ်စဖူး မကြုံစဖူး သော သောင်းကျော်သိန်းနီးပရိသတ်ကြီးတို့ဖြင့် မြန်မာပြည်ကြီး တစ်ဝှမ်းလုံးတွင် တရားမိုးကြီး လွှတ်ကြသကဲ့သို့ ကျွတ်ပွဲသဘင် ပွဲကြီးယင်ခဲ့သဖြင့် အစဉ်သဖြင့် မင်း၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ ဆင်းရဲသား၊ လူထုများ၏ အားထား ကြည်ညိုခြင်း ခံရသော ဗဟုဇနပါသာဒိကဂုဏ်။

ရဟန်းသိက္ခာ အဖြာဖြာနှင့် မရာမအပ် မစပ်မလျော် မတော်မဖက် အချက် အလက်တို့ကို အသက်ကို အသေခံ၍ အမှန်လိုက်နာ ကောင်းစွာ လေးစား အရေး ထားတော်မူသော ဝိနယဂရုကဂုဏ်။

မြန်မာအစ အိန္ဒိယ၊ သီဟိုဠ်၊ အင်ဒိုချိုင်းနား၊ အင်ဒိုနီးရှား၊ ချိုင်းနားအမှန်၊ ဂျပန်၊ ဖိလစ်ပိုင်၊ အာရှနိုင်ငံတစ်ခွင် တို့နှင့်တကွ ဥရောပ ရပ်ထံ အင်္ဂလန်၊ ပြင်သစ် များလစ် ထွေထွေ အမေရိကန်၊ အာဖရိကနှင့် ရှရှနိုင်ငံအပါ ကမ္ဘာအရပ်ရပ် လွန် နံ့စပ်အောင် လွှမ်းပတ်ကြေညာ တေဇောသတင်း ဝေဖြာလင်းသည့် ရွှေလမင်း ပမာ သတင်းသာသော ကိတ္တိသဒ္ဒ ပါကဋတရဂုဏ်။

WWW.DHAMMARANSI.COM



အနာရောဂါ စစ္စာအပေါင်း မကောင်းလောကဓံ ချမ်းသာချီးမွမ်း လာဘ်များခြံရံ ကောင်းသောလောကဓံ အဖန်ဖန်တို့နှင့် တွေ့ကြုံပါသော်လည်း ထူးခြားမရှိ ပကတိ အလို နဂိုပင်ရင်း နလုံးသွင်းနှင့် ပြုံးရင်းပင် သည်းခံနိုင်သော ခန္တီဂုဏ် အစရှိသော ကျေးဇူးဂုဏ် အဖုံဖုံတို့ဖြင့် လုံးစုံမဆိတ် ဂုဏ်ဝိသိဋ္ဌကြောင့် အဂ္ဂမဟာပဏ္ဍိတ တံဆိပ်နာမ အလှူတော်ခံရသော ငါတို့ကျေးဇူးရှင် မိုးညှင်းဆရာတော် ဘုရားကြီးသည် ဤသို့အကြံဖြစ်တော်မူသည်။ ဩော် ... ငါတို့ဘုရားသခင်၏ တရားအစဉ်တို့တွင် ပဋ္ဌာန်းကျမ်းဒေသနာတော်ကြီးသည် အကြောင်းအမျိုးမျိုး ခွဲပြပြီး ငရဲက လွတ်နိုင်အောင် ဟောတော်မူ၍ ခက်ခဲ နက်နဲလှသော ဒေသနာ ဖြစ်လေသည်။ ထိုသည့် ပဋ္ဌာန်းကျမ်းကြီးကို အလွယ်တကူ သိနိုင်ရန် ရေးသား၍ ကမ္ဘာသူ ကမ္ဘာသားတို့အား ဖြန့်ဝေပေးရပါမူ အကြောင်းမှန် အကြောင်းစစ် တို့ကို သိမြင်၍ သတိယှဉ်ကာ အခါခါ ထိန်းပြီးလျှင် ကမ္ဘာကြီးပင် ငြိမ်းအေးပေလိမ့်မည် ဟူသော အကြံတော် ဖြစ်တော်မူသတည်း။

ထိုသို့ဖြစ်တော်မူသော အကြံတော်အတိုင်း ပဋ္ဌာန်းကျမ်းတော်ကြီးကို အလွယ်တကူနှင့် သင်ယူတတ်မြောက် ကြည့်ရှုကျင့်ကြံ အဖန်ဖန် ပွားများနိုင်ရန် အတွက် အခန်းကြီး၊ အခန်းငယ် အသွယ်သွယ် ပိုင်းခြား၍ မည်သူအားမျှ မငြင်းဆန်နိုင်ဘဲ ဟုတ်ပါပေသည် မှန်ပါပေသည်ဟု ဝန်ခံရအောင် သာဓကယုတ္တိ သဘာဝထိပြီး လက်ဆုတ်လက်ကိုင် ပိုင်ပိုင်ကြီး သိနိုင်သောကြောင့် လက်တွေ့ ပဋ္ဌာန်းဘုံဆိုင်ကျမ်းကို တခမ်းတနား ရေးသားထားတော်မူသတည်း။

ထိုသို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီးသည်ကား လူသာမည သုံးရဖို့ဝေး၊ ရေးကပုညဘုန်းတေဇနှင့် ပြည့်ဝကုန်သော ဘုန်းရှင် ကံရှင် သူတော်စင် သူတော်မြတ်တို့ အကျိုးငှာ သားရွှေအိုး ထမ်းလာသည်ကို မြင်ရသော မိဘများကဲ့သို့ ပဋ္ဌာန်း မျက်စိကြီး ကွယ်နေသည်ကို အလင်းရခြင်း ဘဝတိုင်း သုံးစားမကုန်နိုင်ဘဲ နိဗ္ဗာန် အထိ ချမ်းသာခြင်းကို ပေးနိုင်သော ဝိပဿနာရွှေအိုးကြီး အပြီးပါခြင်း စသော ဂုဏ်တို့ဖြင့် ပြည့်စုံလှသဖြင့် ဒုလ္လဘထက် အဘိဒုလ္လဘတစ်ခုဖြစ်သော မဥ္ဇူသက နတ်ပန်းကြီးကဲ့သို့သော ကျမ်းကြီးတစ်ဆူ ဖြစ်ပေသည်။

ငါတို့ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး ရေးသားတော်မူသော လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီးကို ထေရီ အပဒါန် မဟာအဋ္ဌကထာ စသော

WWW.DHAMMARANSI.COM



ကျမ်းပေါင်း (၉၇) ကျမ်းကို ပြုစုခြင်း မန္တလေးအနောက်ပြင် ချမ်းသာကြီးတိုက်တွင် သံဃာတော်(၉၀၀)ကျော်တို့အားနေ့စဉ်ပါဠိအဋ္ဌကထာဋီကာများကိုပို့ပေးချခြင်း (၁၆)နှစ်တိုင်တိုင် အရညဝါသီ တောရထေရ်အဖြစ် သီတင်းသုံးခြင်း အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် နှင့်တကွ လေးမြို့ဂိုဏ်းချုပ်နှင့် မကွေးခရိုင် သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်ဘုရားကြီးနှင့်။

အဘိဓမ္မာအရာ ညဝါဘက်၌ ပါကဋတရ ကျော်ကြားလှသော အမရပူရမြို့ မင်္ဂလာတိုက်ပေါင်း ဆရာတော်ဦးဝိမလတို့သည် အစမှ အဆုံးတိုင် အကြိမ်ကြိမ် အထပ်ထပ် သုံးသပ်ဆင်ခြင် ကြည့်ရှုတော်မူကြပြီးလျှင် အလွန်အကျူး အထူးသဖြင့် ကောင်းမြတ်လှပါပေသည်။ နှုတ်အားဖြင့်လည်းကောင်း၊ စာအားဖြင့် လည်းကောင်း အဖန်ဖန် ထောက်ခံချက် ပေးကြလေကုန်သော ကျမ်းကြီးတစ်ဆူ ဖြစ်ပါ၍ ရဟန်း ရှင်လူ ပြည်သူအများတို့သည် ပြည်တန်ပတ္တမြားရသောအသွင် စိတ်ဝယ်ထင်၍ ဆင်ခြင်ကြည့်ရှု စေလိုပါသည်။ ထိုသို့သော တန်ခိုးဂုဏ်နှင့် ပြည့်စုံသော လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီး တည်းဟူသော ပဒေသာပင်ကြီးမှ မိမိတို့အလိုရှိရာ ဝိပဿနာ အသီးအနှံတို့ကို ဆွတ်ခူး စားသုံးနိုင်ကြပါစေ ကုန်သတည်း။

န ပရသံ ဝိသောမာနိ၊ သြလောကေယျ ပဏ္ဍိတာ။
အတ္တနောတ္တံဝ ပေက္ခေယျ၊ ကတပုညာ ဝိစက္ခဏာ။

*သူ့အပြစ် စင်စစ်များလှသော်။*
*ပညာရှိ မကြည့် အမှန်နော်။*
*ကိုယ့်အကျိုး မျိုးမျိုးကြည့်၍သော်။*
*ကုသိုလ်ရှိ ကဝိပညာကျော်။*

*နေရင်း - ဦးကောဝိဒ*
*မိုးညှင်းဆရာတော်ကြီး စက္ကရီထေရီ*
*မိုးညှင်းစံကျောင်း၊ ရန်ကုန်မြို့။*

❖

WWW.DHAMMARANSI.COM



စိရံ တိဋ္ဌတု သဒ္ဓမ္မော

# လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း

(ပဋ္ဌိညာဉ်ကိုပြချက်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အို... ဘုန်းကံပါရမီရှိသူအပေါင်း သူတော်ကောင်းတို့။ သင်တို့သည် လောကီပညာနှင့် အလုပ်ဘက်သို့ဆောင်ရွက်ကြသောအခါ ဓာတုဗေဒ, ရူပဗေဒ စသော ဝိဇ္ဇာရေပညာနှင့် အလုပ်ကိုအားထုတ်ကြ၍ ယခုမျက်မြင် ဓာတုဗေဒ ဆရာကြီးတို့ထက်မက မြေလျှိုးမိုးပျံနိုင်သော ဝိဇ္ဇာရေပုဂ္ဂိုလ်ကြီးများဖြစ်စေကာမူ လည်းကောင်း၊ အစိုးရပညာနှင့် အလုပ်တို့ကို အားထုတ်ကြသောအခါ ဘုရင်ခံ ချုပ်ကြီးထက်မက လေးကျွန်းတစ်မြင်းမိုရ်ကို အစိုးရသော စကြာမင်းကြီးအစစ် ဖြစ်စေကာမူလည်းကောင်း၊ ဈာန်,အဘိညာဉ်နှင့် ကုသိုလ်အလုပ်တို့ကို အားထုတ်ကြ၍ မြေလျှိုး, မိုးပျံ, ဈာန်, အဘိညာဉ်တရားကို ရကြပြီး သိကြားမင်း ဗြဟ္မာမင်းကြီးတွေ ဖြစ်စေကာမူလည်းကောင်း၊ နောက်ဆုံးပိတ်တို့မှာ ပျက်စီး၍ ကျသော မီးအိမ်ပျံပမာ သေကြေ ပျက်စီးကြ၍သာ အပါယ်လေးပါးတို့အထဲမှာ တဝဲလည်လည် ရှေးကလည်း နေခဲ့ရလှ လေပြီ။ ယခုလည်း နေရလှနီးနီး၊ နောက်

WWW.DHAMMARANSI.COM



နှောင်လည်း နေရလတ္တံ့မည်များကို ဉာဏ်တွေ့မျက်မြင် ဆင်ခြင်စဉ်းစားကြည့်က လောကီဘက်ပညာနှင့် အလုပ်တို့မှာ ဘာတစ်ခုမျှ ယုံကြည်အားကိုးရခြင်း မရှိကုန်။

အို... ဘုန်းကံပါရမီရှိသူတို့။ သင်တို့သည် လောကုတ္တရာနှင့် စပ်သောပညာ အလုပ်တို့ကိုမူကား အသင်္ချေ ကမ္ဘာတွေကြာသော်လည်း အင်မတန်မှ တွေ့ကြုံ သင်ကြားကြရန်၊ ကျင့်ကြံအားထုတ်ကြရန်၊ ခဲယဉ်းလှသောကြောင့် အတိဒုလ္လဘဟု ဟောပြတော်မူလေ၏။ ယခုအခါ တွေ့ကြုံရသော သူတို့မှာကား အသက်မွေးမှုပညာ အလုပ်တို့ကို အားထုတ်နေ ကြရရှာသောကြောင့် အဘိဓမ္မာ ပဋ္ဌာန်းကျမ်းစာကြီးများကို သင်ကြားသိရှိကြရန် အင်မတန်မှ ခဲယဉ်းနေကြဆဲ အခါထဲတွင် ဘာသာခြား အမျိုးသားတို့ ဖြစ်စေကာမူ လူတန်းစေ့အောင် အသိပညာမရှိက အလွယ်တကူနှင့် လက်ငင်းချက်ချင်း သိသာနိုင်ကြအောင် မိမိတို့အတွင်း လောကကြီးအတွင်းမှာ ထင်ရှားရှိနေကြပါသော ပဋ္ဌာန်းတရား အစစ်များကို လက်တွေ့ဉာဏ်တွေ့ဖြင့် သိကြားနားလည်ရုံမက ဝိသုဒ္ဓိအစားစား ဝိပဿနာတရားတို့ပွင် အလွယ်တကူနှင့် ကျင့်ကြံ အားထုတ်နိုင်ကြရန် အောက်အမည်ပါ ပုဂ္ဂိုလ်ထူးကြီးများ တောင်းပန်ချက်အရ ယခု ရေးပြလတ္တံ့သော တရားတို့ကား။ ဘာသာရေးတရားဟု ဆိုရပေလိမ့်မည်။ ဤဘာသာရေးတရား၌ ငါတို့သဘောထားသည်ကား အယူဝါဒ အစားစား ရှိနေကြ သူတို့အား မိမိတို့၏ အယူဝါဒတရားနှင့်မိမိ ကျေနပ်နေကြပြီးသား ဖြစ်နေကြ သောကြောင့် ငါတို့က ဝင်စွက် ဖျက်ဆီးခြင်း နှိမ်နင်း ပြောဆိုခြင်း စသည်တို့ကို ပြုရန်မလို။ ငါတို့၏ တပည့်ဒကာ တို့ကိုလည်း ဝင်ရောက် စွက်ဖက် ဖျက်ဆီးခြင်း နှိမ်နင်း ပြောဆိုခြင်း များကို မပြုကြရန် တားမြစ် ပိတ်ပင်ထားသေး၏။

စင်စစ်မူကား ဘာသာအယူ ရှိသူတိုင်းတို့အားသစ်ကြဖို့အစစ်တို့ကား မိမိတို့အယူဝါဒ ကျင့်ကြံဖွယ် ဟူသမျှတို့ကို အကြောင်းအကျိုး အကောင်းအဆိုး ဟုတ်မဟုတ်ကို အမှန်သိရှိကြပြီးလျှင် ဖြောင့်ဖြောင့်မှန်မှန်နှင့် သူတော်တရား တစ်နေ့တခြား အသားတက်သည်ထက် တက်တက် သွားကြအောင်သာ အားထုတ်ဖို့နှင့် တစ်ဖက်သားကို ကူညီနိုင်က ကူညီရိုင်းပင်းကြဖို့သာ လိုကြပါ သတည်းဟု နှလုံးသွင်းရှိသည့်အတိုင်း ပြုလုပ်နေထိုင်ရာတွင် မိမိတို့ဘာသာရေး

WWW.DHAMMARANSI.COM



အလုပ်များကို ရေးသားကြရာဝယ် ထိုထို ဘာသာတစ်ခုနှင့်တစ်ခုတို့ တူမှုကြ၏။ အချို့အရေ့နှင့်အနောက် အထက်နှင့်အောက်တို့တစ်ဖက်တစ်လမ်းစီ ကွာခြားနေကြသလို ကွာခြားလျက် ရှိကြ၏။ ထိုသို့ကွာခြားရာတွင် တစ်ဖက်ဘက်ကို အကောင်းပြောက ကျန်သောဘက်ကို အပြစ်မပြောသော်လည်း အကောင်းမပြောသောကြောင့် အပြစ်ပြောရာ အဓိပ္ပာယ် ရောက်နေတတ်၏။ ဤသို့ရောက်ရှိသော အရာတို့ကို တွေ့ရှိသော အခါတို့မှာ တို့ဟာကသာ အမှန်ချည်းပဲ၊ အခြားဝါဒတို့ကို အမှားထား၍ မစဉ်းစားဘဲ မရှိသင့်ကြပေရာ။ စင်စစ်မူကား ဆရာပြောစကား ကျမ်းဂန်များကို အဆိုးနှင့်အကောင်း အကျိုးနှင့်အကြောင်းတို့ သင့်မသင့်များကိုကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းချိန်ကြည့်ရှုခြင်းစုံစမ်းမေးမြန်းခြင်းတို့ကို အကြိမ်ကြိမ် အထပ်ထပ် ပြုလုပ်၍ ထင်ရှားစွာ သိရှိပြီးမှ အစွမ်းကုန် လိုက်စားကျင့်ကြံ အားထုတ်ထိုက်ကြလှပေသတည်း။

ဤလက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကြီးကို ရေးသားပါမည့် အကြောင်းနှင့်တောင်းပန်ကြသော သာသနာတော်ကြီး ထွန်းလင်းရန် သမ္မာဆန္ဒ အဓိပတိ စေတနာရှင် ဘုန်းရှင် ကံရှင် ပါရမီရှင်ကြီးတို့မှာ အောက်ပါအတိုင်း ဖြစ်ပေသတည်း။

❖

WWW.DHAMMARANSI.COM



ပဋ္ဌာန်းကျမ်းကြီးရေးရန် တောင်းပန်ကြသော

# အဘိယာစက ပုဂ္ဂိုလ်ကြီးများ

(၁) အော်နာရေဘီ ဦးသိန်းမောင် ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးချုပ်၊ ရန်ကုန်မြို့။

(၂) ဦးတင်ထွဋ် နိုင်ငံခြားဝန်ကြီးဟောင်းနှင့် ဗမာ့တပ်မတော် အရံတပ်မင်းကြီး၊ ရန်ကုန်မြို့။

(၃) ဦးကျော် (K.S.M,O.B.E) ပဲခူးဝန်ရှင်တော်မင်းကြီးနှင့် ရွေးကောက်ပွဲဆိုင်ရာ မင်းကြီး၊ ရန်ကုန်မြို့။

(၄) သူဌေး ဦးမောင်မောင်၊ ဦးဆင်၊ ဒေါ်ငွေး၊ တိုက်ပိုင်ရှင်၊ ကုန်စျေးတန်း၊ ရန်ကုန်မြို့။

(၅) ကန်ထရိုက်တာ ဦးကင်းဖီ၊ အလုံ၊ ရန်ကုန်။

(၆) အင်းစိန်မြို့ မိုးညှင်း မင်္ဂလာဂတိဝိသုဒ္ဓိအသင်းကြီး။

(၇) ရန်ကုန်မြို့ မိုးညှင်းမင်္ဂလာဂတိဝိသုဒ္ဓိအသင်းကြီး။

(၈) ဘီ အိုင် ဦးထွန်းရွှေ ကုန်သည်ကြီး၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

(၉) ဦးမောင်မောင်ထွန်းအောင်ကျော်၊ ပါလီမန်လွှတ်တော်အမတ်၊ စစ်တွေမြို့။

❖

WWW.DHAMMARANSI.COM



# လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း

ကျမ်းဦးအစ ပဏာမကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(က) နာနာပစ္စယ တေဒေဟိ၊ ယော ပဋ္ဌပေသိ သဉ္စတေ။
ဝန္ဒေ တံ သဗ္ဗာဂုဏ်တံ၊ လောကမ္ဟိ အတိဒုလ္လဘံ။

(ခ) ပရိယာပန္နော ပဋ္ဌာနေ၊ ယော ဓမ္မော တိတာဒိယကော။
တဥ္စဓမ္မံ ဒသာဝိဓံ၊ ဝန္ဒေ သဗ္ဗတ္ထ သာဓကံ။

(ဂ) ယော ပဋ္ဌာနေ သဇ္ဈာတေန၊ ဓမ္မေန ဥတ္တမင်္ဂတော။
တဥ္စာ နဝဝိဓံ သံဃံ၊ ဝန္ဒေ မင်္ဂါဒိ ဒါယကံ။

(ဃ) ယေ ပဥ္စသု နိကာယေသု၊ ကောဝိဒါ စရိယာ သဘာ။
တေသံ မင်္ဂါဒိ ဒါယကာ၊ နမော ကတွာ ကတဥ္စလီ။

(င) ယောဂန္ထော သဗ္ဗသတ္တာနံ၊ သကတာသာဟိတာဝဟော။
တံဂန္ထံ ရစယိဿာမိ၊ သဗ္ဗသာဓာရဏံ သုဘံ။

(စ) ပဋ္ဌာနေ ဗုဒ္ဓဘာသိတေ၊ ဘာဝေတွာန ဝိပဿနံ။
မင်္ဂါဖလာမိ ဂါကာမာ၊ ပဿန္တု သုဒ္ဓမာနသာတိ။

(က) သဗ္ဗဂုဏ်ကော၊ ဘုန်းတော် ကံတော် ဉာဏ်တော် ဥဿုံ လုံးစုံထူးခြား အရဟတာ အစဖြာသော ဂုဏ်တော်များနှင့် ထင်ရှားကုန်လုံ ပြည့်စုံတော် မူပေထသော။ အတိဒုလ္လဘော၊ ကမ္ဘာအသင်္ချေ လွန်လေတုံငြား တွေ့ခဲ ကြုံခဲ ရခဲတော်

WWW.DHAMMARANSI.COM



မှုပေထသော။ **ယောဇုဒ္ဓေါ**၊ ဥဩ ယျင်း၀ သစ္စမဏ္ဍိုင် လက်ကိုင်ရပြီး အကြင် ခန္ဓာငါးပါးတည်းဟူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်။ **လောကမှိ**၊ သတ္တ. ဩကာသ. သင်္ခါရ ဟု ဖြစ်က ပျက်တုံ သုံးစုံသော လောကကြီး အတွင်း၌။ **နာနာပစ္စယတေဒေဟိ**၊ အထူးထူးကုန်သော ကံ. စိတ်. ဥ. ဟာ လေးဖြာသော ရုပ်အကြောင်း အာရုံဒွါရ နှစ်၀သော နာမ်အကြောင်း အပြားတို့ဖြင့်။ **သင်္ခတေ**၊ ပေါင်း၍ပြုပြင် စီရင် ခြယ်လှယ် အပ်ကုန်သော။ **ဓမ္မေ**၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ် အစစ် သဘာ၀အနှစ်တို့ကို။ **ပဋ္ဌပေသိ**၊ ကရုဏာ ဆန္ဒ ကြီးကျယ်လှသဖြင့် ၀ေနေယျတို့အကျိုး ရည်မျှော်ကိုး၍ ဟောတော်မူခဲ့ပေပြီ။ **အဟံ**၊ မိုးညှင်းတောရ အရည၀ါသီ ငါမထေရ်သည်။ **လောကမှိ**၊ သတ္တ. ဩကာသ. သင်္ခါရ ဟု ဖြစ်က ပျက်တုံ သုံးစုံသော လောကကြီး အတွင်း၌။ **နာနာပစ္စယတေဒေဟိ**၊ အထူးထူးကုန်သော ကံ. စိတ်. ဥ. ဟာ လေးဖြာသော ရုပ်အကြောင်း အာရုံဒွါရ နှစ်၀သော နာမ်အကြောင်း အပြားတို့ဖြင့်။ **သင်္ခတေ**၊ ပေါင်း၍ပြုပြင် စီရင် ခြယ်လှယ် အပ်ကုန်သော။ **ဓမ္မေ**၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်အစစ် သဘာ၀ အနှစ်တို့ကို။ **ပဋ္ဌာပိတံ**၊ ကရုဏာ ဆန္ဒ ကြီးကျယ်လှသဖြင့် ၀ေနေယျတို့အကျိုး ရည်မျှော်ကိုး၍ ဟောတော်မူတတ်ထသော။ **သဗ္ဗာဂုဏံတံ**၊ ဘုန်းတော် ကံတော် ဉာဏ်တော် ဥသျှံ လုံးစုံထူးခြား အရဟာတာ အစဖြာသော ဂုဏ်တော်များနှင့် ထင်ရှားကုန်လုံ ပြည့်စုံတော်မူပေထသော။ (ဆန်းကြောင့် ဒီဃ ရောက်) **အတိဒုလ္လဘံ**၊ ကမ္ဘာသင်္ချေ လွန်လေတုံငြား တွေ့ခဲ ကြုံခဲ ရခဲတော် မူပေထသော။ **တံဗုဒ္ဓံ**၊ ဥဩ ယျင်း၀ သစ္စမဏ္ဍိုင် လက်ကိုင်ရပြီး ထိုခန္ဓာငါးပါး တည်းဟူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို။ **တီဟိဒွါရေဟိ**၊ မဟာကုသိုလ် စိတ္တုပ္ပာဒ် ၀ိညတ်နှစ်လီ ၀စီကာယ သုံးဒွါရတို့ဖြင့်။ **အန္တရာယ၀ိသောသနာဒိအတ္ထံ**၊ ကာယိကဒုက္ခ စသည် ဖုံဖုံ ငါးမျိုးကုန်သော အန္တရာယ်တို့ကို ကင်းကွာသွေ့ခြောက် မရောက်စေခြင်း စသော အကျိုးငှာ။ **၀န္ဒေ ၀န္ဒာမိ**၊ သတိဉာဏ ၀ီရိယပြဋ္ဌာန်း ဇောစိတ် စွမ်းဖြင့် ရှင်လန်းကြည်စွာ ရှိခိုးပါ၏ အရှင်ဘုရား။ **၀န္ဒိတွာ**၊ အလွန်အကျူး အထူးသဖြင့် ရှိခိုးပြီး၍။

(ခ) **သဗ္ဗတ္ထသာဓကော**၊ မိမိတို့လိုရာ အဖြာဖြာသောအကျိုး အမျိုးမျိုးတို့ကို ပြီးစေ တတ်ထသော။ **ဟိတဒါယကော**၊ လောကီလောကုတ္တရာ နှစ်ဖြာသော စီးပွားတို့ကို ကြီးမားအောင် ပေးတော်မူတတ်ထသော။ **ဒသ၀ိဓော**၊ ဆယ်ပါး

WWW.DHAMMARANSI.COM



အပြားရှိသော။ **ယောမဂ္ဂေါ**၊ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အကြောင်းတရားတော်မြတ်သည်။ **ပဋ္ဌာနေ**၊ သဗ္ဗညုတ ဉာဏ်စွမ်းဖြင့် တခမ်းတနား ဟောကြားရာဖြစ်သော ပဋ္ဌာန်းကျမ်းတော်ကြီး၌။ ပရိယာပန္နော၊ အကြုံးဝင်တော်မူ၏။ **အဟံ**၊ မိုးညှင်းတောရ အရှည ဝါသီ ငါမထေရ်သည်။ **ပဋ္ဌာနေ**၊ သဗ္ဗညုတဉာဏ်စွမ်းဖြင့် တခမ်းတနား ဟောကြားရာ ဖြစ်သော ပဋ္ဌာန်းကျမ်းတော်ကြီး၌။ ပရိယာပန္နံ၊ အကြုံးဝင်ထသော။ **သဗ္ဗတ္ထသာဓကံ**၊ မိမိတို့လိုရာ အဖြာဖြာသော အကျိုးအမျိုးမျိုးတို့ကို ပြီးစေတတ်ထသော။ **ဟိတဒါယကံ**၊ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတို့ကို ကြီးမားအောင် ပေးတော်မူတတ်သသော။ **ဒသာဝိဓံ**၊ ဆယ်ပါး အပြားရှိထသော။ (ဆန်းကြောင့် ဒီယရောက်) **တဥ္စဓမ္မံ**၊ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ထိုတရားတော်မြတ်ကိုလည်း။ **တိဟိဒွါရေဟိ**၊ မဟာကုသိုလ် စိတ္တုပ္ပါဒ် ဝိညတ်နှစ်လီ ဝစီကာယ သုံးဒွါရတို့ဖြင့်။ **အန္တရာယဝိသော သနာဒိအတ္ထံ**၊ ကာယိကဒုက္ခ စသည်ဖုံဖုံ ငါးမျိုးကုန်သော အန္တရာယ်တို့ကို ကင်းကွာ သွေ့ခြောက် မရောက်စေခြင်း စသော အကျိုးငှာ။ **ဝန္ဒေ ဝန္ဒာမိ**၊ သတိညာဏ ဝီရိယ ပြဋ္ဌာန်း ဇောစိတ်စွမ်းဖြင့် ရှင်လန်းကြည်စွာ ရှိခိုးပါ၏ အရှင်ဘုရား။ **ဝန္ဒိတွာ**၊ အလွန်အကျူး အထူးသဖြင့် ရှိခိုးပြီး၍။

(၈) **ပဋ္ဌာနေ**၊ ရေသောက်မြစ်ပမာ ကြီးကျယ်လှစွာသော ဟိတ်တရား စသည်တို့၏ တည်ရာဖြစ်သော ကျမ်းတော်ကြီး၌။ **သဏ္ဍိတေန**၊ ပုလဲလုံးပမာ စီကုံးကာ ဘားသကဲ့သို့ကောင်းစွာတည်ထသော။ **ဓမ္မေန**၊ မိမိသဘာဝ ဆောင်နေလှသော တရားတော်ကြောင့်။ မဂ္ဂါဒိဒါယကော၊ နာမ်ရုပ်အထွေထွေတို့ကို မဂ်ဖိုလ်၏အခြေဖြစ်လောက် အောင် အခါခါ ဟောကြား၍ ပေးသနားတော်မူတတ်ထသော။ **နဝဝိဓေါ**၊ လေးပါး မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် လေးဝ ကလျာဏ ပုထုဇဉ် အားဖြင့် ကိုးပါး အပြား ရှိထသော။ **ယောသံဃော**၊ ကိလေသာ အပူမီးတို့ကို ခုတ်လှီးသတ်ဖြတ် အကြင် သံဃာတော်မြတ်သည်။ **ဥတ္တမဂ်တော**၊ အထွဋ်အထိပ် အမြတ်သို့ ရောက်တော်မူပြီ။ **အဟံ**၊ မိုးညှင်းတောရ အရှည့ဝါသီ ငါမထေရ်သည်။ **မဂ္ဂါဒိဒါယကံ**၊ နာမ်ရုပ်အထွေထွေတို့ကို မဂ်ဖိုလ်၏အခြေဖြစ်လောက်အောင် အခါခါ ဟောကြား၍ ပေးသနားတော် မူတတ် ထသော။ **နဝဝိဓံ**၊ လေးပါး မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် လေးဝ ကလျာဏ ပုထုဇဉ် အားဖြင့် ကိုးပါးအပြား ရှိထသော။ **တဥ္စသံဃံ**၊ ကိလေသာအပူမီးတို့ကို ခုတ်လှီးသတ်ဖြတ် ထိုသံဃာတော်

WWW.DHAMMARANSI.COM



အရှင်မြတ်ကိုလည်း။ (ဆန်းကြောင့်ဒီဃရောက်) **တီဟိဒ္ဓါရေဟိ**၊ မဟာကုသိုလ်စိတ္တုပ္ပာဒ် ဝိညတ်နှစ်လီ ဝစီကာယ သုံးဒွါရတို့ဖြင့်။ **အန္တရာယ ဝိသောသနာဒိ အတ္ထံ**၊ ကာယိကဒုက္ခ စသည်ဖုံဖုံ ငါးမျိုးကုန်သော အန္တရာယ်တို့ကို ကင်းကွာ သွေ့ခြောက်မရောက်စေခြင်း စသော အကျိုးငှာ။ **ဝန္ဒေ ဝန္ဒာမိ**၊ သတိညာဏ ဝီရိယ ပြဋ္ဌာန်းဇောစိတ်စွမ်းဖြင့် ရှင်လန်းကြည်စွာ ရှိခိုးပါ၏ အရှင်ဘုရား။ **ဝန္ဒိတွာ**၊ အလွန်အကျူးအထူးသဖြင့် ရှိခိုးပြီး၍။

(ဃ) **မဂ္ဂါဒိပါဒကာ**၊ မဂ်အခြေ ဖိုလ်အခြေ ရှိတော်မူကြကုန်သော။ **ပဉ္စသု**၊ ငါးပါးကုန်သော။ **နိကာယေသု**၊ နိကာယ်ကျမ်းကြီးတို့၌။ **ကောဝိဒါ**၊ လိမ္မာကျွမ်းကျင် သိမြင် တတ်မြောက်ကြကုန်သော။ **ယေ အာစရိယာသဘာ**၊ အကြင် ဆရာတော်တို့သည်။ **သန္တိ**၊ လောကတစ်ခွင် ပေါ်လွင်ကျော်ကြား ထင်ရှားရှိကုန်၏။ **မဂ္ဂါဒိပါဒကာနံ**၊ မဂ်အခြေ ဖိုလ်အခြေ ရှိတော်မူကြကုန်သော။ **ပဉ္စသု**၊ ငါးပါးကုန်သော။ **နိကာယေသု**၊ နိကာယ် ကျမ်းကြီးတို့၌။ **ကောဝိဒါနံ**၊ လိမ္မာကျွမ်းကျင် သိမြင် တတ်မြောက်ကြကုန်သော။ **တေသံ အာစရိယာ သဘာနဉ္စ**၊ ထိုဆရာတော်တို့အားလည်း။ **ကတဉ္ဇလီ**၊ ပြုအပ်သော လက်အုပ်ချီခြင်းစသည်။ **ဟုတွာ**၊ ဖြစ်၍။ **နမော**၊ ကိုယ်, နှုတ်, စိတ် တို့ဖြင့် ညွတ်ရှိုင်း ခြင်းကို။ **ကတွာကရောမိ**၊ ပညာပြဋ္ဌာန်း သဒ္ဓါစွမ်းဖြင့် ရှင်လန်းကြည်စွာ ပြုထိုက်ပါ၏။ **ကတွာ**၊ ပြုပြီး၍။

(င) **ယောဂန္တော**၊ အကြင် လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းသည်။ **သဗ္ဗသတ္တာနံ**၊ တရုတ်, မွန်, မြန်မာ, ကုလား, ကမ္ဘာသူ, ကမ္ဘာသား, ပညာရှိ အများတို့၏။ **သကဘာသာယ**၊ မိမိတို့၏ ဘာသာဖြင့်။ **ဟိတာဝဟော**၊ အစီးအပွားကို ဆောင်တတ်၏။ **သဗ္ဗသတ္တာနံ**၊ တရုတ်, မွန်, မြန်မာ, ကုလား, ကမ္ဘာသူ, ကမ္ဘာသား, ပညာရှိ အများတို့၏။ **သကဘာသာ သကဘာသာယ**၊ မိမိ, မိမိတို့၏ ဘာသာဖြင့်။ **ဟိတာဝဟံ**၊ အစီးအပွားကို ဆောင်တတ်ထသော။ **သုဘံ**၊ အစ, အလယ်, အဆုံး ကလျာဏသုံးပါးနှင့် ပြည့်စုံခြင်း ကြောင့် တင့်တယ်ထသော။ **သဗ္ဗသာ ဓာရဏံ**၊ အလုံးစုံသော တရုတ်, မွန်, မြန်မာ, ကုလား, ကမ္ဘာသူ, ကမ္ဘာသား, ပညာရှိ အများတို့နှင့် ဆက်ဆံထသော။ **တံဂန္ထံ**၊ ထို လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကို။ **ရစယိဿာမိ**၊ သတိ, လုံ့လ, ဉာဏ ပြဋ္ဌာန်း ဆန္ဒစွမ်းဖြင့် ရေးသားပြုပြင် စီရင်ပေတော့အံ့။

WWW.DHAMMARANSI.COM



(၈) ဗုဒ္ဓဘာသိတေ၊ မြတ်စွာဘုရားသခင် ဟောကြားတော်မူအပ်ကုန်သော။ ပဋ္ဌာနေ၊ ပဋ္ဌာန်းမှန်ပြား ရုပ်နာမ်တရားတို့ကို။ ဝိပဿနံ၊ အနိစ္စဉာဏ်. ဒုက္ခဉာဏ်. အနတ္တဉာဏ် အချက်အလက်တို့ဖြင့် ဆက်ကာ ဆက်ကာ ကြည့်ရှုခြင်း ဘာဝနာကို။ ဘာဝေတွာန၊ အားထုတ် ပွားများကြကုန်၍။ မဂ္ဂါဖလာဓိဂါကာမာ၊ မဂ်ဖိုလ်ကို ရလို ရောက်လိုကြကုန်သော။ (ဆန်းကြောင့် ဒီဃပြု မ.ချေ) သာဓဝေါ၊ သူတော်ကောင်းတို့သည်။ သုဒ္ဓမာနသာ၊ စင်ကြယ်ကောင်းမြတ်သော စိတ်ထားဖြင့်။ ပဿန္တု၊ ကြည့်ရှုကြပါကုန်လော။

ဣတိ၊ ဤသည်လျှင် ရတနတ္တယပဏာမ စသည်ကို ပြသော စကားရပ် အပြီးသတ်သတည်း။

❖

# ဘုန်းကံရှင်များသတိပြုရန်

အလျား ယူဇနာ ငါးရာရှိသော ကိမိရပိင်္ဂလ မည်သော ငါးကြီးသည် ရစ်သောင်း လေးထောင် နက်ဝှမ်းဆောင်သော သမုဒ္ဒရာရေ၌သာလျှင် ကျက်စားနိုင်သကဲ့သို့ ဘုရားရှင်၏ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးသည် ပဋ္ဌာန်းကျမ်းကြီးကို ကျက်စား မြူးထူး ရတော့မှ ရောင်ခြည်တော် ခြောက်ဖြာ စကြာဝဠာ ဆုံးအောင် လွှမ်းဖုံးထွက်လေသတည်း။

အို... ဘုန်းကံရှင်များတို့။

သင်တို့၏ ဉာဏ်သည် ဤပဋ္ဌာန်းကျမ်းကြီး၌ ကျက်စားမြူးထူးခွင့် ရအောင် ကြိုးစားပါလော။

❖

WWW.DHAMMARANSI.COM



## (၁) လူနတ်တွင်မက ဗြဟ္မာကျအောင် အောင်မြင်နိုင်သော လက်နက်ကောင်းကြီးများကို ပြချက်။

အို ... တရုတ်၊ မွန်၊ မြန်မာ၊ ကုလား၊ ဘာသာတူ၊ ဘာသာခြား၊ ပညာရှိအများတို့၊ သင်တို့သည် ရန်သူ ဘေးရန်ဟူသမျှတို့ကို အောင်မြင်ကြ၍ အနိုင်ဆုံးကြီး ဖြစ်ကြပြီး ချမ်းသာစွာ နေလိုကြသည် မဟုတ်ပါလောဟု မေးခဲ့မူ နေလိုပါသည်ဟုဖြေဆိုကြမည်ကားမလွဲတည်း။ဤကဲ့သို့နေလိုကြပါမူ သင်တို့အောင်မြင်ကြလိုသော ရန်သူဘေးရန်ကို ရှေးဦးစွာ သိရှိကြပြီးမှ ထိုရန်သူတို့ အောင်မြင်ကြောင်း လက်နက်ကောင်းတို့ကို သိရှိအပ်၏။ ထိုလက်နက်ကောင်းတို့ဖြင့်လည်း နေ့ညဉ့်မလပ် သတိချပ်၍ ကြိုးပမ်းတကုတ် အားထုတ် နိုင်နင်းအောင် တိုက်ခိုက်ယူရသည်ကို သိရှိပြီးသား မဟုတ်ကြပါလော။

ဤကဲ့သို့ နိုင်နင်းအောင် ပြုလုပ်ကြပြီး ချမ်းသာစွာ နေလိုကြသူ ပညာရှိသဘောဖြူ အစစ်ဖြစ်ကြက ယခုရေးပြလတ္တံ့သော (လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း) ကို အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုစဉ်းစား၍ သိရှိကြရမည့် ရန်သူဘေးရန်ဟူသည်ကား အပဘေးရန်၊ အတွင်းဘေးရန်များ နှစ်စားရှိရာတွင် အပဘေးရန်ဟူသည် တစ်ယောက်နှင့်တစ်ယောက်၊ တစ်ရပ်နှင့်တစ်ရပ်၊ တစ်မြို့နှင့်တစ်မြို့၊ တစ်ပြည်နှင့်တစ်ပြည်တို့ လုယက်နှိပ်စက် ဖျက်ဆီးကြသော ရန်သူတို့ကို အပရန်သူဟု ဆိုအပ်၏။ ထိုရန်သူတို့ကို နိုင်နင်းအောင် တိုက်ခိုက်ကြရန် သေနတ်၊ ဗုံး၊ အမြောက်၊ တိုပီတို စသော ထိုထို လက်နက်ကောင်းကြီးငယ် အသွယ်သွယ်တို့ဖြင့် တိုက်ခိုက်ယူကြရပုံကို အကုန်အစင် နိုင်လိုချင်သူဟူသမျှ သိရှိကြပြီးသားဖြစ်ကြမည်ကား မလွဲတည်း။ ထိုသို့ သိရှိကြသည့်အတိုင်း လက်နက်ကောင်းတို့ဖြင့် တိုက်ခိုက်၍ဖြစ်စေ၊ မတိုက်ခိုက်ရဘဲ ဘုန်းကံ ပါရမီတို့ အရှိန်အစော်အာနုဘော်တို့ကြောင့်ဖြစ်စေ အပရန်သူ ဘေးအန္တရာယ်တို့ကို တစ်ကယ်တမ်းနိုင်နင်းကြပြီး လေးကျွန်းတစ်မြင်းမိုရ် တို့ကို စိုးပိုင်သည့် စကြာမင်းကြီးအစစ်ဖြစ်နေကြ၍လည်းကောင်း၊ နတ်ပြည်မှာ အနိုင်ဆုံး သကြားမင်းကြီးအစစ် ဖြစ်နေကြ၍လည်းကောင်း၊ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာမင်းကြီးအစစ် ဖြစ်၍လည်းကောင်း နေကြရသည် ဆိုကြပါဦးတော့၊ ထိုသူသည် အပရန်ကိုသာ အောင်မြင်ကြပြီး မိမိတို့အတွင်းရှိရန်သူကြီးတို့အစစ်များကိုရန်သူမှန်းလည်းမသိ၊တိုက်ခိုက်ရမည့်

WWW.DHAMMARANSI.COM



လက်နက်လည်းမရှိ၊ တိုက်ခိုက်လိုသော လုံ့လ, ဝီရိယ တို့ကလည်း နတ္ထိ ဖြစ်နေကြသည့်အတွက် ဘုံအားလျော်စွာ အိုဘေး အဆင့်ဆင့်၊ နာဘေး အဆင့်ဆင့်၊ သေဘေးအဆင့်ဆင့်တို့တွေကြုံကျရောက်ကြပြီးအရှုံးပေးလို့ချည်း ရှေ့ကလည်း လာခဲ့ရလှပြီ မဟုတ်ပါလော။

ဤကမ္ဘာလောကကြီး အတွင်းမှာ ရှိရှိသမျှသော သတ္တဝါ ဟူသမျှတို့ သေဘေးကြီး ဆိုက်ကြအောင် အရှုံးပေးလို့ချည်း သွားကြရမည် မဟုတ်ပါလော။ နောက်နောင် သံသရာ ကမ္ဘာအဆက်ဆက် တို့မှာလည်း ယခုမျက်မြင်ဒိဋ္ဌ အရှုံးပေး ကြရသလို သေဘေးကြီး ဆိုက်ဆိုက်သွားအောင် အရှုံးပေးသွားကြရမည်ကို သင်တို့ဉာဏ်အမြင်ဖြင့် ဆင်ခြင်ကြည့်မူ အပရန်သူကို အောင်မြင်သည်ထက် မိမိ, မိမိတို့၏ ကိုယ်တွင်းရန်သူကို အောင်မြင်အောင် တိုက်ခိုက်ရသည်က အလွန့်အလွန်ကြီး ခက်ခဲလှသည်ကို သင်တို့သိရှိထိုက်ကြသည် မဟုတ်ပါလော။

ဤသို့သိရှိကြရ၍ မိမိကိုယ်တွင်း ရန်သူကို တိုက်ခိုက်လိုသော လက်နက်ကောင်းကြီးတို့ကား တစ်ကိုယ်လုံးရှိ ရုပ်မှုန့်စုနှင့် သိရှိမိုက်မှား လိုက်စား လွန်ကျူးနေကြသော နာမ်အထုတို့ကို နိုပ်စက်ဖျက်ဆီး အောင်မြင်နိုင်သော ဓာတ်တရား၊ ပရမတ်တရား၊ ပဋ္ဌာန်းဝိပဿနာတရားကြီးများ အစားစားတို့ပေတည်း။ ထို အစားစားတို့တွင် ပဋ္ဌာန်းဝိပဿနာတရားဟု ဆိုအပ်သော စကားသည် ပါဠိပဋ္ဌာန သဒ္ဒါသို့ လိုက်၍ ပဋ္ဌာန်းဟု ပါဠိပျက် စကားပင်တည်း။

ထိုပဋ္ဌာနဟူသော ပါဠိစကားဝယ် ပ.အက္ခရာက အထူးထူး အပြားပြားဟူသော အနက်ကို ပြောပြ၏။ ဋ္ဌာန.သဒ္ဒါက အကြောင်းပစ္စည်းဟူသော အနက်ကို ပြောပြ၏။ ထိုစကားနှစ်ရပ်ကို ပေါင်းလိုက်လျှင် ပါဠိစကားနှင့် ပဋ္ဌာန၊ မြန်မာ စကားနှင့် အထူးထူး အပြားပြားသော အကြောင်းပစ္စည်းဟု ပြောဆိုရ၏။ အထောက်သက်သေကား။

ကေနဋ္ဌေန ပဋ္ဌာနန္တိ နာနာပကာရပစ္စယဋ္ဌေန၊

ပကာရေဟိနာနာပကာရတ္ထံဒီပေတိ၊ ဌာနသဒ္ဒေါ ပစ္စယတ္ထံ။

အနက်မြန်မာကား။ ကေနဋ္ဌေန၊ အဘယ်အနက်သဘောကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်းမည်သနည်း။ ဣတိစေ၊ ဤသို့မေးငြားအံ့။ နာနာပကာရပစ္စယဋ္ဌေနံ၊ အထူးထူး အပြားပြားသော အကြောင်းပစ္စည်းဟူသော အနက်သဘောကြောင့်။

WWW.DHAMMARANSI.COM



**ပဋ္ဌာနံ**၊ ပဋ္ဌာန်းမည်၏။ **တိ**၊ ထိုစကားကို အကျယ်ပြဆိုဦးအံ့။ **ပကာရော**၊ ပဋ္ဌာန ဟူသော ပုဒ်မှာ ပါသော ပ.အက္ခရာသည်။ **နာနာပကာရတ္ထံ**၊ အထူးထူး အပြားပြား သော အနက်ကို။ **ဒီပေတိ**၊ ပြောပြ၏။ **ဌာနသဒ္ဒေါ**၊ ဌာန သဒ္ဒါသည်။ **ပစ္စယတ္ထံ**၊ အကြောင်းပစ္စည်းဟူသော အနက်ကို။ **ဒီပေတိ**၊ ပြောပြ၏ ဟု ပဋ္ဌာန်းအဋ္ဌကထာ၌ လာတိုင်း သိအပ်၏။ ထိုသို့သိအပ်သော တရားအစစ်များကို ဟောကြားတော် မူရာ၌ စကြဝဠာ ကမ္ဘာလောကတိုင်းမှာ ထင်ရှားရှိနေကြပါသော ရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ်, ပဋ္ဌာန်းတရားတို့ကို သုံးစုပြု၍ ဟောတော်မူသော တိက ပဋ္ဌာန်း။ နှစ်စုပြု၍ ဟောတော်မူသော ဒုကပဋ္ဌာန်း။ စသည်တို့ဖြင့် ၂၄ကျမ်း ရှိရာတွင် တိကပဋ္ဌာန်းတို့၌လည်း ထိုထို ရုပ်,နာမ် အစားစား ပဋ္ဌာန်းအစစ် တရားတို့တွင် မြန်မာလို ကောင်းသောသဘောတရား အစစ်များကို ကုသလာ ဓမ္မာ ဟု ပါဠိစကားနှင့် ဟောကြားတော်မူ၏။

မြန်မာလို မကောင်းသော သဘောတရား အစစ်များကိုလည်း အကုသလာ ဓမ္မာ ဟု ပါဠိစကားနှင့် ဟောကြားတော်မူ၏။ ထိုနှစ်ပါးမှလွတ်သော မြန်မာလို ကောင်း, မကောင်း ဟု မဆိုရသော ရုပ်နာမ်သဘောတရား အစစ်များကို အဗျာကတာဓမ္မာ ဟု ပါဠိစကားနှင့် ဟောကြားတော်မူ၏။ ဤသို့ ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ ဟူသော စကားတို့ဖြင့် သုံးစုပြုကာ တိက ပါဠိတော်မှာ ဟောတော်မူပါသည်ကို။

ကုသလော၊ ကုသလသ္သ၊ **အကုသလော**၊ **အကုသလသ္သ**၊ **အဗျာကတော**၊ **အဗျာကတသ္သ** စသည်ဖြင့် ဟောကြားတော်မူပါသော ပဋ္ဌာန်းကျမ်းကြီးကို ကုသလတိက ပဋ္ဌာန်းကြီးဟု ဆိုအပ်ပါသတည်း။

ထိုမြန်မာစကား ပါဠိစကားတို့၏ အရကိုလည်း အင်္ဂလိပ်၊ ဟိန္ဒူ၊ တရုတ်၊ ဂျပန် စသော ဘာသာ အမျိုးမျိုးတို့နှင့် ပြန်ဆို သိရှိနိုင်ကြကုန်ရာ၏။ ယခုအခါ ညဝါ နေ့ဝါ အနေထား၍ သင်ကြားရေးသားသော ပဋ္ဌာန်းကျမ်းကြီးတို့သည် ဤကုသလတိကပဋ္ဌာန်း တစ်မျိုးတည်းများနှင့်သာ စာအုပ် အမြောက်အများ ကျယ်ဝန်းစွာ ရေးသားချုပ်နေကြရပေသတည်း။

ထိုသို့ ချုပ်နေကြရသော ပဋ္ဌာန်းစာ ပဋ္ဌာန်းစကား တို့က ပြောပြအပ်သော ပဋ္ဌာန်းတရား အစစ်များတို့၏ နက်နဲ ခက်ခဲ သိမ်မွေ့လှကြောင်းနှင့် တန်ခိုးရှိန်စော်

WWW.DHAMMARANSI.COM



အာနုဘော်ကြီးလှကြောင်းကို မျက်စိအမြင်ရှိသော ကမ္ဘာသူ ကမ္ဘာသားတိုင်း တို့က နေလတို့၏ တန်ခိုးရှိန်စော် အာနုဘော်ရှိခြင်း အရောင်အလင်းတို့ကို သိမြင်ထင်ရှားသကဲ့သို့ သာသနာဂိုဏ်းဝင် လူရှင်အများ ဉာဏ်အမြင်ရှိသူ အစားစားတို့သည်လည်း ထိုပဋ္ဌာန်းတရားတော်ကြီး၏ ကျယ်ဝန်း နက်နဲ ခက်ခဲ သိမ်မွေ့လှကြောင်းနှင့် တန်ခိုးရှိန်စော် အာနုဘော်ကြီးလှကြောင်းကို ကြားဖူးနားဝ ထင်မြင် သိရှိကြကုန်၏။ ထိုပဋ္ဌာန်းကြီး၏ တန်ခိုးရှိန်စော် အာနုဘော်ကြီးခြင်းကား အခြား အဘိဓမ္မာတရား သဘောသွားတို့ကို မြတ်စွာဘုရားကိုယ်တော်တိုင် ဆင်ခြင်စဉ်းစား နှလုံးထားသော်လည်း အနန္တရောင်ခြည်တော် မထွက်ချေ။ ဤပဋ္ဌာန်းတရား သဘောသွားကို ဆင်ခြင်စဉ်းစား နှလုံးထားနေမှသာလျှင် ဘုရားကိုယ်တော်မြတ်ကြီးမှ အဆုံး အပိုင်းအခြားမရှိ အရပ်ဌာနတို့သို့ ပြန့်နှံ့သွားရောက်နိုင်သော ခြောက်သွယ်သော ရောင်ခြည်တော်တို့ထွက်ပေါ် ကွန့်မြူးကြလေအောင် တန်ခိုးရှိန်စော် အာနုဘော်ကို ဆောင်နိုင်၏။ ယခုအခါ တန်ခိုးရှိန်စော် အာနုဘော်ကြီးလိုသူတို့သည်။ ဤပဋ္ဌာန်းတရား ပါဠိတော်များကို ကျက်မှတ်၍ အမြဲ ရွတ်ဖတ် ပြန်အံခြင်း အနက်အဓိပ္ပာယ် စသည် သိအောင် နှလုံးသွင်းခြင်း စသည်ကို ပြုကြပါလေ။

ကျယ်ဝန်းနက်နဲပုံကို မဟာသမုဒ္ဒရာကြီးနှင့်တူစွာ ဥပမာ ပြတော်မူ၏။ ခက်ခဲ သိမ်မွေ့ပုံကိုကား ဤသာသနာတော်ကြီးသည် စစဦး ကွယ်ပသောအခါ ဤပဋ္ဌာန်းကျမ်းကြီးက စ၍ ကွယ်ပေလိမ့်မည်။ အကြောင်းမူကား ထိုကျမ်းဂန်ကြီးသည် သာမန်လူစားတို့မသင်ကြား မပို့ချနိုင်ကြဘဲ အလွန့်အလွန် နက်နဲ ခက်ခဲ သိမ်မွေ့လှသော ပဋ္ဌာန်းတရားအစစ်များဆိုသည်ကား အဘယ်ကဲ့သို့ သဘောတရားများဖြစ်ပါ၍ အဘယ်အရပ်မှာ ရှိပါသနည်းဟု မေးခဲ့လျှင် ထိုပဋ္ဌာန်းတရားကြီး ဆိုသည်ကား အခြားမဟုတ်ပါ။ သာသနာ ဂိုဏ်းဝင် လူရှင်ရဟန်းတို့ ကြားဖူးနားဝ သိရှိပြီးသား ဖြစ်ကြသော ရုပ်နာမ်သဘောတရား အစစ်များ ဖြစ်ပါ၍ မိမိအတွင်း သူတစ်ပါးအတွင်း ထိုထို လောကဓာတ် စကြာဝဠာ ကမ္ဘာလောကဓာတ်ကြီး အတွင်းမှာ တင်းကြမ်းပြည့် ရှိနေကြပါသည်ဟု ဖြေဆိုရမည်။ ထိုပဋ္ဌာန်းတရားဆိုသည်ကား အဘယ်ကဲ့သို့ သဘောရှိပါ၍ ပြောကြားအပ်သော စကား ဖြစ်ပါသနည်းဟု မေးခဲ့လျှင် မိမိတို့နှင့်တကွ စကြာဝဠာ ကမ္ဘာလောကကြီး

WWW.DHAMMARANSI.COM



အတွင်း၌ တင်းကြမ်းပြည့် ရှိနေကြသော ပဋ္ဌာန်းတရား အစစ်များကို သတ္တဝါ အများ နားလည်သွားစေနိုင်သည့် သဘောရှိသော ဘုရားကစ တပည့်သာဝက အဆက်ဆက်တို့ကလည်း ထိုထိုပဋ္ဌာန်းတရား အနက်များကို သိရှိကြအောင် ဘယ်ဘာသာနှင့်မဆို ဟောပြောသမျှသော စကားဟူသမျှတို့သည် ပဋ္ဌာန်းစကား တို့ချည်းဟု ဖြေဆိုရပေလိမ့်မည်။ ဤအရာ၌ အထောက်အထားကို သိရန်ကား သာမဏော ရဟန်းများ ကံပြုရန် သရဏဂုံနှင့် ကမ္မဝါ တို့ကိုသာ ပါဠိနှင့် သုံးရသည်။ အခြားရှိသမျှသော တရားများကိုကား ဘာသာ အစားစားနှင့် ပြောကြား အပ်၏ဟု ဝိနည်းမဟာဝါ၌ လာသည့်အတိုင်း ပဋ္ဌာန်းစကား တို့ချည်းသာဟု ပြောဆိုအပ်ပေ သတည်း။

ထိုထိုပဋ္ဌာန်းကျမ်းစာတို့ဆိုသည်ကား အဘယ်သို့သဘောရှိပါ၍ ရေးသား အပ်သော ကျမ်းစာ ဖြစ်ပါသနည်းဟု မေးခဲ့ပြန်လျှင် ဘုရားကစ၍ တပည့်သာဝက တို့ပါ ဘယ်ဘာသာနှင့်မဆို ဟောကြားသမျှသော ပဋ္ဌာန်းစကားတို့ ပျောက်ပျက် မသွားကြရန် ရည်သံရင်း သဘောထားနှင့် မည်သည့်ဘာသာ အက္ခရာစာလုံးနှင့် မဆိုရေးသားသမျှသော ကျမ်းစာဟူသမျှတို့သည် ပဋ္ဌာန်းကျမ်းစာ တို့ချည်းတည်း ဟု ဖြေဆိုရပေလိမ့်မည်။

ဤပဋ္ဌာန်းတရား ပဋ္ဌာန်းစကား ပဋ္ဌာန်းစာ သုံးမျိုးသုံးစားတို့သည် တစ်ခုက တစ်ခု မဟုတ်ကြဘဲ အလွန့်အလွန်ကြီး ခြားနားလျက် ရှိနေကြသော်လည်း ထိုထို ဘာသာ အက္ခရာစာလုံးတို့ဖြင့် ရေးသားအပ်သော ပဋ္ဌာန်းကျမ်းစာတို့က ထိုထို ဘာသာတို့၏ ပဋ္ဌာန်းစကားတို့ကို ဖြစ်ပွားလေအောင် ကျေးဇူးပြု၏။ ထိုထို ဘာသာတို့၏ ပဋ္ဌာန်းစကားတို့ကလည်း ထိုထိုပဋ္ဌာန်းတရား အစစ်များတို့ကို သိကြားနားလည်အောင် ကျေးဇူးပြု၏။ ထိုသို့သိကြားနားလည်သော အသိဉာဏ် ကလည်း ဝိပဿနာတရား အစားစားတို့ကို ပွားများအားထုတ်ကြရ၍ မိမိတို့၏ ကိုယ်တွင်းရန် အတန်တန်တို့ကို အောင်မြင်ကြရပြီး အချမ်းသာဆုံးကြီးဖြစ်သော နိဗ္ဗာန်ပေါက်တရားအစားစားတို့ကို ဖြစ်ပွားကြအောင် အလွန့်အလွန်ကြီး ကျေးဇူး ဆောင်သည့် အဖြစ်ကို သိထိုက်လှ လေတော့သတည်း။

❖

WWW.DHAMMARANSI.COM



## ၂။ အဘိဓမ္မာ ပဋ္ဌာန်းတရားအစစ်များသည် သတ္တဝါအလုံးစုံ ဘုံနှင့် ဆိုင်ခြင်းကို သဘာဝယုတ္တိ သာဓကယုတ္တိ ပြချက်။

**မေး။ ။ ပဋ္ဌာန်းတရားတို့သည်အဘယ်မှာဖြစ်ကြ၍မည်သူတို့ရယူခံစားထိုက် ပါသနည်း။**

ဖြေ။ ။ သတ္တဝါတွေနှင့်တကွ အနန္တလောကကြီးအတွင်းမှာ တင်းကြမ်းပြည့် ရှိနေ ကြသော ပဋ္ဌာန်းတရားကို သတ္တဝါတိုင်းတို့ပင် ရယူခံစားနိုင်ပါ၏။

ဤသို့ဖြေဆိုခဲ့သော်မကျေနပ်သူတို့က ဘာသာခြားတို့နှင့်မဆိုင် အဘိဓမ္မာ တရား ပဋိစ္စသမုပ္ပာဒ်တရား ပဋ္ဌာန်တရားအစစ်များတို့ဆိုတာ ဂေါတမ မြတ်စွာ ဘုရား ပွင့်တော်မူမှ ဖြစ်ပေါ်လာသော တရားအစစ်များဖြစ်၍ ဗုဒ္ဓဘာသာ တို့နှင့်သာ ဆိုင်သောတရားများ မဟုတ်ပါလောဟု မေးဖွယ်ရှိသည်၌။

အို... တရုတ်၊ မြန်မာ၊ ကုလား၊ ဘာသာတူ၊ ဘာသာခြား ပညာရှိ အများတို့။ သင်တို့စဉ်းစားကြရန်ကား။ ထိုမေးသူတို့ထင်မြင်ချက်ရှိတိုင်း မဟုတ်ပေ။ စင်စစ် မူကား။ ဘုရားမပေါ်ခင်ကပင် ရှေ့ကပြခဲ့တိုင်း ကမ္ဘာလောကနယ်တစ်ခွင်မှာ ဘာသာ ရှိသူ့မရှိသူ သတ္တဝါတိုင်း တို့မှာပင် လိမ္မာယဉ်ကျေးကြသည့် ကောင်းသောသဘောဟု ဆိုအပ်သော ကုသိုလ်ပဋ္ဌာန်း အကြောင်းတရားတွေ ရှိနေကြ ပြုလုပ်နေကြသောကြောင့် ထိုထိုရှေ့နောက်အခါ ကမ္ဘာလောကကြီး တို့မှာ လူတွေ နတ်တွေ ပြဟ္မာတွေဟု ဆိုအပ်သော သုဂတိဘဝနှင့် ကောင်းကျိုး ချမ်းသာ မင်္ဂလာ အစားစားတို့ဖြစ်ပွားနေကြသော ရုပ်၊ နာမ်၊ ပဋ္ဌာန်း အကျိုး ဝိပါက် အဗျာကတတရားတို့ ဖြစ်နေကြသည်ကို သင်တို့မျက်မြင်ဒိဋ္ဌ သိရှိထိုက်ကြသည် မဟုတ်ပါလော။

ထိုမှတစ်ပါး ဘာသာရှိသူ မရှိသူ သတ္တဝါအများတို့မှာပင် မိုက်မှား ရိုင်းပြသည့် မကောင်းသော သဘောဟု ဆိုအပ်သော အကုသိုလ် ပဋ္ဌာန်း အကြောင်းတရားတွေ ရှိနေကြ ပြုလုပ်နေကြသောကြောင့် ထိုထိုရှေ့နောက် အခါ ကမ္ဘာလောကကြီးတို့မှာ တိရစ္ဆာန်တွေ ပြိတ္တာတွေ အသူရကာယ်တွေဟု ဆိုအပ်သော မကောင်းသော ဒုဂ္ဂတိဘဝ နှင့် ဒုက္ခအစားစားရုပ်နာမ်ပဋ္ဌာန်းအကျိုး ဝိပါက် အဗျာကတတရား အမျိုးမျိုးတို့ဖြစ်နေကြသည်ကို သင်တို့မျက်မြင်ဒိဋ္ဌ သိရှိထိုက်ကြသည် မဟုတ်ပါလော။

WWW.DHAMMARANSI.COM



အို... တရုတ်၊ မြန်မာ၊ ကုလား၊ ဘာသာတူ၊ ဘာသာခြား ပညာရှိ အများတို့။ ရှေ့ကပြခဲ့တိုင်း သိရှိရသူ ပညာရှိ သဘောဖြူ မှန်သမျှတို့ကား ရှေ့က ဖြေကြားခဲ့သည့်အတိုင်း သိရှိရသဖြင့် ဩော် ကုသိုလ်. အကုသိုလ်. အဗျာကတ အစားစား ပဋ္ဌာန်းအစစ်များတို့ဆိုတာ ဘုရားပွင့်သည်ဖြစ်စေ. မပွင့်သည်ဖြစ်စေ ထိုထို စကြဝဠာ ကမ္ဘာလောကကြီးတို့အတွင်းမှာ ဘာသာရှိသူ.မရှိသူ သတ္တဝါတိုင်း တို့၌ပင် အမြဲထာဝရ ထိုက်သည် အားလျော်စွာ ကုသိုလ်အကြောင်းတရား အကုသိုလ်အကြောင်းတရားတို့ကို ပြုလုပ် အားထုတ်ကြ၍ ကောင်းကျိုးချမ်းသာ မကောင်းကျိုးဆင်းရဲများ အဗျာကတတရားတို့နှင့် တွေ့ကြုံကြရ ရယူခံစားကြ ရသော လက်တွေ့ပဋ္ဌာန်းတရားဘုံဆိုင် အစစ်များတို့ ပေတည်းဟု သိရှိကြ ကုန်ရာ၏။

ဤသို့သင်တို့သည် မည်သည့်ဘာသာမဆို မျက်မြင်ကိုယ်တွေ့လက်တွေ့ ဒိဋ္ဌ ယုံကြည် သိရှိကြကုန်ရာသည်ကိုလည်းကောင်း၊ သတ္တဝါအလုံးစုံတို့နှင့် ဆိုင်သည်ကိုလည်းကောင်း၊ ရည်မှတ်၍ ရေးသားအပ်သော ဤကျမ်းကို လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း ဟု အမည်ပေးအပ်ပါသတည်း။

တစ်နည်း။ သဘာဝယုတ္တိနှင့် သိဖွယ်ကား။

အို ... တရုတ်၊ မွန်၊ မြန်မာ၊ ကုလား၊ ဘာသာတူ၊ ဘာသာခြား ပညာရှိ အများတို့။ အကယ်၍ ရှေ့ကပြခဲ့သည့် စာဒက ထင်မြင်တိုင်း အဘိဓမ္မာတရား ပဋိစ္စသမုပ္ပါဒ်တရား ပဋ္ဌာန်းတရားအစစ်များတို့ဆိုတာ ဘုရားဖြစ်ပေါ်လာမှသာ ဖြစ်ပေါ်လာကြပါမူ ဘုရားမဖြစ်ခင် ရှေ့အဖို့က ရုပ်နာမ်ခန္ဓာ အစားစား ပဋ္ဌာန်း တရားတို့ မဖြစ်ပေါ်နိုင်သေးကြ၍ တိုင်းပြည်နှင့်တကွ မယ်တော် ခမည်းတော် ဘုရားအလောင်းတော်တို့လည်း မဖြစ်ပေါ်နိုင်ကြသဖြင့် ဘုရားလည်း မဖြစ်ပေါ်နိုင် သေးဘဲ ရှိရာ၏။ ဤသို့ မဖြစ်ဘဲလည်း မရှိရာသည်ကို သင်တို့ သိထိုက်သည် မဟုတ်ပါလော။

အကယ်၍ ဘုရားဖြစ်ပေါ်မှ ကုသလာဓမ္မာ ဆိုသည့် ပဋ္ဌာန်းတရားတို့ ဖြစ်ပေါ် လာသည်ဟု ဆိုရပြန်မူ အကုသလာဓမ္မာ တို့လည်း ဘုရားဖြစ်ပေါ်မှ ဖြစ်ကြရ သည်ဟု ဆိုရပေလိမ့်မည်။ ဤသို့ ဆိုပြန်က ဘုရားကိုပင် အကုသိုလ်တရား ဖြစ်ပွားလာအောင် ပြုလုပ်သူဟူ၍ အပြစ်တင်ဖွယ် ရှိနေကြမည် မဟုတ်ပါလော။

WWW.DHAMMARANSI.COM



ထိုသို့အပြစ်တင်ဖွယ် ရှိနေတိုင်းလည်း မဟုတ်သောကြောင့် သင်တို့သည် ထိုစောဒကထင်မြင်တိုင်း ပဋ္ဌာန်းတရား အစစ်များတို့ကား ဘုရားဖြစ်ပေါ်မှဖြစ်ပေါ်လာသည် မဟုတ်ဟူ၍လည်း အသင့်ယုတ္တိနှင့် သိကြပါလေ။

စင်စစ်မူကား။ ဘုရားဖြစ်ပေါ်လာသောအခါမှ ထိုထို စကြဝဠာ ကမ္ဘာလောကကြီးအတွင်းမှာ ရှိရင်းစွဲ အဘိဓမ္မာပဋ္ဌာန်းတရား အစစ်များကို သတ္တဝါအစားစား အကျိုးများအောင် ဟောကြားသော အဘိဓမ္မာ ပဋ္ဌာန်းစကား ဒေသနာအစဉ် တရားအစု တို့သည်သာလျှင် ဘုရားဖြစ်မှ ဖြစ်ပေါ်လာသည်ဟု ဆိုလိုမှုဆိုနိုင်ကြောင်းကို သဘာဝယုတ္တိနှင့် စင်စစ်မှချ မှတ်ယူကြပါလေ ပညာရှိသဘောဖြူတွေတို့။

ဤကား အဘိဓမ္မာတရား ပဋ္ဌာန်း ပဋိစ္စသမုပ္ပာဒ် တရားတို့ဟာ အများသတ္တဝါတို့နှင့် စပ်ဆိုင်သော ဘုံဆိုင်တရားအစစ်များကို သိသာရန် သဘာဝယုတ္တိအရနှင့် အကျဉ်းမျှ ပြချက်ပေတည်း။

ထိုမှတစ်ပါး ကျမ်းဂန်လာ သာဓကယုတ္တိကို သိရှိလိုကြပါသေးမူ။

**ကတမောစဘိက္ခဝေ ပဋိစ္စသမုပ္ပာဒေါ၊ ဇာတိပစ္စယာ ဘိက္ခဝေ ဇရာ,မရဏံ ဥပ္ပာဒါဝါ တထာဂတာနံ အနုပ္ပာဒါဝါ တထာဂတာနံ ဋ္ဌိတာဝ။**

အနက်မြန်မာကား။ **ဘိက္ခဝေ၊** သံသရာဘေး လေးသောဝန်ကို ရှုလေ့ရှိသော ရှင်လူအများ အိုချစ်သားတို့။ **ကတမောစ၊** အဘယ်တရားသည်ပင်လျှင်။ **ပဋိစ္စ သမုပ္ပာဒေါ၊** ပဋိစ္စသမုပ္ပာဒ်မည်ပါသနည်း။ (ဝါ) အကြောင်းကြောင့်ဖြစ်သောအကျိုးတရား မည်ပါသနည်း။ **ဘိက္ခဝေ၊** သံသရာဘေး လေးသောဝန်ကို ရှုလေ့ရှိသော ရှင်လူအများ အိုချစ်သားတို့။ **ဇာတိပစ္စယာ၊** ပရမတ်တရား ပဋ္ဌာန်းတရားအစားစားတို့အစစ္စာ ဖြစ်ပေါ်မှု ဇာတိစုကြောင့်။ **ဇရာမရဏံ၊** အိုရခြင်း သေရခြင်းသည် (ဝါ) ပရမတ်တရား ပဋ္ဌာန်းတရား အစားစားတို့ ရင့်ရော်မှု ဋ္ဌီဇရာစု သေဆုံးချုပ်ပျောက်မှု ဘင်မရဏစုသည်။ **သမ္မဝတိ၊** စင်စစ်မသွေ ဖြစ်၍နေ၏။ **ဣတိ သောဓာတု၊** ဤအဘိဓမ္မာပဋ္ဌာန်းများ ပဋိစ္စသမုပ္ပာဒ် သဘောတရားစုသည်။ **တထာဂတာနံ၊** မြတ်စွာဘုရားတို့၏။ **ဥပ္ပါဒါဝါ၊** ပွင့်သောအခါ၌ လည်းကောင်း။ **တထာဂတာနံ၊** မြတ်စွာဘုရားတို့၏။ **အနုပ္ပါဒါဝါ၊** မပွင့်သောအခါ၌ လည်းကောင်း။ **ဋ္ဌိတာဝ၊** အမြဲထာဝရ တည်ရှိနိုင်သည်သာလျှင် ကတည်း။

WWW.DHAMMARANSI.COM



ဤသို့ ဝိသုဒ္ဓိမဂ်က ပါဠိတော် အကိုးပြသည့်အတိုင်း ဘုရားမပွင့်ခင်က အဘိဓမ္မာတရား ပဋ္ဌာန်း ပဋိစ္စသမုပ္ပါဒ်တရားတို့ ထင်ရှားရှိနေကြပုံကို ကျမ်းဂန်လာ သာဓက ယုတ္တိနှင့် သိကြပါလေ ပညာရှိ သဘောဖြူတွေတို့။

❖

## ၃။ ဓာတ်ဆိုသောစကားအရနှင့် ပဋ္ဌာန်းစကားအရတို့ တူကြပုံကို ပြချက်။

အထက်က ပြဆိုခဲ့သည့်အတိုင်း လက်တွေ့ပဋ္ဌာန်းတရား အစစ်များကို ပြဆိုမည့် အရာ၌ ပြောဆိုကြသော စကားအစားစားတို့ခြားနားနေကြသည်ကား အဘိဓမ္မာ၊ ဓာတ်၊ ပရမတ်တရား၊ ပဋ္ဌာန်းတရား ဟု ပြောသော စကားနှင့် ခန္ဓာ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ် စသည်ဖြင့် ပြောဆိုကြသော စကားမျိုးတို့သည် ထိုထိုစွမ်းရည်သတ္တိကို ကြည့်၍ စကားအမျိုးမျိုး ကွဲလွဲနေကြသော်လည်း တရားကိုယ်အစစ်ကို ပြဆိုရမှု အတူတူတို့ချည်း သာတည်း။

ဥပမာဆိုသော် လူတစ်ယောက်တည်းပင် အုပ်ချုပ်မှုအမျိုးမျိုး၊ ရာထူး အမျိုးမျိုးကိုယူ၍ အုပ်ချုပ်သောအခါ ထိုရာထူး အမျိုးမျိုးကိုလိုက်၍ သစ်တောရေး ဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးချုပ် စသည် ခေါ်ဝေါ်ရသော်လည်း အုပ်ချုပ်သူ လူများမှာမူကား တစ်ယောက်တည်း ဖြစ်သကဲ့သို့တည်း။

ဤပဋ္ဌာန်းတရားတော်ကြီး တစ်ခုတည်းမှာ အမည်အမျိုးမျိုး ခေါ်ဝေါ်ရာ၌ ဘာသာတူ ဘာသာခြား ပညာရှိ အစားစားတို့ သုံးစွဲပြောဆို များကြသည်ကား ဓာတ် ဆိုသော စကားကိုသာ အသုံးများကြကုန်၏။

ဤဓာတ်ဆိုသော စကားကား ဓာတု ဟူသော ပါဠိပျက်စကားတည်း။ ဤဓာတု ဟူသော ပါဠိစကားကို မြန်မာက သဘောဟူသောစကားနှင့် ပြောဆိုရ၏။ ထိုသို့ အင်္ဂလိပ်၊ ဟိန္ဒူ စသည်တို့ကလည်း မိမိတို့ဘာသာနှင့် အသီးသီး ပြောဆိုသောစကား ရှိကြမည်ကား မလွဲတည်း။ ထိုစကားဖြင့် ပြောဆိုအပ်သော အနက်သဘောသည်ကား သူတစ်ပါးတို့ မပြုပြင်ဘဲနှင့်ပင် မိမိတို့ အကြောင်း အကျိုး သဘောအလျောက် ထိုထို အရပ်တိုင်း၊ ဝတ္ထုတိုင်း၊ ကာလတိုင်း တို့မှာ အနံ့အပြား အလွတ်အလပ်မရှိ ဖြစ်ပေါ်တည်ရှိလျက် ထိုထိုကိစ္စစုကို ပြီးစီးအောင်

WWW.DHAMMARANSI.COM



ရှက်ဆောင်နိုင်သည့် စွမ်းရည်သတ္တိရှိသော သဘောအမျိုးမျိုးကို ဓာတ်ဟု ခေါ်ဆို နေကြသည်ဟု သိပါလေ။

ထိုထို ဓာတ်သဘောတို့ကိုပင် အထူးထူးသော အကြောင်းပစ္စည်းတို့ ကြောင့် ဖြစ်သော အကျိုးပဋိစ္စသမုပ္ပာဒ်တို့ ဖြစ်နေကြပြန်သောကြောင့် ပဋ္ဌာန်းဟု ဆိုရပြန်၏။ ထိုပဋ္ဌာန်းတရားတို့သည် ထိုထိုစကြဝဠာ ကမ္ဘာလောကကြီးတို့မှာ အနှံ့အပြား ထင်ရှား ရှိကြပါသော်လည်း ဓာတ်မျက်စိ, ပရမတ်မျက်စိ မရှိသူတို့မှာ ကား အပေါ်ယံကြောတွင် ထင်မြင်ကြရသော ပုံသဏ္ဌာန်, အကောင်အထည်, ဒြပ်, ပညတ်, သဘောနှင့် ပုဂ္ဂိုလ်တွေ, သတ္တဝါတွေ, မိန်းမတွေ, ယောကျ်ားတွေ, တော, တောင်, ရေ, မြေတွေ စသည် အမှတ်ဖြင့် အသုံးပြုနေကြ ခေါ်ဝေါ်ပြောဆို ကြကုန်၏။

(အမ်-အေ)(ဘီ-အေ)စသော ဓာတ်ပညာရှိသူများနှင့် အဘိဓမ္မာ ဓာတ် ပရမတ်ပညာရှိသူများတို့ကမူကား။ ထိုထိုပုဂ္ဂိုလ်, သတ္တဝါတွေ, မိန်းမ, ယောကျ်ား, တော, တောင်, ရေ, မြေတွေ စသည် ထင်မြင်ရသော အကောင်အထည်, ဒြပ်, ပညတ်တို့၏ အနေအထားအားဖြင့်လည်း သိရှိကြရုံမက၊ ထိုထို ပညတ်တို့ အတွင်းသို့ဉာဏ်သွင်း၍လည်း ရှုကြည့်ကြသောအခါ၊ ထိုထိုရုပ်ကလာပ် သဘော အမျိုးမျိုး, နာမ်ဓာတ် သဘောအမျိုးမျိုးတို့ကို တွေ့မြင်သိရှိကြရ၍ လောကီ ဘက်က မည်သည့် စွမ်းရည်သတ္တိ ဓာတ်သဘောရှိသော ဆေးပင်, ဆေးရွက်, ဓာတ်သတ္တု အမျိုးမျိုးတို့ကို ပေါင်းစပ်ဖော်စု၍ ရောဂါအမျိုးမျိုး လျှပ်စစ်ဓာတ် အမျိုးမျိုး စသည်တို့မှ လိုရာကိစ္စ ပြီးစီးလာကြအောင် ဓာတ်အနေနှင့် အသုံးပြု နေကြရသည် ဟူ၍ကား သိရှိကြ၏။ ထိုမှတစ်ပါးသော အကြောင်းအကျိုး ပဋ္ဌာန်း တရားအနေနှင့် အသုံးပြုနေကြရသည် ဟူ၍ကား မသိကြကုန်။

ဗုဒ္ဓဘာသာဘက်ကမူကား။ ထိုထိုဆေးဝါး အမှုကိစ္စနှင့်တကွ လောကမှ လွန်မြောက်သော လောကုတ္တရာဘက်သို့ကူးတက်နိုင်ရန် ဝိပဿနာ ဘာဝနာ အမျိုးမျိုးတို့နှင့်လည်း အသုံးပြုနေကြကုန်၏။ မိမိတို့ဘာသာစကားနှင့်လည်း ထိုထို အဘိဓမ္မာ, ဓာတ်, ပရမတ်, ပဋ္ဌာန်းတရား, မြတ်သဘောတို့ကိုလည်း ထိုထို အမည်နာမစကားနှင့် ပြောကြားကြကုန်၏။ ပညတ်နယ်က ပြောဆိုနေကြသော စကားနှင့်လည်း ထင်မြင်ပြောဆိုနေကြကုန်၏။ ထိုပညတ်ကို ပယ်ရှား၍ အတွင်း

WWW.DHAMMARANSI.COM



သား ဓာတ်ပရမတ်များကိုသာ ကြည့်ရှု ပြောဆိုရပါမူ မြေပြင်, တော, တောင်, အိမ်, ကျောင်းစသော ထိုထိုဝတ္ထုတို့၏အတွင်း၌လည်းကောင်း၊ ကန်, တွင်း, အင်း, အိုင်, မြစ်, ချောင်း, သမုဒ္ဒရာ စသည်တို့၏ အတွင်း၌လည်းကောင်း၊ အပေါက်, အခေါင်း, ဟောင်းလောင်း, ဟင်းလင်းအပြင်, ကောင်းကင်တို့၏ အတွင်း၌လည်းကောင်း၊ ဓာတ်တုံး, ဓာတ်ခဲ, ဓာတ်ပုံ, ဓာတ်စု တို့သာဖြစ်ကြကုန်၏ (ဝါ)အကြောင်းအကျိုးမျှ ဖြစ်နေကြသော ပဋ္ဌာန်းပုံ, ပဋ္ဌာန်းစု, ပဋ္ဌာန်းတုံး, ပဋ္ဌာန်းခဲ တို့သာ အမှန်ဖြစ်ကြကုန်၏။ ပုဂ္ဂိုလ်, သတ္တဝါ, ဗြဟ္မာ, လူ, နတ်, နွား, ကျွဲ, ဆင်, မြင်း အစရှိသော သတ္တလောက၊ အကောင်အထည် အလုံးစုံတို့၏ အတွင်းသားတို့သည်လည်း ရုပ်နာမ်အစုဖြစ်သော ဓာတ်ပုံ, ဓာတ်စု, ဓာတ်တုံး, ဓာတ်ခဲ တို့သာ အမှန်ဖြစ်ကြကုန်၏။ (ဝါ) ပဋ္ဌာန်းပုံ, ပဋ္ဌာန်းစု, ပဋ္ဌာန်းတုံး, ပဋ္ဌာန်းခဲ တို့သာ အမှန်ဖြစ်ကြကုန်၏ ဟု သိရှိနိုင်ကြ ကုန်ရာ၏။ (ဝါ) သိကြပါလေ။

❖

## ၄။ ၂၄ပစ္စည်း ပဋ္ဌာန်းတရားကြီးပါဠိတော် အနက်များကို ပြချက်။

မေး။ ။ ဤပြဆိုအပ်သော ပဋ္ဌာန်းပုံ၊ ပဋ္ဌာန်းစု၊ ပဋ္ဌာန်းတုံး၊ ပဋ္ဌာန်းအခဲ တို့၏ အရကို ပဋ္ဌာန်းပစ္စည်း အဘယ်မျှတို့ဖြင့် ဘုရားအဘယ်သို့ ဟောတော်မူသနည်း။

ဖြေ။ ။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော။ စသည်ဖြင့် ဟောတော်မူပါသည်။

မေး။ ။ ဤပစ္စယုဒ္ဒေသ ပါဠိတော်တို့၏ မြန်မာပြန်ချက် အနက်အရတို့ကို ဘယ်သို့ သိရမည်နည်း။

WWW.DHAMMARANSI.COM



ဖြေ။ ။ **ဟေတုပစ္စယော၊** ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း (ဝါ) ဤလောကကြီးတွင် သူသိ ငါမြင် အထင်အရှား ဖြစ်နေကြသော လိုချင်သည့် လောဘဟိတ်၊ ပြစ်မှားသည့် ဒေါသဟိတ်၊ တွေဝေသည့် မောဟဟိတ်၊ မလိုချင်သည့် အလောဘဟိတ်၊ မပြစ်မှားသည့် အဒေါသဟိတ်၊ မတွေဝေသည့် အမောဟဟိတ် ခြောက်ပါးတို့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။

**အာရမ္မဏပစ္စယော၊** အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း (ဝါ) ဤလောကကြီးအတွင် သူသိ ငါမြင် အထင်အရှား ဖြစ်နေကြသော အဆင်းဟူသမျှ ရူပါရုံ၊ အသံဟူသမျှ သဒ္ဒါရုံ၊ အနံ့ဟူသမျှ ဂန္ဓာရုံ၊ အရသာဟူသမျှ ရသာရုံ၊ အတွေ့ဟူသမျှ ဖောဋ္ဌဗ္ဗာရုံ၊ ကြွင်းသော ရုပ်နာမ်ပညတ် နိဗ္ဗာန်ဓာတ် သဘောဟူသမျှ ဓမ္မာရုံ ဤအာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

**အဓိပတိပစ္စယော၊** အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း (ဝါ) အလေးပြုအပ် လွန်ကောင်းမြတ်သော အာရုံခြောက်ပါးတို့သည်လည်းကောင်း (ဝါ) ထက်သန်သော ဆန္ဒ ဝီရိယ စိတ္တပညာတို့သည် အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

**အနန္တရပစ္စယော၊** နာမ်တရားသာ အခြားမဲ့ဖြစ်၍ဖြစ်စဉ်အမြဲမပြတ်စေအောင် ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**သမနန္တရပစ္စယော၊** နာမ်တရားသာ ကောင်းစွာ အခြားမဲ့ဖြစ်၍ ဖြစ်စဉ်အမြဲ မပြတ်စေအောင် ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**သဟဇာတပစ္စယော၊** ရုပ်နာမ်ဟူသမျှတို့သည် အတူတကွ ဖြစ်ကြ၍ ကျေးဇူးပြု တတ်သောတရားလည်းကောင်း။

**အညမညပစ္စယော၊** ရုပ်နာမ်အချင်းချင်း တူဖြစ်ခြင်းကြောင့် ငဲ့ခြင်းကိစ္စ ရှိကုန်ကြ၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**နိဿယပစ္စယော၊** ရုပ်နာမ်နှင့်တကွ ဝတ္ထုရုပ်ဓမ္မသည် မှီရာဖြစ်၍ကျေးဇူးပြု တတ်သောတရားလည်းကောင်း။

WWW.DHAMMARANSI.COM



**ဥပနိဿယပစ္စယော၊** အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း (ဝါ) အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ၊ အားကြီးကြသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

**ပုရေဇာတပစ္စယော၊** ဝတ္ထုအာရုံ နှစ်ပါးစုံပင် ဖြစ်စဉ် ပဌမရှေ့၌ ဖြစ်ကြ၍ ကျေးဇူးပြု တတ်သောတရားလည်းကောင်း။

**ပစ္ဆာဇာတပစ္စယော၊** တစ်ကိုယ်လုံးရှိ ရှေ့ရုပ်တို့အား နောက်မှဖြစ်သော နာမ်တို့က အားရှိရန်အမှု ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**အာသေဝနပစ္စယော၊** သိလုံးဇော ဟူသမျှတို့ အမြဲထုံအပ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**ကမ္မပစ္စယော၊** မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း (ဝါ)စေ့ဆော်ကြောင့်ကြစိုက်သမျှသော ကိုယ်အမှု,နှုတ်အမှု,စိတ်အမှု,စေတနာစု မျိုးစေ့ပြု၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**ဝိပါကပစ္စယော၊** ကောင်းသောအကျိုးဝိပါက်,မကောင်းသောအကျိုးဝိပါတ် ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**အာဟာရပစ္စယော၊** ရုပ်နာမ်အာဟာရတို့က ထောက်ပံ့ နိုင်မာစေကြသည် ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**ဣန္ဒြိယပစ္စယော၊** ရုပ်အစိုးရကြီး ခြောက်မျိုး. နာမ်အစိုးရကြီး ရှစ်မျိုးတို့က အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**ဈာနပစ္စယော၊** ကပ်၍ ရှုတတ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။

မဂ္ဂပစ္စယော၊ ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း (ဝါ) ဂတိနှစ်တန် ဆန့်ကျင်ရန် အကြောင်းပြု၍ ကျေးဇူးပြု တတ်သော တရားလည်းကောင်း။

သမ္ပယုတ္တပစ္စယော၊ ခြောက်ပါးဝိညာဉ်နာမ်အစဉ်တို့အချင်းချင်း ယှဉ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

WWW.DHAMMARANSI.COM



**ဝိပ္ပယုတ္တပစ္စယော**၊ ရုပ်နာမ်နှစ်ပါးတို့ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြု တတ်သော တရားလည်းကောင်း။

**အတ္ထိပစ္စယော**၊ ရုပ်နာမ်တရားတို့ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြု တတ်သော တရားလည်းကောင်း။

**နတ္ထိပစ္စယော**၊ ရှေ့နောက်နာမ်အစဉ်တို့မရှိသည့်နောက်မှ ကျေးဇူးပြု ကြသော တရားလည်းကောင်း (ဝါ) ချုပ်ပျောက်ပြန်လည် နောက်နာမ်ဖြစ်ရေး အခွင့်ပေး၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**ဝိဂတပစ္စယော**၊ ရှေ့နောက်နာမ်အစဉ်တို့ ချုပ်ကင်းသည်နောက်မှ ကျေးဇူးပြုကြသောတရားလည်းကောင်း။

**အဝိဂတပစ္စယော**၊ ရုပ်နာမ်တရားတို့ ထင်ရှားရှိခြင်း မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

ဣတိ၊ ဤသို့၊ **စတုဝီသတိပစ္စယာ**၊ နှစ်ဆယ့်လေးပစ္စည်းတို့သည်၊ မဟာ ပကရဏော၊အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၌၊ ဋ္ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤကား နှစ်ဆယ့်လေးပစ္စည်းတို့၏ အနက်မြန်မာပြန်ချက်ပါတည်း။

❖

## ၅။ ပဋ္ဌာန်းတရားအစစ်များကို အလွယ်နှင့် သိကြရန် ဆောင်ပုဒ်ဖြင့် ပြချက်။

မေး။ ။ မိမိတို့အတွင်းရှိ ပဋ္ဌာန်းတရား အစစ်များကို ဉာဏ်အငယ်စားတို့ပင် သိကြား နားလည်ချင်လောက်အောင် ဒွါရ တစ်ပေါက်ပေါက်မှာပင် (၂၄)ပါး ပဋ္ဌာန်းပစ္စည်းများ၏ ဆောင်ပုဒ်တို့ကို အဘယ်သို့ သိရ မည်နည်း။

ဖြေ။ ။ **ဟေတုပစ္စည်း**၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သိလုံးဇော, နာမ်ရုပ်တို့သည် ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြားသမျှနှင့် စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သိလုံးဇော, နာမ်ရုပ်

WWW.DHAMMARANSI.COM



တို့သည် ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ နံ့နံ့သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သိလုံးဇော. နာမ်ရုပ်တို့သည် ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ စားစားသမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သိလုံး ဇော. နာမ်ရုပ်တို့သည် ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ တွေ့တွေ့သမျှနှင့် စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သိလုံးဇော. နာမ်ရုပ် တို့သည် ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှနှင့် စပ်. မစပ်သော ပြုလုပ် ပြောဆို ကြံစည်မှု သဟိတ် သိလုံးဇော. ဝိပါက်. နာမ်ရုပ်စု တို့သည် ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

**အာရမ္မဏ**၊ မြင်မြင်သမျှနှင့်စပ်၍ပြုလုပ် ပြောဆို ကြံစည်အပ်သော ရုပ်နာမ် တရားတို့သည် အာရမ္မဏပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြားသမျှ နှင့်စပ်၍ (လ)၊နံ့နံ့သမျှနှင့်စပ်၍ (လ)၊ စားစားသမျှနှင့်စပ်၍ (လ)၊ တွေ့တွေ့သမျှ နှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်အပ်သော ရုပ်နာမ်တရားတို့သည် အာရမ္မဏ ပစ္စည်း ပစ္စယုပ္ပန်တရားတို့သာတည်း။ ကြံကြံသမျှနှင့် စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ် ပညတ်တရားတို့သည် အာရမ္မဏပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

**အဓိပတိ**၊ အလေးအမြတ်ပြုအပ်သော ဣဋ္ဌအဆင်းတို့ကို အလေးအမြတ် ပြု၍ ပြုလုပ် ပြောဆို ကြံစည်ခြင်းတို့သည် အာရမ္မဏာဓိပတိပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ အလေးအမြတ်ပြုအပ်သော အသံတို့ကို အလေးအမြတ် ပြု၍ ပြုလုပ် ပြောဆို ကြံစည်ခြင်းတို့သည် အာရမ္မဏာဓိပတိပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ အလေးအမြတ်ပြုအပ်သော အနံ့တို့ကို အလေးအမြတ်ပြု၍ ပြုလုပ် ပြောဆို ကြံစည်ခြင်းတို့သည် အာရမ္မဏာ ဓိပတိပစ္စည်း ပစ္စယုပ္ပန် တရား တို့သာတည်း။ အလေးအမြတ် ပြုအပ်သော အရသာတို့ကို အလေးအမြတ်ပြု၍ ပြုလုပ် ပြောဆို ကြံစည်ခြင်းတို့သည် အာရမ္မဏာဓိပတိပစ္စည်း ပစ္စယုပ္ပန် တရား တို့သာတည်း။ အလေးအမြတ် ပြုအပ်သော အတွေ့တို့ကို အလေးအမြတ်ပြု၍ ပြုလုပ် ပြောဆို ကြံစည်ခြင်းတို့သည် အာရမ္မဏာဓိပတိပစ္စည်း ပစ္စယုပ္ပန် တရား တို့သာတည်း။ အလေးအမြတ် ပြုအပ်သော ရုပ်နာမ်မွှာရုံတို့ကို အလေးအမြတ် ပြု၍ ပြုလုပ် ပြောဆို ကြံစည်သမျှတို့သည် အာရမ္မဏာဓိပတိပစ္စည်း ပစ္စယုပ္ပန်

WWW.DHAMMARANSI.COM



တရားတို့သာတည်း။ ဆန္ဒကို အကြီးအမှူးပြု၍ ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် ဆန္ဒာဓိပတိပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ဝီရိယကို အကြီးအမှူးပြု၍ ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် ဝီရိယာဓိပတိ ပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ စိတ်ကို အကြီးအမှူးပြု၍ ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် စိတ္တာဓိပတိပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ပညာကို အကြီးအမှူးပြု၍ ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် ဝိမံသာ ဓိပတိပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

**အနန္တရ**၊ မြင်မြင်သမျှနှင့်စပ်၍ပြုလုပ်ပြောဆို ကြံစည်သမျှသော ရှေ့နောက် နာမ်အစဉ်တို့သည် အနန္တရပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြား သမျှနှင့်စပ်၍ (လ)၊နံနံသမျှနှင့်စပ်၍ (လ)၊ စားစားသမျှနှင့်စပ်၍ (လ)၊ တွေ့တွေ့ သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရှေ့နောက် နာမ်အစဉ်တို့သည် အနန္တရပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှနှင့် စပ်.မစပ်သော ပြုလုပ်ပြောဆိုကြံစည်သမျှ ရှေ့နောက် နာမ်အစဉ်ဟူသမျှတို့သည် အနန္တရပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

(သမနန္တရ ဆောင်ပုဒ်သည် အနန္တရနှင့် အလုံးစုံတူ၏။)

**သဟဇာတ**၊ မြင်မြင်သမျှနှင့် စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် သဟဇာတပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြား သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှတို့သည်(လ)၊ နံနံသမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည် သမျှသော ရုပ်နာမ်တို့သည် သဟဇာတပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှတို့နှင့် စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် သဟဇာတပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

**အညမည**၊ မြင်မြင်သမျှနှင့်စပ်၍ပြုလုပ် ပြောဆိုကြံစည်သမျှသော ရုပ်နာမ် အချင်းချင်းတို့သည် အညမညပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြား သမျှနှင့် စပ်၍(လ)၊ နံနံသမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့ သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်အချင်းချင်းတို့သည် အညမညပစ္စည်းပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှတို့နှင့် စပ်.မစပ်သော

WWW.DHAMMARANSI.COM



ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ် အချင်းချင်းတို့သည် အညမညပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

**နိဿယ**၊ မျက်စိနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် နိဿယပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။ နားနှင့်စပ်၍(လ)၊ နှာခေါင်းနှင့်စပ်၍(လ)၊ လျှာနှင့်စပ်၍(လ)၊ ကိုယ်နှင့်စပ်၍ပြုလုပ်ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် နိဿယပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။ ဟဒယဝတ္ထုနှင့် စပ်မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် နိဿယပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

**ဥပနိဿယ**၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် ဥပနိဿယပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း။ ကြားကြားသမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် ဥပနိဿယပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း။ နံနံသမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် ဥပနိဿယပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း။ ကြံကြံသမျှနှင့်စပ်၍ စပ်မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် ဥပနိဿယပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း။

**ပုရေဇာတ**၊ မျက်စိအဆင်းနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် ပုရေဇာတပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။ နားအသံနှင့်စပ်၍(လ)၊ နှာခေါင်းအနံ့နှင့်စပ်၍(လ)၊ လျှာအရသာနှင့်စပ်၍(လ)၊ ကိုယ်အတွေ့နှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် ပုရေဇာတပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။ ဟဒယဝတ္ထုရုပ် ပစ္စုပ္ပန် အာရုံခြောက်ပါးနှင့် စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် ပုရေဇာတပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။

**ပစ္ဆာဇာတ**၊ လျောင်းအိပ်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ် တရားတို့သည် ပစ္ဆာဇာတပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ထိုင်ထိုင်သမျှနှင့်စပ်၍ (လ)၊ ရပ်ရပ်သမျှနှင့်စပ်၍(လ)၊ သွားသွားသမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ် တရားတို့သည် ပစ္ဆာဇာတပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

WWW.DHAMMARANSI.COM



**အာသေဝန**၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ဇောတို့သည် အာသေဝနပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြားသမျှနှင့်စပ်၍(လ)၊ နံနံသမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ဇောတို့သည် အာသေဝနပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှနှင့်စပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ကုသိုလ် အကုသိုလ် ကြိယာဇော တို့သည် အာသေဝနပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

**ကမ္မ**၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ် တရားတို့သည် ကမ္မပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။ ကြားကြားသမျှနှင့်စပ်၍(လ)၊ နံနံ သမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည် သမျှသော ရုပ်နာမ်တရားတို့သည် ကမ္မပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုး တို့သာတည်း။ ကြံကြံသမျှနှင့် စပ်‚မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ် တို့သည် ကမ္မပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။

**ဝိပါက**၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော အကျိုးဝိပါက် တရားတို့သည် ဝိပါကပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြားသမျှနှင့် စပ်၍(လ)၊ နံနံ သမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော အကျိုးဝိပါက်တရားတို့သည် ဝိပါကပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှနှင့်စပ်သောပြုလုပ်ပြောဆိုကြံစည်သမျှအကျိုးဝိပါက်တရားတို့သည် ဝိပါကပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

**အာဟာရ**၊ မြင်မြင်သမျှနှင့်စပ်မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ် တရားတို့သည် အာဟာရပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။ ကြားကြားသမျှနှင့် စပ်‚မစပ်သော(လ)၊ နံနံသမျှနှင့် စပ်‚မစပ်သော(လ)၊ စားစားသမျှနှင့် စပ်‚မစပ်သော (လ)၊ တွေ့တွေ့သမျှနှင့် စပ်‚မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တရား တို့သည် အာဟာရပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။ ကြံကြံသမျှနှင့်စပ်‚မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တရားတို့သည် အာဟာရပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုး တို့သာတည်း။

WWW.DHAMMARANSI.COM



**ဣန္ဒြိယ**၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ် တို့သည် ဣန္ဒြိယပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း။ ကြားကြားသမျှနှင့် စပ်၍(လ)၊ နံနံသမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့သမျှနှင့် စပ်၍ပြုလုပ်ပြောဆိုကြံစည်သမျှသောရုပ်နာမ်တို့သည်ဣန္ဒြိယပစ္စည်းပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း။ ကြံကြံသမျှနှင့် စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် ဣန္ဒြိယပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း။

**ဈာန**၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော စက္ခု ဝိညာဉ်မှတစ်ပါး နာမ်ရုပ်တရားတို့သည် ဈာနပစ္စည်း ပစ္စယုပ္ပန် တရားတို့ သာတည်း။ ကြားကြားသမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သောတ ဝိညာဉ်မှတစ်ပါး(လ)၊ နံနံသမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့ သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ကာယဝိညာဉ်မှတစ်ပါး နာမ်ရုပ် တရားတို့သည် ဈာနပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှနှင့် စပ်. မစပ်သော ပြုလုပ် ပြောဆို ကြံစည် သမျှ နာမ်ရုပ်တရားတို့သည် ဈာနပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။

**မဂ္ဂ**၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သိလုံးဇော နာမ်ရုပ်တို့သည် မဂ္ဂပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြားသမျှနှင့် စပ်၍(လ)၊ နံနံသမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့သမျှနှင့် စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သိလုံးဇော နာမ်ရုပ်တို့သည် မဂ္ဂပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှနှင့် စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ သဟိတ်ဇော ဝိပါက် နာမ်ရုပ်တို့သည် မဂ္ဂပစ္စည်း ပစ္စယုပ္ပန် တရား တို့သာတည်း။

**သမ္ပယုတ္တ**၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော နာမ်တရားတို့သည် သမ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြား သမျှနှင့်စပ်၍(လ)၊ နံနံသမျှနှင့်စပ်၍(လ)၊ စားစားသမျှနှင့်စပ်၍(လ)၊ တွေ့တွေ့ သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော နာမ်တရားတို့သည် သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှနှင့် စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ နာမ်တရားတို့သည် သမ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန် တရားတို့ သာတည်း။

WWW.DHAMMARANSI.COM



**ဝိပ္ပယုတ္တ**၊ မျက်စိနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ် တို့သည် ဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန် တရားသုံးမျိုးတို့သာတည်း။ နားနှင့်စပ်၍(လ)၊ နှာခေါင်းနှင့်စပ်၍(လ)၊ လျှာနှင့်စပ်၍(လ)၊ ကိုယ်နှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည် သမျှသော ရုပ်နာမ်တို့သည် ဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း။ ဟဒယဝတ္ထုနှင့် စပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် ဝိပ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း။

**အတ္ထိ**၊ မျက်စိနှင့်စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ် တို့သည် အတ္ထိပစ္စည်း ပစ္စယုပ္ပန် ငါးမျိုးတို့သာတည်း။ နားနှင့်စပ်.မစပ်သော(လ)၊ နှာခေါင်းနှင့် စပ်.မစပ်သော(လ)၊ လျှာနှင့် စပ်.မစပ်သော(လ)၊ ကိုယ်နှင့် စပ်.မစပ် သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် အတ္ထိပစ္စည်း ပစ္စယုပ္ပန် ငါးမျိုးတို့ သာတည်း။ ဟဒယဝတ္ထုနှင့်စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ် တို့သည် အတ္ထိပစ္စည်း ပစ္စယုပ္ပန် ငါးမျိုးတို့သာတည်း။

နတ္ထိ၊ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရှေ့နောက် နာမ်အစဉ်တို့သည် နတ္ထိပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြားကြားသမျှနှင့် စပ်၍ (လ)၊ နံနံသမျှနှင့်စပ်၍ (လ)၊ စားစားသမျှနှင့်စပ်၍ (လ)၊ တွေ့တွေ့သမျှနှင့် စပ်၍(လ) ပြုလုပ် ပြောဆို ကြံစည်သမျှသော ရှေ့နောက် နာမ်အစဉ်တို့သည် နတ္ထိ ပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ ကြံကြံသမျှနှင့် စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရှေ့နောက် နာမ်တရားတို့သည် နတ္ထိပစ္စည်း ပစ္စယုပ္ပန် တရား တို့သာတည်း။

ဝိဂတ = နတ္ထိနှင့်တူ၏။

အဝိဂတ ငါးမျိုးသည် အတ္ထိ ငါးမျိုးနှင့်တူ၏။

ဤဆောင်ပုဒ်တို့ကို နှုတ်တက်ရွရွ ရကြပြီးမှ နောင်တစ်စပ်တည်း ပြလတ္တံ့သော ၂၄ပစ္စည်း ပဋ္ဌာန်းတရားကြီးတို့၏ အနက် အဓိပ္ပာယ်တို့ကို အလွယ်နှင့် သိနိုင်ကြရရုံမက နှလုံးသားထဲတွင် သံမှိုစွဲထားဘိသကဲ့သို့ မြဲမြဲကြီး မှတ်ကြအောင် ဤဆောင်ပုဒ်တို့က ကျေးဇူးပြုကြလိမ့်မည် ဖြစ်သောကြောင့် မရရအောင် ကြံဆောင် ကျက်မှတ်ကြ ပါလေဟု ဆောင်ပုဒ်အရကို သိပါလေ။

❖

WWW.DHAMMARANSI.COM



## ၆။ ဉာဏ်အငယ်စားတို့ပင် မိမိတို့ ဉာဏ်မီသလောက် ရုပ်နာမ်တရားများကို ထင်ရှား သိသာရုံမျှ ဟောပြချက်။

**မေး။ ။ ဤပဋ္ဌာန်းတရား အစားစားတို့ကို နားလည်သူမှန်က ဉာဏ်အကြီးစား အလတ်စားတို့ကို မဆိုထားနှင့်ဦး နောက်ဆုံးပိတ် ဉာဏ်အငယ်စားတို့ပင် မိမိတို့နှင့် တန်သလောက် နားလည်ချင်လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

ဖြေ။ ။ အမောင် အမိတို့ ပဋ္ဌာန်းတရားဆိုတာ မိမိတို့ အတွင်းအပြင်နှင့် အပြည့်အနက် ရှိနေကြကုန်၏။ ရှိနေကြပုံကား ရုပ်တရား နာမ်တရား နှစ်ပါးတို့သာတည်းဟု မှတ်သားပြီးမှ ရုပ်တရားဆိုတာ အခြားမဟုတ် သင်တို့ ထင်မြင်နေကြသော တစ်ကိုယ်လုံး အတွင်းအပြင်ရှိ မြင်မြင်နေရသည့် အဆင်းတို့သည် ရူပါရုံရုပ်တရား တို့တည်းဟု ပြောပြက မသိရှိဘဲ မနေနိုင်ကြရာ ဒါတွေတော့ သိပါ၏ဟု ဖြေဆိုကြပေလိမ့်မည်။ ဤရူပါရုံတစ်ခုကို သိအောင် မိမိအတွင်း ထိုထို လောကဓာတ်ကြီးအတွင်းမှာ ထင်ရှားစွာ ရှိနေကြပါသော ထိုထိုဝတ္ထုတို့၏ အဆင်းတို့ကိုသာ ဉာဏ်လင်းအောင် ဟောပြောပြသကြပါလေ။

ထိုသို့ ပြောပြပြီးမှ နောက်အာရုံငါးခု တို့ကိုလည်း သိအောင် ပြရပုံကား။ သင်တို့ အတွင်းအပြင်ရှိ ကြားကြားနေရသည့် အသံတို့သည်လည်း သဒ္ဒါရုံရုပ်တို့ပင်တည်း။ နံနံနေရသည့် အနံ့တို့သည်လည်း ဂန္ဓာရုံရုပ်တို့ပင်တည်း။ လျှာနှင့် လျက်ကြည့်လျှင် သိသိနေရသည့် အရသာတို့သည်လည်း ရသာရုံရုပ်တို့ပင်တည်း။ တစ်ကိုယ်လုံးရှိ စမ်းသပ်ကြည့်လျှင် အကြမ်းအနုတွေ အပူအအေး အတိုးအဝှေ့တို့သည်လည်း ဖောဋ္ဌဗ္ဗာရုံရုပ်တို့ပင်တည်း။

ထိုမှတစ်ပါး သူသိ ငါမြင် အထင်အရှားဖြစ်ကြသော အရေသဘောရုပ် မျက်စိအကြည်ရုပ် တို့သည်လည်းကောင်း၊ နားအကြည်ရုပ် တို့သည်လည်းကောင်း၊ လျှာအကြည်ရုပ်တို့သည်လည်းကောင်း၊ တစ်ကိုယ်လုံး အတွင်းအပြင်ရှိ ကိုယ်အကြည်ရုပ် တို့သည်လည်းကောင်း၊ မိန်းမတွေ ထင်ရှားနေအောင် ဖြစ်ပေါ်စေနိုင်သော မိန်းမရုပ် (ဝါ) ဣတ္ထိဘာဝရုပ် ပုမ္ဘာဝရုပ် စသည်တို့သည် ဓမ္မာရုံတို့ပင်တည်းဟု မိမိတို့စကားနှင့် တစ်ခုတစ်ခုစီ နားမလည်လည်အောင် စိတ်ရှည်ရှည်နှင့်

WWW.DHAMMARANSI.COM



ပြောဟောပြသက ဤအသံရုပ်တို့ကိုတော့ ကျွန်တော်တို့ နေ့စဉ် ကြားကြား လို့ချည်း နေကြပါသည်။ အနံ့ရုပ်တို့ကိုလည်း နံနံနေကြရပါသည်။ အရသာရုပ် တို့ကိုလည်း စားစားနေကြရပါသည်။ အကြမ်းအနုတွေ့တို့ကိုလည်းကောင်း၊ အပူအအေးတွေ့တို့ကိုလည်းကောင်း၊ အတိုးအဖေ့တို့ကိုလည်းကောင်းတွေ့တွေ့ နေကြရပါသည်။ အတွင်းအပြင်ရှိ အရေသဘောတို့ကို သိသိနေရပါသည် ဟူ၍ လည်းကောင်း။ ထိုမှတစ်ပါး မိမိတို့ မျက်စိ အကြည်ရုပ်သဘော၊ နားအကြည်ရုပ် သဘော၊ နှာခေါင်းအကြည်ရုပ်သဘော၊ လျှာအကြည်ရုပ်သဘော၊ ကိုယ် အကြည်ရုပ်သဘော၊ မိန်းမရုပ်သဘော၊ ယောကျ်ားရုပ်သဘော တို့ကိုလည်း သိသိနေကြရပါသည် ဟူ၍လည်းကောင်း ဖြေဆိုကြပေလိမ့်မည်။ ဤရုပ် တစ်ခု တစ်ခုကို သိရှိက အတူတကွ ဖြစ်ကြသော ရုပ်ကလာပ်အားလုံးတို့လည်း ပါနိုင်တော့သည်ဟု အကျဉ်းချုပ်အားဖြင့် ပြောပြက မိမိတို့နှင့် တန်သလောက် တစ်ကိုယ်လုံး အတွင်းအပြင်ရှိ ရုပ်တရားတို့ကို ဉာဏ်အငယ်စားရှိသူတို့ပင် သိရှိနိုင်ကြကုန်ရာ၏။

ဤသို့ ရုပ်တရားတို့ကို သိရှိထားပြီးနောက်မှ နာမ်တရားတို့ကို မိမိတို့နှင့် ထိုက်တန်သလောက် နားလည်ကြအောင် ဟောပြရပုံကား။

အမောင်တို့ အမိတို့၊ နာမ်တရားဆိုတာ အခြားမဟုတ်။ သင်တို့အဆင်းရုပ် ဟူသမျှတို့ကို မျက်စိဖြင့်မြင်၍ သိလုံး အဆက်ဆက်ဟူသမျှတို့သည် မြင်သိနှင့် ဆိုင်သော နာမ်တရားတို့သာတည်းဟု ပြောပြက မသိရှိဘဲ မနေနိုင်ကြရာ ဒါတော့ သိပါ၏ဟု ဖြေဆိုပေလိမ့်မည်။ ဤစက္ခုဝိညာဉ် မြင်သိနာမ်တစ်ခုကို သိအောင် မိမိအတွင်း ထိုထို လောကဓာတ်ကြီးအတွင်းမှာ ထင်ရှားရှိနေကြပါသော ထိုထို ဝတ္ထု တို့၏ အဆင်းတို့ကို မျက်စိဖြင့် မြင်၍ သိလုံးနာမ် ဟူသမျှတို့ကိုသာ တစ်ခု တစ်ခုစီ ဉာဏ်လင်းအောင် ပြကြပါလေ။ ထိုသို့ပြပြီးမှ နောက်ဝိညာဉ်ငါးပါး နာမ် တရားတို့ကိုလည်း သိအောင် ပြရပုံကား။

သင်တို့အတွင်းအပြင်ရှိအသံတို့ကို နားဖြင့် ကြား၍ သိလုံး ဟူသမျှတို့သည် ကြားသိနှင့် ဆိုင်သော နာမ်တရားတို့သာတည်း။ အနံ့ရုပ် ဟူသမျှတို့ကို နှာခေါင်းဖြင့် နံ၍ သိလုံး ဟူသမျှတို့သည် နံသိနှင့် ဆိုင်သော နာမ်တရားတို့

WWW.DHAMMARANSI.COM



သာတည်း။ အရသာရုပ် ဟူသမျှတို့ကို လျှာဖြင့် စား၍ သိလုံး ဟူသမျှတို့သည် စားသိလုံးနှင့် ဆိုင်သော နာမ်တရား တို့သာတည်း။ အတွေ့ရုပ် ဟူသမျှတို့ကို ကိုယ်ဖြင့် တွေ့၍ သိလုံး ဟူသမျှတို့သည် တွေ့သိ နှင့်ဆိုင်သော နာမ်တရား တို့သာတည်း။

ရှေ့ကပြခဲ့သော အဆင်း အနံ့ အရသာ အတွေ့ အာရုံ ငါးမျိုးတို့ကို လည်းကောင်း၊ အရေသဘောနှင့်တကွ မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ်၊ မိန်းမအကြည်ရုပ်၊ ယောကျ်ား အကြည်ရုပ် စသော ရုပ်ဓမ္မာရုံ တို့ကိုလည်းကောင်း။ စိတ်၊ စိတ်တသိက်၊ နိဗ္ဗာန်၊ နာမ်ဓမ္မာရုံ တို့ကို လည်းကောင်း။ ထိုထို ပုံသဏ္ဍာန် ဒြပ် ပညတ် ဓမ္မာရုံ တို့ကိုလည်းကောင်း။ မနော သက်သက်ဖြင့် ကြံ၍ သိလုံးဟူသမျှ တို့သည် ကြံသိနှင့်ဆိုင်သော နာမ်တရား တို့သာတည်းဟု မိမိတို့စကားနှင့် တစ်ခုတစ်ခုစီ နားမလည်လည်အောင် စိတ်ရှည်ရှည်နှင့် ပြောဟောပြသက ဤကြားသိလုံး နာမ်တို့ကိုတော့ ကျွန်တော်တို့ နေ့စဉ်ထာဝရ ကြား၍ သိသိနေရပါသည်။ နံသိလုံး နာမ်တို့ကိုလည်း နံ၍ သိသိ နေရပါသည်။ စားသိလုံး နာမ်တို့ကိုလည်း စား၍ သိသိ နေရပါသည်။ တွေ့သိလုံး နာမ်တို့ကိုလည်း တွေ့၍ သိသိနေရပါသည်။ အာရုံခြောက်ပါးတို့ကို ကြံသိလုံး နာမ်တို့ကိုလည်း မနော သက်သက်နှင့် ကြံ၍ သိသိနေရပါသည် ဟူ၍လည်းကောင်း ဖြေဆိုကြပေ လိမ့်မည်။ ဝီထိအစဉ် နာမ် ဆက်လက်၍ သိလုံးဇောအစဉ် နာမ်အားလုံး တို့ကိုလည်း ပါရှိနိုင်တော့သည်ဟု အကျဉ်းချုပ်အားဖြင့် ပြောပြက မိမိသူတစ်ပါး သတ္တဝါအများတို့မှာ သိရှိနေကြသော နာမ်တရားတို့ကိုပါ ဉာဏ်အငယ်စား ရှိသူတို့ပင် သိရှိနားလည်ကြကုန်ရာ၏။

ဤရှေ့က အလွယ်နှင့် သိရအောင် ခြောက်ဒွါရနှင့်စပ်၍ (၀ါ) အပေါက်ကြီး ခြောက်ပေါက်နှင့် စပ်၍ ပြအပ်ခဲ့ပြီးသော ရုပ်တရား နာမ်တရား နှစ်စုတို့ကို မိမိတို့ ဘာသာစကားဖြင့် သိကြားနားလည်အောင် အထပ်ထပ်ပြောဟောပြီးမှ ဤခြောက်ပါး ဒွါရတို့၌ ဖြစ်နေကြသော ၂၄ပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ကို သွင်း၍ သွင်း၍ ထိုရှေ့က ပြခဲ့သော ဆောင်ပုဒ် အရတို့ဖြင့် နားမလည်လည်အောင် ပြသ ပြောဟောကြကုန်ရာ၏။ ပြသဟောပြောကြပါလေ ပညာရှိ သဘောဖြူတွေတို့။

WWW.DHAMMARANSI.COM



ဤကား ဉာဏ်အငယ်စားတို့ပင် နားမလည်ချင်တယ်လို့ မနေရအောင် ခြောက်ဒွါရနှင့် စပ်သော (ဝါ) အပေါက်ကြီး ခြောက်ပေါက်နှင့် စပ်သော ရုပ်တရား ခြောက်မျိုး၊ နာမ်တရားခြောက်စားတို့ကို ဟောလိုသော ပစ္စည်းတိုင်းတို့၏ရှေ့အဖို့ ကပင် ပြောဟောကြရန် ရုပ်နာမ်နည်းအမြွက်တို့ပါတည်း။

❖

## ၇။ ဟေတုပစ္စည်း ပဋ္ဌာန်းကြီးအရ မေးဖြေပြချက်။

**မေး။ ။ မိမိတို့အတွင်းအပြင်တို့မှာ သူသိငါမြင် အထင်အရှား ရှိနေကြပါသော ဟေတုပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးများကို စာမတတ်သောသူ တို့ပင် အလွယ်နှင့် နားလည်ချင်လောက်အောင် အဘယ်သို့ ဟောပြပါ မည်နည်း။**

ဖြေ။ ။ အမောင်တို့အမိတို့၊ ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးဆိုတာ တိမ်ကြား မင်းခေါင်မှာ ရှိနေတာမျိုးမဟုတ် ဟေတုပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း (ဝါ) ဤလောကကြီးတွင် သူသိငါမြင် အထင်အရှား ဖြစ်နေကြသော လိုချင်သည့် လောဘဟိတ်၊ ပြစ်မှားသည့် ဒေါသဟိတ်၊ တွေဝေသည့် မောဟဟိတ်၊ မလိုချင်သည့် အလောဘ ဟိတ်၊ မပြစ်မှားသည့် အဒေါသဟိတ်၊ မတွေဝေသည့် အမောဟဟိတ် တို့ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဟု ပြအပ်သည့်အတိုင်း သင်တို့သည် မျက်စိဖြင့်မြင်၍ နစ်သက်ခင်မင်လိုချင်သော လောဘကို သိ၏ လောဟု မေးမူ ကိုယ်လိုချင်နေကြ တာတော့ ကိုယ်သိမှာပေါ့ဟု တောသူ တောင်သား စကားနှင့်ပင် ဖြေကြားတတ်ကြပေလိမ့်မည်။ ဤသို့ သိရှိခြင်း ဖြေကြားခြင်းကား အခြားမဟုတ် လိုချင်သည့် လောဘဟေတုပစ္စည်း ပဋ္ဌာန်း တရားကြီးကိုပင် ဖြေကြားသည်မည်၏။ ဤလောဘ အကြောင်းကြောင့် အကျိုး တရား အစားစားတို့ ဖြစ်ပွားနေပုံများကို သိသာရန် ပြောဟောရပုံကား။

အမောင်တို့အမိတို့လိုချင်သည့်လောဘကြောင့် အမှုကိစ္စအဝဝတို့ကို မရ ရလေအောင် ကိုယ်ဖြင့်ပြုလုပ်ကြ၊ နှုတ်ဖြင့်ပြောဆိုကြ၊ စိတ်ဖြင့်ကြံစည်ကြ ဖူး၏

WWW.DHAMMARANSI.COM



လောဟု မေးမူ။ ဒါတွေကိုတော့ အမြဲထာဝရလိုလိုပင် လိုချင်သည့်အတွက်ကြောင့် မိမိတို့ကိုယ်တိုင် ပြုလုပ်နေကြ၊ ပြောဆိုနေကြ၊ ကြံစည်နေကြရသည်ကို သိရှိကြပါ၏ဟု ဖြေဆိုကြပေလိမ့်မည်။ ဤသို့ ဖြေဆိုခြင်းကား အခြားမဟုတ် လိုချင်သည့်လောဘကား ဟေတုပစ္စည်း ပဋ္ဌာန်းအကြောင်း အစစ်တည်း။ ဤအကြောင်းကြောင့် ပြုလုပ်နေဆဲ အခါထဲတွင် ထင်ရှားဖြစ်ပေါ်နေကြသော စိတ်စေတသိက်နှင့် ပြုလုပ်သည့် တစ်ကိုယ်လုံးရှိ ကိုယ်အမူအရာ စိတ္တဇရုပ်တို့ကား ဟေတုပစ္စည်းပစ္စယုပ္ပန် ပဋ္ဌာန်းအကျိုးတရား အစစ်တည်းဟု အကြောင်းအကျိုး ဆက်စပ်၍ ပြောပြက ဘာသာခြားတို့ပင် မပယ်ရှားနိုင်ကြဘဲ လိုချင်သည့်လောဘကြောင့်သာ ပြုလုပ်နေကြသည်ဟု ဖြေဆိုရပေလိမ့်မည်။ ဤအတူ လိုချင်သည့်လောဘကြောင့်ပြောဆိုခြင်းကြံစည်ခြင်း တို့မှာလည်း ပြောဆိုနေဆဲ ကြံစည်နေဆဲအခါတို့၌ ဖြစ်ကြသော စိတ်စေတသိက်နှင့် ပြောဆိုသည့် စိတ္တဇရုပ်၊ ကြံစည်သည့် စိတ္တဇရုပ်တို့သည်လည်း လိုချင်သည့် လောဘနှင့် အကြောင်းအကျိုး ဖြစ်ကြသည်ကို သိကြပါလေ။

အမောင်တို့၊ သင်တို့သည် တစ်ဖက်သားကို ပြစ်မှား စိတ်ဆိုးလျက် ဒေါသထွက်သည်ကို သိပါ၏လောဟု မေးမူ သိပါ၏ဟု ဖြေဆိုသည့်အပြင် ဤပြစ်မှားသည့် ဒေါသကြောင့် တစ်ဖက်သားတို့ ပျက်ပြားအောင် ပြုလုပ်ဖူး ပြောဆိုဖူး ကြံစည်ဖူး သည်များကိုပါ မေးသမျှ ဖြေဆိုနိုင်ကြကုန်ရာ၏။ ဤဖြေဆိုရာမှာလည်း ဒေါသဟေတုပစ္စည်း ပဋ္ဌာန်းကြီးကြောင့် ပြုလုပ်ပြောဆို ကြံစည်နေကြခြင်းတို့ မဟုတ်ဟု ဘာသာခြားတို့ပင် မပယ်ရှားနိုင်ကြဘဲ ပြစ်မှားသည့်ဒေါသကြောင့်သာ ပြုလုပ် ပြောဆို ကြံစည်နေကြသည်ဟု ဒေါသဟေတုပစ္စည်း ပဋ္ဌာန်း အကြောင်းအကျိုး အစစ်ကြီးကို သိရှိကြပေလိမ့်မည်။ တစ်နည်း။ မသိမလိမ္မာဘဲ မိုက်မဲတွေဝေသည့် မောဟကြောင့် အချွတ်ချွတ်အလွဲလွဲ ပြုမိကြ ပြောမိကြ ကြံစည်မိကြရာတို့၌လည်း ဘာသာခြားတို့ကပင် မောဟဟေတုပစ္စည်း ပဋ္ဌာန်းကြီးကြောင့် မဟုတ်ဟု မပယ်ရှားနိုင်ကြဘဲ မိုက်မဲတွေဝေသော မောဟကြောင့်သာ ချွတ်လွဲသောအမှုကို ပြုလုပ် ပြောဆို ကြံစည်နေကြသည်ဟု မောဟဟေတုပစ္စည်း ပဋ္ဌာန်း အကြောင်းအကျိုးတရား အစားစားကြီးကို သိရှိကြပေလိမ့်မည်။ ဤလောဘ၊ ဒေါသ၊ မောဟ အကုသိုလ် ဟိတ်သုံးပါးကား အကုသိုလ်ဖြစ်သမျှ

WWW.DHAMMARANSI.COM



သူတို့ကြောင့်ချည်း ဖြစ်ကြရကုန်၏။ အပါယ်ဘဝသို့ရောက်သမျှ ဘေးဒုက္ခ တွေ့ရသမျှတို့သည်လည်း ဤအကုသိုလ် ဟေတုပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့် ချည်းသာ ဖြစ်ကြရကုန်၏ဟု စင်စစ်မုချ သိကြပါလေ။

❖

## ကုသိုလ်ဟိတ်သုံးပါးကို ပြောကြားပုံကား

မည်သည့်ဘာသာမဆို တစ်ဖက်သားကို ချမ်းသာစေလို၍ ပေးကမ်းစွန့်ကြဲခြင်း ဒါနပြုကြရာတွင် အမောင်တို့အမိတို့သင်တို့ပေးလှူသော ဝတ္ထုပစ္စည်းတို့ကို နမြောစုံမက် လိုချင်လျက်ရှိမူ မပေးလှူနိုင်၊ မလိုချင်သည့် အလောဘကြောင့်သာ ပေးလှူနိုင်သည်။ တစ်နည်း ပေးလှူအပ်သူတို့ကို ပြစ်မှားခြင်း ဒေါသဖြစ်မူ မပေးလှူနိုင်၊ မပြစ်မှားခြင်း ဒေါသကင်း၍သာ ပေးလှူနိုင်သည် ဟူ၍လည်းကောင်း။ တစ်နည်း ပေးလှူခြင်းအကျိုးအမျိုးမျိုးတို့ကို မသိကြဘဲ မိုက်မဲတွေဝေနေမူ မပေးလှူနိုင်၊ ပေးလှူခြင်းအကျိုးအမျိုးမျိုးတို့ကို သိရှိခြင်း မတွေဝေခြင်း အမောဟကြောင့်သာ ပေးလှူနိုင်သည် ဟူ၍လည်းကောင်း။ သင်တို့သိရှိကြ၏လောဟု မေးမူ မလိုချင်၍သာ ပေးလှူခြင်း ဖြစ်ပါ သည်။ ပြစ်မှားစိတ်ဆိုးခြင်း မရှိ၍သာ ပေးလှူခြင်း ဖြစ်ပါသည်။ ပေးကမ်းခြင်း အကျိုးများကိုလည်း သိ၍သာ ပေးလှူခြင်း ဖြစ်ပါသည်ဟု အသီးသီး ကုသိုလ်ပြုသော အရာတို့မှာ ဖြေဆိုနိုင်ကြကုန်ရာ၏။ ဤသို့ ဖြေဆိုခြင်းကား အခြားမဟုတ် မလိုချင်သည့် အလောဘဟိတ်၊ မပြစ်မှားသည့် အဒေါသဟိတ်၊ မတွေဝေသည့် အမောဟဟိတ်များ ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ကြောင့် ဒါန ကုသိုလ်မှစ၍ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များ ထိုထိုတို့ကို ကိုယ်ဖြင့်လည်း လုပ်နေကြရသည့် ပဋ္ဌာန်းအကျိုးများ၊ နှုတ်ဖြင့်လည်း ပြောဆိုနေကြသည့် ပဋ္ဌာန်းအကျိုးများ၊ စိတ်ဖြင့်လည်း ကြံစည်နေကြရသည့် ပဋ္ဌာန်းအကျိုးများ အစားစားတို့ ဖြစ်ပွားနေကြသည်တို့ကို ဘာသာခြားတို့ပင် မပယ်ရှားနိုင်ဘဲ ဟုတ်မှန်လှပါသည်ဟု ဝန်ခံကြကုန်ရာ၏။

WWW.DHAMMARANSI.COM



ဤအလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်ဟိတ် သုံးပါးတို့ကား ကုသိုလ်ဖြစ်သမျှ သဟိတ်ဝိပါက် ကြိယာဖြစ်သမျှ သူတို့ကြောင့် ချည်း ဖြစ်ကြရကုန်၏။ နတ်ရွာ နိဗ္ဗာန်သို့ ရောက်သမျှ ချမ်းသာသုခ ရသမျှတို့သည်လည်း ဤကုသိုလ်ဟေတုပစ္စည်း ပဋ္ဌာန်းအကြောင်းအကျိုးတရား အစစ်ကြီးတို့ကြောင့် ချည်းသာ ဖြစ်ကြရကုန်၏ဟု စင်စစ် မုချ သိကြပါလေ။

ဤရှေ့က အကျယ်ဝေဖန်၍ ပြခဲ့သော အကုသိုလ်ဟိတ် သုံးပါး ကုသိုလ်အဗျာကတဟိတ် သုံးပါး အစားစားတို့အကျဉ်းအားဖြင့် သိမှတ်လွယ်အောင် ပြဆိုရပြန်မူ။

အမောင်တို့ အမိတို့ သင်တို့ နေ့စဉ်ထာဝရ နှစ်သက်ဖွယ် ဝတ္ထု အစုစုတို့ကို လိုချင်နေကြသည့် လောဘကို လောဘဟိတ်ဟုသိ၊ မနှစ်သက်ဖွယ် အသွယ်သွယ်တို့ကို စိတ်ဆိုးပြစ်မှားနေကြသည့် ဒေါသကို ဒေါသဟိတ်ဟုသိ၊ အရာရာတို့၌ မသိမလိမ္မာ တွေဝေ၍နေကြပါသော မောဟကို မောဟဟိတ်ဟုသိ။ ဤအကုသိုလ် ဟိတ်သုံးပါး ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးတို့သည် သတ္တဝါတိုင်းမှာ အခါခပ်သိမ်း ရှိနေတတ်ကြကုန်၏။ သတ္တဝါတိုင်းတို့လည်း သိနေတတ်ကြကုန်၏ဟု အကုသိုလ် ဟေတုပစ္စည်း ပဋ္ဌာန်းတရားတို့ကို ပြောပြက ဉာဏ်အငယ်စားတို့ကပင် ဒါတွေကိုတော့ သိမှာပေါ့ဟု ပြောဆိုကြပေလိမ့်မည်။

တစ်နည်း လိုချင်သည့်လောဘ၊ ပြစ်မှားသည့်ဒေါသ၊ တွေဝေသည့်မောဟ တို့မှ ကင်းကြ၍ ဒါန၊ သီလ၊ ဘာဝနာ အဖြာဖြာသော ကုသိုလ်စုတို့ကို ပြုစုကြသောအခါ တို့မှာကား ထိုထိုဝတ္ထုပစ္စည်းတို့ကို တွယ်တာကပ်ငြိခြင်း လောဘကင်းသောကြောင့် မလိုချင်သည့် အလောဘကို အလောဘဟိတ်ဟုသိ၊ နှလုံးမသာယာခြင်း ဒေါသကင်းသောကြောင့် မပြစ်မှားသည့် အဒေါသကို အဒေါသဟိတ်ဟုသိ၊ မသိမလိမ္မာ တွေဝေမိုက်မှားစွာသော မောဟကင်းသောကြောင့် မတွေဝေမိုက်မှားသည့် အမောဟကို အမောဟဟိတ်ဟုသိ။ ဤကုသိုလ်ဟိတ် အဗျာကတဟိတ် သုံးပါးစီ ရှိကြသော ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးတို့သည် သတ္တဝါတိုင်းတို့မှာ အခါခပ်သိမ်း ရှိထိုက်သည့် အားလျော်စွာ ရှိနေတတ်ကြကုန်၏။ သတ္တဝါတိုင်းတို့လည်း သိနေထိုက် ကြကုန်၏ဟု ထိုက်သည့်

WWW.DHAMMARANSI.COM



အားလျော်စွာ ကုသိုလ် အဗျာကတ ဟေတုပစ္စည်း ပဋ္ဌာန်းကြီးတို့ကို ပြောပြက ဉာဏ်အငယ်စားတို့ကပင် ဒါတွေကိုတော့ သိမှာပေါ့ဟု ဖြေဆိုကြပေလိမ့်မည်။ ဤသို့ဖြေဆိုကြသော ဟေတုပစ္စည်း ပဋ္ဌာန်းကြီးတို့ကို ဒွါရကြီး ခြောက်ပေါက် ဒွါရငယ်သုံးစား တို့ဖြင့် ထင်ရှားအောင် ပြောဟောလိုကြ သိရှိလို ကြပါသေးမူ ဆောင်ပုဒ်က ပြခဲ့သည့်အတိုင်း ပြောဟော သိရှိကြကုန်ရာ၏။

ဒွါရကြီး ခြောက်ပေါက် ဆိုသည်ကား စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ တို့ကို ဆို၏။

ဒွါရငယ် သုံးစား ဆိုသည်ကား ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ တို့ကို ဆို၏။ ဤဒွါရကြီး ဒွါရငယ်တို့ ဆက်သွယ်၍ ဖြစ်နေကြပုံကို သိစေလို၍ မြင်မြင်သမျှနှင့် စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သိလုံးဇော နာမ်ရုပ်တို့သည် ဟေတု ပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်းဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်သည်ကား တခြားမဟုတ်။ စက္ခုဒွါရကြီးဖြင့် မြင်မြင်နေကြပြီး ကိုယ်ဖြင့် ပြုလုပ်ကြသော ကာယဒွါရ၊ နှုတ်ဖြင့် ပြောဆိုရသော ဝစီဒွါရ၊ စိတ်သက်သက်ဖြင့် ကြံစည်ကြသော မနောဒွါရတို့မှာ ဖြစ်ပေါ်၍ နေကြပါသော သိလုံးဇော အတွင်းတွင် ပါဝင်နေကြသော အကုသိုလ်ဇော ဖြစ်ကြလျှင် လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ ကုသိုလ်ဇော၊ ကြိယာဇော ဖြစ်ကြလျှင် အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ဤဟိတ်ခြောက်ပါးတို့က ဟေတုပစ္စည်း ပဋ္ဌာန်းအကြောင်း တရားတို့တည်း။ ၎င်းဟိတ်ခြောက်ပါး တို့နှင့်အတူတကွဖြစ်နေကြသော စိတ် စေတသိက် နာမ်တရားတို့သည်လည်းကောင်း။ ထိုနာမ်တရားတို့က ဖြစ်စေကြ၍ ပြုလုပ်နေကြသော တစ်ကိုယ်လုံးရှိ ကိုယ်အမူအရာ အစားစား၊ ပြောဆိုနေကြသော နှုတ်အမူအရာ အစားစား၊ ကြံစည်နေကြသော စိတ်အမူအရာ အစားစား၊ စိတ္တဇရုပ်တရား တို့သည်လည်းကောင်း။ ထိုဟေတုပစ္စည်း ပဋ္ဌာန်းအကျိုးတရား တို့တည်းဟု ပြောဟောကြက ဉာဏ်အငယ်စားတို့ကပင် ဒါတွေကိုတော့ သိမှာ ပေါ့ဟု ဖြေဆိုကြပေလိမ့်မည်။ ဤသို့ဉာဏ်အငယ်စားတို့ အလွယ်ဆုံးနည်းနှင့် သိရှိကြရငြားသော်လည်း အဖိုးတန် ရွှေငွေ ပစ္စည်းများကို အနည်းငယ်မျှရောင်းချ ပေးကမ်းနေကြမူ အဖိုးမတန်ဟု ထင်မြင်ကြသောအခါ မှတ်တင်၍ ပြတော့မှ

WWW.DHAMMARANSI.COM



အဖိုးတန်ပဟု သိရှိကြရ၍ ငါတို့ကံကောင်း၍သာ အလကားလိုလို ဤရွှေငွေတို့ကို ရလာသည်ဟု ဝမ်းမြောက်ကြရသလို မြန်မာစကား အလွယ်ဆုံး နည်းများနှင့် ပဋ္ဌာန်းတရားအစစ်များကို ပြောဟောကြမှ ပဋ္ဌာန်းတရားမဟုတ်ဟု ထင်မြင်ယူဆသူတို့ကို ဘုရားစကား ပဋ္ဌာန်းပါဠိတော်ကြီးများနှင့် မှတ်ပုံတင်၍ ပြရပုံကား။

ဟေတုပစ္စယောတိ၊ ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော ဟု ပါဠိတော်အရကို မှတ်တင်၍ ပြတော့မှ အဖိုးတန် ပဋ္ဌာန်းတရားဟု သိရှိရ၍ ငါတို့ ဘုန်းကံပါရမီရှိ၍သာ အလွယ်တကူနှင့် ဤအဖိုးတန် ပဋ္ဌာန်းကို သိရှိရပါတကားဟု ဝမ်းမြောက်ကြကာ ယုံကြည်သော စိတ်ထားနှင့် ရေးပြီး ရေးလတ္တံ့တို့ကိုလည်းကောင်း၊ ဟောပြီး ဟောလတ္တံ့တို့ကို လည်းကောင်း၊ ပဋ္ဌာန်း ပါဠိတော်တို့နှင့် အညီသာ ရေးပြအပ် ဟောပြအပ်ပါသည်ဟု ယုံယုံကြည်ကြည် အလေးတမူ အရေးယူ၍ အကြိမ်ကြိမ် အထပ်ထပ် ဝမ်းမြောက်ခြင်းနှင့် ကြည့်ရှုသင်အံ့ ကျင့်ကြံ အားထုတ်ကြပါလေ ပညာရှိသဘောဖြူတွေတို့။

ယခု ရေးပြပြီး ရေးပြလတ္တံ့သော ပဋ္ဌာန်းပါဠိတော်တို့ကိုကား ယုံကြည်လောက်ရုံ မျှသော အနည်းငယ် ပြအပ်ပါသတည်း။

အနက်အဓိပ္ပာယ်နှင့် အကျယ်ကိုမူကား ငါတို့ရေးပြထားသော ပဋ္ဌာန်းဝိပဿနာ ကျင့်စဉ်ကျမ်းကြီးမှာ ကြည့်ကြပါလေ။

ဤကား စက္ခုဒွါရကြီးက မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်ခြင်း ဒွါရငယ်သုံးပါး အစားစားတို့မှာ ထိုထို ဝတ္ထုအစုစုတို့ကို သိရှိသမျှတို့သည် ကုသိုလ်ဇော အကုသိုလ်ဇော ကြိယာဇော အဗျာကတဇောတို့နှင့်သာ ဟေတုပစ္စည်း ပဋ္ဌာန်းကြီးတို့ ဖြစ်ကြပုံကို ဉာဏ်အငယ်စားတို့ကို နားလည်နိုင်လောက်အောင် ဟောပြောချက်ပေတည်း။

ထိုမှတစ်ပါး သောတဒွါရကြီးက ကြားကြားသမျှနှင့်စပ်၍ ဃာနဒွါရကြီးက နံနံသမျှ၊ ဇိဝှါဒွါရကြီးက စားစားသမျှ၊ ကာယဒွါရကြီးက တွေ့တွေ့သမျှနှင့်စပ်၍ ပြုလုပ်၊ ပြောဆို၊ ကြံစည်ခြင်း ဒွါရငယ်သုံးပါး အစားစားတို့မှာ ထိုထိုဝတ္ထုအစုစု တို့ကို သိရှိ သမျှတို့သည် ကုသိုလ်ဇော အကုသိုလ်ဇော ကြိယာ အဗျာကတဇော

WWW.DHAMMARANSI.COM



စိတ္တဇရုပ်တို့နှင့်သာ ဟေတုပစ္စည်း ပဋ္ဌာန်းကြီးတို့ ဖြစ်ကြပုံကို ဉာဏ်အငယ်စား တို့ကို နားလည်နိုင်လောက်အောင် စက္ခုဒွါရက အကျယ်ပြခဲ့သော ဆောင်ပုဒ် နည်းကို မှီး၍ ပြောဟောပြက ဉာဏ်အငယ်စားတို့ပင် အလွယ်တကူနှင့် မှတ်ယူ နားလည် ကြကုန်ရာ၏။

ထိုမှတစ်ပါး မနောဒွါရကြီးက ကြံကြံသမျှနှင့်စပ်.မစပ်သော ပြုလုပ်၊ ပြောဆို၊ ကြံစည်မှု သဟိတ်ဇော ဝိပါက်စတို့သည် ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့ သာတည်းဟု ဆောင်ပုဒ်မှာပြခဲ့သည်၌ (စပ်) ဆိုသည်ကား မနောဒွါရ သက်သက် ကြံစည်ချက် နောက်လိုက် သဟိတ်ဇော မနောဒွါရဝီထိတို့နှင့်စပ်၍ ပြုလုပ်မှု ပြောဆိုမှု ကြံစည်မှု ကုသိုလ် အကုသိုလ် သဟိတ် ကြိယာဇော တို့ကို သိစေလို၍ (စပ်)ဟု ဆောင်ပုဒ်၌ ပြဆို၏။ (မစပ်)ဆိုသည်ကား ဝီထိစိတ်မှတစ်ပါး ဝီထိမုတ် ဖြစ်သော သဟိတ်ပဋိသန္ဓေ ဘဝင်စုတိ တို့ကိုလည်း ဟေတုပစ္စည်း ပဋ္ဌာန်းကြီး အရနှင့် သိစေလို၍ (မစပ်)ဟု ပြဆိုအပ်ပါသတည်း။

အမှာ ။ ။ နောင်ပြလတ္တံ့သော မနောပေါက်က စပ်.မစပ် ဟု ရေးပြလတ္တံ့ တို့သည်လည်း ဤနည်းအတိုင်း သိကြပါလေ။

ဤသည်တို့ကား ဒွါရကြီး တစ်ပါးတစ်ပါးတို့မှာ ပြုလုပ် ပြောဆို ကြံစည်မှု ဒွါရငယ်သုံးပါးစုနှင့် သဟိတ်ဇော ဝိပါက်စတို့ သတ္တဝါများ အစားစားတို့မှာ သူသိ ငါမြင် အထင်အရှား ဖြစ်ပွားနေကြပုံကို ဉာဏ်အငယ်စားတို့ပင် နားလည် သွားအောင် အကျဉ်းအားဖြင့် ဟောကြားချက်ပါတည်းဟု အရင်က မေးခဲ့သော စကားတို့ကို ဖြေကြားကြပါလေ။

ဤဟေတုပစ္စည်း ပဋ္ဌာန်းသည် ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော ဟေတုပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော် အရနှင့် ညှိနှိုင်း၍ ပြချက်ပြီး၏။

❖

WWW.DHAMMARANSI.COM



## ၈။ အာရမ္မဏပစ္စည်း ပဌာန်းကြီးအရကို မေးဖြေပြချက်။

မေး။ ။ ရှေ့က ခြောက်ဒွါရနှင့်စပ်၍ပြအပ်ခဲ့သည့်အတိုင်း မိမိတို့အတွင်းအပြင်တို့မှာ သူသိငါမြင် အထင်အရှားဖြစ်နေကြသော ရုပ်တရား နာမ်တရား အစားစားတို့၏အတွင်းသို့ သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော အာရမ္မဏပစ္စည်း လက်တွေ့ပဌာန်းကြီးကို သွင်း၍ ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင်လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။

ဖြေ။ ။ အမောင်အမိတို့ အာရမ္မဏပစ္စည်း ပဌာန်းကြီးဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ် ပညတ်များကဲ့သို့ ထင်ရှားမရှိဘဲ လုပ်ကြံ၍ သိရှိပြောဆိုရသော တရားမျိုးလည်းမဟုတ် အာရမ္မဏပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း (ဝါ) ဤလောကကြီးတွင် သူသိငါမြင် အထင်အရှားဖြစ်ပေါ်နေကြသော အဆင်းဟူသမျှ ရူပါရုံ၊ အသံဟူသမျှ သဒ္ဒါရုံ၊ အနံ့ဟူသမျှ ဂန္ဓာရုံ၊ အရသာဟူသမျှ ရသာရုံ၊ အတွေ့ဟူသမျှ ဖောဋ္ဌဗ္ဗာရုံ၊ ရုပ်နာမ်ပညတ် သဘောဟူသမျှ ဓမ္မာတို့ ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဟု ပြအပ်ပါသည့်အတိုင်း သင်တို့သည် နေ့စဉ်ထာဝရ မျက်စိဖြင့် အဖြူ အနီ အကြောင် အကြား စသော အဆင်းတို့ကို မြင်ရပါ၏လောဟု မေးမူ။ ဒါတွေကိုတော့ မြင်ရပါ၏ဟု ဖြေဆိုကြရပေလိမ့်မည်။ ဤသို့မြင်ရခြင်းကား အခြားမဟုတ် ထိုသို့ အဆင်း ရူပါရုံ ရှိသောကြောင့်သာ သင်တို့မြင်သိရ၏။ အဆင်း မရှိသော် မမြင်နိုင် ကြသောကြောင့် အဆင်းကား အကြောင်း အာရမ္မဏပစ္စည်း ပဌာန်းတရားကြီး အစစ်တည်း။

မြင်သိကား အကျိုး အာရမ္မဏ ပစ္စယုပ္ပန် တရားတည်းဟု ပြောပြကမည်သည့် ဘာသာကမျှ မငြင်းပယ်နိုင်ဘဲ ဟုတ်လိုက်လေခြင်း ဟုတ်လေခြင်းဟူ၍သာ ဝန်ခံကြပြီးလျှင် သြော် ပဌာန်းတရားတွေဆိုတာ တို့မှာမရှိ တို့မသိနိုင်သော တိမ်ကြားမင်းခေါင်တရားတွေဟု ရှေ့အဖို့က ထင်နေကြတာကား တစ်မျိုးအထင်မှားချက်တည်း။ စင်စစ်မူကား မိမိတို့နှင့်တကွ လောကကြီးအတွင်းမှာ အဆင်း အသံ အနံ့ စသည်တို့တင်းကြမ်းပြည့် ရှိနေကြသော ရုပ်တရားတို့သည် ပဌာန်းတရား အစစ်များတို့ပါတကား။ ထိုပဌာန်းတရား အစစ်များကို

WWW.DHAMMARANSI.COM



ဘုရား စသော ဟောပြတတ်သူတို့နားလည်ကြအောင် မိမိတို့ဘာသာစကားဖြင့် ပြောဟောကြက မိမိတို့ ဉာဏ်ရှိသလောက် သိသင့် သိထိုက် သိနိုင်ကြပါ တကားဟု ယုံကြည်အားထားကာ မှတ်သား ကျင့်ကြံကြပါလေ ပညာရှိ သူတော်ကောင်းတွေတို့။

ဤအဆင်းရူပါရုံကို အာရုံပြု၍ ပြုလုပ်သမျှ ပြောဆိုသမျှ ကြံစည်သမျှသော နောက်စိတ် နာမ်အစဉ်တို့သည်လည်း အဆင်း ရူပါရုံ အကြောင်းကြောင့် သိမြင် ရသော ပဋ္ဌာန်း အာရမ္မဏ ပစ္စယုပ္ပန် အကျိုးတရားတို့တည်းဟု ပြောပြကလည်း မည်သူကမျှ အဆင်း ရူပါရုံ အကြောင်းနှင့် ပြုလုပ် ပြောဆို ကြံစည်ကြသော နာမ်ဝိညာဉ် အကျိုးတို့မဟုတ်ကြဘူးဟု မပယ်ရှားနိုင်ကြဘဲ ဟုတ်မှန်လှပါသည် ဟူ၍သာ ဝန်ခံကြကုန်ရာ၏။

ထိုမှတစ်ပါးသော နားပေါက် စသည်နှင့်စပ်၍ သတ္တဝါအများတို့ကိုယ်တွေ့ ဉာဏ်တွေ့သိရှိ တွေ့ကြုံ ခံစားနေကြရသည့် အသံ သဒ္ဒါရုံ ရုပ်တရား အာရမ္မဏ ပစ္စည်းများတို့ ဤလောကကြီးတွင် ထင်ရှားရှိသောကြောင့်သာ ကြားသိလုံးနှင့် ဆက်သွယ်၍ ပြုလုပ်ပြောဆို ကြံစည်သမျှသော နာမ်အကျိုးတရားတို့ဖြစ်ပေါ်နေ ကြရခြင်း သဒ္ဒါရုံ၊ အာရမ္မဏပစ္စည်း ပဋ္ဌာန်းတရားကြီးကိုလည်း မည်သူမဆို မပယ်ရှားနိုင်ကြဘဲ ဉာဏ်အငယ်စားတို့ပင် အသံရှိသောကြောင့်သာ ကြားသိ ဖြစ်ရ၏ဟု သိရှိထိုက်၏။

အနံ့ ဂန္ဓာရုံ ရုပ်တရား အာရမ္မဏပစ္စည်းများတို့ ဤလောကကြီးတွင် ထင်ရှား ရှိသောကြောင့်သာ နံသိလုံးနှင့် ဆက်သွယ်၍ ပြုလုပ် ပြောဆို ကြံစည် သိရှိသမျှသော နာမ်တရားတို့ဖြစ်ပေါ်နေကြရခြင်း ဂန္ဓာရုံအာရမ္မဏပစ္စည်းပဋ္ဌာန်း တရားကြီး တို့ကိုလည်း မည်သူမဆို မပယ်ရှားနိုင်ကြဘဲ ဉာဏ်အငယ်စားတို့ပင် အနံ့ရှိသောကြောင့်သာ နံသိဖြစ်ရ၏ဟု သိရှိထိုက်၏။

အချို အချဉ်စသော အရသာ ရသာရုံ ရုပ်တရား အာရမ္မဏပစ္စည်းများတို့ ဤလောကကြီးတွင် ထင်ရှားရှိနေကြသောကြောင့်သာ စားသိလုံးနှင့် ဆက်သွယ်၍ ပြုလုပ် ပြောဆို ကြံစည် သိရှိသမျှသော နာမ်အကျိုးတရားတို့ ဖြစ်ပေါ်နေကြရခြင်း ရသာရုံ အာရမ္မဏပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ကိုလည်း မည်သူမဆို မပယ်ရှား နိုင်ကြဘဲ ဉာဏ်အငယ်စားတို့ပင် အရသာရှိသော ကြောင့်သာ စားသိဖြစ်ရ၏ဟု သိရှိ ထိုက်၏။

WWW.DHAMMARANSI.COM



မိမိတို့၏အတွင်းအပြင်ရှိ အကြမ်းအနု ပထဝီတွေ၊ အပူအအေး တေဇော တွေ၊ အတိုးအဖော့ ဝါယောတွေ၊ ဖောဋ္ဌဗ္ဗာရုံ ရုပ်တရား အာရမ္မဏပစ္စည်းတို့ ဤလောကကြီးတွင် ထင်ရှားရှိသောကြောင့်သာ တွေ့သိလုံးနှင့် ဆက်သွယ်၍ ပြုလုပ် ပြောဆို ကြံစည် သိရှိသမျှသော နာမ်အကျိုးတရားတို့ ဖြစ်ပေါ်နေကြရခြင်း ဖောဋ္ဌဗ္ဗာရုံ အာရမ္မဏပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ကိုလည်း မပယ်ရှားနိုင်ကြဘဲ ဉာဏ်အငယ်စားတို့ပင် အတွေ့ဖောဋ္ဌဗ္ဗာရုံ ရှိသောကြောင့်သာ တွေ့သိဖြစ်ရ၏ဟု ဝန်ခံထိုက် သိရှိထိုက်လှ၏။

ဤကဲ့သို့ ရှေ့ကပြခဲ့သော ငါးဒွါရနှင့် သိရှိကြရန် ရည်သန်၍ မြင်မြင်သမျှနှင့် စပ်၍၊ ကြားကြားသမျှနှင့်စပ်၍၊ နံနံသမျှနှင့်စပ်၍၊ စားစားသမျှနှင့်စပ်၍၊ တွေ့တွေ့ သမျှနှင့်စပ်၍၊ ပြုလုပ် ပြောဆို ကြံစည်အပ်သော ရုပ်နာမ်တရားတို့သည် အာရမ္မပစ္စည်းပစ္စယုပ္ပန် တရားတို့သာတည်းဟု ရေးပြအပ်သော ဆောင်ပုဒ်ငါးခု၌ ရုပ်အာရုံ ငါးပါးက ရုပ်အာရမ္မဏပစ္စည်းတရား ထိုအာရုံငါးပါးတို့ကို သိလုံး မှန်သမျှ နာမ် အကျိုးတရား တို့ကို သိစေလို၍ (ရုပ်နာမ်တရားတို့သည် အာရမ္မဏပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း)ဟု ရေးပြအပ်ပါသတည်း။

ထိုမှတစ်ပါး မနောပေါက် သက်သက်ဖြင့် ကြံစည်၍ သိရှိနေကြသည်ကား မိမိတို့ အတွင်းအပြင်ရှိ အဆင်းရူပါရုံ ဟူသမျှတို့ကိုလည်း မနောသက်သက်နှင့် ကြံစည်၍ သိနိုင်၏။ အတွင်းအပြင် အသံဟူသမျှတို့ကိုလည်းကောင်း၊ အတွင်း အပြင် အနံ့ ဟူသမျှတို့ကိုလည်းကောင်း၊ အတွင်းအပြင် အရသာ ဟူသမျှတို့ကို လည်းကောင်း၊ အတွင်းအပြင် အတွေ့ဟူသမျှတို့ကိုလည်းကောင်း၊ မနော သက်သက်နှင့် ကြံစည်၍ သိနိုင်၏။

ထိုမှတစ်ပါးသော အတွင်းအပြင်ရှိ အရည်သဘောရုပ်၊ မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ်၊ ဣတ္ထိဘာဝ မိန်းမအဖြစ်ရုပ်၊ ပုမ္ဘာဝ ယောကျ်ားအဖြစ်ရုပ် စသော ရုပ်ဓမ္မာရုံတို့ကို လည်းကောင်း၊ သိရှိကြံစည် ပြုလုပ်နေကြသော နာမ်ဓမ္မာရုံ နိဗ္ဗာန်နှင့် ထိုထို ပုံသဏ္ဌာန် အကောင် အထည်ဒြပ် အစရှိသော ပညတ်ဓမ္မာရုံတို့ကိုလည်းကောင်း၊ မနောသက်သက်နှင့် ကြံစည်၍ သိနိုင်ကြ၏။ (ဝါ) သိနေကြပြီးလျှင် ကိုယ်. နှုတ်. စိတ် တို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်နေကြ၏ဟု ပြောဆိုက မငြင်းပယ်နိုင်ကြဘဲ ဟုတ်မှန်လှပါသည်ဟု ဝန်ခံကြရ ပေလိမ့်မည်။

WWW.DHAMMARANSI.COM



ဤအပေါက်ဒွါရကြီး ခြောက်ခုတို့နှင့် ဆက်သွယ်ကြပြီး အာရုံခြောက်မျိုးတို့ကို သိလုံးခြောက်မျိုးတို့ဖြင့် မိမိတို့ဘာသာစကားနှင့် မိမိတို့နားလည်အောင် ပြောဟော ကြမှု ညာဏ်အငယ်စားတို့ပင် အာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီးကို မသိချင်တယ်လို့ မနေရဘဲ သိကြားနားလည်ရသော်လည်း ဘုရားဟော ပါဠိတော်ကြီးတို့မှာ အာရုံ ခြောက်ပါးနှင့် ဘုရားဟောတာ မရှိက မယုံကြည်စရာ ရှိနေမှာကြောင့် ဘုရားဟောစကားတို့ကို ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော စသော ပဋ္ဌာန်းပါဠိတော် အရဖြင့် အာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီးအရကို ယုံယုံကြည်ကြည် လေးလေးမြတ်မြတ် သိမှတ်ကြပါလေ ပညာရှိ သဘောဖြူတွေတို့ဟု အရင်က မေးခဲ့သော စကားကို ဖြေကြားကြပါလေ။

ဤအာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ မပွင့်သည်ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော အာရမ္မဏပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

## ၉။ အဓိပတိပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေ ပြချက်။

မေး။ ။ ရှေ့က ပြခဲ့သော ရုပ်နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော အဓိပတိပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးကို သွင်း၍ ညာဏ် အငယ်စား တို့ပင် အလွယ်နှင့် နားလည်ချင်လောက်အောင် အဘယ်သို့ဟောပြမည်နည်း။

ဖြေ။ ။ အမောင်အမိတို့ အဓိပတိပစ္စည်း ပဋ္ဌာန်းကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင် ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ အဓိပတိပစ္စယော ဟူသော ပါဠိတော်၏ အနက်မှာ သတ္တဝါတိုင်းတို့မှာ ထင်ရှာရှိ ထင်ရှားသိနိုင်အောင် အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း (ဝါ) အလေးပြုအပ်လွန်ကောင်းမြတ်သော အာရုံခြောက်ပါးတို့သည်လည်းကောင်း ထက်သန်သော

WWW.DHAMMARANSI.COM



ဆန္ဒ ဝီရိယ စိတ္တပညာ တို့သည်လည်းကောင်း အကြီးအမှူးပြု၍ ကျေးဇူးပြု တတ်သောတရားဟု ပြအပ်သည့်အတိုင်း ဤရေးပြလတ္တံ့သော အဓိပတိ ပစ္စည်းသည် အာရုံအားဖြင့် အလေးအမြတ်ပြုအပ်သော အာရမ္မဏာ ဓိပတိပဋ္ဌာန်း တစ်မျိုး၊ ဓမ္မသဘောအားဖြင့် ထက်သန်ကြီးမား အားရှိသော သဟဇာတ ဓိပတိပဋ္ဌာန်းတစ်မျိုးအားဖြင့် နှစ်မျိုးနှစ်စားရှိရာတွင် ဤလောကကြီး အတွင်းမှာ လောကကြီး သက်သက်နှင့်ဆိုင်သော၊ အရာဌာန နှုးညွံ့ သိမ်မွေ့သော သူတော်ကောင်းတရားနှင့်ဆိုင်သော အရာဌာန နှစ်မျိုးနှစ်စားစီ ရှိကြရာတွင် လောကီနှင့် ဆိုင်သောဘက်က သတ္တဝါအများတို့နှစ်သက်ခင်မင် အလေးတမူ အရေးယူ၍ ကြည့်ချင်လောက်အောင် အဖိုးတန် ဝတ္ထုပစ္စည်းတို့ဖြင့် ဝတ်စား ဆင်ယင် ပြုပြင် ခြယ်လှယ်ထားသော မိန်းမ၊ ယောက်ျား စသည်များတို့၏ ကောင်းမြတ်သော အဆင်းဟူသမျှတို့သည် အလေးအမြတ် ပြုအပ်သော အဆင်းတည်း။ ထို အလေးအမြတ် ပြုအပ်သော အဆင်းကို သတ္တဝါတိုင်းတို့ အလေးအမြတ်ပြု၍ နှစ်သက်ခင်မင် လိုချင်တောင့်တခြင်း လောဘကို အရင်းခံ ကြပြီး ကိုယ်ဖြင့် ပြုလုပ်ခြင်း၊ နှုတ်ဖြင့် ပြောဆိုခြင်း၊ စိတ်ဖြင့် ကြံစည်ခြင်းတို့ဖြစ်နေ ကြရသည်ဟု ပြောပြက မည်သူကမျှ မငြင်းပယ်နိုင်ကြဘဲ အကျွန်ုပ်တို့လည်း အလေးအမြတ်ပြု၍ အဆင်းကောင်းကောင်း လုလုကလေးများကို လိုချင်၍ ပြုလုပ် ပြောဆို ကြံစည်နေကြပါ သည်ဟု ဝန်ခံကြရမည်ကား မလွဲတည်း။

ဤဝန်ခံခြင်းကား အခြားမဟုတ် အလေးအမြတ် ပြုအပ်သော အဆင်း အာရမ္မဏာ ဓိပတိပစ္စည်း ပဋ္ဌာန်းကြီးကြောင့် အလေးအမြတ်ပြုသော နှစ်သက် ခင်မင် လိုချင်သည့်လောဘ အဓိပတိပဋ္ဌာန်း အကျိုး ပစ္စယုပ္ပန်တရား ဖြစ်နေကြ သည်ကို ဝန်ခံသည်မည်၏။

ထိုမှတစ်ပါးသော အလေးအမြတ်ပြု၍ ဂရုစိုက်အပ်သော အသံ ကောင်းကောင်း တို့ကိုလည်းကောင်း၊ အနံ့ကောင်းကောင်း တို့ကိုလည်းကောင်း၊ အရသာကောင်းကောင်း တို့ကိုလည်းကောင်း၊ ကိုယ်တွေ့ကောင်းကောင်း တို့ကို လည်းကောင်း၊ မျက်စိအကြည်ကောင်းကောင်း၊ နားအကြည်ကောင်းကောင်း စသော ရုပ်ဓမ္မာရုံ၊ စိတ်အကြံအစည်နှင့်တကွ ပညာ ဝီရိယ စသော နာမ်ဓမ္မာရုံ တို့ကိုလည်းကောင်း၊ အလေးအမြတ်ပြု၍ နှစ်သက်ခင်မင် လိုချင်သည့်လောဘ

WWW.DHAMMARANSI.COM



ဖြစ်နေကြခြင်း တို့သည်လည်း အာရမ္မဏ ဓိပတိပစ္စည်း ပစ္စယုပ္ပန် ပဋ္ဌာန်းကြီးတို့ တည်းဟု သိကြပါလေ။

ဤကား လောကီသက်သက်နှင့်ဆိုင်သော အာရမ္မဏ ဓိပတိပစ္စည်း ပဋ္ဌာန်းကြီးကို ပြဆိုချက်တည်း။

ထိုမှတစ်ပါးသော နူးညံ့သိမ်မွေ့သော သူတော်ကောင်းတရားနှင့်စပ်၍ ဝမ်းမြောက် နှစ်သက် ကြည်ညို ရှိသေသမှု အလေးပြုအပ်သော မိဘ ဆရာသမား ဘုရားတို့နှင့်တကွ လှူဖွယ်ဝတ္ထု အစုစုတို့၌ဖြစ်သောအလေးအမြတ်ပြုအပ်သော အဆင်းကောင်းကောင်း၊ အသံကောင်းကောင်း၊ အနံ့ကောင်းကောင်း၊ အရသာ ကောင်းကောင်း၊ အတွေ့ကောင်းကောင်းနှင့် ရုပ်နာမ်ဓမ္မာရုံ ဂုဏ်ထူးတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဒါန၊ သီလ၊ သမာဓိ၊ ပညာ အစဖြာသော နာမ်ဓမ္မာရုံ ဂုဏ်ထူးတို့ကို အလေးအမြတ်ပြု၍ ကြည်ညိုရှိသေ နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်း တို့သည်လည်း သတ္တဝါတိုင်းတို့မှာ ဖြစ်နေကြကုန်၏။

ဤသို့ ဖြစ်နေခြင်းသည်လည်း အခြားမဟုတ် နူးညံ့သိမ်မွေ့သည့် သူတော်ကောင်းတရားနှင့်ဆိုင်သော ကုသိုလ်ကြိယာ အာရမ္မဏ ဓိပတိပစ္စည်း ပစ္စယုပ္ပန် ပဋ္ဌာန်းကြီးတို့ ဖြစ်နေကြခြင်းတို့ပင်တည်းဟု သူသိငါမြင် အထင်အရှား ဖြစ်နေကြသော လက်တွေ့ပဋ္ဌာန်းအရကို ပြချက်ပါတည်း။ ၎င်းအာရမ္မဏ ဓိပတိပစ္စည်း ပဋ္ဌာန်းကြီးအရကို အလွယ်နှင့် သိကြစေလို၍ ဤပဋ္ဌာန်းဆောင်ပုဒ်၌ အလေးအမြတ်ပြုအပ်သော အဆင်းတို့ကို အလေးအမြတ်ပြု၍ ပြုလုပ် ပြောဆို ကြံစည်ခြင်းတို့သည် အာရမ္မဏ ဓိပတိပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤရေးက ရေးပြခဲ့သော အကြင် အလေးအမြတ် ပြုအပ်သော အာရုံတို့ကို အလေးအမြတ် ပြုခြင်းတို့သည် အာရမ္မဏ ဓိပတိပစ္စည်း ပဋ္ဌာန်းကြီးဟု မိမိတို့ ဘာသာစကားနှင့် ပြောကြား၍ကား သိရှိကြရပါ၏။ သို့သော် ရွှေငွေ စစ်မစစ်ကို သိမြင်အောင် မှတ်တင်၍ ပြသလို အဓိပတိပစ္စည်းများ ဘုရားဟော စစ်မစစ်ကို ပဋ္ဌာန်းပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

ယံယံဓမ္မံ ဂရုံကတွာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာဓမ္မာ စသည်ဖြင့် ပဋ္ဌာန်းပါဠိတော်အရဖြင့် အဓိပတိပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်ကို သိကြပါလေ။

WWW.DHAMMARANSI.COM



ဤကား အာရမ္ဘဏ ဓိပတိပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော် အရနှင့် ညှိနှိုင်း၍ပြချက်ပါတည်း။

ထိုမှတစ်ပါး သဟဇာတာ ဓိပတိပစ္စည်း ပဋ္ဌာန်းကြီး၌လည်း အမောင်တို့ အမိတို့၊ ထိုထိုကိစ္စ အမှုဟူသမျှတို့ကို ပြုလုပ် ပြောဆို ကြံစည်ကြသော အရာဌာန တို့၌ ငါကဲ့သို့ အလိုဆန္ဒရှိသူ ပြုလုပ်က မပြီးစီး မပြည့်စုံဘဲ ရှိနိုင်ကြရအံ့နည်းဟု ဆန္ဒ စသည်တို့ကို အကြီးအမှူးပြု၍ ပြုလုပ် ပြောဆို ကြံစည်ကြသောသူတို့ ရှိကြ ၏လော။ သိကြ၏လော။ ဟု မေးမူ။ မိမိတို့ကိုယ်တိုင်ပင် ပြုလုပ် ပြောဆို ကြံစည် လိုသော ဆန္ဒတို့ အကြီးအမှူးပြု၍ ပြုလုပ်ဖူးပါသည်။ ပြောဆိုဖူးပါသည်။ ကြံစည်ဖူးပါသည်။ ဟု ဖြေဆိုကြ ပေလိမ့်မည်။ ဤဖြေဆိုခြင်းကား အခြားမဟုတ် ဆန္ဒာဓိပတိ ပဋ္ဌာန်းတရားကြီးများကို ဖြေဆိုခြင်းပင် ဖြစ်၏ဟု သိကြပါလေ။

ထိုမှတစ်ပါး အခြားသူများကလည်း ငါကဲ့သို့ ဝီရိယရှိသူ၊ ငါကဲ့သို့ စိတ်ဓာတ် ကြီးသူ၊ ငါကဲ့သို့ ပညာကြီးသူတို့ ပြုလုပ် ပြောဆို ကြံစည်က ဘယ်အမှုကိစ္စ မပြီးစီးဘဲ ခံနိုင်ကြအံ့နည်းဟု သဘောထား၍ ပြုလုပ် ပြောဆို ကြံစည်သမျှ တို့သည်လည်း အဓိပတိပစ္စည်း ပဋ္ဌာန်းတရားတို့နှင့်ချည်း ကုသိုလ်အရာ အကုသိုလ်အရာတို့မှာ ဖြစ်နေကြပါသည်ဟု ပြောဆိုက မည်သူကမျှ မငြင်းနိုင် ကြဘဲ ဝီရိယကိုပင် အကြီးအမှူးထား၍ အားထုတ်ဆောင်ရွက်နေပါသည်ဟု မိမိကိုယ်တိုင် ပြုသည်ကို လည်းကောင်း၊ သူတစ်ပါးတို့ ပြုနေကြသည်ကို လည်းကောင်း၊ သိရှိနိုင်ကြ ဖြေဆိုနိုင်ကြပေလိမ့်မည်။ ဤသဟဇာတပစ္စည်းကား လောဘ၊ ဒေါသ အရာတို့မှာလည်း သတ္တဝါအစားစား ထက်သန်သော တိရစ္ဆာန် များပင် ဖြစ်နိုင်ကြကုန်၏။ ကုသိုလ်အရာတို့မှာကား ဘုန်းပါရမီ ရင့်သန်ကြွား၍ ကြီးမားမြင့်မြတ်သော အလိုဆန္ဒ စသည်တို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်သော သူတို့မှသာ ဖြစ်နိုင်ကြကုန်၏။ ဤအဓိပတိ တရား ပဋ္ဌာန်းများတို့ဖြင့် လောကီ လောကုတ္တရာ အဖြာဖြာတို့မှာ ပြုလုပ် ပြောဆို ကြံစည်သော သူတို့သည်သာ များသောအားဖြင့် မိမိတို့ လိုအင်ဆန္ဒအတိုင်း မျက်မှောက်တွင်လည်း ပြီးစီး အောင်မြင်နိုင်၏။ နောင်သံသရာအကျိုး အမျိုးမျိုး တို့လည်း ထက်ထက်သန်သန် ပြီးစီး အောင်မြင်နိုင်ကြကုန်၏ဟု သိကြပါလေ။

WWW.DHAMMARANSI.COM



ဤသဟဇာတပစ္စည်း ပဋ္ဌာန်းအရကို အလွယ်နှင့် သိနိုင်ကြရန် ဤ(ပဋ္ဌာန်း ဆောင်ပုဒ်၌ ဆန္ဒကို အကြီးအမှူးပြု၍ ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ် တို့သည် ဆန္ဒာဓိပတိပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း။ စသည်ဖြင့် ရေးပြအပ် ပါသတည်း။

ဤရှေ့ကပြခဲ့သော ဆန္ဒာဓိပတိ အစရှိသည်တို့ကို သူသိငါမြင် အထင် အရှား ဖြစ်နေကြသော အဓိပတိပစ္စည်း ပဋ္ဌာန်းတရားကြီးတို့တည်းဟု မိမိတို့ ဘာသာစကားဖြင့် ဟောကြား၍ကား သိရှိရပါ၏။ သို့သော် ရွှေငွေ စစ်,မစစ် ကို မှတ်တင်၍ ပြရသလို အဓိပတိပစ္စည်းများ ဘုရားဟော စစ်,မစစ်ကို ပဋ္ဌာန်း ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော စသည်ဖြင့် ဟောပြတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် အဓိပတိပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်ကို မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော သဟဇာတာ ဓိပတိပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤရှေ့ကပြခဲ့ပြီးသော အဓိပတိပစ္စည်း ပဋ္ဌာန်းတရားကြီးတို့သည် သတ္တဝါ တိုင်း၊ သူငါတိုင်းတို့မှာ ဖြစ်နေကြသည်တို့ကို သိရှိကြသူ သဘောဖြူ မှန်သမျှ တို့သည် အံ့ဩသော မျက်နှာထားနှင့် ဩော် ဤအဓိပတိပစ္စည်း ပဋ္ဌာန်းတရား အစစ်ကြီးများတို့ကို နားလည်နိုင်လောက်အောင် မိမိတို့ဘာသာစကားနှင့် ပြောကြားက မည်သည့် ဘာသာမဆို ရှိနိုင်ကြ သိနိုင်ကြသော တရားတို့တည်းဟု ယုံကြည်အားထားကာ မှတ်သား ကျင့်ကြံကြပါလေ ပညာရှိ သူတော်ကောင်း တွေတို့။

ဤအဓိပတိပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြ သောကြောင့် သတ္တဝါ အလုံးစုံ ဘုံနှင့်ဆိုင်သော အဓိပတိပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

WWW.DHAMMARANSI.COM



## ၁၀။ အနန္တရ သမနန္တရပစ္စည်းနှင့် သဟဇာတပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေ ပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံနှင့်ဆိုင်သော အနန္တရပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင်လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

ဖြေ။ ။ အမောင်တို့ အမိတို့၊ အနန္တရပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ အနန္တရပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ နာမ်တရားသာ အခြားမဲ့ဖြစ်၍ ဖြစ်စဉ်အမြဲ မပြတ်စဲအောင် ကျေးဇူးပြုတတ်သောတရားဟု ပြအပ်သည်အတိုင်း သတ္တဝါတိုင်းတို့မှာ မျက်စိဖြင့်မြင်၍ နားစသည်ဖြင့် ကြား၍ ထင်ရှားရှိ ထင်ရှားသိ နေကြသော တရားမျိုးအစစ် ဖြစ်ကြပုံကား။ မျက်စိဖြင့် ထိုထိုအဆင်းကိုမြင်၍၊ ထိုထိုကိစ္စ အမှုဟူမျှတို့ကို စိတ်ရောကိုယ်ပါ ပြုလုပ်နေကြ၊ ပြောဆိုနေကြ၊ ကြံစည်နေကြ သည်တို့ကား သင်တို့ သိရှိကြပြီးသား မဟုတ်ပါလော။ ဤသို့ မျက်စိဖြင့် မြင်ခြင်း သည်လည်း စိတ်တစ်ကြိမ်တည်း ဖြစ်ကြသည်မဟုတ်။ ရှေ့နောက်စိတ်ဝီထိအစဉ် နှင့်သာ ဖြစ်ကြကုန်၏။ (ဝါ) အနန္တရပစ္စည်းပစ္စယုပ္ပန် တို့ချည်း ဖြစ်ကြကုန်၏။ ထိုထို အမှုကိစ္စတို့ကို ပြုလုပ်သမျှ၊ ပြောဆိုသမျှ၊ ကြံစည်သမျှတို့မှာလည်း စိတ်တစ်ကြိမ် တည်း ဖြစ်သည်မဟုတ်။ စိတ်ဝီထိအစဉ် နှင့်သာ ဖြစ်ကြကုန်၏။ (ဝါ) အနန္တရ ပစ္စည်း ပစ္စယုပ္ပန် တို့ချည်းသာ ဖြစ်ကြကုန်၏။ဟု ပြောပြက ဉာဏ်အငယ်စား ဘာသာခြားတို့ပင် မြင်နေသော စိတ်အစဉ်တို့ကိုတော့ သိတန်သလောက် သိရှိကြမှာချည်း ဖြစ်ကြပေလိမ့်မည်။ ဤသို့ သိရှိကြသော ရှေ့နောက်စိတ်အစဉ် တို့ကား အခြားမဟုတ် အနန္တရပစ္စည်း ပဋ္ဌာန်းကြီးတို့နှင့် ဖြစ်နေကြသော စိတ် အစဉ်တို့ပင်တည်းဟု မိမိတို့ စိတ်အစဉ်မှာ အနန္တရပစ္စည်းများ ဖြစ်ပွားနေကြ သည်ကို မိမိတို့ဘာသာစကားနှင့် သာမညအားဖြင့် ပြောပြကြက သိရှိ နားလည် ကြမှာချည်း ဖြစ်ကြကုန်၏။

WWW.DHAMMARANSI.COM



ထိုမှတစ်ပါး နားဖြင့် အသံကိုကြား၍၊ နှာခေါင်းနှင့်နံ၍၊ လျှာဖြင့်စား၍၊ ကိုယ်ဖြင့်တွေ့၍၊ မနောသက်သက်ဖြင့် ကြံစည်၍ ထိုထိုအမှုကိစ္စ ဟူသမျှတို့ကို စိတ်ရောကိုယ်ပါ ပြုလုပ်၊ ပြောဆို၊ ကြံစည်နေကြသည် တို့မှာလည်း စိတ်တစ်ကြိမ်တည်း ဖြစ်ကြသည်မဟုတ်။ ရှေ့နောက် စိတ်ဝီထိအစဉ်နှင့်သာ (ဝါ) အနန္တရပစ္စည်းနှင့်သာ ကျေးဇူးပြု၍ ဖြစ်ကြပါသော အနန္တရပစ္စည်း ပဋ္ဌာန်းကြီးတို့ ပင်တည်းဟု သူသိငါမြင် အထင်အရှား ဖြစ်နေကြသော လက်တွေ့ပဋ္ဌာန်းအရကို ပြချက်ပါတည်း။

ဤအမြဲထာဝရ မိမိတို့မှာဖြစ်နေကြသောအနန္တရပစ္စည်းပဋ္ဌာန်းကြီးအရကို အလွယ်နှင့် သိကြစေလို၍ ဤပဋ္ဌာန်းဆောင်ပုဒ်၌ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရှေ့နောက် နာမ်အစဉ်တို့သည် အနန္တရပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်းဟု စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤရှေ့ကပြခဲ့သော မြင်သိစသည်နှင့်စပ်၍ ရှေ့နောက် သိလုံးနာမ်အစဉ် တို့သည် အနန္တရပစ္စည်း ပဋ္ဌာန်းတရားကြီးတို့အစစ် သတ္တဝါတိုင်းတို့မှာ ဖြစ်နေကြပါသည်ဟု မိမိတို့ဘာသာစကားဖြင့် ပြောကြား၍ သိရသော်လည်း ရွှေငွေ စစ်.မစစ်ကို သိမြင်အောင် မှတ်တင်၍ ပြသကဲ့သို့ အနန္တရပစ္စည်းများ ဘုရားဟော စစ်.မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော** စသည်ဖြင့်လည်းကောင်း၊ ထိုထိုအမှုတို့ကို ကုသိုလ်. အကုသိုလ်. အဗျာကတ အနန္တရပစ္စည်း ပဋ္ဌာန်း တရားကြီးတို့ဖြစ်သောပြုလုပ်သမျှ၊ ပြောဆိုသမျှ၊ ကြံစည်သမျှတို့မှာလည်းပုရိမာ **ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော** စသည်ဖြင့်လည်းကောင်း။

**ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော** စသည်ဖြင့်လည်းကောင်း ဟောပြတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် အနန္တရပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်ကို မှတ်တင်၍ သိကြပါလေ။

WWW.DHAMMARANSI.COM



ဤကား သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော အနန္တရပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီး တို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ပြချက်ပါတည်း။

ဤအနန္တရပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြ သောကြောင့် သတ္တဝါ အလုံးစုံ ဘုံနှင့်ဆိုင်သော အနန္တရပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

သမနန္တရပစ္စည်းလည်း ဤအနန္တရပစ္စည်းနှင့် အလုံးစုံတူ၏။

❖

## ၁၁။ သဟဇာတပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေ ပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော သဟဇာတပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

ဖြေ။ ။ အမောင်တို့ အမိတို့၊ သဟဇာတပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ သဟဇာတ ပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ရုပ်နာမ်ဟူသမျှတို့သည် အတူတကွ ဖြစ်ကြ၍ ကျေးဇူးပြုတတ်သောတရားဟုပြအပ်သည့်အတိုင်း သတ္တဝါတိုင်းတို့မှာ မျက်စိဖြင့်မြင်သိ၊ နားဖြင့်ကြားသိ၊ နှာခေါင်းဖြင့်နံသိ၊ လျှာဖြင့်စားသိ၊ ကိုယ်ဖြင့် တွေ့သိ၊ မနော သက်သက်ဖြင့် ကြံသိတို့ကိုကား လူတိုင်းပင် သိနေကြသည် မဟုတ်ပါလော။ ဤသို့သိရှိနေကြခြင်းသည် သဟဇာတပစ္စည်းပဋ္ဌာန်းတရားကြီး အစစ်ကို သင်တို့သိရှိနေကြခြင်းပင်တည်းဟု ပြောပြက ဉာဏ်အငယ်စားတို့ပင် မသိချင်တယ်လို့ မနေရအောင် သိရှိကြလိမ့်မည်ကား မလွဲတည်း။

ဤသို့ သိရှိပြီးသည့်အရကို ခန္ဓာလေးပါးစီနှင့် ခွဲခြား၍ ပြလိုပါသေးမူ ခြောက်ဒွါရတို့ဖြင့် အာရုံခြောက်မျိုးတို့ကို သိရှိနေကြရာ၌ နာမ်ခန္ဓာတစ်မျိုးတည်း တစ်ခုတည်းသာ ဖြစ်နေကြသည်မဟုတ် နာမ်ခန္ဓာလေးမျိုး လေးစားတို့ဖြင့်သာ

WWW.DHAMMARANSI.COM



သိရှိ နေကြပုံကား။ ထိုထိုအဆင်းတစ်ခုကို ကြည့်ရှုသောအခါ ကြည့်လို့ ကောင်းလုံး. မကောင်းလုံး၊ ကောင်း,မကောင်းလုံးကား ဝေဒနက္ခန္ဓာမည်၏။ အဆင်းကို မှတ်လုံးကား သညက္ခန္ဓာမည်၏။ အဆင်းကိုကြည့်ရန် စေ့ဆော် ကြောင့်ကြလုံးကား သင်္ခါရက္ခန္ဓာ မည်၏။ မြင်သိလုံးကား ဝိညာဏက္ခန္ဓာမည်၏။ ဤနာမ်ခန္ဓာ လေးပါးတို့သည် အတူတကွ ဖြစ်ကြပြီး အချင်းချင်းလည်း ကျေးဇူးပြု ကြသည်ကို သဟဇာတပစ္စည်းဟု ဆို၏။ ၎င်းနောက် ကြားသိနာမ် ခန္ဓာလေးပါး စသည်များတို့မှာလည်း သဟဇာတ ပစ္စည်းနှင့်သာ ဖြစ်ကြကုန်၏ဟု ပြောပြက အလွယ်နှင့် သိရှိနိုင်ကြမှာချည်း ဖြစ်ကြသော်လည်း ယုံကြည်နိုင်လောက်အောင် ရွှေငွေ စစ်,မစစ်ကို မှတ်တင်၍ ပြသကဲ့သို့ ပဋ္ဌာန်းတရားအစစ် ဖြစ်,မဖြစ်ကို ဘုရားဟော ပါဠိတော်နှင့် မှတ်တင်၍ ပြရပုံကား။

**စတ္တာရောခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော၊ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော** ဟု ပြကြပါလေ။

ထိုမှတစ်ပါး ရုပ်တရားတို့တွင်လည်း တစ်ခုတည်းမဖြစ်ကြကုန် အပေါင်း၊ အစု၊ အစည်း တို့ဖြင့်သာ ဖြစ်ကြသည်ကို ရုပ်ကလာပ်ဟုဆို၏။ ဤရုပ်ကလာပ် တို့သည်ကား အခြားမဟုတ် မိမိတို့နေ့စဉ် အသုံးကြ အသုံးချနေကြသော ဤ မဟာပထဝီ ရေ၊ မြေ၊ တော၊ တောင်၊ သစ်ပင်၊ ကောင်းကင်မှစ၍ အိမ်၊ ကျောင်း၊ အသုံးအဆောင်၊ အရိပ်အရောင် စသော အဝိညာဏက သူ,ငါ စသော သဝိညာဏက တို့၏ အတွင်းတို့မှာ အပြည့်အနက် ရှိနေကြကုန်၏။

ဤရှိနေကြသော ရုပ်ကလာပ်တိုင်းတို့အထဲမှာ ခက်မာ နူးညံ့ သဘောဟု ဆိုအပ်သော ပထဝီဓာတ်။ ဖွဲ့ စေး၊ စီးယို သဘောဟု ဆိုအပ်သော အာပေါဓာတ်။ အပူ၊ အအေး သဘောဟု ဆိုအပ်သော တေဇောဓာတ်။ အတိုးအဖော့သဘောဟု ဆိုအပ်သော ဝါယောဓာတ် ဤဓာတ်ကြီးလေးပါးတို့သည် အကုန်လုံး မထင်ရှား ကြသော်လည်း ရုပ်တစ်ခုခု ထင်ရှားရှိက ဤလေးပါးတို့ အတူတကွ ဖြစ်ကြပြီး အချင်းချင်းလည်း ကျေးဇူးပြု အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ၊ အသံ စသည် တို့ကိုလည်း ကျေးဇူးပြုကြသည်ကို သဟဇာတပစ္စည်းဟု ဆို၏။ ဤဓာတ်ကြီး လေးပါး သဟဇာတပစ္စည်းများကို ခွဲခြား မပြောဟော တတ်သော်လည်း အပေါင်း

WWW.DHAMMARANSI.COM



အစည်းအားဖြင့် ဤမြေထုကြီးတစ်ခုလုံး အတွင်းသားတို့သည် ရုပ်ကလာပ်တို့ချည်းသာ ဖြစ်၍ သဟဇာတပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်တို့ပါတကား။ မြေပေါ်မှာ တည်ရှိနေ ကြသော တော၊ တောင်၊ သစ်ပင်နှင့်တကွ အိမ်၊ ကျောင်း၊ ဇရပ်ပြုလုပ်အပ်သောအဆောက်အဦကြီးငယ်အားလုံးကြီးတို့၏အတွင်းသားတို့သည်လည်း ရုပ်ကလာပ် တို့ချည်းသာဖြစ်၍ သဟဇာတပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်တို့ပါတကားဟု သိရှိကြပြီးမှ ဤပဋ္ဌာန်းတရားကြီးများ အစစ်ဖြစ်ကြသည့် မြေအခင်းတို့အပေါ်သို့ ယောက်ျား၊ မိန်းမ၊ တိရစ္ဆာန်များက ခြေဖြင့် နင်းသွားသည်။ ဖိနပ်စသည်ဖြင့် နင်းသွားသည်ဟု ပြောဆိုက ပဋ္ဌာန်း ပရမတ်တရား ဖိနပ် စသော ပညတ်များနှင့်စပ်၍ ပြောဆိုအပ်သောကြောင့် ကြားရသူတိုင်းတို့က ပဋ္ဌာန်းတရားကြီးများကို ဤကဲ့သို့ ပြောကြားရမည်လားဟု နင့်တင့်တင့် နာတာတာ ရှိကြပေလိမ့်မည်။

ဤကဲ့သို့မနစ်နာရန် သဘောတူထား၍ ပြောကြားရမှု ပဋ္ဌာန်းမြေထုကြီး ပေါ်သို့ ပဋ္ဌာန်းခြေထောက် စသည်ဖြင့် နင်းသွားသည်။ ပဋ္ဌာန်း ပုဆိုး ထဘီ စသည်ကို ပဋ္ဌာန်း မိန်းမ ယောက်ျားတို့က ဝတ်ဆင်သွားကြသည်ဟု ပညတ်တို့၏ အတွင်းသား ရုပ်ပဋ္ဌာန်းတရား အချင်းချင်းတို့နှင့် စပ်ဟပ်၍ ပြောကြားက နစ်နာဖွယ် မရှိကြဘဲ ပဋ္ဌာန်းပရတ်မတ်တရား အချင်းချင်း လောကီပညတ်တရား အချင်းချင်းတို့ကိုသာ ကြားရသူများ နားချမ်းသာအောင် ပြောကြားက မည်သူမျှ မငြင်းပယ်နိုင်ကြဘဲ မကန့်ကွက် မနှောင့်ယှက်နိုင်ကြဘဲ သြော် ရုပ်ပဋ္ဌာန်း တရားချင်းတို့သာ စပ်ဟပ် သွားလာ ပြုလုပ် ဝတ်စား နေထိုင်ကြပါတကားဟု များများကြီး သဘောကျနိုင်ကြ ကုန်ရာ၏။ ထိုသို့ သဘောကျသော်လည်း အဖိုးတန် ရွှေငွေများကိုအလကားလိုပင် ပေးသောအခါ အစစ်မှ ဟုတ်ပါမည်လား ဟူသော သံသယ ကင်းသွားစေရန်ကို မှတ်တင်၍ ပြရသလို အလွယ်ဆုံးနည်းနှင့် ရုပ်ပဋ္ဌာန်းကြီးတို့ကို ဟောကြား၍ သိရှိရငြားသော်လည်း ဘုရားဟောတရား အစစ်များမှ ဟုတ်ပါမည်လားဟု သံသယကင်းသွားကြရန် ပါဠိတော်အရဖြင့် မှတ်တင်၍ ပြရပုံကား။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော မဟာဘူတာဥပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော စသော ပဋ္ဌာန်းတရားကြီး

WWW.DHAMMARANSI.COM



အစစ်တို့ကို မှတ်တင်၍ ယုံယုံကြည်ကြည် သိကြ၊ ဤစာတို့ကိုလည်း ကြည့်ကြပါလေ။

ဤရှေ့ကပြခဲ့သော နာမ်သဟဇာတပစ္စည်း ရုပ်သဟဇာတပစ္စည်း အသီးသီးတို့ ဆက်လက်ဖြစ်ပွား နေကြသည်ကား အခြားမဟုတ် သတ္တဝါတိုင်းတို့မှာ ပါရှိကြ ကုန်သော ဒွါရကြီး ခြောက်ပေါက်တို့ဖြင့် ဝီထိခြောက်စားတို့ ဖြစ်ပေါ် သိရှိနေကြသည့် အတွင်းမှာ မျက်စိဖြင့် မြင်လျက် ပြုလုပ်ခြင်း၊ ပြောဆိုခြင်း၊ ကြံစည်ခြင်းကိစ္စများ ဒွါရငယ်သုံးစားတို့ဖြင့် ဖြစ်နေကြသော ရုပ်တရား၊ နာမ်တရား အစားစား မှန်သမျှတို့သည်လည်း သဟဇာတပစ္စည်း ပဋ္ဌာန်းကြီးတို့နှင့်သာ ဖြစ်ကြရကုန်၏ဟု သိကြစေခြင်းအကျိုးငှာ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် သဟဇာတပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း စသည်ဖြင့် ဤပဋ္ဌာန်း ဆောင်ပုဒ်၌ ရေးထုတ်လိုက်သည့်အတိုင်း သဟဇာတပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်ကို သိကြပါလေ ဟု အရင်က မေးခဲ့သော စကားကို ဖြေကြားကြပါလေ။

ဤကား သဟဇာတပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော် အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤသဟဇာတပစ္စည်းမှတစ်ပါး ရှေ့အဖို့နောက်အဖို့တို့က ရေးပြခဲ့ပြီး ရေးပြလတ္တံ့တို့မှာလည်း သတ္တဝါတိုင်းရှိ ဒွါရကြီးခြောက်သွယ် ဒွါရငယ်သုံးပါး အစားစားတို့နှင့် စပ်၍လည်းကောင်း၊ မစပ်ဘဲလည်းကောင်း၊ ဖြစ်ပေါ် တည်ရှိနေကြသော ရုပ်တရား နာမ်တရား တို့ကိုချည်း ပဋ္ဌာန်းပစ္စည်း အဝဝတို့ဖြင့် ထည့်သွင်း၍ပြသည် ဟု သိကြပါလေ ပညာရှိ သဘောဖြူတွေတို့။

ဤသဟဇာတပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ. မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြ သောကြောင့် သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော သဟဇာတပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

WWW.DHAMMARANSI.COM



## ၁၂။ အညမညပစ္စည်းနှင့် နိဿယပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံနှင့်ဆိုင်သော အညမညပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

ဖြေ။ ။ အမောင်တို့ အမိတို့။ အညမညပစ္စည်း ပဋ္ဌာန်းတရားကြီးဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ အညမညပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ရုပ်နာမ်အချင်းချင်း တုဖြစ်ခြင်းကြောင့် ငဲ့ခြင်း ကိုစွဲရှိ၍ ကျေးဇူးပြုတတ်သောတရားဟု ပြအပ်သည့်အတိုင်း သတ္တဝါတိုင်းတို့မှာ မျက်စိဖြင့် မြင်၍လည်းကောင်း၊ နားစသည်ဖြင့် ကြား၍လည်းကောင်း၊ ထင်ရှားရှိ ထင်ရှားသိ နေကြသော တရားမျိုးအစစ် ဖြစ်ကြပုံကား။ မျက်စိ စသည်ဖြင့် ထိုအဆင်းကို မြင်၍၊ ထိုထိုအသံ စသည်တို့ကို ကြား၍၊ ထိုထိုအမှုကိစ္စ ဟူသမျှ တို့ကို စိတ်ရောကိုယ်ပါ ပြုလုပ်နေကြ၊ ပြောဆိုနေကြ၊ ကြံစည်နေကြသည် တို့ကိုကား သင်တို့ သိရှိကြပြီးသား မဟုတ်ကြပါလော။ ဤသို့ သိရှိခြင်းသည် အညမညပစ္စည်း ပဋ္ဌာန်းတရားကြီးကို သိရှိသည်မည်၏ဟု အလွယ်နှင့် သိအောင် ပြောပြီးမှ သင်တို့မျက်စိဖြင့် မြင်ခြင်း၊ နားဖြင့် ကြားခြင်း စသည်တို့၌လည်းကောင်း၊ ထိုထိုအမှုတို့ကို ပြုလုပ် ပြောဆို ကြံစည်ရာတို့၌လည်းကောင်း၊ စိတ်ဝိညာဉ် တစ်ခုတည်း ဖြစ်ကြသည်မဟုတ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ နာမ်ခန္ဓာသုံးပါး နှင့်တကွ၊ နာမ်ခန္ဓာ လေးပါး လေးပါးစီတို့နှင့်သာ ဖြစ်ကြကုန်၏။ ဤနာမက္ခန္ဓာ လေးပါးတို့သည် အချင်းချင်းသာ ကျေးဇူးပြု၍ ဖြစ်ကြသောကြောင့် နာမ်အညမည ပစ္စည်း ပဋ္ဌာန်းတရားကြီးအစစ် ဖြစ်၏။ ရုပ်ကလာပ် တိုင်းတို့မှာပါသည့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤမဟာဘုတ်လေးပါး တို့သည်လည်း အချင်းချင်းသာ ကျေးဇူးပြု၍ ဖြစ်ကြသောကြောင့် ရုပ်အညမညပစ္စည်း ပဋ္ဌာန်းတရားကြီးအစစ် ဖြစ်ကြ၏ ဟု သဟဇာတမှာ ပြခဲ့သည့်အတိုင်း အကျယ်ကို ဝေဖန်၍ ပြောပြကြပါမူ ဉာဏ် အငယ်စားတို့ပင် အလွယ်တကူနှင့် သိရှိကြကုန်ရာ၏။ ဤသို့ သိရှိကြရန် စိတ်ရည်သန်၍ ဤဆောင်ပုဒ်၌ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်

WWW.DHAMMARANSI.COM



သမျှသော ရုပ်နာမ်အချင်းချင်းတို့သည် အညမညပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤရှေ့ကပြခဲ့သော မြင်သိစသည်နှင့်စပ်၍ ဖြစ်ကြသော နာမက္ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ မစပ်ဘဲဖြစ်နေကြသော ရုပ်မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ အညမညပစ္စည်း ပဋ္ဌာန်းကြီးတို့အစစ် သတ္တဝါတွေနှင့်တကွ ကမ္ဘာလောကကြီးအတွင်းမှာ ဖြစ်နေကြပါသည်ဟု မိမိတို့ဘာသာစကားဖြင့် ပြောကြား၍ သိရသော်လည်း ရွှေငွေ စစ်မစစ်ကို သိမြင်အောင် မှတ်တင်၍ ပြသကဲ့သို့ အညမညပစ္စည်းများ ဘုရားဟော စစ်မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**စတ္တာရော ခန္ဓာ အရူပိနော အညမညံ အညမည ပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညံ အညမည ပစ္စယေန ပစ္စယော** စသည်ဖြင့် ဟောပြတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် အညမညပစ္စည်းပဋ္ဌာန်းတရားကြီး အစစ်ကို မှတ်တင်၍ သိကြပါလေ။

ရှေ့ကပြခဲ့သော သဟဇာတပစ္စည်း၌ နာမ်တရားတို့က နာမက္ခန္ဓာအချင်းချင်းလည်း ကျေးဇူးပြု၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်း ကျေးဇူးပြုကြ၏။ ရုပ်မဟာဘုတ်တို့ကလည်း အချင်းချင်းလည်း ကျေးဇူးပြု၊ ဥပါဒါရုပ်တို့အားလည်း ကျေးဇူးပြုကြ၏။ ဤအညမညပစ္စည်းမှာမူကား စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အားလည်းကောင်း၊ ဥပါဒါရုပ် တို့အားလည်းကောင်း၊ ကျေးဇူးမပြုဘဲ နာမ်ခန္ဓာအချင်းချင်း၊ မဟာဘုတ်အချင်းချင်း၊ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုရုပ် အချင်းချင်းတို့သာ အပြန်အလှန် ပစ္စည်းပစ္စယုပ္ပန်ဖြစ်၍ ကျေးဇူးပြုကြကုန်၏ဟု အထူးသိပါ။

ဤကား သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော အညမညပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤအညမညပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ မပွင့်သည်ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံနှင့်ဆိုင်သော အညမညပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော် အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

WWW.DHAMMARANSI.COM



## ၁၃။ နိဿယပစ္စည်း ပဋ္ဌာန်းကြီးအရ မေးဖြေ ပြချက်။

မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော နိဿယပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင် လောက်အောင် အဘယ်ကဲ့သို့ ဟောပြမည်နည်း။

ဖြေ။ ။ အမောင်တို့ အမိတို့။ နိဿယပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ နိဿယ ပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ရုပ်နာမ်နှင့်တကွ ဝတ္ထုရုပ်ဓမ္မတို့သည် မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရားဟုပြအပ်သည့်အတိုင်း သတ္တဝါတိုင်းတို့သည် နေ့စဉ် ထာဝရ ဒွါရကြီးခြောက်ပေါက်တို့ဖြင့် အမြဲပြုလုပ် ပြောဆို ကြံစည်သမျှသော နာမ်တရားဟူသမျှတို့နှင့် သတ္တဝါတို့၏ အတွင်းအပြင် ရှိရှိသမျှသော ရုပ်တရား ဟူသမျှတို့သည်လည်း သဟဇာတပစ္စည်းအတိုင်း အတူတကွဖြစ်၍ ကျေးဇူးပြုရုံ မက မှီရာဖြစ်၍လည်း ကျေးဇူးပြုကြသောကြောင့်။

၁။ သဟဇာတနိဿယမျိုး ဟူ၍ လည်းကောင်း။

၂။ ပုရေဇာတနိဿယမျိုး ဟူ၍ လည်းကောင်း။ နှစ်မျိုးနှစ်စား ရှိရာတွင် သဟဇာတနိဿယမျိုးကို သဟဇာတပါဠိနှင့်တကွ အကျယ်ကိုပြခဲ့သည့်အတိုင်း နားလည်အောင် ပြောပြပြီးမှ ပုရေဇာတနိဿယကို နားလည်အောင် ပြောပြရ ပုံကား။ သင်တို့မျက်စိဖြင့် မြင်မြင်နေကြရခြင်းကား အခြားမဟုတ် ရှေ့အဖို့က မျက်စိ အကြည်ရုပ် ရှိလာခဲ့လို့သာ ထိုမျက်စိမှီ၍ မြင်သိကြရသည်ဟု ပြောပြက ဉာဏ်အငယ်စားနှင့် ဘာသာခြားတို့ပင် မပယ်ရှားနိုင်ကြဘဲ ဒါတော့သိကြပါ၏ဟု ဝန်ခံကြရမည်ကား အခြားမဟုတ် မျက်စိအကြည်တည်းဟူသော ပုရေဇာတ နိဿယပစ္စည်းကြောင့် မြင်သိနာမ်တည်းဟူသော နိဿယပစ္စည်း၏ အကျိုး ပစ္စယုပ္ပန် ပဋ္ဌာန်းတရားကြီးများကို ဝန်ခံသည် မည်၏။

ထိုမှတစ်ပါးသော ကြားသိ၊ နံသိ၊ စားသိ၊ တွေ့သိတို့ ဖြစ်ကြရာတို့မှာလည်း ရှေ့အဖို့က နားအကြည်ရုပ်တို့၊ နှာခေါင်းအကြည်ရုပ်တို့၊ လျှာအကြည်ရုပ်တို့၊ ကိုယ်အကြည်ရုပ်တို့ရှိလာကြလို့သာ ထိုထို အကြည်ရုပ်တို့ကို မှီ၍ သိလုံးနာမ် ဝိညာဉ်တို့ ဖြစ်ကြရကုန်၏ဟု ပြောပြကလည်း ဤသိလုံးနာမ်ဝိညာဉ်တို့ကိုတော့

WWW.DHAMMARANSI.COM



သိကြပါ၏ဟု ဝန်ခံကြရမည်ကား အခြားမဟုတ် ပုရေဇာတနိဿယပစ္စည်း ပဋ္ဌာန်းတရားကြီးကိုသာ ဝန်ခံသည်မည်၏။

ဤရှေ့ကပြခဲ့သော သဟဇာတနိဿယပစ္စည်း ပုရေဇာတနိဿယပစ္စည်း ပဋ္ဌာန်းကြီးတို့သည် အခြားမှာ ဖြစ်နေသော တရားမျိုး မဟုတ်ကြဘဲ မျက်စိ နား စသော ခြောက်ဒွါရတို့နှင့်စပ်၍ ဖြစ်နေကြသည်ကို သိစေလို၍ မျက်စိနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် နိဿယပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း စသည်ဖြင့် ဆောင်ပုဒ်၌ သဟဇာတနိဿယ ပုရေဇာတ နိဿယ နှစ်မျိုးကိုရည်၍ နှစ်မျိုးဟု ရေးပြအပ်ပါသတည်း။

ပဉ္စဝိညာဉ်မှတစ်ပါးသော ပဉ္စဝေါကာရဘုံရှိ ဝိညာဉ် ရှိရှိသမျှတို့သည်ကား ရှေ့အဖို့က ဖြစ်လာကြသော မှီရာ ဟဒယဝတ္ထုရုပ်က ကျေးဇူးပြုမှ ဖြစ်ပေါ် နိုင်ကြကုန်၏။

ဤသို့ဖြစ်ပေါ်နိုင်ကြသည်ကို ရည်၍ (ဟဒယဝတ္ထုနှင့် စပ် ဟု ဆိုအပ်ပါသတည်း။) အရူပဘုံ၌ဖြစ်သော နာမ်ဟူသမျှတို့သည်ကား ဟဒယဝတ္ထုကို မမှီဘဲ ဖြစ်နိုင်ကြသောကြောင့် သက်သက်သော ကောင်းကင်အပြင်၌သာ စိတ် စေတသိက် အစဉ်မျှဖြစ်၍ တည်နေကြရကား (မစပ်ဟု) ဆိုအပ်ပါသတည်း ဟု ဆောင်ပုဒ်၌ ပြအပ်သည်ကို သိကြပါလေ။

ဤရှေ့ကပြအပ်ခဲ့သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ အကြည်တို့နှင့်တကွ ဟဒယဝတ္ထုအကြည်တို့ ရှေ့အဖို့က ဖြစ်ပေါ်လာကြပြီး အသီးသီး ကျေးဇူးပြုကြ၍သာ မြင်သိကြားသိစသော သိလုံးခြောက်မျိုး ခြောက်စားတို့ ပုရေဇာတ နိဿယပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ အစစ် သတ္တဝါတိုင်းတို့မှာ ဖြစ်နေကြပါသည် ဟု မိမိဘာသာ စကားဖြင့် ပြောကြား၍ သိရသော်လည်း ရွှေငွေ စစ်မစစ်ကို မှတ်တင်၍ပြသကဲ့သို့ နိဿယပစ္စည်းများ ဘုရားဟော စစ်မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော** စသည်ဖြင့် ဟောပြတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် နိဿယ ပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်ကို မှတ်တင်၍ သိကြပါလေ။

WWW.DHAMMARANSI.COM



ဤကား သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော နိဿယပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီး တို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤနိဿယပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံနှင့်ဆိုင်သော နိဿယပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

## ၁၄။ ဥပနိဿယပစ္စည်း၊ ပုရေဇာတပစ္စည်းတို့နှင့် ပစ္ဆာဇာတပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သောဥပနိဿယပစ္စည်းလက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

ဖြေ။ ။ အမောင်တို့ အမိတို့၊ ဥပနိဿယပစ္စည်း ပဋ္ဌာန်းတရားကြီးဆိုတာ တိမ်ကြား မင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်။ ဥပနိဿယ ပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ (ဝါ) အာရမ္မဏူပနိဿယ အနန္တရူပနိဿယ အားကြီးသော အကြောင်းဖြစ်ကြ၍ ကျေးဇူးပြုတတ်သောတရားဟု ပြအပ်သည့်အတိုင်း ထဲမှာ အာရမ္မဏူပ နိဿယပစ္စည်း ပြဋ္ဌာန်းကြီးအရကို အာရမ္မဏာဓိပတိပစ္စည်းက ပြခဲ့သည့်အရနှင့် အလုံးစုံ တူညီကြပြီး ဖြစ်သောကြောင့် ၎င်းပစ္စည်းအတိုင်းသာ ကြည့်ရှု၍ သိကြ ပြောဟောကြပါလေ။ အနန္တရူပ နိဿယပစ္စည်း ပဋ္ဌာန်းကြီးအရလည်း ရှေ့အနန္တရပစ္စည်းက ပြခဲ့သည့် အရနှင့် အလုံးစုံ တူကြပြီးဖြစ်သောကြောင့် ၎င်းပစ္စည်း အတိုင်းသာ ကြည့်ရှု၍ သိကြ ပြောဟောကြ ပါလေ။

WWW.DHAMMARANSI.COM



ပကတူပနိဿယပစ္စည်း ပဋ္ဌာန်းကြီး အရသည်လည်း မသိမမြင်နိုင်သော တရား မျိုးမဟုတ် သတ္တဝါတိုင်းတို့မှာ နေ့စဉ်ထာဝရ ဒွါရကြီးခြောက်ပေါက်တို့မှ အမြဲ ပြုလုပ် ပြောဆို ကြံစည်သမျှသော အားကြီးသော ကောင်းမှုကုသိုလ် အလုပ်များကို အမှီရ၍ (ဝါ) ယဉ်ကျေးသော သူတော်ကောင်းများကို အမှီရ၍ နောက်ထပ် တစ်ဖန် ကုသိုလ် အလုပ်ကို အားထုတ်သူ (ဝါ) ယဉ်ကျေး သိမ်မွေ့လာသူတို့ ရှိကြ၏လော သိကြ၏လော ဟူ၍လည်းကောင်း၊ အားကြီးသော လောဘ ဒေါသ စသော အကုသိုလ်အလုပ်များကို အမှီရ၍ (ဝါ) ရိုင်းပြစော်ကားသူတို့ကို အမှီရ၍ နောက်ထက်တစ်ဖန် အကုသိုလ် အလုပ်ကို အားထုတ်သူ (ဝါ) ရိုင်းစိုင်းလာသူတို့ ရှိကြ၏လော သိကြ၏လော ဟူ၍ လည်းကောင်း၊ အားကြီးသော ချမ်းသာခြင်း ဆင်းရဲခြင်းတို့ကို အမှီရ၍ (ဝါ) ချမ်းသာသူ ဆင်းရဲသူတို့ကို အမှီရ၍ နောက်ထပ် တစ်ဖန် ချမ်းသာအောင် ပြုလုပ်သူ ဆင်းရဲအောင် ပြုလုပ်သူ (ဝါ) ချမ်းသာလာသူ ဆင်းရဲလာသူတို့ ရှိကြ၏လော သိကြ၏လော ဟူ၍လည်းကောင်း၊ မေးမူ ဉာဏ် အငယ်စားတို့ပင် ဤမေးသည့် အတိုင်း ဖြစ်နေကြ သူတို့ မြောက်မြားစွာ ရှိကြပါ၏ သိရပါ၏ဟု ဖြေဆိုကြပေလိမ့်မည်။ ဤဖြေဆိုခြင်းကား အခြားမဟုတ် အားကြီးသော ကုသိုလ်, အကုသိုလ်, အဗျာကတတို့မှ ပကတူပနိဿယ အကြောင်းပစ္စည်းကိုရ၍ နောက်ထပ်တစ်ဖန် ကုသိုလ်, အကုသိုလ်, အဗျာကတ အကျိုး ပစ္စယုပ္ပန်တရား ပဋ္ဌာန်းပစ္စည်းများကို ဖြေဆိုသည်မည်၏။ ဤကုသိုလ်, အကုသိုလ်, အဗျာကတ သုံးစားကို အမှီရ၍ စိတ်နေသဘောထား တူကြသူတို့မှာ ရှေ့က အကျယ်ပြခဲ့ သည့်အတိုင်း ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်၊ အကုသိုလ် ကြောင့် အကုသိုလ်ဖြစ်၊ ချမ်းသာ ဆင်းရဲခြင်း အဗျာကတကြောင့် အဗျာကတ ဖြစ်ကြကုန်၏ဟု အကျဉ်းချုပ်သိပြီးမှ သဘောမတူသူတို့မှာကား ရှေးကုသိုလ် ကြောင့် နောက်ထပ်၍အကုသိုလ် အဗျာကတတို့လည်းဖြစ်လာတတ်ကြကုန်၏။ ရှေးဖြစ်သော အကုသိုလ်ကြောင့် နောက်ထပ်၍ ကုသိုလ် အဗျာကတတို့လည်း ဖြစ်လာတတ်ကြကုန်၏။ ရှေးဖြစ်သော သုခ၊ ဒုက္ခ၊ အဗျာကတကြောင့် နောက်ထပ်၍ ကုသိုလ်, အကုသိုလ် တရားတို့လည်း ဖြစ်ပွားလာတတ်ကြကုန်၏။ ဤသို့ဖြစ်နေသမျှတို့သည်လည်း ပကတူပနိဿယပစ္စည်း ပဋ္ဌာန်းတရားကြီး တို့နှင့်ချည်း ဖြစ်ကြကုန်၏ဟု သိကြပါလေ ပညာရှိ သဘောဖြူတွေတို့။

WWW.DHAMMARANSI.COM



ဤရှေ့က ပြအပ်ခဲ့ပြီးသော ခြောက်ဒွါရတို့နှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တရားတို့အထဲတွင် အာရမ္မဏူပနိဿယပစ္စည်း အနန္တရူပနိဿယပစ္စည်း ပကတူပနိဿယပစ္စည်း ပဋ္ဌာန်းကြီးသုံးစားတို့ ထိုက်သည်အားလျော်စွာ ပါဝင်နေကြပါသည်ကို အလွယ်နှင့် သိစေလို၍ ဤပဋ္ဌာန်းဆောင်ပုဒ်၌။

မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် ဥပနိဿယပစ္စည်း ပစ္စယုပ္ပန်သုံးမျိုးတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤရှေ့က ပြခဲ့သော ပကတူပနိဿယပစ္စည်း ပဋ္ဌာန်းကြီးအရကို သတ္တဝါတိုင်းတို့မှာ ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ကြပုံ (တစ်နည်း) အကုသိုလ်ဖြစ်ကြပုံ (တစ်နည်း) ချမ်းသာဆင်းရဲ အဗျာကတ ဖြစ်ကြပုံ စသည်များကို မျက်မြင်ဒိဋ္ဌဖြစ်ရှိနေကြသူတို့ကို လက်ညှိုး ထိုးကာ ထိုးကာ မိမိတို့ဘာသာစကားနှင့် ပြောပြ၍ သိရှိရသော်လည်း ရွှေငွေ စစ်.မစစ်ကို မှတ်တင်၍ ပြသကဲ့သို့ ဥပနိဿယပစ္စည်းများ ဘုရားဟော စစ်.မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော** စသည်ဖြင့် ဟောပြတော်မူသော ပဋ္ဌာန်းတရားကြီး အစစ်ကို မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော ဥပနိဿယပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤဥပနိဿယပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ. မပွင့်သည်ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါအလုံးစုံ ဘုံနှင့်ဆိုင်သော ဥပနိဿယပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

WWW.DHAMMARANSI.COM



## ၁၅။ ပုရေဇာတပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။

မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစား တို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံနှင့်ဆိုင်သော ပုရေဇာတပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။

ဖြေ။ ။ အမောင်တို့ အမိတို့၊ ပုရေဇာတပစ္စည်း ပဋ္ဌာန်းကြီးတို့ဆိုတာ တိမ်ကြား မင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ ပုရေဇာတပစ္စယောဟူသော ပါဠိတော်၏အနက်မှာ ဝတ္ထုအာရုံ နှစ်ပါးစုံပင် ဖြစ်စဉ် ပထမရှေ့ဦး ဖြစ်ကြ၍ ကျေးဇူး ပြုတတ်သော တရားဟု ပြအပ်သည့်အတိုင်း ဝတ္ထုပုရေဇာတပစ္စည်း အာရမ္မဏ ပုရေဇာတပစ္စည်း နှစ်မျိုးနှစ်စားတို့ ဖြစ်ပွား၍နေသည်ကား အခြားမဟုတ် သတ္တဝါ တိုင်းတို့မှာ နေ့စဉ် ထာဝရ ရှေ့အဖို့က ရှိနေကြသော မိမိတို့ မျက်စိဖြင့် အဆင်း တို့ကို မြင်၍ သိသိနေကြသည် မဟုတ်ပါလောဟု မေးမူ ဒါတွေကတော့ သိပါ၏ဟု ဉာဏ်အငယ်စားတို့ကပင် ဖြေကြားကြပေလိမ့်မည်။ ဤသို့ သိမြင် ဖြေကြားခြင်း ကား အခြားမဟုတ် မျက်စိတည်းဟူသော ဝတ္ထုပုရေဇာတပစ္စည်း ပဋ္ဌာန်းကြီးကို လည်းကောင်း၊ အဆင်း ရူပါရုံတည်းဟူသော အာရမ္မဏပုရေဇာတပစ္စည်း ပဋ္ဌာန်းကြီးကိုလည်းကောင်း သိရှိခြင်း ဖြေကြားခြင်း အစစ်ဖြစ်၏။

ထိုမှတစ်ပါးသော နားဖြင့် အသံကို ကြားရာတို့၌လည်းကောင်း၊ နှာခေါင်းဖြင့် အနံ့ကို နံရာတို့၌လည်းကောင်း၊ လျှာဖြင့်အရသာကို စားရာတို့၌ လည်းကောင်း၊ ကိုယ်ဖြင့်အတွေ့ကို တွေ့ရာတို့၌လည်းကောင်း၊ ဟဒယဝတ္ထုကို မှီ၍ စိတ် သက်သက်ဖြင့် ပစ္စုပ္ပန်အာရုံတို့ကို ကြံသိရာတို့၌လည်းကောင်း၊ ဤဝတ္ထု ပုရေဇာတပစ္စည်း ပဋ္ဌာန်းတရားကြီး အာရမ္မဏ ပုရေဇာတပစ္စည်း ပဋ္ဌာန်း တရားကြီး အစစ်တို့သာ ဖြစ်ကြ၍ ထိုထိုပြုဖွယ်ကိစ္စ ဟူသမျှတို့ကို သင်တို့သည် ကိုယ်, နှုတ်, စိတ် တို့ဖြင့် အမြဲထာဝရ ပြုလုပ် ပြောဆို ကြံစည် နေကြသည် တို့ကို သိစေလို၍ ဤပဋ္ဌာန်း ဆောင်ပုဒ်၌။

မျက်စိအဆင်းနှင့်စပ်၍ပြုလုပ်ပြောဆိုကြံစည်သမျှသော ရုပ်နာမ်တို့သည် ပုရေဇာတပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း။ စသည်ဖြင့် ရေးပြအပ်ပါ

WWW.DHAMMARANSI.COM



သတည်း။ ဤဆောင်ပုဒ်တို့ဝယ် (ရုပ်နာမ်တရားတို့သည်) ဟုပါရှိရာ၌ အကြောင်းပစ္စည်းတို့ဘက်က ရုပ် အကျိုးပစ္စယုပ္ပန်တို့ဘက်က နာမ်ဟူ၍ ခြားနားကာ သိကြပါလေ။

ဤပုရေဇာတပစ္စည်းပဋ္ဌာန်းကြီးအရကို သတ္တဝါတိုင်းတို့၏အတွင်းအပြင်ရှိ မျက်စိနှင့် အဆင်းတို့ကြောင့် မြင်သိဖြစ်ရသည်၊ နားနှင့် အသံတို့ကြောင့် ကြားသိဖြစ်၊ နှာခေါင်းနှင့် အနံ့တို့ကြောင့် နံသိဖြစ်၊ လျှာနှင့် အရသာတို့ကြောင့် စားသိဖြစ်၊ ကိုယ်နှင့် အတွေ့တို့ကြောင့် တွေ့သိဖြစ်၊ ဟဒယဝတ္ထုအကြည်နှင့် ပစ္စုပ္ပန်ရုပ် အာရုံခြောက်ပါး တို့ကြောင့် ကြံသိ ဖြစ်ရသည်ဟု မိမိတို့ ဘာသာစကားဖြင့် ပုရေဇာတပစ္စည်း နှစ်စားကို ပြောကြား၍ သိရသော်လည်း ရှေးဋ္ဌေ စစ်.မစစ်ကို သိမြင်အောင် မှတ်တင်၍ ပြသကဲ့သို့ ပုရေဇာတပစ္စည်းများ ဘုရားဟော စစ်.မစစ်ကို ပါဠိတော်အရနှင့် မှတ်တင်၍ ပြရမှာကား။

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော** စသည်ဖြင့်လည်းကောင်း၊ **ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော** စသည်ဖြင့်လည်းကောင်း ဟောပြတော်မူအပ်သော ပဋ္ဌာန်းပါဠိတော်အရဖြင့် ပုရေဇာတပစ္စည်းပဋ္ဌာန်းတရားကြီးအစစ်တို့ကို မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါ အလုံးစုံ ဘုံနှင့်ဆိုင်သော ပုရေဇာတပစ္စည်း လက်တွေ့ ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤပုရေဇာတပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ. မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော ပုရေဇာတပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

WWW.DHAMMARANSI.COM



## ၁၆။ ပစ္ဆာဇာတပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။

**မေး။** ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်သော ပစ္ဆာဇာတပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြ မည်နည်း။

ဖြေ။ ။ အမောင်တို့ အမိတို့။ ပစ္ဆာဇာတပစ္စည်း ပဋ္ဌာန်းတရားကြီးဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ ပစ္ဆာဇာတ ပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ တစ်ကိုယ်လုံးရှိ ရှေ့ရုပ်တို့အား နောက်မှ ဖြစ်သော နာမ်တို့က အားရှိရန်အမှု ကျေးဇူးပြုတတ်သောတရားဟု ပြအပ်သည့် အတိုင်း သင်တို့နေ့စဉ်ထာဝရ လျောင်းအိပ်နေကြသော တစ်ကိုယ်လုံးအတွင်းမှာ တင်းကြမ်းပြည့် ရှိနေကြသော ရုပ်တို့သည် အသက်ဝိညာဉ် နာမ်အစဉ်တို့က ဆက်လက် ရှိနေကြသောကြောင့်သာ မသေမပုပ်ဘဲ အိပ်လျက် အမြဲတည်နေ သည်ကို သင်တို့ သိကြ၏လောဟုမေးမူ ဒါတွေတော့သိပါ၏ဟု ဉာဏ်အငယ်စား တို့ပင် ဖြေကြားကြပေလိမ့်မည်။ ဤသို့ သိမြင် ဖြေကြားခြင်းကား အခြားမဟုတ် လျောင်းအိပ်နေဆဲအခါ၌ဖြစ်သော ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် လေးမျိုးလေးစားတို့ကို နောက်မှ ဆက်လက်၍ ဖြစ်နေကြသော နာမ်ဝိညာဉ် တရားတို့က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသော ပဋ္ဌာန်းကြီးကို သိရှိသည် ဖြေကြားသည်မည်၏။

ထိုမှတစ်ပါးသော ထိုင်ခြင်း ဣရိယာပုတ်၊ ထခြင်း ဣရိယာပုတ်၊ သွားခြင်း ဣရိယာပုတ် တို့မှာလည်း ထင်ရှားရှိနေကြပါသော တစ်ကိုယ်လုံးရှိ ရုပ်တို့ သည်လည်း နောက်မှနောက်မှ ဆက်လက် ဖြစ်ပေါ်လာကြသော နာမ်အသက် ဝိညာဉ်တို့က ကျေးဇူးပြုကြသော ပစ္ဆာဇာတပစ္စည်း ပဋ္ဌာန်းကြီး အစစ်တို့သာ ဖြစ်ကြပါ၍ ထိုထို ပြုဖွယ် ကိစ္စဟူသမျှတို့ကို သင်တို့သည် ကိုယ်. နှုတ်. စိတ် တို့ဖြင့် အမြဲထာဝရ ပစ္ဆာဇာတပစ္စည်း မကင်းကြဘဲ ပြုလုပ် ပြောဆို ကြံစည်နေကြသည် တို့ကို သိစေလို၍ ဤပဋ္ဌာန်း ဆောင်ပုဒ်၌။

WWW.DHAMMARANSI.COM



ကျောင်းအိပ်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တရားတို့သည် ပဋ္ဌာဇာတပစ္စည်း ပစ္စယုပ္ပန်တရားတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤဆောင်ပုဒ်တို့ဝယ် (ရုပ်နာမ်တရားတို့သည်) ဟု ပါရှိရာ၌ကား နောက်မှ ဖြစ်ပေါ်လာကြသော နာမ်တရားတို့က အကြောင်းပစ္စည်း၊ ရှေးဖြစ်ကြသော တစ်ကိုယ်လုံးရှိ ရုပ်တို့က အကျိုးပစ္စယုပ္ပန် နှစ်ဝကို သိစေလို၍ (ရုပ်နာမ်တို့သည်) ဟု ဆိုအပ်ပါသတည်း။

ဤပဋ္ဌာဇာတပစ္စည်း ပဋ္ဌာန်းကြီးအရကို ကျောင်း. ထိုင်. ရပ်. သွား လေးပါးသော ဣရိယာပုတ်တို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်သမျှသော သတ္တဝါတိုင်းတို့၏ တစ်ကိုယ်လုံးရှိ ရုပ်တို့သည် နောက်မှ အသစ်ဖြစ်ပေါ်လာကြသော နာမ်အသက် ဝိညာဉ်တို့က အသစ်အသစ် ဖြစ်ပေါ်လာကြပြီး ကျေးဇူးပြုကြသောကြောင့် ထင်ရှားရှိကာပြုလုပ်နိုင်ကြပြောဆိုနိုင်ကြကြံစည်နိုင်ကြသည်ဟု မိမိတို့ဘာသာ စကားဖြင့် ပဋ္ဌာဇာတပစ္စည်းများကို ပြောကြား၍ သိရသော်လည်း ရွှေငွေ စစ်. မစစ်ကို သိမြင်အောင် မှတ်တင်၍ ပြသကဲ့သို့ ပဋ္ဌာဇာတပစ္စည်းများ ဘုရားဟော စစ်.မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ ပုရေဇာတဿ ဣမဿကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော** ဟု ပြတော်မူအပ်သော ပဋ္ဌာန်းပါဠိတော်အရဖြင့် ပဋ္ဌာဇာတပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်ကို မှတ်တင်၍ သိကြပါလေ။ ဤကား သတ္တဝါအလုံးစုံ ဘုံဆိုင်သော ပဋ္ဌာဇာတပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော် အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤပဋ္ဌာဇာတပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ. မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော ပဋ္ဌာဇာတပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရ ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

WWW.DHAMMARANSI.COM



## ၁၇။ အာသေဝနပစ္စည်း၊ ကမ္မပစ္စည်းတို့နှင့် ဝိပါကပစ္စည်း ပဋ္ဌာန်းကြီးတို့ အရကို မေးဖြေ ပြချက်။

မေး။ ။ ရှေးပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော အာသေဝနပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးကို သွင်း၍ ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင်လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။

ဖြေ။ ။ အမောင်တို့ အမိတို့။ အာသေဝနပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ အာသေဝနပစ္စယောဟူသော ပါဠိတော်၏အနက်မှာ သိလုံးဇောဟူသမျှတို့ အမြဲ ထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဟု ပြအပ်ပါသည့်အတိုင်း သတ္တဝါတိုင်းတို့သည် မျက်စိဖြင့် ကြည့်၍ မိမိအလိုရှိသော အမှုတို့ကို သိ၍ သိ၍သာ ပြုလုပ်နေကြ ပြောဆိုနေကြ ကြံစည် နေကြသည်တို့ကို သင်တို့သိကြ၏လောဟု မေးမှု ကိုယ်ပြုလုပ်တာတို့ကိုတော့ ကိုယ် သိမှာပေါ့၊ ကိုယ်ပြောဆိုတာ ကိုယ်ကြံစည်တာ တို့ကိုလည်း ကိုယ်သိမှာပေါ့ဟု ဖြေဆို ကြပေလိမ့်မည်။

ဤသို့ ပြောဆိုခြင်းကား အခြားမဟုတ် ကောင်းမြတ်သော အရာဌာနတို့ကို ကောင်းမြတ်သောစိတ်ထားဖြင့် ပြုလုပ် ပြောဆို ကြံစည်သမျှသော ကုသိုလ်ဇော ကြိယာ အဗျာကတဇော အဆက်ဆက်တို့ ထုံကြလျက် အာသေဝနပစ္စည်း ပဋ္ဌာန်းကြီးကို ဖြေဆိုသည်မည်၏။

ထိုမှတစ်ပါး မကောင်းသော အရာဌာနတို့ကို ယုတ်မာနောက်ကျူသော စိတ်ထားဖြင့် ပြုလုပ် ပြောဆို ကြံစည်သမျှသော အကုသိုလ်ဇော အဆက်ဆက် အာသေဝနပစ္စည်း ပဋ္ဌာန်းကြီးကို ဖြေဆိုသည်မည်၏။

ထိုမှတစ်ပါး နားဖြင့်ကြား၍၊ နှာခေါင်းဖြင့်နံ၍၊ လျှာဖြင့်စား၍၊ ကိုယ်ဖြင့်တွေ့၍၊ မနောသက်သက်ဖြင့် ကြံ၍ ပြုလုပ် ပြောဆို ကြံစည်သမျှတို့ကိုလည်း သိကြ၏လောဟု မေးပြန်မူ။ ဒါတွေကိုတော့ သိပါ၏ဟု ဖြေဆိုခြင်းတို့သည်လည်း သိလုံးဇော အာသေဝန ပစ္စည်း ပဋ္ဌာန်းတရားကြီးကိုပင် ဖြေဆိုသည်မည်၏။ ဤသို့

WWW.DHAMMARANSI.COM



သတ္တဝါတိုင်းတို့ အမြဲသိရှိ နေကြသော အာသေဝနပစ္စည်း ပဋ္ဌာန်းကြီးတို့ကို အလွယ်နှင့် သိကြစေခြင်း အကျိုးငှာ ဤပဋ္ဌာန်းဆောင်ပုဒ်၌။

မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ဇောတို့သည် အာသေဝနပစ္စည်း ပစ္စယုပ္ပန်တရားတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤရှေ့ကပြခဲ့သော အာသေဝနပစ္စည်း ပဋ္ဌာန်းကြီးအရကို သတ္တဝါတိုင်းတို့မှာ ခြောက်ဒွါရတို့ဖြင့် ပုဂ္ဂိုလ်သိ၊ သတ္တဝါသိ၊ အနေအစား ကောင်းသော သဘောထားနှင့် သိရှိနေကြမှု ကုသိုလ်အာသေဝနပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်တို့တည်း။ မကောင်းသော သဘောထားနှင့် သိရှိနေကြမှု အကုသိုလ် အာသေဝနပစ္စည်းပဋ္ဌာန်းတရားကြီး အစစ်တို့တည်း။ ရဟန္တာတို့ သဘောထားနှင့် သိရှိနေကြမှု ကြိယာ အဗျာကတ အာသေဝနပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်တို့တည်းဟု မိမိတို့ဘာသာစကားဖြင့် ပြောပြ၍ သိရသော်လည်း ရွှေငွေ စစ်၊မစစ်ကို မှတ်တင်၍ ပြသကဲ့သို့ အာသေဝနပစ္စည်းများ ဘုရားဟော စစ်၊မစစ်ကို ပါဠိတော် အရ မှတ်တင်၍ ပြရမှာကား။

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော** စသည်ဖြင့် ဟောပြတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် အာသေဝနပစ္စည်း ပဋ္ဌာန်းကြီးအရကို မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော အာသေဝနပစ္စည်း လက်တွေ့ ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤအာသေဝနပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော အာသေဝနပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

WWW.DHAMMARANSI.COM



## ၁၈။ ကမ္မပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော ကမ္မပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးကို သွင်း၍ ဉာဏ် အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင်လောက်အောင် အဘယ်သို့ဟောပြမည်နည်း။**

ဖြေ။ ။ အမောင်တို့အမိတို့။ ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ ကမ္မပစ္စယောဟူသော ပါဠိတော်၏အနက်မှာ မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း (ဝါ) စေ့ဆော်ကြောင့်ကြစိုက်သမျှသောကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှု စေတနာစု မျိုးစေ့ ပြု၍ ကျေးဇူးပြုတတ်သောတရားဟု ပြအပ်ပါသည့်အတိုင်းထဲမှာ နာနက္ခဏိက ကမ္မပစ္စည်း သဟဇာတကမ္မပစ္စည်း နှစ်စားတို့ ပါဝင်လျက် ရှိနေရာတွင် ရဟန္တာမှတစ်ပါး သတ္တဝါတိုင်းတို့ မျက်စိမြင်ကာမတ္တ မဟုတ်ကြ။ မည်သည့် အဆင်းတို့ပဲ သိလုံးဇော တို့သည်လည်းကောင်း။ ထိုသိလုံးမှ ဆက်လက်ကြ၍ ပြုလုပ် ပြောဆို ကြံစည် သမျှသော သိလုံးဇောတို့သည်ကား အခြားမဟုတ်၊ ကုသိုလ်, အကုသိုလ် အစစ်သာ ဖြစ်ကြကုန်၏။ ဤကုသိုလ်, အကုသိုလ်တို့၌ ပါရှိသော ပြုလုပ်နေသော စေတနာ၊ ပြောဆိုနေသော စေတနာ၊ ကြံစည်နေသော စေတနာတို့ကို ကံဟု ဆို၏။ ထိုကံ သည်ပင်လျှင် နာနက္ခဏိက ကမ္မပစ္စည်း သဟဇာတကမ္မပစ္စည်း ပဋ္ဌာန်းကြီး နှစ်မျိုးတို့ ဖြစ်နေပြန်၏။ ထိုပဋ္ဌာန်းကြီးကို သိလွယ်အောင် ပြောကြားရပုံကား။

အမောင်တို့ အမိတို့။ သင်တို့သည် အမှုကိစ္စ အဝဝတို့ကို ကိုယ်ဖြင့် ကြောင့်ကြ စိုက်၍ ပြုလုပ်နေကြရခြင်း၊ နှုတ်ဖြင့် ကြောင့်ကြစိုက်၍ ပြောဆိုနေကြရခြင်း၊ စိတ်သက်သက်ဖြင့် ကြောင့်ကြစိုက်၍ ကြံစည်နေကြရခြင်းတို့ကို သိရှိကြ၏လောဟု မေးမူ။ ဒါတွေကိုတော့ အမြဲပြုလုပ် ပြောဆို ကြံစည်နေကြရလို့ သိရှိပါ၏ဟု ဖြေဆိုကြ ပေလိမ့်မည်။ ဤသို့ဖြေဆိုခြင်းသည်ကား အခြားမဟုတ်၊ ကိုယ်, နှုတ်, စိတ် တို့ဖြင့် စေ့ဆော်ကြောင့်ကြစိုက်သမျှသော ကုသိုလ်ကမ္မပစ္စည်း, အကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်တို့ကို ဖြေဆိုသည်မည်၏။ ထိုမှ

WWW.DHAMMARANSI.COM



တစ်ပါးသော သတ္တဝါတိုင်းတို့သည် နားဖြင့်ကြား၍၊ နှာခေါင်းဖြင့်နံ၍၊ လျှာဖြင့် စား၍၊ ကိုယ်ဖြင့်တွေ့၍၊ မနောဖြင့် ကြံ၍၊ သိလုံးဇောမှန်သမျှတို့မှာပါသည့် စေ့ဆော်ကြောင့်ကြမှု စေတနာစု တို့သည် လည်း ရှေ့ကပြခဲ့သော ကမ္မပစ္စည်း ပဋ္ဌာန်းတရားတို့ချည်းတည်းဟု မိမိတို့ဘာသာစကားနှင့် ပြောကြားက ဉာဏ် အငယ်စားတို့ပင် သိမြင်နားလည်နိုင်ကြကုန်ရာ၏။

ဤကုသိုလ်. အကုသိုလ်တို့၌ပါသော စေတနာတို့ကား သဟဇာတ ကမ္မပစ္စည်း နာနက္ခဏိကကမ္မပစ္စည်း နှစ်ပါး ဖြစ်နိုင်ကြ၏။

ထိုမှတစ်ပါးသော ဝိပါက်. ကြိယာ. စိတ် တို့မှာပါသော စေတနာတို့ကား သဟဇာတကမ္မပစ္စည်း တစ်ပါးတည်းသာ ရ၏ဟု အထူးမှတ်ကြပါလေ။

ဤသို့ မျက်စိပေါက်နှင့်စပ်၍ ကာယကံ. ဝစီကံ. မနောကံ ကံသုံးပါး၊ နားပေါက်နှင့်စပ်၍၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်တို့နှင့် စပ်၍ ကံသုံးပါးကမ္မပစ္စည်း နှစ်မျိုးနှစ်စားတို့ ဖြစ်ပွားနေကြပုံကို အလွယ်နှင့် သိစေ လို၍ ဤပဋ္ဌာန်းဆောင်ပုဒ်၌။

မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တရား တို့သည် ကမ္မပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါ သတည်း။

ဤရှေ့ကပြခဲ့သော ဒွါရကြီးခြောက်စားတို့မှာ ထင်ရှားစွာ သိရှိကြပြီးလျှင် ကိုယ်ဖြင့် စေ့ဆော်ကြောင့်ကြ ပြုပြုသမျှသော စေတနာ၊ နှုတ်ဖြင့် စေ့ဆော် ကြောင့်ကြ ပြောပြောသမျှသော စေတနာ၊ စိတ်ဖြင့် စေ့ဆော်ကြောင့်ကြ ကြံကြံ သမျှသော စေတနာတို့သည် ယခုရောနောက်ပါ ကောင်းကျိုး. မကောင်းကျိုး တို့ကို ဖြစ်စေနိုင်ကြပါသော နာနက္ခဏိကကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ် တို့သာတည်းဟု မိမိတို့ဘာသာစကားနှင့် ပြောပြ၍ သိရှိရသော်လည်း ရွှေငွေ စစ်. မစစ်ကို မှတ်တင်၍ပြသကဲ့သို့ဘုရားဟော စစ်.မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော** ဟူ၍ ဟောပြတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် မှတ်တင်၍ သိကြပါလေ။

WWW.DHAMMARANSI.COM



(တစ်ထွေ တစ်နည်းမှာ) ထိုထိုအမှုကိုပြုလုပ် ပြောဆိုကြံစည်နေစဲ အခါထဲတွင်ပင် ထိုစေတနာကံတို့နှင့်တကွ ဖြစ်ကြသော စိတ်စေတသိက် ပြုလုပ် ပြောဆိုကြံစည်နေစဲ အခါ၌ဖြစ်သော စိတ္တဇရုပ်. ပဋိသန္ဓေ. ကမ္မဇရုပ် တို့က သဟဇာတကမ္မ အကျိုးတစ်မျိုး ဖြစ်နေကြပြန်သည်ကို သိစေလို၍။

**စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော** ဟူ၍ ဟောတော်မူသော ကမ္မပစ္စည်း ပဋ္ဌာန်းကြီးအစစ်ကို မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော ကမ္မပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤကမ္မပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ. မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော ကမ္မပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

## ၁၉။ ဝိပါကပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။

**မေး။** ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော ဝိပါကပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင်လောက်အောင် အဘယ်သို့ ဟောပြ မည်နည်း။

ဖြေ။ ။ အမောင်တို့. အမိတို့၊ ဝိပါကပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြား မင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ ဝိပါကပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ကောင်းသောအကျိုးဝိပါက်၊ မကောင်းသော အကျိုးဝိပါက်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဟု ပြအပ်ပါသည့်အတိုင်း သင်တို့သည် မျက်စိပေါက်ဖြင့် ကြည့်ရှုသောအခါ ကောင်းသောအဆင်း. မကောင်းသောအဆင်းတို့ကို မြင်ကြရ၏လောဟု သတ္တဝါတိုင်းတို့ကို မေးမူ။

WWW.DHAMMARANSI.COM



ဒါတို့ကိုတော့ အခါခပ်သိမ်း မြင်နေရပါသည်ဟု ဖြေဆိုကြပေလိမ့်မည်။ ဤသို့ ဖြေဆိုခြင်းကား အခြားမဟုတ်။ ကောင်းသောအဆင်းကို မြင်ရသမျှတို့သည် ရှေ့ကပြုခဲ့ကြသော ကုသိုလ်ကံကြောင့်သာ မြင်ကြရသော ကုသလ ဝိပါကပစ္စည်း ပဋ္ဌာန်းတရားကြီးအစစ်ဖြင့်သာ မြင်နေရပါသည်ဟု သိရှိ ဖြေဆိုသည်မည်၏။

ထိုမှတစ်ပါး မကောင်းသောအဆင်းကို မြင်ကြရသမျှတို့သည်လည်း ရှေ့က ပြုခဲ့ကြသော အကုသိုလ်ကံကြောင့်သာ မြင်ကြရသော အကုသလဝိပါကပစ္စည်း ပဋ္ဌာန်းတရားကြီးအစစ်ဖြင့်သာ မြင်နေရပါသည်ဟု သိရှိ ဖြေဆိုသည် မည်၏။ ဤမြင်ခြင်းနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်အပ်သော စေတနာကံတို့ကလည်း နောက်နောင် ကောင်းသောအကျိုး, မကောင်းသောအကျိုး ဝိပါကပစ္စည်းမျိုး ဖြစ်ခြင်း အကြောင်းဆက်တို့ တစ်ဖန် ဖြစ်ကြပြန်၏။

ထိုမှတစ်ပါးသော နားဖြင့် ကောင်းတာကြားရတာ မကောင်းတာ ကြားရတာ၊ နှာခေါင်းဖြင့် ကောင်းတာနံရတာ မကောင်းတာနံရတာ၊ လျှာဖြင့် ကောင်းတာစားရတာ မကောင်းတာစားရတာ၊ ကိုယ်ဖြင့် ကောင်းတာတွေ့ရတာ မကောင်းတာတွေ့ရတာ၊ မနောဖြင့် ကောင်းတာကြံရတာ မကောင်းတာကြံရတာ ဟူသမျှတို့သည် လည်းကောင်း၊ ကောင်းသောဘဝ မကောင်းသောဘဝတို့၌ ဖြစ်ရခြင်းတို့သည် လည်းကောင်း၊ ရှေ့ကပြုခဲ့ကြသော ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်ပါးတို့ကြောင့်သာ ကုသလဝိပါကပစ္စည်း, အကုသလဝိပါကပစ္စည်း ပဋ္ဌာန်း တရားကြီး အစစ်တို့သာ ဖြစ်နေကြကုန်၏။ ဤသို့ဖြစ်နေကြသည်ကို အလွယ်နှင့် သိစေလို၍ ဤပဋ္ဌာန်းဆောင်ပုဒ်၌။

မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော အကျိုးဝိပါက် တရားတို့သည် ဝိပါကပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်းစသည်ဖြင့် ရေးပြအပ် ပါသတည်း။

ဤရှေ့ကပြခဲ့သော ဝိပါကပစ္စည်း ပဋ္ဌာန်းကြီးအရကို သတ္တဝါတိုင်းတို့မှာ ခြောက်ဒွါရ တို့ဖြင့် အမြဲထာဝရ သိရှိကြ၍ ပြုလုပ် ပြောဆို ကြံစည်ကြသည်ကို အလွယ်နှင့် သိကြအောင် ပြောပြရမူ။

အမောင်တို့ အမိတို့၊ သင်တို့ နေ့စဉ်ထာဝရ မျက်စိ နား စသည်တို့ဖြင့် ကောင်းတာတို့ကို မြင်ရသမျှ၊ ကြားရသမျှ၊ နံရသမျှ၊ စားရသမျှ၊ တွေ့ရသမျှ၊

WWW.DHAMMARANSI.COM



ကြံ့ရသမျှတို့သည် ကုသလဝိပါကပစ္စည်း, အကုသလဝိပါကပစ္စည်း ပဋ္ဌာန်းဘုရားကြီး အစစ်တို့တည်းဟု မိမိတို့ဘာသာစကားဖြင့် ပြောပြ၍ သိရသော်လည်း ရွှေငွေ စစ်,မစစ်ကို မှတ်တင်၍ ပြသကဲ့သို့ ဝိပါကပစ္စည်းများ ဘုရားဟော စစ်, မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါက ပစ္စယေန ပစ္စယော ဟု** ဟောပြတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် ဝိပါကပစ္စည်း ပဋ္ဌာန်းကြီး အစစ်ကို မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော ဝိပါကပစ္စည်း လက်တွေ့ ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော်အရ ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤဝိပါကပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော ဝိပါကပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရ ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

## ၂၀။ အာဟာရပစ္စည်းနှင့် ဣန္ဒြိယပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေ ပြချက်။

မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော အာဟာရပစ္စည်း ပဋ္ဌာန်းတရား ကြီးကို သွင်း၍ ဉာဏ် အငယ်စားတို့ပင် နားလည်ချင်လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။

ဖြေ။ ။ အမောင်တို့ အမိတို့၊ အာဟာရပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်၊ အာဟာရပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ရုပ်နာမ်အာဟာရတို့က ထောက်ပံ့ခိုင်မာစေကြ သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဟု ပြအပ်ပါသည့်အတိုင်း ရုပ်အာဟာရ၊ နာမ်အာဟာရ နှစ်မျိုးနှစ်စား ရှိနေရာတွင် ရုပ်အာဟာရဆိုသည်ကား အခြား

WWW.DHAMMARANSI.COM



မဟုတ်၊ နေ့တရှန်းရှန်း ညတအုံးအုံး သတ္တဝါ အကုန်လုံးတို့ အစာအာဟာရ အတွက် ရှာမှီးအားသည်းလျက် မိမိတို့နှင့်ဆိုင်သော အစာအာဟာရတို့ကို စားသုံးကြရသောအခါ တောင့်တင်းခိုင်မာစွာ နေထိုင်ကြရသူတို့ ရှိကြ၏လော သိကြ၏လောဟု မေးမူ။ ဒါတွေကိုတော့ မည်သူမဆို သိကြမှာပေါ့ဟု တောသူတောင်သား စကားနှင့်ပင် ဖြေကြားတတ် သိရှိတတ်ကြ ပေလိမ့်မည်။ ဤသို့ ဖြေကြားခြင်းသည်ကား အခြားမဟုတ်၊ စားသောက်ကြသော အစာအာဟာရတို့ အထဲမှာ ပါသည့် ထောက်ပံ့ ခိုင်မာစေတတ်သည့် ဩဇာအာဟာရက ထောက်ပံ့ ခိုင်မာနေအောင် စားသောက်ကြသောသူတို့ကို ကျေးဇူးပြုလို့သာ တောင့်တောင့်တင်းတင်း ခိုင်ခိုင်မာမာ သွားလာလုပ်ကိုင် ပြောဆို ကြံစည်နိုင်ခြင်းများ အစားစားတို့သည် ရုပ်အာဟာရပစ္စည်း အကြောင်းအကျိုးတို့ကြောင့်တည်းဟု ဖြေဆိုရာ သိရှိရာ ရောက်၏ဟု ရုပ်အာဟာရပစ္စည်း ပဋ္ဌာန်းကြီးကို သေချာဂနစွာ သိရှိကြပြီးလျှင် အယုတ်ဆုံး အစာအာဟာရတို့ကို စားသောက်ကြသော အခါတိုင်းတို့မှာ ရှေ့အဖို့က သွင်းထားပြီးကြသည့် တစ်ကိုယ်လုံးရှိ ရုပ်အာဟာရ မသာလောင်းတို့ ကုန်ဆုံးသေပျောက် ဆာလောင်မွတ်သိပ်ခြင်းသို့ ရောက်လာကြပြန်သောကြောင့် ယခုနောက်ထပ်တစ်ဖန် ရုပ်အာဟာရမသာလောင်းအသစ်တို့သွင်းကြရပြန်ပါတကားဟု နေ့စဉ်ထာဝရ စားသောက်ကြတိုင်းတို့မှာ အာဟာရပစ္စည်း ပဋ္ဌာန်းကြီးကို သတိရပြီးလျှင် စားသောက်ကြပါလေ ပညာရှိ သဘောဖြူတွေတို့။

ထိုမှတစ်ပါး သတ္တဝါတိုင်းတို့ကို သင်တို့သည် မျက်စိဖြင့် ကြည့်၍ မိမိအလိုရှိသော အမှုကိစ္စတို့ကို တွေ့ကြ သိကြ၍ ကိုယ်ဖြင့် စေ့ဆော်ပြုလုပ်၊ နှုတ်ဖြင့် စေ့ဆော်ပြောဆို၊ စိတ်ဖြင့် စေ့ဆော် ကြံစည်နေကြသည်တို့ကို သိကြ၏လောဟု မေးမူ။ တောသူတောင်သားတို့ကပင် ကိုယ်အလိုရှိကြသည့် အမှုကိစ္စတို့နှင့် တွေ့ကြ သိကြ ၍သာ အားထုတ် ပြုလုပ် ပြောဆို ကြံစည်နေရကြတာ တို့ကိုတော့ သိမှာပေါ့ဟု တောသူ တောင်သား စကားနှင့်ပင် ဖြေကြားတတ် သိရှိတတ်ကြ ပေလိမ့်မည်။ ဤသို့ဖြေဆိုခြင်းကား အခြားမဟုတ် ထိုထိုအမှုကိစ္စ ကြီးငယ်ဟူသမျှတို့ကို ပြီးစီးအောင်မြင်အောင် ပြုလုပ် ပြောဆို ကြံစည်ရာတို့တွင် ပါဝင်နေသော မိမိအလိုရှိသည့်အလုပ်နှင့် သဘောထဲမှာ တွေ့ ခြင်းကား ဖဿအာဟာရပဋ္ဌာန်းကြီး အစစ်ပင်တည်း။ မိမိအလိုရှိသော အလုပ်ကို သိခြင်းကား။

WWW.DHAMMARANSI.COM



ဝိညာဏအာဟာရပဋ္ဌာန်းကြီး အစစ်ပင်တည်း။ မိမိတို့အလိုရှိသော အမှုကိစ္စ ဟူသမျှတို့ကို စေ့ဆော်ကြောင့်ကြ၍ ပြုလုပ်ခြင်း၊ ပြောဆိုခြင်း၊ ကြံစည်ခြင်းတို့ကား စေတနာအာဟာရပစ္စည်းပဋ္ဌာန်းကြီး အစစ်ပင်တည်း။ ဤနာမ်အာဟာရပစ္စည်း ပဋ္ဌာန်းတရား သုံးစားတို့ကို သိရှိကြ ဖြေကြားကြသည် မည်၏။

ထိုမှတစ်ပါး သတ္တဝါတိုင်းတို့ နားဖြင့် ကြား၍၊ နှာခေါင်းဖြင့် နံ၍၊ လျှာဖြင့် စား၍၊ ကိုယ်ဖြင့် တွေ့၍၊ မနောဖြင့် ကြံ၍ မိမိတို့အလိုရှိသော အမှုကိစ္စတို့ကို ကိုယ်ဖြင့် စေ့ဆော် ပြုလုပ်၊ နှုတ်ဖြင့် စေ့ဆော်ပြောဆို၊ စိတ်ဖြင့် စေ့ဆော်ကြံစည် နေကြတိုင်းမှာလည်း ရှေ့ကပြခဲ့တိုင်း နာမ်အာဟာရပစ္စည်း ပဋ္ဌာန်းကြီး သုံးစားတို့နှင့်သာ ဖြစ်ပွားနေကြပါသည်ကို အလွယ်နှင့် သိကြစေခြင်းငှာ ဤပဋ္ဌာန်းဆောင်ပုဒ်မှာ မြင်မြင်သမျှနှင့်စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တရားတို့သည် အာဟာရပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးတို့သာတည်းဟု စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤရှေ့ကရေးပြခဲ့သည်၌ (စပ်)ဆိုသည်ကား မြင်သိစသည်နှင့် စပ်သော နာမ် အာဟာရပစ္စည်းတို့ကို ဆို၏။ (မစပ်) ဆိုသည်ကား မြင်သိစသည်နှင့် မစပ်သော ရုပ် အာဟာရပစ္စည်းတို့ကို ဆို၏ဟု သိကြပါလေ။

ဤရှေ့ကပြခဲ့သော သတ္တဝါတိုင်းတို့ စားသောက်၍ မျှတစွာ နေထိုင်နိုင်ကြခြင်းတို့သည် ရုပ်အာဟာရပစ္စည်း ပဋ္ဌာန်း အကြောင်းအကျိုးတို့တည်း ဟူ၍လည်းကောင်း။

ထိုမှတစ်ပါး ခြောက်ဒွါရတို့ဖြင့် အလိုရှိသော အမှုကိစ္စ ဟူသမျှတို့ကို ပြုလုပ် ပြောဆိုကြံစည်နေကြရခြင်းသည်လည်း နာမ်အာဟာရပစ္စည်း ပဋ္ဌာန်း အကြောင်း အကျိုးတို့တည်း ဟူ၍လည်းကောင်း။

မိမိတို့ဘာသာစကားနှင့် ပြောကြားက မည်သူမဆို သိကြား နားလည်နိုင်ကြသော်လည်း ရွှေငွေစစ်.မစစ်ကို မှတ်တင်၍ပြသကဲ့သို့ အာဟာရပစ္စည်းများ ဘုရားဟော စစ်.မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယော** ဟူ၍လည်းကောင်း။ **အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော** ဟူ၍လည်းကောင်း။ ဟောပြတော်မူသော ပဋ္ဌာန်း ပါဠိတော်အရဖြင့် မှတ်တင်၍ သိကြပါလေ။

WWW.DHAMMARANSI.COM



ဤကား သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော အာဟာရပစ္စည်း လက်တွေ့ ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော်အရဖြင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤအာဟာရပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြ သောကြောင့် သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော အာဟာရပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီး တို့ကို ပါဠိတော် အရဖြင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

## ၂၁။ ဣန္ဒြိယပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော ဣန္ဒြိယပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

ဖြေ။ ။ အမောင်တို့, အမိတို့။ ဣန္ဒြိယပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်။ ဣန္ဒြိယပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ရုပ်အစိုးရကြီး ခြောက်မျိုး၊ နာမ်အစိုးရကြီး ရှစ်မျိုး တို့က အစိုးရ သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဟု ပြအပ်ပါသည့်အတိုင်း ပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ, သဟဇာတိန္ဒြိယ သုံးမျိုးသုံးစား ရှိနေရာတွင် ရုပ်အစိုးရကြီး ခြောက်မျိုး ဆိုသည်ကား။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ဟု ဆိုအပ်သော ရုပ်အစိုးရကြီးငါးမျိုး ရူပဇီဝိတိန္ဒြိယဟု ဆိုအပ်သော ရုပ်အစိုးရကြီး တစ်မျိုး ပေါင်း ခြောက်မျိုးတည်း။ ဤခြောက်မျိုးတို့တွင် ရှေ့ငါးမျိုးတို့ဖြင့် ကျေးဇူး ပြုကြသော ပုရေဇာတိန္ဒြိယ ဆိုသည်ကား အခြားမဟုတ်၊ မျက်စိကြည်လင် ကြမှ အဆင်းတို့ကို ကောင်းကောင်းမြင်ရသည် မျက်စိမကြည်လင်သော် ကောင်းကောင်း မမြင်ကြရဘူးဆိုတာ သိကြ၏လောဟု မေးမူ။ ဒါတွေကိုတော့ သိမှာပေါ့ပါဟု တောသူတောင်သား စကားတို့နှင့်ပင် ဖြေကြားတတ် သိရှိ တတ်ကြ ပေလိမ့်မည်။

WWW.DHAMMARANSI.COM



ဤသို့ ဖြေကြားခြင်းသည်ကား အခြားမဟုတ်၊ ကြည့်ရှု၍ မြင်ရသော အခါတို့မှာ မျက်စိက ငါကောင်းကောင်း ကြည်လင်ပေးမှ မင်းတို့ကောင်းကောင်း အဆင်းကို မြင်ကြ၊ ငါက ကြည်လင်မပေးမူကား ဝိုးတိုးဝါးတားသာ မြင်ကြဟု မိမိတို့ မျက်စိ အစိုးရကြီးက မြင်သိတို့ကို ကျေးဇူးပြုသည့်အတိုင်းသာ သတ္တဝါတို့မှာ ငါတို့ ကြည်ကြည်လင်လင်မြင်ရသည် မှုန်မှုန်မွဲမွဲသာမြင်ရသည်ဟု အစိုးရသည့် ဣန္ဒြိယပစ္စည်း ပဋ္ဌာန်းကြီးအရကို ဖြေဆိုရာရောက်၏။

ထိုမှတစ်ပါး သတ္တဝါတိုင်းတို့ကို နားကောင်းမှ ကောင်းကောင်း ကြားရသည်၊ နှာခေါင်းကောင်းမှ ကောင်းကောင်း နံရသည်၊ လျှာကောင်းမှ အရသာကောင်းကောင်း စားရသည်၊ ကိုယ်ကောင်းမှ အတွေ့ကောင်းကောင်း တွေ့ရသည်တို့မှာလည်း မိမိတို့၏ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် တို့က ဣန္ဒြိယပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်တို့နှင့် ကျေးဇူးပြုမှသာလျှင် သိရှိကြကုန်ရာ၏ဟု ပဋ္ဌာန်း ပုရေဇာတိန္ဒြိယပစ္စည်း မျိုးအရကို သိကြပါလေ။

ထိုမှတစ်ပါး အမောင်တို့ အမိတို့။ သင်တို့သည် မျက်စိရုပ်၊ နားရုပ်၊ နှာခေါင်းရုပ်၊ လျှာရုပ်၊ ကိုယ်ရုပ် စသည်တို့ဖြင့် သတ္တဝါတိုင်းတို့ အသုံးချ နေနိုင် ကြသည်ကား ထိုရုပ်ကလေးတို့မှာ အသက်ရှင်၍သာ မသိုးမပုပ် မပျက်မစီးဘဲ အသုံးချနေနိုင်သည်ကို သိကြ၏လောဟု မေးမူ။ ဒါတွေကိုလည်း သိပါ၏ဟု ဖြေဆိုခြင်းကား အခြားမဟုတ်။ ထိုထိုကမ္မဇရုပ် ဟူသမျှတို့သည် ရုပ်ဇီဝိတက ရူပဇီဝိတိန္ဒြိယတို့ သတ္တိဖြင့် ကျေးဇူးပြုသည့် အတိုင်းသာ သတ္တဝါတို့မှာ ငါတို့ တစ်ကိုယ်လုံး အသက်ရှင်ကာ ချမ်းချမ်းမြေ့မြေ့ရှိနေကြသည်ဟု အစိုးရသည့် ပဋ္ဌာန်း ရူပဇီဝိတိန္ဒြိယပစ္စည်းမျိုးကို ဖြေဆိုရာ သိရှိရာ ရောက်၏။

ထိုမှတစ်ပါး အမောင်တို့ အမိတို့။ သတ္တဝါတိုင်းတို့သည် နာမ်တို့မှာလည်း အသက်ရှိ၍သာ ထိုထိုအာရုံတို့ကို သိရှိ ကြံစည်နေကြသည်တို့ကို သိကြ၏လော ဟု မေးမူ။ အသက်ရှိ၍သာ ကြံစည် တွေးတောနိုင်ကြသည်ကိုလည်း သိပါ၏ဟု ဖြေဆိုခြင်းတို့သည်လည်း နာမ်ဇီဝိတဣန္ဒြိယပစ္စည်းကို ဖြေဆိုသည်မည်၏။

ဤရုပ်နာမ်ကလေးတို့မှာ သူ့အသက်နှင့်သူတို့ ရှိကြလို့သာ သူ့ကာလနှင့် သူတို့ တည်ရှိနိုင် ကြံစည် တွေးတောနိုင်ကြသည်ဟု ရုပ်ဇီဝိတ နာမ်ဇီဝိတ တို့ကို ရည်မှတ် သိရှိ၍ အသက်ရှိ၏ဟု ပြောမှု မိစ္ဆာဒိဋ္ဌိ မဖြစ်။ ဤရုပ်သက် နာမ်သက်ကို

WWW.DHAMMARANSI.COM



မယူဘဲ သတ္တဝါ တိုင်းတို့၏ အသက် ဝိညာဉ်တို့သည် လုံးလုံးမပျောက်ဘဲ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းလွဲ ကူးဆက်သွားနေကြသည်ဟု ယူဆသူတို့မှသာ သဿတဒိဋ္ဌိ စသည် ဖြစ်၏ဟု အထူးမှတ်ကြပါလေ။

ထိုထိုအာရုံတို့ကို သိရှိကြခြင်း စိတ်တို့ကိုလည်းကောင်း၊ ထိုသို့အာရုံတို့ကို ခံစားကြခြင်း ဝေဒနာတို့ကိုလည်းကောင်း၊ ရတနာသုံးပါးတို့ကို ကြည်ညို ယုံကြည်နေကြသည့် သဒ္ဓါ၊ ထိုထိုအမှုကို ပြုလုပ် အားထုတ်နေကြသည့် ဝီရိယ၊ ထိုထိုကုသိုလ် အာရုံတို့ကို အောက်မေ့နိုင်သော သတိ၊ တည်ကြည်သော ဧကဂ္ဂတာ၊ ထိုးထွင်း၍ သိရှိသော ပညာ တို့ကို သိရှိကြ၏လောဟု တစ်ခုတစ်ခုစီ ခွဲစိတ်၍ မေးမူ။ ဒါတွေ ကိုတော့ တစ်ခုတစ်ခုစီ ခွဲစိတ်၍ မေးတိုင်း သိရှိပါ၏ဟု အသီးသီး ဖြေဆိုနိုင်ကြ ပေလိမ့်မည်။

ဤသို့ဖြေဆိုနိုင်ကြခြင်းတို့သည်လည်း အခြားမဟုတ်၊ စိတ်ရှိကြလို့ထိုထို အာရုံကို အစိုးတရ သိနိုင်ကြသည်ကား မနိန္ဒြေကို သိခြင်း ဖြေဆိုခြင်းပင်တည်း။

ထိုမှတစ်ပါး ဝေဒနာဟု ဆိုအပ်သော တရားတို့က ဖြစ်ပေါ်ကြပြီး ထိုထို ကောင်းသောအာရုံ. မကောင်းသောအာရုံ တို့ကို အစိုးတရ ခံစားနေကြသော ချမ်းသာခြင်း သုခ၊ ဆင်းရဲခြင်း ဒုက္ခ၊ ဝမ်းမြောက်ခြင်း သောမနဿ၊ နှလုံး မသာယာခြင်း ဒေါမနဿ ၎င်းဝေဒနာ လေးပါးတို့မှ အလွတ် လျစ်လျူရှုခြင်း ဥပေက္ခာတို့ကို သိရခြင်းတို့သည်လည်း ဝေဒနိန္ဒြေ ငါးပါးတို့ကို သိရှိခြင်း ဖြေဆိုခြင်းပင်တည်း။

ရတနာသုံးပါး ကံ.ကံ၏အကျိုးများကို အစိုးတရ ယုံကြည် အားထားခြင်း သဒ္ဓါတရားတို့ကို သိရှိကြခြင်း တို့သည်လည်း သဒ္ဓိန္ဒြေကို သိရှိခြင်း ဖြေကြားခြင်း ပင်တည်း။ ထိုထိုအမှုကိစ္စတို့ကို အစိုးတရ အားထုတ်ပြုလုပ်နေကြသော ဝီရိယ တို့ကို သိခြင်းတို့သည်လည်း ဝီရိယိန္ဒြေကို သိခြင်း ဖြေဆိုခြင်း ပင်တည်း။ ထိုထို ကုသိုလ်အာရုံတို့ကို အစိုးတရ အောက်မေ့နိုင်ကြခြင်း သတိကို သိရှိကြခြင်း သည်လည်း သတိန္ဒြေကို သိခြင်း ဖြေဆိုခြင်းပင်တည်း။ ထိုထို အာရုံတို့ကို အစိုးတရ မပျံ့လွင့်ဘဲ တည်မြဲစွာ နေနိုင်ခြင်း ဧကဂ္ဂတာကို သိရှိကြခြင်း သည်လည်း သမာဓိန္ဒြေကို သိခြင်း ဖြေဆိုခြင်း ပင်တည်း။ ထိုထိုအမှုကိစ္စ ဟူသမျှ တို့၌ အကြောင်းအကျိုး အကောင်းအဆိုးနှင့်တကွ ဖြစ်သင့်ဖြစ်ထိုက်သော

WWW.DHAMMARANSI.COM



သဘော စသည်များကို အစိုးတရ ထိုးထွင်း၍ သိမြင်နိုင် ကြသော ဉာဏ်ပညာတို့ကို သိရှိကြခြင်းတို့သည်လည်း ပညိန္ဒြေကို သိခြင်း ဖြေဆိုခြင်း ပင်တည်းဟု သိရှိကြကုန်ရာ၏။ ဤသို့ သိရှိရခြင်းသည်ကား နာမ်ဣန္ဒြေတရားကိုယ် ရုစ်ပါး သဟဇာတိန္ဒြိယပစ္စည်းများကို သိရှိကြခြင်းပင်တည်း။

ဤရှေ့ကပြခဲ့သော ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ၊ သဟဇာတိန္ဒြိယ သုံးမျိုးသုံးစားတို့သည် သတ္တဝါတိုင်းတို့မှာ မျက်စိ စသော ဒွါရကြီးခြောက်ပေါက်တို့က သိရှိခြင်းနှင့် စပ်ကြ၍ ပြုလုပ်ခြင်း၊ ပြောဆိုခြင်း၊ ကြံစည်သမျှတို့မှာ ထိုက်သည်အားလျော်စွာ ရုပ်ဣန္ဒြိယပစ္စည်း နာမ်ဣန္ဒြိယပစ္စည်း ပဋ္ဌာန်းကြီးတို့လည်း ပါရှိနေကြသည်ကို အလွယ် နှင့်သိစေလို၍ ဤပဋ္ဌာန်းဆောင်ပုဒ်၌။

မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ်ခြင်း၊ ပြောဆိုခြင်း၊ ကြံစည်သမျှသော ရုပ်နာမ်တို့သည် ဣန္ဒြိယပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်းဟု ဆောင်ပုဒ်၌ ရေးထုတ်အပ်သည်ကို သိကြပါလေ။

ဤရှေ့ကပြခဲ့သော သတ္တဝါတိုင်းတို့မှာ ရှိနေကြပါသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့က မြင်သိစသည်တို့ကို ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုကြသည်ဟူ၍လည်းကောင်း၊ ရုပ်သက်ဟု ဆိုအပ်သော ရုပ်ဇီဝိတတို့က တစ်ကိုယ်လုံးရှိ ကမ္မဇရုပ်တို့ကို အစိုးတရစောင့်ရှောက်ကြသည်ဟူ၍လည်းကောင်း၊ ဇီဝိတ၊ စိတ်၊ ဝေဒနာ စသော နာမ်ဣန္ဒြေရှစ်ပါးတို့က တကွဖြစ်သော နာမ်တို့ကို အစိုးတရ ကျေးဇူးပြုသည် ဟူ၍လည်းကောင်း မိမိတို့ဘာသာစကားဖြင့် ပြောကြားကမည်သူမဆို သိကြား နားလည်ကြသော်လည်း ရွှေငွေ စစ်၊မစစ်ကို မှတ်တင်၍ ပြသကဲ့သို့ ဣန္ဒြိယပစ္စည်းများ ဘုရားဟော စစ်၊မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော စသည်ဖြင့် ဟောပြတော်မူသော ပါဠိတော်အရဖြင့် ဣန္ဒြိယ ပစ္စည်း ပဋ္ဌာန်းကြီး သုံးမျိုးတို့အစစ်ကို မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော ဣန္ဒြိယပစ္စည်း လက်တွေ့ ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤဣန္ဒြိယပစ္စည်း ပဋ္ဌာန်းတရားကြီးသည် ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်

WWW.DHAMMARANSI.COM



သည်ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော ဣန္ဒြိယပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

## ၂၁။ ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော ဈာနပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့်နားလည်ချင်လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

ဖြေ။ ။ အမောင်တို့ အမိတို့။ ဈာနပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်။ ဈာနပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း (ဝါ) ရှေးရှုကြံစည်မှု၊ စုံစမ်းမှု၊ နှစ်သက်မှု၊ တည်ကြည်မှု၊ ခံစားမှုတို့ဖြင့် ကျေးဇူးပြုတတ်သောတရားဟု ပြအပ်ပါသည့် ဤပဋ္ဌာန်း ဈာနပစ္စည်းတစ်မျိုး၊ အဘိညာဉ် သမာပတ် ဆိုတာ တစ်မျိုးအားဖြင့် နှစ်မျိုးနှစ်စားတို့တွင် ဤလောကကြီးမှာ ဈာန်ဆိုလျှင် မဟဂ္ဂုတ် လောကုတ္တရာ ဈာန်သမာပတ် တို့ကိုသာ ပြောဆိုခြင်း သိရှိ မှတ်ထင်ခြင်း များကြကုန်၏။ ယခုပြအပ်သော ဈာန်ကား ကုသိုလ်. အကုသိုလ်. အဗျာကတ တို့မှာပါသည့် ဈာနပစ္စည်း ပဋ္ဌာန်းကြီးကို ပြအပ်သည်ဟု သိကြပါလေ။

ဤဈာနပစ္စည်းကား အခြားမဟုတ် သတ္တဝါတိုင်းတို့ကို သင်တို့သည် မျက်စိပေါက်ဖြင့် ထိုထိုအဆင်းတို့ကို မြင်ရသည်နှင့်စပ်၍ ထိုထို အကောင်အထည် ဝတ္ထုပစ္စည်းတို့ကို ဘာတွေလဲဟု ရှေးရှုကြံစည်ခြင်း၊ စုံစမ်းခြင်းက ဆက်လက်၍ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ တည်ကြည်ခြင်း တစ်ခုခုတို့. သင်တို့မဖြစ်ဖူးကြလောဟု မေးမူ။ ဤမေးတာတို့ကိုတော့ဖြစ်ဖူးပါ၏ဟု တောသူတောင်သား စကားတို့နှင့်ပင် ဖြေဆိုကြပေလိမ့်မည်။

WWW.DHAMMARANSI.COM



ဤသို့ဖြေဆိုခြင်းကား အခြားမဟုတ် မြင်ခြင်းနှင့်စပ်၍ ထိုထိုအာရုံတို့ကို ရှေးရှု ကြံစည်ခြင်း၊ စုံစမ်းခြင်း ဆိုသည်ကား ဝိတက်. ဝိစာရ. ဈာန်ကို ဖြေသည်မည်၏။ နှစ်သက် ဝမ်းမြောက်ခြင်း ဆိုသည်ကား ပီတိ သောမနဿဈာန်ကို ဖြေသည်မည်၏။ တည်ကြည်ခြင်းဆိုသည်ကား ဧကဂ္ဂတာ သမာဓိကို ဖြေဆိုသည်မည်၏။ နားဝေးသူ တို့ကို ဈာန်အင်္ဂါငါးပါးလုံးတို့ကို မမေးဘြားဘဲ အတိုချုပ်အားဖြင့် အမောင် တစ်ခုခုကိုအာရုံပြု၍ နှစ်သက်ဝမ်းမြောက်ဖူး၏လောဟု မေးမူ။ နှစ်သက်ဝမ်းမြောက်ဖူးပါ၏ဟု ကိုယ်တိုင်သိ၍ ဖြေဆိုသောအခါ၊ အမောင် ဤနှစ်သက်ဝမ်းမြောက်သည် ဆိုသည်ကား အခြားမဟုတ် ဈာနပစ္စည်း ပဋ္ဌာန်းကြီး အစစ်တို့ပင်တည်းဟု တစ်ခုတည်းကို ပြောပြက နားဝေးသောသူတို့ပင် ဈာနပစ္စည်း ပဋ္ဌာန်းကြီးကို သိရှိနိုင်ကြကုန်ရာ၏။

ဤဈာနပစ္စည်းကုသိုလ်.အကုသိုလ်မရှောင်မြင်သိကြားသိစသောဒွေပဥ္စဝိညာဉ်မှတစ်ပါး ဝိပါက် ကြိယာတို့မှာလည်း ဖြစ်နေကြကုန်၏ဟု ပြောပြက အားလုံးကုန် သိနိုင်ကြမည်ဖြစ်၏။ ၎င်းပြင် ကြားသိနှင့်စပ်၍လည်းကောင်း၊ နံသိနှင့် စပ်၍လည်းကောင်း၊ နံသိ၊ စားသိ၊ တွေ့သိ၊ ကြံသိတို့နှင့်စပ်၍ လည်းကောင်း၊ ရှေးရှု ကြံစည်ခြင်း စုံစမ်းခြင်း စသည်တို့သည်လည်း ဈာနပစ္စည်း ပဋ္ဌာန်းကြီးတို့ပင်တည်းဟု ဤပဋ္ဌာန်းတရားကြီးများကို အလွယ်နှင့်သိစေလို၍ ပဋ္ဌာန်းဆောင်ပုဒ်၌။

မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ်၊ ပြောဆို၊ ကြံစည်သမျှသော စက္ခုဝိညာဉ်မှတစ်ပါး နာမ်ရုပ်တရားတို့သည် ဈာနပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤဆောင်ပုဒ်ဝယ် ဒွေပဥ္စဝိညာဉ်တစ်ဆယ်၌ယှဉ်သော ဧကဂ္ဂတာ ဝေဒနာတို့သည် ထိုထိုအာရုံကို ကပ်၍ ရှုခြင်းငှာ အားမရှိကြဘဲ အာရုံ၌ကျကာ မတ္တသာဖြစ်သောကြောင့် ဒွေပဥ္စဝိညာဉ်တစ်ဆယ်ကို ကြဉ်ရပါသတည်း။ ထိုကြောင့် ပဥ္စန္နံပန ဝိညာဏကာယာနံ အဘိနိပါတ မတ္တတ္တာ စသည်ဖြင့် ပဋ္ဌာန်းအဋ္ဌကထာ၌ ပြအပ်ပါ သတည်း။ ကြွင်းသော စိတ်တစ်ခု ရုပ်ရှစ်ဆယ်တို့၌ ယှဉ်ကြသော ဈာန်အင်္ဂါတို့ကား ဈာနပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ် ဖြစ်နိုင်ကြကုန်၏ဟု သိကြပါလေ။

WWW.DHAMMARANSI.COM



ဤရှေ့ကပြခဲ့သော သတ္တဝါတိုင်းတို့မှာ မျက်စိပေါက် စသည်နှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်နေဆဲ အခါထဲတို့တွင် တစ်ခုခုကို ရှေးရှု ကြံစည်နေကြသည်ကား ဈာနပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ၊ စုံစမ်းနေကြတာလည်း ဈာနပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ၊ နှစ်သက်ကြ ဝမ်းမြောက်ကြ ထိုထိုဝတ္ထု အာရုံစုတို့ကို စွဲမြဲတည်ကြည်ကြခြင်းတို့သည်လည်း ဈာနပစ္စည်းပဋ္ဌာန်းကြီးပဲကွဲ့ဟု မိမိတို့ဘာသာစကားတို့ဖြင့် ပြောကြားက မည်သူမဆို သိကြားနားလည်ကြသော်လည်း ရွှေငွေစစ်,မစစ်ကို သိမြင်အောင် မှတ်တင်၍ ပြသကဲ့သို့ ဈာနပစ္စည်းများ ဘုရားဟောစစ်,မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**ဈာနပစ္စယောတိ ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဈာန ပစ္စယေန ပစ္စယော** ဟု ဟောတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သောဈာနပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤဈာနပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ. မပွင့်သည်ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော ဈာနပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

## ၂၂။ မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော မဂ္ဂပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင်အလွယ်နှင့်နားလည်ချင်လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

ဖြေ။ ။ အမောင်တို့ အမိတို့။ မဂ္ဂပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမဟုတ်။ မဂ္ဂပစ္စယော ဟူသော ပါဠိတော်၏ အနက်မှာ ထွက်မြောက်ကြောင်းဖြစ်၍ ကျေးရှူးပြုတတ်သောတရား

WWW.DHAMMARANSI.COM



လည်းကောင်း (ဝါ) ဂတိနှစ်တန် ဆန့်ကျင်ရန် အကြောင်းဖြစ်၍ ကျေးဇူးပြု တတ်သောတရား လည်းကောင်း ပြအပ်ပါသတည်း။

ဤမဂ္ဂပစ္စည်း ပဋ္ဌာန်းကြီး တစ်မျိုး၊ မဂ္ဂင်ရှစ်ပါး အပေါင်းဟူသော မဂ်လေးပါးဟု ပြောကြား သိရှိနေကြသော အရိယာမဂ်တို့က တစ်မျိုးအားဖြင့် နှစ်မျိုး နှစ်စားတို့တွင် မဂ်ဟုဆိုလျှင် အရိယာမဂ်တို့ကိုသာ ပြောဆိုခြင်း သိရှိမှတ်ထင်ခြင်း များကြကုန်၏။ ယခုပြအပ်သော မဂ်ကား ကုသိုလ်, အကုသိုလ်, အဗျာကတ တို့မှာပါသည့် မဂ္ဂစ္စည်း ပဋ္ဌာန်းကြီးကို ပြအပ်သည်ဟု သိကြပါလေ။

ဤမဂ္ဂပစ္စည်းကား အခြားမဟုတ် သင်တို့သည် မျက်စိဖြင့်မြင်၍ မိမိတို့အလို ရှိသော အမှုကိစ္စတို့ကို ပြုလုပ်ခြင်း၊ ပြောဆိုခြင်း၊ ကြံစည်ခြင်း တို့ကို ပြုကြသော အခါ မိမိတို့ကိစ္စနှင့်စပ်၍ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို ထိုးထွင်း၍ သိခြင်းပညာ ရှေ့ရှုကြံစည်ခြင်း ဝိတက်တို့လည်း ဖြစ်ဖူးပေလိမ့်မည်။

ထိုမှတစ်ပါး ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါး၊ မိစ္ဆာဇီဝတို့ကို ပယ်ရှား ကြရသည်။ အာဇီဝဋ္ဌမက သီလတို့ကိုလည်း ဆောက်တည်ဖူးကြ ပေလိမ့်မည်။ ထိုမှတစ်ပါး ထိုထို အမှုကိစ္စတို့ကို ပြီးစီး အောင်မြင်အောင် အားထုတ်သော ဝီရိယ၊ သူတော်ကောင်းအလုပ်ကို ပြန်လှန်အောက်မေ့သော သတိ၊ ထင်မြင်အောက်မေ့သော အမှု တစ်ခုခု၌ မပျံ့လွင့်ဘဲ တည်မြဲသော သမာဓိ ရုပ်နာမ် ပရမတ် အရပ်ရပ်တို့ကို သူပဲ ငါပဲ အထင်အမြင်လွဲချက် သက္ကာယဒိဋ္ဌိ တို့လည်းဖြစ်ဖူးကြပေလိမ့်မည်။ ဤမိမိတို့မှာဖြစ်ဖူးကြသောအချက်ကြီး (၉)ချက် တို့တွင် တစ်ခုခုကို ဖြစ်ဖူးကြ၏လောဟု မေးမူ။ ဒါတွေကိုတော့ မကြာမကြာ အခါခါ ဖြစ်ဖူးလှပါ၏ဟု ဖြေဆိုကြပေလိမ့်မည်။

ဤသို့ ဖြေဆိုခြင်းတို့တွင် မိမိတို့ကိစ္စနှင့်စပ်၍ အကြောင်းအကျိုး အကောင်း အဆိုးတို့ကို ထိုးထွင်း၍ သိခြင်းပညာ ရှေ့ရှုကြံစည်ခြင်း ဝိတက်တို့ကို ဖြေဆိုခြင်း တို့ကား သမ္မာဒိဋ္ဌိ မဂ္ဂပစ္စည်း မိစ္ဆာသင်္ကပ္ပ သမ္မာသင်္ကပ္ပ မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီး နှစ်မျိုး တို့ကို ပြုလုပ်ခြင်း၊ သိရှိခြင်း၊ ဖြေဆိုခြင်း မည်၏။

ထိုမှတစ်ပါး အာဇီဝဋ္ဌမက သီလတို့ကို ဆောက်တည်ဖူးပါသည်ဟု ဖြေဆို ခြင်းတို့သည်လည်း သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီး သုံးမျိုးတို့ကို ပြုလုပ်ခြင်း၊ သိရှိခြင်း၊ ဖြေဆိုခြင်း မည်၏။

WWW.DHAMMARANSI.COM



ထိုမှတစ်ပါးသော ထိုထိုအမှုကိစ္စတို့ကို ပြီးစီးအောင်မြင်အောင် အားထုတ်သော ဝီရိယတို့သည်ကား အခြားမဟုတ် သမ္မာဝါယာမ မိစ္ဆာဝါယာမ မဂ္ဂပစ္စည်းတစ်မျိုးကို ဖြေဆိုသည်မည်၏။

သူတော်ကောင်းအလုပ်ကို ပြန်လှန် အောက်မေ့သော သတိကား အခြားမဟုတ် သမ္မာသတိ မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးတစ်မျိုးကို ဖြေဆိုသည်မည်၏။

ထင်မြင်အောက်မေ့သောအမှု တစ်ခုခု၌ မပျံ့လွင့်ဘဲ တည်မြဲသော သမာဓိကား အခြားမဟုတ် မိစ္ဆာသမာဓိ သမ္မာသမာဓိ မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီး တစ်မျိုးကို ဖြေဆိုသည် မည်၏။

ရုပ်နာမ် ပရမတ် အရုပ်ရုပ်တို့ကို သူပဲငါပဲ အထင်လွဲနေချက် သက္ကာယဒိဋ္ဌိတို့ကား အခြားမဟုတ် မိစ္ဆာဒိဋ္ဌိ မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးတစ်မျိုးကို ဖြေဆိုသည်မည်၏ ဟု သိကြပါလေ။

(တစ်နည်း) နားဝေးသော သူတို့ကို မဂ္ဂင်(၉)ပါးတို့ကို မမေးပြားဘဲ အတိုချုပ်အားဖြင့် အမောင် ကိစ္စအမှုတစ်ခုခု၌ ပြီးစီးအောင်မြင်အောင် ဝီရိယထုတ်ပြုလုပ်ခဲ့သည်ကိုလည်းကောင်း၊ ပြောဆိုခဲ့သည်ကိုလည်းကောင်း၊ ကြံစည်ခဲ့သည်ကိုလည်းကောင်းပြန်လှန် သိရှိနိုင်၏လောဟုမေးမူ။ ဤအားထုတ်ခဲ့ရသော ဝီရိယတို့ကိုတော့ နေရာတိုင်းတို့မှာ ထင်မြင်သိရှိနိုင်ပါ၏ဟု ဖြေဆိုသောအခါ အမောင် သင်သိရှိသော ဝီရိယ ဆိုသည်ကား အခြားမဟုတ် မဂ္ဂပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်တို့ပင်တည်းဟု တစ်ခုတည်းကို ပြောပြက နားဝေးသော သူတို့ပင် မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးကို သိရှိနိုင်ကြကုန်ရာ၏။

ဤပဋ္ဌာန်း မဂ္ဂပစ္စည်းသည် ကုသိုလ်. အကုသိုလ် မရှောင် အဟိတ် စိတ်ကြဉ်သော ဝိပါက်၊ ကြိယာတို့မှာလည်း ဖြစ်နေကြကုန်၏ဟု ပြောပြက အားလုံးကုန် သိနိုင်ကြမည်ဖြစ်ကြောင်း၊ ၎င်းပြင် ကြားသိ၊ နံသိ၊ စားသိ၊ တွေ့သိ၊ ကြံသိတို့နှင့်စပ်၍ ပိုင်းခြား၍သိခြင်း၊ ရှေ့ရှုကြံစည်ခြင်း တို့သည်လည်း မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးတို့ပင် တည်းဟု သိရှိကြပါလေ။

ဤပဋ္ဌာန်းတရားကြီးများကို အလွယ်နှင့် သိစေလို၍ ပဋ္ဌာန်းဆောင်ပုဒ်၌ မြင်မြင်သမျှနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော သိလုံးဇော နာမ်ရုပ်တို့သည် မဂ္ဂပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါသတည်း။

WWW.DHAMMARANSI.COM



ဤဆောင်ပုဒ်ဝယ် (ဇောတို့သည်) ဟူ၍ ပြဆိုအပ်သည်ကား ဒွါရတို့ဖြင့် သိရှိ နေကြသော ဇောတို့ကို လွယ်ကူစွာ သိကြစေခြင်း အကျိုးငှာသာ ပြအပ်ပါ သတည်း။ စင်စစ်မူကား သဟိတ်ပဋိသန္ဓေ၊ ဘဝင်၊ စုတိ တို့လည်း ပါနိုင်၏ဟု သိကြပါလေ။

ထိုမှတစ်ပါး အဟိတ်စိတ်ကို ကြဉ်အပ်သည်ကား ထိုအဟိတ်စိတ်၌ ထိုက်သည် အားလျော်စွာ ပါဝင်ကြသော ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ တို့သည် မဂ်အင်္ဂါ ဖြစ်ထိုက်သော်လည်း ဟိတ်နှင့်ယှဉ်မှ မဂ်အင်္ဂါထိုက်သောကြောင့် ဟိတ်နှင့် မယှဉ်၍ ကြဉ်အပ်၏။ ထို့ကြောင့် မဂ္ဂသ ပန ဟေတု ပဋ္ဌိမကတ္တာ စသည်ဖြင့် ပဋ္ဌာန်းအဋ္ဌကထာ၌ ပြအပ်ပါ သတည်း။

ကြွင်းသဟိတ်စိတ် ၇၁ခုတို့၌ ယှဉ်ကြသော မဂ်တို့ကား မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီး အစစ် ဖြစ်နိုင်ကြကုန်၏ဟု သိကြပါလေ။

ဤရှေ့ကပြခဲ့သော သတ္တဝါတို့မှာ မျက်စိပေါက် စသည်နှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်နေဆဲ အခါထဲတို့တွင် ပါဝင်နေကြသော အကြောင်းအကျိုး အကောင်းအဆိုး စသည်တို့ကို ပိုင်းခြား၍ သိခြင်းတို့သည် မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီး ပဲကွဲ့။ အာဇီဝဋ္ဌမကသီလ တို့ကို စောင့်သုံးခြင်းသည်လည်း မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီး ပဲကွဲ့။ အားထုတ်ခြင်း ဝီရိယတို့သည်လည်း မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ့။ သူတော်ကောင်းအလုပ်ကို ပြန်လှန် အောက်မေ့သော သတိသည်လည်း မဂ္ဂ ပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ့။ ထင်မြင် အောက်မေ့သောအမှု တစ်ခုခု၌ မပျံ့လွင့်ဘဲ တည်မြဲသော သမာဓိသည်လည်း မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ့။ သူပဲ ငါပဲ အထင်အမြင် လွဲနေချက် သက္ကာယဒိဋ္ဌိ သည်လည်း မဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ့ဟု မိမိတို့ဘာသာစကားတို့ဖြင့် ပြောကြားက မည်သူမဆို သိကြား နားလည်ကြ သော်လည်း ရွှေငွေ စစ်.မစစ်ကို သိမြင်အောင် မှတ်တင်၍ ပြသကဲ့သို့ မဂ္ဂပစ္စည်း များ ဘုရားဟော စစ်.မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**မဂ္ဂပစ္စယောတိ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော** ဟု ဟောတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် မှတ်တင်၍ သိကြပါလေ။

WWW.DHAMMARANSI.COM



ဤကား သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော မဂ္ဂပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ဉာဏ်အငယ်စားတို့ပင် နားလည်ချင်အောင် အကျဉ်းမျှ ပြချက်ပါတည်း။

ဤမဂ္ဂပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည်ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော မဂ္ဂပစ္စည်း လက်တွေ့ပဋ္ဌာန်းကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက် ပြီး၏။

❖

## ၂၃။ သမ္ပယုတ္တပစ္စည်းနှင့် ဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေ ပြချက်။

မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော သမ္ပယုတ္တပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့် နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။

ဖြေ။ ။ အမောင်တို့ အမိတို့။ သမ္ပယုတ္တပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြား မင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမဟုတ်။ သမ္ပယုတ္တပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ခြောက်ပါးဝိညာဉ် နာမ်အစဉ်တို့ အချင်းချင်း ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဟု ပြအပ်ပါသည့်အတိုင်း သင်တို့သည် တစ်စုံတစ်ခုသော အဆင်းတို့ကို မျက်စိဖြင့် မြင်သိလုံး ဖြစ်နေသည်ကို သိကြ၏လောဟု မေးမူ။ ကိုယ့် မျက်စိနှင့် ကိုယ်မြင်တာ တို့ကိုတော့ သိမှာပေါ့ဟု ဖြေဆိုကြပေလိမ့်မည်။

ဤသို့ဖြေဆိုခြင်းကား အခြားမဟုတ် မျက်စိ မြင်သိလုံး နာမ်ဝိညာဉ်တို့နှင့် ယှဉ်၍ ဖြစ်ကြသော နာမ်ခန္ဓာ သမ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးတို့ကိုပါ ဖြေဆိုရာ ရောက်၏။

ရောက်ပုံကား ထိုထိုအဆင်းကို မြင်လိုက်သည်နှင့် အတူတကွ ကြည့်လို့ ကောင်းလုံး,မကောင်းလုံး ကောင်း,မကောင်းလုံးဟု ဆိုအပ်သော ဝေဒနက္ခန္ဓာ

WWW.DHAMMARANSI.COM



လည်း ယှဉ်တွဲ၍ပါနိုင်၏။ ဘာအဆင်းပဲ ညာအဆင်းပဲဟု အဆင်းကိုမှတ်လုံး သညာက္ခန္ဓာလည်း ယှဉ်တွဲ၍ပါနိုင်၏။ မည်သည့်အရပ် စသည်ကို ကြည့်မည် ဟူသော စေ့ဆော် ကြောင့်ကြခြင်း သင်္ခါရက္ခန္ဓာလည်း ယှဉ်တွဲ၍ပါနိုင်၏။ ဤသို့ ယှဉ်တွဲ၍ပါနိုင်သည်ကို ဖြေဆိုရာ ရောက်သောကြောင့် သမ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးကို ဖြေဆိုသည်ဟု သိအပ်၏။

ဤမြင်သိလုံးနှင့်စပ်၍ပြုလုပ်နေသောနာမ်ခန္ဓာတွေ၊ ပြောဆိုနေသောနာမ် ခန္ဓာတွေ၊ ကြံစည်နေသော နာမ်ခန္ဓာတွေမှာလည်း ရှေ့ကပြခဲ့တိုင်း ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟု ဆိုအပ်သော နာမ်ခန္ဓာလေးပါးတို့ အစုံစုံ ယှဉ်၍ ဖြစ်ကြကုန်၏။

ဤသို့ဖြစ်ကြရာတွင် တစ်ပါးပါးကို သိရှိပြောဆိုကြပါမူ ကြွင်းသုံးပါးတို့ မထင်ရှားသော်လည်း ယှဉ်တွဲ၍သာ ပါရှိနေသောကြောင့် သမ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးကိုပင် သိရှိပြောဆိုသည် မည်၏။

ထိုမှတစ်ပါး နားဖြင့် ကြားသိလုံး၊ နှာခေါင်းဖြင့် နံသိလုံး၊ လျှာဖြင့် စားသိလုံး၊ ကိုယ်ဖြင့် တွေ့သိလုံး၊ မနောဖြင့် ကြံသိလုံးဟု ဆိုအပ်သော ငါးဝိညာဉ်တို့ကို သိရှိရာတို့၌လည်း ထိုဝိညာဉ်နှင့်ယှဉ်သော အသံကို မှတ်လုံး၊ အနံ့ကို မှတ်လုံး၊ အရသာကို မှတ်လုံး၊ အတွေ့ကို မှတ်လုံး ထိုထိုသဘောကို မှတ်လုံး သညာငါးမျိုး တို့ကို သိရှိရာ တို့၌လည်းကောင်း ထိုဝိညာဉ်တို့နှင့်ယှဉ်သော စေ့ဆော် ကြောင့်ကြမှု သင်္ခါရငါးမျိုး တို့ကို သိရှိရာတို့၌လည်းကောင်း၊ မသိနာမ်ခန္ဓာ တို့လည်း အတွဲလိုက်ပါပြီးသား ဖြစ်သောကြောင့် သိရှိသောခန္ဓာ တစ်ပါးပါးကို ပြောဆိုက သမ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီး ကိုပင် သိရှိပြောဆိုသည် မည်၏။

ဤခြောက်ဒွါရနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်နေကြသော နာမ်ခန္ဓာ သမ္ပယုတ္တပစ္စည်းပဋ္ဌာန်းကြီးတို့ကို အလွယ်နှင့် သိစေလို၍ ဤပဋ္ဌာန်းဆောင်ပုဒ်၌ မြင်သမျှနှင့် စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော နာမ်တရားတို့သည် သမ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန် တရားတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါ သတည်း။

ဤရှေ့ကပြခဲ့သော သတ္တဝါတိုင်းတို့မှာ မျက်စိပေါက် စသည်နှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်နေဆဲ အခါထဲတို့၌ တစ်ခုခုကို သိရှိနေကြသော ဝိညာဉ်

WWW.DHAMMARANSI.COM



တို့သည်လည်း သမ္မယုတ္တပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ့။ တစ်ခုခုကို ခံစားနေကြသော ဝေဒနာတို့သည်လည်း သမ္မယုတ္တပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ့။ တစ်ခုခုကို မှတ်နေကြသော သညာတို့သည်လည်း သမ္မယုတ္တပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ့။ တစ်ခုခုကို စေ့ဆော်ကြောင့်ကြ ပြုလုပ်နေကြသော စေတနာသင်္ခါရတို့လည်း သမ္မယုတ္တပစ္စည်း ပဋ္ဌာန်းကြီးပဲကွဲ့ဟု မိမိတို့ဘာသာ စကားတို့ဖြင့် ပြောကြားက မည်သူမဆို သိကြား နားလည်ကြသော်လည်း ရွှေငွေ စစ်,မစစ်ကို သိမြင်အောင် မှတ်တင်၍ ပြသကဲ့သို့ သမ္မယုတ္တပစ္စည်းများ ဘုရားဟော စစ်,မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**သမ္ပယုတ္တပစ္စယောတိ စတ္တာရောခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော** ဟု ဟောတော်မူသော ပါဠိတော်အရဖြင့် မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော သမ္ပယုတ္တပစ္စည်း လက်တွေ့ ပဋ္ဌာန်းတရားကြီးကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ဉာဏ်အငယ်စားတို့ပင် နားလည်ချင်အောင် အကျဉ်းမျှ ပြချက်ပါတည်း။

ဤသမ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည် အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော သမ္ပယုတ္တပစ္စည်း လက်တွေ့ ပဋ္ဌာန်းကြီးတို့ကို ပါဠိတော် အရနှင့် ညှိနှိုင်း၍ပြချက် ပြီး၏။

❖

## ၂၄။ ဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးအရကို မေးဖြေပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော ဝိပ္ပယုတ္တပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင်အလွယ်နှင့်နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

WWW.DHAMMARANSI.COM



ဖြေ။ ။ အမောင်တို့ အမိတို့။ ဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမဟုတ်။ ဝိပ္ပယုတ္တပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ရုပ်နာမ်နှစ်ပါးတို့ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြု တတ်သော တရားဟု ပြအပ်ပါသည့်အတိုင်း တကွဖြစ်ပြီး ကျေးဇူးပြုသည့် သဟဇာတဝိပ္ပယုတ်၊ ရှေးကဖြစ်ပြီး ကျေးဇူးပြုသည့် ပုရေဇာတဝိပ္ပယုတ်၊ နောက်မှ ဖြစ်ပြီး ကျေးဇူးပြုသည့် ပစ္ဆာဇာတဝိပ္ပယုတ် အားဖြင့် သုံးမျိုးသုံးစားရှိရာတွင် သဟဇာတဝိပ္ပယုတ် ဆိုသည်ကား အခြားမဟုတ်။ အမောင် သင်သည် မိမိ အလိုရှိသော အမှုကိစ္စကို ပြုလုပ်လိုသော စိတ်ရှိ၍ ပြုလုပ်နေသော မိမိကိုယ်ကို သိရှိ၏လောဟု မေးမူ။ မိမိပြုလုပ်လိုသော စိတ်ရှိ၍ ပြုလုပ်နေသော ကိုယ့်ကိုယ် ကိုတော့ သိမှာပေါ့ ဟု ဖြေဆိုပေလိမ့်မည်။

ဤသို့ဖြေဆိုခြင်းကား အခြားမဟုတ် ပြုလုပ်လိုသော စိတ်စေတသိက်က တကွ ပြုလုပ်နေကြသော တစ်ကိုယ်လုံးရှိ စိတ္တဇရုပ်တို့အား တကွလည်းဖြစ် ယှဉ်လည်း မယှဉ်စပ်ဘဲ ကျေးဇူးပြုနေသော သဟဇာတဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်း ကြီးကို သိရှိခြင်း ဖြေဆိုခြင်းမည်၏။

ထိုမှတစ်ပါး ပြောဆိုနေသော စိတ်စေတသိက် တို့ကြောင့် ပြောဆိုမှု နှုတ် အမှုအရာ စိတ္တဇရုပ်တို့ဖြစ်နေကြခြင်း၊ ကြံစည်နေကြသော စိတ်စေတသိက် တို့ကြောင့် ကြံစည်ရာ၌ ဖြစ်နေကြသော စိတ္တဇရုပ်တို့မှာလည်း ထိုနာမ်တရား တို့က တကွလည်းဖြစ် ယှဉ်လည်းမယှဉ်စပ်ဘဲ ကျေးဇူးပြုနေကြသော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီး အစစ် ဖြစ်ကြကုန်၏။

ထိုမှတစ်ပါး ပဋိသန္ဓေအခါ ပဋိသန္ဓေ နာမ်ခန္ဓာတို့က ကမ္မဇရုပ် တို့အား ထိုကမ္မဇရုပ် ထဲမှာပါသည့် ဟဒယဝတ္ထုရုပ်ကလည်း ပဋိသန္ဓေ နာမ်ခန္ဓာတို့အား အပြန်အလှန် ဝိပ္ပယုတ္တဖြင့် ကျေးဇူးပြုကြကုန်၏ဟု သိကြပါလေ။

(တစ်နည်း) အမောင် သင့်မှာ ရှေ့အဖို့က မျက်စိရှိနေလို့သာ ထိုထိုအဆင်း တို့ကို မြင်ကြရသည်တို့ကို သိ၏လောဟု မေးမူ။ ကိုယ့်မျက်စိ ရှိနေ၍သာ ကိုယ် မြင်မြင် နေရတာတို့ကိုတော့ သိမှာပေါ့ဟု ဖြေဆိုကြပေလိမ့်မည်။

ဤသို့ဖြေဆိုခြင်းကား အခြားမဟုတ် မိမိတို့ မျက်စိ အကြည်ရုပ်က ရှေ့

WWW.DHAMMARANSI.COM



ဖြစ်ကြပြီး ယှဉ်လည်းမယှဉ်စပ်ဘဲ မြင်သိနာမ်တရားတို့ကို ကျေးဇူးပြုနေသော ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးကို သိရှိခြင်း ဖြေဆိုခြင်းမည်၏။

ထိုမှတစ်ပါး မိမိတို့ ကြားကြားနေရသမျှ၊ နံနံနေရသမျှ၊ စားစားနေရသမျှ၊ တွေ့တွေ့နေရသမျှ နာမ်တရားတို့ကိုလည်း ရှေ့ဖြစ်ကြသော နားအကြည်ရုပ်၊ နှာခေါင်း အကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ်တို့က ဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးနှင့် ရှေ့ဖြစ်ကြပြီး ယှဉ်လည်းမယှဉ်စပ်ဘဲ ကျေးဇူးပြုနေကြသော ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း ပဋ္ဌာန်း ကြီး အစစ်တို့ ဖြစ်ကြကုန်၏ဟု သိကြပါလေ။

(တစ်နည်း) အမောင် သင် ပဋိသန္ဓေကစ၍ ဖြစ်ပေါ်လာသော ရုပ်ကိုယ် ကောင်ကြီးတစ်ခုလုံးတို့ မပျက်စီးကြခြင်းကား နောက်မှ အသစ်အသစ် ဖြစ်ပေါ် လာကြသော နာမ် အသက်ဝိညာဉ်တွေ ရှိနေ၍သာ ဤကိုယ်ကောင်ကြီးတို့ မပျက်စီးကြတာကို သိပါ၏လောဟု မေးမူ။ အသစ်အသစ် ဖြစ်ပေါ် လာသော နာမ် အသက်ဝိညာဉ်တွေ ရှိနေ၍သာ ဤကိုယ်ကောင်ကြီး မပျက်စီးဘဲ တည်နေနိုင်ကြ သည်ကိုတော့ သိမှာပေ့ါ နာမ် အသက်ဝိညာဉ် မရှိက ပုပ်ပွ ပျက်စီးခြင်းတို့ ကေန် မုချ ဖြစ်မှာပေ့ါဟု ဖြေဆိုကြ ပေလိမ့်မည်။

ဤသို့ ဖြေဆိုခြင်းကား အခြားမဟုတ် မိမိတို့ တစ်ကိုယ်လုံးရှိ ရှေ့အဖို့က ဖြစ်လာကြသော ရုပ်တို့ကို နောက်မှဖြစ်ပေါ်လာသော နာမ်တရားတို့က နောက်မှ လည်းဖြစ် ယှဉ်လည်းမယှဉ်စပ်ဘဲ ကျေးဇူးပြုနေကြသော ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စည်း ပဋ္ဌာန်းကြီးကို သိရှိခြင်း ဖြေဆိုခြင်း မည်၏ဟု သိကြပါလေ။

ဤရှေ့ကပြခဲ့သော နာမ်တို့က ရုပ်တို့အား ရုပ်တို့ကလည်း နာမ်တို့အား ခြောက် ဒွါရနှင့်စပ်၍ ဝိပ္ပယုတ္တသတ္တိ သုံးမျိုးတို့ဖြင့် ကျေးဇူးပြုနေကြသည်တို့ကို အလွယ်နှင့် သိစေလို၍ ဤပဋ္ဌာန်းဆောင်ပုဒ်ဩ။

မျက်စိနှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ရုပ်နာမ်တို့သည် ဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန် သုံးမျိုးတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤရှေ့ကပြခဲ့ပြီးသော သတ္တဝါတိုင်းတို့မှာ ပြုလုပ်လိုသောစိတ်ကြောင့် ပြုလုပ် နေကြသော ရုပ်တစ်ကောင်လုံးကြီးတို့ ဖြစ်ကြကုန်၏။ ပြောလိုသောစိတ် ကြံလိုသော စိတ်တို့ကြောင့် ပြောနေသောရုပ် ကြံနေရာပါသောရုပ် တစ်ကောင် လုံးကြီးတို့ ဖြစ်ကြကုန်၏ဟု ပြောပြက နားလည်ကြမှာချည်း ဖြစ်ကြကုန်၏။

WWW.DHAMMARANSI.COM



(တစ်နည်း)ရှေ့အဖို့က မျက်စိ နား စသည်တို့ ရှိကြ၍သာ မြင်ခြင်း ကြားခြင်း စသည်တို့ ဖြစ်ကြကုန်၏ ဟူ၍လည်းကောင်း၊ နာမ်အသက်ဝိညာဉ်တို့ရှိ၍သာ ရုပ်တစ်ကောင်လုံးကြီးတို့ မပျက်စီးဘဲ တည်ရှိနိုင်သည် ဟူ၍လည်းကောင်း မိမိတို့ဘာသာစကားနှင့် အကြောင်းအကျိုးများ ဝိပ္ပယုတ္တပစ္စည်းတရားကို ပြောကမည်သူ မဆို သိနားလည်ကြသော်လည်း ရွှေငွေ စစ်.မစစ်ကို ပါဠိတော်အရ မှတ်တင်၍ ပြရမှာကား။

**ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော** စသည်ဖြင့် ဟောတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် ဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်ကို မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါအလုံးစုံ တို့နှင့်ဆိုင်သော ဝိပ္ပယုတ္တပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော်အရ ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤဝိပ္ပယုတ္တပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည် ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော ဝိပ္ပယုတ္တပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိ အရနှင့် ညှိနှိုင်း၍ပြချက် ပြီး၏။

❖

## ၂၅။ အတ္ထိပစ္စည်းနှင့် နတ္ထိပစ္စည်း ပဋ္ဌာန်းကြီးတို့အရကို မေးဖြေပြချက်။

**မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော အတ္ထိပစ္စည်း လက်တွေ့ပဋ္ဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင် အလွယ်နှင့်နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။**

ဖြေ။ ။ အမောင်တို့အမိတို့၊ အတ္ထိပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြား မင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်။ အတ္ထိပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ရုပ်နာမ်တရားတို့ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဟု ပြအပ်ပါသည့်အတိုင်း သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊

WWW.DHAMMARANSI.COM



ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ အားဖြင့် ငါးမျိုးငါးစား ရှိနေရာတွင် သဟဇာတတ္ထိ ပဋ္ဌာန်းတရားကြီးအရတို့ကို ရှေ့သဟဇာတပစ္စည်းက ပါဠိတော်နှင့်တကွ သဘာဝတို့ကို အလွယ်နှင့်သိရအောင် အကျယ်ပြခဲ့သည့် အတိုင်း တကွလည်းဖြစ် ပစ္စုပ္ပန်အနေနှင့် ထင်ရှားလည်းရှိ၍ ကျေးဇူးပြုကြသည်ကိုသာ ထူးခြား၍ သိကြပါလေ။

ထိုမှတစ်ပါး ပုရေဇာတတ္ထိ ပဋ္ဌာန်းကြီးအရတို့ကိုလည်း ရှေ့ပုရေဇာတ ပစ္စည်းက ပါဠိတော်နှင့်တကွ သဘာဝကို အလွယ်နှင့်သိအောင် အကျယ် ပြခဲ့သည့်အတိုင်း ရှေ့ကလည်းဖြစ် ပစ္စုပ္ပန်အနေနှင့် ထင်ရှားလည်းရှိ၍ ကျေးဇူးပြု ကြသည်ကိုသာ ထူးခြား၍ သိကြပါလေ။

ထိုမှတစ်ပါး ပစ္ဆာဇာတတ္ထိ ပဋ္ဌာန်းကြီးအရကိုလည်း ရှေ့ပစ္ဆာဇာတပစ္စည်းက ပါဠိတော်နှင့်တကွ သဘာဝတို့ကို အလွယ်နှင့်သိရအောင် အကျယ်ပြခဲ့သည့် အတိုင်း နောက်မှလည်းဖြစ် ပစ္စုပ္ပန်အနေနှင့် ထင်ရှားလည်းရှိ၍ ကျေးဇူးပြုကြ သည်ကိုသာ ထူးခြား၍ သိကြပါလေ။

ထိုမှတစ်ပါး ရုပ်အာဟာရတ္ထိ ပဋ္ဌာန်းကြီးအရတို့ကိုလည်း ရှေ့အာဟာရ ပစ္စည်းက ရုပ်အာဟာရမှာ ပါဠိနှင့်တကွ သဘာဝတို့ကို အလွယ်နှင့်သိရအောင် အကျယ်ပြခဲ့သည့်အတိုင်းရုပ်အာဟာရလည်းဖြစ်ပစ္စုပ္ပန်အနေနှင့်ထင်ရှားလည်း ရှိ၍ ကျေးဇူးပြု ကြသည်ကိုသာ ထူးခြား၍ သိကြပါလေ။

ထိုမှတစ်ပါး ရူပဇီဝိတိန္ဒြိယတ္ထိ ပဋ္ဌာန်းကြီးအရကိုလည်း ရှေ့ဣန္ဒြိယ ပစ္စည်းက ရူပဇီဝိတိန္ဒြိယမှာ ပါဠိနှင့်တကွ သဘာဝတို့ကို အလွယ်နှင့်သိရအောင် အကျယ်ပြခဲ့သည့်အတိုင်း ရူပဇီဝိတိန္ဒြိယလည်းဖြစ် ပစ္စုပ္ပန်အနေနှင့် ထင်ရှား လည်းရှိ၍ ကျေးဇူးပြုကြသည်ကိုသာ ထူးခြား၍ သိကြပါလေ။

ဤရှေ့က ညွှန်ကြားသည့်အတိုင်း အတ္ထိပစ္စည်း ငါးမျိုးတို့ကို ဖြေကြား ပြောဆိုပြီးမှ သီတံဆောင်ပုဒ်ကိုလည်း ရုပ်နာမ်တရားတို့အတွင်းသို့ဉာဏ်သွင်း၍ သိကြား နားလည်ကြစေခြင်း အကျိုးငှာ ဤပဋ္ဌာန်းဆောင်ပုဒ်၌။

မျက်စိနှင့် စပ်.မစပ်သော ပြုလုပ် ပြောဆို ကြံစည်သမျှ ရုပ်နာမ်တို့သည် အတ္ထိပစ္စည်း ပစ္စယုပ္ပန် ငါးမျိုးတို့သာတည်း စသည်ဖြင့် ရေးပြအပ်ပါသတည်း။

WWW.DHAMMARANSI.COM



ဤဆောင်ပုဒ်တို့ဝယ် (စပ်)ဆိုသည်ကား စက္ခုဒွါရနှင့် စပ်သော သဟဇာတတ္တိ ပုရေဇာတတ္တိ နှစ်မျိုးကို သိစေလို၍ ပြဆိုအပ်၏။ (မစပ်) စက္ခုဒွါရနှင့် မစပ်ဘဲလည်း ပစ္ဆာဇာတတ္တိ၊ ရုပ်အာဟာရတ္တိ၊ ရူပဇီဝိတိန္ဒြိယတ္တိ သုံးမျိုးတို့ကို သိစေလို၍ပြဆို အပ်၏ဟု သိကြပါလေ ပညာရှိ သဘောဖြူတွေတို့။

❖

## ၂၆။ နတ္ထိပစ္စည်း ပဌာန်းတရားကြီးအရကို မေးဖြေပြချက်။

မေး။ ။ ရှေ့ကပြခဲ့သော ရုပ်တရား နာမ်တရား အစားစားတို့၏ အတွင်းသို့ သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော နတ္ထိပစ္စည်း လက်တွေ့ပဌာန်း တရားကြီးကို သွင်း၍ဉာဏ်အငယ်စားတို့ပင်အလွယ်နှင့်နားလည်ချင် လောက်အောင် အဘယ်သို့ ဟောပြမည်နည်း။

ဖြေ။ ။ အမောင်တို့အမိတို့၊ နတ္ထိပစ္စည်း ပဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြား မင်းခေါင်ဖြစ်၍ မသိမမြင်နိုင်သော တရားမျိုးမဟုတ်။ နတ္ထိပစ္စယော ဟူသော ပါဠိတော်၏အနက်မှာ ရှေ့နောက် နာမ်အစဉ်တို့ မရှိသည့်နောက်မှ ကျေးဇူးပြု ကြသော တရားလည်းကောင်း (ဝါ) ချုပ်ပျောက်ပြန်လည်း နောက်နာမ်ဖြစ်ရေး အခွင့်ပေး၍ ကျေးဇူးပြု ကြသောတရားဟု ပြအပ်ပါသည့်အတိုင်း သတ္တဝါတိုင်း ဘို့မှာ မြင်သိနာမ်အစဉ် ကြားသိနာမ်အစဉ် စသည်တို့ ဖြစ်နေကြရာဟွင် အမောင်တို့ တစ်စုံတစ်ခုသော အရုပ်ကို ကြည့်လိုက်သည်ရှိသော် မြင်သိလုံး နာမ်အစဉ်တို့ အဆက်ဆက် အမျိုးမျိုးတို့ကို မြင်သွားကြသည်ကို သိ၏လောဟု မေးမူ။ တစ်သီတတန်းကြီး ကိုယ်တိုင် မြင်မြင်သွားသည်ကိုတော့ သိမှာပေါ့ဟု ဖြေဆိုကြပေလိမ့်မည်။

ဤသို့ ဖြေဆိုခြင်းကား အခြားမဟုတ် မြင်သိလုံးတို့သည် စိတ်တစ်ကြိမ် ဘစ်ကြိမ်တည်း မဟုတ်ဘဲ စိတ်အဆက်ဆက် တစ်ခုမြင်ပြီးမှတစ်ခု မြင်ကြ သည်ကို ရှေးဝီထိသန္တတိပျက် မရှိချက်နှင့် ကျေးဇူးပြုမှ နောင်မြင်သိ အဆက်ဆက်တို့ ဖြစ်ပေါ်နိုင်ကြသည်ကို သိရှိခြင်း ဖြေဆိုခြင်းမည်၏။

WWW.DHAMMARANSI.COM



ဤအလွန်လျင်မြန်သော ဝီထိသန္တတိပျက် ရှိ,မရှိ လိုက်ချက်ကို သိအောင် ပြောပြီးမှ ဤတစ်ကြိမ် မြင်လိုက်သည့်အထဲမှာပင် နာမ်စိတ်အစဉ်တို့ အများကြီး ပါဝင်ကြပြီးလျှင် ရှေ့စိတ်အစဉ်တို့က ချုပ်၍ချုပ်၍ (ဝါ) မရှိ၍မရှိ၍ ကျေးဇူးပြုမှသာ နောက် စိတ်အစဉ်တို့ ဖြစ်ပေါ်လာနိုင်သည်ကို (ဥပမာဆိုသော်)။

တစ်ခုသောတိုင်းပြည်၌ ဘုရင်မင်းမြတ် အဆက်ဆက်တို့ စိုးစံကြရာတွင် ရှေ့ဘုရင်မင်းမြတ်က မရှိသောအားဖြင့် ကျေးဇူးပြုမှသာလျှင် နောက်မင်းမြတ်တို့ ဖြစ်ပေါ် စိုးစံရခြင်း အမျိုးမျိုးရရှိသည့်အတူ နာမ်အစဉ်တို့မည်သည် တစ်ခုပြီးမှ တစ်ခု ဖြစ်ပေါ် နိုင်ကြသောကြောင့် ရှေ့ဖြစ်ပြီးသောနာမ်က မရှိသောအားဖြင့် ကျေးဇူးပြုမှသာ နောက်နောက် နာမ်တို့ ဖြစ်ပေါ်လာကြခြင်း အကျိုးအမျိုးမျိုး ဖြစ်နိုင်သည်တို့ကို စပ်ဟပ်၍ သိကြပါလေ။

ဤမြင်သိတို့မှာ စိတ်တစ်ကြိမ်တည်း မဖြစ်ကြဘဲ စိတ်အဆက်ဆက်တို့ ဖြစ်ပျက်၍ နတ္ထိပစ္စည်း ပဌာန်းကြီးနှင့် ကျေးဇူးပြုနေသည့်အတူ မြင်သိ အဆက်ဆက်နှင့် စပ်၍ ပြုလုပ် ပြောဆို ကြံစည်နေကြသော နာမ်အစဉ် တို့သည်လည်း နတ္ထိပစ္စည်း ပဌာန်းကြီးနှင့်သာ ဖြစ်ပျက်၍ နေကြသည်ကို သိကြပါလေ။

ဤမြင်သိပေါက်အတူ ကြားသိ၊ နံသိ၊ စားသိ၊ တွေ့သိ၊ ကြံသိပေါက် တို့နှင့်စပ်၍ ပြုလုပ် ပြောဆို ကြံစည်အပ်သော ရှေ့နောက်နာမ်အစဉ်တို့မှာလည်း နတ္ထိပစ္စည်း ပဌာန်းကြီးတို့နှင့်သာ ဖြစ်ပျက်နေကြသည်ကို သိစေလို၍ ပြုလုပ် ပြောဆို ကြံစည် သမျှသော ရှေ့နောက်နာမ်အစဉ်တို့သည် နတ္ထိပစ္စည်း ပစ္စယုပ္ပန် တို့သာတည်းဟု စသည်ဖြင့် ရေးပြအပ်ပါသတည်း။

ဤရှေ့ကပြခဲ့သော မြင်သိစသည်နှင့်စပ်၍ ရှေ့နောက် သိလုံး နာမ်အစဉ် တို့သည် နတ္ထိပစ္စည်း ပဌာန်းကြီးတို့ အစစ် သတ္တာဝါတိုင်းတို့မှာ ဖြစ်နေကြပါသည် ဟု မိမိတို့ ဘာသာစကားနှင့် ပြောကြား၍ သိရသော်လည်း ရွှေငွေ စစ်,မစစ်ကို သိမြင်အောင် မှတ်တင်၍ ပြသကဲ့သို့ နတ္ထိပစ္စည်းများ စစ်,မစစ်ကို သိမြင်အောင် ဘုရားဟောအရ မှတ်တင်၍ ပြရမှာကား။

WWW.DHAMMARANSI.COM



နတ္ထိပစ္စယောတိ သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာဓမ္မာ ပဋ္ဌုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယောဟု ဟောတော်မူသော ပဋ္ဌာန်းပါဠိတော်အရဖြင့် မှတ်တင်၍ သိကြပါလေ။

ဤကား သတ္တဝါအလုံးစုံ ဘုံဆိုင်ဖြစ်သော နတ္ထိပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော်အရနှင့် ညှိနှိုင်း၍ ပြချက်ပါတည်း။

ဤနတ္ထိပစ္စည်း ပဋ္ဌာန်းကြီးသည် ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည်ဖြစ်စေ သတ္တဝါတိုင်းတို့မှာ ထိုက်သည်အားလျော်စွာ ထင်ရှားရှိနေကြသောကြောင့် သတ္တဝါ အလုံးစုံ ဘုံဆိုင်ဖြစ်သော နတ္ထိပစ္စည်း လက်တွေ့ပဋ္ဌာန်းတရားကြီးတို့ကို ပါဠိတော် အရနှင့် ညှိနှိုင်း၍ပြချက် ပြီး၏။

ဝိဂတ အဝိဂတ ပစ္စည်းတို့အရကို ပြကြရန်မှာကား။ ထူးခြား၍ ပြရန်မလို ဝိဂတ ပစ္စည်းကား နတ္ထိပစ္စည်းနှင့် အလုံးစုံတူပုံကို ပြဆိုရမူ နတ္ထိပစ္စည်းက မရှိခြင်းသဘောနှင့် ဝိဂတပစ္စည်းက ကင်းခြင်းသဘောတို့ ဘာတစ်ခုမျှမထူးခြားကြကုန်။ ဆောင်ပုဒ် အဓိပ္ပာယ် အသွယ်သွယ်တို့ နတ္ထိပစ္စည်းအတိုင်း သိမှတ် ပြောဆိုကြပါလေ။

အဝိဂတပစ္စည်းကား အတ္ထိပစ္စည်းနှင့် အလုံးစုံတူပုံကို ပြဆိုရမူ အတ္ထိပစ္စည်းက ရှိခြင်းသဘောနှင့် အဝိဂတပစ္စည်းက မကင်းခြင်းသဘောတို့ ဘာတစ်ခုမျှ မထူးခြားကြကုန်။ ဆောင်ပုဒ်အဓိပ္ပာယ် အသွယ်သွယ်တို့ အတ္ထိပစ္စည်းအတိုင်း သိမှတ် ပြောဟောကြပါလေ။

ဤဟေတုပစ္စည်းအစ အဝိဂတပစ္စည်းကျအောင် ၂၄ - ပစ္စည်းတို့ကို အသီးအသီး ရှေ့ကပြအပ်ခဲ့သည်ကား အခြားမဟုတ် ထိုရှေ့ကရေးပြခဲ့သော ၂၄ - ပစ္စည်း ဆောင်ပုဒ်အဆုံးတွင် ဉာဏ်အငယ်စားတို့ပင် နားမလည်ချင်တယ်လို့ မနေရအောင် ပြအပ်ခဲ့သည့် ခြောက်ဒွါရနှင့် စပ်သော (ဝါ) အပေါက်ကြီး ခြောက်ပေါက်နှင့်စပ်သော ရုပ်တရားခြောက်မျိုး၊ နာမ်တရားခြောက်စားတို့မှာ ဟောလိုသောပစ္စည်းတို့ကို အသီးအသီး သွင်း၍ အကျဉ်းမျှပြခြင်း ဖြစ်သည်။ အကျယ်မူကား ငါတို့ရေးပြအပ်သော ပဋ္ဌာန်းဝိပဿနာကျမ်းမှာ ကြည့်ကြပါလေ။ အလွယ်နှင့် သိလိုသူတစ်တွေတို့။

❖

WWW.DHAMMARANSI.COM



## ၂၇။ ပဋ္ဌာန်းတရား ဝိပဿနာများကို အကျဉ်းမျှ ပြချက်။

ဤရှေ့က ပြခဲ့ပြီးသော (၂၄) ပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ကို သိရှိနားလည်သူ ပညာရှိ သဘောဖြူ မှန်သမျှတို့၏ ရောက်ရှိ ရရှိနေသော မြင့်မြတ်သည့် အဆင့်အတန်း အခြေအနေကို ဥပမာအရနှင့် ပြဆိုရမူ စကြာမင်းဖြစ်ရန် ရှေ့ကကံပါပြီးသောသူကို စကြာမင်းလောင်းဟု ဆိုရဘိသကဲ့သို့ မိဘဘိုးဘွားတို့၏ အတိုင်းမသိ များပြားဘိသော ရွှေငွေရတနာ မြှုပ်နှံထားသည်များကို လည်းကောင်း။

နေရာဌာနနှင့် တူးယူပိုင်ခွင့်လက်မှတ် ရထားပြီးသူကို တူးဖော်၍ မယူသေးသော်လည်း သူဌေးလောင်းဟု ဆိုရဘိသကဲ့သို့လည်းကောင်း။

မိမိအတွင်း သူတစ်ပါးအတွင်း ထိုထို လောကဓာတ်ကြီး အတွင်းတို့မှာ တင်းကြမ်းပြည့် ရှိနေကြပါသော နိဗ္ဗာန်ပေါက်ဓာတ်တရား၊ ပရမတ်တရား၊ ပဋ္ဌာန်း ဝိပဿနာတရား အစားစားတို့ကို ရှေ့က အကျဉ်းချုပ်နည်းအားဖြင့် ပြခဲ့သည် အားလျော်စွာ ကိုယ်ပိုင်ဉာဏ်နှင့် သိရှိသူမှန်သမျှတို့ ကျင့်ကြံအားထုတ်၍ မယူသေးသော်လည်း စကြာမင်းလောင်း၊ သူဌေးမင်းလောင်းတို့ထက်မက အဆင့်အတန်း မြင့်မြတ်လှသော အရိယာအလောင်း၊ သာဝကအလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်း၊ ဘုရားအလောင်းကြီးတို့ အစစ် ဖြစ်နေကြကုန်၏ဟု ဆိုသင့် ဆိုထိုက်လှပေ၏။

(အကြောင်းမူကား) ဤပဋ္ဌာန်း ဝိပဿနာတရား အစစ်ကြီးများတို့မှာ မိမိတို့အတွင်း သူတစ်ပါးအတွင်း ထိုသို့ လောကဓာတ်ကြီး အတွင်းတို့မှာ တင်းကြမ်းပြည့် တည်ရှိနေကြသည်တို့ကို သိရှိသည် အားလျော်စွာ မိမိလိုလားသော ဆုကြီးများအတိုင်း ပြည့်စုံအောင် ကြံဆောင် အားထုတ်ကြပါမူ ဤဘဝတွင်ပင် ရနိုင်သော ပါရမီအခြေနှင့် ရလောက်သောအလုပ်ကို အားထုတ်ကြမူ ပကတိ သာဝက အဖြစ်သို့ရောက်နိုင်ကြ၏။ တစ်ခုခုက ချို့တဲ့၍ ယခုဘဝမှ မရစေကာမူ လိုလားသော ပါရမီဆုများ အမြန်ရရှိရန် ရင့်သန်သွားနိုင်ကြသောကြောင့် အရိယာအလောင်း စသော အလောင်းကြီးများ အစစ်ဖြစ်ကြကုန်၏ဟု ဆိုအပ်ပါသတည်း။

ရှေ့က အကျဉ်းချုပ်နည်းအားဖြင့် သိရှိကြရန် ထုတ်ပြန်ရေးသားခဲ့သော ပဋ္ဌာန်း (၂၄)ပစ္စည်း အကြောင်းအကျိုးတရားကြီးတို့ကို သိရှိနားလည်ကြအောင်

WWW.DHAMMARANSI.COM



သင်ကြား အားထုတ်ကြခြင်းကား ပရိယတ္တိနယ်ကသာ ရှိသေး၏။ ၎င်းပရိယတ္တိနယ်မှ ကျင့်ကြံ အားထုတ်ရသော ပဋိပတ်နယ်သို့တိုးတက် အားထုတ်သွားမှသာလျှင် အရိယာစသည့် အစစ် ဘဝသို့ရောက်ရသည့် မဂ်ဖိုလ်တည်းဟူသော ပဋိဝေဓနယ်သို့ရောက်ရ၏။

ဤသို့အဆင့်ဆင့် တိုးတက်ယူရသည့်အတိုင်း ရှေ့အဖို့က သိရှိကြသော ပရိယတ်နယ်မှ အဆင့်ဆင့် ကျင့်ကြံ အားထုတ်ရသော ပဋိပတ်နယ်သို့ ကူးတက်လိုပါမူ ၎င်းအကြောင်းအကျိုးများ ပဋ္ဌာန်းတရားတို့ကိုပင် ဝိပဿနာ ရှုဆင်ခြင်ရာ၏။ ဆင်ခြင်ရပုံကို ဥပမာဆိုသော် မီးတောက်ကြောင့် မီးရောင်ပေါ်ရှိရာ၌ မီးတောက် အကြောင်းဖြစ်လျှင် အခြားက မလာရဘဲ ထိုထိုနေရာတွင်သာ ဘွားခနဲ မီးရောင် အကျိုးဖြစ်သည်ကိုလည်း သိသကဲ့သို့လည်းကောင်း။

(တစ်နည်း) မီးတောက် အကြောင်းချုပ်လျှင် အခြားအရပ်သို့မသွားဘဲ ထိုထို နေရာတွင်သာ ဖျပ်ခနဲ မီးရောင် အကျိုးချုပ်ပျောက်သည်ကိုလည်း သိရသကဲ့သို့လည်းကောင်းတည်း။ ဤကား အကြောင်းကို အရင်းထား၍ ဖြစ်ပျက်သည်ကို သိရပုံ ဥပမာဖြစ်သည်။

(တစ်နည်း) အကျိုးဘက်ကကြည့်မူ မီးရောင် အကျိုး ဖြစ်ပေါ်လျှင် မီးတောက် အကြောင်းဖြစ်၏။ (တစ်နည်း) မီးရောင် အကျိုး ပျောက်လျှင် မီးတောက် အကြောင်း ပျောက်၏။ ဟု အကျိုးကို အရင်းထား၍ ဖြစ်ပျက်သည်ကို သိရသကဲ့သို့ လည်းကောင်း။

ပဋ္ဌာန်းတရား အစားစား တို့မှာလည်း အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏။ အကြောင်းချုပ်လျှင် အကျိုးချုပ်၏ ဟူ၍လည်းကောင်း။ (တစ်နည်း) အကျိုးဖြစ်လျှင်အကြောင်းဖြစ်၏။ အကျိုးချုပ်လျှင် အကြောင်းချုပ်၏ဟူ၍လည်းကောင်း သိရှိရာ၏။

ဤသို့သိရှိရာ၌ အကျိုးတရား အကြောင်းတရားတို့၏ ပျက်ချက်အနိစ္စကို ရှုရှု သွားကြပါမူ အနိစ္စ ဝိပဿနာတရားကို ပွားများသည် မည်၏။

(ပွားများရပုံကား) လိုချင်သည့်လောဘ ပဋ္ဌာန်းအကြောင်း အဆင့်ဆင့်ကြောင့် ကိုယ်ဖြင့် ပြုလုပ်နေကြရသည့် အကျိုးအဆင့်ဆင့်တို့ကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိကြပြီးနောက် အကြောင်းလောဘနှင့်တကွသော အကျိုးရုပ်၊ နာမ်ခန္ဓာတို့ အသစ် အသစ် ပြောင်းလျှင် လောဘနှင့်တကွ ပြုလုပ်အားထုတ်

WWW.DHAMMARANSI.COM



နေကြသည့် ထိုထို ရုပ်၊ နာမ်၊ ခန္ဓာ၊ အမူအရာ အဟောင်းအဟောင်း ပဋ္ဌာန်းတရားပေါင်းတို့ ပျောက်ပျောက် ပျက်ပျက် မရှိမရှိ လိုက်နေချက် အနိစ္စတို့ကို ရှုမြင် သိရှိနိုင်ကြကုန်ရာ၏။ (ဝါ) သိရှိအောင် မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ။

ဤလောဘ ဟေတုပစ္စည်း ပဋ္ဌာန်း အကြောင်းအကျိုး တရားကြီးတို့အတွက် ကိုယ်အမူအရာနှင့် ဖြစ်ပျက်နေသည့် အနိစ္စအချက်ကို ရှုကြည့်နိုင်ပါမှု ဤလောဘကို အကြောင်းခံ၍ နှုတ်အမူအရာနှင့် ပြောဆို ဖြစ်ပျက်နေကြသည့် အနိစ္စအချက်ကိုလည်းကောင်း၊ စိတ်သက်သက် အမူအရာနှင့် တွေးတော ကြံစည်မှု ဖြစ်ပျက်နေကြသည့် အနိစ္စအချက်တို့ကိုလည်းကောင်း၊ ရှုကြည့် ထင်မြင်နိုင်ကြကုန်ရာ၏ (ဝါ) ထင်မြင်နိုင်အောင် မကြာ မကြာ အခါခါ ရှုကြည့်ကြပါလေ။

ဤလောဘဟိတ်အတူ ဒေါသကို အကြောင်းရင်းခံ၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော ဒေါသပဋ္ဌာန်း အကြောင်းအကျိုးတို့၏ အနိစ္စ အချက်ကို လည်းကောင်း၊ မသိမလိမ္မာသော မောဟကို အကြောင်းရင်းခံ၍ ပြုလုပ် ပြောဆို ကြံစည်သမျှသော မောဟပဋ္ဌာန်း အကြောင်းအကျိုးတို့၏ အနိစ္စအချက်ကို လည်းကောင်း၊ ရှုကြည့်ရန် သိရှိရန် အားထုတ်ရန် မခဲယဉ်းတော့ပေ။ ထိုထို ဒေါသ မောဟ အမူအရာတို့ အသစ်အသစ် ပြောင်းလျှင် အဟောင်းအဟောင်းတို့ ပျက်မှု အနိစ္စစုတို့ကို ထင်မြင်အောင်ရှုကြပါလေ။

ဤအကုသိုလ်ဟိတ်သုံးပါး ပဋ္ဌာန်းတရားတို့ကို အကြောင်းခံ၍ ကိုယ်. နှုတ်. နလုံး သုံးပါးလုံးတို့မှာ ဖြစ်ပျက်နေကြပါသော မကောင်းသည့် ထိုထိုအမူအရာ ရုပ်နာမ်ခန္ဓာ ပဋ္ဌာန်းတရားတို့၏ အနိစ္စအချက်ကို ရှုမြင်နိုင်ကြပါမှု မလိုချင်သည့် အလောဘ၊ မပြစ်မှားသည့် အဒေါသ၊ မတွေဝေသည့် အမောဟ တည်းဟူသော ကုသိုလ်ဟိတ် သုံးပါး၊ အဗျာကတဟိတ် သုံးပါး ပဋ္ဌာန်းတရားတို့ကို အကြောင်းခံ၍ ဒါနအလုပ်၊ သီလအလုပ်၊ ဘာဝနာအလုပ် စသော ကုသိုလ်ကောင်းမှု အလုပ်များ၌ ကိုယ်. နှုတ်. နလုံး သုံးပါးလုံးတို့မှာ ဖြစ်ပျက်နေကြပါသော ကောင်းသည့် ထိုထိုအမူအရာ ရုပ်နာမ်ခန္ဓာ ပဋ္ဌာန်းတရားတို့၏ အနိစ္စအချက်တို့ကို ရှုမြင်နိုင်ကြကုန်ရာ၏။ (ဝါ) ထင်မြင်အောင် မကြာကြာ အခါခါ ရှုကြည့်ကြပါလေ။

ဤကား ဟေတုပစ္စည်း ပဋ္ဌာန်းကြီးအရနှင့် ကိုယ်. နှုတ်. နလုံး သုံးပါးလုံးတို့မှာ ရုပ်နာမ်ခန္ဓာတို့ အသစ်ပြောင်းလျှင် ရုပ်နာမ်ခန္ဓာဟောင်းတို့ ပျက်မှု အနိစ္စ ရှုရပုံကို အကျဉ်းမျှ ပြချက်ပါတည်း။

WWW.DHAMMARANSI.COM



အကျယ်ကိုမူကား ဤကျမ်းနောက်ပိုင်းမှာ ဣရိယာပုတ်ကြီး လေးပါးတို့ဖြင့် အမူအရာပျက်ကို အနည်းငယ်ချဲ့၍ ပြဆိုထား၏။

ထိုမှတစ်ပါး ပဋ္ဌာန်းဝိပဿနာကျင့်စဉ် တရားတော်ကြီး၌လည်း အကျယ် ရေးသားထား၏။ ၎င်းတို့မှာ ရှုကြည့်ကြပါလေ။

ဤဟေတုပစ္စည်းနှင့်တကွ ကြွင်းသော (၂၃)ပစ္စည်း အကျယ်တရားကြီး တို့ကို အကျဉ်းချုပ်လိုက်မူ ရှေ့ကပြခဲ့သော ရုပ်နာမ်ခန္ဓာ နှစ်မျိုးနှစ်စားသာ ရှိကြ၏။ ဤရုပ်နာမ်ခန္ဓာ နှစ်မျိုးနှစ်စား ပဋ္ဌာန်းတရားတို့သည်လည်း မသိရှိနိုင်သော အခြား နေရာဌာနမျိုး၌ ဖြစ်နေကြသည်မဟုတ်။ သဝိညာဏက သတ္တဝါတိုင်းတို့၏ အတွင်းတို့မှာလည်း ထိုက်သည်အားလျော်စွာ တင်းကြမ်းပြည့် တည်ရှိနေကြ ကုန်၏။

အဝိညာဏက တုံး၊ တိုင်၊ ရေ၊ မြေ စသည်တို့မှာကား ရုပ်ပဋ္ဌာန်းသက်သက် တို့သာ တင်းကြမ်းပြည့် တည်ရှိနေကြကုန်၏။

ဤသို့ပင် တည်ရှိနေကြသော်လည်း ထိုထို ပဋ္ဌာန်းတရား ပရမတ် အစစ် များကို မထင်မမြင် မသိရှိနိုင်ကြဘဲ အကောင်အထည်ဒြပ် သဏ္ဍာန ပညတ် နယ်ထဲ၌လည်းကောင်း၊ ထိုသဏ္ဍာန်ကြီးအတိုင်း တည်နေသည်ဟု ထင်မြင် ရသော ရှေ့နောက် ဆက်လက်နေသည့် ရုပ်သန္တတိ ပညတ်နယ်ထဲ၌ လည်းကောင်း၊ စိတ်ဝင်စားကြပြီးလျှင် သဝိညာဏက သတ္တဝါကောင်ကြီးတွေ အဝိညာဏက အထည် ဝတ္ထုကြီးတွေသာ လောကမှာ တည်ရှိနေ၏ဟု ထင်မြင် ယူဆခြင်းသည် တစ်ပြိုင်နက်ဖြစ်သော ရုပ်ဓာတ်တို့ ပေါင်းစပ်မိသောအခါ ဖြစ်ပေါ်လာသော အကောင်အထည်ဒြပ် သဏ္ဍာန ပညတ်ကို ထင်မြင်ခြင်းတည်း။

၎င်းအပြင် တစ်ဖန် ထိုထို အကောင်အထည် ဒြပ် သဝိညာဏက သဏ္ဍာန် ပညတ်ကြီးတွေနှင့် ထင်ရှား ဖြစ်ပေါ်နေကြသည် ဟူ၍လည်းကောင်း၊ အဝိညာဏက အထည်ဝတ္ထုကြီးငယ်တို့သည် အသက်ကာလ မည်၍မည်မျှ ရှည်နေကြပြီ ဟူ၍လည်းကောင်း၊ ထိုထိုဣရိယာပုတ် အစားစား တည်ရာ ဌာန များမှ ရွေ့ရှားသွားလာ လုပ်ကိုင် နေထိုင်ကြသည် ဟူ၍လည်းကောင်း၊ ထင်မြင် ယူဆခြင်းသည် ရှေ့နောက် ဆက်လက်၍ ဖြစ်ပေါ်နေသော ရုပ်သန္တတိ ပညတ်ကြီးကို အစွဲပြု၍ ထင်မြင်ခြင်းတည်း။

နာမ်တရားတို့၌မူကား အကောင်အထည် ဒြပ် သဏ္ဍာန ပညတ် မရ

WWW.DHAMMARANSI.COM



ကောင်းချေ။ ရှေ့နောက်ဆက်လက် ကြံစည် တွေးတောနေသော နာမ်အစဉ် သန္တတိပညတ်မျှသာ ရရှိနိုင်၏ ထိုသို့ပင် ရရှိသော်လည်း ထိုထို အကြံအစည် အတွေးအတော ဇောစိတ္တုပ္ပာဒ် အမျိုးမျိုးများ ပဋ္ဌာန်းတရားတို့ကြောင့် ရူပကာယ တစ်ကောင်လုံးကြီးတို့မှာ ထိုက်သည်အားလျော်စွာ အမျိုးမျိုး ပြောင်းလဲဖြစ်ပေါ် နေကြပါသော လောဘနှင့်ဆိုင်သောရုပ်၊ ဒေါသ. မောဟ. မာန စသည်တို့နှင့် ဆိုင်သောရုပ်၊ မေတ္တာနှင့်ဆိုင်သောရုပ်၊ ကရုဏာ. မုဒိတာ. သဒ္ဓါ. သီလ. သမာဓိ စသည်တို့နှင့်ဆိုင်သောရုပ်အမျိုးမျိုး ပဋ္ဌာန်းအကျိုး တရားတို့ ဖြစ်ပေါ်နေကြ သည်ကိုတွေ့မြင်သိရှိရသဖြင့် ထိုထိုသတ္တဝါတို့၏အတွင်းရှိနာမ်ဓာတ်တို့၏ဖြစ်ပုံ ပျက်ပုံအလုံးစုံ အခြေအနေများကို လူ.နတ်.ဗြဟ္မာတွင်မက အချို့တိရစ္ဆာန်များပင် ထင်မြင်နေသော အမူအရာ ပညတ် အစားစားတို့ကို အကဲခပ်၍ သိရှိ စဉ်းစား နိုင်ကြကုန်ရာ၏။

ဤသို့ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်တို့ ပေါင်းစပ်မိသောအခါ သဏ္ဌာန ပညတ် သန္တတိပညတ် အရပ်ရပ်တို့ အမူအရာ အစားစားတို့ဖြင့် ထင်ရှား ဖြစ်ပေါ် လာသည်ကိုလည်း သိရှိနိုင်ကြကုန်ရာ၏။

ထိုဖြစ်ပေါ်လာသော ပညတ် အမူအရာ အရပ်ရပ်တို့ အသစ်အသစ် ပြောင်း သည်ကား အခြားမဟုတ် အတွင်းသားရုပ်နာမ် ပဋ္ဌာန်းတရားတို့က အသစ် ပြောင်းကြ၍သာ အပေါ်ယံပညတ် အမူအရာဟောင်းတို့ ပျောက်သွားပြီ ပျက်သွား ပြီဟု ထင်မြင် သိရှိနိုင်ကြကုန်ရာ၏။

တစ်ဖန် အမူအရာ ပညတ်ဟောင်းတို့ ပျောက်ပျောက် ပျက်ပျက် လိုက်ကြ သည်ကား အခြားမဟုတ် အတွင်းသား ရုပ်နာမ် ပဋ္ဌာန်းတရားတို့က ထိုထို အမူ အရာတို့နှင့် တကွနက် ပျောက်ပျောက်ပျက်ပျက် လိုက်ကြ၍သာ ပညတ် အမူ အရာဟောင်းတို့ ပျောက်သွားပြီ ပျက်သွားပြီဟု ထင်မြင် သိရှိနိုင်ကြကုန်ရာ၏။

ဤသို့ သိရှိရာ၌ ဝိပဿနာရှုရာ ဥပမာကို ပြရမူ ဝါးလုံးများစွာကို ကြိုး တစ်ချောင်းတည်းနှင့် စည်းပြီးလျှင် ရေပြင်မှာ မျှောခြင်းကိုလည်းကောင်း၊ ရပ်တန့် ခြင်းကိုလည်းကောင်းပြုလုပ်ကပြုလုပ်လိုတိုင်းမဆုတ်ဆိုင်းဘဲပြီးစီးနိုင်သကဲ့သို့ ရုပ်နာမ်အစားစား ပရမတ်စစ် ပဋ္ဌာန်းတရားများကို သဏ္ဌာနပညတ်၊ သန္တတိ ပညတ် ထိုနှစ်ရပ်တို့ဖြင့် ပေါင်းစည်းချည်နှောင်ပြီးလျှင် သူ့သိငါမြင် အထင်အရှား ဖြစ်နေကြသော အကောင်အထည်. ဒြပ် သဏ္ဌာနပညတ်တို့၏ ဖြစ်မှုပျက်မှု တို့ကို

WWW.DHAMMARANSI.COM



လည်းကောင်း၊ ရှေ့နောက်အစဉ် သန္တတိပညတ် ထိုထိုအမူအရာ အရပ်ရပ်တို့ ဖြစ်မှု ပျက်မှု တို့ကိုလည်းကောင်း၊ သိရှိကြသောအခါ ထိုထိုပုံသဏ္ဍာန် အတွင်းရှိ ရုပ်အမူအရာ၊ နာမ်အမူအရာ အစားစား ပဋ္ဌာန်းတရား အစစ်တို့လည်း ဖြစ်ကြ ပျက်ကြကုန်၏။ (ဝါ) ဖြစ်ပျက်၍သာ လိုက်ပါနေကြကုန်၏ဟု ထိုထိုပညတ် အမူအရာပျက် တစ်ချက်တည်းမှာပင် ရုပ်နာမ် အစားစား (၂၄)ပါးသော ပဋ္ဌာန်း တရားတို့၏ သန္တတိပျက် အနိစ္စအချက်တို့ကိုလည်း ထင်မြင်နိုင်ကြကုန်ရာ၏။ (ဝါ) ထင်မြင်အောင် ရှုကြပါလေ။

(အထူးသတိပြုရန်မှာ) ရုပ်ကလာပ်တို့၏အသက်ကား စိတ္တက္ခဏ ၁၇ချက်၊ ခဏငယ် ၅၁ချက်ခန့် အသက်ရှည်၏။ နာမ်တရားတို့၏အသက်ကား ခဏငယ် ၃ချက်ခန့်သာ အသက်ရှည်၏။

ဤရုပ်နာမ်သက်တို့ကို သိရှိရန်ကား။ လက်ဖြစ်တစ်တွက် ကာလမှာ စိတ် အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ကြ၏။ ရုပ်အကြိမ်ပေါင်း ကုဋေငါးထောင်မက ဖြစ်ကြ၏ ဟု ထိုထို ကျမ်းဂန်တို့မှာ လာရှိသောကြောင့် ထိုထိုရုပ်နာမ်တရားတို့၏ ခဏပစ္စုပ္ပန် အနိစ္စအချက်ကို သာမန်လူစားတို့မရှုနိုင်ကြကုန်သော်လည်း သန္တတိ ပျက် အနိစ္စအချက် ကြကြပျက်မှ တစ်စတစ်စ သန္တတိပျက် စိတ်စိတ် လာသော အနိစ္စအချက် တို့ကို ထင်မြင်အောင် ရှုကြည့် အားထုတ်ကြကုန်ရာ၏။

ထိုထို ရှုကြည့်ရာ၌လည်း မိမိတို့အတွင်းရှိ ဖြစ်ပေါ်နေသော ပဋ္ဌာန်း ခြောက် ဒွါရတို့ဖြင့် ထိုက်သည်အားလျော်စွာ အလိုရှိရာတို့ကို ရှုကြည့်သောအခါ ကြည့်ရုပ် ပဋ္ဌာန်းအမူအရာအစားစားနှင့် မြင်သိနာမ်ပဋ္ဌာန်း အမျိုးမျိုးတို့ဖြစ်ပေါ်နေကြသည် တို့ကိုလည်း သိရှိနိုင်ကြကုန်ရာ၏။

ဤအတူ နားထောင်ရုပ်ပဋ္ဌာန်းအမူအရာ အစားစားနှင့် ကြားသိနာမ်ပဋ္ဌာန်း အမျိုးမျိုးတို့ ဖြစ်ပေါ်နေကြသည်ကိုလည်းကောင်း။

နမ်းရှုရုပ်ပဋ္ဌာန်း အမူအရာ အစားစားနှင့် နံသိနာမ်ပဋ္ဌာန်း အမျိုးမျိုးတို့ ဖြစ်ပေါ်နေကြသည်ကိုလည်းကောင်း။

စားသောက်ရုပ်ပဋ္ဌာန်း အမူအရာ အစားစားနှင့် စားသိနာမ်ပဋ္ဌာန်း အမျိုးမျိုးတို့ ဖြစ်ပေါ်နေကြသည်ကိုလည်းကောင်း။

တွေ့ထိသည့် ကိုယ်အမူအရာ ရုပ်ပဋ္ဌာန်း အစားစားနှင့် တွေ့သိနာမ်ပဋ္ဌာန်း အမျိုးမျိုးတို့ ဖြစ်ပေါ်နေကြသည်ကိုလည်းကောင်း။

WWW.DHAMMARANSI.COM



ရှေ့ငါးဒွါရနှင့်မစပ်ဘဲ မနောဒွါရ စိတ်သက်သက်နှင့် ကြံစည်နေဆဲ အခါထဲတို့မှာ ထိုထိုစိတ်အားလျော်စွာ ရုပ်ပဋ္ဌာန်းကောင်ကြီး အတွင်းမှာ ဖြစ်ပေါ်နေကြသော လောဘ၊ ဒေါသ စသည်နှင့်စပ်သော ရုပ်ပဋ္ဌာန်း အမူအရာ အစားစားနှင့် မိမိတို့ကိုယ်တိုင် ကြံစည် စဉ်းစားနေသော ကြံသိလုံး နာမ်ပဋ္ဌာန်း အမျိုးမျိုးတို့ ဖြစ်ပေါ် နေကြသည်တို့ကိုလည်းကောင်း။

မည်သူမဆို သတိပြု၍ ရှုကြည့်ကြပါမူ သိရှိနိုင်ကြကုန်ရာ၏။ ထိုထိုဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်လိုက်သည်ကိုလည်း ရှုကြည့်ကြပါမူ သိရှိနိုင်ကြကုန်ရာ၏။

ဤတစ်မျိုးတစ်မျိုးစီ သိလုံးနာမ် သန္တတိတို့ ဖြစ်မှုပျက်မှု အနိစ္စစုကို ရှုကြည့်နိုင်ပါမူ ထိုထိုနာမ်တို့နှင့် အတူတကွ ဖြစ်ကြသော ရုပ်ပဋ္ဌာန်း အမူအရာ သန္တတိပျက် တို့ကိုလည်း အချက်ကျ ပါလိုက်နေကြသောကြောင့် ဤရုပ်ပဋ္ဌာန်းပျက်နှင့် တွဲဖက်၍ ရှိနိုင်ကြကုန်ရာ၏။

ဤကား နာမ်ပျက်ကို ထင်မြင်က ရုပ်ပျက်ကိုလည်း ထင်မြင်နိုင်ပုံတည်း။

တစ်ဖန် ထိုထို ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့မှာ ဖြစ်ပျက်နေသော ရုပ်ပဋ္ဌာန်း သန္တတိပျက် အနိစ္စအချက်ကို ထင်မြင်ကလည်း ထိုထို အမူအရာတို့ကို ပြုလုပ် ပြောဆို ကြံစည်ကြသော နာမ်ပဋ္ဌာန်း သန္တတိပျက် အနိစ္စအချက် တို့ကိုလည်း တွဲဖက်၍ ရှုကြည့်နိုင်ကြကုန်ရာ၏။ (ဝါ) ရှုကြည့်နိုင်ကြအောင် ရှေ့က ပြခဲ့ပြီးသော စကားရပ်တို့ကို အထပ်ထပ် ရှုကြည့်ကြပြီးလျှင် ထိုထို သွားရပ် စသည့် အမူအရာပျက် တစ်မျိုးတစ်မျိုးစီမှာပင် နေ့စဉ် ဝတ်ထား၍ ရှုကြည့် အားထုတ် သွားကြပါလေ ပညာရှိ သူတော်ကောင်းတွေတို့။

ဤကား ရုပ်နာမ် ပဋ္ဌာန်းတရားတို့ကို သိရှိအောင် ပြုလုပ်ခြင်း ပရိယတ္တိနယ်မှ ကျင့်ကြံအားထုတ်ခြင်း ပဋိပတ္တိနယ်သို့ အလွယ်နှင့်သိရှိ ပေါက်ရောက်နိုင်ကြရန် အကျဉ်းမျှ ထုတ်ပြချက် နည်းအမြွက်အရပ်ရပ် ဤတွင် အပြီးသတ်လိုက်ရပါသတည်း။

ဤ၌ ပြဆိုအပ်သော ပဋ္ဌာန်းပုံ၊ ပဋ္ဌာန်းစု၊ ပဋ္ဌာန်းတုံး၊ ပဋ္ဌာန်းခဲ တို့၏ အရကို ကဗ်ဳိဝိတရဏဝိသုဒ္ဓိ အရကို ပြဆိုသောအခါ သိသာထင်ရှားစွာ ရေးသားလတ္တံ့ပါသတည်း။

❖

WWW.DHAMMARANSI.COM



## ၂၈။ အတွင်းရန်သူတို့ကို တိုက်ခိုက်ရန် စစ်ဆင်ကြပုံ။

အို … တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့ရော ငါတို့ပါ သံသရာနှင့် ကမ္ဘာကြီးတို့မှာ အရှုံးပေးလာခဲ့ရသော အဇ္ဈတ္တ အတွင်း ရန်သူကြီးများကို နိုင်နင်းအောင် တိုက်ခိုက်ကြရဖို့ အရေးကြီးနေကြပြီ မဟုတ်ပါလော။ ဤသို့အရေးကြီးနေကြသည့်အတိုင်း တိုက်ခိုက်ကြပြီး အနိုင်ဆုံး ဖြစ်၍ အအေးအငြိမ်းဆုံးကြီးအဖြစ်နှင့် နေလိုသူ ပညာရှိ သဘောဖြူ မှန်သမျှတို့ တိုက်ခိုက်ကြဖို့အချက်တို့ကား။

၁။ ရန်သူတို့၏ ထွက်ဝင်သော အပေါက်ကို ပိတ်ဆို့ခြင်း။

၂။ ရန်သူတို့ အခြေအနေနှင့် ပုန်းအောင်း ကွယ်ကာနေသော ခံတပ် မြေကတုတ် တို့ကို ပယ်ဖျက်ခြင်း။

၃။ ရန်သူတို့၏ အဆက်ဆက် ဝင်ရောက်နေသော အဆက်တို့ကို ဖြတ်တောက်ခြင်း။

၄။ အကြီးဆုံးဖြစ်သော ဘုရင်မင်းကြီးနှင့် မိဖုရားကြီးတို့ကို သတ်ဖြတ် သုတ်သင်နိုင်သော အချက်ကောင်း၊ လက်နက်ကောင်းကြီးတို့ဖြင့် တိုက်ခိုက် အောင်မြင်ရသည်ကို သိရှိကြကုန်ရာ၏။

အို … တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ အအေးအငြိမ်းဆုံးကြီးအဖြစ် နေလိုသော သင်တို့သည် ရှေ့၌ပြခဲ့သော သိရှိဖွယ် အချက်ကြီး ၄ချက်တို့တွင် ပထမအချက်က ရန်သူတို့ ထွက်ဝင်ကြသော အပေါက် ငယ်သုံးပေါက် အပေါက်ကြီးခြောက်ပေါက်တို့မှ ရန်သူတို့ ထွက်ဝင်ကြသည်ကို ပိတ်ဆို့ရပုံမှာ ကာယဒွါရဟု ဆိုအပ်သော ကိုယ်ပေါက်မှ ထွက်ဝင် တိုက်ခိုက် ကြသော (၁)သူ့အသက်သတ်ခြင်း၊ (၂) သူ့ဥစ္စာခိုးခြင်း၊ (၃) သူ့သားအိမ်ရာ လွန်ကျူးပြစ်မှားခြင်းစသော ကိုယ်ဖြင့်ကြမ်းတမ်းလွန်ကျူးသမျှသော ရန်သူကြီး တို့ကို တိုက်ခိုက်လုံခြုံရန် ကာယသုစရိုက် သုံးပါးတို့ဖြင့် မြဲမြံအောင် စောင့်ရှောက် ကြခြင်းယဉ်ကျေးသိမ်မွေ့အောင်နေထိုင်ပြုလုပ်ခြင်းစသည်ကိုပြု၍ စောင့်ရှောက် ပိတ်ဆို့ကြ ကုန်လော။

WWW.DHAMMARANSI.COM



ဝစီဒွါရဟု ဆိုအပ်သော နှုတ်ပေါက်မှ ထွက်ဝင် တိုက်ခိုက်နေကြသော (၁)လိမ်လည်လှည့်ဖြား မုသားပြောခြင်း၊ (၂)ချောပစ်ကုန်းတိုက်ခြင်း၊ (၃)ဆဲရေးခြင်း၊ (၄) အနက်မရှိပြား ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း တည်းဟူသော ရန်သူကြီး တို့ကို တိုက်ခိုက်လုံခြုံရန် ဝစီသုစရိုက် လေးပါးတို့ဖြင့် မြဲမြံအောင် စောင့်ရှောက် ပိတ်ဆို့ကြကုန်လော့။

မနောဒွါရဟုဆိုအပ်သော ကြံစည်မှု စိတ်ပေါက်မှ ထွက်ဝင် တိုက်ခိုက်ကြသော (၁) သူတစ်ပါးဥစ္စာကို မိမိဥစ္စာဖြစ်အောင် ကြံစည်မှု၊ (၂) သူတစ်ပါး ပျက်စီးကြောင်းကို ကြံစည်မှု၊ (၃) မှားယွင်းသော နိယတမိစ္ဆာဒိဋ္ဌိ အယူကြီးများကို ကြံစည်ယူဆခြင်း တည်းဟူသော ရန်သူကြီးတို့ကို တိုက်ခိုက်လုံခြုံရန် မနောသုစရိုက်များ သူတော်ကောင်းတရားတို့ဖြင့် မြဲမြံအောင် စောင့်ရှောက် ပိတ်ဆို့ကြကုန်လော့။

ထိုမှတစ်ပါး ခြောက်ဒွါရဟု ဆိုအပ်သော မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက် တည်းဟူသော အပေါက်ခြောက်ပေါက်တို့မှ ထွက်ဝင်တိုက်ခိုက်နေကြသော ကိလေသာ ရန်သူကြီးများ အစားစား တို့ကို တိုက်ခိုက်လုံခြုံရန် ဣန္ဒြိယသံဝရသီလတို့ဖြင့် မြဲမြံအောင် စောင့်ရှောက် ပိတ်ဆို့ကြကုန်လော့။

ဤသို့ အပေါက်ငယ်သုံးပေါက် အပေါက်ကြီးခြောက်ပေါက်တို့က စောင့်ရှောက်သော သီလတို့ဖြင့် စောင့်ရှောက်ကြရခြင်း တို့သည်ပင်လျှင် ရန်သူတို့ ထွက်ဝင်သော အပေါက်ကို ပိတ်ဆို့ခြင်းမည်၏။

ထိုမှတစ်ပါး ရန်သူတို့ အခြေအနေနှင့် ပုန်းအောင်း ကွယ်ကာနေသော ခံတပ် မြေကတုတ်တို့ဆိုသည်ကား အခြားမဟုတ်။ ထိုထိုပညတ်တို့၏အတွင်းက တည်ရှိကြသော ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်တို့နှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာ ရန်သူတို့ အခြေအနေကိုပင် ရန်သူတို့ အခြေအနေဟု ဆိုအပ်၏။

ထိုရန်သူတို့ပုန်းအောင်းကွယ်ကာနေသော ခံတပ်မြေကတုတ်တို့ ဆိုသည်ကား အခြားမဟုတ် ထိုထိုပရမတ်တို့၏ အပေါ်ယံအပြင်စပ်က သမ္မုတိသစ္စာ နယ်မှာ ထင်ရှားစွာ ဖြစ်ပေါ်တည်ရှိနေကြသော မိန်းမ. ယောကျ်ား. ငါ. သူတစ်ပါး

WWW.DHAMMARANSI.COM



စသော ထိုထို ပုံသဏ္ဌာန်, ပညတ်, အကောင်အထည်ဖြ ဒြပ်ကြီးတို့ပင် ရုပ်နာမ် ရန်သူတို့ ပုန်းအောင်းရာ ခံတပ်မြေကတုတ်ကြီး အစစ် ဖြစ်ကြကုန်၏။

ထိုထို ရုပ်ဓာတ် နာမ်ဓာတ်တို့နှင့် တစ်ထောင့်ငါးရာ ကိလေသာရန်သူ တို့သည် ပညတ်ဟူသော ခံတပ်ကို ပုန်းအောင်းကွယ်ကာ၍ သတ္တဝါများ အစားစားတို့ကို ဘေးရန်ဝဋ်ဒုက္ခ အစားစားတို့မှ မလွတ်ကြအောင် အမြဲတိုက်ခိုက် နှိပ်စက်၍ပင် နေကြသော်လည်း ထိုထို ရုပ်နာမ်ဓာတ် ပရမတ်တို့နှင့် ကိလေသာ တို့ကိုပင် ရန်သူအဖြစ်နှင့် ဘေးရန်အစစ် ဖြစ်နေသည်ဟု မသိမမြင်။ ထိုရန်သူတို့ ပုန်းအောင်းကွယ်ကာရာဖြစ်သော ပညတ်နယ်က ဟိုအကောင်မ ဟိုအကောင်ထီး တို့က ငါကောင်မ ငါကောင်ထီးတို့ကို နှိပ်စက်ဖျက်ဆီးသည် ဟူ၍လည်းကောင်း၊ သဘောကျအောင် ပြုလုပ်ဆောင်ရွက်ပေးနေကြသည် ဟူ၍လည်းကောင်း၊ ထိုထို ပညတ်ကောင်တို့၏ အပြစ်ကို မြင်၍ ခိုက်ရန်ဖြစ်ပွားခြင်း တိုက်ခိုက်ခြင်း တို့ကို ပြုလုပ်ကြကုန်၏။

ထိုထို ပညတ်ကောင်တို့၏ ချမ်းသာသုခ ခံစားရခြင်း အကျိုးကို မြင်၍ သက်စွန့်ကြိုးပမ်း အကုန်အခန်း အပင်ပန်းခံ၍ ထိုထိုအမှုကိစ္စ ဟူသမျှကို ပြုလုပ် ဆောင်ရွက်ကြကုန်၏။

ဤသို့ ပြုလုပ်ဆောင်ရွက်ကြတိုင်း အပရန်သူ အောင်မြင်မှုနှင့် လူ, နတ်, ဗြဟ္မာ စည်းစိမ်တို့ကို ခံစားမှုတို့သည် ထိုထို ပညတ်ကောင်ကြီးတို့ကွယ်ပျောက် သည်နှင့်တကွ အကုန်လုံး စွန့်ပစ် ပျောက်ပျက်၍ချည်း။ ရှေးကလည်း သတ္တဝါ ဟူသမျှတို့လာခဲ့ကြရပြီ။ ယခုဘဝ ရှိရှိသမျှတို့ကိုလည်း စွန့်ပစ် ပျောက်ပျက်၍ သွားရဦးမည်။ နောက်နောင်ဘဝတို့မှာလည်း စွန့်ပစ် ပျောက်ပျက်ကြရကုန်လတ္တံ့ သည်တို့ကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိသင့် သိထိုက်ကြသည် မဟုတ် ပါလော။

ထိုသို့သိသင့်ကြပါလျက် ဘယ်အတွက်ကြောင့် ပုန်းအောင်း ကွယ်ကာ နေသော ပညတ်ကောင် ခံတပ်ကြီးတွေကို ဖျက်ဆီး၍ အတွင်းက တည်ရှိနေ ကြသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ကြီးတွေနှင့် ကိလေသာ ရန်သူကြီးတွေကို အပြီးသတ် နိုင်နင်းအောင် မတိုက်ခိုက်လိုကြသေးသနည်း။

❖

WWW.DHAMMARANSI.COM



## ၂၉။ ရန်သူကို အောင်မြင်အောင် တိုက်ခိုက်ပုံနည်းလမ်း။

အဘယ်ကဲ့သို့ နိုင်နင်းရန် အခြေအနေရှိအောင် ပြု၍ ပညတ်မြေကတုတ်ခံတပ်ကြီးနှင့်တကွ အဆင့်ဆင့်သော ရန်သူကြီးတို့ကို အောင်မြင်အောင် တိုက်ခိုက်ကြရမည်နည်းဟု မေးမူ။

အဇ္ဈတ္တရန်သူကြီးတို့ကို နှိမ်နင်းရန် မိမိတို့ဘက်က ကူညီ တိုက်ခိုက်ကြရမည့် စစ်သားအခြေအနေတို့ကား ကိုယ်အမူအရာ အချက်တိုင်းတို့၌လည်းကောင်း၊ သိသာ ထင်ရှားသော သုခ ဒုက္ခ စသော ဝေဒနာ ဝေဒနာ အချက်တိုင်းတို့၌လည်းကောင်း၊ ကြံစည်တွေးတောသော စိတ်အမူအရာတိုင်း တို့၌လည်းကောင်း၊ လောဘ.ဒေါသ.မောဟစသော ထင်ရှားသော ဓမ္မသဘာဝတို့ ဖြစ်ကြတိုင်း တို့၌လည်းကောင်း၊ မလစ်လပ်ရအောင် သတိဆောင်မှုတည်းဟူသော သတိပဋ္ဌာန် စစ်မှူးကြီး လေးဦး။ အသားကျေကျေ အရေစုတ်စုတ် ပြုလုပ်အားထုတ်ထိုက်သော သမ္မပ္ပဓါန် တပ်စစ်မှူးကြီးလေးဦး။ တစ်ဦးတည်းသောဩဇာအာဏာကို နာခံလျက် တိုက်ခိုက်စေနိုင်သော တန်ခိုးဣဒ္ဓိပါဒ် ရှိသောဣဒ္ဓိပါဒ် စစ်မှူးကြီးလေးဦး။ မိမိတို့ဘက်က အားအလွန်ရှိလှသော စစ်မှူးကြီးငါးဦး။ မိမိတို့ဘက်က နိုင်နင်းအောင် အုပ်ချုပ်နိုင် အာဏာပေးနိုင်သော ဣန္ဒြိယစစ်အစိုးရကြီးငါးဦး။ စစ်သူစစ်သားနှင့်တကွ ရှေ့ကပြခဲ့သော စစ်ဗိုလ်မှူးကြီးများတို့၏ ပိုလွန်သော အလုပ်ကို ပယ်ဖြတ်၍ လိုအပ်သောအချက်တို့ကို ဖြည့်စွက်နိုင်ကြသောစစ်ဗိုလ်မှူးကြီးခုနစ်ဦးတို့ မဂ္ဂင်ရှစ်ပါး သီလ.သမာဓိ.ပညာ လက်နက်ကြီးများတို့ဖြင့် တိုက်ခိုက်နိုင်ကြသည့် စစ်သားနှင့်တကွ လက်နက်တို့၏ အင်အားပြည့်စုံကြရန် အခြေအနေရှိအောင် ဖွဲ့စည်းတည်ထောင်၍ ပညတ် မြေကတုတ်ခံတပ်ကြီးနှင့်တကွ ဒိဋ္ဌိရန်သူကြီး သို့လော သို့လော တွေးတော ယုံမှားသောဝိစိကိစ္ဆာ ရန်သူကြီး စသော အဆင့်ဆင့်သော ရန်သူကြီးတို့ကို နိုင်နင်းအောင်တိုက်ခိုက်ကြမည်ဟု ဖြေဆိုရပေလိမ့်မည်။

❖

## ၃၀။ ပညတ် ပရမတ် ခွဲခန်း။

အို ... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ အပရန်သူကို တိုက်ခိုက်အောင်မြင်လိုသော သူအပေါင်းတို့သည် စစ်မတိုက်မီရှေ့အဖို့က ထိုထို တလင်းပြင် စသည်တို့မှာ စစ်ရေးပြရသလို အတွင်းရန်သူတို့

WWW.DHAMMARANSI.COM



အောင်မြင်လိုသော သင်တို့သည်လည်း သဲပုံစေတီတည်းဟူသော ဘာဝနာ စစ်မြေပြင်၌ ပညတ် ပရမတ် ကွဲအောင် ဝိပဿနာစစ်ရေး ပြကြကုန်လော့။

အဘယ်ကဲ့သို့ကွဲအောင်ပြရမည်နည်းဟု မေးမူ။ သဲပုံစေတီ တည်လိုသော သူတို့သည် စေတီမပါသေးဘဲ သဲသက်သက် တို့ကိုသာ ယူဆောင်ကြပြီး သဲပုံ စေတီဖြစ်အောင် ပြုလုပ်နေဆဲ အခါထဲမှာပင် ဘွားခနဲ ဘွားခနဲ ပြုလုပ်သူ လက်ထဲမှာ သဲလုံးစုတို့ အပေါ်ယံကြောကသာ သမ္မုတိသစ္စာနယ်မှာ ချွန်ချွန် စေတီပုံသဏ္ဌာန်ကြီး အနေနှင့်လည်း ဖြစ်ပေါ်လာ၏။ စိတ်ထဲတွင်လည်း စေတီကြီး ပေါ်လာပြီဟု ထင်မှတ် သိရှိကြရ၏။ သိရှိတိုင်းလည်း ခေါ်ဝေါ် ပြောဆိုကြ၏။ ခေါ်ဝေါ် ပြောဆိုတိုင်းလည်း သမ္မုတိသစ္စာ ပညတ်နယ်မှာ တကယ်ဟုတ်၏ မှန်၏ ဟု သိကြပါလေ။

ဤသဲပုံစေတီကြီး ဖြစ်ပေါ်လာရာ၌ သဲသည် လုံးလုံးကလေးတွေမျှသာ ဖြစ်သောကြောင့် စေတီချွန်ချွန်ကြီး မဟုတ်ကြသည်ကို မျက်မြင်ဒိဋ္ဌ သိရှိနိုင်ကြ ရာ၏။ စေတီချွန်ချွန်ကြီးကလည်း သဲမှုန့်လုံးလုံးကလေးတွ မဟုတ်ကြသည်ကို မျက်မြင်ဒိဋ္ဌ သိရှိနိုင်ကြရာ၏။ အကယ်၍ သဲမှုန့်က စေတီဖြစ်သွားမူ သဲချွန်ချွန် ကလေးတွေသာ ဖြစ်ရာ၏။ ဖြစ်ကားမဖြစ် လုံးလုံးကလေးတွေသာ တည်ရှိ၏။ စေတီကလည်း သဲမှုန့်ကလေးတွေ ဖြစ်သွားမူ စေတီမှုန့် လုံးလုံးကလေးတွေ ဖြစ်သွားရာ၏။ ဖြစ်ကားမဖြစ် ချွန်ချွန်ကြီးအတိုင်းသာ တည်ရှိ၏။ ဤသို့ သဲမှုန့်က စေတီမဖြစ် စေတီကလည်း သဲမှုန့် မဖြစ်ကြဘဲ တည်ရှိနေကြရာ၌ မည်ကဲ့သို့ ခြားနား၍ တည်ရှိနေကြသနည်းဟု မေးမူ။ သဲသည် အဟုတ်ရှိ အမှန်ရှိမျိုးဖြစ်၍ စေတီပုံသဏ္ဌာန် အတွင်းနှင့် အပြည့်အနက် ရှိနေကြသော အတွင်းသား အမှုန့် စုသာ ဖြစ်၏။ ချွန်ချွန်ပုံသဏ္ဌာန် စေတီကြီး မဟုတ် ကြကုန် ချွန်ချွန် စေတီ ပုံသဏ္ဌာန်ကြီးကလည်း သဲမဟုတ်။ ထိုသဲနှင့် စေတီတို့တွင် စေတီအတွင်းမှ တစ်မှုန့်စီ သီးသန့် ထုတ်ယူ၍ရသော သဲတို့ကဲ့သို့ ထိုသဲတို့အတွင်းမှ စေတီချည်း သက်သက် ထုတ်ယူ၍ ရနိုင်သော အဟုတ်ရှိ အမှန်ရှိ မျိုးလည်းမဟုတ်။ ပေါင်းဆုံ စပ်ဟပ်မိသောအခါမှ သဲတို့၏ အပေါ်ယံကြောကသာ ချွန်ချွန်စေတီ ပုံသဏ္ဌာန် ကြီးအနေနှင့် ထင်မြင်ရဖို့သာ တည်ရှိ၏ဟု စေတီနှင့်သဲ သဲနှင့်စေတီတို့ တစ်ခုက တစ်ခု မဟုတ်ကုန်။ အတွင်းသားနှင့် အပေါ်ယံပုံသဏ္ဌာန် အပြင်သားတို့ ခြားနား ကြပုံများကိုလည်း ဤပုံစံပြဥပမာ သဲပုံစေတီမှာ အကြိမ်ကြိမ် အထပ်ထပ် ဉာဏ်မှာ လင်းလာအောင် အခါခါ ကြည့်ရှုကြပါလေ။

❖

WWW.DHAMMARANSI.COM





**သဲပုံစေတီပုံ**

သဲလုံးတွေ အများစပ်ထားမှ အပေါ်ယံ ပြင်စပ်က
စေတီပုံသဏ္ဌာန် ချွန်ချွန် ဖြစ်နေသည်ကို ဉာဏ်ဖြင့် စူးစိုက်ကြည့်ပါ။

WWW.DHAMMARANSI.COM





**ပုတီးလုံးစေတီပုံ**

ပုတီးလုံး တစ်လုံးတစ်လုံးအတွင်း၌ စေတီပုံသဏ္ဍာန် ချွန်ချွန် မရှိသည်ကို သဘောပေါက်အောင် ကြည့်စမ်းပါ။

WWW.DHAMMARANSI.COM





စိပ်ပုတီးပုံ

ပုတီးလုံးစေ့တွေ အများစပ်မှ ပုတီးကုံးပုံ ဖြစ်လာသည်။
ပုတီးလုံးစေ့ တစ်လုံးတစ်လုံးအတွင်း ပုတီးကုံးပုံသဏ္ဌာန် မရှိပုံကို
သေချာစွာ ကြည့်ပါ။

WWW.DHAMMARANSI.COM





စေတီတော်ပုံ

သဲလုံးအများပေါင်းစပ်မှ အပေါ်ယံ ပြင်စပ်က ဖြစ်ပေါ်လာသည်ကို ကြည့်ရှုပါ။

WWW.DHAMMARANSI.COM



တစ်ထွေတစ်နည်း စိပ်ပုတီးမှာ စစ်ရေးပြစရာကား စိပ်ပုတီးကို ပုံစံပြသည့်အတိုင်း စေတီပုံ ပြုလုပ်၍ ကြည့်မူ ပုတီးစေ့လုံးလုံးတို့သည် စေတီပုံချွန်ချွန် မဟုတ်ကြကုန်ဘဲ စေတီပုံချွန်ချွန်ကလည်း ပုတီးစေ့ပုံလုံးလုံး မဟုတ်ကြကုန်ဘဲ အများကြီး ကွဲပြား ခြားနားကြကုန်၏။ စင်စစ်မူကား စေတီပုံ ချ၍ကြည့်သော် ပုတီးကုန်းထဲတွင် ပုတီးစေ့လုံးတို့ အပေါ်ယံ အပြင်စပ်က စပ်ဟပ်ကြပြီး စေတီပုံ ချွန်ချွန်ကြီး ပေါ်လာ၏။ ထိုစေတီပုံ သက်သက်ကို ပုတီးလုံးကဲ့သို့ထုတ်နုတ်ယူ၍မရ။ ပုတီးလုံး ရှိသကဲ့သို့လည်း သီးသန့်မရှိ။ ထိုစေတီ၏ အတွင်းသား ပုတီးလုံးတို့သည်သာ သီးသန့်ရှိသော အဟုတ်ရှိ အမှန်ရှိမျိုး အစစ် ဖြစ်ကြသည်ကို သိကြပြီးလျှင် ထိုပုတီးနှင့်စေတီ စေတီနှင့်ပုတီးတို့တစ်ခုတစ်ခု မဟုတ်ကြကုန် အတွင်းသားနှင့် အပေါ်ယံ ပုံသဏ္ဍာန် အပြင်သားတို့ခြားနားပုံများကိုလည်း ကြောင်ကြောင်ကြီး ထင်မြင်လာအောင် အကြိမ်ကြိမ် အထပ်ထပ် ဤစံပြဥပမာ ပုတီးစေတီပုံမှာ အခါခါကြည့်ရှုလျက် စစ်တက်ကြ စစ်ရေးပြကြပါလေ။ ပညတ် ပရမတ် ကွဲလိုသူ တစ်တွေတို့။

အို... မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ဤလောက၌ စစ်တိုက်ခြင်း အရပ်ရပ်တို့မှာ စစ်ရေးပြကာ လိမ္မာနပ်နောပြီး ဖြစ်ကြပါသော စစ်ဗိုလ် စစ်သား လူအများတို့စစ်ပွဲသို့ဝင်ရောက်တိုက်ခိုက်ကြသလို သဲနှင့်စေတီ၊ ပုတီးနှင့် စေတီတို့မှာ အတွင်းသားနှင့် အပေါ်ယံ ပုံသဏ္ဍာန် အပြင်သားတို့ကို ခြားခြားနားနားကြီး ခွဲခြား၍ သိရှိပြီးသားဖြစ်သော သင်တို့မှာလည်း စစ်မြေပြင်နှင့်တူသော ဩကာသ လောက၊ သတ္တလောကတို့၏ အတွင်းရှိ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်နှင့် တစ်ထောင့်ငါးရာ ကိလေသာ ရန်သူတို့နှင့် တိုက်ခိုက်ရသည့် စစ်ပွဲကို ဝင်နွှဲ၍ တိုက်ခိုက်ကြရမည်ကား အခြားမဟုတ်။ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည် တစ်ခုတည်း တစ်လုံးတစ်ခဲတည်း ပညတ်ကြီးတို့အနေနှင့် တည်ရှိကြကုန်၏။

ဤပညတ်ကြီးတို့ကို ကျမ်းဂန်တို့မှာ ဃနဟုဆို၏။ ထိုထို ဓာတ်ပရမတ်တရား၊ ပဋ္ဌာန်းတရား၊ အနတ္တတရားတို့ကို ဃနဖုံးလွှမ်းသည် (ဝါ) ပညတ်ဖုံးလွှမ်းသည်ဟု သမ္မောအဋ္ဌကထာ၌ ပြဆို၏။ ဤအပေါင်း ဃနကို ဖောက်ခွဲ၍ အတွင်းရှိ ဓာတ်ပရမတ်တရားတို့ကို ဝိပဿနာအလုပ်အားထုတ်မှသာ နိဗ္ဗာန်အောင်မြေသို့

WWW.DHAMMARANSI.COM



ရောက်နိုင်ရာ သည်ဟု မိန်မှာတော်မူကြသည့်အတိုင်း ထိုထို အပေါင်းဃနပညတ်ကြီးငယ် ဟူသမျှတို့ကို ပျက်စီးခွဲခြား သွားစေနိုင်သော လက်နက်ကား အခြားမဟုတ်။ အကြားအခြားဟု ဆိုအပ်သော အာကာသဓာတ် လက်နက်မြတ်ကြီးပေတည်း။

ထိုလက်နက်ဖြင့် မြေထုကြီးတို့ကို ခွဲစိတ်ပိုင်းခြား၍ အာကာသဓာတ် ပေါက်သွားအောင် (ဝါ) အကြားအခြားတွေ ပေါက်သွားအောင် (ဝါ) ပထဝီကလာပ်စု ဖြစ်သွားအောင် ရှုကြည့်ပုံကား။

ဤမြေထုကြီး၌ အကြားအခြားတွေ ထင်ရှားလာအောင် မိုးကြီး ရွာချသော အခါ မြေခြောက်ကြီးက မြေစိုကြီး ဖြစ်လာပြီဟူ၍သာ သိကြ၏။

အကြားအခြား အာကာသတွေ ရှိနေကြ၍သာ ထိုမြေစိုကြီးမှာ မြေကလာပ်မှုန့် ကြားတိုင်းသို့ ရေကလာပ်မှုန့်တို့ အနံ့အပြား ဝင်ရောက်နေသည် ဟူ၍လည်းကောင်း၊ တစ်ဖန် ထိုထိုရေကလာပ်မှုန့် ကြားတိုင်းသို့လည်း မြေကလာပ်မှုန့်တို့ အနံ့အပြား ဝင်ရောက်တည်ရှိနေသည် ဟူ၍လည်းကောင်း မသိကြကုန်။ ဉာဏ်နှင့် စူးစိုက်၍လည်း မကြည့်ဖြစ်ကြကုန်။ ထိုမြေကလာပ် ရေကလာပ်တို့ ရောနှောနေကြသော်လည်း မြေကလာပ်က ရေကလာပ် မဟုတ်ကြဘဲ အာကာသခြားလျက် (ဝါ) အကြားအခြား တကွဲတပြားစီ တည်ရှိအောင် ပိုင်းခြားသည်ကား အခြားမဟုတ်။ ထိုအပေါင်းအစည်း အတုံးအခဲကြီးတို့ကို ဖျက်ဆီးနိုင်သော အာကာသဓာတ် ပရမတ် လက်နက်ကောင်းကြီးပေတည်း။

ယခုအခါ မြေစိုကြီးအတွင်းသို့ ဉာဏ်သွင်း၍ ရှုကြည့်လိုက်ပါမူ။ မြေထုကြီး တစ်ခုတည်း တစ်ခဲတည်း မဟုတ်။ စင်စစ်မူကား မြေကလာပ်မှုန့်စုနှင့် ရေကလာပ်မှုန့်စုတို့သာ ရောစပ်တည်ရှိနေပါသည် ဟူ၍လည်းကောင်း၊ တစ်ဖန် အရေကလာပ်တို့ ခန်းခြောက်သွားသောအခါ မြေကလာပ်မှုန့်စုသာ အာကာသအကြား ကျယ်စွာနှင့် တည်ရှိ၏ ဟူ၍လည်းကောင်း၊ သိရှိရသည်ကား ရှေ့ကပြခဲ့သော ဥပမာအရ စေတီ၏အတွင်းက သဲတို့ ပုတီးစေ့တို့ ဥပမာအတူ ထိုထိုမြေကလာပ် ရေကလာပ်မှုန့်တို့ အဟုတ်ရှိ အမှန်ရှိ နေသည်များကို မျက်မြင် ဉာဏ်မြင် အားဖြင့် သိရှိအပ်၏။ ဤကား အတွင်းသား ပရမတ်များကို ပြချက်တည်း။

ထိုမှတစ်ပါး အတွင်းသား ပထဝီမှုန့် အာပေါကလာပ်မှုန့်စုတို့၏ အပေါ်ယံ

WWW.DHAMMARANSI.COM



ကြောက ထင်မြင်နေကြသော မြေပြင်၊ ကံသင်း၊ ကုန်း၊ ကျင်း၊ တောင်ဝှမ်း စသော အထည် ဒြပ် ပညတ် ပုံသဏ္ဍာန်ကြီးတို့ကား သဲ, ပုတီးစေ့တို့အပေါ်ယံကြောက ထင်မြင်နေကြသော စေတီ ဥပမာအတူ အတွင်းသား ရုပ်ကလာပ် ပရမတ်တို့ ကဲ့သို့အဟုတ်ရှိ အမှန်ရှိမျိုး မဟုတ်ကြဘဲ အတွင်းသား ပရမတ်တို့စပ်ဟပ် မိသောအခါမှ ဓာတ်ပရမတ် ကလာပ်တို့အပေါ်ယံကြောကသာ ထင်ရှားရှိနေကြ ပါသော ထိုထို ပုံသဏ္ဍာန် ပညတ်အနက် ဒြပ်ကြီးတွေလည်း ထင်ရှားပေါ်ရှိ၏။ ပေါ်ရှိသည့်အတိုင်းလည်း စိတ်ထဲတွင် ထင်မြင်ရ၏။ နှုတ်ကလည်း မြေပြင်၊ ကံသင်း၊ ကုန်း၊ ကျင်း၊ တောင်ဝှမ်း ဟု ပြောဆိုကြ၏။ ပြောဆိုသည့်အတိုင်းလည်း သမ္မုတိသစ္စာနယ်မှာ တကယ် မှန်ကန်သော စကားလည်း ဖြစ်၏။ ဤကား မြေထုကြီး၌ ခံတပ်မြေကတုတ် အလား အလွန့်အလွန်ကြီး ကွယ်ကာထားသော ပုံသဏ္ဍာန် ပညတ် အစားစား တို့ကို ပယ်ရှား၍ အတွင်းသားရှိ ရုပ်ဓာတ် ပရမတ် တို့ကို ထင်ရှားအောင် ပြချက်တည်း။

ဤမြေထုကြီးမှာ ပရမတ် ပညတ် ခြားနားအောင် အကြိမ်ကြိမ် အထပ်ထပ် ကြည့်ရှုနားလည်ပြီး ထင်မြင်ပေါက်ရောက်ပြီးမှ နောက်ပြလတ္တံ့သည်တို့ကို ဆက်လက်ကြည့်က များများကြီး ရှင်းရှင်းလင်းလင်း သိသွားပေလိမ့်သတည်း။ အထူးသတိပြုကြပါလေ ပညတ် ပရမတ် ကွဲလိုသူတွေတို့။

(တစ်နည်း) ထိုမြေပေါ်တွင် ပေါက်ရောက် တည်ရှိနေကြသော သစ်ပင်၊ ချုံနွယ်၊ တုံးတိုင်၊ အိမ်၊ ကျောင်း စသော အဝိညာဏက ရှိရှိသမျှသော ဝတ္ထုတို့၏ အတွင်းသားတို့မှာလည်း အခြောက်သက်သက်ဖြစ်မူ ပထဝီပြဋ္ဌာန်းသော ရုပ် ကလာပ်မှုန့်စုသာ ရှိ၏။ အစိုဖြစ်မူ ပထဝီပြဋ္ဌာန်းသော ရုပ်ကလာပ်မှုန့်စုတို့နှင့် အာပေါပြဋ္ဌာန်းသော ရုပ်ကလာပ်မှုန့်စုတို့သာ ရောစပ်တည်ရှိနေကြကုန်၏။ ထိုအတွင်းသား ရုပ်ကလာပ်မှုန့်စုတို့၏ အပေါ်ယံ အပြင်စပ်ကမူကား ထိုထို သစ်ပင်၊ ချုံနွယ်၊ တုံးတိုင်၊ အိမ်၊ ကျောင်းစသော ရှိရှိသမျှသော ဝတ္ထုတို့ပုံသဏ္ဍာန် အနေအားဖြင့် ထင်ရှားပေါ်ရှိလျက် နေကြငြားသော်လည်း သဲ၊ ပုတီးနှင့် စေတီတို့ အလွန့်အလွန်ကြီး ကွာခြားသကဲ့သို့ အတွင်းသား ရုပ်ကလာပ် ပရမတ်နှင့် အပေါ်ယံ ပုံသဏ္ဍာန် ပညတ်တို့အလွန့်အလွန်ကြီး ကွာခြားနေပုံနှင့် အတွင်းသား ပရမတ်တို့က အပေါ်ယံ ပုံသဏ္ဍာန် ပညတ်တို့မဟုတ်ကြ ပုံတို့ကို အထက်က

WWW.DHAMMARANSI.COM



ဖော်ပြခဲ့သော မြေထုကြီးအတိုင်း ပညတ် ပရမတ် ခြားနားအောင် ကြည့်လေ ခြားနား၍လည်း သိလေ။

(တစ်နည်း) ကန်၊ တွင်း၊ အင်း၊ အိုင်၊ မြစ်၊ ချောင်း၊ သမုဒ္ဒရာ စသည်တို့၌ တည်ရှိကြသော ရေတို့၏ အတွင်းသားတို့မှာကား အာပေါပြဋ္ဌာန်းသော ရုပ်ကလာပ်မှုန့်စုတို့သာ ရှိကြ၏။ ထိုအတွင်းသား ရုပ်ကလာပ်မှုန့်စုတို့၏ အပေါ်ယံ အပြင်စပ်ကမူကား ထိုထို ရေပြင်၊ ရေလှိုင်း၊ ရေဝဲ စသော ပညတ် ပုံသဏ္ဍာန် အသီးသီးတို့ထင်ရှားပေါ်ရှိလျက် နေကြပြားသော်လည်း သဲ၊ ပုတီးတို့နှင့် စေတီတို့ အလွန့်အလွန်ကြီး ကွာခြားသကဲ့သို့ အတွင်းသား ရုပ်ကလာပ် ပရမတ်နှင့် အပေါ်ယံ ပုံသဏ္ဍာန် ပညတ်တို့ အလွန့်အလွန်ကြီး ကွာခြားနေကြပုံတို့ကို အထက်က ဖော်ပြခဲ့သော မြေထုကြီးအတိုင်း ပညတ် ပရမတ် ခြားနားအောင် ကြည့်လေ ခြားနား၍လည်း သိလေ။ ဤကား အဝိညာဏက အထည်ဒြပ်တို့မှ ပညတ်ထင်ရှားသော ပထဝီကလာပ်စု အာပေါကလာပ်စုတို့ကို ပြချက်တည်း။

ထိုမှတစ်ပါး ပညတ်မထင်ရှားသော အပေါက်၊ အခေါင်း၊ ဟောင်းလောင်း၊ ဟင်းလင်းရှိသော ကောင်းကင်ပြင်တို့မှာလည်း သီတမီး ဥဏှမီးတို့ ပြဋ္ဌာန်းသော မီးကလာပ်မှုန့် တို့သည်လည်းကောင်း။

ငြိမ်သော ထောက်ကန်တတ်သော ဝါယော၊ ရွေ့ရှားသော လှုပ်ရှားတတ်သော ဝါယောတို့ ပြဋ္ဌာန်းသော လေကလာပ်မှုန့် တို့သည်လည်းကောင်း။

ထိုထိုအနံ့ ပြဋ္ဌာန်းသော အနံ့ကလာပ်မှုန့် တို့သည်လည်းကောင်း။

အရောင်၊ အမှောင်၊ အလင်း၊ အဆင်း ပြဋ္ဌာန်းသော အရောင်ကလာပ်၊ အမှောင်ကလာပ်၊ အလင်းကလာပ် တို့သည်လည်းကောင်း။

အသံကလာပ် တို့သည်လည်းကောင်း၊ ကောင်းကင်ပြင်တို့နှင့် အပြည့် အနက်ကွက်လပ်မရှိကလာပ်ချင်းထိအောင် တည်ရှိနေကြသည်ကိုလည်း သိကြပါလေ။

ဤကဲ့သို့ကောင်းကင်နှင့် အပြည့်အနက် ကလာပ်တွေ ထိစပ်လျက် တည်ရှိကြသည်ကို သိကြရသောအခါ ငါးသတ္တဝါတို့ ပတ်ဝန်းကျင်မှာ ရေတွေ တည်ရှိ ထိစပ် နေကြတာလို့ ထိုထို အကောင်အထည် ဝတ္ထုတို့၏ ပတ်ဝန်းကျင် တို့မှာလည်း ကလာပ်တွေ ဓာတ်ပရမတ်တွေ ပဋ္ဌာန်းတွေ ထိစပ်တည်ရှိနေကြ ကုန်၏ ဟူ၍လည်း သိကြပါလေ။

WWW.DHAMMARANSI.COM



ထိုငါးသတ္တဝါတို့သည်လည်း ရေကိုသာ ထိုးဖောက်သွားလာရသကဲ့သို့ ထိုထို ကုန်းပေါ်ရှိ သတ္တဝါတို့သည်လည်း ထိုထိုကလာပ်တွေ ဓာတ်ပရမတ်တွေ ပဋ္ဌာန်းတွေကိုသာ ထွင်းဖောက်တိုးဝင်၍ သွားနေကြရသည် ဟူ၍လည်း သိကြပါလေ။ ဤကား ရုပ်မှန်သမျှတို့ ပဋ္ဌာန်းတွေချည်း ဖြစ်နေကြပုံများကို နောက်၌ ထင်ရှားပြလတ္တံ့ပါသတည်း။

(တစ်နည်း) အဝိညာဏကမှတစ်ပါး လူ၊ နတ်၊ ကျွဲ၊ နွား စသော သဝိညာဏက အကောင်အထည် ဒြပ် ပညတ်တို့၏ အတွင်းမှာလည်း ပထဝီ ပြဋ္ဌာန်းသော ရုပ်ကလာပ် မှုန့်စုနှင့် အာပေါပြဋ္ဌာန်းသော ရုပ်ကလာပ်မှုန့်စုတို့ ရောစပ် တည်ရှိနေကြကုန်၏။

ကျမ်းဂန်တို့၌ကား ပထဝီဓာတ် ၂၀၊ အာပေါဓာတ် ၁၂ ပါး ဟု ခွဲခြားသည်ကို ပထဝီ ပြဋ္ဌာန်းသောကလာပ်၊ အာပေါပြဋ္ဌာန်းသောကလာပ် ဟူ၍သာ အကျဉ်းမျှ ရုပ်ပရမတ် သက်သက်ကို ပြလိုက်၏။ ထိုထို သဝိညာဏက ရှိရှိသမျှတို့၏ အတွင်းသားရုပ်ဓာတ် ကလာပ်တို့နှင့် အပေါ်ယံပုံသဏ္ဌာန် အကောင်အထည်ဒြပ် ပညတ်တို့၏ တစ်ခုက တစ်ခု မဟုတ်ဘဲ အလွန့်အလွန်ကြီး ကွဲလွဲထူးခြားလျက် တည်ရှိသည်တို့ကိုလည်း သဲနှင့်စေတီတို့၊ ပုတီးနှင့်စေတီတို့မှာ ခြားနားသည့် ဥပမာအတိုင်း ထင်မြင်အောင် ရှုကြည့် သိရှိကြပါလေ။

ဤသတ္တဝါတို့အတွင်းရှိ ရုပ်ဓာတ်ကလာပ်နှင့် ပညတ်တို့ ခြားနားအောင် ကြည့်ရှု သိရှိကြရန် အင်မတန်မှ အရေးကြီးနေကြသောကြောင့် အထပ်ထပ် ကြည့်ရှုရန် နည်း တစ်တန်ကား။

မိန်းမ အကောင်၊ ယောကျ်ား အကောင်ကြီးတို့၏ အတွင်းသားများကို ရှုကြည့် ကြသောအခါ အစိုဝတ္ထုတွေ အပြည့်အနက် တည်ရှိနေသည်ဟု မြေစိုထုကြီးကဲ့သို့ ထင်မြင်လာပါမူ ထိုထို အရည် အာပေါကလာပ်တို့သည် အဖတ်ပထဝီကလာပ်လည်း မဟုတ်။ မိန်းမကောင်၊ ယောကျ်ားကောင် ဖြစ်နေသည့် ပညတ်တွေလည်း မဟုတ်ကြကုန်။ ထိုထို အဖတ်ကလာပ် ကြားတိုင်းတို့က အရည်ကလာပ်လေးတွေမျှသာ ဖြစ်နေကြကုန်၏။

(တစ်နည်း) ထိုထိုအတွင်းသား အဖတ်ပထဝီကလာပ်တို့သည် အရည် အာပေါကလာပ်လည်း မဟုတ်ကြကုန်။ မိန်းမကောင်၊ ယောကျ်ားကောင် ဖြစ်နေ

WWW.DHAMMARANSI.COM



သည့် ပညတ်တွေလည်း မဟုတ်ကြကုန်။ ထိုထိုအရည်ကလာပ် ကြားတိုင်းက အဖတ်ကလာပ် ကလေးတွေမျှသာ ဖြစ်နေကြကုန်၏။

(တစ်နည်း) မိန်းမကောင်၊ ယောကျ်ားကောင်၊ အထည်ဒြပ်၊ ပညတ်တို့ကလည်း အတွင်းသား အရည်ကလာပ်ကလေးတွေလည်း မဟုတ်၊ အတွင်းသား အဖတ်ကလာပ် ကလေးတွေလည်း မဟုတ်ကြကုန်ဘဲ ထိုထိုကလာပ်တို့၏အပေါ်ယံကြောကသာထင်မြင်နေရပါသောခေါင်းတွေ၊ကိုယ်တွေ၊ ခြေတွေ၊ လက်တွေ အနေနှင့်သာ ထင်မြင် ကြရပါတကားဟု တစ်ကိုယ်လုံး တစ်ကောင်လုံးကို ခြုံ၍ အတွင်းသား ပရမတ်နှင့် အပေါ်ယံ ပုံသဏ္ဍာန် ပညတ်တို့ ခြားနားအောင် ကြည့်ရှုကြပါလေ။

ထိုသို့ တစ်ကောင်လုံးကို ရှုကြည့်သောအခါ အရည်ကလာပ် အဖတ်ကလာပ်တို့သာ မထင်ဘဲ အရိုးကြီးတွေကို ထင်မြင်လာမူ ထင်သော အရိုးပုံသဏ္ဍာန်သည် ပညတ်တည်း။ အတွင်းသား အစိုထုကြီး၌ အရည်ကလာပ် အဖတ်ကလာပ်တို့ကား ပရမတ်တည်းဟု အတတ်မြင်အောင် ရှုပါ။

ထိုမှတစ်ပါး အူတွေ၊ အသည်းတွေ၊ အကြောတွေ စသော ထိုထို ဝတ္ထုတစ်ခုခု ထင်လာမူ ထင်လာသော ဝတ္ထု ပုံသဏ္ဍာန်တို့သည် ပညတ်တည်း။ အတွင်းသား အစိုထုကြီး၌ အရည်ကလာပ် အဖတ်ကလာပ်တို့က ပရမတ်တည်းဟု တစ်ခုတစ်ခုစီ အတတ်မြင်အောင် ကြည့်ပါလေ။

ဤသတ္တဝါကောင်တို့မှာ ပရမတ် ပညတ်ကွဲမှသာလျှင် သက္ကာယဒိဋ္ဌိ အလုပ်မှ ပြုတ်အောင် အားထုတ်လို့ လွယ်ကူနိုင်လိမ့်မည်။ မကွဲခြားက ရောင်ဝါးဝါးကြီး ရှိနေကြမည်ကား မလွဲတည်း။

အချို့ဆရာတို့ကား ပရမတ်ထင်လျှင် ထင်သော ပရမတ်ထဲမှာ ပညတ်မရှိ ပညတ်မဟုတ်ဟု မယူကြဘဲ ပညတ် အကောင်အထည်တွေ ပညတ်နယ်မှာပင် မထင်မမြင်တော့ဘဲ လုံးလုံးကြီး ကွယ်ပျောက်သွားတော့၏ဟု အထင်အမြင် လွဲမှားနေ ကြ၏။ ရှေ့အဋ္ဌကထာပြတိုင်း ပရမတ်ထဲမှာသာ ပညတ်မရှိပုံကို သိကြပါလေ။

ဇီဝပညတ်၊ ဃနပညတ်၊ သမူဟပညတ်၊ သန္တတိပညတ်၊ သဏ္ဍာနပညတ်၊ သုဘပညတ်တို့လည်း ရှေ့ကပြခဲ့သော သဏ္ဍာနပညတ် ပြုတ်သည့်အထဲတွင်

WWW.DHAMMARANSI.COM



ပါဝင်ပြီး အတွင်းသား ပရမတ်စစ်ကို ကောန်မြင်နိုင်၏။ ပရမတ်မြင်မှ နာမရူပ ပရိစ္ဆေဒဉာဏ် စသည်ဖြစ်၍ မဂ်ဖိုလ်ကိုပင် ယခုဘဝရနိုင်သည်ဟု မှတ်ကြပါလေ။

❖

## ၃၁။ ရုပ်ကလာပ်သေးငယ်လှ၍ အထည်ဒြပ် မပေါ်ကြပုံနှင့် ပေါင်းစပ်မိသောအခါမှ အထည်ဒြပ် ပေါ်ကြပုံကို ပြချက်။

ဤအထက်ကပြခဲ့သော ရုပ်ကလာပ်ဆိုရာ၌ ရုပ်အပေါင်းအစုအစည်းဟု ဆိုလို၏။ ရုပ်အဘယ်မျှ ပေါင်းစုသနည်းဟု မေးမူ။

ထိုထိုအဝိဉာဏကက ရှိရှိသမျှတို့မှာကား ရှေ့ကပြခဲ့သော (သုဒ္ဓဋ္ဌက ရုပ်ကလာပ်) နှင့် (သဒ္ဒနဝကရုပ်ကလာပ်) နှစ်မျိုးနှစ်စားတို့သာ ဓာတ်စွမ်းကောင်း တေဇောဥတုကြောင့်ချည်း ဖြစ်နိုင်ကြ၏ ဟူ၍လည်း သိကြပါလေ။

ငင်းရုစ်ခုထဲ၌ ဇီဝိတ၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟာဒယဝတ္ထုရုပ် ကွတ္တိဘာဝ၊ ပုမ္ဘာဝ ရုပ် ၉ခု တို့ကို ထည့်မှ သဝိဉာဏကကတို့အတွင်းမှာ နဝက ဒသက၊ ကမ္မဇကလာပ် ၉စည်း ဖြစ်ကုန်၏ဟု သိကြပါလေ။

ထိုရုပ်ကလာပ်တို့ကားအဘယ်မျှ သေးငယ်ကြ၍ ထိုထိုကလာပ်တို့ တစ်စည်းနှင့်တစ်စည်း အကြီးအငယ် ဘယ်လို ထူးခြားကြသနည်းဟု မေးမူ၊ ထိုထိုရုပ်ကလာပ် ဟူသမျှတို့သည် အထည်ဒြပ် မရှိကြဘဲ သဘောမျှကလေး ချည်းသာ ရှိကြသောကြောင့် ကလာပ်တစ်စည်းချင်းတို့မှာ အကြီးအငယ် မထူးခြားကြကုန်ဟု ဖြေဆိုရပေလိမ့်မည်။

သေးငယ်လှသည်ကို နှိုင်းဆ၍ သိကြရန် မြူလေးမျိုးနှင့် ကျမ်းဂန်မှာ ပြသည်ကား လှည်းရထားများ သွားသည့်အခါ လွင့်တက်သော မြူကို ရထရေဏုမြူဟု ဆို၏။ ငင်းမြူတစ်လုံးသည် တဇ္ဇာရီမြူ ၃၆စိတ်ရှိ၏။ ငင်းမြူ တစ်လုံးသည်လည်းအနုမြူ၃၆စိတ်ရှိ၏။ ငင်းမြူတစ်လုံးသည်လည်း ပရမာဏုမြူ ၃၆စိတ်ရှိ၏ဟု အစိတ်စိတ်ခွဲ၍ ပြ၏။

အပေါင်းနှင့်ကြည့်ရမူ ထိုလွင့်တက်သော ရထရေဏုမြူကလေး တစ်မှုန့်ကို အသေးဆုံးစိတ်ရလျှင် ပရမာဏုမြူပေါင်း (၄၆၆၅၆) စိတ်တို့ပေါင်းမိမှ ပေါ်ရှိသော မြူကို ရထရေဏုမြူဟု သိအပ်၏။

WWW.DHAMMARANSI.COM



ထိုအသေးငယ်ဆုံး ပရမာဏုမြူ တစ်လုံးကိုပင် ရုပ်ကလာပ်မှုန့် တစ်စည်းဟု ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ပြ၏။ ပြသည့်အတိုင်းလည်း ရထရေဏုမြူကလေး တစ်လုံးကို အစိတ်ပေါင်း(၄၆၆၅၆) စိတ်စိတ်၍ တစ်စိတ်မျှသာ ဖြစ်သောကြောင့် ပကတိ မျက်စိနှင့် ကြည့်၍ အထည် ဒြပ် ပညတ် မပေါ်နိုင်သောကြောင့် ကမ္မဋ္ဌာန်း ရှုသောအရာ ဓာတ် သဘောကလေးမျှသာ ရှိသည်ဟု ခွဲခြမ်းသောအရာတို့၌ လွန်စွာပင် သင့်မြတ်လှ၏။ အခြားဆရာတို့ကမူကား ထိုပရမာဏုမြူထက်ပင် ရာထောင်မက သေးငယ်လှ၏ ဟု ဆိုကြသေး၏။

သို့သော် မမြင်နိုင်သော အရာသို့လိုက်၍ ရမ်းဆလျက် ကျမ်းဂန်မှာ မရှိဘဲ ပြောဆိုကြရသောကြောင့် သို့လော သို့လော တွေးတောနေကြဖို့မလို မဟာဋီကာ ပြတိုင်းကိုသာ ပရမာဏုမြူအရ သဘောမျှကလေးတို့သာဟူ၍ ဗုဒ္ဓဘာသာတို့ ကျမ်းဂန် အတိုင်းလည်း သိရှိအပ်၏။

ပရမာဏုမြူအရ သဘောမျှကလေးတို့သာ ဟူ၍ ဗုဒ္ဓဘာသာ ကျမ်းဂန်တို့ အလာအတိုင်း အနောက်နိုင်ငံသား (ဆိုင်းယင်းစ်)ခေါ် လောကဓာတ် ပညာရှင်တို့ အချင်းချင်း ယုံကြည်လောက်အောင် အထောက်အကိုးရ၍ ဝမ်းမြောက်ကြဖို့ ပါတည်း။

❖

## ၃၂။ ကလာပ်ချင်း ပေါင်းစပ်မိသောအခါ ပညတ်တွေ ထင်ရှားပေါ်ရှိလာသည်ကို ပြဆိုချက်။

ရှေးကပြခဲ့သည့်အတိုင်း ကလာပ်ဆိုသည်မှာ အထည်ဒြပ် မရှိကြပါ၍ အကြီးအငယ် အရွယ်အစား မထူးခြားကြပါဟု ဆိုမူ။ ဤလောကကြီးတစ်ခုလုံးမှာ အကောင် အထည်ဒြပ် ကြီးငယ် အစားစား ရေတွေ၊ လေတွေ၊ မှောင်တွေ၊ အရောင်တွေ၊ ကောင်းကင်ဟင်းလင်းတွေ အစားစား ဖြစ်နေကြသည်များကို မည်သူက ဖန်ဆင်း ထားလို့ ထင်ရှားစွာ ဖြစ်ပေါ်တည်ရှိနေကြသနည်းဟု မေးမူ။

အခြားသူ ဖန်ဆင်းကြလို့ ထင်ရှားဖြစ်ပေါ်နေကြတာမျိုး မဟုတ်။ ထိုထို ဓာတ် ပရမတ်တို့ စွမ်းရည်သတ္တိ ထူးခြားလျက် ရှိကြသောကြောင့် အမျိုးမျိုး ခြားနားလျက် တည်ရှိကြကုန်၏ဟု ဖြေဆိုကြပေလိမ့်မည်။

WWW.DHAMMARANSI.COM



ထိုထိုစွမ်းရည်သတ္တိ ထူးခြားလျက် ရှိကြပုံကား။ ပထဝီပြဋ္ဌာန်းသော ရုပ်ကလာပ် တစ်ခုတစ်ခု၌ အထည်ဒြပ် မထင်မြင်အပ်သော်လည်း ထိုပထဝီ ကလာပ် ၃၆ခု စုမိကြသောအခါ သဲနှင့် စေတီမှာကဲ့သို့ အဏုမြူပုံသဏ္ဍာန်ဒြပ် မြေပြည့တ်ကလေး ပေါ်ရှိလာပြီး အတွင်းသား ပရမတ်တို့ကို မမြင်ရအောင် ကွယ်ကာနေကြတော့၏။

ထိုထက် မြေကလာပ်မှုန့် အမျိုးမျိုးတို့ ပေါင်းစုမိကြသောအခါတို့မှာ တဇ္ဇာရီမြူတွေ ရထရေဏုမြူတွေ ထိုထို မြေမှုန့် သဲမှုန့် အနအကြမ်းက မြေကြီး၊ မြင်းမိုရ်၊ စကြဝဠာ၊ တော၊ တောင်၊ မြင့်ခေါင်ကြီးမားသော အကောင်အထည် ဒြပ် ပြည့တ်ကြီးငယ်တို့ပေါ်ရှိလာကြသည်ဟု သိကြပါလေ။ ဤကား ပထဝီသတ္တိ ထူးခြားချက်ပေတည်း။

ထိုမှတစ်ပါး အာပေါပြဋ္ဌာန်းသော ရုပ်ကလာပ် တစ်ခုတစ်ခု၌ အထည်ဒြပ် မမြင်အပ် မထင်မြင်အပ်သော်လည်း ထိုအာပေါကလာပ် ၃၆ခု စုမိကြသောအခါ အဏုမြူ ပုံသဏ္ဍာန်ဒြပ် ရေပြည့တ်ကလေး ပေါ်ရှိလာပြီး အတွင်းသား ပရမတ် တို့ကို မမြင်ရအောင် ကွယ်ကာနေကြတော့၏။ ထိုထက် ရေကလာပ်မှုန့် အမျိုးမျိုးတို့ ပေါင်းစုမိကြသောအခါတို့မှာ ရေမှုန့် ရေအစက်တို့က တိုးတက်ကြ၍ အိုင်၊ အင်း၊ တွင်း၊ ကန်၊ ရေပြင်၊ ရေထု၊ ပြည့တ်ကြီးငယ်တို့သည်လည်းကောင်း၊ မြစ်၊ ချောင်း၊ သမုဒ္ဒရာ၊ ရေထု ကမ္ဘာဖျက်သော ရေထု၊ ရေပြင် စသော ပြည့တ်ကြီးငယ်တို့ပေါ်ရှိလာကြသည်ဟု သိကြပါလေ။ ဤကား အာပေါသတ္တိ ထူးခြားချက်ပေတည်း။

ထိုမှတစ်ပါး တေဇောပြဋ္ဌာန်းသော ရုပ်ကလာပ် တစ်ခုတစ်ခု၌ အထည်ဒြပ် မထင်မြင်အပ်သော်လည်း ထိုတေဇောကလာပ် ၃၆ခု စုမိကြသောအခါတို့မှာ လည်း အဏုမြူ ပုံသဏ္ဍာန် ဒြပ် မီးပြည့တ်ကလေး ပေါ်ရှိလာပြီး အတွင်းသား ပရမတ်တို့ကို မမြင်ရအောင် ကွယ်ကာနေကြတော့၏။

ထိုထက် မီးကလာပ်မှုန့်တို့ပေါင်းစုမိကြသောအခါတို့မှာ မီးပွား၊ မီးပေါက်၊ မီးပွင့်၊ မီးခဲ တို့က တိုးတက်ကြ၍ အိမ်၊ ကျောင်း၊ မြို့၊ ရွာ တို့ကို လောင်သော မီးထု၊ ကမ္ဘာကို လောင်သော မီးထု၊ မီးတုံး၊ မီးတောက် ပြည့တ်ကြီးငယ်တို့ပေါ်ရှိလာကြ သည်ဟု သိကြပါလေ။ ဤကား တေဇောသတ္တိ ထူးခြားချက်ပေတည်း။

ထိုမှတစ်ပါး ဝါယောပြဋ္ဌာန်းသော ရုပ်ကလာပ် တစ်ခုတစ်ခု၌ တိုးဝှေ့

WWW.DHAMMARANSI.COM



တိုက်ခိုက်ခြင်း အရပ်ရပ် မထင်မြင်အပ်သော်လည်း ထိုဝါယောကလာပ် ၃၆ခု စုမိကြသောအခါတို့မှာ အဏုမြူတစ်လုံးစာမျှ ကောင်းကင်အရပ်ဌာန၌ အပြည့်အနက် တည်ရှိကြကုန်၏။

ထိုထက် လေကလာပ်မှုန့်တို့ ပေါင်းစုမိကြသောအခါတို့မှာ လေပြည်၊ လေညင်းတို့က တိုးတက်ကြ၍ အိမ်၊ ကျောင်း၊ သစ်ပင် စသည်တို့ပါ လဲပြိုပျက်စီးအောင် တိုက်ခိုက်ကြသော လေပြင်း၊ မုန်တိုင်း၊ လေရိုင်း၊ လေရူး၊ အထူးထူးသော လေပွေ၊ လေဆင်နှာမောင်းစသည်တို့က ကမ္ဘာကို ဖျက်နိုင်သော လေထု၊ လေပြင် စသော ခေါ်ဝေါ်အပ်သော ပညတ်ကြီးငယ်တို့ ပေါ်ရှိလာကြသည်ဟု သိကြပါလေ။ ဤကား ဝါယောသတ္တိ ထူးခြားချက်ပေတည်း။

ထိုမှတစ်ပါး အဆင်းရုပ် ထူးခြားချက်ကြောင့် အလင်းထု၊ အရောင်ထု၊ အမှောင်ထု၊ အရိပ်ထုကြီးတို့ဖြစ်ပေါ်လာကြကုန်၏။ အသံရုပ် ထူးခြားချက်ကြောင့် မိုးချုန်းသံ၊ မိုးကြိုးပစ်သံ၊ ရထားသံ၊ ဝိုင်ယာလက်လွှင့်သံ စသော အသံထု အမျိုးမျိုး ဖြစ်ပေါ် ကြကုန်၏။

ထိုမှတစ်ပါးသော ရုပ်တစ်ခုတစ်ခုတို့ ထူးခြားချက်ကြောင့်လည်း သတ္တိတန်ခိုး တစ်မျိုးမျိုးတို့ ထူးခြားနေကြပုံကိုလည်း သိရှိကြပါလေ။

ဤသို့လျှင် တစ်စုံတစ်ယောက်သောသူက မဖန်ဆင်းရဘဲ ထိုထိုဓာတ်ပရမတ်တို့ စွမ်းရည်သတ္တိ ထူးခြားလျက် ရှိကြသောကြောင့် အမျိုးမျိုးသော ဒြပ်ပညတ်တို့ ခြားနားလျက် တည်ရှိနေကြပုံကို အကျဉ်းမျှ ပြချက်ပါတည်း။

ဤဓာတ်ကလာပ်မှုန့်တို့ အရကို ငါတို့ဗုဒ္ဓဘာသာ ကျမ်းဂန်တို့နှင့်သာ သိရှိကြရသည် မဟုတ်သေး။ အနောက်နိုင်ငံ လောကဓာတ်ဘက်နှင့်လည်း သိရှိအပ်၏။

သိရှိပုံမှာ လွန်ခဲ့သည့် အနှစ် ၂၅၃၀ အထိ အနောက်နိုင်ငံ ဝိဇ္ဇာပညာရှိကြီးများ ဆုံးဖြတ်ချက် ချထားသည်မှာ ရွှေ၊ ငွေ၊ သံ၊ သွတ်၊ ကြေး အစရှိသော သတ္တုဓာတ်စင်များ၏ အသေးငယ်ဆုံးသော အဏုမြူ (2.TOM) သည် ပင်ကိုယ်ဓာတ်စင်၏ သဘောအတိုင်းသာ ဖြစ်သည်။ ရှေ့သို့ ပိုမိုတိုးတက်၍ ခွဲစိတ်နိုင်ရန် မဖြစ်ဟု ဆုံးဖြတ်ထားကြလေသည်။ သို့သော် အနှစ် ၂၅၃၀ နောက်မှ ပေါ်ပေါက်လာသော ရေဒီယန်သတ္တုနှင့် တန်ခိုးအလွန်ကြီးသော အိက်စ်ရေး (X-RAY) ခေါ် အလင်းရောင်ခြည်များ၏ အထောက်အပံ့ဖြင့် အလွန်အံ့သြဖွယ်ရာဖြစ်သော

WWW.DHAMMARANSI.COM



သတ္တုဓာတ်စင်တို့၏ အဏုမြူ တရားသစ် ပေါ်ပေါက်လာရ၏။ ၎င်းတရား၏ အဆိုမှာ ဓာတ်စင်တို့၏ အသေးငယ်ဆုံးသော မူလအဏုမြူသည် အစိုင်အခဲ မဟုတ် လျှပ်စစ်ဓာတ်ဖိုကို ဓာတ်မကလေးများ ခြံရံပြေးလွှားနေသော အဏုမြူ ဓာတ်လုံးသာ ဖြစ်သည်ဟု ယနေ့ထက်တိုင် အခိုင်အမာ တည်နေသော တရား ဖြစ်လေသည်။ သတ္တုဓာတ်စင် အသီးသီး၏ အဏုမြူလုံးတို့သည် တစ်ခုနှင့်တစ်ခု သဘောတူညီကြသည့် ဓာတ်ဖိုကို ရံသော ဓာတ်မကလေးများ၏ ဦးရေသာ ကွဲပြားကြ၏။ ဟိုက်ဒရိုဂျင်ဓာတ်စင်မှာ အရံဓာတ်မဦးရေ (၁)ခုသာ ရှိသည်။ ကာဗွန်ဓာတ်စင်မှာ (၆)ခု၊ ဒရိုဂျင်ဓာတ်စင်မှာ (၇)ခု၊ အောက်စီဂျင်ဓာတ်စင်မှာ (၈)ခု ဟူ၍ ဓာတ်စင်တစ်မျိုးနှင့် တစ်မျိုးမှာ ဦးရေ မတူဘဲ ကွဲလွဲကြလေသည်။ ယနေ့အထိ သိရသော ကွဲလွဲချက် အများဆုံးရှိသော ဓာတ်စင်မှာ ယူရေနီယံခေါ် ဓာတ်စင်ပင် ဖြစ်လေသည်။ ၎င်းဓာတ်စင်မှာ အရံဓာတ်မ ဦးရေ (၉၂)ခု ဖြစ်လေသည်။ ထိုအရံဓာတ်မများ၏ဦးရေကို သိခြင်းအားဖြင့် မည်သည့်ဓာတ်စင် ဖြစ်ကြောင်းကို သေချာဂနစွာ ဆုံးဖြတ်နိုင်လေသည်။ အရံဓာတ်မ အများဆုံး (၉၂)ခုသာ ရှိသည်ဟု သိရ၍ ဤလောကကြီးကို ဓာတ်စင်အမျိုးပေါင်း (၉၀) လောက်ကသာ ပြုစုပျိုးထောင် ခြယ်လှယ်နေကြောင်း သိရသဖြင့် အလွန်အံ့သြ ဖွယ်ရာအချက်ကြီးတစ်ခုဖြစ်လေသည်ဟု အနောက်နိုင်ငံ လောကဓာတ် ဓာတ်ခွဲ ကျမ်းတို့အရဖြင့်လည်း ရှိရှိသမျှသော ဝတ္ထုကြီးငယ်ဟူသမျှတို့သည် အသေးငယ် ဆုံးသော ဓာတ်တို့ကို ပေါင်းစု၍ ဖြစ်ပေါ်နေသည်ဟု အပေါင်းစုကိုလည်းကောင်း အသေးငယ်ဆုံးကို လည်းကောင်း ငါတို့ကျမ်းဂန်နှင့် ညှိနှိုင်း၍ သိရှိအပ်၏။

❖

## ၃၃။ ဒိဋ္ဌိရန်သူကြီးကို ပယ်ဖြုတ်၍ ဒိဋ္ဌိဝိသုဒ္ဓိအလုပ်ကို အားထုတ်ယူရပုံ။

အို … တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့သည် ရှေ့ကပြခဲ့တိုင်း ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တို့နှင့်တကွ တစ်ထောင့် ငါးရာ ကိလေသာရန်သူတို့၏ ပုန်းအောင်းကွယ်ကာကြရာ မြေကတုတ် ခံတပ်ကြီး တို့နှင့် တူလှပါသော အကောင်အထည်ဒြပ် ပညတ်ကြီးငယ်တို့ကို အာကာသ လက်နက်နှင့် ပယ်ဖျက်ကြ၍ ထိုထိုဝတ္ထုတို့၏ အတွင်းထဲမှာ ထင်ရှားရှိနေကြ

WWW.DHAMMARANSI.COM



ပါသော ရုပ်ကလာပ်တို့ကို ပေါင်းစုလိုက်လျှင် ထိုထို အခြောက်ကောင်၊ အခြောက်ခဲ၊ အခြောက်တုံးတို့အထဲမှာ ပထဝီပြဋ္ဌာန်းသောကလာပ် တစ်မျိုးတည်းသာ ရှိသည်ဟု သိကြပြီးသား မဟုတ်ပါလော။

ထိုထို အရည်ဝတ္ထုတို့၏ အတွင်းမှာကား အာပေါပြဋ္ဌာန်းသောကလာပ် တစ်မျိုးသာ ရှိသည်ဟု သိကြပြီးသား မဟုတ်ပါလော။

အစိုကောင်၊ အစိုခဲ၊ အစိုတုံးတို့မှာကား ပထဝီပြဋ္ဌာန်းသောကလာပ် အာပေါပြဋ္ဌာန်းသောကလာပ် ထိုနှစ်ရပ်တို့ တစ်ခုကတစ်ခု မဟုတ်ကြဘဲ အနံ့အပြားကလာပ် နှစ်မျိုးတို့ ရောစပ်တည်ရှိနေကြသည်ကို ရှေ့က ပြခဲ့သည့်အတိုင်း သိရှိပြီးသား မဟုတ်ပါလော။ ဤသုံးမျိုးသော အထည်ဒြပ်ရှိသော ဝတ္ထုတို့မှာ ရှိနေကြတာကို အနံ့အပြားကြည့်ကြ သိကြပြီးမှ အပေါက်အခေါင်း ပေါင်းလောင်းအပြင်ကောင်းကင်အရပ်တို့မှာကား အရောင်ကလာပ်နှင့် အမှောင်ကလာပ် ဤနှစ်ရပ်တို့ တစ်ခုမရှိက တစ်ခုရှိနေကြသည်ကို သင်တို့သိကြပြီးသား မဟုတ်ပါလော။ ဤသို့သိရှိကြသည့်အတိုင်း ကလာပ် ငါးမျိုး ငါးစားတို့သာ ရှိနေကြသည်တို့ကား ရုပ်ဓာတ် ရန်သူကြီးတို့ပေတည်း။

ထိုမှတစ်ပါးသော ထိုထိုအာရုံကို သိတတ်၊ ကြည့်တတ်၊ တွေးတောဆင်ခြင်တတ်သော တရားတို့ကား နာမ်ဓာတ် ရန်သူကြီးတို့ပေတည်း။ ဤရုပ်ဓာတ် နာမ်ဓာတ်တို့ကို အစွဲပြု၍ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့ ထကြွသောင်းကျန်းကြသည်ကား အခြားမဟုတ် ထိုရန်သူတို့၏ ပုန်းအောင်းရာ ပညတ်တို့ကို အမှီပြု၍ ဟိုအကောင်မ ဟိုအကောင်ထီး ဟိုပစ္စည်း ဟိုဥစ္စာ စသည်တို့ဖြင့် အစွဲအလမ်းကြီး တစ်ခုပြု၍ သောင်းကျန်းနေကြကုန်၏။ ပုန်းအောင်းရာ ပညတ်တို့အား ထင်ရှားမရှိ။ ထိုထိုကလာပ်တို့စပ်ဟပ်မိမှ အပေါ်ယံကြောက ထင်မြင်ရသော သဲမှုန့်နှင့် စေတီမှာ ကဲ့သို့ ပုံသဏ္ဌာန် ပညတ်ကလေးသာ ရှိ၏ဟု ထိုထိုပညတ်တို့ကို ပယ်ရှား၍ ရှုကြည့် လိုက်က အတွင်းသားဓာတ် ပရမတ်တရားသာ ရှိ၏။ ထိုတရားတို့သည်ပင် တည်ရှိသည့်အတိုင်းလည်း ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ စသော သတ္တဝါ အမျိုးမျိုးတို့ အမည်နာမတို့ဖြင့် ခေါ်ဝေါ်သမုတ်ကြကုန်၏။ သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ စသော အဝိညာဏကကို အမည်နာမတို့ဖြင့်လည်း ခေါ်ဝေါ် သမုတ်ကြကုန်၏။ ဤသို့ လောကီလူသားတို့ သမုတ်ကြသောကြောင့် သမ္မုတိဟု ဆိုအပ်ပေသတည်း။ ဤဆံပင်၊ မွေးညင်း စသော

WWW.DHAMMARANSI.COM



ပညတ်တို့သည်ကား သမ္မုတိသစ္စာနယ်မှာ အဟုတ်အမှန် ရှိကြကုန်၏။ ဤသို့ အမှန်ရှိကြသောကြောင့် သစ္စာဟု ဆိုအပ်ပေသတည်း။ ထိုပညတ်တို့သည် အတွင်းသား ပရမတ်ထဲမှာသာ မရှိကြကုန်ဟု သိကြပါလေ။ ကျမ်းဂန် သက်သေကား။

**အဋ္ဌမမ္ဘသမောဓာနိ ဟောတိ ကေသာဒိသမ္မုတိ၊**

**တေသံယေဝ ဝိနိဗ္ဘောဂါ နတ္ထိ ကေသာဒိသမ္မုတိ၊**

အနက်မြန်မာကား။ **အဋ္ဌမမ္ဘသမောဓာနီ**၊ ရှစ်ပါး ရှစ်ပါးသော ဓာတ်ကလာပ် အများတို့ ပေါင်းဆုံကြခြားသောကြောင့် (ဝါ) အရည်အဖတ် ဓာတ်ပရမတ်တို့ ပေါင်းဆုံ ကြခြားသောကြောင့်။ **ကေသာဒိသမ္မုတိ**၊ ဆံပင် အစရှိသော (ဝါ) ဆံပင်. မွေးညှင်း. မိန်းမ. ယောကျ်ား အစရှိသော အကောင်အထည်ဒြပ် သမ္မုတိ ပညတ်သည်။ **ဟောတိ**၊ သမ္မုတိသစ္စာနယ်မှာ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ ဤကား သမ္မုတိသစ္စာ ဖြစ်ပေါ်ပုံ တည်း။

သမ္မုတိသစ္စာ မရှိပုံကား။ **တေသံယေဝ**၊ ထိုထိုအတွင်းသား ဓာတ်ပရမတ် အများတို့ကို သာလျှင် (ဝါ) အရည်အဖတ် ဓာတ်ပရမတ်တို့ကိုသာလျှင်။ **ဝိနိဗ္ဘောဂါ**၊ ဓာတ်ပရမတ်ဆိုက်အောင် ခွဲခြမ်းထိုက်ခြင်းကြောင့်။ **ကေသာဒိသမ္မုတိ**၊ ဆံပင် အစရှိသော (ဝါ) ဆံပင်. မွေးညှင်း. မိန်းမ. ယောကျ်ား အစရှိသော အကောင် အထည်ဒြပ် သမ္မုတိပညတ်သည်။ **နတ္ထိ**၊ ဓာတ်အစု၌ တစ်ခုမျှမရှိ (ဝါ) အရည်အဖတ် ဓာတ်ပရမတ်ထဲမှာ နည်းနည်းမှမရှိဟု ဝိသုဒ္ဓိမဂ်လာတိုင်း သိကြပါလေ။ ဤကား အတွင်းသား ပရမတ်ထဲမှာသာ ပညတ်တွေမရှိပုံတည်း။

အချို့သူတို့က ပညတ်ဆိုတာ ဘာတစ်ခုမျှမရှိကြ၍ ဘာမျှ အသုံးမကျဟု ပညတ်ကို လုံးလုံးပယ်ကြ၏။ ထိုပညတ်ကို ပယ်သောသူတို့သည် ထိုထို ပညတ်နှင့် စပ်ရမှ ဖြစ်ကြသော ဒါန၊ သီလ၊ သမထ၊ ဘာဝနာ စသော ကုသိုလ် တရားမျိုး၊ အလောင်းအလျာတို့ ဖြည့်ကျင့် ပွားများအပ်သော ပါရမီ ကုသိုလ်မျိုး တို့နှင့် ဝေးကွာကြကုန်၏။ အကြင်သူတို့သည် ပရမတ္ထသစ္စာတို့ကား ဘုရား ရဟန္တာများ အရာတည်း။ ထိုထိုလူစား သိမြင်နိုင်သော အရာများမဟုတ်ဟု ငြင်းပယ်ကြကုန်၏။ ထိုသူတို့သည် အလောင်းအလျာတိုင်း ပုထုဇဉ်နယ်တွင် အနုမာနဉာဏ်ဖြင့် ပရမတ္ထသစ္စာကို မြင်ဖူးမှ အနုတ္တ ဝိပဿနာဉာဏ် ပေါက်ရောက်ကြမှုကို အကြောင်းအကျိုးတရားတို့ ဖြစ်နေကြသောကြောင့်

WWW.DHAMMARANSI.COM



ပဋ္ဌာန်းတရား အစစ် ဖြစ်နေကြသည်ကို သင်တို့ကိုယ်တိုင်ဉာဏ်နှင့် ကိုယ်တိုင် သိရပြီးမှ ကိလေသာတို့၏ ရှေ့သွားခေါင်းဆောင် ဗိုလ်မှူးကြီးတစ်ဦး ဖြစ်သော သက္ကာယဒိဋ္ဌိ ရန်သူကြီးကို အပြီးတိုင် သတ်ဖြတ်ကြရန် လက်နက်ကား ပါဠိလို ဒိဋ္ဌိဝိသုဒ္ဓိတရားကြီးပေတည်း။ မြန်မာလို အမှားမှ စင်ကြယ်မှု တရားကြီး ပေတည်း။

ဤစကားရပ်၌ ဘယ်အမှားမှ စင်ကြယ်သနည်းဟု မေးမူ။ သတ္တဝါတို့၏ အတွင်းသား ပထဝီကလာပ်၊ အာပေါကလာပ်၊ ရုပ်ဓာတ်ပရမတ်အစုနှင့် ကြံစည် တွေးတော သိရှိတတ်သော နာမ်ဓာတ်ပရမတ်အစုတို့၌ ပရမတ်ဟု မယူဆဘဲ လွဲမှားသောအားဖြင့် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမတွေ၊ သတ္တဝါကောင်တွေ၊ အရှင်ကောင်တွေ စသည် ထင်မြင်လွဲမှားခြင်းမှ စင်ကြယ်ခြင်းကို အမှားစင်ကြယ် သည်ဟု ဆိုလို၏။

ထိုထိုအမှားစင်ကြယ်အောင်ပြုလုပ်ဖို့ကားအမှန်ကိုသိအောင်ပြုလုပ်ကြဖို့ ပေတည်း။ ဘာအမှန်ကို သိအောင် ပြုလုပ်ကြရမည်နည်းဟု မေးမူ။ ရှေ့ပညတ် ပရမတ် ခွဲခန်းက ပြဆိုခဲ့သော သတ္တဝါတို့၏ အတွင်းသား ရုပ်ဓာတ် ပရမတ်တရား မှန်တွေကို ရုပ်ဓာတ် ပရမတ်တရားမှန်တိုင်း သိကြ၊ အပေါ်ယံ မိန်းမ ယောကျ်ား ပုံသဏ္ဍာန် ပညတ်တရားမှန်တွေကိုလည်း ပညတ်တရားမှန်တိုင်း သိကြရအောင် ပြုလုပ်ကြမည်ဟု ဖြေဆိုရပေလိမ့်မည်။

ဤသို့ ပရမတ်မှန် ပညတ်မှန်ကို သိက ပရမတ်မှားမှ စင်ကြယ်ကြ၏။ ထိုပရမတ်မှားမှ စင်ကြယ်က ဒိဋ္ဌိဝိသုဒ္ဓိ အစစ် ဖြစ်ကြ၏ဟု သိကြပါလေ။

ဤစကားရပ်၌ အမှားရှိက အမှန်ရှိမြဲ၊ အမှန်ရှိကလည်း အမှားရှိမြဲ ဓမ္မတာ ဖြစ်သည့်အတိုင်း အမှန်သစ္စာကား သမ္မုတိသစ္စာ ပရမတ္ထသစ္စာ နှစ်မျိုးရှိ၏။ (ဝါ) ပညတ်နယ်က အမှန်တစ်မျိုး၊ ပရမတ်နယ်က အမှန်တစ်မျိုး ဟူ၍ နှစ်မျိုးနှစ်စား ရှိကြ၏ ဟု ဆိုလို၏။

ဤနှစ်စားတို့တွင် အဘယ့်ကြောင့် သမ္မုတိ ဆိုသနည်း။ အဘယ့်ကြောင့် သစ္စာဆိုသနည်းဟု မေးမူ။ ပညတ်နယ်က ဖြစ်ပေါ်နေကြပုံကား ပရမတ်တွေ စပ်ဟပ်မိသောအခါ အပေါ်ယံကြောက ဆံပင်၊ မွေးညင်း စသော ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ အစရှိသော သတ္တဝါ ပုံသဏ္ဍာန် အစားစားတို့ ထင်ရှား ဖြစ်ပေါ်လျက်ရှိကြသော အကောင်အထည် နက် ဖြူ အစားစား တို့သည်

WWW.DHAMMARANSI.COM



လည်းကောင်း၊ သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေစသော အဝိညာဏက ပုံသဏ္ဌာန် အစားစားတို့ ထင်ရှားဖြစ်ပေါ်လျက်ရှိကြသော ထိုထိုဝတ္ထု အနက်ဒြပ် အစားစား တို့သည်လည်းကောင်း၊ ပညတ်နယ်မှာ ထင်ရှားစွာ အဟုတ်အမှန် အားဖြင့်လည်း တည်ရှိကြကုန်၏။ သတိမမူကြ၍ အားမထုတ်ကြသဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော တရား မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့မှ ဝေးကွာကြ ကုန်၏ဟု သိကြပါလေ။

ဤသို့ ပညတ် အနက် ဒြပ် ရှိတိုင်း အမှန်အားဖြင့် ခေါ်ဝေါ် ပြောဆိုသော သူတို့သည် မလိမ်မကောက် မမှောက်မမှား မုသားမဖြစ်ကြကုန်။ ထိုအမှန်မှ တစ်ပါး မိန်းမကို ယောကျ်ား၊ ယောကျ်ားကို မိန်းမ စသည်ဖြင့် ပြောဆိုမှု မမှန် လွဲမှား၍ မုသားဖြစ်၏။ ဤကား သမ္မုတိသစ္စာနယ်မှာ မှန်ချက်နှင့် မှားချက်တို့ ပေတည်း။

❖

## ၃၄။ ပရမတ္ထသစ္စာအရ သဘာဝနှင့် ဒိဋ္ဌိအရ ပရမတ္ထသစ္စာနှင့် အရိယ သစ္စာအရ ခွဲခြား၍ ပြချက်။

(တစ်နည်း) အဘယ့်ကြောင့် ပရမတ် ဆိုသနည်း။ အဘယ့်ကြောင့် သစ္စာ ဆိုသနည်း မေးမူ။ ပထဝီဓာတ် အာပေါဓာတ် အစရှိသော ဓာတ်သဘာဝတရား များသည် သဘောအားဖြင့် သီးခြားထုတ်ယူ၍ မရသော ပုဂ္ဂိုလ်သဏ္ဌာန် ပညတ်၊ သတ္တဝါ သဏ္ဌာန် ပညတ် အစရှိသည်များကဲ့သို့ စိတ်ထဲတွင် ထင်မြင်ရသော အနက်မျိုး မဟုတ်၊ သဘောအားဖြင့် သီးခြားထုတ်ယူ၍ ရသော ကေန်ရှိ အမှန် ရှိသော အနက်သဘောမျိုး ဖြစ်သောကြောင့် သမ္မုတိပညတ် အနက်များထက် လွန်ကဲမြင့်မြတ်သော အနက်သဘောများ ဖြစ်သောကြောင့် ပရမတ္ထဟု ဆိုအပ် ပေသတည်း။

ထိုပထဝီဓာတ် အာပေါဓာတ် အစရှိသော သဘောများသည်လည်း လောကတွင် ကေန်ရှိ အမှန်ရှိဟု မှတ်ယူသည့်အတိုင်း ဘယ်အခါမှာမှ ကေန်ရှိ မဟုတ်ပြန်ပြီ အမှန်ရှိ မဟုတ်ပြန်ပြီ ဟု ဖောက်ပြန်ခြင်း မရှိခြင်းကြောင့် သစ္စာဟု ဆိုအပ်ပေသတည်း။

ဤသို့ ပရမတ်သဘောတရားရှိတိုင်း သိမှတ် ပြောဆိုသော သူတို့သည် ပရမတ်နေရာ၌အမှန်သိရှိပြောဆိုသောသူ မည်၏။ ထိုသို့မဟုတ်ဘဲ အတွင်းသား

WWW.DHAMMARANSI.COM



ပရမတ်တို့ကိုပင် အပေါ်ယံတွင် ထင်မြင်နေရသော ငါသူတစ်ပါး စသော ပညတ် အနေနှင့် ထင်မြင် ပြောဆိုနေကြပါမူ ပရမတ်၌ အမှားထင်မြင် ပြောဆိုသောသူ မည်၏။ (ငါ) မြန်မာလို ပရမတ်မှား၊ ပါဠိလို သက္ကာယဒိဋ္ဌိ ဖြစ်၏ဟု ပြောဆိုအပ်၏။

ဤသက္ကာယဒိဋ္ဌိ ဆိုသော စကားသည် ဝိပဿနာတရားကို အားထုတ်သော ပုဂ္ဂိုလ်တို့၏ အလယ်၌ တကယ်တမ်း တွင်တွင်ကျယ်ကျယ် ပြောဆိုနေကြသော စကားကြီးတစ်ခု ဖြစ်သောကြောင့် ဤအရာ၌ ထင်ရှားအောင် ပြရမူ။

❖

## သက္ကာယ နှင့် ဒိဋ္ဌိ ခွဲပြချက်

အဘယ်ကို သက္ကာယ ဆိုသနည်း။ အဘယ်ကို ဒိဋ္ဌိ ဆိုသနည်းဟု မေးမူ။ သတ္တဝါ တို့၏ အတွင်းရှိ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်စစ် အပေါင်းကို သက္ကာယဟု ဆိုအပ်၏။ ဤပရမတ်အပေါင်း၌ ပရမတ်ဟု မယူဆဘဲ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမစသော ပညတ် အတ္တအနေအားဖြင့် အထင်အမြင် အယူအဆ လွဲမှားချက်ကို ဒိဋ္ဌိဟု ဆိုအပ်၏ ဟု ဖြေဆိုရပေလိမ့်မည်။

ကျမ်းဂန်သက်သေကား။

**သန္တောကာယော သက္ကာယော သက္ကာယေဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။**

**သန္တော**၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ **ကာယော**၊ တရားအပေါင်း တည်း။ **သက္ကာယော**၊ ပရမတ္ထတရားအပေါင်း။ ဤကား သက္ကာယအရ ပရမတ် တရားတို့ကို ရ၏။

**သက္ကာယေ**၊ ပရမတ္ထတရားအပေါင်း၌။ **ဒိဋ္ဌိ**၊ ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, အတ္တ, ဇီဝ စသည် ထင်မြင်မှားချက်တည်း။ **သက္ကာယဒိဋ္ဌိ**၊ ပရမတ္ထတရား အပေါင်း၌ ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, အတ္တ စသည် ထင်မြင်မှားချက်။ ဤကား ဒိဋ္ဌိအရ ပရမတ် တို့၌ ငါ, သူတစ်ပါး စသည် ထင်မြင်လွဲမှားချက်ရ၏ဟု မဇ္ဈိမဋ္ဌကထာနှင့်တကွ ဝိသုဒ္ဓိမဂ် မဟာဋီကာ စသော ကျမ်းဂန်တို့မှာ လာတိုင်း သိအပ်၏။

ဤစကားကို ထင်ရှားအောင် တစ်နည်း ပြဆိုရမူ။ သဲပုံစေတီ၌ သဲတခြား စေတီတခြားဟု ခွဲခြား၍ သိသူတို့ကို သဲသည်ပင်လျှင် စေတီ၊ စေတီပင်လျှင် သဲတည်းဟု ပြောဆိုလာမူ ကေန်မှားပြီဟု သူတစ်ပါးစကားအရနှင့် သိမှတ်

WWW.DHAMMARANSI.COM



ပြောဆိုရသည် မဟုတ်ဘဲ မိမိကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် အတတ်သိရသလို ဤပုဂ္ဂိုလ် သတ္တဝါ စသည်တို့၌လည်း အတွင်းသား ပထဝီကလာပ် အာပေါ ကလာပ် စသော ပရမတ်တို့က တခြား၊ အပေါ်ယံ ငါ. သူတစ်ပါး. ယောက်ျား. မိန်းမတို့ ပုံသဏ္ဍာန် ပညတ် စသည်တို့က တခြားဟု ခွဲခြား၍ သိသူတို့ကို အတွင်းသား တစ်ကိုယ်လုံးရှိ တစ်ကောင်လုံးရှိ ပရမတ်တို့သည် ပင်လျှင် ငါ . သူတစ်ပါး. ယောက်ျား. မိန်းမ စသည်တို့ပေတည်း။

ထို ငါ. သူတစ်ပါး. ယောက်ျား. မိန်းမ စသည်တို့သည်ပင်လျှင် အတွင်းသား တစ်ကိုယ်လုံးရှိ တစ်ကောင်လုံးရှိ ပရမတ်တို့ပေတည်းဟု ပြောဆိုလာမှု ထိုပြောဆို လာသူတို့သည် ပရမတ်၌ အမှားထင်နေကြပြီ။ (ဝါ) သက္ကာယ၌ ဒိဋ္ဌိဖြစ်နေကြပြီဟု သူတစ်ပါးစကားအရနှင့် သိမှတ်ပြောဆိုရသည် မဟုတ်ဘဲ မိမိကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် အတပ်သိကြကုန်၏။ (ဝါ) သိအောင် မကြာမကြာ အခါခါ အထပ်ထပ် ဤသက္ကာယဒိဋ္ဌိအရ ပြသောစာကို ကြည့်ရှုအပ် ဆင်ခြင်အပ် နှီးနှောအပ် မေးမြန်းအပ် သိရှိအပ်၏။ ရေးပညတ် ပရမတ် ခွဲခန်းကပြခဲ့သော သတ္တဝါတို့ အတွင်းရှိ ရုပ်ဓာတ် ကလာပ်နှင့် ပညတ်တို့ ခြားနားအောင် ပြသည့်အချက်နှင့်လည်း အလွန်ထင်ရှား၏။

ဤသို့ပရမတ်၌ ပရမတ်အတိုင်း သိမှု ဒိဋ္ဌိဝိသုဒ္ဓိက အထက်ဉာဏ်တွေကို သိနိုင် တက်နိုင်ကြ၏။ ထိုပရမတ်ကို ပရမတ်အတိုင်း မသိဘဲ ငါ. သူတစ်ပါး. ယောက်ျား. မိန်းမ. အတ္တ. ဇီဝ စသည် မှား၍သိမှု သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို ပြချက်တည်း။

ဤသက္ကာယဒိဋ္ဌိမှ လွတ်အောင် အားထုတ်၍ သွားပါမှု အရဟတ္တ မဂ်ဉာဏ်သို့ကျအောင် ဉာဏ်အဆင့်ဆင့် တက်သွားနိုင်၏။ ဤသို့တက်သွားနိုင် ကြပါမှု တစ်ထောင့် ငါးရာ ကိလေသာတို့၏ ရှေ့သွားခေါင်းဆောင် ဗိုလ်မှူးကြီး တစ်ဦးဖြစ်သော သက္ကာယ ဒိဋ္ဌိ ရန်သူကြီးကို ပယ်ဖြုတ်၍ ပရမတ်မှန် ပညတ်မှန်ကို သိသော ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ရရန် စစဦး အလုပ်ကို အားထုတ်ယူကြရပုံကို အကျဉ်းမျှ ပြချက်ပါတည်း။

❖

WWW.DHAMMARANSI.COM



## သစ္စာ ၂ပါး ခွဲပုံ ပြချက်

ရှေ့၌ကပြခဲ့သော ပရမတ္ထသစ္စာ၌လည်း သဘာဝသစ္စာ အရိယသစ္စာဟူ၍ နှစ်မျိုးနှစ်စား သဘောအားဖြင့် ပြားပြန်၏။ ထိုနှစ်ပါးတို့တွင် သဘာဝသစ္စာ ဆိုသည်ကား ကောင်းသောချမ်းသာကို ပေးတတ်သော သဘာဝကြောင့် ကုသိုလ်ဆိုရသော တရားသည်ရှိ၏။ ချမ်းသာသုခခေါ်ဆိုရသော ဝေဒနာကောင်းလည်းရှိ၏။ ဤကား သဘာဝသစ္စာ နှစ်မျိုးပေတည်း။

(တစ်နည်း) မကောင်းကျိုးကို ပေးတတ်သော အကုသိုလ်သဘာဝရှိ၏။ ဆင်းရဲ ဒုက္ခခေါ်ဆိုရသော ဝေဒနာဆိုးလည်း ရှိ၏။ ဤသို့ သဘာဝချင်း ခြားနားလျက် ရှိနေသောကြောင့် ကုသလ အကုသလ ဟူ၍လည်းကောင်း၊ သုခ ဒုက္ခ ဟူ၍လည်းကောင်း နှစ်မျိုးနှစ်စားစီ ခေါ်ရပြန်၏။ ဤကား သဘာဝသစ္စာ အလိုတည်း။

အရိယသစ္စာဆိုသည်ကား ဘယ်အခါမှာမှ သဘာဝ ဝေါဟာရအားဖြင့် လွဲပ်ရှားခြင်း မရှိသောကြောင့် အရိယာသစ္စာ ဆိုပေသတည်း။ လွှပ်ရှားခြင်း မရှိပုံကား။ သဘာဝသစ္စာ၌ လောကီကုသိုလ် (၁၇)ခုသည် ကောင်းသော အကျိုးကို ပေးတတ်သည်ဟု ဆို၏။ အရိယသစ္စာသို့ ရောက်သည်ရှိသော် ထိုလောကီကုသိုလ် (၁၇)ခုသည် ဖြစ်ချုပ်တတ်သော မကောင်းသောတရားမျိုး ဖြစ်သောကြောင့် ဒုက္ခသစ္စာ ဖြစ်ရပြန်၏။ မကောင်းသောသစ္စာ၊ မကောင်းသော တရား၊ မချမ်းသာသောတရားများ ဟူ၍ ဆိုလို၏။

အဘယ့်ကြောင့် မကောင်းသနည်း။ မချမ်းသာသနည်း ဆိုသော် ထိုချမ်းသာသော သုခဝေဒနာတို့သည် ကိလေသာတို့၏ စားဖတ် ဝါးဖတ် သုံးသပ် နင်းနယ်ရာ အာရုံတရားများ ဖြစ်ကြသောကြောင့်လည်းကောင်း၊ လောဘမီး၊ ဒေါသမီး၊ မောဟမီး အစရှိသော မီး(၁၁)ပါးတို့၏ တောက်လောင်ရာ မီးစာ တရားများ ဖြစ်လေသောကြောင့် လည်းကောင်းတည်း။

ဤသို့လျှင် သဘာဝသစ္စာသည် အရိယာသစ္စာကို ထောက်သော် လွှပ်ရှားခြင်း ရှိ၏။ အရိယသစ္စာမှာမူကား အသင်္ခတဖြစ်သော နိဗ္ဗာန်သည် သာလျှင် ကောင်းကျိုး ချမ်းသာ အမှန်ဖြစ်၏။ နိဗ္ဗာန်သို့ရောက်စေတတ်သော လောကုတ္တရာ မဂ္ဂင်ရှစ်ပါးသည် သာလျှင် ကောင်းကျိုးချမ်းသာကို ပေးစေ တတ်သော တရားဖြစ်၏။

WWW.DHAMMARANSI.COM



ဤ၌နိဗ္ဗာန်ကို ကောင်းကျိုးချမ်းသာ ဆိုခြင်းသည် လှုပ်ရှား ပူပန်ခြင်းမရှိ အခါခပ်သိမ်း ငြိမ်းအေးခြင်း သန္တိသုခ ဖြစ်သဖြင့် မြဲသောကြောင့် ချမ်းသာဟု ဆိုအပ်၏။ ထိုမြဲသည့် ကောင်းသောချမ်းသာကို ပေးတတ်သောကြောင့် မဂ္ဂင် ရှစ်ပါးသည် ကောင်းကျိုးချမ်းသာကို ပေးတတ်သောတရား အမှန်ဖြစ်၍ တခြား တစ်ပါး ဖြစ်ရန် လှုပ်ရှားခြင်းမရှိ၊ ထို့ကြောင့် အရိယသစ္စာ ခေါ်ပေသတည်း။ ဤကား သဘာဝသစ္စာ အရိယသစ္စာနှစ်ပါး ခွဲခန်းတည်း။

❖

## ၃၅။ ကမ္မဋ္ဌာန်းတရားဝိသုဒ္ဓိအရ အကြောင်းကို သိမ်းဆည်းရှုကြည့်ရာ၌ ဗုဒ္ဓ ဘာသာအလို၊ ခရစ်ယာန်အလို အားဖြင့် ခွဲခြား၍ ပြချက်။

အို ... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့၊ သင်တို့သည် ရှေ့ကပြခဲ့သည့်အတိုင်း သတ္တဝါတို့၏ အတွင်းရှိ အရည်ကလာပ်၊ အဖတ် ကလာပ်တို့အထဲမှာ ငါ သူတစ်ပါး ယောက်ျား မိန်းမ စသည်တို့ ကေန်မှုချ မရှိကြပုံနှင့် အပေါ်ယံကြောကသာ ထို မိန်းမ ယောက်ျား ပုံသဏ္ဌာန်တို့ ထင်မြင်နေရပုံများကို အတတ်သိရှိကြရသဖြင့် ငါ သူတစ်ပါး ယောက်ျား မိန်းမ တို့ပဲဟု အထင်အမြင် လွဲမှားသော သက္ကာယဒိဋ္ဌိ ရန်သူကြီးများကို ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်နှင့် ပယ်ဖြုတ် အောင်မြင် ကြသည် မဟုတ်ပါလော။

ဤရန်သူကြီးကိုအောင်မြင်ပြီးနောက် နာမ်ရုပ်တို့၏အကြောင်းကို သို့လော သို့လော တွေးတော ယုံမှားသော ဝိစိကိစ္ဆာ ရန်သူကြီးကို ဖျက်ဆီးအောင်မြင်ရန် လက်နက်ကား။ ပါဠိလို ကင်္ခါဝိတရဏဝိသုဒ္ဓိ တရားကြီးပေတည်း။ မြန်မာလို ယုံမှား လွန်မြောက် စင်ကြယ်သော တရားကြီးပေတည်း။

ဤစကားရပ်၌ အဘယ် ယုံမှားခြင်းမှ စင်ကြယ်သနည်းဟု မေးမူ။ နာမ်ရုပ် တို့၏အကြောင်းရင်း အစစ်ကို မသိကြဘဲ သို့လော သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာနယ်ထဲမှ လွန်မြောက်ကြရန် ထိုထိုနာမ်ရုပ်တို့၏ အကြောင်းရင်းအမှန်ကို သိအောင် ပြုလုပ် အားထုတ်၍ ထိုထိုနာမ်ရုပ်တို့ ဖြစ်ကြောင်းကို သို့လော သို့လော တွေးတော ခြင်းမှ စင်ကြယ်ခြင်းပေတည်းဟု ဖြေဆိုရပေလိမ့်မည်။

ဤအရာ၌ နာမ်ရုပ်အစစ်တို့အကြောင်းကို မပြသေးဘဲ ဤကမ္ဘာလောက ကြီးတွင် ထင်မြင်ယူဆနေကြသော အယူဝါဒ အမျိုးမျိုးတို့တွင် သတ္တဝါတို့နှင့်

WWW.DHAMMARANSI.COM



ကမ္ဘာလောကကြီးတို့၏ ဖြစ်ပေါ်ခြင်း အကြောင်းရင်းတို့ကို အချို့ဝါဒရှိသူတို့က အမျိုးမျိုး ပြောဆိုလျက် ရှိနေကြသောကြောင့် ထိုထိုအကြောင်းအကျိုးများ အစားစားတို့ကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် စဉ်းစားကြ၍ သိရှိနိုင်လောက်ရုံမျှ ကမ္ဘာတည်ပုံ ကမ္ဘာပေါ်မှာရှိနေကြကုန်သော သက်မဲ့ဝတ္ထုမျိုးတို့၏ ကမ္ဘာဦးအခါ၌ အစဦးစွာ ဖြစ်ပေါ်ပုံ များကို ဗုဒ္ဓဘာသာ အလိုတစ်ချက် ကမ္ဘာဦးကျမ်းခေါ်သော ခရစ်ယာန်ဘာသာ အလို တစ်ချက် ဤနှစ်ချက်တို့ဖြင့် ပြဆိုရာ၏။

ဤလောကသည် သက်ရှိသက်မဲ့ ဝတ္ထုမျိုး အမှုမျိုး ဟူသမျှတို့သည် အကြောင်းနှင့်ကင်း၍ဖြစ်နိုင်မည်လောဟုမေးမူ မဖြစ်နိုင်ဟု ဖြေဆိုရပေလိမ့်မည်။

ထိုသို့မဖြစ်နိုင်ပုံကို ဗုဒ္ဓဘာသာအလို၌ ဤကမ္ဘာမြေကြီးသည် တည်ချည် ပျက်ချည် နေ၏။ ကမ္ဘာအစဉ်အဆက်အားဖြင့် ရှေ့၌လည်း အစမရှိ၊ နောက်၌ လည်း အဆုံးမရှိ၊ တစ်ခုတစ်ခုသော ကမ္ဘာ၌မူကား အဆုံးအစရှိ၏။ တစ်ခု တစ်ခုသော ကမ္ဘာ၏ အစဦးစွာ တည်ထောင်ပုံကို ပြဆိုရာ၏။

ကမ္ဘာပျက်သောအခါ၌ ဤမဟာပထဝီမြေကြီးမှစ၍ လူ့ဘုံ၊ ၎င်းအထက် နတ်ပြည်ခြောက်ဘုံ၊ ၎င်းအထက် ထာဝရဘုရားခေါ်သော မဟာဗြဟ္မာမင်းကြီး တည်နေရာ ပထမဈာန်သုံးဘုံ၊ ၎င်းအထက် ဒုတိယဈာန်သုံးဘုံ၊ ၎င်းအထက် တတိယဈာန်သုံးဘုံတိုင်အောင် ပျက်၏။ ၎င်းအထက် (၁၁)ဘုံကား ကမ္ဘာပျက် သောအခါ ပျက်သည်ဟူ၍ မရှိပြီ။

သက်မဲ့ဝတ္ထုမျိုး သက်ရှိဝတ္ထုမျိုးတို့ကို အသစ်အသစ် ဖြစ်ပေါ်လေအောင် ဖန်ဆင်းတည်ထောင်လေသော ပဓာနဓာတ်ကြီးနှစ်ပါးရှိ၏။ ဥတုခေါ်သော ရုပ်ဓာတ်ကြီးတစ်ပါး၊ စေတနာကံခေါ်သော နာမ်ဓာတ်ကြီးတစ်ပါး သက်မဲ့ဝတ္ထုမျိုး တို့ကို ဥတုခေါ်သော ရုပ်ဓာတ်ကြီးသည် ဖန်ဆင်း၏။

သက်ရှိဝတ္ထုမျိုးတို့ကို စေတနာကံခေါ်သော နာမ်ဓာတ်ကြီးသည် ဖန်ဆင်း၏။ ဥတုခေါ်သော ရုပ်ဓာတ်ကြီးမှာလည်း အကူအပံ့ဖြစ်သော ဓာတ်ဆိုး ဓာတ်ကောင်း အလွန်များပြား၏။ စေတနာကံခေါ်သော နာမ်ဓာတ်ကြီးမှာလည်း သဒ္ဓါ ပညာ စသော ဓာတ်ကောင်း၊ လောဘ ဒေါသ မောဟ အစရှိသော ဓာတ်ဆိုး အမျိုးမျိုး အကူအပံ့ အလွန်များပြားလှ၏။

ဥတုခေါ်သော ရုပ်ဓာတ်ကြီးသည် ကမ္ဘာအဆက်ဆက် အစဉ်မပြတ် တည်ရှိ ၏။ ထိုဓာတ်ကြီးသည် ကမ္ဘာမြေကြီးကိုလည်း တည်ထောင်၏။ ကမ္ဘာပေါ်မှာ

WWW.DHAMMARANSI.COM



သစ်ပင်၊ တော၊ တောင်ကြီးကိုလည်း တည်ထောင်၏။ တာရာ အစရှိသော ကမ္ဘာ အဆောက်အဦ တို့ကိုလည်း တည်ထောင်၏။ လောက၌ ညောင်မျိုးစေ့တွေသည် ညောင်ပင်ကြီးတွေကို ဖန်ဆင်းတည်ထောင်သကဲ့သို့တည်း။

ဓာတ်ကို မသိကြသော လောကီသားတို့ အလိုအားဖြင့် ညောင်ပင်ကြီးသည် ညောင်စေ့မှ ဖြစ်ပေါ်သည်ဟု ဆိုရ၏။ ဓာတ်ကိုသိသော သူတို့၏ အလိုအားဖြင့် ညောင်စေ့၏အတွင်းမှာ အပင်ကိုဖြစ်စေတတ်သည့်ဥတုခေါ်သော ဓာတ်စွမ်းကောင်း ရှိ၏။ ထိုဥတုဓာတ်စွမ်းကောင်းမှ ညောင်ပင်ဖြစ်၏။

ကမ္ဘာဦး၌ စဦးဖြစ်သော သစ်ပင်တို့၌မူကား ထင်ရှားရှိနေကြသော ကမ္ဘာကြီးတို့ အကုန်ပျက်သော်လည်း ကမ္ဘာအဆက်ဆက် အစဉ်မပြတ် တည်ရှိသော အပင်ကို ဖြစ်စေတတ်သည့် ထိုဥတုဓာတ်စွမ်းကောင်းဖြင့်ပင် စဦးမှ ဖြစ်ပေါ် ဆက်လက်ရှိကြ၍ ဤကမ္ဘာတွင် ညောင်ပင် ညောင်စေ့ စသည်တို့အစဉ်အဆက် ဖြစ်ပွား၍နေကြ၏။ ခပ်သိမ်းသော သစ်ပင်၊ နွယ်၊ မြက်၊ ကောက် စသည် တို့မှာလည်း ဤနည်းအတူ သိကြပါလေ။

စေတနာကံခေါ်သော နာမ်ဓာတ်ကြီးမူကား တစ်ယောက်ယောက်သော သတ္တဝါ၏သန္တာန်တွင် အစဉ်အဆက်တည်ရှိ၏။ တစ်ယောက်ယောက်သော သတ္တဝါ ဘဝအစဉ်မှာ ဦးခေါင်း ခြေလက် အစရှိသော ရုပ်ဓာတ်ခဲစုသည်သာ တစ်ဘဝတစ်ဘဝလျှင် တစ်ခါတစ်ခါ အစဉ်ပြတ်၏။ နာမ်ဓာတ်စုကား အစဉ် ပြတ်သည်ဟူ၍မရှိ။ အနန္တရပစ္စည်း ပဋ္ဌာန်းကြီးဖြစ်၍ ဘဝအဆက်ဆက် ကမ္ဘာ အဆက်ဆက် အကြောင်းအကျိုး အစဉ်တစ်စပ်တည်း သွား၏။

အောက်တစ်ခွင်၌ ကမ္ဘာပျက်၍ နေသောအခါ ကမ္ဘာမပျက်သော အထက်ဘုံ၌ စေတနာကံကြောင့် သတ္တဝါတို့အသစ်အသစ်ဖြစ်၍နေကြရကုန်၏။ အောက်တစ်ခွင်၌ ကမ္ဘာတည်ထောင်၍ လာသောအခါ အထက်အထက် ဘုံတို့မှ သေလွန်ကြသော အချို့အချို့သော သတ္တဝါတို့သည် စေတနာကံ ဖန်ဆင်းချက်နှင့် အောက်ဘုံ၌ ဖြစ်ပေါ်လာကြ ကုန်၏။ ထိုမှ ဆက်လက်၍ ယခုထက်တိုင် သားစဉ် မြေးဆက် ဖြစ်ပွား၍ နေကြကုန်၏။ ယခုတည်ရှိနေသော ဤကမ္ဘာပျက်ဆုံး ပြန်သောအခါ ကမ္ဘာမပျက်သော အထက်ဘုံသို့ ရောက်ကြပြန်လတ္တံ့။ နောင် ကမ္ဘာသစ တည်ထောင်ပြန်သောအခါလည်း အောက် အောက်ဘုံ၌ ဖြစ်ပေါ် လာကြကုန်လတ္တံ့။ ဤကား ဗုဒ္ဓဘာသာအလိုတည်း။

WWW.DHAMMARANSI.COM



ခရစ်ယာန်ဘာသာအလိုကား ကမ္ဘာ၊ မြေ၊ ရေ၊ မိုးကောင်းကင်မှစ၍ သက်ရှိ သက်မဲ့ အလုံးစုံသည် ထာဝရဘုရား ဖန်ဆင်း၍ ဖြစ်ရသည်။ အကျယ်ကိုမူကား။ ကမ္ဘာဦးကျမ်းခေါ်သော ဓမ္မကျမ်းဟောင်းတွင် ကြည့်လေ။

❖

## ၃၆။ မိမိတို့ အယူဝါဒနှင့် မိမိတို့ ဟုတ်ကြတာချည်းပဲဟု ဆိုသော်လည်း ပညာရှိ အများတို့ စဉ်းစားကြည့်ကြဖို့ အချက်တို့ကား။

ထာဝရဘုရား ဖန်ဆင်းထားတာချည်း အစစ် ကေန်ဖြစ်မူ ရေသတ္တဝါ၊ ကုန်းသတ္တဝါ အပေါင်းတို့တွင် တတ်သိလိမ္မာရှိသော သတ္တဝါသည် အလွန်နည်းပါး၏။ မတတ်မသိသောသတ္တဝါ၊ မိုက်မဲသောသတ္တဝါ တို့သည်သာ အလွန်များပြားကုန်၏။ လူ သတ္တဝါတို့မှာပင် လိမ္မာသောလူ အလွန်နည်းပါး၏။ မိုက်မဲသောလူ အလွန်များပြား၏။ ထာဝရဘုရားသည် မိုက်မဲသောလူ၊ မိုက်မဲသောစိတ်၊ မိုက်မဲသောဒုစရိုက် တို့ကို အဘယ့်ကြောင့် ဖန်ဆင်းရလေသနည်း။

လူတို့၌လည်း ချမ်းသာသူ အလွန်နည်းပါး၏။ ဆင်းရဲသူ အလွန်များ၏။ ထာဝရဘုရားသည် ဆင်းရဲသောသူတို့ကို အဘယ့်ကြောင့် ဖန်ဆင်းရလေသနည်း။

ထာဝရဘုရားကို မကိုးကွယ်သောလူတို့သည် အလွန်များပြားကုန်၏။ ထာဝရဘုရားသည် ထိုသူတို့ကို အဘယ့်ကြောင့် ဖန်ဆင်းရလေသနည်း။

လူတို့တွင် အနာဆိုး ရောဂါဆိုးတို့သည် များစွာရှိကုန်၏။ လူတို့တွင် မကောင်း သော အမှုမျိုးတို့သည် များစွာရှိကုန်၏။ ထာဝရဘုရားသည် ရောဂါဆိုး အနာဆိုး မကောင်းသော အမှုမျိုးတို့ကို အဘယ့်ကြောင့် ဖန်ဆင်းရလေသနည်း။

ရေ၊ မြေ၊ တော၊ တောင်၊ ကျောက်လုံး၊ ကျောက်ပြား၊ သစ်ပင်၊ ချုံ၊ မြက် တို့မှာလည်း အကောင်းကား အလွန်နည်း၏။ မကောင်းသည်သာ များလှ၏။ ထာဝရဘုရားသည် မကောင်းသည်ကိုသာ များများ အလိုရှိလေသလော။ သို့တည်း မဟုတ် ဖန်ဆင်းတော်မူသော တန်ခိုးတော်က မျိုးမစင်ကြယ်၍ မကောင်းမှုတွေ များများကြီး ဖြစ်ထွန်း၍ နေလေသလောဟု မေးခဲ့သော် များစွာ အဖြေရခက်လိမ့်မည်များကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် စဉ်းစားကြည့်ထိုက်သည်

WWW.DHAMMARANSI.COM



မဟုတ်ပါလော။ သို့တည်းမဟုတ် ထာဝရဘုရား ဖန်ဆင်းသည်ဆိုသော စကားသည် ရှင်္ဂီစကားပင် ဖြစ်လေသလောဟု တွေးတောဆင်ခြင်ဖွယ် ရှိချေသည်။

ဗုဒ္ဓဘာသာအလိုကား အခြားသူ ဖန်ဆင်း၍ အကောင်းအဆိုး အမျိုးမျိုးတို့ ဖြစ်ပေါ်နေရသည်မဟုတ်။ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ် အမျိုးမျိုး ပဋ္ဌာန်း အကြောင်းအကျိုးကြောင့် အကောင်းအဆိုး အမျိုးမျိုးတို့ ဖြစ်ပေါ်တည်ရှိနေကြကုန်၏။ ထိုထိုအကြောင်းတရားထဲက ဥတုခေါ်သော ရုပ်ဓာတ်ကြီးသည် အကောင်းအမျိုးမျိုး အဆိုးအမျိုးမျိုး အနန္တရှိသည်တွင် အကောင်းအမျိုးမျိုးတို့မှ ကောင်းသော ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ သရက်၊ ပိန္နဲ၊ ပြောင်း၊ ပဲ အစရှိသော ဝတ္ထုတို့ ဖြစ်ပေါ်ပွားများ၍ နေကြကုန်သည်။ အဆိုးမျိုး အနန္တတို့မှ မကောင်းသော မြေ၊ ရေ၊ ကျောက်၊ သံ၊ သစ်ပင်၊ တော၊ ချုံ၊ နွယ်၊ မြက် စသည်ဖြင့် ဖြစ်ပေါ်ပွားများ၍ နေကြသည်ဟု သိအပ်၏။

စေတနာကံခေါ်သော နာမ်ဓာတ်ကြီးသည်လည်း ဒါန၊ သီလ၊ ဘာဝနာ၊ သဒ္ဓါ၊ ပညာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စသည်တို့နှင့် ယှဉ်သော အကောင်းအမျိုးမျိုး လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆေရ စသည်တို့နှင့် ယှဉ်သော အဆိုးမျိုး အနန္တရှိသည်တွင် အကောင်းအမျိုးမျိုးတို့မှ လူခေါ်သော ဓာတ်တုံး ဓာတ်ခဲ အမျိုးမျိုး၊ နတ်ခေါ်သော ဓာတ်တုံး ဓာတ်ခဲ အမျိုးမျိုး၊ ဗြဟ္မာခေါ်သော ဓာတ်တုံး ဓာတ်ခဲ အမျိုးမျိုး ဖြစ်ပေါ်ပွားများ၍ နေကြကုန်သည်။ အဆိုးမျိုး အနန္တတို့မှ ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ တိရစ္ဆာန်၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ် ခေါ်ကြသော ဓာတ်တုံး ဓာတ်ခဲ၊ ပဋ္ဌာန်းတုံး ပဋ္ဌာန်းခဲ အနန္တ ဖြစ်ပေါ် ပွားများ၍ နေကြကုန်သည်ဟု သိအပ်၏။

ရုပ်ဓာတ် နာမ်ဓာတ် နှစ်မျိုးလုံးသည် အားရှိသော အကောင်းမျိုးတို့နှင့် ရောနှောမိပြန်လျှင် အကောင်းဖြစ်၍ သွားကုန်၏။ အားရှိသော အဆိုးမျိုးတို့နှင့် ရောနှောမိပြန်လျှင် အဆိုးဖြစ်၍ သွားကုန်၏။ သူ့အလိုလျောက် ပေါက်လွှတ်ထားခဲ့လျှင် အဆိုးဘက်သို့သာ လဲမြဲဖြစ်၏။ အပြုအပြင် ကောင်းပြန်လျှင် ဣဒ္ဓိလမ်း၊ သမာဓိလမ်း ဖြစ်ပြားအံ့။ ဝိဇ္ဇာ ဇော်ဂျီတို့နှင့်တကွ ထာဝရဘုရားခေါ်သော မဟာဗြဟ္မာမင်းကြီးတို့အဖြစ်တိုင်အောင်လည်းကောင်း၊ ထိုမှအထက် အဆင့်ဆင့်သော ဗြဟ္မာမင်းကြီးတို့အဖြစ်တိုင်အောင်လည်းကောင်း ပေါက်ရောက်နိုင်၏။ ဗုဒ္ဓလမ်း ပညာလမ်း ဖြစ်ပြားအံ့။ သဗ္ဗညုဘုရားအဖြစ်တိုင်အောင် ပေါက်ရောက်နိုင်၏။ဤကား ဗုဒ္ဓဘာသာအလိုတည်း။

❖

WWW.DHAMMARANSI.COM



## ၃၇။ ဤကမ္ဘာလောကကြီး၌ ဖန်ဆင်းသူ ရှိ,မရှိအရကို ဗုဒ္ဓဘာသာ ခရစ်ယာန် ဘာသာ နှစ်ပါးအရနှင့် ရှင်းလင်း၍ ပြချက်။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့သည် မျက်မှောက်အရေးထက် ဘဝသံသရာ ကမ္ဘာတစ်လျှောက်လုံး တို့မှာ ဖြစ်ပျက်သွားကြရမည့် ကျင့်ကြံ အားထုတ်ရသော ဘာသာရေးကြီးများကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်ကြည့်ရှု စဉ်းစား၍ သိရှိထိုက်သည် မဟုတ်ကြ ပါလော။ ဤသို့သင်တို့သိရှိရန် ဉာဏ်အကူအညီရခြင်းငှာ ရေးကပြခဲ့ပြီးနှင့်တကွ နောင်ပြလတ္တံ့ကိုပါ ကြပ်ကြပ်ကြီး စဉ်းစားကြပါကုန်လော။

ဤလောကကြီးကို ပြုသူမရှိက ဖြစ်ပေါ်နိုင်မည်လောဟု မေးခဲ့မှု ထိုအမေး၌ ပြုသူအမှုသည် အမျိုးမျိုးရှိသည်ဟု ဖြေဆိုရပေလိမ့်မည်။ ထိုအမှုသည် အမျိုးမျိုးကား ဗုဒ္ဓဘာသာအလို ဓာတ်တုံး ဓာတ်ခဲစု တို့ပေတည်း။ လူခေါ်သော ဓာတ်တုံး ဓာတ်ခဲကြီး တစ်စုတို့၌ ရုပ်ဓာတ် အမျိုးမျိုး နာမ်ဓာတ် အမျိုးမျိုးရှိ၏။ ရုပ်ဓာတ်အမျိုးမျိုး တို့သည်ကား မြေဓာတ် ရေဓာတ် မီးဓာတ် အစရှိသည်တည်း။ နာမ်ဓာတ်အမျိုးမျိုး ဆိုသည်ကား မြင်သိဓာတ်၊ ကြားသိဓာတ်၊ နံသိဓာတ်၊ လျက်သိဓာတ်၊ တွေ့သိဓာတ်၊ ကြံသိဓာတ် အစရှိသည်တည်း။ ထိုရုပ်ဓာတ် နာမ်ဓာတ်တို့သည် သဘောအားဖြင့် အသီးအခြားတို့သာတည်း။

ဥရောပတိုက်သား ဆရာဝန်ကြီးတို့သည်လည်းကောင်း၊ ဆိုင်ယင်းစ် ပညာကို တတ်ကြကုန်သော လောကဓာတ်ပညာရှိ ဆရာကြီးတို့သည် လည်းကောင်း၊ ထိုထိုသော ဝတ္ထုတို့၌ ဓာတ်ထုတ်မှု ဓာတ်ဖော်မှု ဓာတ်ခွဲမှု တို့ကို လေ့ကျင့်ကြကုန်၏။ ထိုပညာရှိကြီးတို့သည် ရုပ်ဓာတ်တုံး ရုပ်ဓာတ်ခဲ တို့ကိုသာ ခတ်ခွဲနိုင်ကြကုန်သည်။ နာမ်ဓာတ်စုကို မခွဲနိုင်ကြကုန်။ လောက၌ ထိုထို ကောင်းသောအမှုမကောင်းသောအမှုတို့ကို ဓာတ်တို့သည်သာပြုလုပ်နိုင်သည်။ ခတ်ကိုလွှတ်၍ထိုထိုသောအမှုကိုပြုနိုင်သောပုဂ္ဂိုလ်ဟူ၍မရှိ၊ သတ္တဝါဟူ၍မရှိ။ ကောက်စပါးတို့၏ ဖြစ်ထွန်းမှု၌ လောကီသားတို့၏ အလိုအားဖြင့် လယ်၊ မြေ၊ မိုးရေ၊ မျိုးစပါး၊ လုပ်ဆောင်သူ ယောက်ျား ဟူ၍ အကြောင်းလေးပါးကို ပြဆိုရာ၏။

ဗုဒ္ဓဘာသာ အဘိဓမ္မာအလိုအားဖြင့် လယ်မြေဟူသည် မြေဥတုပင်တည်း။ မိုးရေဟူသည် ရေဥတုပင်တည်း။ မျိုးစပါးဟူသည် ပေါက်ပွားတတ်သော

WWW.DHAMMARANSI.COM



ဥတုဓာတ်ထူး ပင်တည်း။ လုပ်ဆောင်သူ ယောကျ်ားဟူသည် ရုပ်ဓာတ် နာမ်ဓာတ် အစုအခဲ သာတည်း။ ရုပ်ဓာတ်စုသည် အကောင်အထည်ဒြပ် ပညတ် နာမ်ဓာတ်စုတွင် ဝိညာဉ်ဓာတ်၊ ပညာဓာတ်တို့သည် လယ်လုပ်မှု၌ တတ်သိလိမ္မာသော ဓာတ်ပေတည်း။ စေတနာဓာတ်၊ ဝီရိယဓာတ်တို့သည် လယ်လုပ်မှု၌ ကိုယ်အင်္ဂါ၊ နှုတ်အင်္ဂါ၊ စိတ်အင်္ဂါ တို့ကို လှုံ့ဆော်တိုက်တွန်းသော ဓာတ်တို့ ပေတည်း။

ဤနည်းအတူ လယ်ယာလုပ်မှုတစ်မျိုး၌ပင်လျှင် မီးရထား၊ မီးသင်္ဘော စသော ဓာတ်စက်ကိရိယာများတို့၌ကဲ့သို့ ဆိုင်ရာဆိုင်ရာ လှုံ့ဆော်ကြသော နာမ်ဓာတ်မျိုးသည် လယ်လုပ်ယောကျ်ား သန္တာန်မှာ များစွာ ရှိနေ၏။ ရုပ်ဓာတ် နာမ်ဓာတ်တို့ မသိကြကုန်သော လောကီသားတို့သည် လူဟူ၍ ယောကျ်ား ဟူ၍သာ ခေါ်တတ်ကြကုန်၏။ ရုပ်ဓာတ် နာမ်ဓာတ်တို့ကို တတ်သိလိမ္မာကြသော သူတို့မူကား လောကီသားတို့ အလိုက် လူဟူ၍ ယောကျ်ားဟူ၍လည်း ခေါ်၏။

အဘိဓမ္မာ ဒေသနာတော်အလို အမှန်မုချအားဖြင့် ဓာတ်တုံး ဓာတ်ခဲ ဟူ၍ လည်းကောင်း၊ (ဝါ) အကြောင်းအကျိုး အစစ်သာ ဖြစ်သော ပဋ္ဌာန်းတုံး ပဋ္ဌာန်းခဲ ဟူ၍လည်းကောင်း၊ မြင်သည်ကား ဘယ်ဓာတ်၊ လှုပ်ရှားသွားလာ ပြုလုပ်သည်ကား ဘယ်ဓာတ်၊ စကားစမည် ပြောဆိုသည်ကား ဘယ်ဓာတ်၊ ထွေထွေ လာလာ ကြံဖန်သည်ကား ဘယ်ဓာတ် ဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုကုန်၏။ ဓာတ်တို့၏ အစွမ်းသတ္တိ တန်ခိုးဣဒ္ဓိ ဆန်းကြယ် ကြီးကျယ်မှုကို မသိကြသည့် အတွက် လောကကြီးကို သိကြား ဖန်ဆင်းသည်၊ ဗြဟ္မာ ဖန်ဆင်းသည်၊ ထာဝရ ဖန်ဆင်းသည်ဟု ကြံဖန်တွေးဆ မှတ်ယူကြကုန်၏။ ဤကား ပြုသူမရှိလျှင် အမှုဖြစ်နိုင်မည်ဟူသော မေးခွန်း၌ ဗုဒ္ဓဘာသာအလိုအားဖြင့် ဓာတ်တို့သည်သာ ပြုသူအမှုသည် ဖြစ်သည်။ ခပ်သိမ်းသော အမှုတို့သည် ဓာတ်တို့ ပြုလုပ်မှ ဖြစ်နိုင်ကြသည်ဟူ၍ ဖြေဆိုခြင်းတည်း။

ခရစ်ယာန်ဘာသာ အလိုအားဖြင့်မူကား ထာဝရဘုရားသည်သာ ပြုသူ ဖြစ်သည်။ ထာဝရဘုရား တန်ခိုးတော်နှင့် ပြုမှ အမှုခပ်သိမ်း ဖြစ်နိုင်သည်ဟူ၍ ဖြေဆိုရာ၏။ ထိုသို့ ဖြေဆိုခဲ့သော် အမှုဟူသော မေးခွန်းစကား၌ ဖြစ်မှု၊ ပျက်မှု၊ ရှင်မှု၊ သေမှု၊ သာမှု၊ နာမှု၊ လိမ္မာမှု၊ မိုက်မဲမှု စသည်ဖြင့် ကောင်းသောအမှု၊ မကောင်းသောအမှု အလွန်များပြား၏။ အသက်ခန္ဓာ ချမ်းသာစီးပွား ဖြစ်သမျှ

WWW.DHAMMARANSI.COM



သည် ထာဝရဘုရား ပြုလုပ်၍ ဖြစ်သည်။ အသက်ခန္ဓာ ချမ်းသာစီးပွား ပျက်သမျှ ထာဝရဘုရား ဖျက်၍ ပျက်ရသည်။ အသက်ရှည်သမျှသည် ထာဝရဘုရား ပြု၍ ရှည်ရသည်။ လောကဌ် သေသမျှသည် ထာဝရဘုရား သတ်၍ သေရသည်။ ဤသို့စသည်ဖြင့် ထာဝရဘုရားအပေါ်၌ အပြစ်တင်ဆိုဖွယ် မများလောဟု မေးခဲ့မှု များစွာ အဖြေရ ခက်ကြပေလိမ့်မည်။

အကယ်၍ အပြစ်တင်ဖွယ် မရှိခြင်းအရကို ပြရမူ။ ထိုကဲ့သို့ ဖြစ်မှု၊ ပျက်မှု၊ ရှင်မှု၊ သေမှု စသည် အလုံးစုံကို အကုန်ပြုလုပ်နိုင်သော အနန္တတန်ခိုးရှင် ဖြစ်၍ ဘုရားဟု ခေါ်ရလေသောကြောင့် အပြစ်တင်ဖွယ် မရှိဟူငြားအံ့ ထိုသို့ဖြစ်ခဲ့သော် ထာဝရ ဘုရားကို မကိုးကွယ်ကြသော သူတို့မှာလည်း ဖြစ်မှု၊ ပျက်မှု၊ ရှင်မှု၊ သေမှု အပြည့်ရှိနေ ကြသည်။ ထာဝရဘုရား ကိုးကွယ်ကြသော သူတို့မှာလည်း ဖြစ်မှု၊ ပျက်မှု၊ ရှင်မှု၊ သေမှု အပြည့်ရှိနေကြသည်။ ကိုးကွယ်သည့်အတွက် ကိုးကွယ် သူတို့အား ထာဝရဘုရား၏ ညွှာတာချက်ဟူ၍ အပိုအမို မရှိသောကြောင့် ထာဝရဘုရားကို ကိုးကွယ်ကြမှုသည် အကျိုးမရှိ အချည်းနှီးသာ ဖြစ်သည် မဟုတ်ပါလောဟု မေးခဲ့မူလည်းကောင်း။

အကယ်၍ ယခုဘဝ၌ကား အကျိုးမထင်ရှား၊ သေသည့်နောက်၌ ကောင်းကင်ဘုံကြီးသို့ရောက်အောင် ကယ်တင်၍ ထာဝရအသက်၊ ထာဝရ စည်းစိမ်ကို ရကြကုန်လိမ့်မည်ဟူငြားအံ့။ ကိုးကွယ်ကြသူတို့အား တခြားတစ်ပါး သူတို့ကို မဆိုထားဘိဦး သားတော်ဟူ၍ ယုံကြည်ကြသော ခရစ်တော်ကိုပင် မင်းဘေး သေဘေးမှ မကယ်၊ လောက၌ ကိုးကွယ်ကြသူ လူအများ ထင်ရှား တွေ့မြင်ကြရသော ကယ်တင်ချက်ဟူ၍ မရှိပါဘဲလျက် သေသည်မှ နောက်၌ ကယ်တင်လိမ့်မည်ဟူသော စကားကို စိတ်ချ၍ အလွတ် ယုံကြည်ရမည်မှာ မခက်လောဟု မေးခဲ့မူလည်းကောင်း။

ခရစ်တော် သေဆုံးသည်မှာ ကိုးကွယ်ကြသူ အများတို့အား ဒုစရိုက် အပြစ်တို့မှ လွတ်ငြိမ်းစေရန် အသေခံတော်မူမှုဖြစ်သည်။ ထာဝရမကယ်နိုင်၍ သေရသည် မဟုတ် ဟူငြားအံ့၊ ထိုသို့ဖြစ်ခဲ့သော် ထာဝရဘုရားကိုးကွယ်လျှင် ဒုစရိုက်အပြစ်တို့မှ လွတ်ငြိမ်းသည်။ ထာဝရဘုရားသည် သတ္တဝါတို့ကို ဒုစရိုက် အပြစ်မှ လွတ်ငြိမ်းစေနိုင်သည် ဟူ၍ ယုံကြည်ကြလျက်ရှိသည်။ ထိုစကားမှန်ခဲ့ ပါလျှင် သတ္တဝါတို့၏ ဒုစရိုက်အပြစ် လွတ်ငြိမ်းကြစေရန်ကိစ္စနှင့် ခရစ်တော်

WWW.DHAMMARANSI.COM



အသေခံဖွယ်ကိစ္စမရှိ။ သတ္တဝါတို့၏ ဒုစရိုက် အပြစ် လွတ်ငြိမ်းစေရန် ခရစ်တော် အသေခံသည် မှန်ခဲ့လျှင်လည်း ထာဝရဘုရားသည် သတ္တဝါတို့ကို ဒုစရိုက် အပြစ်မှ လွတ်ငြိမ်းစေနိုင်သည် ကယ်တင်နိုင်သည်ဟူသော စကားသည် ရှင့်စကားမျှသာ ဖြစ်သည်။ မုချယူရသောစကား မဟုတ်သည်တကား ဟု မေးခဲ့မှု လည်းကောင်း။

ဤမေးခွန်းသုံးချက်တို့ကိုလည်း အလွန်ပင် အဖြေရခက်ကြလိမ့်မည် များကို အထပ်ထပ် စဉ်းစားကြည့်ကြဖို့သိကြဖို့ အချက်ကြီးတို့ပေတည်း။ ဤကား ပြုသူမရှိလျှင် ဖြစ်ပေါ်မှု ရှိနိုင်မည်လောဟူသော မေးခွန်း၌ ဖြေဆိုချက်တည်း။

(တစ်နည်း) ယခုမျက်မြင်လောက၌ ရှိနေကြသော ခပ်သိမ်းသော အမှု တို့မှာ ယခုမျက်မြင်လောက၌ ရှိနေကြသူ အပေါင်းတို့သည် ပြုသူအမှုသည်တို့ ပေတည်း။ ကမ္ဘာဦးအခါ၌ အစဦးစွာ ကမ္ဘာကိုပြုသူ သက်ရှိသက်မဲ့ ဝတ္ထုတို့ကို ကမ္ဘာဦးအစ၌ပြုသူကို ဆိုလိုသောမေးခွန်းပါဟူငြားအံ့၊ ခရစ်ယာန် ဘာသာအလို ထာဝရဘုရားသည် ပြုသူပေတည်း။ ထာဝရဘုရားတည်းဟူသော ပြုသူရှိ၍ကမ္ဘာ တည်ထောင်မှု သက်ရှိ သက်မဲ့တို့ ဖြစ်ပေါ်မှုဟူ၍ ရှိနိုင်လေသည်ဟု ဖြေဆို၏။

ထာဝရဘုရားကို အလွန်ချစ်မြတ်နိုးသော ခရစ်တော်ကိုပင် မင်းဘေး သေဘေးမှ မကယ်နိုင်ပါဘဲလျက် ကမ္ဘာကို ဖန်ဆင်းနိုင်သည် ဟူသော စကားကို ပြုသူမရှိလျှင် အမှုရှိနိုင်မည်လောဟူသော အတွေးအဆ ယုတ္တိမျှနှင့် မုချ ယုံကြည်ရမည် မခက်လောဟု မေးမှုလည်းကောင်း။

ထာဝရဘုရားသည် ယခုပစ္စက္ခဘဝအကျိုး၌ ကြောင့်ကြမစိုက် သေသည့် နောက်မှ ကယ်တင်မှုကိုသာ ကြောင့်ကြစိုက်သည်။ ခရစ်တော် စသည်တို့ကို လည်း ကောင်းကင်ဘုံသို့ ကယ်တင်သည်ဟူငြားအံ့၊ ထိုခရစ်တော် စသည် တို့သည် သေသည်မှ နောက်၌ ကောင်းကင်ဘုံသို့ ရောက်ကြသည်ကိုလည်း မည်သူတစ်ဦး တစ်ယောက်မျှ ဒိဋ္ဌ တွေ့မြင်ဖူးသူလည်း မရှိကြ။ ထိုထာဝရဘုရား ထံမှ ပြန်ပြောလာသူလည်း မရှိကြလေ။ ခရစ်တော်၏ တပည့် လက်သားတို့ ပြောဆိုကြသော အရာသာ ဖြစ်သည်ဖြစ်၍ ယုံကြည်ကြရမည် မခက်ပါလောဟု မေးမှုလည်းကောင်း။

ဤမေးခွန်းနှစ်ချက်တို့လိုလည်း အလွန်ပင် အဖြေရခက်ကြပေလိမ့်မည် များကို အထပ်ထပ် စဉ်းစားကြည့်ကြဖို့ သိကြဖို့ အချက်ကြီးတို့ပေတည်း။

WWW.DHAMMARANSI.COM



ဤကား ပြုသူမရှိလျှင် အမှုရှိနိုင်မည်လော ဟူသော မေးခွန်း၌ ခရစ်ယာန်ဘာသာအလို အနည်းဖြေဆိုချက်၊ ၎င်းအဖြေမှာ အပြစ်ရှိ,မရှိ ဆင်ခြင်ဖွယ်ကို ပြဆိုချက်တည်း။

ဗုဒ္ဓဘာသာအလို၌ ရုပ်ဓာတ် နာမ်ဓာတ် တို့မှတစ်ပါး ကမ္ဘာကို ပြုသူ ဖန်ဆင်းသူ ဟူ၍မရှိ၊ ရုပ်ဓာတ် နာမ်ဓာတ် တို့သည်လည်း ကမ္ဘာအဆက်ဆက်တို့၌ အကြောင်းအကျိုးအမျိုးမျိုး အစပြတ်ဆုံးသည်ဟူ၍ မရှိကုန်။ ဤအရာ၌ ရှေးဖြစ်သော အတိတ်ကာလ အတိတ်သံသရာ အတိတ်ကမ္ဘာ အဆက်ဆက်တို့သည် အစဟူ၍ မရှိကုန်။

အစဟူ၍ မရှိပုံကား။ အကြောင်းရှိလျှင် အကျိုးမကင်း၊ အကျိုးရှိလျှင် အကြောင်းမကင်းနိုင်သော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးတို့ လောကကြီးမှာ လည်ပတ်၍ ဖြစ်နေကြသောကြောင့် ကြက်ဥလုံး ဘေးပတ်လည်မှာ မည်သည့်နေရာက အစဟု ရှာမရသကဲ့သို့တည်း။ ဤအစမရှိ ဟူသည်ကို အချို့သူတို့ မယူကြကုန် အစရှိတန်ရာသည်ဟု ပြောဆိုကြကုန်၏။ အတွေးအဆ ယုတ္တိမျှနှင့် ပြောဆိုကြသည်ကို ပမာဏမပြုအပ်။

❖

## ၃၈။ အဝိဇ္ဇာဇာက ရှိရှိသမျှတို့မှာ ပဋ္ဌာန်းအကြောင်း တို့ကြောင့်ချည်း ဖြစ်ကြပုံကို ပြချက်။

ဤအရာ၌ ရှေးပရမတ် ပညတ်ခွဲခန်းမှ ပြအပ်ခဲ့သော သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ တုံး၊ တိုင်၊ လူ၊ နတ်၊ ကျွဲ၊ နွား စသော အကောင်အထည်ဒြပ်ပညတ်တို့၏အတွင်းရှိရုပ်တရားနာမ်တရားတို့ဖြစ်ကြောင်းကားအဘယ်နည်းဟု မေးမူ ဘာသာ အစားစား အယူဝါဒ ရှိသူများတို့ကမူကား အမျိုးမျိုးပင် ဖြေဆိုကြပေလိမ့်မည်ကား မလွဲတည်း။

သို့ရာတွင် ငါတို့ကျမ်းဂန်တွင် လာသော မိစ္ဆာအယူ သမ္မာအယူဝါဒတို့ကား။

ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ၊ ဣဿရနိမ္မာန ဟေတုဒိဋ္ဌိ၊ အဟေတုက အပစ္စယဒိဋ္ဌိ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဟူ၍ လေးပါးရှိရာတွင် (၁) ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ ဆိုသည်ကား လောက၌ ချမ်းသာမှု၊ ဆင်းရဲမှု၊ မိုက်မဲမှု၊ လိမ္မာမှု၊

WWW.DHAMMARANSI.COM



အသက်တိုမှု၊ အသက်ရှည်မှု ဟူသမျှသည် ရှေးဘဝတို့၌ ပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ဆိုင်ရာသာ ဖြစ်၏ဟု ရှေးကံအကြောင်း တစ်မျိုးတည်းကိုသာ ယူကြ၏။ ဤသို့ ယူခြင်းသည် ယခု ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်အပ်သော ကံအမျိုးမျိုး၊ ဉာဏ်ဝီရိယ အမျိုးမျိုး၊ ပဋ္ဌာန်းပစ္စည်း အမျိုးမျိုးတို့ကို မယူပယ်ရှား မှောက်မှား ချွတ်ယွင်းလေသောကြောင့် ပုဗ္ဗေကတဟေတု ဒိဋ္ဌိဟု ဆိုအပ်ပေသတည်း။

ဤအယူဝါဒကိုကား ငါတို့ဗုဒ္ဓဘာသာထဲမှာပင် များစွာ ယူဆလျက် ရှိကြ၏။

(၂) **ဣဿရနိမ္မာန ဟေတုဒိဋ္ဌိ** ဆိုသည်ကား။ လောက၌ ချမ်းသာမှု၊ ဆင်းရဲမှု၊ မိုက်မဲမှု၊ လိမ္မာမှု၊ အသက်တိုမှု၊ အသက်ရှည်မှု ဟူသမျှသည် ရှေးကံ၏ ဆိုင်ရာလည်း မဟုတ် ယခုဘဝ ကိုယ်ဖြင့် ပြုလုပ်အပ်သော ကာယကံမှု၊ နှုတ်ဖြင့် ပြောဆိုအပ်သော ဝစီကံမှု၊ စိတ်ဖြင့် သဘောအမှန်ကို သိရှိရန် ကြံစည် တွေးတော အပ်သော မနောကံမှု၊ အကြောင်း ကံ ဉာဏ် ဝီရိယ တို့နှင့်လည်း ဆိုင်ရာမဟုတ်။ စင်စစ်မူကား။ ဖန်ဆင်းပေး နိုင်သော သိကြား၊ ပြဟ္မာ၊ ဒေဝါ၊ ဗိဿနိုး အစရှိသော အရှင်ကြီး သခင်ကြီးတို့ ဖန်ဆင်းမှုနှင့်သာ ဆိုင်၏ဟူ၍လည်းကောင်း ဖန်ဆင်း ပေးသောသူ အကြောင်းတစ်မျိုးတည်းကိုသာ ယူကြ၏။

ဤသို့ ယူဆသည့်အတိုင်း ဖန်ဆင်းပေးသော အကြောင်းသက်သက် ကြောင့် ကောင်းကျိုးချမ်းသာ၊ မကောင်းကျိုးဆင်းရဲ ထိုထို အဝိဇ္ဇာဏက သဝိဇ္ဇာဏက သတ္တဝါအနည်းနည်းတို့ ဖြစ်ပေါ်တည်ရှိနေကြသည် မဟုတ်ကြဘဲ ယခုပစ္စုပ္ပန်ဘဝ၌ ပြုလုပ်အပ်သော ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှု အမျိုးမျိုးတို့နှင့် ကြိုးကြိုးပမ်းပမ်း အားထုတ်ပြုလုပ်၍ ယူရသော ဝီရိယအစွမ်းအမျိုးမျိုး၊ ဉာဏ် အစွမ်းအမျိုးမျိုး၊ ကံအစွမ်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ကြမှ ဖြစ်ပေါ်တည်ရှိလာကြ သည်ကို ဘာသာအယူရှိသူ မရှိသူတို့ပင် တစ်ပါးသူတို့က မျက်မြင်ကိုယ်တွေ့ ဖန်ဆင်းပေး၍ မဟုတ်ကြောင်းကို သိရှိလေသောကြောင့် **ဣဿရနိမ္မာန** ဟေတုဒိဋ္ဌိ ဟု ဆိုအပ်ပေသတည်း။ ဤအယူဝါဒကို အနောက်နိုင်ငံသားတို့ များစွာ ယူဆကြကုန်၏။ ရှေးကပြခဲ့သော စစ်တမ်းတို့အရနှင့် ထင်မြင်အောင် ကြံဆ၍ သိကြပါလေ။

(၃) **အဟေတုက အပစ္စယဒိဋ္ဌိ** ဆိုသည်ကား။ လောက၌ ထိုချမ်းသာမှု၊ ဆင်းရဲမှု၊ မိုက်မဲမှု၊ လိမ္မာမှု၊ အသက်တိုမှု၊ အသက်ရှည်မှု ဟူသမျှသည် ရှေးကံဟောင်း၏ ဆိုင်ရာလည်းမဟုတ်၊ ပစ္စုပ္ပန် ကံ ဉာဏ် ဝီရိယ တို့၏

WWW.DHAMMARANSI.COM



ဆိုင်ရာလည်း မဟုတ်၊ လောကကို ဖန်ဆင်းသော အရှင်ကြီး သခင်ကြီးတို့၏ ဖန်ဆင်းမှုဆိုင်ရာလည်းမဟုတ်၊ သတ္တဝါတို့၏ဓမ္မတာ အလေ့အားဖြင့် ချမ်းသာခွင့်ဆိုက်လျှင် ချမ်းသာမှုနှင့်တွေ့မြဲ ဆင်းရဲခွင့်ဆိုက်လျှင် ဆင်းရဲမှုနှင့်တွေ့မြဲစသည်ဖြင့် ထိုထိုအခွင့်ဆိုက်သလို ဖြစ်ကြကုန်၏ဟု နိုင်မြဲစွာ ယူကြ၏။ ထိုသို့ယူသည့် အတိုင်း မဟုတ်ကြဘဲ အတိတ်၊ ပစ္စုပ္ပန်၊ ကံ၊ ဉာဏ်၊ ဝီရိယတို့နှင့် ကြီးပမ်းတကုတ် အားထုတ်ယူကြမှသာ ကောင်းတာဟူသမျှ ဖြစ်လာကြသောကြောင့် **အဟေတုက အပစ္စယဒိဋ္ဌိ** ဟု ဆိုအပ်ပေသတည်း။

ဤဒိဋ္ဌိကြီးသည် ကံနှင့် အကျိုးဝိပါတ်ကို ပယ်သောကြောင့် နိယတမိစ္ဆာဒိဋ္ဌိကြီးတွေအဖြစ်သို့ရောက်နေသောကြောင့် သေသည့်အခြားမဲ့မှာ အပယ်သို့သာ ကျရောက်၍ ကြီးလေးသော အပြစ်ကြီးများကို ခံကြရကုန်၏ ဟု သိကြပါလေ။

(၄) **ကမ္မဿကတာ သမ္မာဒိဋ္ဌိ** ဆိုသည်ကား။ ရှေ့ကပြခဲ့ပြီးသော ဒိဋ္ဌိသုံးပါးကို ပယ်ရှား၍ အတိတ် ပစ္စုပ္ပန် ကံ ဉာဏ် ဝီရိယ စသော ပဋ္ဌာန်းအကြောင်းအကျိုး အမျိုးမျိုးတို့ကြောင့် သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ တုံး၊ တိုင်၊ လူ၊ နတ်၊ ကျွဲ၊ နွား စသော အကောင်အထည်ဒြပ် ပညတ်တို့၏ အတွင်းရှိ ရုပ်တရားနာမ်တရားတို့ ဖြစ်ကြကုန်၏ ဟု သိအပ်၏။

ဤသို့ ဖြစ်ကြလျှင် ရှေ့ကပြခဲ့သော အဝိဉာဏက အထည်ဝတ္ထုတို့၏ အတွင်းမှာ တင်းကြမ်းပြည့် ရှိနေကြပါသော ရုပ်ဓာတ်ကလာပ်တို့မှာ မည်ကဲ့သို့ ပဋ္ဌာန်းအရနှင့် ကျေးဇူးပြုနေကြပါသနည်းဟု မေးမူ။ ထိုထို ကလာပ်တိုင်းတို့မှာ ဓာတ်ကြီးလေးပါးစီ ပါရှိကြရာတွင် မြေဓာတ်ဟု ခေါ်ဆိုအပ်သော အခြားရုပ်ဓာတ်တို့၏ တည်ရှိရာ ပထဝီဓာတ်မရှိက ထိုထိုရုပ်ဓာတ်တို့မဖြစ်ပေါ် မတည်တံ့နိုင်ကြရာ ဤမြေဓာတ်က ကျေးဇူးပြု၍သာ ဖြစ်ပေါ် တည်ရှိနိုင်ကြသည်ကိုလည်းကောင်း။

(တစ်နည်း) ရေဓာတ်ဟု ခေါ်ဆိုအပ်သော အခြားရုပ်ဓာတ်တို့ကို ဖွဲ့စည်းချည်နှောင်တတ်သော အာပေါဓာတ် မရှိက ထိုထိုရုပ်ဓာတ်တို့မဖြစ်ပေါ်မတည်တံ့နိုင်ကြရာ ဤရေဓာတ်က ကျေးဇူးပြု၍သာ တစ်လုံးတစ်စည်းတည်း ဖြစ်ပေါ်တည်ရှိ နိုင်ကြကုန်၏ ဟူ၍လည်းကောင်း။

(တစ်နည်း) မီးဓာတ်ဟု ခေါ်ဆိုအပ်သော အခြားရုပ်ဓာတ်တို့ကို ရင့်သန်ဖြစ်ပွားစေနိုင်သော တေဇောဓာတ်မရှိက ထိုထိုဓာတ်တို့မဖြစ်ပေါ် မတည်တံ့နိုင်

WWW.DHAMMARANSI.COM



ကြရာ ဤမီးဓာတ်က ကျေးဇူးပြု၍သာ ရင့်သန်စွာ ဖြစ်ပေါ်တည်ရှိ နိုင်ကြကုန်၏ ဟူ၍ လည်းကောင်း။

(တစ်နည်း) လေဓာတ်ဟု ခေါ်ဆိုအပ်သော အခြားရုပ်ဓာတ်တို့ကို ထောက်ကန် အားပေးနိုင်သော ဝါယောဓာတ် မရှိက ထိုထိုရုပ်ဓာတ်တို့မဖြစ်ပေါ် မတည်တံ့နိုင်ကြရာ ဤလေဓာတ်က ကျေးဇူးပြု၍သာ တောင့်တင်းတည်တံ့စွာ ဖြစ်ပေါ်တည်ရှိ နိုင်ကြ ကုန်၏ ဟူ၍လည်းကောင်း။

ဤသို့အတူတကွဖြစ်ကြပြီး တစ်ခုနှင့်တစ်ခုကျေးဇူးပြုကြသောအကြောင်း အကျိုးတရားများကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိအပ်၏။ ထိုထို ကလာပ်တိုင်း တို့မှာပါသည့် ဓာတ်ကြီးလေးပါး အကြောင်းအကျိုးများကိုပင် ပဋ္ဌာန်းအကြောင်း ပစ္စည်းနှင့် အကျိုးပစ္စယုပ္ပန် ဟု ခေါ်ဆိုရ၏။ ဘုရားဟော ပဋ္ဌာန်းပါဠိတော်ကား။

**စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော** ဟူ၍ လည်းကောင်း၊ **အညမည ပစ္စယေန ပစ္စယော** ဟူ၍ လည်းကောင်း၊ **နိဿယ ပစ္စယေန ပစ္စယော** ဟူ၍ လည်းကောင်း၊ **အတ္ထိပစ္စယေန ပစ္စယော အဝိဂတ ပစ္စယေန ပစ္စယော** ဟူ၍ လည်းကောင်း ဟောကြားတော်မူ၏။

အနက်မြန်မာကား။ **စတ္တာရော**၊ လေးပါးကုန်သော။ **မဟာဘူတာ**၊ ထိုထို ကလာပ်တိုင်းမှာပါသော ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယော ဓာတ် ဟု ဆိုအပ်ကုန်သော မဟာဘုတ်တို့သည်။ **အညမညံ**၊ အချင်းချင်း (ဝါ) တစ်ပါးသည် တစ်ပါးအား။ **သဟဇာတပစ္စယေန**၊ အတူတကွ ဖြစ်ကြသည့် သဟဇာတပစ္စယ သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ တကွဖြစ်အောင် ကျေးဇူးဆောင်သည်။ **ဟောတိ**၊ စင်စစ်မသွေ ဖြစ်ရလေ၏။

(တစ်နည်း) **အညမည ပစ္စယေန**၊ အချင်းချင်း ကျေးဇူးပြုသည့် အညမည ပစ္စယ သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ အချင်းချင်းဖြစ်မှု ကျေးဇူးပြုသည်။ **ဟောတိ**၊ စင်စစ်မသွေ ဖြစ်ရလေ၏။

(တစ်နည်း) **နိဿယပစ္စယေန**၊ တည်ရာမှီရာ နိဿယပစ္စယ သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ တည်နေနိုင်အောင် မှီနေနိုင်အောင် ကျေးဇူးဆောင် သည်။ **ဟောတိ**၊ ဖြစ်၏။

(တစ်နည်း) **အတ္ထိပစ္စယေန**၊ ထင်ရှားရှိကြ အတ္ထိပစ္စယ သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ထင်ရှားရှိအောင် ကျေးဇူးဆောင်သည်။ **ဟောတိ**၊ ဖြစ်၏။

WWW.DHAMMARANSI.COM



(တစ်နည်း) **အဝိဂတပစ္စယေန**၊ မကင်းကုန်ကြ အဝိဂတပစ္စယ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော**၊ မကင်းကြအောင် ကျေးဇူးဆောင်သည်။ **ဟောတိ**၊ ဖြစ်၏။ စသည်ဖြင့် ၎င်းပဋ္ဌာန်း ပါဠိတော်မှာ ထင်ရှားစွာ ဟောကြားတော်မူအပ်ပါသောကြောင့် ထိုထို အကောင်အထည်ဒြပ်တို့အတွင်းအပြင်ရှိ ရုပ်ဓာတ်ကလာပ် ဟူသမျှတို့သည် ပဋ္ဌာန်းတရား အစားစားတို့ချည်း ဖြစ်ကြ၏ဟူ၍ ရှေးကလည်း ပြဆိုခဲ့ပါသတည်း။ နောက်နောင်လည်း ပြဆိုလတ္တံ့ပါသတည်း။ ဤပြဆိုပြီး ပြဆိုလတ္တံ့တို့သည် ယခု ပြဆိုဆဲ ပဋ္ဌာန်းပါဠိတော်များ အရနှင့်သာ သိကြပါလေ။

ဤကား အဝိညာဏက ရှိရှိသမျှသော ရုပ်ဓာတ်ကလာပ် ဟူသမျှတို့ ပဋ္ဌာန်းတရားတို့ချည်း ဖြစ်ကြပုံတည်း။

❖

## ၃၉။ သတ္တဝါတို့၏ အတွင်းသား ကမ္မဇကလာပ် အစားစားတို့ ပဋ္ဌာန်း အကြောင်းများကြောင့် ဖြစ်သည်ကို ပြချက်။

ထိုထို သဝိညာဏက သတ္တဝါတို့၏ အတွင်း၌ ရုပ်အမျိုးအစား အဘယ်မျှ ပြားပါသနည်းဟု မေးမူ။ ကမ္မဇရုပ်မျိုးက (၉)စား၊ စိတ္တဇရုပ်မျိုးက (၆)စား၊ ဥတုဇရုပ် မျိုးက (၄)စား၊ အာဟာရရုပ်မျိုးက (၂)စား အားဖြင့် လေးမျိုးနှင့် (၂၁) စား ပြားကြ၏ဟု ဖြေလေ။ ထိုရုပ်လေးမျိုး အဘယ်မျှစီ ပြားကြ၍ အဘယ်လို ထင်ရှားအောင် တည်ရှိ နေကြသနည်း ဟု မေးမူ။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့သည် ဖန်ဆင်းပေးသော သူကို သက်သက်အားမထားရဘဲ အတိတ်က ပြုခဲ့သော ကံကြောင့် ရရှိလာသော ကမ္မဇရုပ်များ စည်းစိမ်ချမ်းသာ အစားစား တို့ကို ယခုဘဝ ကူညီစောင့်ရှောက်ကြရ အားထုတ်ကြရသော ပစ္စုပ္ပန် ကံ ဉာဏ် ဝီရိယ တို့နှင့် ကူညီကြမှသာလျှင် တည်တံ့ခြင်း၊ ကြီးပွားခြင်းများ အစားစားတို့ကို ဉာဏ်နှင့်ကိုယ်တိုင် စဉ်းစားကြဖို့ကား အထက်အမေးပုစ္ဆာအရ အဖြေကိုပြရမူ ကမ္မဇရုပ်မျိုးက ကလာပ် (၉)စား ရှိကြရာတွင် ရှေးကပြခဲ့သော သုဒ္ဓဋ္ဌက ကလာပ်ရုပ် (၈)မျိုးထဲ၌ ရုပ်သက်ဟု ခေါ်သော ဇီဝိတရုပ်တစ်ခုကို ထည့်မူ

WWW.DHAMMARANSI.COM



(ဇီဝိတနဝက ကလာပ်) ဖြစ်၏။ ဤဇီဝိတရုပ်တို့ ပါရှိသော ရုပ်စုရုပ်ခဲတို့ကို မိမိတို့ကာလနှင့် အသက်ရှည်၍ တည်နေနိုင်အောင် ကျန္ဒြိယပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း ပဋ္ဌာန်းကြီးတို့ဖြင့် ကျေးဇူးပြု၏ဟု သိကြပါလေ။

ဤဇီဝိတနဝက ကလာပ်သည် သတ္တဝါတို့၏အတွင်း၌ ဖြစ်နေကြသော တေဇောလေးပါး၊ ဝါယောငါးမျိုးတို့၌ ထိုက်သည်အားလျော်စွာ ဖြစ်ကြကုန်၏။ တေဇောလေးမျိုး၌ ဖြစ်ပုံကား ရက်ဆက်ရက်ခြား ဖျားခြင်း စသည်တို့ ဖြစ်ကြအောင် အလွန်ပူလောင်တတ်သော (**သန္တပ္ပနတေဇော**) ကလာပ်စု၌လည်း ကောင်း၊ကျောက်,ဝက်သက်နာ,ဝက်ခြံနာ အစရှိသည်ဖြင့် ပကတိအသွေးအသား တို့ကို သွေးပုပ် ပြည်ပုပ် ဖြစ်အောင် လောင်တတ်သော (**ဒဟတေဇော**) ကလာပ်စု၌လည်းကောင်း၊ သတ္တဝါတို့မှာ ဆံအမွေးဖြူခြင်း၊ သွားကျိုးခြင်း၊ မျက်စိ၊ နား စသော အင်္ဂါကြီးငယ်တို့၏ ဆုတ်ယုတ်ခြင်း၊ အားခွန်ဗလလျော့ပါးခြင်း စသည် ဖြစ်ကြအောင် ပူလောင်တတ်သော (**ဇီရဏတေဇော**) ကလာပ်စု၌လည်းကောင်း၊ စားအပ် မျိုအပ်သော အစာအာဟာရတို့ကို ကြေကျက်စေအောင် ပူလောင် တတ်သော (**ပါစကတေဇော**) ကလာပ်စု၌ လည်းကောင်း၊ ဤတေဇောလေးမျိုး လုံး၌လည်း ဖြစ်၏။

ထိုမှတစ်ပါး ဤဇီဝိတနဝက ကလာပ်သည် သတ္တဝါတို့၏အတွင်း၌ ဖြစ်နေကြသော ဝါယောငါးမျိုး၌ ဖြစ်ပုံကား အောက်မှ အထက်သို့ဆန်တက်သော လေဟု ဆိုအပ်သော (**ဥဒ္ဓင်္ဂမ ဝါယော**) ကလာပ်စု၌လည်းကောင်း၊ အထက်မှအောက် သို့စုံဆင်းသောလေဟု ဆိုအပ်သော (**အဓောဂမ ဝါယော**) ကလာပ်စု၌လည်း ကောင်း၊ အူမှအပ ဝမ်းတွင်းနှင့် အပြည့် တည်ရှိကြသောလေဟု ဆိုအပ်သော (**ကုစ္ဆိသယ ဝါယော**) ကလာပ်စု၌လည်းကောင်း၊ အူအတွင်း၌ တည်ရှိကြသော လေဟု ဆိုအပ်သော (**ကောဋ္ဌာသယ ဝါယော**) ကလာပ်စု၌လည်းကောင်း၊ အင်္ဂါကြီးငယ်တို့ လှုပ်ရှားခြင်းတို့ကို ဖြစ်စေနိုင်သောလေဟု ဆိုအပ်သော (**အင်္ဂမင်္ဂါနုသာရီ ဝါယော**) ကလာပ်စု၌လည်းကောင်း ဤရှေ့ဝါယော ငါးမျိုးလုံး၌ လည်း ဖြစ်၏ဟု သိကြပါလေ။

ထိုမှတစ်ပါး (စက္ခုဒသက ကလာပ်)ကို သိလိုမူ ဇီဝိတပါသော ၎င်းရုပ် ကိုးခုထဲ၌ မျက်စိအကြည်ရုပ်ဟု ခေါ်သော စက္ခုပသာဒရုပ်တစ်ခုကို ထည့်မူ စက္ခုဒသက ကလာပ် ဖြစ်၏။ ဤကလာပ်သည် သတ္တဝါတို့၏ မျက်စိအတွင်း၌

WWW.DHAMMARANSI.COM



မြင်သိလုံးတို့ကို ဖြစ်စေ နိုင်အောင် ပဋ္ဌာန်းတရား စွမ်းရည်သတ္တိများရှိလျက် ရုပ်ကလာပ် အဆက်ဆက်တို့မသေခင်အတွင်း တည်ရှိကြကုန်၏။

ထိုမှတစ်ပါး သောတဒသက ကလာပ်ကို သိလိုမူ ဇီဝိတပါသော ၎င်းရုပ်ကိုးခု၌ နားအကြည်ဟု ခေါ်သော သောတပသာဒရုပ် တစ်ခုကို ထည့်မှု သောတဒသက ကလာပ်ဖြစ်၏။ ဤကလာပ်သည် သတ္တဝါတို့၏ နားအတွင်း၌ ကြားသိလုံးတို့ကို ဖြစ်စေနိုင်အောင် ပဋ္ဌာန်းတရား စွမ်းရည်သတ္တိများရှိလျက် ရုပ်ကလာပ် အဆက်ဆက် တို့ မသေခင်အတွင်း တည်ရှိကြကုန်၏။

ထိုမှတစ်ပါး ဃာနဒသက ကလာပ်ကို သိလိုမူ ဇီဝိတပါသော ၎င်းရုပ်ကိုးခုထဲ၌ နှာခေါင်းအကြည်ဟု ခေါ်သော ဃာနပသာဒရုပ်တစ်ခုကို ထည့်မှု ဃာနဒသက ကလာပ် ဖြစ်၏။ ဤကလာပ်သည် သတ္တဝါတို့၏ နှာခေါင်းအတွင်း၌ နံသိလုံးတို့ကို ဖြစ်စေနိုင်အောင် ပဋ္ဌာန်းတရား စွမ်းရည်သတ္တိများရှိလျက် ရုပ်ကလာပ် အဆက်ဆက် တို့ မသေခင်အတွင်း တည်ရှိကြကုန်၏။

ထိုမှတစ်ပါး ဇိဝှါဒသက ကလာပ်ကို သိလိုမူ ဇီဝိတပါသော ၎င်းရုပ်ကိုးခု၌ လျှာအကြည်ဟု ခေါ်သော ဇိဝှာပသာဒရုပ် တစ်ခုကို ထည့်မှု ဇိဝှာဒသက ကလာပ် ဖြစ်၏။ ဤကလာပ်သည် သတ္တဝါတို့၏လျှာအတွင်း၌ စားသိလုံးတို့ကို ဖြစ်စေ နိုင်အောင် ပဋ္ဌာန်းတရား စွမ်းရည်သတ္တိများရှိလျက် ရုပ်ကလာပ် အဆက်ဆက်တို့ မသေခင် အတွင်း တည်ရှိကြကုန်၏။

ထိုမှတစ်ပါး ကာယဒသက ကလာပ်ကို သိလိုမူ ဇီဝိတပါသော ၎င်းရုပ်ကိုးခု၌ ကိုယ်အကြည်ဟု ခေါ်သော ကာယပသာဒရုပ် တစ်ခုကို ထည့်မှု ကာယဒသက ကလာပ် ဖြစ်၏။ ဤကလာပ်သည် သတ္တဝါတို့၏ အတွင်းအပြင် တစ်ကိုယ်လုံးတို့အတွင်း၌ တွေ့သိလုံးတို့ကို ဖြစ်စေနိုင်အောင် ပဋ္ဌာန်းတရား စွမ်းရည် သတ္တိများ ရှိလျက် ရုပ်ကလာပ် အဆက်ဆက်တို့ စစဉ်း ပဋိသန္ဓေနေသည်ကစ၍ မသေခင်အတွင်း တည်ရှိကြကုန်၏။

ထိုမှတစ်ပါး ဣတ္ထိဘာဝဒသက ကလာပ်ကို သိလိုမူ ဇီဝိတပါသော ၎င်းရုပ်ကိုးခု၌ မိန်းမဟု သိရှိခေါ်ဆိုရသော ဣတ္ထိဘာဝရုပ်တစ်ခုကို ထည့်မှု ဣတ္ထိဘာဝဒသက ကလာပ်ဖြစ်၏။ ဤကလာပ်သည် အမသတ္တဝါတို့၏ အတွင်းအပြင် တစ်ကိုယ်လုံးတို့အတွင်း၌ မိန်းမတို့၏ ပုံသဏ္ဌာန် အသွင်အပြင် အင်္ဂါလက္ခဏာ အမူအရာတို့ကို ဖြစ်စေ နိုင်အောင် ပဋ္ဌာန်းတရား စွမ်းရည်သတ္တိများရှိလျက်

WWW.DHAMMARANSI.COM



ရုပ်ကလာပ် အဆက်ဆက် တို့ စစဦး ပဋိသန္ဓေ နေသည်ကစ၍ မသေခင်အတွင်း တည်ရှိကြကုန်၏။

ထိုမှတစ်ပါး ပုမ္ဘာဝဒသက ကလာပ်ကို သိလိုမူ ဇီဝိတပါသော ၄င်းရုပ်ကိုးခု၌ ယောက်ျားဟု သိရှိခေါ်ဆိုရသော ပုမ္ဘာဝရုပ်တစ်ခုကို ထည့်မူ ပုမ္ဘာဝဒသက ကလာပ်ဖြစ်၏။ ဤကလာပ်သည် အဖိုသတ္တဝါတို့၏အတွင်းအပြင် တစ်ကိုယ်လုံး တို့အတွင်း၌ ယောက်ျားတို့၏ ပုံသဏ္ဌာန် အသွင်အပြင် အင်္ဂါလက္ခဏာ အမူအရာ တို့ကို ဖြစ်စေနိုင်အောင် ပဋ္ဌာန်းတရား စွမ်းရည် သတ္တိများရှိလျက် ရုပ်ကလာပ် အဆက်ဆက်တို့ စစဦး ပဋိသန္ဓေနေသည်ကစ၍ မသေခင်အတွင်း တည်ရှိကြ ကုန်၏။

ထိုမှတစ်ပါး ဝတ္ထုဒသက ကလာပ်ကို သိလိုမူ ဇီဝိတပါသော ၄င်းရုပ်ကိုးခု၌ နာမ်တရားတို့၏ တည်ရာမှီရာဖြစ်သော ဟဒယဝတ္ထုရုပ်တစ်ခုကို ထည့်မူ ဝတ္ထုဒသက ကလာပ်ဖြစ်၏။ ဤကလာပ်သည် သတ္တဝါတို့၏ နှလုံးသား အတွင်း၌ နာမ်တရားတို့၏ တည်ရာမှီရာကို ဖြစ်စေနိုင်အောင် ပဋ္ဌာန်းတရား စွမ်းရည် သတ္တိများရှိလျက် ရုပ်ကလာပ် အဆက်ဆက်တို့ စစဦး ပဋိသန္ဓေနေသည်ကစ၍ မသေခင်အတွင်း တည်ရှိကြကုန်၏။

ဤရှေးကပြခဲ့သော ဇီဝိတပါသည့် ကမ္မဇကလာပ်ကိုးစည်းတို့ အနံ့အပြား ဖြစ်ပေါ်ထိုက်သင့်သည် အားလျော်စွာ တည်ရှိကြကုန်သော ပညတ်၊ အကောင် အထည် ဒြပ်ကြီးကို အရှင်ကောင်ကြီး သတ္တဝါကောင်ကြီး သဝိညာဏက ကောင်ကြီးဟု ထင်မြင်ကြရကုန်၏။

ဤသို့ ထင်မြင်စေနိုင်သော ကမ္မဇကလာပ် ကိုးစည်းတို့ ဖြစ်ကြရခြင်း တို့သည်ကား ရှေးရှေးဘဝက မိမိတို့ပြုလုပ်ခဲ့ကြသော အတိတ်ဇနက ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့်သာ ကံအကြီးစား အလတ်စား အငယ်စားတို့အလိုက်သင့် ဌေးကွဲယ်မြင့်မြတ်သော အမျိုးအနွယ်၊ အဆင်း၊ သဏ္ဌာန်၊ ဉာဏ်၊ ပညာ၊ အရည်အချင်း စသည်တို့ အမြတ်စား အလတ်စား အငယ်စားတို့ အဆင့်ဆင့် အားလျော်စွာ ဖြစ်ပေါ်ကြကုန်ရာ၏။ ဖန်ဆင်းပေးတတ်သော တစ်စုံတစ်ယောက် သောသူက မျက်နှာကြီးငယ်လိုက်၍ အမြတ်စားအလတ်စားအညံ့စားဖြစ်အောင် ဖန်ဆင်းပေး၍ မဟုတ်ကြောင်းကို သိရှိအပ်၏။

ထိုအတိတ်ဘဝက ပြုခဲ့သော အလွန်အားကြီးသော ဇနက ကမ္မပစ္စည်း

WWW.DHAMMARANSI.COM



ပဋ္ဌာန်းကြီးကြောင့် ယခုဖြစ်ဆဲဘဝမှာ အလိုလို ရရှိလာသော ကမ္မဇကလာပ် ကိုးစည်း ရုပ်ကောင် နာမ်ကောင်ဘဝကြီးတို့နှင့် ပစ္စည်းဥစ္စာ ရသင့်ရထိုက်တာ ဟူသမျှတို့သည် မပျက်မစီးနိုင်ကြဘဲ တစ်သက်ပတ်လုံး တည်မြဲသွားနိုင်ကြ၏။ ထိုအတိတ် ဇနကကံက အလတ်စား အညံ့စား ဖြစ်ကြပါမူ ဖြစ်ဆဲဘဝ ယခုဘဝ တွင်မှ ကောင်းမြတ်ကြသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု၊ ကမ္မပစ္စည်း ပဋ္ဌာန်းကြီး အစုစုတို့နှင့် တည်တံ့ ခိုင်မြဲအောင် တိုးတက်အောင် ထောက်ပံ့ ကူညီသောကံကို ဥပထမ္ဘကကံဟု ဆိုရ၏။

ဤကံတို့မှ မကူညီကြပါမူ အတိတ်ဘဝက မိုက်မှားခဲ့ကြသော အကုသိုလ် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု၊ ကမ္မပစ္စည်း ပဋ္ဌာန်းကြီး အစုစုတို့က ဥပပီဠက ကံ အနေအစားနှင့် ဝင်ရောက်ကြ၍ အတွင်းအပ ကိုယ်အင်္ဂါနှင့်တကွ ဥစ္စာပစ္စည်း အသီးသီးတို့ပါ ပျက်စီးသွားကြအောင် နှိပ်စက်ဖျက်ဆီးနိုင်ကြရုံမက ဥပဃာတက ကံ အနေအစားနှင့်လည်း အကုန်လုံး သေဆုံးပျက်စီးအောင် သတ်ဖြတ် ဖျက်ဆီး နေကြသည်ကို သင်တို့ ကိုယ်တွေ့ ဉာဏ်မြင် အထင်အရှား သိရှိပြီးသား ဖြစ်ကြသည် မဟုတ်ပါလော။

ဤသို့ သိရှိရသဖြင့် သတ္တဝါများ အစားစားတို့ ချမ်းသာခြင်း ဆင်းရဲခြင်း တို့သည် ဖန်ဆင်းသူတို့ မျက်နှာလိုက်၍ ဖန်ဆင်းပေးကြ၍မဟုတ်။ စင်စစ်မူကား။ မိမိတို့ အတိတ် ကမ္မပစ္စည်းတို့ကြောင့်လည်းကောင်း၊ ပစ္စုပ္ပန် ကမ္မပစ္စည်း ပဋ္ဌာန်း ကြီးတို့ကြောင့်လည်းကောင်း၊ ကောင်းသောဘဝနှင့် ကောင်းသောစည်းစိမ် ချမ်းသာတို့ကို ရကြ၏။ မကောင်းသောဘဝနှင့် မကောင်းသောဒုက္ခတို့ကို တွေ့ကြုံကြရကုန်၏ ဟု စိတ်ရော ကိုယ်ပါ ယုံကြည်ကြ သိမှတ်ကြစရာ ပဋ္ဌာန်း ပါဠိတော်တို့မှာကား။

**ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။**

အနက်မြန်မာကား။

ကုသလာ ကုသလံ၊ ကုသိုလ် အကုသိုလ် ဖြစ်သော။ **ကမ္မံ**၊ နာနက္ခဏိက စေတနာကံသည်။ **ဝိပါကာနံ**၊ ကောင်းသောအကျိုးဝိပါက် မကောင်းသောအကျိုး ဝိပါက်ဖြစ်ကုန်သော။ **ခန္ဓာနဉ္စ**၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာတို့အား လည်းကောင်း။ **ကဋတ္တာရူပါနဉ္စ**၊ ကမ္မဇရုပ်ကလာပ် (၉)စည်း တို့အားလည်းကောင်း။ **ကမ္မပစ္စ**

WWW.DHAMMARANSI.COM



ယေနှ၊ မျိုးစေ့ သဘောဝ ကမ္မ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဖြစ်ပေါ် လာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏ဟု ဟောတော်မူသည့်အတိုင်း သိရှိအပ်၏။

ဤကမ္မဇကလာပ် (၉)စည်းတို့၌ ဖြစ်ကြသော သတ္တဝါတို့မှာသာ ထိုကလာပ်တို့ကို အမှီရ၍ သိရှိကြံစည် တွေးတောတတ်သော နာမ်ပဋ္ဌာန်းတရား အစားစားတို့ ဖြစ်ကြရကုန်၏။ ဤကလာပ် (၉)စည်းတို့ မဖြစ်ကြရသော အဝိညာဏက တော၊ တောင်၊ ရေ၊ မြေ စသည်တို့မှာကား သိရှိကြံစည် တွေးတော တတ်သော နာမ်တရားတို့လည်း မဖြစ်နိုင်ကြကုန်။ စိတ္တဇရုပ်၊ အာဟာရဇရုပ် တို့လည်း မဖြစ်နိုင်ကြကုန်ဟု သိကြပါလေ ပညာရှိသဘောဖြူတွေတို့။

❖

## ၄၀။ သတ္တဝါတို့၏အတွင်းသား စိတ် ဥတု အာဟာရဇ ကလာပ် အစားစား တို့ ပဋ္ဌာန်းအကြောင်းများကြောင့်သာ ဖြစ်သည်ကို ပြချက်။

အို… တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ထိုမှတစ်ပါး သင်တို့စဉ်းစားကြည့်ကြဖို့သိကြဖို့တစ်မျိုးကား။ စိတ္တဇရုပ်မျိုးက ကလာပ် ခြောက်စား ရှိကြရာတွင် ရှေ့ကပြခဲ့သော ရုပ်ရှစ်မျိုးအတိုင်းသာ ရှိသော သုဒ္ဓဋ္ဌက ကလာပ်ကို ပကတိအသွင်အပြင် အနေအထားအတိုင်း ထင်မြင် ရအောင် တစ်ကိုယ်လုံး အနှံ့အပြား ပကတိစိတ်တို့က ဖြစ်စေကြကုန်၏။

ဤကလာပ်သည် ပဋိသန္ဓေနောက်စိတ်မှစ၍ စုတိစိတ်ကျအောင် ထိုက်သည် အားလျော်စွာ စိတ် အစားစား တို့က ဖြစ်စေကြကုန်လျက် သုဒ္ဓဋ္ဌက စိတ္တဇရုပ်ကလာပ် အဆက်ဆက်တို့ ပကတိနေစဲ အခါထဲတွင် တည်ရှိကြကုန်၏။ ဤသုဒ္ဓဋ္ဌက စိတ္တဇ ကလာပ်သည် ရှေ့တေဇောကလာပ် (၃)စားနှင့် ထွက်သက် ဝင်သက် လေတည်း ဟူသော အဿာသ ပဿာသ ဝါယောနှင့်တကွ ဝါယော ကလာပ် (၆)မျိုးလုံး၌လည်း ဖြစ်၏ဟု သိကြပါလေ။

ထိုမှတစ်ပါး ကာယဝိညတ္တိ နဝက ကလာပ်ကို သိလိုမူ ရှေးကပြခဲ့သော ရုပ်ရှစ်ခု ထဲ၌ ကိုယ်အမူအရာဟု ခေါ်သော ကာယဝိညတ္တိ ရုပ်တစ်ခုကို ထည့်မူ ကာယဝိညတ္တိ နဝက ကလာပ်ဖြစ်၏။ ဤကလာပ်သည် လူသတ္တဝါတို့၏

WWW.DHAMMARANSI.COM



ကိုယ်အတွင်း၌ မိမိအလိုဆန္ဒ ရှိရှိသမျှတို့ကို သိစေသော ဇောစိတ်တို့က ဖြစ်စေကြသည့် အားလျော်စွာ ပြုလုပ် ပြသသည့် ကိုယ်အမူအရာ အမျိုးမျိုးတို့ ဖြစ်ကြလျက် ရုပ်ကလာပ် အဆက်ဆက်တို့ ပကတိနေဆဲ အခါထဲတွင် ဖြစ်ပေါ်တည်ရှိကြကုန်၏။

ထိုမှတစ်ပါး သဒ္ဒဝစီဝိညတ္တိဒသက ကလာပ်ကို သိလိုမူ ရှေးကပြခဲ့သော ရုပ်ရှစ်ခုထဲ၌ နှုတ်အမူအရာဟု ခေါ်သော ဝစီဝိညတ္တိရုပ်နှင့် အသံသဒ္ဒရုပ် နှစ်ခုကို ထည့်မူ သဒ္ဒဝစီဝိညတ္တိ ဒသက ကလာပ်ဖြစ်၏။ ဤကလာပ်သည် သတ္တဝါတို့၏ နှုတ်အတွင်း၌ မိမိအလိုဆန္ဒ ရှိရှိသမျှတို့ကို သိစေသော ဇောစိတ်တို့က ဖြစ်စေကြသည့် အားလျော်စွာ ပြောဆိုကြသည့်စကား နှုတ်အမူအရာ အစားစားတို့ ဖြစ်ပွားလျက် ရုပ်ကလာပ် အဆက်ဆက်တို့ ပကတိပြောဆိုဆဲ အခါထဲတွင် ဖြစ်ပေါ်တည်ရှိကြကုန်၏။

ထိုမှတစ်ပါးသော ရုပ်ကလာပ် (၃)စားတို့ကို သိကြပြန်မူ ရှေးကပြခဲ့သော ရုပ်ကလာပ် သုံးစည်းတို့သည် ပကတိအခါမှာ ဖြစ်ပေါ်နေကြသည်တို့ကို ပြဆိုသည်ထက် စိတ်အနေအထား စသည်များတို့ ကောင်းမြတ်ထူးခြားလျက် ပေါ့ပါးနူးညံ့ အမှု၌ခန့်ကြကာ ထိုထိုအမှုအားလျော်စွာ နေထိုင်ခြင်း ပြုလုပ်ခြင်း ပြောဆိုခြင်းတို့ ဖြစ်နေကြဆဲ အခါထဲတို့၌ ပေါ့ပါးသော လဟုတာရုပ်၊ နူးညံ့သော မုဒုတာရုပ် အမှု၌ ခန့်သော ကမ္မညတာရုပ် (၃)ခုစီတို့ ထည့်သွင်းမူ ရုပ် (၁၁)ခု လဟုတာဒိသက ကလာပ်။ ရုပ်(၁၂)ခု ကာယဝိညတ္တိ လဟုတာဒိဒွါဒသက ကလာပ်။ ရုပ် (၁၃)ခု သဒ္ဒဝစီဝိညတ္တိ တေရသက ကလာပ်တို့ ဖြစ်ကြကုန်၏။

ဤကလာပ်တို့သည် သတ္တဝါတို့၏ ကြည်လင် ရွှင်ပြ ထက်သန်ကြီးမားလှသော ဇောစိတ်တို့က ဖြစ်စေကြကုန်လျက် နေထိုင်ခြင်း၊ ရုပ်ကလာပ် အဆက်ဆက် ပြုလုပ်ခြင်း၊ ရုပ်ကလာပ် အဆက်ဆက် ပြောဆိုခြင်း၊ ရုပ်ကလာပ် အဆက်ဆက်တို့ ဖြစ်ပေါ်တည်ရှိကြကုန်၏ဟု သိကြပါလေ။

ဤစိတ္တဇကလာပ် (၆)မျိုးတို့ လေးလံထိုင်းမှိုင်းစွာ နေထိုင်ရခြင်း ပြုလုပ်ရခြင်း ပြောဆိုရခြင်းတို့ ဖြစ်ကြရာတို့၌လည်းကောင်း၊ ပေါ့ပါးခန့်ကျန်းစွာ နေထိုင်ရခြင်း ပြုလုပ်ရခြင်း ပြောဆိုရခြင်း တို့၌လည်းကောင်း၊ စိတ္တာဓိပတိ အစရှိသော ပဋ္ဌာန်းပစ္စည်း တို့ကြောင့်သာ ခြောက်မျိုးခြောက်စားတို့ ဖြစ်ပေါ်တည်ရှိ ကြကုန်၏ဟု အကြောင်းအကျိုး ပဋ္ဌာန်းတရား ပါဠိတော်များကား။

WWW.DHAMMARANSI.COM



**စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။**

**စိတ္တာဓိပတိ**၊ အကြီးအမှူးဖြစ်သော စိတ်သည်။ **စိတ္တသမ္ပယုတ္တကာနံ** စိတ်နှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ**၊ စေတသိက်တရား တို့အားလည်းကောင်း။ **တံ သမုဋ္ဌာနာနံ**၊ ထိုအကြီးအမှူးစိတ်ကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ**၊ စိတ္တဇရုပ် တို့အားလည်းကောင်း။ **အဓိပတိပစ္စယေန**၊ အကြီးအမှူးဖြစ်သော အကြောင်း သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော**၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်၊ **ဟောတိ**၊ ဖြစ်၏။ ဟူ၍လည်း ဟောတော်မူ၏။

ထိုမှတစ်ပါး။

**စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ နိဿယ ပစ္စယေန ပစ္စယော။ အတ္ထိ ပစ္စယေန ပစ္စယော။ အဝိဂတ ပစ္စယေန ပစ္စယော။** ဟု ဟောတော်မူ၏။

**စိတ္တစေတသိကာ**၊ စိတ်စေတသိက် ဖြစ်ကုန်သော။ **ဓမ္မာ**၊ နာမက္ခန္ဓာတရား လေးပါးတို့သည်။ **စိတ္တသမုဋ္ဌာနာနံ**၊ စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်သော။ **ရူပါနံ**၊ ကိုယ်ဖြင့် ပြုခြင်း၊ နှုတ်ဖြင့် ပြောဆိုခြင်း၊ ရွှင်လန်းခြင်း၊ ညှိုးနွမ်းခြင်း စသော ထိုထို အမူအရာ အမျိုးမျိုးနှင့် ဖြစ်နေကြသော စိတ္တဇကလာပ် (၆)စည်း တို့အား။ **သဟဇာတ ပစ္စယေန**၊ အတူတကွ ဖြစ်ကြသည့် သဟဇာတ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော**၊ တကွဖြစ်၍ ကျေးဇူးပြုသည်။ **ဟောတိ**၊ ဖြစ်၏။

**နိဿယ ပစ္စယေန**၊ တည်မှီရာ နိဿယ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော**၊ တည်နေနိုင်အောင် ကျေးဇူးပြုသည်။ **ဟောတိ**၊ ဖြစ်၏။

**အတ္ထိပစ္စယေန**၊ ထင်ရှားရှိကြ အတ္ထိပစ္စယ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော**၊ ထင်ရှားရှိအောင် ကျေးဇူးဆောင်သည်။ **ဟောတိ**၊ ဖြစ်၏။

**အဝိဂတပစ္စယေန**၊ မကင်းကုန်ကြ အဝိဂတပစ္စယ သတ္တိဖြင့်။ **ပစ္စယော ဥပကာ ရကော**၊ မကင်းကြအောင် ကျေးဇူးဆောင်သည်။ **ဟောတိ**၊ ဖြစ်၏။ ဟု ဟောတော် မူသည့်အတိုင်း သတ္တဝါရှိသမျှတို့ ပြုလုပ်အားထုတ်သမျှ၊ ပြောဆိုသမျှ၊ ကြံစည်သမျှ ကာလတိုင်းတို့မှာ ကိုယ်ကောင်ကြီးတစ်ခုလုံးနှင့် အပြည့်အပြည့် အတွင်းက စိတ် ပြောင်းတိုင်း ပြောင်းတိုင်း ထိုထိုအပြုအမူ အနေအထား အသွင်အပြင်များတို့ တစ်မျိုးစီ တစ်မျိုးစီ ပြောင်း၍ ပြောင်း၍

WWW.DHAMMARANSI.COM



ဖြစ်နေကြသည်ကို သင်တို့ကိုယ်တွေ့ ဉာဏ်မြင် အထင်အရှား သိရှိပြီးသား မဟုတ်ပါလော။ ဤသို့သိရှိသည့်အတိုင်း ယုံကြည် အားထားကာ သိကြပါလေ။

ဖန်ဆင်းပေးသူက မျက်နှာကြီးငယ်သို့လိုက်၍ လေးလံ ထိုင်းမှိုင်းကြပြီး မကောင်းတာကြီးတွေ ဖြစ်ကြအောင် ပေါ့ပါးခန့်ကျန်း ရွှင်လန်း နှစ်သက်စွာ နေထိုင် ပြုလုပ် ပြောဆိုနိုင်ကြအောင် ဖန်ဆင်းပေး၍ ဖြစ်ကြရသည် မဟုတ် ဟူ၍လည်း သိကြပါလေ ပညာရှိ သဘောဖြူတွေတို့။

ထိုမှတစ်ပါး အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိ အများတို့။ သင်တို့စဉ်းစားကြည့်ကြဖို့သိကြဖို့တစ်မျိုးကား ဥတုဇရုပ်မျိုးက ကလာပ် (၄)စား ရှိကြရာတွင် ရှေ့ကပြခဲ့သော သုဒ္ဓဋ္ဌက ဥတုဇရုပ်သည် အမိဝမ်းတွင်းကစ၍ အရိုးစု ဆွေးမြေ့ ကုန်ခန်းသည်တိုင်အောင် ထိုထို အကောင်အထည် ဝတ္ထုတို့နှင့် အပြည့်အနက် ရုပ်ကလာပ် အဆက်ဆက်တို့မှာ ရုပ်ရှစ်ခုတို့သာ တည်ရှိကြကုန်၏။

ဤသုဒ္ဓဋ္ဌက ဥတုဇကလာပ်သည် တေဇောကလာပ် (၃)စား၊ ရှေ့ဝါယော ကလာပ် (၅)စား တို့၌လည်း ဖြစ်ကြကုန်သေး၏။ (သဒ္ဒနဝက) ဥတုဇရုပ်ကလာပ် မူကား ပကတိအခါ ထိုထိုသတ္တဝါတို့၏ အတွင်းက မဟာဘုတ်ချင်း တိုက်ခိုက်ကြ၍ အသံ ဖြစ်ပေါ်သော အခါတို့မှာသာ ဖြစ်ပေါ်လာသည်ဟု သိကြပါလေ။

ထိုမှတစ်ပါးသော ရုပ်ကလာပ် နှစ်စားတို့ကို သိလိုကြပြန်မူ ပကတိ အခါထက် ဥတုစသည်တို့ တိုးတက်ကောင်းမြတ် လျော့ပတ်ကြ၍ ပေါ့ပါးနူးညံ့ အမှု၌ခန့်သော အခါတို့မှာ ရှေးကပြခဲ့သော ရုပ်ရှစ်ခုထဲ၌ ပေါ့ပါးသော လဟုတာရုပ်၊ နူးညံ့သော မုဒုတာရုပ်၊ အမှု၌ခန့်သော ကမ္မညတာရုပ် (၃)ခုကို ထည့်မှု (လဟုတာဒိကေဒသက) ကလာပ်တို့ ဖြစ်ကြ၏။

ဤအတူ ပကတိအခါထက် ဥတုစသည်တို့တိုးတက်၍ မဟာဘုတ်ချင်း ထိခိုက်ကြသော အခါတို့မှာ ရှေးကပြခဲ့သော သဒ္ဒနဝက ကလာပ်ထဲ၌ လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ် (၃)ခုတို့ထည့်မှု သဒ္ဒလဟုတ ဒိဒွါသက ကလာပ် ဖြစ်၍ ဤဥတုဇကလာပ် (၄)စားတို့သည် မလျော့ပတ်သော တေဇောတည်းဟူသောဥတု၊ လျော့ပတ်သော တေဇောတည်းဟူသောဥတု တည်းဟူသော ပဋ္ဌာန်း တရားကြီး တို့ကြောင့် ဖြစ်ကြောင်းကို။

WWW.DHAMMARANSI.COM



**ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊**

**ဥတုဘောဇနမ္ပိ၊** တေဇော တည်းဟူသော ဥတု နှင့် ဘောဇဉ် ကလည်း။ **ဥပနိဿယ ပစ္စယေန၊** အားကြီးသော အကြောင်းသတ္တိဖြင့်။ **ပစ္စယော ဥပကာရကော၊** ကျေးဇူးပြုသည်။ **ဟောတိ၊** ဖြစ်၏ ဟု ဟောတော်မူ၏။

ဤသို့ဟောတော်မူသည့်အတိုင်း မျက်မြင်ဒိဋ္ဌ သူငါတို့အတွင်းမှာ အခြားသူ မဖန်ဆင်းရဘဲ အပူအအေးတည်းဟူသော ဥတုနှင့်တွဲ၍ ထင်ရှားဖြစ်ပေါ်လျက် ရှိကြသည်ကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြီးကြည့်၍ သိကြပါလေ ပညာရှိ သဘောဖြူ တွေတို့။

ထိုမှတစ်ပါး အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိ အများတို့။ သင်တို့စဉ်းစားကြည့်ကြဖို့ သိကြဖို့ တစ်မျိုးကား အာဟာရဇရုပ်မျိုးက ကလာပ်နစ်စား ရှိကြရာတွင် ပကတိ ဆေးအာဟာရ တို့ကို စားသုံး ထိုးနှံ လိမ်းကျံ ပြုလုပ်ခြင်း၊ ပဋိသန္ဓေ အတွင်းမှာ အမိစားသော အာဟာရ ပျံ့နှံ့ခြင်း ဖြစ်ကြရသော အခါတို့မှာ ထိုးဆေးနှင့် စားဖွယ် သောက်ဖွယ်တို့အထဲမှာပါသည့် ဩဇာဓာတ် တို့က ကျေးဇူးပြုကြသဖြင့် သတ္တဝါတို့၏ အတွင်း ခဏချင်း တစ်ကိုယ်လုံး ပျံ့နှံ့ သွားအောင် ရေးကပြခဲ့သော ရုပ်ရှစ်ခု အပေါင်းအစည်း (သုဒ္ဓဋ္ဌက ကလာပ်) တို့ကိုချည်း ဖြစ်ကြစေကုန်၏ဟု သိပါ။ ရှေ့တေဇောကလာပ် (၃)စား၊ ရှေ့ဝါယော ကလာပ် (၅)စားတို့၌လည်း ဖြစ်ကြကုန်သေး၏။

ထိုမှတစ်ပါး သတ္တဝါတို့၏ အတွင်းသား ဓာတ်အရပ်ရပ်တို့နှင့် လျော်ကပ်ပတ် လျော်ကန်သော ဆေးအာဟာရတို့ကို စားသုံး ထိုးနှံ လိမ်းကျံ ပြုလုပ်ကြရသော အခါတို့မှာ ထိုဆေးနှင့် စားဖွယ်တို့ အထဲမှာပါသည့် ဩဇာဓာတ်ဆီတို့က ကျေးဇူးပြုကြသဖြင့် သတ္တဝါတို့၏ အတွင်း ခဏချင်း ပျံ့နှံ့သွားအောင် ရေးက ပြခဲ့သောရုပ်ရှစ်ခုအပေါင်းအစည်းထက်မက ဤရုပ်ရှစ်ခုထဲ၌ကြည်လင်ရွှင်လန်း ခန့်ကျန်း တိုးတက်စေနိုင်သော ပေါ့ပါးသော လဟုတာရုပ်၊ နူးညံ့ခြင်း မုဒိတာရုပ်၊ ထိုထိုအမှု၌ ခန့်ခြင်း ကမ္မညတာရုပ် (၃)ခုကို ထည့်မှု (လဟုတာဒိ ဧကာဒသက ကလာပ်) ဖြစ်ကြ၏။

ဤအာဟာရဇကလာပ်နစ်စည်းတို့သည် မလျော်ကပ်ပတ်သော ဆေး အာဟာရ၊ လျော်ကပ်ပတ်သော ဆေးအာဟာရတည်း ဟူသော ပဋ္ဌာန်းတရားကြီး တို့ကြောင့် ဖြစ်ကြောင်းကို။

WWW.DHAMMARANSI.COM



**ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။**

အနက်မြန်မာကား။ **ကဗဠီကာရော၊** အလုပ်အတွေ့ကို မပြုတတ်သော်လည်းပြုတတ်သကဲ့သို့သော။ **အာဟာရော၊** လျောက်ပတ်သော အာဟာရ. မလျောက်ပတ်သော အာဟာရသည်။ **ဣမဿ၊** ဤသို့သဘောရှိသော။ **ကာယဿ၊** ရူပကာယ တစ်ကိုယ်လုံးကြီးအား။ **အာဟာရပစ္စယေန၊** အိမ်ကျား ပမာဏ မြဲမြံစေကြသည့်အာဟာရသတ္တိဖြင့်။ **ပစ္စယောဥပကာရကော၊** ထောက်ပံ့ ကြမှု ကျေးဇူးပြုသည်။ **ဟောတိ၊** ဖြစ်၏ ဟု ဟောတော်မူ၏။

ဤသို့ဟောတော်မူသည့်အတိုင်း မျက်မြင်ဒိဋ္ဌ သူငါတို့အတွင်းမှာ အခြားသူ မဖန်ဆင်းရဘဲ ရောဂါ စသည်တို့ ဆေးအာဟာရတို့ကြောင့် ဖြစ်ပေါ်လာမှု ပျောက်ငြိမ်း သွားမှုတို့ ထင်ရှားဖြစ်ပေါ်လျက် ရှိကြသည်ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြီး ကြည့်၍ သိကြပါလေ ပညာရှိ သဘောဖြူတွေတို့။

(ဩဘ်) အလွန်နှံ့အလွန်မှ သိနိုင်ခဲကြလှသော ကံ စိတ် ဥတု အာဟာရ တည်း ဟူသော အကြောင်းတရားတို့ကြောင့် သူငါတို့အတွင်းမှာ တင်းကြမ်းပြည့် တည်ရှိ၍ နေကြသော ရုပ်ကလာပ် အစားစားတို့ကို စာမတတ်သူတို့ပင် သိမြင်နိုင် လောက်အောင် ဤအချက်မှာ ရေးပြထားပါသော်လည်း သိရှိမှတ်မိအောင် အထပ်ထပ် ကြည့်ခဲ့စွ သိခဲစွ။ မသိရှိကလည်း ဤအတွင်းသား ပဋ္ဌာန်းတရား ရုပ်ကလာပ်အစားစားတို့ကို သူပဲငါပဲ ထင်မြင်လွဲ၍မှားချင်တိုင်း မှားကြရမည့်ဒုက္ခ ဒုက္ခ ဒုက္ခ ဒုက္ခ ဟူ၍သာ ကရုဏာရှေ့ထားကာ ညည်းတွားလိုက်ရ ပါတော့ သတည်း။

ပရိစ္ဆေဒရုပ်အစ ရူပဿ အနိစ္စတာရုပ် (၁၀)ခု တို့ကား ပရမတ္ထ အစစ် မဟုတ်ကြ။ ပရမတ္ထ၏ ဝိကာရ၏ အဖြစ်ကြောင့် ဥပစာရ အားဖြင့် ပရမတ္ထ ဟု ဆိုရသည်။ အနည်းငယ် ပညာရှိတို့သတိပြုမိကြရန် ပြဆိုဦးအံ့။

ကာယဝိညတ်ဆိုရာ၌။ ကာယကား သမ္ဘာရကာယ ဟူသော ကာယပသာဒ မဟုတ် သသမ္ဘာရကာယ ခေါ်သော တဒါဓာရဒဗ္ဗ ဝိဂ္ဂဟလည်းမဟုတ်။ ဖန္ဒမာန ကာယ စောပနကာယ နှစ်ပါးတွင် စောပနကာယ သာတည်း။ စိတ္တဇအဝိနိဗ္ဘောဂ ရုပ် (၈)ခုတို့တွင် စိတ္တဇဝါယောဓာတ်၏ တစ်ခုသော အာကာရဝိကာရသာ ကာယဝိညတ် မည်၏။

WWW.DHAMMARANSI.COM



ကာယဝိညတ်ကား စိတ္တဇ မဟုတ်။ စိတ္တဇ ဝါယောဓာတ်၏ အာကာရ ဝိကာရ ဖြစ်သောကြောင့် ဌာနူပစာရ အားဖြင့် စိတ္တဇ ဆိုသည်။ ပရမတ္ထ၏ ဝိကာရ ဖြစ်၍ ဥပစာရ အားဖြင့် ပရမတ္ထ ဆိုသည်။ ဝစီဝိညတ်လည်း ထို့အတူ စိတ္တဇပထဝီဓာတ်၏ ဝိကာရ ဖြစ်သောကြောင့် ဥပစာရအားဖြင့် စိတ္တဇ ဆိုသည်။ ပရမတ္ထလည်း ဆိုသည်။ လဟုတာ ဒိတ္တယလည်း ပရမတ္ထ၏ ဝိကာရ ဖြစ်သောကြောင့်လည်းကောင်း၊ လက္ခဏာရုပ် (၄)ခုလည်း ပရမတ္ထတို့၏ လက္ခဏာ ဖြစ်သောကြောင့်လည်းကောင်း ဥပစာရအားဖြင့် ပရမတ္ထ ဆိုသည်။ ကာယ ဝိညတ် စသည်တို့သည် စိတ္တဇကာယ စသည်၌ ဖြစ်သောကြောင့် မုချအားဖြင့် ပရမတ္ထကာယ မမည်ပြားသော်လည်း မဉ္စာဥက္ကုဋ္ဌိ ကရောန္တိ ကဲ့သို့ ဌာနူပစာရ အားဖြင့် ကာယ မည်၏။

(တစ်နည်း) ကာယေ ဘာဝေါ ကာယော။ ဘဝတဒ္ဓိတ် ကျင်း၍ မုချ ကာယ မည်အောင်ကြံလေ။ သိခဲ မြင်ခဲ၏။

ဒုလ္လဘောယံ ဝိနိစ္ဆယော သုဋ္ဌု သလ္လက္ခေတဗ္ဗော၊

❖

## ၄၁။ ဘာသာခြားနှင့် စာမတတ်သူများပင် မသိချင်တယ်လို့ မနေရအောင် ပဋ္ဌာန်းတရားကို ပြဆိုချက်။

ရှေးက ရုပ်တရားတို့သည် ဖန်ဆင်းပေးသူ မရှိဘဲ ပဋ္ဌာန်း အကြောင်းတရားတို့ကြောင့်သာ ဖြစ်ပေါ်လာချက်ကို ပြဆိုပြီး၍ ယခုအခါ နာမ်တရားတို့သည်လည်း ဖန်ဆင်းသူ မရှိကြဘဲ ပဋ္ဌာန်းတရား အစားစားတို့ကြောင့်သာ ဖြစ်ပေါ် တည်ရှိနေကြသည်ကို ထင်ရှားသိသာအောင် ပြရမူ။

အို ... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့သည် မြန်မာပြည်သည် မြန်မာများအဖို့၊ ကုလားပြည်သည် ကုလားများ အဖို့ဟု ပြောဆိုကြတာလို သင်တို့တစ်ကိုယ်လုံး တစ်ကောင်လုံးရှိ ပဋ္ဌာန်းတုံးတို့သည်လည်း သင်တို့အဖို့ ရရှိ သိရှိထိုက်သော ကိုယ်တွေ့လက်တွေ့ပဋ္ဌာန်း တရား အစစ်များ မဟုတ်ပါလော။

WWW.DHAMMARANSI.COM



ထိုသို့ ဖြစ်ပါလျက် ဘာသာခြားကို မဆိုထားနှင့်ဦး ငါတို့ ဗုဒ္ဓဘာသာတို့ အထဲမှာပင် အဘိဓမ္မာ ဓာတ်တရား ပရမတ္ထတရား ပဋ္ဌာန်းတရားကြီးတို့ဆိုတာ သာမန် လူစား ပေါ်မွှားတို့မှာ ဖြစ်နိုင် ရှိနိုင် သိနိုင်ကြသော တရားမျိုး မဟုတ်။ တကယ် အထက်တန်းစား ဘုရား အရိယာကြီးများ ကျမ်းဂန်တတ် ပုဂ္ဂိုလ်ကြီးများ တို့မှာသာ ဖြစ်နိုင် ရှိနိုင် သိနိုင်ကြသော တရားမျိုးသာ ဖြစ်ကြကုန်၏ဟူ၍ ထင်မှတ် ပြောဆိုလျက် အဘိဓမ္မာ ပရမတ္ထတရား ပဋ္ဌာန်းတရားတို့အရကို သာမန်လူစား တို့က စပ်ဟပ်၍ ပြောကြားသောအခါ ဤဓာတ် ပရမတ်တရား ပဋ္ဌာန်းတရားတို့ ဆိုတာ မင်းတို့နှင့် တန်သလား၊ ရာသလား၊ မင်းတို့မှာ ရှိနိုင်တာလား၊ သိနိုင် တာလား ဟူ၍ပင် တိမ်ကြားမင်းခေါင်ကြီးဟု ထင်မှတ် ပြောကြားနေကြသည့် အတွက် ငါတို့နှင့် မတန်ဘူးတဲ့၊ မရာဘူးတဲ့ဟု ထင်မှတ်ကြလျက် သိရှိအောင် မဟောကြားကြ၊ သိရှိအောင် ဟောကြားကြသော်လည်း နာကြား အားထုတ်ခြင်း ကိုလည်း မပြုကြသည့်အတွက် ငါတို့ ဘိုးဘေးဘီဘင် အစဉ်အဆက်တို့ ဤပဋ္ဌာန်းတရား အရသာများကို မခံစားရဘဲ မွဲတေ ဝတ်မွတ်လို့ချည်း သွားကြရ ရှာသည်တို့ကို အလွန့်အလွန်ပင် ဝမ်းနည်းစရာ ကောင်းကြလှ၏။

စင်စစ်မှုကား ငါတို့တစ်ကိုယ်လုံး တစ်ကောင်လုံးတို့မှာ ပဋ္ဌာန်းတရား လို့ချည်း ဖြစ်နေကြတာကို ဥပမာဆိုရမူ နာရီကြီးတစ်ခုကို စက်ကိရိယာတို့ကို တစ်ခုစီ ဖြုတ်ထားမူ နာရီကြီး မရှိတော့ပြီ တစ်ဖန် တပ်ဆင်ထားပြန်မူ နာရီကြီး ဖြစ်ပေါ်ပြီး ဒေါက် ဒက် ဒေါက် ဒက် နှင့် အချိန်မှန်မှန် သွားလာပြီး လိုအပ်သော အမှတ်ကို ပြီးစီး သကဲ့သို့ ယခုလောက၌ တစ်ကိုယ်လုံး ကောင်ထီးကြီး၊ တစ်ကိုယ်လုံး ကောင်မကြီး တို့သည်လည်း ဓာတ် (၁၈)ပါး ပဋ္ဌာန်းတရားတို့ ပေါင်းစုထားသော ပဋ္ဌာန်းကောင်ထီးကြီး ပဋ္ဌာန်းကောင်မကြီးတို့ အစစ်ဖြစ်ကြ၍ ထိုထိုအမှုကိစ္စ အဝဝတို့ကိုလည်း ပြီးစီးပြည့်စုံအောင် ရွက်ဆောင် ပြုလုပ်နေကြ ကုန်၏ဟု ဥပမာနှင့် စပ်ဟပ်၍ သိကြပါလေ။

❖

WWW.DHAMMARANSI.COM



## ဓာတ် (၁၈)ပါး ပဋ္ဌာန်းတရားဖြစ်ပုံ။

ဤစကားရပ်၌ဓာတ် (၁၈) ပါးပဋ္ဌာန်းတရားတွေကို ခွဲစိတ်လိုက်လျှင် မိန်းမ၊ ယောက်ျား ပျောက်သွားပုံများကို ပြဆိုရမူ သတ္တဝါတို့၌ မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက် အားဖြင့် အပေါက် (၆) ပေါက် ပါဋ္ဌိလို ခြောက်ဒွါရစီ ရှိကြရာတွင် မျက်စိပေါက်က ထိုထိုအဆင်းကို မြင်သိရာ၌ မျက်စိဓာတ်၊ အဆင်းဓာတ်၊ မြင်သိဓာတ် ဤဓာတ် (၃)ပါး တွဲလျက် ဖြစ်ကြကုန်၏။

နားပေါက်က ထိုထိုအသံကို ကြားသိရာ၌လည်း နားဓာတ်၊ အသံဓာတ်၊ ကြား သိဓာတ် ဤဓာတ် (၃)ပါး တွဲလျက် ဖြစ်ကြကုန်၏။

နှာခေါင်းပေါက်က ထိုထိုအနံ့ကို နံသိရာ၌လည်း နှာခေါင်းဓာတ်၊ အနံ့ဓာတ်၊ နံသိဓာတ် ဤဓာတ် (၃)ပါး တွဲလျက် ဖြစ်ကြကုန်၏။

လျှာပေါက်က ထိုထိုအရသာကို စားသိရာ၌လည်း လျှာဓာတ်၊ အရသာ ဓာတ်၊ စားသိဓာတ် ဤဓာတ် (၃) ပါး တွဲလျက် ဖြစ်ကြကုန်၏။

ကိုယ်ပေါက်က ထိုထိုအတွေ့ကို တွေ့သိရာ၌လည်း ကိုယ်ဓာတ်၊ အတွေ့ ဓာတ်၊ တွေ့သိဓာတ် ဤဓာတ် (၃) ပါး တွဲလျက် ဖြစ်ကြကုန်၏။

မနောပေါက်က ထိုထိုပရမတ် ပညတ် ဓမ္မာရုံတို့ကို ကြံစည်ရာ၌လည်း သာမန် မနောဓာတ်၊ သဘောဓာတ်၊ ကြံသိဓာတ် ဤဓာတ် (၃)ပါး တွဲလျက် ဖြစ်ကြကုန်၏။

ဤသို့လျှင် သတ္တဝါတို့တစ်ကိုယ်လုံးတွေကို အပေါက်ခြောက်ပေါက်တို့က ဓာတ် (၃)ပါးစီနှင့် အသီးအခြားစီ ထုတ်ယူ ခွဲခြားထားလိုက်ပါမူ မိန်းမ ယောက်ျားတွေ ပျောက်ကွယ်သွား၍ ဓာတ် (၁၈) ပါးမျှသာ နာရီစက်ကိရိယာတွေ ခွဲခြားတည်ရှိတာလို တည်ရှိကြကုန်၏။

တစ်ဖန် ထိုထိုစက်ကိရိယာတွေကို တပ်ဆင်လိုက်မူ နာရီကြီးဖြစ်ပြီး ထိုထို အမှု၌ အသုံးပြုကြတာလို ဤဓာတ် (၁၈) ပါးတို့ ပေါင်းစပ်မိကြသောအခါ သမ္မုတိသစ္စာနယ်မှာ မိန်းမ ယောက်ျားတွေ ထိုထိုသတ္တဝါကောင်တွေ ဖြစ်ကြပြီး ထိုထိုကိစ္စ အသီးသီးတို့ ပြုလုပ်နေထိုင်ကြကုန်၏ ဟု သမ္မုတိသစ္စာနယ်က သိမှတ် ပြောဆိုနေကြကုန်၏။

WWW.DHAMMARANSI.COM



ပြောဆိုသည့် အတိုင်းလည်း မည်သူ့ကိုမျှ လိမ်လည်ရာမကြဘဲ သမ္မုတိသစ္စာနယ်ထဲမှာ အမှန်သာ သိရှိ ပြောဆိုကြကုန်၏ ဟူ၍သာ ပညတ်သိသမားတို့ သိကြကုန်၏။ ထိုထက် ထူးချွန်၍ မသိရှိ မပြောဆိုတတ်ကြကုန်။ ဓာတ်ပရမတ် မျက်စိ၊ ပဋ္ဌာန်းမျက်စိ တကယ်ရှိသော သူတို့မှုကား လောကဓမ္မတာ သမ္မုတိသစ္စာနယ် သိမျိုးနှင့်လည်း သိကြကုန်၏။ ထို့ထက် ထူးချွန်၍လည်း သိမှတ်ပြောဆို နိုင်ကြကုန်၏။

ပြောဆိုရပုံကား မိမိတို့မျက်စိပေါက်မှာ ပဋ္ဌာန်းတရား အစစ်များတို့ချည်း ဖြစ်နေကြသည်တို့ကို ထင်ရှားအောင် ပြဆိုရမှု မိမိတို့မျက်စိဖြင့် ထိုထို အဆင်းတို့ကို မြင်နေကြ သည်ကို ဘယ်ဘာသာမဆို သိရှိကြမည်ကား မလွဲတည်း။

ဤသို့မျက်စိဖြင့်မြင်၍ သိသမျှကို ပါဠိစကားနှင့် စက္ခုဝိညာဏဓာတ် ဟုဆို၏။ မြန်မာစကားနှင့် မြင်သိနာမ် ဝိညာဉ်သဘော ဟု ပြောဆိုရာ၏။ ဤသို့ မျက်စိရှိသော သတ္တဝါတိုင်းတို့ မြင်သိသမျှသော နာမ်ဝိညာဉ်တို့ကား ဖန်ဆင်းတတ်သောသူတို့ဖန်ဆင်းပေးလို့ မြင်ရသည်မဟုတ် ရှေးကပြုခဲ့သော ကမ္မဇကလာပ်တို့တွင် စက္ခုဒသက ကလာပ်ထဲမှာပါသော စက္ခုပသာဒ ရှိသောကြောင့် (ဝါ) မျက်စိရှိသော ကြောင့်သာ ထိုထိုအဆင်းကို မြင်ရ၏။ မျက်စိမရှိသော် မမြင်ရဟု ပြောဆိုက မည်သည့် ဘာသာမျှ မငြင်းပယ်နိုင်ကြဘဲ မျက်စိကြောင့် မြင်သိဖြစ်ရသည် ဟူ၍သာ ဝန်ခံကြရ ပေလိမ့်မည်။

သာမည မျက်စိရှိရုံမျှနှင့် မမြင်ရသေး ထိုထိုကလာပ်ထဲမှာ ပါသည့် အဆင်းဝဏ္ဏ ရုပ်တွေ ရှိနေသောကြောင့်လည်း (ဝါ) ထိုထိုအဆင်းတွေ ရှိနေသောကြောင့်သာ မြင်ရ၏။ အဆင်းမရှိသော် မမြင်ရ ဟု ပြောဆိုက မည်သည့် ဘာသာမျှ မငြင်းပယ်နိုင်ကြဘဲ အဆင်းတွေ ရှိနေသောကြောင့်သာ မြင်သိ ဖြစ်ရသည် ဟူ၍သာ ဝန်ခံကြရပေလိမ့်မည်။

မျက်စိနှင့် အဆင်းကြောင့် မြင်သိဖြစ်ကြရသည် ဟု ဝန်ခံကြရခြင်း သိမှတ်ပြောဆိုရခြင်းကား အခြားမဟုတ်။ ပဋ္ဌာန်း အကြောင်းအကျိုးတရား အစစ်များကို ဝန်ခံကြရခြင်းတို့ပေတည်း။ ဤသို့ ဝန်ခံသည့်အတိုင်း ဘုရားဟောတော်မူသော ပဋ္ဌာန်းပါဠိတော် အစစ်များကို ပြဆိုရမူ။

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော၊ ပုရေဇာတ ပစ္စယေန ပစ္စယော၊ စသည်ဖြင့် ဟောတော်မူ၏။**

WWW.DHAMMARANSI.COM



(တစ်နည်း) **ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ပုရေဇာတ ပစ္စယေန ပစ္စယော၊** စသည်ဖြင့် ဟောတော် မူ၏။

အနက်မြန်မာကား။ **စက္ခာယတနံ၊** ရှေးအဖို့က ဖြစ်နေကြသည့် စက္ခုပသာဒရုပ် အကြည်သည်။ **စက္ခုဝိညာဏဓာတုယာ စ၊** မိမိအပေါ်မှာ မှီ၍ ဖြစ်ပေါ်လာသည့် စက္ခုဝိညာဏ ဓာတ်အားလည်းကောင်း။ **တံ သမ္ပယုတ္တကာနံ၊** ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ၊** စေတသိတ် တရားတို့အားလည်းကောင်း။ **နိဿယ ပစ္စယေန၊** တည်ရာမှီရာ နိဿယ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော၊** တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ **ဟောတိ၊** ဖြစ်၏။ **ပုရေဇာတ ပစ္စယေန၊** ရှေးဖြစ်ကြသည့် ဝတ္ထု ပုရေဇာတ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော၊** ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ **ဟောတိ၊** ဖြစ်၏။

(တစ်နည်း) **ရူပါယတနံ၊** အဆင်းဝဏ္ဏ ရှိသမျှဉသုံ ရူပါရုံသည်။ **စက္ခုဝိညာဏ ဓာတုယာ စ၊** မြင်သိသဘာဝ စက္ခုဝိညာဏ ဓာတ်အားလည်းကောင်း။ **တံ သမ္ပယုတ္တကာနံ၊** ထိုစက္ခုဝိညာဉ်နှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ၊** စေတသိက် တရားတို့အားလည်းကောင်း။ **အာရမ္မဏ ပစ္စယေန၊** ဆွဲကိုင်ရာ ပမာဏ အာရမ္မဏ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော၊** ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ **ဟောတိ၊** ဖြစ်၏။ **ပုရေဇာတ ပစ္စယေန၊** ဆွဲကိုင်ရာ ပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော၊** ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ **ဟောတိ၊** ဖြစ်၏။ ဟု မြင်သိ စက္ခု ဝိညာဏဓာတ်တို့သည် ဖန်ဆင်းတတ်သူတို့ ဖန်ဆင်း၍ ဖြစ်ပေါ်ရသည် မဟုတ် မီးခြစ်ဆံနှင့် ကော်ပတ်တို့ တိုက်ခိုက်ကြသောကြောင့် မီးတောက်ပေါ်လာတာလို မျက်စိနှင့်အဆင်းတို့ တိုက်ခိုက်ပေါင်းဆုံခြင်း ပဋ္ဌာန်းအကြောင်းရင်းတို့ကြောင့်သာ သတ္တဝါတိုင်းတို့အမြဲထာဝရ မျက်စိပေါက်က မြင်သိလုံးနှင့် ကြည့်ရှုသုံးစွဲနေကြသော ပဋ္ဌာန်းအကျိုးတရား အစစ်များဖြစ်ကြကုန်၏ဟု သိကြပါလေ။ ဤကား အကျဉ်းတည်း။

အကျယ်ကို သိလိုမူ မိမိတို့ပတ်လည်မှာ အဆုံးမရှိသော အဆင်းဝဏ္ဏရုပ်တို့သည် အဆုံးမရှိသော ပဋ္ဌာန်းတရား အကျယ်များတို့ပေတည်း။ ထိုတရားကို ထင်ရှားအောင်ပြဦးအံ့။ သတ္တဝါတိုင်းတို့မှာမျက်စိနှင့်အဆင်းတို့ကြောင့်မြင်သည့် ပဋ္ဌာန်းတွေ ဖြစ်နေကြရာ၌ ပဋ္ဌာန်းဖြစ်မှန်း မသိသူတို့က ပဋ္ဌာန်းတွေ အလွန်

WWW.DHAMMARANSI.COM



အလွန်ကြီး ရှားနေသည်ဟု ပြောဆိုလာကြသောအခါ ပဋ္ဌာန်းတွေ အလွန့်အလွန်ကြီး ပေါနေသည်ကို သိစေခြင်းငှာ သင်တို့သည် အဆင်းပဋ္ဌာန်းလွတ်သောနေရာကို လက်ညှိုးထိုး၍ ပြနိုင်မူ ဆုတစ်ထောင်ပေးမည်ဟု ပဋ္ဌာန်းမရှိရာတို့ဆုပေး၍ရှာစေသောအခါ ဆုလိုသူတို့က ပဋ္ဌာန်းမရှိဘူးဟု ထင်ကြသောဘက်ကို လက်ညှိုးထိုး၍ ပြလိုက်လျှင် ထိုလက်ညှိုးညွှန်ရာ အရပ်မျက်နှာ ဝေးနီးနေရာတို့မှာလည်း အဆင်း အစုစု ရှိရမည်ကား မလွဲတည်း။

ဤအဆင်းသည်ပင်လျှင် မြင်သိဖြစ်ကြောင်း ဖြစ်သောကြောင့် ပဋ္ဌာန်းတည်း။ အကယ်၍ အခြားအဆင်း မရှိစေကာမူ အရောင်ရုပ် အမှောင်ရုပ်တို့အတွင်းက အဆင်း တစ်ခုခုကိုပင် လက်ညှိုးနှင့် နီးကပ်လျက် ထိုးမိနေသောအဆင်းဝဏ္ဏရုပ်ကို မျက်မြင်ဉာဏ်တွေ့သိရှိရသူ သဘောဖြူမှန်သမျှတို့ကမူကား ဩော် ရှေးအဖို့က ဓာတ်တရား ပရမတ်တရား ပဋ္ဌာန်းတရားတို့ဆိုတာ တိမ်ကြားမင်းခေါင်ကြီးတွေ ဖြစ်နေကြ၍ ငါတို့နှင့် မတန်ဘူး မရာဘူးဟု ပြောဆိုကြသည်အတိုင်း မှတ်ထင်ကြရ၍ မသိရှိခဲ့ရတာ အလွန်ကြီး နစ်နာခဲ့ကြရပါတကား။

ယခုမူကား ဘာသာခြားနှင့် စာမတတ်သောသူများပင် ပဋ္ဌာန်းကို မသိချင်ပါဘူး မမြင်ချင်ပါဘူး ဟူ၍ ငြင်းဆိုကာ ထွက်ပြေးကြစေကာမူ သင်တို့ငြင်းဆိုတိုင်း မနေကြရဘဲ သင်တို့ပြေးသောအခါ မျက်စိနှင့် မြင်မြင်ပြေးသမျှတို့ဟာ အမြင်ခံသော ကျွန်တော်တို့ ပဋ္ဌာန်းတို့ကြီးပဲဟရှိ့ရဲ့ဟူ၍သာ တောင်းပန်တိုးလျှိုးကာ လိုက်လံ အော်ဟစ်၍မပြောဖြစ်သော်လည်း ပဋ္ဌာန်းတရား အစစ်များကိုသာ မြင်မြင် မြင်မြင် သွားကြမှာချည်းပဲ ဟူ၍သာ ရေးသားလိုက်ရပါသတည်း။

ဤကား မျက်စိပေါက်၌ ဓာတ် (၃) ပါးနှင့် ပဋ္ဌာန်းတရားတို့ကမ္ဘာကြီးတိုင်းတို့မှာ မျက်စိပါသော သတ္တဝါဟူသမျှတိုင်းတို့ဖြစ်ပွားနေကြတာတို့ကို အကျယ်ချဲ့၍ သိကြစေခြင်းငှာ အမွှက်မျှ ပြချက်ပါတည်း။

ထိုစကားမှန်၏ စက္ခုပသာဒရုပ် အကြည်ကလေးပေါ်၌ ပေါ်လာတိုက်ခိုက်လာသော ရူပါရုံကိုသိခြင်းဟု ဆိုအပ်သော သဘောကလေးဟူသမျှသည် စက္ခုဝိညာဏ ဓာတ်ခေါ်တဲ့ ပဋ္ဌာန်းအကျိုးတရားချည်းတည်း။ ထိုစက္ခုဝိညာဏဓာတ်ပေါ်ရာ ပသာဒတို့၌ တိုက်ခိုက်လာသော အာရုံတို့ကား ပဋ္ဌာန်းအကြောင်းတရားတို့ချည်းတည်း။ အကြွင်းမှာလည်း ထိုနည်းအတူ သိကြပါလေ။

❖

WWW.DHAMMARANSI.COM



## ၄၂။ သတ္တဝါတို့မှာ ပဋ္ဌာန်းတရားတို့ချည်းသာ ဖြစ်နေကြပုံကို ပြချက်။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့၊ ဤလောကကြီးအတွင်း၌ မှီတင်းနေထိုင်ကြရသော သူတို့သည် မိမိတို့တိုင်းပြည် မြို့ရွာ အိမ်ဂေဟာတို့၌ အလိုအလျောက် ပေါ်ပေါက်လာသော ရတနာတို့သည် မိမိ. မိမိတို့ ပိုင်ဆိုင်ကြသော ရတနာအစစ်တို့ ဖြစ်သကဲ့သို့ မိမိတို့၏ ခန္ဓာကြီးတို့နှင့် စပ်သမျှသော နိဗ္ဗာန်ပေါက် စိန်၊ ကျောက်၊ ပတ္တမြားဟု ဆိုအပ်သော ပဋ္ဌာန်းတရား အစစ်များကို မိမိ. မိမိတို့ပင် သိရှိနားလည်ကြပြီး သံသရာနှင့် ကမ္ဘာအဆက်ဆက် တို့မှာ သုံးဆောင် ခံစား သွားစရာ အစစ်ဖြစ်ပါလျက် ဘယ်အတွက်ကြောင့် သင်တို့သည် သိရှိနားလည်အောင် ရေးပြထားသော ဤစာများကို မှတ်သား ကြည့်ရှု နားလည်အောင် မပြုကြသေးသနည်း။

သင်တို့ အလွယ်တကူနှင့် သိရှိနားလည်ကြဖို့ အချက်တို့ကား အခြား မဟုတ် ရှေ့ကပြခဲ့သော မိန်းမ ယောကျာ်း သတ္တဝါ အများတို့၌ တည်ရှိကြ ကုန်သော ခြောက်ဒွါရဝယ် သုံးသွယ်စီသော ဓာတ်တစ်ဆယ့်ရှစ်ရပ်သော သဘောအစုတို့တွင် မျက်စိပေါက်ကပြခဲ့သော စက္ခုဝိညာဏဓာတ် (ဝါ) မျက်စိသိ သဘောမှာကဲ့သို့ နား စသည်ရှိသော သတ္တဝါတိုင်းတို့မှာ မျက်စိမှစသည် ကြွင်း ငါးဒွါရ (ဝါ) ငါးပေါက်တို့၌ ကြားသိသမျှသော သောတဝိညာဏဓာတ်၊ နံသိ သမျှသော ဃာနဝိညာဏဓာတ်၊ စားသိသမျှသော ဇိဝှါဝိညာဏဓာတ်၊ တွေ့သိ သမျှသော ကာယဝိညာဏဓာတ်၊ ကြံသိသမျှသော မနောဝိညာဏဓာတ်နှင့် အရပ်ရပ်သော နာမ်တရားတို့သည်လည်း ဖန်ဆင်းတတ်သော သူတို့က ဖန်ဆင်း ပေးကြလို့ ဖြစ်ကြရသော တရားမျိုးမဟုတ်။ စင်စစ်မူကား နားဓာတ်နှင့် အသံ ဓာတ်များ အကြောင်းပဋ္ဌာန်းတရား အစစ်များကြောင့်သာ ကြားသိ ပဋ္ဌာန်းတရား အကျိုးများတို့ချည်း ဖြစ်နေကြရပါတကား ဟူ၍လည်းကောင်း။

(တစ်နည်း) နှာခေါင်းဓာတ်နှင့် အနံ့ဓာတ်များ အကြောင်းပဋ္ဌာန်းတရား အစစ်များကြောင့်လည်း နံသိပဋ္ဌာန်းတရားအကျိုးများတို့ချည်းဖြစ်နေရပါတကား ဟူ၍လည်းကောင်း။

(တစ်နည်း) လျှာဓာတ်တို့နှင့် အရသာဓာတ်များ အကြောင်းပဋ္ဌာန်းတရား အစစ်များကြောင့်လည်း စားသိပဋ္ဌာန်းတရား အကျိုးများတို့ချည်း ဖြစ်နေရပါ တကား ဟူ၍လည်းကောင်း။

WWW.DHAMMARANSI.COM



(တစ်နည်း) ကိုယ်ဓာတ်နှင့် အတွေ့ဓာတ်များ အကြောင်းပဋ္ဌာန်းတရား အစစ်များကြောင့်လည်း တွေ့သိပဋ္ဌာန်းတရား အကျိုးများတို့ချည်း ဖြစ်နေရပါတကား ဟူ၍လည်းကောင်း။

(တစ်နည်း) သာမန်မနောဓာတ်နှင့် ရုပ်နာမ် ဓမ္မာရုံ သဘောဓာတ်များ အကြောင်းပဋ္ဌာန်းတရားအစစ်များကြောင့်လည်းကြံသိပဋ္ဌာန်းတရားအကျိုးများ တို့ချည်း ဖြစ်နေရပါတကား ဟူ၍လည်းကောင်း။

သိရှိရသူ ပညာရှိ သဘောဖြူ မှန်သမျှတို့သည် ဤကဲ့သို့ ပဋ္ဌာန်းတရား အစစ်များကို အလွယ်နှင့် သိရှိရသဖြင့် အလွန့်ထက်အလွန် ဝမ်းမြောက်ကြပြီးလျှင် (သြော်) မိမိ,မိမိတို့ နေစဉ်ထာဝရ အသုံးချနေကြသော ဝိညာဉ်ခြောက်မျိုး၊ အပေါက် ဒွါရခြောက်မျိုး၊ အာရုံခြောက်မျိုး၊ အကြောင်းအကျိုး အမျိုးမျိုးတို့ကား အခြားမဟုတ်ဘဲ ပဋ္ဌာန်းတရားထဲမှာသာ အမြဲထာဝရ ပါဝင်၍ နေကြသောကြောင့် ဤတစ်ဆယ့်ရှစ်ရပ် ဓာတ်ပရမတ်တရား ပဋ္ဌာန်းတရားတို့ကို မိမိ,မိမိတို့ ဘာသာစကားနှင့် သိကြား နားလည်သူ မှန်သမျှတို့သည် မိုးညှင်းကိုယ်တော်ကြီးရှေ့က သတ္တဝါတိုင်းတို့မှာ ပဋ္ဌာန်းတရားနှင့်ချည်းသာ ဖြစ်နေကြကုန်၏ဟု ရေးပြသည့်အတိုင်း ဟုတ်လိုက်လေခြင်း ဟုတ်လေခြင်း ဟူ၍သာ ဥဒါန်းကျူးကြကာ ဝမ်းမြောက်ကြစရာတို့ပေတည်း။

အကယ်၍ ပဋ္ဌာန်းတရားဆိုတာ သာမန်လူစား ငပါမ္မားတို့မှာ မိမိတို့နှင့် ထိုက်တန်သလောက် ရှိနိုင်တာ သိနိုင်တာမျိုး မဟုတ်ဟု ထင်မြင်ယူဆသူတို့က ရှေ့ကပြခဲ့သော ခြောက်ဒွါရနှင့် ခြောက်ဝအာရုံ ခြောက်စုံဝိညာဉ်တို့ ဖြစ်ပေါ်နေကြသည်ကား ပဋ္ဌာန်းတရား အစစ်များပဲဟု မြန်မာစကားနှင့် ဒို့မှယုံနိုင် ဘုရားဟောဖော် ပဋ္ဌာန်းပါဠိတော်ကို ပြမှ ငါတို့ယုံကြည်နိုင်ကြမည်ဟု ပဋ္ဌာန်းပါဠိတော် အရကို အလိုရှိကြပါမူ။

သောတာယတနံ သောတဝိညာဏ ဓာတုယာ စသည်ဖြင့်လည်းကောင်း၊ ဃာနာယတနံ ဃာနဝိညာဏ ဓာတုယာ စသည်ဖြင့်လည်းကောင်း၊ ဇိဝှါယတနံ ဇိဝှာဝိညာဏ ဓာတုယာ စသည်ဖြင့်လည်းကောင်း၊ ကာယာယတနံ ကာယဝိညာဏ ဓာတုယာ စသည်ဖြင့်လည်းကောင်း၊ မျက်စိပေါက်က ပါဠိတော် အပြည့်အစုံ ရေးပြသည့်အတိုင်း တို့ကိုလည်းကောင်း။

WWW.DHAMMARANSI.COM



**မနောပေါက်မှာကား သဗ္ဗေဓမ္မာ မနောဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော** ဟူ၍လည်းကောင်း၊ ပဋ္ဌာန်းပါဠိတော်မှာ လာသည် ဟု ညွှန်ကြားကြသောအခါ ဤပါဠိတော်များအရ သတ္တဝါအလုံးစုံနှင့်ဆိုင်ကြ၍ နေ့စဉ် ထာဝရ ပဋ္ဌာန်းတရားတွေကိုချည်း အသုံးကြ အသုံးချနေသည်များကို မည်သူတစ်ဦး တစ်ယောက်မျှ မပယ်ရှားနိုင်ကြကုန်ရာ ဟုတ်လှပါတယ် မှန်လှပါတယ် ဟူ၍သာ ဝန်ခံကြကုန်ရာသတည်း။

ဤကား မျက်စိပေါက်မှကြွင်းသော နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက် တို့မှာ အမြဲထာဝရ ပဋ္ဌာန်းတို့နှင့်ချည်းသာ ဖြစ်နေကြပုံကို ဘာသာခြားနှင့် စာမတတ်သူများပင် မသိချင်တယ်လို့ မနေရအောင် ရေးသား ဖော်ပြချက်ပေတည်း။

ရှေ့ကပြခဲ့သော ခြောက်ဒွါရ (ဝါ) အပေါက်ခြောက်ပေါက်တို့က ဇောစိတ် ဟူသမျှ တို့သည် ကုသိုလ် အကုသိုလ် တို့ချည်း ဖြစ်နေကြပုံကို ဆက်လက်၍ ပြဆိုရမူ။

အို … တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ဤလောကကြီးအတွင်းမှာကုသိုလ်တရားဖြစ်ပွားကြအောင် ဒါန၊ သီလ၊ ဘာဝနာ စသည်များကို သေချာစွာ အားထုတ်ကြမှ ဖြစ်ကြရသည်။ အကုသိုလ်တရား ကိုလည်း သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော ဒုစရိုက်မှုများကို ပြုကြမှသာ ဖြစ်ကြသည် ဟု ကုသိုလ် အကုသိုလ် ဖြစ်မှန်းကိုတော့ သိရှိကြ၏။ ဤကုသိုလ် အကုသိုလ်တရား တို့ဟာ အဘိဓမ္မာ ဓာတ်ပရမတ်တရားကြီးတွေပဲ ပဋ္ဌာန်းတရားကြီးတွေပဲ ဟူ၍ကား သတိမထားကြသည့်အတွက် ထိုထို ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီး အစစ်များကို ဖြစ်ပွားအောင် သာမန်လူစားတို့ မပြုနိုင် မဖြစ်နိုင်ဟု ထင်မှတ် ပြောဆိုလျက် ရှိကြသည်၌ ထိုသို့ ပြောဆိုတိုင်း အစစ် မဖြစ်ကြကုန်။ စင်စစ်မူကား ဘုရား ရဟန္တာမှတစ်ပါး သင်တို့နှင့်တကွ သတ္တဝါအစားစားတိုင်းတို့မှာ နေ့စဉ်ထာဝရ မျက်စိပေါက်က မြင်ရ၍ ဘယ်အကောင်းအထည် ဝတ္ထုတွေပဲ စသည်ဖြင့် ဆက်လက်၍ သိရှိကြံစည် ပြောဆို ပြုလုပ်သမျှသော ဇောစေတနာတို့သည် ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီးတို့သာ ဖြစ်ကြကုန်၏ ဟူ၍လည်းကောင်း။

WWW.DHAMMARANSI.COM



(တစ်နည်း) နားပေါက်က ကြားရ၍ မည်သည့် အသံပဲ စသည်ဖြင့် ဆက်လက်၍ သိရှိ ကြံစည် ပြောဆို ပြုလုပ်သမျှသော ဇောတို့သည် ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီးချည်း တို့သာ ဖြစ်ကြကုန်၏ ဟူ၍လည်းကောင်း။

(တစ်နည်း) နှာခေါင်းပေါက်က နံကြရ၍ ဘယ်အကောင်အထည် ဝတ္ထုတို့၏ အနံ့တွေပဲ စသည်ဖြင့် ဆက်လက်၍ သိရှိ ကြံစည် ပြောဆို ပြုလုပ်သမျှသော ဇောစေတနာတို့သည် ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းတရားချည်း တို့သာ ဖြစ်ကြကုန်၏ ဟူ၍လည်းကောင်း။

(တစ်နည်း) လျှာပေါက်က စားကြရ၍ မည်သည့် အစာ အာဟာရ ထမင်း ဟင်း စသည်တို့၏ အရသာတွေပဲ ဟု ဆက်လက်၍ သိရှိ ကြံစည် ပြောဆို ပြုလုပ် သမျှသော ဇောစေတနာတို့သည် ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်း တရားချည်း တို့သာ ဖြစ်ကြကုန်၏ ဟူ၍လည်းကောင်း။

(တစ်နည်း) အတွင်းအပြင် တစ်ကိုယ်လုံးတို့မှာ ကောင်းသော မကောင်းသော အတွေ့တို့ကို တွေ့ကြရ၍ မည်သည့် မိန်းမ ယောကျ်ား အကောင် အထည် ဝတ္ထုများ၏ အတွေ့တွေပဲ စသည်ဖြင့် ဆက်လက်၍ သိရှိ ကြံစည် ပြောဆို ပြုလုပ်သမျှသော ဇောစေတနာတို့သည် ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်း တရားချည်းတို့သာ ဖြစ်ကြကုန်၏ ဟူ၍လည်းကောင်း။

(တစ်နည်း) မနောသက်သက်နှင့် အဆင်းဟူသမျှ အသံဟူသမျှ အရသာ ဟူသမျှ အတွေ့ဟူသမျှ တို့ကိုလည်းကောင်း၊ ထိုထိုပညတ်နှင့် စိတ်စေတသိက် သုခမရုပ် ဓမ္မာရုံ ဟူသမျှတို့ကိုလည်းကောင်း၊ မနောသက်သက်ဖြင့် ဆက်လက်၍ သိရှိ ကြံစည်သမျှ ပြောဆို ပြုလုပ်သမျှသော ဇောစေတနာတို့သည် ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီးတို့သာ ဖြစ်ကြကုန်၏ ဟူ၍ လည်းကောင်း။

ပြောဆိုအပ်သော ပဋ္ဌာန်းတရား အစစ်များတို့သည်ကား အခြားမှာ ဖြစ်နေတာ မျိုးမဟုတ် တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား အစစ် ပညာရှိ ဖြစ်ကြသည့် သင်တို့မှာ အမြဲနေ့စဉ်ထာဝရ ခြောက်ဒွါရတို့၌ မပြတ် ဖြစ်နေကြတာကိုပင် သင်တို့မကျက်မမှတ်ကြဘဲ တပ်တပ်ထင်ထင် သိမြင်နိုင် ကြသည် မဟုတ်ကြပါလော။

WWW.DHAMMARANSI.COM



ဤသို့သိမြင်ကြရသဖြင့် ဩော် အဘိဓမ္မာ ဓာတ် ပရမတ်တရား ကုသိုလ် အကုသိုလ် ပဋ္ဌာန်းတရားကြီးတို့ဆိုတာ တိမ်ကြားမင်းခေါင်တို့ ဖြစ်ကြပြီး ဘုရား ရဟန္တာ စသော အထက်တန်းစားကြီးတို့မှာသာ ဖြစ်ကြသော တရားမျိုးမဟုတ် သတ္တဝါဟူသမျှ သူငါစသည်တို့မှာ အမြဲထာဝရ ကုသိုလ် အကုသိုလ်များ ပဋ္ဌာန်း တရားတို့ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်လျက် ရှိနေကြသောကြောင့် ထိုအဘိဓမ္မာ ဓာတ် ပရမတ်တရား ပဋ္ဌာန်းတရားကြီးတို့ဆိုတာတို့နှင့် တန်နေ ရာနေကာ အမြဲထာဝရ ဖြစ်နေကြပါတကား။ နားလည်နိုင်လောက်အောင် မိမိတို့ စကားနှင့် ပြောကြားက မိမိတို့ ဉာဏ်ပါရမီ ရှိသလောက် သိနေကြရပါတကားဟု များများကြီး ဝမ်းမြောက်ဖွယ် အစစ်ကြီး ဖြစ်ထိုက်လှသည်ကို သိကြပါလေ။

ထိုမှတစ်ပါး ကောင်းသော (ဝါ) တရားသော ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း၊ ထိုထိုကိစ္စ ဆောင်ရွက်ခြင်းတို့မှာလည်း ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့သာ (တစ်နည်း) မကောင်းသော (ဝါ) မတရားသော ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း၊ ထိုထိုကိစ္စ ဆောင်ရွက်ခြင်းတို့မှာလည်း အကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီး တို့သာ ဖြစ်ကြကုန်၏ ဟူ၍လည်း တစ်နည်းအားဖြင့် သိကြပါလေ ပညာရှိ သသောဖြူ တွေတို့။

ရှေးကပြခဲ့သော ခြောက်ဒွါရ (ဝါ) အပေါက်ခြောက်ပေါက်တို့နှင့်စပ်၍ ပြုလုပ်ခြင်း ပြောဆိုခြင်း ကြံစည်ခြင်း တို့၌လည်းကောင်း၊ ကုန်သွယ် လယ်လုပ်ခြင်း စသည်တို့၌လည်းကောင်း၊ ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီးတို့နှင့်သာ ဖြစ်ကြကုန်၏ဟု ပြဆိုခဲ့သည့်အတိုင်း ထိုပဋ္ဌာန်း ပါဠိတော်အရကို ပြဆိုရမူ။

**စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော** ဟူ၍ ပဋ္ဌာန်းသဟာဇာတ ကမ္မပစ္စည်း တစ်ခုတည်း၌ပင် အကုန်လုံး ပါဝင် နေကြသည်တို့ကို ဉာဏ်ကြီးသူတို့ သိရှိရန် အနက် မြန်မာစကား ပြန်ကြား ရန်ကား။

**စေတနာ**၊ ခြောက်ဒွါရက ဆက်လက်ကြပြီး ကိုယ်, နှုတ်, စိတ် အသီးသီး တို့ဖြင့် ကောင်းတာတွေ, မကောင်းတာတွေ ပြုလုပ် ပြောဆို ကြံစည်နေဆဲ အခါထဲ၌ ဖြစ်သော (ဝါ) ကုန်သွယ်လယ်လုပ်ခြင်း စသည်ကို ပြုလုပ်ဆဲ အခါထဲ၌ ဖြစ်သောစေတနာကံ သည်။ **သမ္ပယုတ္တကာနံ**၊ ထိုပြုလုပ် ပြောဆိုကြံစည်နေသော

WWW.DHAMMARANSI.COM



စေတနာကံနှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ**၊ ကောင်းတာတွေ မကောင်းတာတွေကို ပြုလုပ်နေသော စိတ်စေတသိတ်, ပြောဆိုနေသော စိတ်စေတသိက်, ကြံစည်နေသော စိတ်စေတသိက် တို့အားလည်းကောင်း။ **တံသမုဋ္ဌာနာနံ**၊ ထို ပြုလုပ်ပြောဆို ကြံစည်နေသော စေတနာ ကံကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ**၊ ကောင်းတာတွေ မကောင်းတာတို့ကို ပြုလုပ်နေဆဲ အခါထဲ၌ဖြစ်သော စိတ္တဇရုပ်, ပြောဆိုနေဆဲ အခါထဲ၌ဖြစ်သော စိတ္တဇရုပ်, ကြံစည်နေဆဲ အခါထဲ၌ဖြစ်သော စိတ္တဇရုပ် တို့အားလည်းကောင်း။ ကမ္မပစ္စယေန၊ အကျိုးကို ဖြစ်စေကြမည့် မျိုးစေ့သဘာဝ သဟဇာတကမ္မ သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ကောင်းသောအကျိုးဖြစ်အောင် မကောင်းသော အကျိုးဖြစ်အောင် ကျေးဇူးဆောင်သည်။ **ဟောတိ**၊ စင်စစ်ပုံသေ ဖြစ်ကြလေ၏။

ဤကား ကုသိုလ် အကုသိုလ် စေတနာကံက အတူတကွ ဖြစ်ကြပြီး ပြုလုပ်နေဆဲ ပြောဆိုနေဆဲ ကြံစည်နေဆဲ အခါထဲ၌ သဟဇာတကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ သတ္တဝါတိုင်းမှာ ဖြစ်နေကြတာတို့ကို အကုန်လုံးပါအောင် မြန်မာနှင့် ပေါင်းရုံး၍ ပြချက်ပါတည်း။ ပညာကြီးသူတို့က တစ်ခုစီခွဲစိတ်၍ အနက်ကိုဖွင့်ကာ ပြောဟောကြပါမူ လောကကြီးအားလုံး အဆုံးမရှိအောင် ပြုပြုသမျှတို့ကို စေ့ငှအောင် ဟောပြတော်မူပါသော ပါဠိတော်ကြီး၏ အနက် အသီးသီးတို့ကို သိနိုင်သော အချက်ကြီးတို့ပါတည်း။

❖

## ၄၃။ သားသမီးနှင့်မိဘ အမြဲနေထိုင်ကြရာ၌ ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ ဖြစ်ကြပုံကို ပြချက်။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိ အများတို့၊ သင်တို့၏ သားသမီး မိဘတို့နှင့် မျက်မှောက်တွင်လည်း ချမ်းသာစွာ ပေါင်းသင်းနေထိုင် ကြပြီး သံသရာတစ်လျှောက်လုံးမှာလည်း ကောင်းကျိုးချမ်းသာမင်္ဂလာအစားစားတို့ ဖြစ်ပွား၍ မသွားလိုကြဘူးလော။ သွားလိုကြသူအစစ် ကေန်ဖြစ်ကြမူ ပြဆိုလတ္တံ့သော မိမိ, မိမိတို့ကျင့်ဝတ်တရားများကို ကျေကုန်အောင်

WWW.DHAMMARANSI.COM



ပြုလုပ် နေထိုင် သွားကြပါမူ ကုသိုလ်ကမ္မပထစ္စည်း ပဌာန်းချည်းတွေ ဖြစ်ကြရ၍ ယခုမျက်မှောက်ဘဝ တမလွန်ဘဝတို့၌ ထိုထို ချမ်းသာကောင်းကျိုး အမျိုးမျိုးတို့ကို ရကြရပေလိမ့်သတည်း။ အကယ်၍ဝတ္တရား မကျေကုန်ဘဲ ချွတ်လွဲတိမ်းပါးကြမူ အကုသိုလ်ကမ္မပထစ္စည်း ပဌာန်းတရားကြီးတွေ ဖြစ်နေကြ၍ ထိုထိုဆင်းရဲအမျိုးမျိုး မကောင်းကျိုးတို့ကို ရကြပေလိမ့်သတည်း။ ဤသို့ကောင်းကျိုးကို ဖြစ်ပွားစေ၍ မကောင်းကျိုးကို သင်တို့ပယ်ရှားထိုက်သည် မဟုတ်ပါလော။

ဤသို့ ဖြစ်ပွား၍ ပယ်ရှားလိုမူ ရှေ့ကပြခဲ့တိုင်း ပေါင်းသင်းနေထိုင်ကြသောသူတို့၌ အဘယ်မျှစီတို့ကျေကုန်အောင် ပြုလုပ်ကြ၍လည်းကောင်း၊ မကျေကုန်ကြ၍လည်းကောင်း၊ ကုသိုလ် ကမ္မပထစ္စည်း၊ အကုသိုလ် ကမ္မပထစ္စည်း ပဌာန်းကြီးတို့ဖြစ်ကြသနည်းဟု မေးမူ။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ မိတ်ဆွေ အချင်းချင်း၊ သခင်နှင့်ကျွန်၊ ဒါယကာနှင့်ရဟန်း အချင်းချင်းတို့ ကျင့်ဝတ်တရား ငါးပါးစီ ရှိရာထဲတွင် ရဟန်းတစ်ဦးတည်းကိုသာ (၆)ပါး ရှိကြောင်းကို သိင်္ဂါလောဝါဒသုတ်မှာ ဘုရားဟောတော်မူသည့်အတိုင်း အနည်းငယ် ပြဆိုရမူ။

သားသမီးများက အမိအဘတို့ကို မိမိတို့အင်အားအလျောက် ကျင့်ဝတ်တရား မေတ္တာရှေ့ထား၍ ကျွေးမွေးပေးကမ်းရခြင်းတစ်ပါး။

မိဘတို့နှင့် ဆိုက်ရောက်လာသော မင်းရေး စိုးခွင့် စသော အမှုကိစ္စတို့ကို မိမိတို့ကိစ္စပြု၍ ဆောင်ရွက်ရခြင်းတစ်ပါး။

လောကီအမွေနှင့် ကောင်းမြတ်သော ကျင့်ဝတ်တရား ဓမ္မအမွေများကို ဝတ္တရား ကျေပွန်စွာနှင့် ကောင်းစွာ ခံယူခြင်းတစ်ပါး။

သေလွန်သောမိဘတို့ကို ရည်မှန်း၍ ပြုပြုသမျှသော ကုသိုလ်စုတို့ကို အမျှပေးဝေရခြင်းတစ်ပါး။

အမျိုးအနွယ်အားဖြင့် အစဉ်လာသော ဒါနဝတ်၊ သီလဝတ် အစရှိသော အလေ့ကောင်း၊ အကျင့်ကောင်း၊ အရိုးကောင်း၊ အစဉ်ကောင်းတို့ကို မပျက်စေခြင်း တစ်ပါး။ ဤငါးပါးကို ရည်၍။

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ ဟု ရှေ့ဆရာကြီးများ သိင်္ဂါလောဝါဒသုတ် အရ စပ်ဆိုသည့်အတိုင်း ယခုဘဝ ပစ္စက္ခ၌ မိမိတို့ဝတ္တရား

WWW.DHAMMARANSI.COM



ကျေပွန်အောင် ပြုလုပ်သော သားသမီးတို့မှာ မိမိတို့ ပြုလုပ်သည့် ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့် ယခု ဘဝ၌ပင် မိဘတို့ထံမှ ရသင့်ရထိုက်သော အမွေကို ရရှိရုံမက မိမိတို့၏ သားသမီးမြေးမြစ်တို့ကလည်း ဩော် ငါတို့မိဘတို့သည် ငါတို့ဘိုးဘွားတို့အား သားသမီးဝတ်ငါးပါး ကျေပွန်ကုန်အောင် ဤကဲ့သို့ ပြုလုပ်ကြပါတကားဟု အထူးမသင်ရဘဲ မိမိတို့အတုလိုက်၍ ကိုယ်တွေ့မျက်မြင် အထင်အရှား သိမှတ်သားကြပြီးလျှင် မိမိတို့ကိုလည်း ထိုဝတ္တရားအတိုင်း ပြုလုပ်ကျွေးမွေး စောင့်ရှောက်ကြပြန်သဖြင့် သေတပန်သက်ဆုံး ချမ်းသာစွာ သားသမီးတို့၏ အစောင့်အရှောက် စသည် အကျိုးအမျိုးမျိုး တို့ကိုလည်း ရရှိကြကုန်၏။ လူရောနတ်ပါ မိမိတို့နှင့် သားသမီး မြေးမြစ် တို့ကိုလည်း ချီးမွမ်း ထောမနာ ခံရခြင်း စသော မျက်မှောက်အကျိုးတို့ကို ရရှိသည့်အပြင် နောက်နောင် ဖြစ်လေရာဘဝတို့မှာလည်း ကောင်းမြတ်သောဘဝ စည်းစိမ်တို့ကို ရရှိကြပြီးလျှင် သားသမီး မြေးမြစ်နှင့်တကွ ခြွေရံသင်းပင်း ဟူသမျှတို့ကလည်း ရိုသေကိုင်းညွတ်ခြင်း၊ ဝတ္တရား ကျေပွန်ခြင်း စသော အကျိုးအမျိုးမျိုးတို့ကို ရရှိနိုင်ကြကုန်၏။

ဤသို့ ရရှိနိုင်ကြရန် ဝတ္တရားကျေကုန်အောင် ပြုကျင့် အားထုတ်ကြပါမှု ထိုထို ပြုသမျှတို့ကို ပါဠိပျက်နှင့် ပြောဆိုရလျှင် ကုသိုလ်ကံ။ မြန်မာသက်သက်နှင့် ပြောဆိုရမူ ကောင်းမှု၊ ပါဠိသက်သက်နှင့် ပြောဆိုရမူ ကုသလကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ အစစ် ဖြစ်ကြကုန်၏ ဟု သိရှိပြောဆိုကြကုန်ရာ၏ ဟု ဖြေဆိုရပေလိမ့်မည်။

အကယ်၍ မိမိတို့က မိဘတို့အား ဝတ္တရားကျေကုန်အောင် မပြုကြဘဲ မိဘတို့အပေါ်မှာ ထော်လော်ကန့်လန့် ခွကန့်လန့်ပြုလုပ်ခြင်း ပြောဆိုခြင်းစသော မကောင်းသောအမှု ပြုပြုသမျှတို့သည် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ချည်း ဖြစ်ကြ၍ ထိုမကောင်းမှုတို့ကြောင့် မိဘတို့ထံမှ ရသင့်ရထိုက်သော အမွေစသည်တို့ကို မရကြရုံမက မိမိတို့၏ သားသမီးမြေးမြစ်တို့ကလည်း အဇာတသတ်မင်း၏ သားသမီးမြေးမြစ်တို့ကဲ့သို့ ဩော် ငါတို့မိဘတို့သည် ငါတို့ဘိုးဘွားတို့ကို မရိုမသေ မလေးမစားကြ၊ ဝတ္တရားတို့လည်း မကျေကုန်ကြ၊ ထော်လော်ကန့်လန့် ခွကန့်လန့်အမှု တို့ကိုလည်း ပြုလုပ်ကြသလို ငါတို့ကြီးတော့လည်း မိဘတို့ အပေါ်မှာ မရိုမသေ မလေးမစားခြင်း စသည်များကို ပြုလုပ်ကြရဖို့ မိဘတို့က နားလည်အောင် သင်ထားပြီးသား ဖြစ်သည့်အတိုင်း ထော်လော်ကန့်လန့်

WWW.DHAMMARANSI.COM



ခွကန့်လန့် စသော အမှုများကို ပြုလုပ်သဖြင့် သေတပန်သက်ဆုံး ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲငြိုငြင်စွာ သားသမီးတို့၏ အနိုပ်အစက် အပြောအဆို ခံရရုံမျှ မကလူ့ရော နတ်ပါ မိမိတို့နှင့် သားသမီး မြေး မြစ် တို့ကိုလည်း ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ကြခြင်း စသော မျက်မှောက် အပြစ်ကြီးငယ်တို့ကို တွေ့ကြုံရရှိကြသည့်အပြင် နောက်နောင် ဖြစ်လတ္တံ့သော ဘဝတို့မှာလည်း ယုတ်မာညစ်ထေးသော ဘဝစည်းစိမ် တို့ကို ရရှိကြပြီးလျှင် သားသမီး မြေး မြစ် နှင့်တကွ ခြွေရံသင်းပင်း မွေးချင်း မိတ်သင်္ဂဟ တို့လည်း မရှိမသေ မလေးမစားကြဘဲ ထော်လော်ကန့်လန့် ခွကန့်လန့်ပြုခြင်း စသော မကောင်းသောအကျိုး အမျိုးမျိုးသော ဘေးဒုက္ခတို့ကို တွေ့ကြုံကြရကုန်၏။

ဤသို့တွေ့ကြုံရခြင်းကား ဖန်ဆင်းပေးသော သူနှင့် ပုဂ္ဂိုလ်သတ္တဝါများ ပညတ် အစားစားတို့၏ အမှုကိစ္စမျိုး မဟုတ်။ မိမိတို့ဝတ္တရား ပျက်ကွက်ခြင်း အကုသလဓမ္မ တို့ကြောင့်သာဖြစ်၏။ ဤသို့ ဖြစ်ခြင်းကို ပါဠိပျက်နှင့် ပြောရမူ အကုသိုလ်ကံ။ မြန်မာ သက်သက်နှင့် ပြောရမူ မကောင်းမှု၊ ပါဠိသက်သက်နှင့် ပြောရမူ အကုသလ ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့အစစ် ဖြစ်ကြကုန်၏ဟု သိရှိပြောဆိုခြင်း ဖြေဆိုခြင်းတို့ကို ပြုလုပ်ရပေလိမ့်မည်။

ထိုမှတစ်ပါး မိဘတို့ဘက်ကလည်း သားသမီးတို့အပေါ်မှာ ကျင့်ရသော ဝတ်ငါးပါး ဘယ်လိုများရှိသနည်း မေးမူ။ ထိုဝတ်ငါးပါးတို့တွင် ငယ်ရွယ်စဉ်ကစ၍ မကောင်းမှုဒုစရိုက် အမိုက်အမှားစသည်များကို မပြုမကျင့်ရအောင် တားမြစ်ခြင်း တစ်ပါး။

ငယ်ရွယ်စဉ်ကစ၍ လူကြီးမိဘစသော ရှိသေထိုက်သော သူတို့ကို ကိုယ်နှုတ် တို့ဖြင့် ရှိသေအောင် ပြုကျင့်ပြောဆိုခြင်း စသော ကောင်းသော အလိမ္မာတို့၌ တည်စေရခြင်းတစ်ပါး။

အပြစ်မရှိသော အတတ်ပညာတို့ကို သင်ကြားစေခြင်းတစ်ပါး။

အချိန်အခါကိုထောက်၍ အမွေဥစ္စာကို အပ်နှင်းရခြင်းတစ်ပါး။

အမျိုးကောင်း အနွယ်ကောင်း သားသမီးတို့နှင့် ထိမ်းမြားမင်္ဂလာ ပြုရခြင်း တစ်ပါး။ ဤငါးပါးတို့ကို ရည်၏။

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တား။ ဟု ရှေးဆရာကြီးများ

WWW.DHAMMARANSI.COM



သိင်္ဂါလောဝါဒ သုတ်လာအတိုင်း စပ်ဆိုထားတော်မူခဲ့သည့်အတိုင်း ယခုဘဝ ပစ္စက္ခ၌ မိမိတို့ ဝတ္တရား ကျေပွန်အောင် ပြုလုပ်သော မိဘတို့မှာ မိမိတို့ ပြုလုပ်သည့် ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့် ယခုဘဝ ပစ္စက္ခ၌လည်း သားသမီးတို့အစောင့်အရှောက် အကူအညီကိုရ၍ စည်းစိမ်ဥစ္စာ ရတနာ တို့နှင့် တကွ ဂုဏ်ထူးဝိသေသတို့ပါ ရကြရုံမက နောက်နောင်ဖြစ်လေရာ ဘဝတို့မှာလည်း ကောင်းမြတ်သော ဘဝစည်းစိမ်တို့ကို ရရှိခြင်း စသော အကျိုးအမျိုးမျိုး တို့ကို ရရှိနိုင်ကြကုန်၏။

အကယ်၍ မိမိတို့က သားသမီးတို့အား ဝတ္တရားကျေကုန်အောင် မပြုဘဲ သား သမီးတို့အပေါ်မှာ ထော်လော်ကန့်လန့် ခွကန့်လန့် ပြုလုပ်ခြင်း ပြောဆိုခြင်း စသော မကောင်းသော အမူပြုခြင်းဟု ဆိုအပ်သော အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့် ယခုဘဝ ပစ္စက္ခ၌လည်း သားသမီးတို့အစောင့်အရှောက် အကူအညီကို မရရုံမက သားဆိုး သမီးဆိုးတို့မိုက်မှား ဖြုန်းတီးကြ၍ ဘေးဒုက္ခ အမျိုးမျိုးတို့နှင့် တွေ့ကြုံရကုန်၏။

နောက်နောင်ဖြစ်လေရာ ဘဝတို့မှာလည်း ယုတ်မာညစ်ထေး ဘေးရန် အမျိုးမျိုး တို့နှင့် တွေ့ကြုံရသော ဘဝစည်းစိမ်တို့ကို ရကြကုန်ရာ၏။

ဤကဲ့သို့ ကောင်းသောအကျိုး မကောင်းသောအကျိုး အမျိုးမျိုးတို့ကို ရရှိကြသမျှ အဝဝတို့သည် ဖန်ဆင်းပေးသောသူနှင့် ပုဂ္ဂိုလ်သတ္တဝါများ ပညတ် အစားစားတို့၏ အမှုကိစ္စမျိုးမဟုတ် ဝတ္တရား ကျေကုန်အောင် ပြုလုပ်ခြင်း ကျေကုန်အောင်မပြုလုပ်ခြင်းများစေတနာကမ္မပစ္စည်းပဋ္ဌာန်းကြီးတို့ကြောင့်သာ ဖြစ်ကြကုန်ရာ၏ ဟူ၍လည်း ဖြေဆိုရပေလိမ့်မည်။

ဤသားသမီးဝတ် မိဘဝတ်တို့ကို ကျေကုန်အောင်ပြုခြင်း၊ ကျေကုန်အောင် မပြုခြင်းတို့၌ ပဋ္ဌာန်းသဟဇာတ ကမ္မပစ္စည်း ဖြစ်ပုံကိုလည်းကောင်း၊ ထို သဟဇာတ ကမ္မပစ္စည်း၏ အခြားမဲ့၌ နာနက္ခဏိက ကမ္မသတ္တိနှင့် အကျိုးပေးပုံ ကိုလည်းကောင်း၊ လင်ဝတ် မယားဝတ် အဆုံး၌ ပဋ္ဌာန်းပါဠိတော်နှင့်တကွ အနက် တို့ကိုပါ ရေးပြလတ္တံ့ပါသတည်း။

❖

WWW.DHAMMARANSI.COM



## ၄၄။ လင်နှံ့မယား စသည်များကို အမြဲနေထိုင်ကြရာ၌ ကုသိုလ် အကုသိုလ် ကမ္မပထစ္စည်း ပဌာန်းကြီးတို့ ဖြစ်ကြပုံကိုပြချက်။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့၏ ချစ်လင်၊ ချစ်မယားတို့နှင့် မျက်မှောက်တွင်လည်း ချမ်းသာစွာ ပေါင်းသင်း နေထိုင်ကြပြီး သံသရာ တစ်လျှောက်လုံးတို့မှာလည်း ကောင်းကျိုး ချမ်းသာမင်္ဂလာ အစားစားတို့ ဖြစ်ပွား၍ မသွားလိုကြပါလော။ သွားလိုကြသူ အစစ် ဧကန်ဖြစ်မူ ပြဆိုလတ္တံ့သော မိမိ.မိမိတို့ ကျင့်ဝတ္တရားများကို ကျေကုန်အောင်ပြုလုပ်နေထိုင် သွားကြပါမူ ကုသိုလ် ကမ္မပထစ္စည်း ပဌာန်းကြီးတွေ ဖြစ်နေကြ၍ ထိုထို ချမ်းသာကောင်းကျိုး အမျိုးမျိုး တို့ကို ရကြပေလိမ့်သတည်း။

အကယ်၍ မကျေကုန်ဘဲ ချွတ်လွဲတိမ်းပါးကြမူ အကုသိုလ် ကမ္မပထစ္စည်း ပဌာန်းတရားကြီးတွေ ဖြစ်နေကြ၍ ထိုထို ဆင်းရဲအမျိုးမျိုး မကောင်းကျိုးတို့ကို ရကြရပေလိမ့်သတည်း။ ဤသို့ ကောင်းကျိုးကို ဖြစ်ပွား၍ မကောင်းကျိုးကို သင်တို့ ပယ်ရှားထိုက်သည် မဟုတ်ပါလော။ ဤသို့ ဖြစ်ပွား၍ ပယ်ရှားလိုသော လင်တို့က မယားတို့၌ပြုကျင့်ရာသော ဝတ်ငါးပါး ဘယ်လိုများ ရှိသနည်း ဟု မေးမူ ထိုဝတ်ငါးပါးတို့တွင်။

နင်၊ ဟယ်၊ ငါ၊ မိမည်သူ၊ မိမည်ဝါ အစရှိသည်ဖြင့် ရိုင်းစိုင်းစွာ မခေါ်မပြော မလေးမစား မထီမဲ့မြင် မပြုခြင်းတစ်ပါး။

ရရှိသမျှ စည်းစိမ်ဥစ္စာ အိမ်ရာခမ်းနားတို့အပေါ်၌ အစိုးတရပြုလုပ်နိုင်သော အခွင့်ကို ပေးရခြင်းတစ်ပါး။

သူ မကြည်ဖြူက သူမှတစ်ပါး မသွားလာရခြင်းတစ်ပါး။

မိမိအခြေအနေအားလျော်စွာ အိမ်သူသားမယားတို့၌ ဝတ်စားတန်ဆာတို့ကို မညှိုးမနွမ်းရအောင် ဆင်ရခြင်းတစ်ပါး။

မင်း၊ ကွယ်၊ ကျုပ်၊ မိမိ၊ မမ စသည်ဖြင့် ချည့်ချည့်ပါးပါး ချိုမြသာယာစွာ ခေါ်ဝေါ် ပြောဆိုလေ့ရှိခြင်းတစ်ပါး။

ဤငါးပါးကို ရည်၍။

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ ဟု ရှေးဆရာကြီးများ သိင်္ဂါလောဝါဒသုတ်မှာ ပါရှိသည့်

WWW.DHAMMARANSI.COM



အတိုင်း စပ်ဆိုထားတော်မူကြသည့်အတိုင်း ယခုဘဝ ပစ္စက္ခ၌ မိမိတို့ ဝတ္တရားကျေပွန်အောင် ပြုလုပ်သော လင်တို့မှာ မိမိတို့ဝတ်ကျေကုန်အောင် ပြုလုပ်သည့် ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့် ယခုဘဝ ပစ္စက္ခ၌လည်း ချစ်မယား၏ အစောင့်အရှောက် အကူအညီနှင့်တကွ ချစ်ခင်ကြင်နာခြင်းကိုရ၍ စည်းစိမ်ဥစ္စာ ရတနာတို့နှင့်တကွ အချီးမွမ်းခံရခြင်း စသော ဂုဏ်ထူး ဝိသေသတို့ပါ ရကြရုံမက နောက်နောင် ဖြစ်လေရာ ဘဝတို့မှာလည်း ကောင်းမြတ်သော ဘဝစည်းစိမ်တို့ကို ရရှိခြင်း စသော အကျိုး အမျိုးမျိုး တို့ကို ခံစံကြရကုန်၏။

အကယ်၍ မိမိတို့က ချစ်မယားတို့အား ဝတ္တရားကျေကုန်အောင် မပြုကြဘဲ ချစ်မယားတို့အပေါ်မှာ ထော်လော်ကန့်လန့် ဂွကလန့် ပြုလုပ် ပြောဆိုခြင်း စသော မကောင်းသော အမှုပြုခြင်းဟု ဆိုအပ်သော အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ ကြောင့် ယခုဘဝ ပစ္စက္ခ၌လည်း ချစ်မယားတို့ အစောင့်အရှောက် အကူအညီကို မရရုံမက မယားဆိုးတို့က မိုက်မှား ဖြုန်းတီးကြရ၍ ဘေးဒုက္ခ အမျိုးမျိုးတို့နှင့် တွေ့ကြုံကြရကုန်၏။ နောက်နောင် ဖြစ်လေရာ ဘဝတို့မှာလည်းကောင်း ယုတ်မာ ညစ်ထေး ဘေးရန်အမျိုးမျိုးနှင့် တွေ့ကြုံရသော ဘဝစည်းစိမ်ကို ရကြကုန်၏။

ဤသို့ ကောင်းသောအကျိုး မကောင်းသောအကျိုး အမျိုးမျိုးတို့ကို ရရှိသမျှ အဝဝတို့သည် ဖန်ဆင်းပေးတတ်သူနှင့် အပေါ်ယံကြောင့်တွင် ထင်မြင်ရသော ပုဂ္ဂိုလ် သတ္တဝါများ ပညတ် အစားစားတို့၏ အမှုကိစ္စမျိုး မဟုတ် ဝတ္တရား ကျေကုန်အောင် ပြုလုပ်ခြင်း ကျေကုန်အောင် မပြုလုပ်ခြင်းများ စေတနာ ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့်သာ ဖြစ်ကြကုန်ရာ၏ ဟူ၍လည်း ဖြေဆိုရ ပေလိမ့်မည်။

ထိုမှတစ်ပါး မယားတို့က လင်တို့၌ ပြုကျင့်ရသော ဝတ်ငါးပါး ဘယ်လိုများ ရှိသနည်းဟု မေးမူ ထိုဝတ်ငါးပါးတို့တွင် အိမ်တွင်းကိစ္စ ဟူသမျှတို့၌ မလစ်မလပ် စေ့စပ် တွင်ကျယ်စွာ ပြုလုပ်နိုင်သော လုံ့လဝီရိယရှိခြင်းတစ်ပါး။

အိမ်ရှိ ပစ္စည်းဥစ္စာ တို့ကို သေချာစွာ အထိန်းအသိမ်း အစောင့်အရှောက် ကောင်းခြင်းတစ်ပါး။

မိမိအိမ်ရှင် လင်ယောက်ျားမှ တစ်ပါးသော သူတို့နှင့် မပြစ်မှား မကျူးလွန်ခြင်း တစ်ပါး။

အိမ်ရှိခြွေရံ ပရိသတ်တို့၌ အပြုအစု အမှုအရ ကောင်းခြင်းတစ်ပါး။

WWW.DHAMMARANSI.COM



မိန်းမတို့ဆိုင်ရာ အမှုခပ်သိမ်းတို့၌ အစေ့အစပ် တတ်သိလိမ္မာခြင်း ရှိသည့် အပြင် မပျင်းမရိခြင်းတစ်ပါး။

ဤငါးပါးကို ရည်၍။

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်၊ လျော်အောင်ဖြန့်ချို၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။ ဟု ရှေးဆရာကြီးများ သိင်္ဂါလောဝါဒ သုတ်အရ စပ်ဆိုထားတော်မူခဲ့သည့်အတိုင်း ယခုဘဝ ပစ္စက္ခ၌ မိမိတို့ဝတ္တရား ကျေပွန်အောင် ပြုလုပ်သော ချစ်မယားတို့မှာ မိမိတို့ဝတ်ကျေကုန်အောင် ပြုလုပ်သည့် ကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့် ယခုဘဝ ပစ္စက္ခ၌ပင် ချစ်လင်၏ အစောင့်အရှောက် အကူအညီနှင့်တကွ ချစ်ခင်ကြင်နာခြင်းကိုရ၍ စည်းစိမ်ဥစ္စာ ရတနာတို့နှင့်တကွ အချီးမွမ်းခံရခြင်းစသော ဂုဏ်ထူးဝိသေသတို့ပါ ရကြရုံမက နောက်နောင် ဖြစ်လေရာ ဘဝတို့မှာလည်း ကောင်းမြတ်သော ဘဝ စည်းစိမ်ဥစ္စာတို့ကို ရရှိခြင်း ယောကျ်ားဘဝကို အလိုရှိက ရနိုင်ခြင်းစသော အကျိုး အမျိုးမျိုး တို့ကို ခံစံကြရကုန်ရာ၏။

အကယ်၍ မိမိတို့က ချစ်လင်တို့အား ဝတ္တရားကျေကုန်အောင် မပြုကြဘဲ ချစ်လင်တို့အပေါ်မှာ ထော်လော်ကန့်လန့် ဂွဂလန့် ပြုလုပ် ပြောဆိုခြင်း စသော မကောင်းသော အမှုပြုခြင်းဟု ဆိုအပ်သော အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်း တရားကြီးတို့ကြောင့် ယခုဘဝ ပစ္စက္ခ၌လည်း ချစ်လင်တို့အစောင့်အရှောက် ကူညီခြင်း ချစ်ခင်ကြင်နာခြင်းစသည်တို့မခံရရုံမက လင်ဆိုးတို့ရိုက်နှက် ဖျက်ဆီး ဖြုန်းတီး နှိပ်စက်ကြ၍ ဘေးဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရကုန်၏။ နောက်နောင် ဖြစ်လေရာ ဘဝတို့မှာလည်း ယုတ်မာညစ်ထေး ဘေးရန်အမျိုးမျိုး တို့နှင့် တွေ့ကြုံကြရသော ဘဝ စည်းစိမ်တို့ကို ရရှိကြရကုန်၏။

ဤသို့ ကောင်းသောအကျိုး မကောင်းသောအကျိုး အမျိုးမျိုးတို့ကို ရရှိကြသမျှ အဝဝတို့သည် ဖန်ဆင်းပေးတတ်သူနှင့် အပေါ်ယံကြောတွင် ထင်မြင်ရသော ပုဂ္ဂိုလ် သတ္တဝါများ ပညတ် အစားစားတို့၏ အမှုကိစ္စမျိုး မဟုတ် ဝတ္တရားကျေကုန်အောင် ပြုလုပ်ခြင်း ကျေကုန်အောင် မပြုလုပ်ခြင်းများ စေတနာ ကမ္မပစ္စည်း ပဋ္ဌာန်းတရားကြီး တို့ကြောင့်သာ ဖြစ်ကြကုန်ရာ၏ ဟူ၍လည်း ဖြေဆိုရပေလိမ့်မည်။

WWW.DHAMMARANSI.COM



ဤရှေ့ကပြခဲ့သော မိဘနှင့်သားသမီး၊ လင်နှင့်မယား အစားစားတို့ နေ့စဉ် ထာဝရ ပေါင်းသင်းနေထိုင် ပြုလုပ်သမျှ အဝဝတို့သည် ဝတ္တရားနှင့် ညီညွတ်စွာ နူးညံ့ ယဉ်ကျေးသော စိတ်ဓာတ်နှင့် ဝတ္တရားကျေကုန်အောင် ပြုခြင်း၊ ရိုင်းပြသော စိတ်ဓာတ်နှင့် ဝတ္တရားပျက်ကွက်ခြင်း တို့သည် အပေါ်ယံကြောတွင် ထင်မြင်နေ ရသော ပုဂ္ဂိုလ် သတ္တဝါ ကောင်းကြီးများ ပညတ် အစားစားတို့၏ အမှုကိစ္စလည်း မဟုတ်ကြကုန်။ ဖန်ဆင်းပေးတတ်သော သူတို့က ကောင်းနေကြအောင် မကောင်းဘဲ ရှိနေကြအောင် ဖန်ဆင်းပေးလို့လည်း မဟုတ်ကြကုန်။

စင်စစ်မှုကား ကုသိုလ် စေတနာ အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့၏ အမှုကိစ္စတို့ချည်း ဖြစ်ကြသည်ကို သိရှိရသည်အတိုင်း ဆရာနှင့်တပည့်၊ မိတ်ဆွေ အချင်းချင်း၊ သခင်နှင့်ကျွန်၊ ဒါယကာနှင့်ရဟန်း အချင်းချင်းတို့သည်လည်း နေ့စဉ် ထာဝရ ပေါင်းသင်းနေထိုင် ပြုလုပ်သမျှ အဝဝတို့မှာ ညီညွတ်စွာ နူးညံ့ ယဉ်ကျေးသော စိတ်ဓာတ်နှင့် ဝတ္တရား ကျေကုန်အောင် ပြုလုပ်ခြင်း၊ ရိုင်းပြသော စိတ်ဓာတ်နှင့် ဝတ္တရား ပျက်ကွက်ခြင်း တို့သည် အပေါ်ယံကြောတွင် ထင်မြင် ရသော ပုဂ္ဂိုလ် သတ္တဝါ ကောင်းကြီးများ ပညတ် အစားစားတို့၏ အမှုကိစ္စ မဟုတ်ကြဘဲ ကုသိုလ်အကုသိုလ်စေတနာကမ္မပစ္စည်းပဋ္ဌာန်းကြီးတို့၏အမှုကိစ္စ တို့ချည်း ဖြစ်ကြသည်ကို သိရှိကြပါလေ ပညာရှိ သဘောဖြူတွေတို့။

ထိုမှတစ်ပါး ကျင့်ဝတ်အကျယ်များကို သိလိုသူတို့ ထိုသိင်္ဂါလောဝါဒသုတ်၌ လည်းကောင်း။ ရှေးဆရာကြီးများ လွယ်ကူအောင် ရေးသားထားကြသော ထိုထို ကျမ်းစာတို့မှာသော်လည်းကောင်း။ ငါတို့ ရေးသားလတ္တံ့သော လက်တွေ့ မင်္ဂလာကျမ်း မှာလည်းကောင်း ကြည့်ရှု၍ သိကြပါလေ။ ကျယ်အံ့စိုး၍ မရေး တော့ပြီ။

ရှေ့ကပြခဲ့သော မိဘနှင့်သားသမီး၊ လင်နှင့်မယား စသည်များတို့၏ မိမိတို့ ဝတ္တရား ကျေကုန်အောင် ပြုလုပ်နေဆဲအခါတို့၌ ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီး ဖြစ်နေကြပုံနှင့် မိမိ, မိမိတို့ဝတ္တရားမကျေကုန်ဘဲ ထော်လော်ကန့်ကန့် ခွကန့်လန့် ပြုလုပ်နေဆဲ အခါတို့၌လည်း အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီး ဖြစ်နေကြပုံတို့ အရ ဘုရားဟောဖော် ပါဠိတော်ကို ပြရမူ။

**စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။** ဟူသော ပါဠိတော်အရကို အနက်မြန်မာပြန်ဆိုရမူ။

WWW.DHAMMARANSI.COM



**စေတနာ**၊ မိဘနှင့်သားသမီး, လင်နှင့်မယားစသည်များတို့ကျင့်ဝတ်တရားအစားစားတို့ကို ကျေကုန်အောင် ပြုလုပ်ခြင်း မပြုလုပ်ခြင်းတို့က ဆက်လက်ကြပြီး ကိုယ်နှုတ်စိတ် အသီးသီးတို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်နေဆဲ အခါထဲ၌ဖြစ်သော စေတနာကံသည်။ **သမ္ပယုတ္တကာနံ**၊ ထိုပြုလုပ် ပြောဆို ကြံစည်နေကြသော စေတနာကံနှင့် ယှဉ်ကုန်သော။ **ဓမ္မာနဥ္စ**၊ ဝတ္တရား ကျေကုန်ခြင်း မကျေကုန်ခြင်းတို့ကို ပြုလုပ်နေသော စိတ်စေတသိက်, ပြောဆိုနေသော စိတ်စေတသိက် , ကြံစည်နေသော စိတ်စေတသိက် တို့အားလည်းကောင်း။ **တံသမုဋ္ဌာနာနဥ္စ**၊ ထိုပြုလုပ် ပြောဆို ကြံစည်နေသော စေတနာကံကြောင့်ဖြစ်ကုန်သော။ **ရူပါနဥ္စ**၊ ဝတ္တရားကျေကုန် မကျေကုန်အောင် ပြုလုပ်နေဆဲ အခါထဲ၌ဖြစ်သော ကိုယ်အမူအရာ စိတ္တဇရုပ်, ပြောဆိုနေဆဲ အခါထဲ၌ဖြစ်သော နှုတ်အမူအရာ စိတ္တဇရုပ်, ကြံစည်နေဆဲ အခါထဲ၌ဖြစ်သော စိတ်အမူအရာ စိတ္တဇရုပ်တို့အားလည်းကောင်း။ **ကမ္မပစ္စယေန**၊ အကျိုးကို ဖြစ်စေကြမည့် မျိုးစေ့သဘာဝ သဟဇာတကမ္မ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော**၊ ကောင်းသောအကျိုး မကောင်းသောအကျိုး ဖြစ်အောင် ကျေးဇူးဆောင်သည်။ **ဟောတိ**၊ စင်စစ်မသွေ ဖြစ်ရလေ၏။

ဤကား ကုသိုလ် အကုသိုလ် စေတနာကံက အတူတကွ ပေါင်းသင်းနေထိုင် ကြပြီး မိမိတို့ဝတ္တရား ကျေကုန်အောင် မကျေကုန်အောင် ပြုလုပ်ဆဲ ကြံစည်နေဆဲ အခါထဲ၌ သဟဇာတကမ္မပစ္စည်း ပဋ္ဌာန်းတို့သတ္တဝါတိုင်းတို့မှာ ဖြစ်နေကြသည်တို့ကို အကုန်လုံးပါအောင် မြန်မာနှင့် ပေါင်းရုံး၍ ပြချက်ပါတည်း။

ဤသဟဇာတ ကမ္မပစ္စည်းထဲမှာ ပါသော ကုသိုလ် အကုသိုလ် စေတနာကံကပင် ယခုဘဝတို့၌လည်းကောင်း၊ အခြားမဲ့ ဘဝတို့၌လည်းကောင်း၊ ရှေးကပြခဲ့တိုင်း ကောင်းသောအကျိုး, မကောင်းသောအကျိုးများကို ဖြစ်စေနိုင်သော ကမ္မပစ္စည်း ပဋ္ဌာန်းပါဠိတော်ကြီးကိုလည်း သိလိုကြပါသေးမူ။

**ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာနဥ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော**။ ဟု ဟောတော်မူ၏။

အနက်မြန်မာကား။ **ကုသလာ ကုသလံ**၊ ဝတ္တရားကျေကုန်ခြင်း ကုသိုလ်, ဝတ္တရားမကျေကုန်ခြင်း အကုသိုလ်ဟု ဆိုအပ်သော။ **ကမ္မံ**၊ ရှေးအဖို့က ပြုလုပ် ပြောဆို ကြံစည်ခဲ့သမျှသော စေတနာကံသည်။ **ဝိပါကာနံ**၊ ကောင်းသော

WWW.DHAMMARANSI.COM



အကျိုးဝိပါက်. မကောင်းသော အကျိုးဝိပါက်ဟု ဆိုအပ်ကုန်သော။ **ခန္ဓာနဉ္စ၊** နာမက္ခန္ဓာတို့အား လည်းကောင်း။ **ကဋတ္တာနံ၊** ထိုကုသိုလ် အကုသိုလ်ကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ၊** ကောင်းသော ကမ္မဇရုပ်. မကောင်းသော ကမ္မဇရုပ် တို့အားလည်းကောင်း။ **ကမ္မပစ္စယေန၊** ကောင်း.မကောင်း အကျိုးကို ဖြစ်စေ ကြမည့် မျိုးစေ့ သဘာဝ နာနက္ခဏိက ကမ္မ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော၊** ကောင်းသောအကျိုး မကောင်းသောအကျိုး ဖြစ်အောင် ကျေးဇူးဆောင်သည်။ **ဟောတိ၊** စင်စစ်မသွေ ဖြစ်ရလေ၏။

ဤကား ကုသိုလ် အကုသိုလ် စေတနာကံက မိမိ.မိမိတို့ဝတ္ထုရား ကျေကုန်အောင် ပြုလုပ်ခြင်း၊ ကျေကုန်အောင် မပြုလုပ်ခြင်း စသည်တို့နှင့်စပ်၍ ပြုလုပ်ပြောဆိုကြံစည်ကြပြီးနောက် ယခုဘဝ၌လည်းကောင်း၊ အခြားမဲ့ ဘဝတို့၌ လည်းကောင်း၊ ကောင်းသောအကျိုး မကောင်းသောအကျိုး အမျိုးမျိုးတို့ကို အကုန်ပါအောင် မြန်မာစကား အနက်သွားနှင့် ပေါင်းရုံး၍ ပြချက်ပါတည်း။

ဤကား အခြားသူတို့က မဖန်ဆင်းရဘဲ ကိုယ်တွေ့ဉာဏ်မြင် အထင်အရှား သိရှိနေကြသော ကုသိုလ် အကုသိုလ်ကံ အကြောင်းတရားတို့ကြောင့် ကောင်းသောအကျိုး မကောင်းသောအကျိုး အမျိုးမျိုးတို့. ဖြစ်နေကြပုံကို မည်သည့် ဘာသာမျှ မငြင်းဆန်နိုင်ကြအောင် ပြချက်တည်း။

❖

## ၄၅။ ဗုဒ္ဓါးရမ်းပြုလုပ်ခြင်း စသည်တို့မှာလည်း ပဋ္ဌာန်းအကြောင်းနှင့်ချည်း ဖြစ်နေ ကြပုံကို ပြချက်။

အို ... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ထိုထို အရာကိစ္စများအစားစား တို့၌ ပညတ်ဘက်သား လူအများတို့နှင့် အဘိဓမ္မာ ဓာတ် ပရမတ် ပညာရှိကြီးတို့၏ အသိဉာဏ်တရားခြားနားကြပုံကို ထင်ရှားအောင် သိလို ကြသည် မဟုတ်ပါလော။ သိလိုပါမူ နောက်၌ ပြလတ္တံ့သည်ကို သေချာစွာ စဉ်းစား၍ ဖတ်ရှုကြကုန်လော့။

စေတီ၊ အိမ်၊ ကျောင်းစသည်များကို အလိုရှိသော သူတို့သည် တရားသဖြင့် ငွေငါးရာ.တစ်ထောင် စသည်ပေး၍ ပြုလုပ်စေ၏။ ပြုလုပ်တတ်သော ပန်းရံ

WWW.DHAMMARANSI.COM



လက်သမား တို့ကလည်း တရားသဖြင့် ပြုလုပ်၍ သဲပုံစေတီကြီး၊ အိမ်၊ ကျောင်း စသည်ကြီးတို့ကို ပြီးစီးအောင် ပြုလုပ်၍ ငွေငါးရာ.တစ်ထောင် စသည်ကိုရ၏။ ယူ၏။ ဤကဲ့သို့ ငှားရမ်း၍ ပြုလုပ် ပြီးစီးလာကြရာတို့၌ ရပ်သူ ရွာသား ပညတ်မျက်စိသမားတို့သည်ကား ငှားသူ ပြုလုပ်သူတို့ကို လူဟူ၍ သိကြကုန်၏။ ပြုလုပ်ပြီးစီးလာကြသည် တို့ကိုကား သဲပုံစေတီဟူ၍ အိမ်၊ ကျောင်း စသည်ဟူ၍သာ သိရှိကြကုန်၏။ ငှားသူက လက်ခငွေကြေး ပေး၍ ပြုလုပ်သူက ရရှိ၏ဟူ၍လည်း သိရှိကြကုန်၏။ သိရှိကြတိုင်းလည်း ပြောဆို သုံးစွဲကြကုန်၏။ ပြောဆိုသုံးစွဲကြတိုင်းလည်း သမ္မုတိသစ္စာနယ်မှာ မလိမ်မကောက် မမှောက်မမှားဘဲ အမှန်စကားကို ပြောဆိုတာပဲဟု သိရှိကြ၏။ ထိုထက်ထူး၍ မသိရှိ မပြောဆိုနိုင်ကြကုန်။ (အမ်အေ) (ဘီအေ) စသော ဓာတ် ပညာရှိသူများနှင့် အဘိဓမ္မာ ဓာတ်ပရမတ် ပညာရှိသူများတို့ကမူကား ရပ်သူရွာသား လူအများတို့ကဲ့သို့လည်း ပညတ်မျက်စိ အမှတ်သညာသိနှင့်လည်း သိရှိပြောဆိုကြကုန်၏။ ထိုထက်ထူး၍လည်း သိမှတ်ပြောဆိုနိုင်ကြပုံမှာကား။

ထိုငှားရမ်းသူ ပြုလုပ်သူတို့၏ အကောင်အထည် ဒြပ် ပညတ်တို့၏ အတွင်းသို့ ဉာဏ်သွင်း၍ ဓာတ်မျက်စိ ပရမတ်မျက်စိနှင့် ကြည့်ရှုလိုက်သည်ရှိသော် ငှားရမ်း တတ်သူ ပြုလုပ်တတ်သူ လူဟူ၍မရှိ ရုပ်ဓာတ်ပရမတ်အစုနှင့် နာမ်ဓာတ်ပရမတ် အစုသာရှိ၏။ သဲပုံစေတီ၊ အိမ်၊ ကျောင်း စသည်တို့၏ အတွင်းမှာလည်း စေတီဟူ၍ အိမ်ကျောင်း စသည်ဟူ၍ တစ်စုံတစ်ခုမျှမရှိ ရုပ်ဓာတ် ပရမတ် အစုသာရှိ၏ဟု ကေန်ရှိ အမှန်ရှိကိုလည်း ဓာတ်ပရမတ် မျက်စိ ပညာသိနှင့်လည်း ထူးခြား၍ သိရှိ ပြောဆိုနိုင်ကြ ကုန်၏။

အို… တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ဤကဲ့သို့ငှားရမ်းသူ ပြုလုပ်သူ မရှိခဲ့လျှင် မည်သူက ဤသဲပုံစေတီ၊ အိမ်၊ ကျောင်း ဖြစ်အောင် ငှားရမ်းသနည်း။ မည်သူက ပြီးစီးအောင် ပြုလုပ်သနည်း။ မည်သည့် ဝတ္ထုတို့က သဲပုံစေတီကြီးတွေ၊ အိမ်၊ ကျောင်းစသည်ကြီးတွေ ဖြစ်နေကြသနည်း။ ဟု ပညတ် မျက်စိသမား အစားစားတို့က မေးခဲ့သော် သင်တို့သည် အဘယ်ကဲ့သို့ ဖြေဆိုကြမည်နည်း။

ဓာတ်မျက်စိ ပရမတ်မျက်စိတို့ဖြင့် အတွင်းသားကို ကြည့်၍ ဖြေဆိုရပုံကား။

WWW.DHAMMARANSI.COM



ထိုငှားရမ်းတတ်သူ ပြုလုပ်တတ်သူတို့၏ အတွင်းသား ရုပ်ဓာတ် ပရမတ် အစုနှင့် နာမ်ဓာတ် ပရမတ်အစုတို့တွင် ငှားရမ်းသူဘက်က တရားသဖြင့် သဲပုံစေတီ တည်အောင်၊ အိမ်. ကျောင်း စသည် ဆောက်လုပ်အောင် ငှားရမ်း တတ်သော နာမ်ဓာတ်စွမ်းကောင်းကြီးနှင့် ပြုလုပ်သူဘက်က တရားသဖြင့် သဲပုံစေတီကြီး ပြီးစီးအောင် အိမ်. ကျောင်း စသည်တို့လည်း ပြီးစီးအောင် ပြုလုပ်နိုင်သော နာမ်ဓာတ်စွမ်းကောင်းကြီး နှစ်ဦးတို့ကြောင့်သာ ကြံစည်မှု စိတ်အမူအရာ အမျိုးမျိုး၊ ပြောဆိုမှုစိတ်အမူအရာ ရုပ်အမူအရာ အမျိုးမျိုး၊ ပြုလုပ်မှု စိတ်အမူအရာ ရုပ်အမူအရာ အမျိုးမျိုးတို့ဖြင့် ငှားရမ်း တတ်ကြ ပြုလုပ် တတ်ကြကုန်၏ ဟူ၍လည်း ပြောဆိုရမည် (ဝါ) တရားသဖြင့် ငှားရမ်း သူ၏ ပဋ္ဌာန်းကုသိုလ်စေတနာ၊ ပြုလုပ်ပေးသူတို့၏ ပဋ္ဌာန်းကုသိုလ်စေတနာ တို့ကသာ ငှားရမ်းတတ်ကြ ပြုလုပ်တတ်ကြကုန်၏ ဟု ဖြေဆိုရမည်။

သဲပုံစေတီတို့နှင့် အိမ်၊ ကျောင်း စသည်တို့၏ အတွင်းရှိ ဝတ္ထု အစုစုတို့ကို ပညတ် စကားတို့နှင့် အစိတ်စိတ် ခွဲခြား၍ ပြောကြားရမူ စေတီ ပုံသဏ္ဍာန်အတွင်းမှာ သဲတို့ကသာ စေတီကြီး ထင်မြင်လာရအောင် တည်ရှိ နေကြကုန်၏။ အိမ်၊ ကျောင်းတို့ ပုံသဏ္ဍာန်အတွင်းမှာလည်း သစ်၊ ဝါး၊ သံ၊ သွပ်တို့ကသာ အိမ်၊ ကျောင်း စသည် ထင်မြင် ရအောင် တည်ရှိနေကြကုန်၏ ဟူ၍လည်း ဖြေဆိုရမည်။

တစ်ဖန် ပရမတ်မျက်စိနှင့်သာ ခွဲခြမ်းလိုက်ရပါမူ ထိုစေတီ၊ အိမ်၊ ကျောင်းတို့ အတွင်းမှာ သဲဟူ၍ပင် သစ်၊ ဝါး၊ သံ၊ သွပ် ဟူ၍ပင် မရှိရာ။ ပထဝီပြဋ္ဌာန်းသော ရုပ်ကလာပ် ပဋ္ဌာန်းမှုန့်တို့သာ စေတီ၊ အိမ်၊ ကျောင်း စသည်တို့ ထင်မြင်ရအောင် အတွင်းသားအနေအားဖြင့် ထင်ရှားတည်ရှိနေကြကုန်၏ဟု ဖြေဆိုရပေလိမ့်မည်။

(တစ်နည်း) ရှေးကပြခဲ့သော ငှားသူက လက်ခငွေကြေး ပေးလို့ ပြုလုပ် သူက ရရှိ၏ဟူသော စကား၌ ငှားသူနှင့် ပြီးစီးအောင် ပြုလုပ်သူတို့တွင် ပကတိ လူများ ပညတ် မျက်စိသမားတို့ကမူကား ငှားရမ်းသူက တရားသဖြင့် ငါးရာ. တစ်ထောင် စသည်ကို ပေးသောကြောင့် စေတီကိုလည်းကောင်း၊ အိမ်ကျောင်း စသည်ကိုလည်းကောင်း ရရှိသည်ဟူ၍ သိရှိပြောဆိုကြ၏။ ပြုလုပ်သူတို့ကလည်း တရားသဖြင့် ပြီးစီးအောင် ပြုလုပ်၍ လက်ခငွေကြေး ငါးရာ. တစ်ထောင် စသည် တို့ကို ရရှိကြ၏ဟု ထိုရရှိခြင်း အကြောင်းအကျိုးတို့ကို သိရှိ ပြောဆိုကြ၏။

WWW.DHAMMARANSI.COM



ပြောဆိုကြသည့်အတိုင်းလည်း သမ္မုတိသစ္စာ ပညတ်နယ်မှာ မလိမ်မကောက် မမှောက်မမှားဘဲ အမှန်စကားကို ပြောဆိုတာဘဲ ဟု သိရှိကြ၏။ ထိုထက်ထူး၍ မသိရှိမပြောဆိုနိုင်ကြကုန်။ (အမ်အေ) (ဘီအေ) စသော ဓာတ်ပညာရှိသူများနှင့် အဘိဓမ္မာဓာတ်ပရမတ် ပညာရှိသူများတို့ကမူကား ရပ်သူရွာသား လူအများတို့ကဲ့သို့လည်း ပညတ်မျက်စိ အမှတ်သညာသိနှင့်လည်း သိရှိပြောဆိုကြကုန်၏။ ထိုထက်ထူး၍လည်း သိမှတ်ပြောဆိုနိုင်ကြပုံမှာကား။

ငှားရမ်းသူဘက်က ငှားရမ်တတ်သည်ဟု ထင်မြင်ရသော ပညတ်ကောင်ကြီးကမူကား ငှားရမ်းနိုင်သော စွမ်းရည်သတ္တိ လုံးလုံးပင်မရှိ။ ထိုပညတ်ကောင်ကြီး၏ အတွင်းသား ဓာတ်စွမ်းကောင်း ကုသိုလ်စေတနာ ကမ္မပစ္စည်း ပဋ္ဌာန်းကြီးကသာ တရား သဖြင့် လက်ခငွေကြေး ငါးရာ, တစ်ထောင် စသည် ပေးနိုင်သော သတ္တိအကြောင်း ကုသိုလ်ကံရှိ၍ (ဝါ) ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့် ယခုဘဝမှာ ကိုးကွယ်ရန် သဲပုံစေတီကြီး ရရှိခြင်း အကျိုးကိုလည်းကောင်း၊ နေထိုင်ရန် အိမ်. ကျောင်း စသည်တို့ကို ရရှိခြင်း အကျိုးကိုလည်းကောင်း ခံစံတွေ့ကြုံရကုန်၏ ဟူ၍လည်းကောင်း။

(တစ်နည်းကား) လက်ခငွေကြေး ပြုလုပ်အောင် မပေးက မပြုလုပ်၊ တရားသဖြင့် လက်ခငွေကြေးပြုလုပ်အောင်ပေးသော မိမိကုသိုလ်စေတနာကံ အတွက်ကြောင့်သာ လက်သမားက ပြီးစီးအောင် ပြုလုပ်ပေးသည် ဖြစ်သောကြောင့် ထိုမိမိ လက်ခပေးသော စေတနာကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးအတွက်ကြောင့်သာ ယခုဘဝမှာ ကိုးကွယ်ရာ စေတီကြီး၊ နေထိုင်ရန် အိမ်.ကျောင်း စသည်တို့အကျိုးကိုလည်းကောင်း၊ နောက်နောင်ဘဝကာလတို့မှာ ခံစံကြရမည့် အကျိုးကိုလည်းကောင်း။ ရရှိ ခံစံရ၏ဟု ဓာတ်ပရမတ်မျက်စိနှင့် သိရှိပြောဆိုကမည်သူကမျှ မငြင်းပယ်နိုင်ကြဘဲ ထိုပြောဆိုတိုင်း ဟုတ်လိုက်လေခြင်း ဟုတ်လေခြင်း ဟူ၍သာ ဝန်ခံကြပြီးလျှင် လက်ခ ငွေကြေးပေးသော ကုသိုလ် စေတနာ အကြောင်းကံနှင့် ရရှိသုံးဆောင်ရသော အကျိုး ဝိပါက်တို့ကိုသာ (ဝါ) ပဋ္ဌာန်းပစ္စည်း အကြောင်းအကျိုးတို့ကိုသာ များများကြီး ယုံကြည် အားထုတ်နိုင်ကြကုန်ရာသည် မဟုတ်ပါလော။ (ဝါ) များများကြီး ယုံကြည် အားထုတ်နိုင်ကြအောင် ထပ်ခါထပ်ခါ ရှေ့စကားရပ်ကလေးကို ပြန်၍ ကြည့်ရှု ဆင်ခြင်ထိုက်ပါဦးလော။

WWW.DHAMMARANSI.COM



ပြုလုပ်သူဘက်ကလည်း ပြုလုပ်တတ်သည်ဟု ထင်မြင်ရသော ပညတ်ကောင်ကြီးကမူကား။ ပြုလုပ်နိုင်သော စွမ်းရည်သတ္တိ လုံးလုံးပင်မရှိ။ ထိုပညတ်ကောင်ကြီး၏ အတွင်းသား ဓာတ်စွမ်းကောင်း ကုသိုလ်စေတနာ ကမ္မပစ္စည်း ပဋ္ဌာန်းကြီးကသာ တရား သဖြင့် သဲပုံစေတီကြီး ဖြစ်ပေါ်လာအောင် အိမ်,ကျောင်း စသည်တို့ ဖြစ်ပေါ်လာအောင် ပြုလုပ်နိုင်သောသတ္တိ အကြောင်းကုသိုလ်ကံရှိ၍သာ (ဝါ) မိမိပြုလုပ်ခဲ့သည့် ကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးကြောင့် ယခုဘဝမှာ ခံစားရန် ငါးရာ. တစ်ထောင် စသော လက်ခ ငွေကြေးတို့ကို ရယူ ခံစံရ၏ဟူ၍လည်းကောင်း။

(တစ်နည်းမူကား) စေတီ. အိမ်. ကျောင်း ပြီးစီးအောင် မပြုလုပ်က လက်ခ ငွေကြေး မပေး၊ ထိုလက်ခငွေကြေးပေးအောင် တရားသဖြင့် ပြုလုပ်ပေးသော မိမိ စေတနာ ကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီး အတွက်ကြောင့်သာ ယခုဘဝ ငါးရာ. တစ်ထောင် စသော လက်ခငွေကြေးတို့ကိုလည်းကောင်း၊ နောက်နောင်ဘဝ ကာလ တို့မှာ ခံစံကြရမည့် အကျိုးတို့ကိုလည်းကောင်း၊ ရရှိခံစံကြရ၏ဟု ဓာတ်ပရမတ် မျက်စိနှင့် သိရှိဖြေဆိုက မည်သူကမျှ မငြင်းပယ်နိုင်ကြရာ။

တစ်နည်းမှာလည်း ဆောက်လုပ်သူ၏ဉာဏ်အစွမ်းကြောင့်လည်းကောင်း၊ ဝီရိယအစွမ်းကြောင့်လည်းကောင်း၊ လက်ခကိုပေး၍ ရသောကြောင့် ရေ့စကားနှင့် စပ်၍ ဖြေဆိုရမူ မိမိတို့.ပြုလုပ်ကြသည့် ကံပေး၍ ရသည်။

(တစ်နည်း) ဉာဏ်ပေး၍ ရသည်၊ အားထုတ်မှု ဝီရိယပေး၍ ရသည် ဟု သိရှိ ဖြေဆိုက မည်သူကမျှ မငြင်းပယ်နိုင်ကြဘဲ ထိုပြောဆိုတိုင်း ဟုတ်လိုက်လေခြင်း ဟုတ်လေခြင်းဟူ၍သာ ဝန်ခံကြပြီးလျှင် မိမိတို့က တည်ထား ဆောက်လုပ်ပေးသော ကုသိုလ် စေတနာအကြောင်း ကံ၊ ဉာဏ်၊ ဝီရိယတို့နှင့် ငါးရာ. တစ်ထောင် စသည်တို့.ရရှိ၍ သုံးဆောင်ရသော အကျိုးဝိပါက်တို့ကိုသာ (ဝါ) ပဋ္ဌာန်း ကမ္မပစ္စည်း အကြောင်းအကျိုးတို့ကိုသာ များများကြီး အားထုတ် ယုံကြည်ရာသည် မဟုတ်ပါလော (ဝါ) များများကြီး အားထားယုံကြည်နိုင်ရအောင် ထပ်ခါ ထပ်ခါ ရေ့စကားရပ်ကလေးကို ပြန်၍ ကြည့်ရှုဆင်ခြင်လိုက်ပါဦးလော။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့သည် ဆင်ခြင်စဉ်းစား နလုံးထား၍ ဟုတ်တိုင်းမှန်စွာ အရာရာတို့ကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိရှိရသလို မကောင်းသောအကုသိုလ် ကမ္မပစ္စည်း

WWW.DHAMMARANSI.COM



အကြောင်းအကျိုးတရားကြီးတို့ကို ဆင်ခြင်စဉ်းစားနလုံးထား၍ ဟုတ်တိုင်းမှန်စွာ အရာရာတို့ကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိရှိထိုက်သည် မဟုတ်ပါလော။

ထိုသို့သိရှိရန်တို့ကား အထက်ကပြခဲ့သော ကောင်းသောကုသိုလ်ကမ္မပစ္စည်း အကြောင်းအကျိုးတရားကြီးတို့ကို အထက်ကပြခဲ့သည့် စေတီ၊ အိမ်၊ ကျောင်းတို့မှာ တရားသဖြင့် ငှားရမ်းခြင်း ပြုလုပ်ခြင်း ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီးမှတစ်ပါး မတရားသဖြင့် လိမ်ကောက် မှောက်မှား၍ ငှားရမ်းခြင်း ပြုလုပ်ပေးခြင်းတို့မှာလည်း ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့် ငှားရမ်းသူ၌ ယခုဘဝမှာ မကောင်းသတင်း ကျော်စောခြင်းနှင့်တကွ မကောင်းသော စေတီ. အိမ်. ကျောင်း တို့ကို ရရှိခြင်း၊ နောက်နောင်ဘဝ ကာလတို့မှာလည်း မကောင်းသော အကျိုးအမျိုးမျိုးတို့ကို ရရှိခြင်း တို့ကို ဖြစ်စေနိုင်၏။ မတရားသဖြင့် ပြုလုပ်ပေးသောသူ၌လည်း ယခုဘဝမှာ မကောင်း သတင်း ကျော်စောခြင်း နှင့်တကွ အဖိုးလက်ခ ပြည့်စုံအောင် မရခြင်း၊ နောက်နောင် ဘဝ ကာလတို့မှာလည်း မကောင်းသောအကျိုး အမျိုးမျိုးတို့ကို ရရှိနိုင်ခြင်းတို့ကို ထိုအကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့က ဖြစ်စေနိုင်ကြကုန်၏ ဟူ၍လည်း သင်တို့ ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင် သိရှိထိုက်သည် မဟုတ်ပါလော။

ထိုသို့ သိရှိကြရသည့်အပြင် အထက်ကပြခဲ့သော ကုသိုလ်ကမ္မပစ္စည်းမှာ အမေးအဖြေတို့ကို ပြောဆိုသိရှိရသလို ဤကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီး မှာလည်း အမေး အဖြေတို့ကို သိရှိကြပါလေ ပညာရှိသဘောဖြူတွေတို့။

ရှေ့ကပြခဲ့သော စကားရပ်တို့မှာ ကုသိုလ် အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့နှင့် အမျိုးမျိုး ပြုလုပ် ပြောဆို ကြံစည် နေထိုင်ကြသည်ဟု ပါရှိသော စကားရပ်တို့ဝယ် အဘယ်သို့ ဘုရားဟောဖော် ပဋ္ဌာန်းပါဠိတော်ကြီးများ ရှိပါသနည်းဟု မေးက ဖြေဆိုရန်ကား။

**စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော** ဟူသော ပါဠိတော်အရကို အနက်မြန်မာ ပြန်ဆိုရမူ။

**စေတနာ**၊ အိမ်. ကျောင်း စသည်ကို ငှားရမ်းကြခြင်း ပြုလုပ်ကြခြင်း တို့က ဆက်လက်ကြပြီး ကိုယ်နှုတ်စိတ် အသီးသီးတို့ဖြင့် ကောင်းတာတွေ မကောင်းတာတွေကိုပြုလုပ် ပြောဆိုကြံစည်နေဆဲ အခါထဲဖြစ်သော စေတနာကံ သည်။ **သမ္ပယုတ္တကာနံ**၊ ထို ပြုလုပ် ပြောဆို ကြံစည်နေသော စေတနာကံနှင့်

WWW.DHAMMARANSI.COM



ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ**၊ ကောင်းတာတွေ မကောင်းတာတွေကို ပြုလုပ်နေသော စိတ်စေတသိက်. ပြောဆိုနေသော စိတ်စေတသိက်. ကြံစည်နေသော စိတ်စေတသိက် တို့အားလည်းကောင်း။ **တံ သမုဋ္ဌာနာနံ**၊ ထို ပြုလုပ် ပြောဆို ကြံစည်နေသော စေတနာကံကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ**၊ ကောင်းတာတွေ မကောင်းတာတွေကို ပြုလုပ်နေဆဲ အခါထဲ၌ ဖြစ်သော စိတ္တဇရုပ်. ပြောဆိုနေဆဲ အခါထဲ၌ဖြစ်သော စိတ္တဇရုပ်. ကြံစည်နေဆဲ အခါထဲ၌ ဖြစ်သော စိတ္တဇရုပ် တို့အားလည်းကောင်း။ **ကမ္မပစ္စယေန**၊ အကျိုးကို ဖြစ်စေကြမည့် မျိုးစေ့ သဘာဝ သဟဇာတကမ္မ သတ္တိဖြင့်။ **ပစ္စယော ဥပကာရကော**၊ ကောင်းသောအကျိုး မကောင်းသောအကျိုး ဖြစ်အောင် ကျေးဇူး ဆောင်သည်။ **ဟောတိ**၊ စင်စစ်မသွေ ဖြစ်ရလေ၏။

ဤကား ကုသိုလ် အကုသိုလ် စေတနာကံက အတူတကွ ဖြစ်ကြပြီး စေတီ၊ အိမ်၊ ကျောင်း စသည်တို့ကို ဒါးရမ်းခြင်းပြုလုပ်ခြင်းစသည်နှင့်စပ်၍ပြုလုပ်နေဆဲ၊ ပြောဆိုနေဆဲ၊ ကြံစည်နေဆဲ အခါထဲ၌ သဟဇာတ ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ သတ္တဝါတိုင်းတို့မှာ ဖြစ်နေကြသည်တို့ကို အကုန်လုံးပါအောင် မြန်မာနှင့် ပေါင်းရုံး၍ ပြချက်ပါတည်း။

ဤသဟဇာတ ကမ္မပစ္စည်းထဲမှာ ပါသည့် ကုသိုလ် အကုသိုလ် စေတနာကံ ကပင် ယခုဘဝတို့၌လည်းကောင်း၊ အခြားမဲ့ ဘဝတို့၌လည်းကောင်း၊ ရှေးက ပြခဲ့တိုင်း ကောင်းသောအကျိုး မကောင်းသောအကျိုးများကို ဖြစ်စေနိုင်သော ကမ္မပစ္စည်း ပဋ္ဌာန်းပါဠိတော်ကြီးကိုလည်း သိလိုကြသေးမူ။

**ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော** ။ ဟု ဟောတော်မူ၏။

အနက်မြန်မာကား။ **ကုသလာ ကုသလံ**၊ ကုသိုလ် အကုသိုလ်ဟု ဆိုအပ်သော။ **ကမ္မံ**၊ ရှေးအဖို့က တရားသဖြင့် ပြုလုပ် ပြောဆို ကြံစည်ခဲ့သမျှသော ကုသိုလ်ကံ မတရားသဖြင့် ပြုလုပ် ပြောဆို ကြံစည်ခဲ့သမျှသော အကုသိုလ်ကံ သည်။ **ဝိပါကာနံ**၊ ကောင်းသော အကျိုးဝိပါက်. မကောင်းသော အကျိုးဝိပါက်ဟု ဆိုအပ်ကုန်သော။ **ခန္ဓာနဉ္စ**၊ နာမက္ခန္ဓာတို့အားလည်းကောင်း။ **ကဋတ္တာနံ**၊ ထိုကုသိုလ် အကုသိုလ်ကံကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ**၊ ကောင်းသော ကမ္မဇရုပ်. မကောင်းသော ကမ္မဇရုပ် တို့အားလည်းကောင်း။ **ကမ္မပစ္စယေန**၊

WWW.DHAMMARANSI.COM



ကောင်း,မကောင်း အကျိုးကို ဖြစ်စေကြမည့် မျိုးစေ့သဘာဝ နာနက္ခဏိကကမ္မသတ္တိဖြင့်။ **ပစ္စယော ဥပကာရကော၊** ကောင်းသော အကျိုး မကောင်းသောအကျိုး ဖြစ်အောင် ကျေးဇူးဆောင်သည်။ **ဟောတိ၊** စင်စစ် မသွေ ဖြစ်ကြလေ၏။

ဤကား ကုသိုလ် အကုသိုလ် စေတနာကံက စေတီ၊ အိမ်၊ ကျောင်း စသည်တို့ကို ငွားရမ်းခြင်း ပြုလုပ်ခြင်း စသည်တို့နှင့်စပ်၍ ပြုလုပ်ကြပြီး ပြောဆိုကြပြီး ကြံစည်ကြပြီး နောက်ယခုဘဝ၌လည်းကောင်း၊ အခြားမဲ့ဘဝ၌လည်းကောင်း၊ ကောင်းသောအကျိုး မကောင်းသောအကျိုး အမျိုးမျိုးတို့ကို အကုန်ပါအောင် မြန်မာစကား အနက်နှင့် ပေါင်းရုံး၍ ပြချက်ပါတည်း။

ဤကား အခြားသူတို့က မဖန်ဆင်းရဘဲ ကိုယ်တွေ့ဉာဏ်မြင် အထင်အရှား သိရှိနေကြသော ကုသိုလ် အကုသိုလ်ကံ အကြောင်းတရားတို့ကြောင့် ကောင်းသောအကျိုး မကောင်းသောအကျိုး အမျိုးမျိုးတို့ ဖြစ်နေကြပုံကို မည်သည့် ဘာသာကမျှ မငြင်းဆန်နိုင်ကြအောင် ပြချက်တည်း။

❖

## ၄၆။ ပြုလုပ်သမျှ ကုသိုလ်ကမ္မပစ္စည်း ပဌာန်းအကြောင်းကြီးဖြင့် ယုံမှားခြင်း ကင်းပုံကို ပြဆိုချက်။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ရှေးကပြခဲ့သော စေတီတည်ရန်၊ အိမ်,ကျောင်း စသည်ဆောက်ရန် ငွားရမ်းခဲ့သမျှတို့သည် ကမ္မပစ္စည်းပဌာန်းကြီးတို့နှင့်သာ ငွားရမ်းခြင်းအစစ် ဖြစ်ကြကုန်၏။ စေတီပြုလုပ်ပေးသမျှ၊ အိမ်,ကျောင်းစသည် ပြုလုပ်ပေးသမျှ အဝဝတို့သည်လည်း ကမ္မပစ္စည်း ပဌာန်းကြီးတို့နှင့်သာ ပြုလုပ်၍ပေးခြင်းအစစ် ဖြစ်ကြကုန်၏။

ထိုမှတစ်ပါးသော လောကအားလုံးတွင် ရဟန္တာမှတစ်ပါး ပုထုဇဉ် အရိယာတို့ ပြုပြုသမျှသော ကိုယ်အမှု စိတ်အမှု နှုတ်အမှုတို့သည် ကုသိုလ်ကမ္မပစ္စည်း အကုသိုလ်ကမ္မပစ္စည်း ပဌာန်းကြီးတို့နှင့်သာ ထိုထိုအမှုကိစ္စ ပြီးစီးအောင် ပြုလုပ်နိုင်ကြကုန်၏ဟု ရှေ့ကအကျယ်ပြခဲ့သည့်အတိုင်း သင်တို့သိရှိကြပြီးလျှင် ထိုထိုကိစ္စ ပြီးစီးအောင် ပြုလုပ်သမျှတို့သည် ပုဂ္ဂိုလ်အလုပ် သတ္တဝါအလုပ် ပညတ်ကောင်ကြီးတွေအလုပ် မဟုတ်ကြကုန်။

WWW.DHAMMARANSI.COM



စင်စစ်မူကား ထိုပညတ်ကောင်ကြီးတို့၏ အတွင်းရှိ နာမ်ဓာတ်စွမ်းကောင်းကြီးတို့ကသာ ထိုထိုအမှုကိစ္စ ပြီးစီးအောင် ပြုလုပ်နိုင်ကြကုန်၏။ ထိုသို့ ပြုလုပ်နိုင်သော ဓာတ်စွမ်းကောင်းကြီးကို စေတနာလည်း ခေါ်၏။ ကံဟုလည်း ခေါ်၏။ ထိုစေတနာကံသည်ပင် ပဋ္ဌာန်းတရားကြီးအစစ် ကမ္မပစ္စည်း စသည် အကြောင်းအကျိုးတို့ ဖြစ်နေကြကုန်၏ဟု သိကြပါလေ။

**မေး။ ။ အဘယ့်ကြောင့် စေတနာ ခေါ်သနည်း။**

ဖြေ။ ။ ကိုယ်အင်္ဂါ နှုတ်အင်္ဂါ စိတ်အင်္ဂါ တို့ကို စေ့ဆော်ကြောင့်ကြ သမားကြီး၊ တိုက်တွန်း လှုံ့ဆော်သမားကြီးဖြစ်သောကြောင့် စေတနာ ခေါ်သတည်း။

**မေး။ ။ အဘယ့်ကြောင့် ကံ ခေါ်သနည်း။**

ဖြေ။ ။ လောကဌ် သတ္တဝါများ အစားစားတို့မှာ ထိုင်မှု သွားမှု လာမှု စသော ကိုယ်ဖြင့် ပြုလုပ်သမျှသော အမှုဟူသမျှ တို့သည်လည်းကောင်း၊ ပြောမှု ဆိုမှု စသော နှုတ်ဖြင့် ပြောသော အမှုဟူသမျှတို့သည်လည်းကောင်း၊ ကြံမှု ဖန်မှု တွေးမှု တောမှု စသော စိတ်ဖြင့် ကြံစည်သော အမှုဟူသမျှ တို့သည်လည်းကောင်း၊ ထိုစေတနာ ဓာတ်စွမ်းကောင်းကြီး မဖြစ်ပေါ် မထကြွက ဘယ်ကိစ္စ တစ်ခုမျှ ပြီးစီးနိုင်သည် မရှိကြကုန်။ ထိုစေတနာဓာတ်စွမ်းကောင်းကြီးဖြစ်ပေါ်ထကြွမှသာ ပြီးစီးနိုင်ကြကုန်၏။ ထို့ကြောင့် ခပ်သိမ်းသော ကိုယ်အမှု နှုတ်အမှု စိတ်အမှု စသည် တစ်ခုခုတို့မှာ စေတနာတည်း ဟူသော သူသည်သာလျှင် ငှားရမ်းတတ် ပြုလုပ်တတ်သော အမှုသည်ရင်းကြီး အမှုဆောင်ရင်းကြီး အစစ် ဖြစ်လေသောကြောင့် (ဝါ) ထိုထိုကိစ္စ ပြီးစီးနိုင်ကြသော ပဋ္ဌာန်း ကမ္မပစ္စည်း အစစ်ကြီးသာ ဖြစ်လေပါသောကြောင့် ပါဠိလို ကမ္မ မြန်မာလို အမှုဟု ခေါ်ဆိုရ၏။ ထို ပါဠိ ကမ္မကို ဖျက်၍ ကံဟူ၍သာ ပါဠိပျက်စကားနှင့်လည်း မြန်မာ ဟူသမျှတို့ ခေါ်ဝေါ် ပြောဆိုနေကြ ကုန်၏။

ထိုစေတနာ ကံ ဟူသော စကားအရကို ပါဠိတော် အကိုးနှင့် ပြရမူ။

**စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။** ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ ဘုရားဟောတော်မူသည်ကို အနက်မြန်မာ ပြန်ဆိုရမူ။

**ဘိက္ခဝေ၊** အပယ်လေးပါးစသော သံသရာ၌ ဇာတိ စသောဘေး လေးသောဝန်ကို ရှုလေ့ရှိသော ရှင်လူအများ အို ချစ်သားတို့၊ **စေတနာ၊** စေ့ဆော်စီရင်

WWW.DHAMMARANSI.COM



တတ်သော စေတနာ စေတသိက်ကို။ **ကမ္မံ၊** ကိုယ်အမှု နှုတ်အမှု စိတ်အမှု ပြုတတ်သော **ကံ**ဟူ၍။ **အဟံ၊** ငါဘုရားသည်။ **ဝဒါမိ၊** ဘာသာ အစားစား နားလည်သွားအောင် ဟောကြားတော် မူ၏။ **စေတယိတွာ၊** စေ့ဆော်စီရင်၍။ **ကာယေန၊** ကိုယ်ဖြင့်လည်းကောင်း။ **ဝါစာယ၊** နှုတ်ဖြင့်လည်းကောင်း။ **မနသာ၊** စိတ်ဖြင့်လည်းကောင်း။ **ကမ္မံ၊** အမှုကိစ္စ ဟူသမျှကို။ **ကရောတိ၊** ပြီးစီးအောင်မြင်အောင် ပြုလုပ်၏။ ဟူ၍လည်း ပါဠိတော်စကား အကျဉ်းအားဖြင့် သိကြပါလေ။

ထိုကံ ဟူသော စကားကို အနည်းငယ်ချဲ့ဆိုရမူ ဗုဒ္ဓဘာသာ မြန်မာ ဟူသမျှတို့ အသုံးပြုနေကြသည့်ကား ကံကောင်းသည် ကံဆိုးသည် ဟူ၍ လည်းကောင်း၊ (တစ်နည်း) ကောင်းမှု မကောင်းမှု ဟူ၍လည်းကောင်း၊ (တစ်နည်း) ကုသိုလ်ကံ အကုသိုလ်ကံ ဟူ၍လည်းကောင်း၊ ပြောဆိုကြရုံမက ကောင်းတာ ဖြစ်လာတာ ဟူသမျှ တို့ကိုလည်း ကုသိုလ်ကံကြောင့် ဖြစ်သည်၊ မကောင်းတာ ဖြစ်လာတာ ဟူသမျှတို့ကိုလည်း အကုသိုလ်ကံကြောင့် ဖြစ်သည်ဟု ထင်မှတ်ကြ၏။ ပြောဆိုကြ၏။ ပြောဆိုသည့် အတိုင်းလည်း ပစ္စုပ္ပန်ကံ အတိတ်ကံနှင့် ကြည့်က ဟုတ်လှ၏ မှန်လှ၏ ဟု သိပါ။ ဖြစ်ပျက် သမျှတိုင်းတို့သည် အတိတ်ကံ တစ်ခုတည်းကြောင့်သာ ဖြစ်ပျက်ကြကုန်၏ဟု ယူမှသာ ပုဗ္ဗေကတဟေတုဒိဋ္ဌိ ဖြစ်၏ဟု သိကြပါလေ။

တစ်ပါးအယူဝါဒ ရှိကြသူတို့ကမူကား။ မိမိတို့အယူရှိကြသည့်အတိုင်း ကောင်းသည် မကောင်းသည် ဖြစ်ပေါ်လာသမျှတို့သည် ဖန်ဆင်းပေးတတ်သော သိကြား၊ ပြဟ္မာ၊ ဒေဝ၊ ဗိဿနိုး စသည်တို့က ဖန်ဆင်းပေးကြ၍ ဖြစ်ကြသည်ဟု အကြောင်း တစ်ခုခုကိုသာ ထင်မှတ်ကြ ပြောဆိုကြသည့် မိမိတို့အပြစ်တို့ကို မမြင်ကြရုံမက မြန်မာတို့ကိုပင် သည်မြန်မာတွေဟာ သူတို့မှာ ကံကိုသာ တစ်ခုတည်းပုံထားပြီးပြောဆို လုပ်ကိုင်နေထိုင်ကြကုန်၏ဟူ၍လည်းအပြစ်တင် ကြကုန်၏။

အို… တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့သည် ထိုအပြစ်တင်ဖွယ်စကား ဟုတ်,မဟုတ်များကို ထင်ရှားသိလို ကြသည် မဟုတ်ပါလော။ ထိုသို့လိုက ထိုအပြစ်တင်ဖွယ်စကား ယုံမှားကင်း သွားအောင် ပြဆိုရမူ။

WWW.DHAMMARANSI.COM



ထိုရှေ့က ပြခဲ့သည့်အတိုင်း ပါဠိလို ကမ္မ မြန်မာလို အမှုဟု ဆိုအပ်သော စေတနာ ဓာတ်စွမ်းကောင်းကြီးဖြစ်သော ကမ္မပစ္စည်း ပဋ္ဌာန်းကြီးသည်ကား ကောင်းသောကံကို (ဝါ) ကောင်းသောအမှုကို ကုသိုလ်ကံ ဟု ဆို၏။

(တစ်နည်း) မကောင်းသောကံကို (ဝါ) မကောင်းသောအမှုကို အကုသိုလ်ကံ ဟု ဆို၏။ ထိုကုသိုလ်ကံ အကုသိုလ်ကံ တို့သည်လည်း အတိတ်ဘဝက ပြုခဲ့သောကံ ဤဘဝတွင်မှ ပြုလုပ်ကြသောကံဟူ၍ နှစ်မျိုးနှစ်စားစီ ရှိကြပြန်၏။ ထိုသို့ ရှိနေသည်၌ ဘာသာ အစားစားတို့ နှိုင်းချိန်ကြည့်ကြဖို့ အချက်တို့မှာ ယခုဘဝတွင် ချမ်းသာ ဌေးကြွယ်နေကြသော သူတို့၌ ချိန်ဆ၍ သိကြဖို့ကား။

အတိတ်ကုသိုလ်ကံကို လှမ်း၍ မသိမမြင်နိုင်သေးဘူးဆိုလျှင် ရှိစေဦးတော့ ယခုဘဝ ပြုလုပ်နေကြသည့် ပစ္စုပ္ပန် ကုသိုလ်တို့တွင် ချိန်ဆ၍ သိသာ ထင်မြင်နိုင်သော ကုသိုလ်ကံ ဆိုရသည်ကား။ ထိုထို အကြောင်းအကျိုး အကောင်းအဆိုးတို့ကို သိမှတ်ကြသော ဉာဏ်နှင့်တွဲ၍ ကိုယ်ဖြင့် အကြောင်းညီညွတ်အောင် ပြုပြုသမျှသော ကိုယ်အမှု (ဝါ) ယခုပြုသည့် ကုသိုလ်ကံ နှုတ်ဖြင့် အကြောင်းညီညွတ်အောင် ပြောဆို သမျှသော နှုတ်အမှု (ဝါ) ယခုပြောဆိုသည့် ကုသိုလ်ကံ စိတ်ဖြင့် အကြောင်း ညီညွတ်အောင် ကြံစည် တွေးတောသမျှသော စိတ်အမှု (ဝါ) ယခုကြံစည်သည့် ကုသိုလ်ကံတို့ကြောင့် (ဝါ) ကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်း တရားကြီးတို့ကြောင့်သာ ပစ္စည်းဥစ္စာတို့ တစ်နေ့တခြား ကြီးပွားလာသည် ဟူ၍လည်းကောင်း၊ (တစ်နည်း) မဆုတ်ယုတ် မပျက်ပြားဘဲ တည်တံ့နေနိုင်သည် ဟူ၍လည်းကောင်း၊ သိထိုက် ကြသည် မဟုတ်ပါလော။

အတိတ်ဘဝက ကုသိုလ်ကံ အကျိုးကို သိရဖို့ကား။ ထိုချမ်းသာသူ၏ လုံ့လ ဗျာပါရမရှိဘဲ မိဘ စသည်တို့ အမွေသက်သက်နှင့် ရရှိ ဌေးကြွယ်လာခြင်း၊ မိမိတို့က အကြောင်းညီညွတ်အောင် မပြုလုပ်ကြသော်လည်း အလိုလို အကြောင်း ညီညွတ်၍ ရရှိ ဌေးကြွယ်လာခြင်းတို့သည်ကား ရှေးအဖို့ကာလတို့က ပြုခဲ့ကြသော ကုသိုလ်ကံတို့ကြောင့် ဖြစ်ပေါ်လာသည်ဟု ဗုဒ္ဓဘာသာ ဟူသမျှတို့ သိရှိနားလည်ရုံမက နှုတ်ကလည်း ကုသိုလ်ကံ ကောင်းလို့ ချမ်းသာကြသည်ဟု ပြောဆိုကြသည့်အတိုင်း ချမ်းသာဌေးကြွယ်၍ နေရခြင်းသည် ဖန်ဆင်းပေးတတ် သူတို့ ဖန်ဆင်းပေးလို့လည်း မဟုတ် အပေါ်ယံကြောတွင် ထင်မြင်နေကြရသော

WWW.DHAMMARANSI.COM



အထည်ဒြပ် ပညတ်ကောင်ကြီး၏ စွမ်းရည်သတ္တိ မဟုတ်ဟု သင်တို့မျက်မြင်ဒိဋ္ဌ သိရှိနားလည်ထိုက်ကြသည် မဟုတ်ပါလော။

အတွင်းသား ဓာတ်အများတို့တွင် စေတနာဟူသော ဓာတ်စွမ်းကောင်းကြီး ကြောင့်သာဖြစ်၏ (ဝါ) ကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြီးကြောင့်သာဖြစ်၏ဟု သိရှိ ပြောဆိုနေကြရသည်ကို စဉ်းစားဉာဏ်ရှိသူ သင်ပညာရှိ သဘောဖြူတိုင်းတို့ သည်ကား ထိုရှေ့က ပစ္စုပ္ပန်ကံ အတိတ်ကံတို့နှင့် ပြခဲ့သည့်အတိုင်း မဟုတ်ဘူး မမှန်ဘူး ချမ်းသာအောင် ဖန်ဆင်းပေးသူ ရှိလို့သာ ချမ်းသာကြသည်ဟူ၍ မငြင်းပယ်နိုင်ရာ၊ အကယ်၍ မဟုတ်ဘူးဟု ငြင်းပယ်လာသူမှာ ယုံကြည်စရာကား သင်မယုံခဲ့လျှင် ယခုမျက်မှောက်တွင် စားသောက်ခြင်း စသည်ကို ပြုပြင်ပေးနေ ကြရသော ကိုယ်အမှု နှုတ်အမှု စိတ်အမှုတို့ကို မပြုလုပ်ဘဲ ရပ်ဆဲထားလိုက်လျှင် ယနေ့ပင် ဆာလောင် မွတ်သိပ်ခြင်း စသော ဘေးဒုက္ခတို့နှင့် ဧကန်မုချ တွေ့ကြုံ ရမည် မဟုတ်ပါလောဟု ပြောပြရုံမျှနှင့်ပင် ဧကန်မုချ ဘေးတွေ့ရမည်ဟု ယုံကြည်ကြပြီးလျှင် စားသောက်ခြင်း ဟူသော ပြုပြင်ပေးရမှု ပစ္စုပ္ပန်ကံစုကြောင့် ဆာလောင်ခြင်း စသော ဘေးအမျိုးမျိုးမှ ကင်းလွတ်ကြ၍ ချမ်းသာသုခ ကောင်းကျိုးကို ရနိုင်ကြသည်ဟု သိရှိ ယုံကြည်ကြ ပေလိမ့်သတည်း။

❖

## ၄၇။ မတရားပြုလုပ်သမျှ အကုသိုလ်ကမ္မပစ္စည်း ပဋ္ဌာန်းကြောင်း တရားကြီးတို့ဖြင့် ယုံမှားခြင်း ကင်းပုံကို ပြဆိုချက်။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့၏ ဘာသာ အစားစားတို့နှင့် နှိုင်းချိန်ကြည့်ကြဖို့ အချက်တို့မှာ ယခု ဘဝတွင် ဆင်းရဲဒုက္ခ မွဲတေကြသူတို့၌ ချိန်ဆကြည့်ခဲ့သော် အတိတ် အကုသိုလ် ကံကို လှမ်း၍ မသိမမြင်နိုင်ကြဘူးဆိုလျှင် ရှိစေဦးတော့ ယခုဘဝ ပြုလုပ်နေ ကြသည့် ပစ္စုပ္ပန် အကုသိုလ်ကံတို့တွင် ချိန်ဆ၍ သိသာ ထင်မြင်နိုင်သော အကုသိုလ် ဆိုရသည်ကား ထိုထို အကြောင်းအကျိုး အကောင်းအဆိုးတို့ကို မသိမမြင်နိုင်သော မောဟနှင့်တွဲ၍ ကိုယ်ဖြင့် ထိုထိုအကြောင်းတို့

WWW.DHAMMARANSI.COM



မညီညွတ်အောင် ထော်လော်ကန့်လန့် ခွကန့်လန့် ပြုလုပ်သမျှသော ကိုယ်အမှု (ဝါ) ယခုပြုသော ကျူးလွန်မှု အကုသိုလ်ကံ နှုတ်ဖြင့် ထိုထို အကြောင်းတို့ မညီညွတ်အောင် ပြောဆိုသမျှသော နှုတ်အမှု (ဝါ) ယခု ကျူးလွန်သည့် အကုသိုလ်ကံ စိတ်ဖြင့် ထိုထိုအကြောင်းတို့မညီညွတ်အောင် ကြံစည် တွေးတော သမျှသော စိတ်အမှု (ဝါ) ယခုကျူးလွန် ကြံစည်သည့် အကုသိုလ်ကံ တို့ကြောင့် (ဝါ) အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီးတို့ကြောင့်သာ ပစ္စည်းဥစ္စာတို့ တစ်နေ့ တခြား လျော့ပါးသွားသည်ဟူ၍လည်းကောင်း (တစ်နည်း) ရှာကြံ ပြုလုပ်တိုင်း မဖြစ်ဟူ၍ လည်းကောင်း သိရှိထိုက်သည် မဟုတ်ပါလော။

အတိတ်ဘဝက အကုသိုလ်ကံ အကျိုးကို သိရဖို့ကား။ အလွန့်အလွန် ဆင်းရဲနေကြသော ဘဝမျိုးသို့ ရောက်ရှိကြ၍ ဆင်းရဲနေရခြင်း မိမိတို့က အကြောင်း ညီညွတ်အောင် ပြုလုပ်ကြသော်လည်း အလိုလို အကြောင်း မညီညွတ်အောင် ဖြစ်ပေါ်လာ၍ ကြံစည်အားထုတ်သမျှ ပျက်စီး ဖြုန်းတီး၍ ဆင်းရဲခြင်းသို့ ရောက်ရှိရခြင်းတို့သည်ကား ရှေးအတိတ်ကာလတို့က ပြုခဲ့ကြသော အကုသိုလ်ကံ တို့ကြောင့် ဖြစ်ကြရသည်ဟု ဗုဒ္ဓဘာသာ ဟူသမျှတို့ သိရှိနားလည်ကြရုံမက နှုတ်ကလည်း ကုသိုလ်ကံ မကောင်းလို့ (ဝါ) အကုသိုလ်ကံ ဆိုးလို့ ဆင်းရဲမွဲတေ နေကြရသည်ဟု ပြောဆိုကြသည့်အတိုင်း ဆင်းရဲမွဲတေ နေကြရခြင်းသည် ဖန်ဆင်းပေးတတ်သူတို့က မွဲအောင် ဖန်ဆင်းပေးကြလို့လည်း မဟုတ်၊ အပေါ်ယံကြောတွင် ထင်မြင်နေကြရသော အထည်ဒြပ် ပညတ်ကောင်ကြီး၏ စွမ်းရည်သတ္တိ မဟုတ်ဟု သင်တို့မျက်မြင်ဒိဋ္ဌ သိရှိနားလည်ထိုက်ကြသည် မဟုတ်ပါလော။

အတွင်းသားဓာတ်များတို့တွင် အကုသိုလ် စေတနာဟူသော ဓာတ်စွမ်းကောင်းကြီးကြောင့်သာဖြစ်၏ (ဝါ) အကုသိုလ် ကမ္မပစ္စည်း ပဋ္ဌာန်းကြီး ကြောင့် သာဖြစ်၏ဟု သိရှိ ပြောဆိုနေကြရသည်ကို စဉ်းစားဉာဏ်ရှိသူ သင်ပညာရှိသဘောဖြူတိုင်းတို့သည်ကား ထိုရှေးက ပစ္စုပ္ပန်ကံအတိတ်ကံတို့နှင့် ပြုခဲ့သည့်အတိုင်း မဟုတ်ဘူး မမှန်ဘူး ဖန်ဆင်းတတ်သူတို့က ချမ်းသာအောင် ဖန်ဆင်းမပေးလို့သာ ဆင်းရဲမွဲတေ နေကြသည်ဟူ၍ မငြင်းပယ်နိုင်ရာ၊

WWW.DHAMMARANSI.COM



ဤရေးကပြခဲ့သည့်အတိုင်း ပစ္စုပ္ပန်ကံ အတိတ်ကံ အရတို့နှင့် ဗုဒ္ဓဘာသာ ဟူသမျှတို့ ကံကို အရင်းထား၍ စွဲယူထင်မှတ် ပြောဆိုအပ်သော စကားကို သိရှိရသော ဘာသာတူ ဘာသာခြား ပညာရှိ အများတို့ကမူကား။ ထိုထို ကောင်းကျိုးမကောင်းကျိုးများအစားစားတို့ကိုဖြစ်ပွားစေနိုင်ခြင်း၊ ထိုထိုကောင်း သောအမှု မကောင်းသောအမှုတို့ကို ပြီးစီးအောင် ပြုလုပ်နိုင်ခြင်း တည်းဟူသော အလုပ်သည်ကြီး အမှုသည်ကြီးဖြစ်သော စေတနာဓာတ်စွမ်းကောင်းကြီး တို့လည်း (ဝါ) ကမ္မပစ္စည်းပဋ္ဌာန်းကြီးတို့လည်း ရှိထိုက်ပါတကားဟု စဉ်းစားဉာဏ် ရှိသူတိုင်းတို့ သိရှိထိုက်ကြလှပေသတည်း။

ဤသဲပုံစေတီတည်ရာ အိမ်ကျောင်းစသည် ဆောက်လုပ်ရာတို့၌ ပညတ် မျက်စိနှင့် သတ္တဝါတိုင်းတို့ ပညတ်ကောင်ကြီးတို့က ပြုလုပ်ပေးကြသည်ဟု သမုတိသစ္စာနယ်က သိကြသည်ထက် ထိုအသိဉာဏ်ကို ဖျက်၍ ပညတ် ဆိုသည်မှာ ဘာမျှ စွမ်းရည်သတ္တိမရှိ အတွင်းသားဓာတ်တရား ပရမတ်တရား ကုသိုလ် အကုသိုလ် ပဋ္ဌာန်းတရားတို့ကသာ ထိုထိုအမှု ပြီးစီးခြင်း ပြုလုပ်ခြင်း စွမ်းရည်သတ္တိတို့ ရှိသည်များကို သိရှိကြရသည့်အတိုင်း တခြားအမှုကိစ္စ ရှိရှိသမျှတို့ကို ပြုလုပ် ပြီးစီးကြသည့် နေရာတိုင်းတို့မှာလည်း ထိုထိုပညတ် နှင့်တကွ ဖန်ဆင်းပေးတတ်သူတို့ ဖန်ဆင်းပေးသောကြောင့် ပြီးသည်မဟုတ် အတွင်းသား ဓာတ်တရား ပရမတ်တရား ကုသိုလ် အကုသိုလ်ဘရား တို့ကြောင့်သာ ပြီးစီးအောင်မြင်လာပါတကားဟု အကုန်လုံးနှံ့အောင် ကြည့်ကြ သိကြ အချင်းချင်းလည်း ပြောဟောကြပါလေ ဓာတ်ပညာရှိ ပဋ္ဌာန်းပညာရှိ တွေတို့။

ဤရေးကပြခဲ့သည့်အတိုင်း ပြုပြုသမျှ ဖြစ်ဖြစ်သမျှတို့ ပဋ္ဌာန်းအကြောင်း အကျိုးတို့သာ ဖြစ်ပျက်နေကြသည့်အတိုင်း ကာယကံမှု ဝစီကံမှု မနောကံမှု ပဋ္ဌာန်းစုတို့သာ ရှိ၍ ထိုကံကို ပြုလုပ်တတ်သောသူ မရှိဟူ၍လည်းကောင်း၊ အဘိဓမ္မာဓာတ်ပရမတ် တရားသက်သက် ပဋ္ဌာန်းတရားသက်သက်တို့သာ ဖြစ်ပျက်နေပါသည်ဟု သင်တို့ငါတို့အလွယ်တကူနှင့် မှတ်ယူ သိမြင်ရခြင်းသည် ကောင်းသောမြင်ခြင်းဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ သေချာစွာ ပြဆိုတော်မူအပ် သည်ကား။

WWW.DHAMMARANSI.COM



**ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။**

**သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။**

**ကမ္မဿ၊** အကြောင်းကံကို။ **ကာရကော၊** ပြုတတ်သော ပုဂ္ဂိုလ်. သတ္တဝါ. ငါ. သူတစ်ပါး. ယောက်ျား. မိန်းမ စသော သူသည်။ **နတ္ထိ၊** ပရမတ္ထသစ္စာနယ်ထဲမှာ နည်းနည်းမျှ မရှိ။ **ဝိပါကဿ၊** အကျိုးဝိပါက်ကို။ **ဝေဒကော၊** ခံစားတတ်သော ပုဂ္ဂိုလ်. သတ္တဝါ. ငါ. သူတစ်ပါး. ယောက်ျား. မိန်းမ စသော သူသည်။ **နတ္ထိ၊** ပရမတ္ထသစ္စာ နယ်ထဲမှာ နည်းနည်းမျှ မရှိ။ **သုဒ္ဓဓမ္မာ ဧဝ၊** ပုဂ္ဂိုလ်. သတ္တဝါ. ငါ. သူတစ်ပါး. ယောက်ျား. မိန်းမ စသည် အရပ်ရပ် ပညတ် ဟူသမျှတို့နှင့် မရောသက်သက်သော ရုပ်နာမ် အရပ်ရပ် ပရမတ်တရား ပဋ္ဌာန်းတရားတို့သည် သာလျှင်။ **ပဝတ္တန္တိ၊** အကြောင်းအကျိုး အားလျော်စွာ လောကအားလုံးကြီးတို့မှာ ထင်ရှားစွာဖြစ်ပေါ်နေကြကုန်၏။ **ဧတံ ဒဿနံ၊** ဤသို့မြင်ခြင်းသည်။ **သမ္မဒဿနံ၊** မဖောက်မပြန်သော မြင်ခြင်းမည်၏ဟု လာရှိတိုင်း တစ်ဝိတရဏဝိသုဒ္ဓိအရကို သိရှိကြပါလေ။

ဤရှေးကပြခဲ့သည့်အတိုင်း ကံကို ပြုလုပ်သူ ကံ၏အကျိုးကို ခံစားခဲ့သူ မရှိခဲ့သော် သတ္တဝါများ အစားစားတို့.အဘယ်ကဲ့သို့.အကြောင်းအကျိုးဆက်၍ ဖြစ်ပျက် နေကြပါသနည်းဟု မေးမူ။ မျိုးစေ့ကြောင့် သစ်ပင်ဖြစ် သစ်ပင်ကြောင့်လည်း မျိုးစေ့တို့.အစဉ်အဆက် ဖြစ်ပျက်၍ ကမ္ဘာမဆုံးမချင်း တည်ရှိဖြစ်ပေါ်နေကြသည့်အတူ ကံအကြောင်း သက်သက်ကြောင့် ခြောက်ဒွါရနှင့်တကွ အကျိုးဝိပါက် ရုပ်နာမ်တို့ဖြစ်၊ တစ်ဖန် အကျိုးဝိပါက် ရုပ်နာမ်ခြောက်ဒွါရတို့ကြောင့်လည်း ကုသိုလ် အကုသိုလ် စေတနာကံတွေ ဖြစ်ကြရခြင်း စသည်ဖြင့် ပြုလုပ်ခံစားသူ မဆက်ဘဲ အကြောင်းအကျိုး သက်သက်တို့. ဆက်လက်၍ သွားနေကြသည်ကို သဘောကျကျ သိရှိနားလည်ကြပါမူ ပါဠိလို ပဋိစ္စသမုပ္ပာဒ်၊ မြန်မာလို အကြောင်းကြောင့်ဖြစ်သည့် အကျိုးတရား။ ဤစကား နှစ်ရပ်တို့အရ ပဋိစ္စသမုပ္ပာဒ်တရားကို အကျဉ်းချုပ်အားဖြင့် သိရှိပြီးသား ဖြစ်ကြရ၏ဟု သိကြပါလေ ပညာရှိသဘောဖြူတွေတို့။

WWW.DHAMMARANSI.COM



ဤကား ဘာသာတူ ဘာသာခြား ပညာရှိအများတို့၊ ပရမတ် ပညတ် ခြားနား၍ အမှားစင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်ကြီး ပြီးစီးရာမှ ၎င်းအတွင်းသား ရုပ်နာမ်တို့ကား ပညတ်အစားစားတို့၏စွမ်းရည်သတ္တိတို့နှင့် ဖန်ဆင်းပေးတတ်သူ တို့၏ စွမ်းရည်သတ္တိကြောင့်လေလော ဘာ့ကြောင့်လေလော ညာ့ကြောင့် လေလော စသည်ဖြင့် အကြောင်းကို မသိရှိဘဲ သို့လော သို့လော တွေးတောခြင်း ဝိစိကိစ္ဆာတည်းဟူသော ဒုတိယ ရန်သူကြီးကို အောင်မြင်နိုင်သော ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်ဖြင့် (ဝါ) သို့လော သို့လော တွေးတောယုံမှားခြင်းမှ လွန်မြောက် စင်ကြယ်ခြင်း တည်းဟူသော လက်နက် ကြီးတို့ဖြင့် အောင်မြင်ပုံကို အကျဉ်းမျှ ပြချက်ပါတည်း။

ဩော်… ဘာသာတူ ဘာသာခြား ပညာရှိအများတို့လည်း ဤလောကကြီး အတွင်း ရှိရှိသမျှသော အဝိညာဏက သဝိညာဏကများ အစားစားတို့ ဖြစ်ပွား တည်ရှိနေကြသမျှတို့သည် ပဋ္ဌာန်းစသည် အကြောင်းအကျိုးတို့ကြောင့်သာ ဖြစ်ပေါ်တည်ရှိနေကြသည်ဟု စာမတတ်သော သူတို့ကပင် ပဋ္ဌာန်းတရားကြီးများ ဘွားဘွားကြီး ထင်မြင်သိရှိနိုင်လောက်အောင် အနည်းနည်းအဖုံဖုံ အမျိုးစုံအောင် ရေးပြထားသည်များကို သိကြားနားလည်အောင် ထပ်ခါထပ်ခါ ကြည့်ရှုလိုခဲ့စွ၊ ကြည့်ရှုချင်ခဲ့စွ၊ ကြည့်ရှု နေခဲ့စွ ထိုအကြောင်းတရားများကို မသိရှိက ဝိစိကိစ္ဆာ နယ်ထဲမှာ မြုပ်နစ်ကြ၍ မိစ္ဆာ အယူဝါဒ အစားစားနှင့် လမ်းမှားကို လျှောက်သွား ကြ၍ အမျိုးမျိုးသောဒုက္ခ တွေ့ကြုံ ကြရမည့် ဒုက္ခ - ဒုက္ခ - ဒုက္ခ - ဒုက္ခ ဟူ၍သာ ကရုဏာရှေ့ထား၍ ညည်းတွားလိုက်ရပါတော့သတည်း။

❖

## ၄၈။ ဝိပဿနာအလုပ် အားထုတ်ကြရန် သဲချောင်း၌ ဉာဏ်စစ်ရေးပြပုံ။

အို… တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ရှေ့အဖို့က ကိလေသာရန်သူများကို တိုက်ခိုက်ကြရန် အချက်ကြီးလေးချက် ထားရှိခဲ့ရာတွင် ဒုတိယအချက်အရ ကိလေသာတွေ ပုန်းအောင်းနေကြသော

WWW.DHAMMARANSI.COM



ထိုထို အကောင်အထည်၊ ဒြပ်၊ ပညတ်၊ မြေကတုတ်တို့ကို အာကာသ လက်နက်ကောင်းကြီးတို့ဖြင့် ချေမှုန်း ဖျက်ဆီးလိုက်က ပုန်းအောင်းနေကြသော ရုပ်သဘော နာမ်သဘောမျှ ကလေးတွေသာ စပ်ဟပ် ပေါင်းစုနေကြတာတို့ကို သင်တို့ သိရှိပြီးသား ဖြစ်သဖြင့် ထိုထို ရုပ်ဓာတ်ကလာပ်တို့သည်ပင်လျှင် ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ တို့ပင်တည်း။ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ တို့သည် ပင်လျှင် အတွင်းသားတစ်ကိုယ်လုံးရှိ ရုပ်ဓာတ်ကလာပ်တို့တည်းဟု မြဲမြဲကြီး စွဲလမ်းယူဆနေကြသော သက္ကာယဒိဋ္ဌိ (ဝါ) ပရမတ်မှားရန်သူကြီးများကို အလွယ်တကူနှင့် သင်တို့အောင်မြင်ကြပြီးသား မဟုတ်ပါလော (ဝါ) ပါဠိလို ဒိဋ္ဌိဝိသုဒ္ဓိအလုပ် မြန်မာလို ပရမတ်မှားမှ စင်ကြယ်သော အလုပ်ကို အားထုတ် အောင်မြင်ပြီး ဖြစ်ကြသည် မဟုတ်ကြပါလော။

ထိုသို့ ဖြစ်ကြပြီးနောက် ထိုထိုရုပ်ကလာပ်နှင့် နာမ်ပရမတ်တို့၏ ဖြစ်ပေါ် ကြခြင်း အကြောင်းကို တပ်တပ်ထင်ထင် မသိမြင်ကြဘဲ ချွတ်လွဲသောအားဖြင့် ဘာ့ကြောင့်ဖြစ်သလော ညာ့ကြောင့်ဖြစ်လေသလော ဟု စသည်တို့ဖြင့် တွေးတော ယုံမှားခြင်း ဝိစိကိစ္ဆာ ရန်သူကြီးကိုလည်း အောင်မြင်ကြရန် အဝိဇ္ဇာဇနက သဝိဇ္ဇာဇနက မှန်သမျှတို့မှာ တေဇောတည်းဟူသော ဓာတ်စွမ်း ကောင်းကြီးကိုဦးစီးနာယကထား၍မြေဥတု ရေဥတုစသောအခြံအရံအကြောင်း အမျိုးမျိုးတို့ကြောင့် ဖြစ်ကုန်၏ ဟူ၍လည်းကောင်း၊ သဝိဇ္ဇာဇနကတို့၏ ရုပ်ဟူသမျှတို့မှာ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါးကို အရင်းထား၍ အခြံအရံအကြောင်းများ အစားစားတို့ကြောင့် ဖြစ်ပေါ်နေကြသည် ဟူ၍ လည်းကောင်း၊ နာမ်အကြာင်းတို့မှာကား မီရာဝတ္ထုနှင့် ထိုထို အာရုံစသည်များ ပဋ္ဌာန်းတရားတို့ကြောင့် ဖြစ်ပေါ်နေကြသည် ဟူ၍လည်းကောင်း၊ ရှေးက ခ်ါဝိတရဏ ဝိသုဒ္ဓိစခန်းက ရေးပြအပ်သဖြင့် ထိုရုပ်နာမ်တို့ အကြောင်းကို ကောင်းကောင်းကြီး သင်တို့သိရှိအောင် မြင်ပြီးသား မဟုတ်ကြပါလော။

ဤရန်သူနှစ်စား အောင်မြင်ငြားသော်လည်း ထိုရန်သူကြီးတွေ ဖြစ်နေ ကြသောရုပ်ဓာတ်ကလာပ်တို့အဆက်မပြတ်ဖြစ်ပေါ်တည်ရှိနေကြသောကြောင့် ထိုထိုသတ္တဝါတွေရဲ့ အတွင်းသား ရုပ်တွေ နာမ်တွေဟာ တည်မြဲနေတာပဲ

WWW.DHAMMARANSI.COM



စသည်ဖြင့် နိစ္စ, သုခ, သုဘ, အတ္တ စသည်တို့ဖြင့် မှတ်မှား သိမှား အယူမှား တည်းဟူသော ဝိပ္ပလ္လာသ တရားသုံးပါး တို့ကို အမှီရ၍ တစ်ထောင့်ငါးရာ ကိလေသာတို့များစွာ သောင်းကျန်းနေကြသည် များကို တိုက်ခိုက်အောင်မြင်ရန် ထိုထိုရုပ်နာမ် ပရမတ်တို့ အဆက်မပြတ် အထပ်ထပ် ဝင်ရောက်ကြသည်များကို ဖြတ်တောက်ကြပြီးလျှင် တစ်ကိုယ်လုံးရှိ ထိုထိုရုပ်နာမ် ပရမတ်ကလေးတို့သည် မချိမဆံ့ တဆန့်ဆန့် အမြဲထာဝရ သေသေလိုက်နေကြသည့် အနိစ္စ တစ်ကောင်လုံးကြီးတွေပါတကား။ ဘေးသင့်လိုက်နေကြသည့် ဒုက္ခ တစ်ကောင်လုံးကြီးတွေပါတကား။ ထို အနိစ္စ, ဒုက္ခ အစစ် ကိလေသာ အညစ်တွေ ဖြစ်၍ မတင့်မတယ် မတွယ်မရာသော အသုဘ တစ်ကောင်လုံးကြီးတွေပါတကား။ ဘာတစ်ခုမျှ အနှစ်မရှိကြသည့် အနတ္တ တစ်ကောင်လုံးကြီးတွေပါတကား။ ဟု အတွင်းသား ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တို့၏ အနေအစား သဘောသွားတို့ကို တတ်တတ် ထင်ထင် သိမြင်အောင် ရှုကြည့်နိုင်သူတို့မှသာ တစ်ထောင့်ငါးရာ ကိလေသာနှင့် တကွ အဝိဇ္ဇာနှင့် တဏှာတည်းဟူသော မင်းကြီးနှင့် မိဖုရားတို့ကို သတ်ဖြတ် အောင်မြင်ကြပြီးလျှင် အအေးအငြိမ်းဆုံးကြီး အစစ် ကေန်ဖြစ်သည့် အသခ်တဓာတ် နိဗ္ဗာန်ချမ်းသာမြတ်ကို ရအပ်ကြကုန်ရာသတည်း (ဝါ) ရအောင် အားထုတ်ကြကုန်ရာသတည်း။

အားထုတ်ကြရန်တို့ကား အခြားမဟုတ် ရေးကပြခဲ့ပြီးသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တို့၏ အကြောင်းအမျိုးမျိုးတို့ဆက်စပ်၍ ဖြစ်ပေါ်တည်ရှိနေကြ သည်တို့ကို ဖြတ်တောက်၍ အနိစ္စ စသော ဝိပဿနာအလုပ်ကို အားထုတ်ကြရန် အလုပ်ထဲမှာ ပါဝင်နေကြသော ဘေးရန်ကြီးတို့ကား သဏ္ဍာနပညတ်နှင့် သန္တတိ ပညတ် ရန်သူကြီးတို့ပေတည်း။

ထိုရန်သူကြီးတို့တွင် သဏ္ဍာနပညတ်ကြီးများကို ဖျက်ဆီးရန် သဲပုံစေတီက စစ်ရေးပြပြီးမှ ရုပ်ဓာတ်ကလာပ်တို့ကို ဝင်ရောက် တိုက်ခိုက်ကြရသလို ဤဝိပဿနာ ဘာဝနာအလုပ်ကြီးမှာလည်း သဲမှုန့်ပေါက်က သဲချောင်းကြသည်၌ မျက်မြင်ဉာဏ်မြင် သန့်ရှင်းစင်အောင် အကြိမ်ကြိမ်အထပ်ထပ် အဟုတ် သဲချောင်းချ၍ ရှုကြည့်စဉ်းစား ကြပြီး ဝိပဿနာ စစ်ရေးပြရမည်။ စစ်ရေးပြရ ပုံကား။

❖

WWW.DHAMMARANSI.COM






သဲခွက်ကြီးမှ သဲများကျသောအခါ သဲချောင်းကြီး ဖြစ်နေပုံ။

WWW.DHAMMARANSI.COM



အထက်က ပုံစံပြထားသော သဲမှုန့်ပေါ်က သဲချောင်းတန်းတန်းကြီး ကျလျှက် ရှိနေသည်ကို ပညတ်နယ်သိနှင့် ရှုကြည့်သောအခါ လက်ညှိုးလက်သန်းလောက် သဲအချောင်းကြီးဟု သိရှိကြ၏။ ဤအသိကား သဏ္ဍာနပညတ် သိတည်း။

ထိုမှတစ်ဖန် ဤသဲချောင်းကြီး မပျက်စီးဘဲ အရှေ့နှင့်အနောက် တောင်နှင့် မြောက်အရပ်သို့ တစ်နေ့ တစ်လ တစ်ခဏ စသည် ကာလပတ်လုံး လှုပ်ရှားသွားလာ နေနိုင်၏။ ထိုသဲချောင်းကြီး မပျက်စီးဘဲ ကာလကြာမြင့်အောင် ရပ်တန့်၍လည်း နေနိုင်၏ ဟူ၍လည်း သိကြ၏။ ဤအသိကား အဆက်မပြတ် ကျနေကြသော သန္တတိ ပညတ်သိတည်း။ ဤပညတ်သိ နှစ်ပါးအတိုင်း သဲချောင်းကြီး မပျက်စီးဘဲ သွားနေ နိုင်သည် ရပ်နေနိုင်သည် ဟု ထင်မြင် ပြောဆိုနေကြ၏။ ပြောဆိုကြသည့်အတိုင်းလည်း သမ္မုတိသစ္စာ ပညတ်နယ်မှာ မည်သူကိုမျှ မလိမ်မကောက် မမှောက်မမှားဘဲ အမှန် စကားကိုသာ ပြောဆိုနေသည်ဟု ပြောဆိုရ၏။

အတွင်းသား သဲမှုန့်ကို ကြည့်၍ ပညတ်မျက်စိ ပကတိမျက်စိမျိုးနှင့် သိရှိပြောဆိုရမူ အတွင်းသား သဲမှုန့်တို့အထဲမှာ လက်ညှိုးလက်သန်းလောက် အချောင်းကြီး ကောန် မရှိ၊ သဲမှုန့်တွေသာ ကောန်ရှိ၏ ဟူ၍လည်းကောင်း၊ သွားလာလှုပ်ရှားနေသော သဲချောင်းကြီးထဲမှာလည်း မှတ်ပေါ်က ထွက်ကြပြီးသော သဲမှုန့်ကလေးတို့သည် ကျသောနေရာမှ အနည်းငယ်မျှ ရှေ့နောက် စသည်သို့လည်း ရွေ့ရှား၍ မသွားနိုင်ကြကုန်။ ထွက်သည့်နေရာက အောက်သို့ မကျဘဲ ရပ်တန့်၍လည်း မနေနိုင်ကြကုန်ဟု မျက်စိနှင့်လည်းမြင်နိုင် ဉာဏ်နှင့် ကြည့်လို့လည်း ကြောင်ကြောင်ကြီး မြင်နိုင်၏။ ဤသို့ မျက်မြင် ဉာဏ်မြင် အထင်အရှား သိရှိထားပြီးနောက် သဲမှုန့်ပေါ်က သဲချောင်းချ၍ မကြာမကြာ အခါခါ အထပ်ထပ် ကြပ်ကြပ်ကြီး ရှင်းလင်းအောင် ကြည့်ကာ ကြည့်ကာ ရှင်းလင်းကြစရာကား။

ဩော် ဤသဲချောင်းကြီး ရွေ့ရွေ့သွားနေနိုင်သည်ကား နောက်ထပ်ကျသည့် သဲမှုန့်အသစ်ကလေးတွေနှင့်သာ ရှေ့သို့တက်တက်သွားသမျှကျပြီးသားနောက် သဲမှုန့်ဟောင်း ကလေးတွေကလည်း အောက်သို့ရောက်ရောက် ပျောက်ပျောက် ပျက်ပျက် လိုက်နေပါတကားဟု အသစ်ပြောင်းသမျှ အဟောင်းပျက်ချက်ကို

WWW.DHAMMARANSI.COM



မျက်စိနှင့် မြင်ရသလို မနောသက်သက်နှင့်လည်း ဉာဏ်မှာ ထိုသဲ၌ ကြောင်ကြောင်ကြီး မြင်နေအောင် ရှုကြည့်ကြပါလေ။

အတိုချုပ်စကားနှင့် ပြောကြားရမူ ထိုသဲချောင်းကြီးအတွင်းမှာ သဲမှုန့်တစ်ခုတည်းက ရပ်တည်ရွေ့ရှား သွားလာနေနိုင်သော သဲမှုန့်တစ်ခုမျှမရှိ အသစ်အသစ်ပြောင်းသွားသမျှ အဟောင်းအဟောင်းတွေကလည်း ပျောက်ပျက်လိုက်ကြတာချည်း ပဲဟု စွဲစွဲမြဲမြဲ ခဲခဲမဲမဲ ဉာဏ်မှာလင်းအောင် သဲချောင်းကြီးအတွင်းမှာ ဝိပဿနာ စစ်ရေး ပြုကြပါလေ။

ဤနေရာက ဉာဏ်မှာမရှင်းကြပါမူ ဝိပဿနာရှုရာမှာယောင်ဝါးဝါးရှိနေကြမှာကြောင့် အခါခါ အထပ်ထပ် သတိပေးအပ်ပါသတည်း။

ဤသတိပေးသည့်အတိုင်း လေ့လာအားထုတ်၍ လိမ္မာနပ်နောကြပြီးသောသူတို့သည် ရှေ့ဒိဋ္ဌိဝိသုဒ္ဓိက ပြခဲ့သော ထိုထို အကောင်. အထည်. ဒြပ်. ပညတ်တို့အတွင်းက တင်းကြမ်းပြည့် ရှိနေကြသော ရုပ်ကလာပ်တိုင်းတို့၏ အထည်. ဒြပ်မထင်မြင်နိုင်အောင် သေးငယ်လှသည်ကို ဉာဏ်မှာ ရှင်းလင်းစွာ ထင်မြင်လာအောင် ယခုတစ်ဖန် ထပ်မံ၍ အကြိမ်ကြိမ် အထပ်ထပ် ရှုကြည့်အပ်၏။

ရှုကြည့်ကြပုံကား။ ထိုထို အကောင်. အထည်. ဒြပ်. ပညတ် တို့နယ်မှာသာ တစ်ခုနှင့်တစ်ခု အကြီးအငယ် အရွယ်အလတ် အစားစား ရှိနေကြငြားသော်လည်း အတွင်းသား ပရမတ်နယ် ရုပ်ကလာပ်နယ်ကလေးတိုင်း တို့မှာကား ပရမာဏုမြူ ပမာဏ အထည်. ဒြပ် မရှိကြဘဲ အလွန့်အလွန်ကြီး သေးငယ်လှသော သဘောမျှကလေးတွေသာ ဖြစ်ပေါ်တည်ရှိနေကြပါတကားဟု ထိုထို မှောင်ကလာပ်ထု၊ အသံ ကလာပ်ထု၊ အနံ့ကလာပ်ထုတို့ အထဲမှာ အထည်ဒြပ်တို့ ဘာတစ်ခုမျှ မရှိကြသည့်အတူ ထိုထို အကောင်ဒြပ်တို့အတွင်းက တင်းကြမ်းပြည့် တည်ရှိနေကြသော ပထဝီကလာပ် သက်သက်၊ အာပေါကလာပ် သက်သက် တစ်ခုစီတို့မှာလည်း အကောင်. အထည်. ဒြပ်. ပညတ် ဟူ၍ ဘာတစ်ခုမျှမရှိကြဘဲ သဘောမျှသက်သက် ကလေးတို့ချည်းပါတကား။ သဘောမျှသက်သက် ကလေးတို့ချည်းပါတကား ဟု ထိုထို အကောင်. အထည်. ဒြပ်. ပညတ် တို့၏ အတွင်းသို့ ဉာဏ်သွင်း၍ သွင်း၍ ရှုကြည့်ကြပါလေ။

ဉာဏ်မလင်းသေးပါမူ ရှေ့ကပြခဲ့သည့် မှောင်ကလာပ် အရောင်ကလာပ် အတွင်းသို့ ဉာဏ်သွင်း၍ သွင်း၍ အထည်ဒြပ် မတွေ့သည်ကို တစ်လှည့်တစ်လှည့်

WWW.DHAMMARANSI.COM



ရှုကြည့်ပြီးမှ ပထဝီကလာပ်ထု အာပေါကလာပ်ထုတို့အတွင်းသို့ ဉာဏ်သွင်း၍ သွင်း၍ ရှုကြည့်လိုက်ပါမူ ထိုထိုအပေါ်ယံ ပညတ်ကြီးငယ်တို့တခြား အတွင်းသား ပထဝီ ကလာပ် အာပေါကလာပ်ကလေးတွေက တခြားစီ ဟု ဉာဏ်မှာလင်း၍ ရှင်းရှင်းကြီး ပေါက်ရောက်ကြကုန်ရာသတည်း (ဝါ) ထင်မြင်ပေါက်ရောက်အောင် ရှုကြည့်ကြ ပါလေ ပညာရှိ သဘောဖြူတွေတို့။

❖

## ၄၉။ ရုပ်ကလာပ်တိုင်းတို့မှာပါသော ၂၈မျိုးအရနှင့် ဝိပဿနာရှုပုံကို ပြချက်။

အို… တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ရှေ့အဖို့ကပြခဲ့သော ရုပ်ကလာပ် အစားစားတို့တွင် မည်သည့်ကလာပ်မဆို ဝိသုဒ္ဓိမဂ် မဟာဋီကာလာတိုင်း အထည်ဒြပ်ဟူ၍ ဘာတစ်ခုမျှ မရှိကြသည့် ပရမာဏုမြူ ပမာဏ သဘောမျှကလေးတွေသာ ရှိကြသည်ကို ဉာဏ်မှာ ရှင်းလင်းစွာ အထည်ဝတ္ထုတိုင်း တို့၏ အတွင်းသို့ ဉာဏ်သွင်း၍ သွင်း၍ ရှုကြည့် သိရှိကြပြီးနောက် ဝိပဿနာ ပေါက်အောင် ရှုကြည့်ရပုံကား။

ဤသဘောမျှကလေးတွေသာ ဖြစ်နေကြပါသော ကလာပ်တိုင်းတို့မှာ အနည်းဆုံး ရုပ်ရှစ်ခုတို့သာ ပေါင်းစည်းဖြစ်ပေါ်နေရာတွင် ဘေးကြီးတွေ ထက်ကြပ် ပါရှိနေကြသည်ကား အခြားမဟုတ် ထိုရုပ်ရှစ်ခုတို့ စဦး ဖြစ်ပေါ်သည်နှင့်တကွ ဇာတိမီး တစ်ခုစီ လောင်လျက် ခဏငယ်တစ်ချက် ကာလတွင် ဥပါဒ်ရုပ် ရှစ်ခုလုံး ပျောက်ပျက်ကုန်ရာ၏။

ထို့နောက် တစ်စပ်တည်း ခဏငယ် လေးဆယ့်ကိုးချက်ခန့် ဌီကာလ ဖြစ်ပေါ်လာ ကြရာတို့၌လည်း ဇရာမီးတစ်ခုစီ ထိုကာလအတွင်း ကုန်ဆုံးအောင် ဇရာမီးရှစ်ခုတို့က လောင်မြိုက်၏။

ထို့နောက် တစ်စပ်တည်း ဘင်ခဏငယ်တစ်ချက်စီသာ ဖြစ်ရာ၌လည်း မရဏမီး ရှစ်မီးတို့က လောင်မြိုက်ကြ၍ ထိုခဏငယ်အတွင်း ဘင်ရုပ် ရှစ်ခုလုံး သေဆုံး ချုပ်ပျောက်ရလေကုန်၏။

ဤသို့ မည်သည့်ကလာပ်မဆို အသက်ကာလအားဖြင့် ခဏငယ်ဖြင့် ရေတွက်မူ ငါးဆယ့်တစ်ချက်၊ စိတ်သက်ဖြင့် ရေတွက်မူ စိတ္တက္ခဏ

WWW.DHAMMARANSI.COM



တစ်ဆယ့်ခုနစ်ချက်စီ အသက်ရှည်ကြရာတွင် စစဦး ခဏငယ်တစ်ချက်ကို ဖြစ်ပေါ်မှု ဥပါဒ် ဟု ဆို၏။ အဆုံးခဏငယ်တစ်ချက်ကို ပျက်ဆုံးမှု ဘင် ဟု ဆို၏။ အလယ်ခဏငယ် ၄၉ ချက်ကို တည်တံ့မှု ဌီ ဟုဆို၏။

ထိုထို ရုပ်ရှစ်မျိုးတို့ ဖြစ်ပေါ်ဆဲ ပစ္စုပ္ပန်ကာလထဲမှာ ချမ်းအေးစွာ မဖြစ်ကြရဘဲ ဥပါဒ်ဖြစ်ဆဲအခါ၌ ဇာတိမီး ရှစ်ခုက လောင်မြိုက် ကုန်ဆုံးကြရ၏။ ဌီ တည်ဆဲအခါ၌ ဇရာမီး ရှစ်ခုက လောင်မြိုက် ကုန်ဆုံးကြရ၏။ ဘင် ပျက်ဆဲအခါ၌ မရဏမီးရှစ်ခုက လောင်မြိုက် ကုန်ဆုံးကြရ၏။

ဤရေးကပြခဲ့သည့်အတိုင်း အထည့် ဒြပ် မပါ သဘောမျှကလေးတွေသာ ဖြစ်ပေါ်ရရှာသော ကလာပ်တိုင်းတို့မှာပင် အနည်းဆုံး ဇာတိမီး ရှစ်ခု၊ ဇရာမီး ရှစ်ခု၊ မရဏမီး ရှစ်ခု ပေါင်း ၂၄ခုသော မီးတို့က လောင်မြိုက်ရုံမက ကလာပ်တိုင်းတို့မှာ ပါသည့် တေဇောမီး ကလည်း မိမိတို့ကိစ္စကို ဆောင်၍တကွဖြစ်သော ရုပ်တို့ကို လောင်မြိုက် ကုန်ဆုံးစေသဖြင့် အလျင်အမြန် သေဆုံးလို့ချည်း လိုက်ကြရသည့် အတွက် တစ်နေရာမှ တစ်နေရာသို့ ရွေ့လို့လည်း မလိုက်နိုင် ထားရာ၌လည်း မပျက်စီးဘဲ တည်မနေနိုင်ကြသည်များကို တတ်တတ်ထင်ထင် ဉာဏ်နှင့် မြင်အောင် ရှုကြည့်ကြဖို့ အရေးကြီးလှ သည့်အတွက် ရုပ်သက် နာမ်သက်တို့၏ ကာလအကြာကို နှိုင်းရှုကြစရာကား။

လက်ဖျစ်တစ်တွက် လျှပ်စစ်တစ်ပြက်တို့ ကာလအတွင်းမှာ နာမ်တရား ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်ကြ၏ဟု ကျမ်းဂန်ကြီးများမှာ လာသည့် အတိုင်းနှင့် ထောက်စာမှု ထိုလက်ဖျစ်တစ်တွက် လျှပ်စစ်တစ်ပြက်တို့ ကာလ အတွင်းမှာ ခဏငယ် ၅၁ချက်စီ အသက်ရှည်ကြသော ရုပ်ကလာပ်တို့ အဆက်ဆက် ကုဋေပေါင်းငါးထောင် ကျော်တို့ ဖြစ်ပျက် သေဆုံးလိုက်သည်ဟု သိရှိအပ်၏။

ဤသို့ သိရှိရသဖြင့် အပျက်မြန်လှသော ရုပ်ကလာပ်တို့ တစ်နေရာမှ တစ်နေရာသို့ လူတို့သိမြင် ထင်ရှားလောက်အောင် ရွေ့ရှားပြောင်းရွှေ့ ၍ မလိုက်နိုင်ကြကုန်၊ ရွေ့ရှား သွားသည်ဟု သိရမှု အသစ်ပြောင်းပြီဟု သိအပ်၏။

အကြောင်းမူကား ကလာပ်တစ်စည်းထဲမှာ ထောက်ကန်ဝါယောနှင့် လှုပ်ရှား ဝါယောတို့ နှစ်ခုပြိုင်၍ မဖြစ်နိုင်။ ဝါယောတစ်ခုစီသာ ဖြစ်ကြရ သောကြောင့် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့မလိုက်နိုင်၊ ရုပ်ကလာပ်တို့

WWW.DHAMMARANSI.COM



အဆက်ဆက် အသစ်အသစ် ပေါက်ပွားလျက်သော အလွန်လျင်မြန်စွာ ရွေ့ရှားကြတည်နေကြကုန်၏။ ဤသို့လျင်မြန်စွာ အဆက်ဆက် ရွေ့ရှားလျက်ရှိနေကြသော ရုပ်သက်ကာလများကို ထောက်ဆ၍ သိကြစရာကား။

ဘီလပ်မှ မိုင်ပေါင်း (၇၀၀၀)ကျော်ကွာသော အရပ်ဌာနသို့ဝိုင်ယာလက် အသံကလာပ်၊ တယ်လီဖုန်းအသံကလာပ်တို့ အဆက်ဆက် (၃)စက္ကန့်မျှနှင့် ရောက်၏။

(တစ်နည်း) ရိုက်လိုက်သောကြေးနန်း အသံကလာပ်တို့လည်း မိုင်ပေါင်း (၇၀၀၀)ကျော် ကွာဝေးသော အရပ်တို့ကိုပင် (၃)စက္ကန့်မျှနှင့် ဘုတ်ကလာပ် အဆက်ဆက် ကူးစက်သွားရောက်နိုင်သည်ကို ဒိဋ္ဌမျက်မြင် သိရှိကြရာတို့၌လည်း သေးငယ်လှစွာသော အသံကလာပ်တွင် ပါဝင်သော ဝါယောဓာတ်က အလျင်အမြန် တွန်းကန်လိုက်၍ ဤမျှလောက် ဝေးကွာလှသော အရပ်ဒေသသို့ ရုပ်ပေါင်းမည်မျှ ဆက်လက်၍ လာရမည်များကို မမှန်းဆနိုင်လောက်အောင် များပြားကြမည် ဖြစ်သောကြောင့် ထိုထို ကျမ်းဂန်တို့မှာ မှန်းဆနိုင်ရုံသာ ရည်မှတ်၍ လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက် ကာလမှာ အကြိမ်ပေါင်း ကုဋေတစ်သိန်းဟု မဆိုဘဲ အပိုအသာနှင့်တကွ ဖြစ်နိုင်ကြသည်ကို သိစေလို၍ မက ဟူသောစကား အညွှန့်ထား၍ ကုဋေတစ်သိန်းမကဟု ရေးပြတော်မူကြပေသတည်း။

ထိုသို့ပင် ကုဋေပေါင်းများစွာ ဖြစ်ပျက်၍ နေကြသော ရုပ်ခဏ နာမ်ခဏ တို့၏ ချုပ်ပျက်ခြင်း ပစ္စုပ္ပန်ခဏ အနိစ္စကိုမူကား သာမန်လူစားတို့ ဉာဏ်မှာ အမီလိုက်၍ မရှုနိုင်ကြသော်လည်း ထိုထိုရုပ်အစဉ် နာမ်အစဉ် တစ်ခုတစ်ခုတို့၏ ပျက်ချက်ကို သန္တတိပျက် အနိစ္စဟုဆို၏။ ဤသန္တတိပျက် အနိစ္စကလည်း ဝိပဿနာရှုစ လူတို့ရုပ် အမူအရာ နာမ်အမူအရာ တစ်မျိုးတစ်မျိုးစီ ပျက်လိုက်ကြသော အမူအရာ သန္တတိပျက် အနိစ္စတို့က ထင်မြင်အောင် ရှုကြည့်ကြကုန်ရာ၏။

ဤသို့ရှုကြည့်စရာ သဲချောင်းမှာ ရှေးက စစ်ရေးပြခဲ့ပါသည့်အတိုင်း သဲမှုန့် တစ်ပေါက်က သဲချောင်းချ၍ ကြည့်ရာတွင် သဲချောင်းကြီး၌ ပညတ်နယ်က အမူအရာအဟောင်း ပျက်လိုက်သည်နှင့်တကွနက် အတွင်းသား သဲမှုန့်တို့နယ်ကလည်း အမူအရာအသစ်နှင့် သဲသစ်ပြောင်းတိုင်း အမူအရာဟောင်းတို့

WWW.DHAMMARANSI.COM



သဲဟောင်းတို့ ပျောက်ပျက်ကြသလို အဝိညာဏက သဝိညာဏက ရှိရှိသမျှသော အကောင်အထည် ဒြပ် ပညတ်နယ်က အမှုအရာ အသစ်ပြောင်းတိုင်း ရှေးရှေး အမှုအရာဟောင်းတို့ အကုန်လုံး ချုပ်ပျောက်လိုက်ကြသည်နှင့် တကွနက် အတွင်းသား ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တို့နယ်ကလည်း အမှုအရာအသစ်နှင့် ရုပ်သစ် နာမ်သစ်တို့ ပြောင်းတိုင်း အမှုအရာအဟောင်းနှင့် ရုပ်ဟောင်း နာမ်ဟောင်းတို့ အကုန်လုံး ချုပ်ပျက်လိုက်ကြသည်နှင့် တူလှ၏ဟု ဥပမာ ဥပမေယျစကားရပ်တို့ကို အကြိမ်ကြိမ်အထပ်ထပ် ဉာဏ်မှာရှင်းလင်းလာအောင် အခါခါ စဉ်းစား ရှုကြည့်ကြပါလေ ပညာရှိ သဘောဖြူတွေတို့။

ဩော် အကြိမ်ကြိမ်အထပ်ထပ် ရှုကြည့်ကြရန် အဖန်ဖန် ရေးသား မှာကြားသော်လည်း သူတော်ကောင်းတရား ပွားများအားထုတ်နည်း ရလောက်အောင် အကြိမ်ကြိမ် အထပ်ထပ် ကြည့်လိုခဲစွ ကြည့်ခဲစွ ကြည့်ရှုမစဉ်းစားကလည်း ရှေ့က ရေးသားခဲ့သော ဝိပဿနာ အလုပ်ကြီးများကို မသိရှိကြဘဲ နိစ္စ. သုခ. သုဘ. အတ္တ နယ်ကြီးထဲမှာသာ လောဘမီး ဒေါသမီး မောဟမီး ဗုန်းအမြောက်လုံးကြီး တို့နှင့်သာ ရက် လ နှစ် ရှိသမျှ ခန္ဓာကြီးအတွင်းသို့ ကျရောက်ပေါက်ကွဲ၍ သိန်းသန်းကုဋေ သေပျောက်နေကြရသော စစ်ပွဲက ဒုက္ခဆင်းရဲကြီးတို့ထက်မက အပယ်ဆင်းရဲကြီး တို့ကို ရောက်ကြရမည့် ဒုက္ခ - ဒုက္ခ - ဒုက္ခ - ဒုက္ခ ဟူ၍သာ ကရုဏာ ရှေ့ထားကာ ညည်းတွားလိုက်ရပါတော့သတည်း။

❖

## ၅၀။ လက်တွေ့ပဋ္ဌာန်းတရားနှင့် ဝိပဿနာ ရှုစားပုံ။

အို ... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့သည် ရှေ့ကပြခဲ့သော ထိုထိုပညတ်တရားတို့၏ ဝတ္ထုအားလျော်စွာ နိုင်မြဲ နေကြသည်ဟု ထင်မြင်ကြရပုံနှင့် အတွင်းသား ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တို့ သိမ်မွေ့နူးညံ့လှသည်ကို ထိုထိုဖြစ်ဆဲ ခဏထဲတွင် ဇာတိမီး ဇရာမီး မရဏမီးတို့ အပြီးတိုင် လောင်မြိုက်နေကြ၍ တစ်နေရာမှ တစ်နေရာသို့ အမှုအရာ တစ်မျိုးမှ တစ်မျိုးသို့ ကိုယ်တွေ့မျက်မြင် အထင်အရှား ဖြစ်အောင် အရွှေ့အထား မခံကြဘဲ အသစ်အသစ် ပြောင်းသမျှအဟောင်းအဟောင်းတွေ ပျက်ပျက်လိုက်နေကြပုံကို သင်တို့ရှုကြည့်အပ်ပြီးသည် မဟုတ်ပါလော။

WWW.DHAMMARANSI.COM



ဤသို့အသစ်အသစ်ပြောင်း၍ အဟောင်းအဟောင်း ပျက်လိုက်နေသော အချက်ကို ထင်မြင်ပေါက်ရောက်ကြပါမှ ဝိပဿနာအလုပ်ကြီးမှာ အများကြီး ပေါက်ရောက်လာပြီဟု ဝမ်းမြောက်ကြပါလေ။ ဤသို့ထင်မြင် ပေါက်ရောက်ပြီးသော သူတို့ အဓိပတိပစ္စည်း ပဋ္ဌာန်းကြီးတို့နှင့် ဝိပဿနာအလုပ်ကို ဣရိယာပုတ်တို့ပြောင်းလွဲမှု စသည်တို့ဖြင့် ရှုကြည့်လိုကြပါမူ ရှေ့ကပြခဲ့သော အဓိပတိပစ္စည်း ပဋ္ဌာန်းကြီးတို့ဆိုတာ အခြားမှာ ရှိနေကြသော တရားမျိုးမဟုတ် ငါကဲ့သို့သော ဝိပဿနာတရားကို အားထုတ်လိုသော ဆန္ဒကြီးသူ၊ အားထုတ်လိုသော ဝီရိယကြီးသူ၊ အားထုတ်လိုသော စိတ်စွဲကြီးသူ၊ အားထုတ်လိုသော ပညာရှိသူတို့မှာ ဖြစ်နေနိုင်ပါသောကြောင့် ဤအဓိပတိပစ္စည်း ပဋ္ဌာန်းကြီးနှင့်ပင် အိပ်ခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်း ဣရိယာပုတ်လေးပါးတို့အကူးအဆက် ဖြစ်ပျက်နေချက်တိုင်းတို့ရှုကြည့် ရပုံကား။

လျောင်းလျက်စင်းစင်း အိပ်ခြင်း ဣရိယာပုတ်တို့ အတွင်းသား လျောင်းရုပ်နှင့် လျောင်း၍ အိပ်နေလိုသော မိမိတို့၏ နာမ်ဓာတ်တို့ကို အိပ်နေဆဲ အခါထဲတွင် ဘယ်ဘာသာ ရှိသူမဆို အိပ်ရင်း စဉ်းစားကြည့်က သိရှိနိုင်ကြကုန်ရာ၏။

ဤသို့သိရှိသောအခါ လျောင်းအိပ်ရာမှ ထိုင်ခြင်းဣရိယာပုတ်ကို ပြုမည်ဆဲဆဲ အခါထဲ၌ငါကဲ့သို့ဝိပဿနာရှုလိုသော ဆန္ဒကြီးသူလည်းဝိပဿနာအလုပ် အားထုတ်က မဖြစ် ရှိနိုင်အံ့နည်းဟု ဆန္ဒကို အကြီးအမှူးထားပြီးလျှင် ထိုင်ခြင်း ဣရိယာပုတ်ဖြစ်အောင် ဉာဏ်နှင့် စဉ်းစားကြည့်ရှု၍ ထိုင်လိုက်သောအခါ ထိုထိုင်သောဘက်သို့အမိမိအတွင်းသား ရုပ်နာမ်အသစ်အသစ်သို့ပြောင်းပြောင်းသွားတိုင်း အိပ်ခြင်း ဣရိယာပုတ်နှင့်ဆိုင်သော မိမိအတွင်းသား ရုပ်နာမ်ဟောင်းတို့ ကျောအောက်ဘက်က ပျက်ပျက်ပျောက်ပျောက် မရှိမရှိ လိုက်နေကြသောအနိစ္စအချက်ကြီးများကိုဝိပဿနာ ရှုရှုကြည့်ကြည့် သိသိပြီး ထိုင်ကြပါမူ အိပ်ခြင်းဣရိယာပုတ်မှာ ဆန္ဒာဓိပတိနှင့် ဝိပဿနာ ရှုလျက် ထိုင်လိုက်သော ဣရိယာပုတ်သို့အကူးအဆက်မှာ ထိုဆန္ဒာဓိပတိ ပဋ္ဌာန်းကြီးတို့ပျက်စီးသော ဝိပဿနာအချက်ကို အားထုတ်လျက် ထိုင်သည်မည်၏။ ဤပြခဲ့ပြီးသော ဝိပဿနာအလုပ်ကို အကြွေးမထားဘဲ ချက်ခြင်းလက်ငင်းအိပ်ရာမှ ထိုင်၍ထိုင်၍ ရှုကြည့်ကြပါလေ ဝိပဿနာအလုပ် အားထုတ်လိုသူတွေတို့။

WWW.DHAMMARANSI.COM



ထို့နောက်တစ်ဖန် ထခြင်း ဣရိယာပုတ်သို့ ပြောင်းလိုက်ပြန်မူ ထိုင်ခြင်း ဣရိယာပုတ်နှင့် ဆိုင်သော ငုပ်တုပ်ထိုင်နေသည့် အတွင်းသားရုပ်စုနှင့် ထိုင်နေလိုသော မိမိ၏ စိတ်ဆန္ဒစု ရှိနေသည်ကို ထိုင်ရင်း စဉ်းစားကြည့်က ဘယ်ဘာသာ မဆို သိရှိနိုင်ကြကုန် ရာ၏။

ဤသို့ သိရှိပြီးသောအခါ ထိုနေရာမှ ထခြင်းဣရိယာပုတ်ကို ပြုလုပ်နေဆဲ အခါထဲတွင် ဝိပဿနာ ရှုကြည့်လိုသော ဆန္ဒကို အကြီးအမှူးထားပြီး ထခြင်း ဣရိယာပုတ်ဖြစ်အောင် မိမိအတွင်းသားရုပ်နာမ်အသစ်အသစ်သို့ပြောင်းပြောင်း သွားတိုင်း ထိုင်ခြင်းဣရိယာပုတ်နှင့်ဆိုင်သော မိမိအတွင်းသား ရုပ်နာမ် ဟောင်းတို့ အောက်ပိုင်း က လှုပ်လှုပ်ရွရွ ပျက်ပျက်ပျောက်ပျောက် မရှိမရှိ လိုက်နေကြသော အနိစ္စအချက်ကြီးများကို ဝိပဿနာ ရှုရှု ကြည့်ကြည့် သိသိပြီး ရပ်ကြပါမူ ထိုင်ခြင်းဣရိယာပုတ်မှ ထခြင်းဣရိယာပုတ်သို့ ကူးစပ်နေဆဲ အခါထဲမှာ ဆန္ဒာဓိပတိ ပဋ္ဌာန်းကြီးတို့ ပျက်စီးသော ဝိပဿနာအချက်ကို အားထုတ်လျက် ထသည်မည်၏။ ဤဝိပဿနာ အချက်ကိုလည်း ချက်ချင်း လက်ငင်း ရှုကြည့်ကြပါလေ။

ထို့နောက်တစ်ဖန် ရပ်နေရာမှ ညာလှမ်းလှမ်း၍ သွားလိုသော ဣရိယာပုတ်သို့ ပြောင်းလိုပြန်မူ ရပ်ခြင်းဣရိယာပုတ်နှင့် ဆိုင်သော မတ်မတ်ကြီး ရပ်နေသည့် အတွင်းသား ရုပ်စုနှင့် ရပ်နေလိုသော မိမိ၏စိတ်ဆန္ဒစု ရှိနေသည်ကို ရပ်ရင်း စဉ်းစားကြည့်၍ ဘယ်ဘာသာမဆို သိရှိနိုင်ကြကုန်ရာ၏။

ဤသို့ သိရှိပြီးသောအခါ ရပ်နေရာမှ ညာလှမ်းလှမ်း၍ သွားခြင်း ဣရိယာပုတ်ကို ပြုမည်နေဆဲဆဲ အခါထဲတွင် ဝိပဿနာ ရှုကြည့်လိုသော ဆန္ဒကို အကြီးအမှူးထား ပြီးလျှင် သွားခြင်းဣရိယာပုတ်ဖြစ်အောင် မိမိတို့အတွင်းသား ရုပ်နာမ်အသစ်တို့ ရှေ့သို့ တက်တက်သွားတိုင်း ရပ်ခြင်းဣရိယာပုတ်နှင့် ဆိုင်သော မိမိအတွင်းသား ရုပ်နာမ်ဟောင်းတို့ နောက်ပိုင်းက လှုပ်လှုပ်ရွရွ ပျက်ပျက်ပျောက်ပျောက် မရှိမရှိ လိုက်နေကြသော အနိစ္စအချက်ကြီးများကို ဝိပဿနာ ရှုရှု ကြည့်ကြည့် သိသိပြီး သွားကြပါမူ ရပ်ခြင်းဣရိယာပုတ်မှ ညာလှမ်းသွားခြင်းဣရိယာပုတ်သို့ ကူးစပ်နေဆဲ အခါထဲမှာ ဆန္ဒာဓိပတိ ပဋ္ဌာန်းကြီးတို့ ပျက်စီးသော ဝိပဿနာအချက်ကို အားထုတ်လျက် သွားသည် မည်၏။

WWW.DHAMMARANSI.COM



ထို့နောက်တစ်ဖန် ဘယ်လှမ်းလှမ်း၍ သွားလိုပြန်မှု ညာလှမ်းလှမ်းခြင်းနှင့်ဆိုင်သော ညာလှမ်းလှမ်းနေသည့် အတွင်းသား ရုပ်စုနှင့် လှမ်းသွားသော မိမိ၏ စိတ်ဆန္ဒစု ရှိနေသည်ကို ညာလှမ်းလှမ်းသွားရင်း စဉ်းစားကြည့်က ဘယ်ဘာသာမဆို သိရှိနိုင်ကြကုန်ရာ၏။

ဤသို့သိရှိပြီးသောအခါ ညာလှမ်းလှမ်းရာမှ ဘယ်လှမ်းလှမ်း၍ သွားနေဆဲ အခါထဲတွင် ဝိပဿနာ ရှုကြည့်သော ဆန္ဒကို အကြီးအမှူးထားပြီးလျှင် ဘယ်လှမ်း လှမ်းသွားခြင်း ဖြစ်အောင် မိမိအတွင်းသား ရုပ်နာမ်သစ်သို့ ရှေ့သို့ တက်တက်သွားတိုင်းညာလှမ်းနှင့်ဆိုင်သောမိမိအတွင်းသားရုပ်နာမ်ဟောင်းတို့ နောက်ပိုင်းက လှုပ်လှုပ်ရွရွ ပျက်ပျက်ပျောက်ပျောက် မရှိမရှိ လိုက်နေကြသော အနိစ္စအချက်ကြီးများကို ဝိပဿနာ ရှုရှု ကြည့်ကြည့် သိသိပြီး သွားကြပါမူ ညာလှမ်းသွားရာမှ ဘယ်လှမ်း သွားခြင်းသို့ကူးစပ်နေဆဲ အခါထဲမှာ ဆန္ဒာဓိပတိ ပဋ္ဌာန်းကြီးတို့ပျက်စီးသော ဝိပဿနာအချက်ကို အားထုတ်လျက် သွားသည်မည်၏။ ထို့နောက်တစ်ဖန် စင်္ကြံနှင့် ဆက်လက်၍ ညာလှမ်းအမှုအရာ ဘယ်လှမ်းအမှုအရာ ရုပ်နာမ်တို့အသစ်သစ် ပြောင်းတိုင်း ပြောင်းတိုင်း နောက်ပိုင်းက ဘယ်လှမ်း အမှုအရာဟောင်း၊ ညာလှမ်း အမှုအရာဟောင်း တို့နှင့်တကွ ဖြစ်နေကြသော ရုပ်နာမ်တို့လည်း ပျောက်ပျက်လိုက်နေသော အနိစ္စအချက်ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ ရှုရှုသွားကြပါမူ အလွယ်တကူနှင့် ထင်မြင်ပေါက်ရောက် နိုင်ကြကုန်ရာ၏။ (ဝါ) အလွယ်တကူနှင့် ထင်မြင်ပေါက်ရောက်နိုင်အောင် ခြေတစ်လှမ်းစီ နှေးနှေးလှမ်းကြပြီး ကျောဘက် နောက်ပိုင်းက အမှုအရာဟောင်းတို့ ပျောက်ပျောက် ပျက်ပျက် မရှိမရှိ လိုက်ကြ သည်ကို မကြာမကြာ အခါခါ ရှုကြည့် အားထုတ်ကြပါလေ ပညာရှိ သဘောဖြူတွေတို့။

ဤမိမိအတွင်းသို့ ဉာဏ်သွင်း၍ သွင်း၍ ရှုကြည့်သောအခါ အမှုအရာ တစ်မျိုးတစ်မျိုး ဖြစ်ဖြစ်သွားသလို ရုပ်သစ် နာမ်သစ် တစ်မျိုးတစ်မျိုး ဖြစ်ဖြစ်သွားသည်ကို လည်းကောင်း၊ အမှုအရာဟောင်းတွေ တစ်မျိုးတစ်မျိုးစီ ပျက်လိုက်သလို အတွင်းသား ရုပ်ဟောင်း နာမ်ဟောင်းတို့ တစ်မျိုးတစ်မျိုး ပျက်လိုက်သည်ကိုလည်းကောင်း၊ ခြေတစ်လှမ်း တစ်လှမ်းမှာ တစ်ခါတစ်ခါ အကုန်လုံး ပျက်ပျက်ပျောက်ပျောက်လိုက်သည်ကို ရှုကြည့်ကြ၍ ဉာဏ်မှာ မလင်းကြသေးပါမူ ရှေ့က စစ်ရေးပြခဲ့သည့်အတိုင်း သဲမှုန့်ပေါ်က အဟုတ်သဲချောင်းချပြီးလျှင် မျက်မြင်

WWW.DHAMMARANSI.COM



ဉာဏ်မြင် အားဖြင့် အမူအရာ တစ်မျိုးတစ်မျိုးရှိ အတွင်းသားသဲတို့ အခြား အမူအရာသို့ မလိုက်နိုင်တာလို လက်ဖျစ်တစ်တွက်ကာလမှာ ကုဋေပေါင်း (၅၀၀၀)ကျော်တို့ ဖြစ်ပျက်နေကြသော ရုပ်စုကား အဘယ်မှာ သူသိ ငါမြင် အထင်အရှားဖြစ်အောင် ရွေ့ပြောင်း၍ လိုက်နိုင်ပါတော့အံ့နည်း။

နောက်သစ် နောက်ဖြစ် ရုပ်ကလာပ် သန္တတိအစဉ်နှင့်သာ ရှေ့ကာလသို့ တက်တက်သွားနေကြပါတကားဟု ဝိပဿနာ ဉာဏ်မျက်စိမှာ ကြောင်ကြောင် ကြီး ထင်မြင်လာအောင် သဲချောင်းနှင့်စပ်ဟပ်ကာ မကြာမကြာ အခါခါ တစ်လှည့် တစ်လှည့်စီ ဥပမာ ဥပမေယျ စပ်ဟပ်၍ ရှုရှုသွားကြပါမူ ခြေတစ်လှမ်းမှာ တစ်ခါပျက် အနိစ္စအချက်ကို ဉာဏ်အမြင် ရှင်းလင်းစွာ ထင်မြင်လာနိုင်ကြ ကုန်ရာ၏။

ဤသို့ရှေ့ကဝိပဿနာအလုပ်ကို အားထုတ်လိုသော ဆန္ဒကို အကြီးအမှူး ထား၍ အိပ်ခြင်းဣရိယာပုတ်နှင့် ဆိုင်သော အတွင်းသား ရုပ်နာမ်တရားတို့ ဖြစ်ပေါ် လာကြသည်ကိုလည်းကောင်း။

တစ်ဖန် ထိုင်ခြင်းဣရိယာပုတ်နှင့်ဆိုင်သောအတွင်းသားရုပ်နာမ်တရားတို့ ပျက်ပျောက် အနိစ္စရောက်ပြီးမှ ထခြင်းဣရိယာပုတ်နှင့်ဆိုင်သော အတွင်းသား ရုပ်နာမ်တရားတို့ ဖြစ်ပေါ် လာကြသည်ကိုလည်းကောင်း။

တစ်ဖန် ရပ်ခြင်းဣရိယာပုတ်နှင့်ဆိုင်သော အတွင်းသား ရုပ်နာမ်တရားတို့ ပျက်ပျောက် အနိစ္စရောက်ပြီးမှ ညာလှမ်းသွားခြင်းဣရိယာပုတ်နှင့်ဆိုင်သော အတွင်းသား ရုပ်နာမ်တရားတို့ ဖြစ်ပေါ် လာကြသည်ကိုလည်းကောင်း။

တစ်ဖန် ဘယ်လှမ်း ညာလှမ်းတို့ လှမ်းလှမ်းသွားဆဲ အခါထဲတို့မှာလည်း သူ့အလှမ်းနှင့်သူဆိုင်သော အတွင်းသား ရုပ်နာမ်တရားတို့ ပျက်ပျောက် အနိစ္စ ရောက်ရောက်လိုက်သည်ကိုလည်းကောင်း။

ထိုမှတစ်ပါး အခြားကုသိုလ်များကို ပြုလုပ်နေဆဲ ပြောဆိုနေဆဲ ကြံစည်နေဆဲ အခါထဲတို့မှာလည်း သူ့ကုသိုလ် ပြုလုပ်မှုနှင့်ဆိုင်သော အတွင်းသား ရုပ်နာမ်တရားတို့ ပျက်ပျောက် အနိစ္စရောက်ရောက် လိုက်သည် ကိုလည်းကောင်း။

မျက်မြင်ဉာဏ်မြင် အထင်အရှား ရှုရှု ပြုပြုလိုက်နေကြသမျှတို့သည် ဆန္ဒာဓိပတိ ဝိပဿနာ ပဋ္ဌာန်းတရားကြီးများအစစ် ဖြစ်ကြကြောင်းကို ပဋ္ဌာန်း ပါဠိတော်၌။

WWW.DHAMMARANSI.COM



**ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော** ဟု ဟောတော်မူ၏။ အနက်မြန်မာကား။

**ဆန္ဒာဓိပတိ**၊ ဝိပဿနာတရား ကုသိုလ်တရား အားထုတ်သွားရာမှာ အကြီးအမှူးဖြစ်လုပါသော ဆန္ဒသည်။ **ဆန္ဒသမ္ပယုတ္တကာနံ**၊ အကြီးအမှူးဆန္ဒနှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ**၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။ **တံ သမုဋ္ဌာနာနံ**၊ ထိုအကြီးအမှူးဆန္ဒကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ**၊ လျောင်းခြင်း, ထိုင်ခြင်း, ရပ်ခြင်း, ညာလှမ်း, ဘယ်လှမ်း, လှမ်းသွားခြင်း စသော ကိုယ် နှုတ် စိတ် အမူအရာ အစားစားဖြင့် ပွားများနေကြသည့် စိတ္တဇရုပ်တို့အားလည်းကောင်း။ **အဓိပတိပစ္စယေန**၊ အကြီးအမှူးဖြစ်သော အကြောင်း သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ဝိပဿနာကိစ္စ ထိုထို ကုသိုလ်ကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ **ဟောတိ**၊ ဖြစ်၏။ ဟု မိမိတို့ထက်သန်သော ဆန္ဒကို အကြီးအမှူးပြု၍ ဝိပဿနာ ရှုတိုင်း ရှုတိုင်းမှာ လည်းကောင်း၊ အခြားကုသိုလ် တို့ကိုလည်း ကိုယ် နှုတ် စိတ် တို့ဖြင့် ပြုလုပ်သမျှတို့မှာ လည်းကောင်း၊ ဤပဋ္ဌာန်း ပါဠိတော်နှင့်ချည်း ပြုလုပ်သည်ဟု သိကြပါလေ။

အို… တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ဤရှေ့က မိမိတို့ဆန္ဒကို အကြီးအမှူးထား၍ က္ကရိယာပုတ်လေးပါးဖြင့် ဝိပဿနာ အစားစား ကုသိုလ်များကို ပြုလုပ်သွားသည့်အတူ မိမိတို့၏ဝီရိယကို အကြီးအမှူး ထား၍ လည်းကောင်း (တစ်နည်း) မိမိတို့၏ စိတ်ကို အကြီးအမှူးထား၍ လည်းကောင်း (တစ်နည်း) မိမိတို့၏ အသိအလိမ္မာ ဉာဏ်ပညာကို အကြီးအမှူး ထား၍ လည်းကောင်း က္ကရိယာပုတ်လေးပါးဖြင့် ဝိပဿနာ အစားစား ကုသိုလ် အကုသိုလ်များကို ရှေ့ကပြခဲ့ပြီးသော နည်းကို မှီး၍ အားထုတ်ကြပါမူ အလွယ်တကူနှင့် သင်တို့သည် ထင်မြင် ပေါက်ရောက်ကြကုန်ရာသည် မဟုတ်ပါလော။ များစွာ မထူးတော့ဘဲ အကြီးအမှူး ထားချက်ကလေးမျှသာ ထူးခြား ကွဲလွဲလေတော့ကြောင်းကိုလည်းကောင်း ပဋ္ဌာန်းပါဠိတော်၌။

**ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော** ဟူ၍လည်းကောင်း။

**စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော** ဟူ၍လည်းကောင်း။

WWW.DHAMMARANSI.COM



**ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော** ဟူ၍လည်းကောင်း။ အနက်မြန်မာကား။

**ဝီရိယာဓိပတိ၊** ဝိပဿနာတရား ကုသိုလ်တရား အားထုတ်သွားရာမှာ အကြီးအမှူး ဖြစ်လှပါသော ဝီရိယသည်။ **ဝီရိယသမ္ပယုတ္တကာနံ၊** အကြီးအမှူး ဝီရိယနှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ၊** စိတ်စေတသိက် တရားတို့အား လည်းကောင်း။ **တံသမုဋ္ဌာနာနံ၊** ထိုအကြီးအမှူးဝီရိယကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ၊** လျှောင်းခြင်း, ထိုင်ခြင်း, ရပ်ခြင်း, ညာလှမ်း, ဘယ်လှမ်း, သွားခြင်း စသော ကိုယ် နှုတ် စိတ် အမူအရာ အစားစား ဖြစ်ပွားနေကြသည့် စိတ္တဇရုပ်တို့အား လည်းကောင်း။ **အဓိပတိပစ္စယေန၊** အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ဝိပဿနာကိစ္စ ထိုထိုကုသိုလ်ကိစ္စ ပြီးစီးကြမှု ကျေးဇူး ပြုသည်။ **ဟောတိ၊** ဖြစ်၏။

**စိတ္တာဓိပတိ၊** ဝိပဿနာတရား ကုသိုလ်တရား အားထုတ်သွားရာမှာ အကြီးအမှူး ဖြစ်လှပါသော စိတ်သည်။ **စိတ္တသမ္ပယုတ္တကာနံ၊** အကြီးအမှူး စိတ်နှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ၊** စေတသိက်တရား တို့အားလည်းကောင်း။ **တံသမုဋ္ဌာနာနံ၊** ထိုအကြီးအမှူးစိတ်ကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ၊** လျှောင်းခြင်း, ထိုင်ခြင်း, ရပ်ခြင်း, ညာလှမ်း, ဘယ်လှမ်း, သွားခြင်း စသော ကိုယ် နှုတ် စိတ် အမူအရာ အစားစား ဖြစ်ပွားနေကြသည့် စိတ္တဇရုပ်တို့အားလည်းကောင်း။ **အဓိပတိပစ္စယေန၊** အကြီးအမှူးဖြစ်သော အကြောင်း သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ဝိပဿနာကိစ္စ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ **ဟောတိ၊** ဖြစ်၏။

**ဝီမံသာဓိပတိ၊** ဝိပဿနာတရား ကုသိုလ်တရား အားထုတ်သွားရာမှာ အကြီးအမှူးဖြစ်လှပါသော ပညာသည်။ **ဝီမံသသမ္ပယုတ္တကာနံ၊** အကြီးအမှူး ပညာနှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ၊** စိတ်စေတသိက် တရားတို့အားလည်းကောင်း။ **တံသမုဋ္ဌာနာနံ၊** ထိုအကြီးအမှူးပညာကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ၊** လျှောင်းခြင်း, ထိုင်ခြင်း, ရပ်ခြင်း, ညာလှမ်း, ဘယ်လှမ်း, သွားခြင်း စသော ကိုယ် နှုတ် စိတ် အမူအရာ အစားစား ဖြစ်ပွားနေကြသည့် စိတ္တဇရုပ်တို့အား လည်းကောင်း။ **အဓိပတိပစ္စယေန၊** အကြီးအမှူးဖြစ်သော အကြောင်း သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ ဝိပဿနာကိစ္စ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။

WWW.DHAMMARANSI.COM



ဟောတိ၊ ဖြစ်၏။ ဟု မိမိတို့ထက်သန်သော ဝီရိယကို လည်းကောင်း (ဝါ) စိတ်ကို လည်းကောင်း (ဝါ) ပညာကို လည်းကောင်း အကြီးအမှူးပြု၍ ဝိပဿနာ ရှုတိုင်း ရှုတိုင်း တို့မှာလည်းကောင်း၊ အခြားကုသိုလ် ပြုတိုင်း တို့မှာလည်းကောင်း ကိုယ် နှုတ် စိတ် အမူအရာ တို့ဖြင့် ပြုသမျှတို့သည် ဤပဋ္ဌာန်း ပါဠိတော်နှင့်ချည်း ပြုလုပ်သည်ဟု သိကြပါလေ။

ဤအဓိပတိတို့ကို အကြီးအမှူးမပြုကြဘဲ အခြားကုသိုလ်များ ပဋ္ဌာန်း တရားတို့နှင့်လည်း ဝိပဿနာအလုပ် ထိုထို ကုသိုလ်အလုပ် တို့ကိုလည်း အားထုတ်နိုင်ကြသေး၏။ အကျိုးပေးမှုကား အဓိပတိတို့ကသာ မျက်မှောက် သံသရာတို့မှာ အကျိုးကြီးကြ၊ ထိုထို ကိစ္စပြီးစီးနိုင်ကြသည်ဟု သိကြပါလေ။

ဤကား ကိုယ် နှုတ် စိတ် တို့ဖြင့် ပြုသမျှသော ကုသိုလ်စုတို့မှာ အမူအရာ ပျက် အရနှင့် အကျယ်ချဲ့၍ ဝိပဿနာ ရှုတတ်ကြဖို့စံနမူနာပြ စကားရပ် ဤတွင် အပြီးသတ် လိုက်ပါသတည်း။

❖

## ၅၁။ ပဋ္ဌာန်းအကုသိုလ်တရားတို့ကို ဝိပဿနာရှုစားရပုံ။

အို ... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့၊ ရှေ့ကပြခဲ့သော အဓိပတိပစ္စည်း ပဋ္ဌာန်းကြီးတို့ ဆိုသည်မှာ ကုသိုလ်နေရာ တို့မှာသာဖြစ်နေကြသည်မဟုတ်။ အကုသိုလ်နေရာတို့မှာလည်းဖြစ်နိုင်ကြသည် တို့ကို သင်တို့သိရှိထိုက်သည် မဟုတ်ပါလော။

အဘယ်သို့ သိရှိထိုက်သနည်းဟူမူ။ လောဘဇောနေရာက (သို့မဟုတ်) ဒေါသ ဇောနေရာက ငါကဲ့သို့ အလိုဆန္ဒရှိသူ ပြုလုပ် ပြောဆို ကြံစည်က မပြီးစီး မအောင်မြင်ဘဲ ရှိနိုင်အံ့နည်းဟု ဆန္ဒကို အကြီးအမှူးထား၍လည်းကောင်း၊ ငါကဲ့သို့ လုံ့လဝီရိယ ရှိသူ ပြုလုပ် ပြောဆို ကြံစည်က မပြီးစီး မအောင်မြင်ဘဲ ရှိနိုင်အံ့နည်းဟု ဝီရိယကို အကြီးအမှူးထား၍လည်းကောင်း၊ ငါကဲ့သို့ စိတ်ဖွဲသန် သောသူ ပြုလုပ် ပြောဆို ကြံစည်က မပြီးစီး မအောင်မြင်ဘဲ ရှိနိုင်အံ့နည်းဟု စိတ်ကို အကြီးအမှူးထား၍လည်းကောင်း၊ ဤ အဓိပတိ သုံးပါးတို့တွင် တစ်ပါးပါးကို အကြီးအမှူးထား၍ မိမိတို့ လိုလားအပ်သော ပန်းတိုင်သို့

WWW.DHAMMARANSI.COM



ရောက်ကြရန် လောဘဇောသန်သန်နှင့် (သို့မဟုတ်) ဒေါသဇောသန်သန်နှင့် ကိုယ်အမူအရာ အစားစား၊ နှုတ်အမူအရာ အစားစား၊ စိတ်အမူအရာ အစားစား တို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်နေဆဲ အခါထဲတို့၌ အဓိပတိသုံးပါးနှင့်တကွ ဖြစ်ကြသော လောဘမူ ဒေါသမူ စိတ် စေတသိက် စိတ္တဇရုပ်တို့သည် ထို အဓိပတိပစ္စည်း၏ အကျိုး ပစ္စယုပ္ပန် ဖြစ်ကြလျက် ဆောင်ရွက်သော အမှုကိစ္စ ပန်းတိုင်သို့ များသောအားဖြင့် ရောက်နိုင်ကြ ရနိုင်ကြကုန်ရာ၏။

ဤကား သာမညအားဖြင့် လောဘအကုသိုလ်အလုပ်၊ ဒေါသအကုသိုလ် အလုပ်တို့မှာ အဓိပတိပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ ဖြစ်နေကြသည့် ပဋ္ဌာန်း ပါဠိတော် အရကား။

**ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော** ဟူ၍လည်းကောင်း။ ၎င်းနောက် ဝီရိယာဓိပတိ (လ) စိတ္တာဓိပတိ (လ) စသဖြင့် ရှေ့ကပြခဲ့သော ပါဠိတော်အတိုင်းပင် သိရှိအပ်၏။ မထုးတော့ပြီ။

အနက်မြန်မာကား။ **ဆန္ဒာဓိပတိ**၊ လောဘအလုပ် ဒေါသအလုပ် များကို အားထုတ်သွားရာမှာ အကြီးအမှူး ဖြစ်လှပါသော ဆန္ဒသည်။ **ဆန္ဒ သမ္ပယုတ္တကာနံ**၊ အကြီးအမှူးဆန္ဒနှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ**၊ အကုသိုလ်စိတ် စေတသိက် တို့အား လည်းကောင်း။ **တံသမုဋ္ဌာနာနံ**၊ ထိုအကြီးအမှူးဆန္ဒကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ**၊ အကုသိုလ်အလုပ်ကို အားထုတ်နေကြသည့် ကိုယ်အမူအရာအစားစား.ပြောဆိုနေကြသည့်နှုတ်အမူအရာအစားစား.ကြံစည် တွေးတောနေကြသည့် စိတ်အမူအရာ အစားစား ဖြစ်ပွားနေကြသည့် စိတ္တဇရုပ် တို့အားလည်းကောင်း။ **အဓိပတိပစ္စယေန**၊ အကြီးအမှူးဖြစ်သော အကြောင်း သတ္တိဖြင့်။ **ပစ္စယော** ဥပကာရကော၊ လိုရာကိစ္စ ပြီးစီးကြအောင် ကျေးဇူး ဆောင်သည်။ **ဟောတိ**၊ ဖြစ်၏။

၎င်းနောက်က ဝီရိယာဓိပတိ စိတ္တာဓိပတိ တို့၌လည်း အထက်က ရေးပြသည့် ဆန္ဒာဓိပတိနေရာမှာ အကြီးအမှူးဖြစ်သော ဝီရိယသည် (တစ်နည်း) အကြီးအမှူး ဖြစ်သော စိတ်သည် ဟူ၍သာ ထုးတော့၏။ ကြွင်းအနက်တို့ အထက်မြန်မာပြန်ချက်ကို မှီး၍ သိကြပါလေ။ ဤကား အကုသိုလ် အဓိပတိ ပစ္စည်း ပဋ္ဌာန်းကြီးမှာ ဖြစ်နေသည်ကို အကျဉ်းမျှ ပြချက်ပါတည်း။

WWW.DHAMMARANSI.COM



ဤအကျဉ်းကို အကျယ်ဖြန့်၍ သိလိုမူကား ယခု လောကမှာ သူဌေး သူကြွယ်ကြီးများဖြစ်ကြရန် လောဘကို ရှေ့ထား၍ ကူးသန်းရောင်းဝယ်ခြင်း၊ လယ်ယာ ကိုင်းကျွန်း ပြုလုပ်ခြင်း၊ စက်တည်ခြင်း၊ ဓာတ်သတ္တုတွင်း ပတ္တမြားတွင်း စသော အဆုံးအပိုင်းအခြားမရှိသော လောဘနှင့်သက်ဆိုင်သည့် အလုပ် အမျိုးမျိုးတို့မှာလည်း ဤအဓိပတိပစ္စည်း သုံးမျိုးတို့ ဖြစ်နိုင်ကြ၏။

ထိုမှတစ်ပါး တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်သတ်ဖြတ်မှု နှိပ်စက်မှု စသော အဆုံးအပိုင်းအခြားမရှိသော ဒေါသနှင့်သက်ဆိုင်သည့် အလုပ် အမျိုးမျိုးတို့မှာလည်း ဤအဓိပတိပစ္စည်း သုံးမျိုးတို့ ဖြစ်နိုင်ကြ၏။ ဟု အကျယ်ချဲ့၍ မိမိလည်း သဘောပေါက်အောင် ကြံစည်ကြပါလေ။ အခြားသူတို့အားလည်း အဓိပတိပစ္စည်း အကုသိုလ်ပဋ္ဌာန်းတရားကြီးများ သတ္တဝါ အစားစားတို့မှာ ဖြစ်ပွားနိုင်ကြသည် ဖြစ်ပွားနေကြသည်တို့ကို ဉာဏ်လက်ညှိုးနှင့် ထိုးကာထိုးကာ ပြောဟောကြပါလေ ပညာရှိ သဘောဖြူတွေတို့။

ဤအဓိပတိသုံးပါးကို အကြီးအမှူးမထားဘဲ မိမိတို့ လိုလားသော လောဘနှင့်ဆိုင်သော အကုသိုလ်အလုပ်၊ ဒေါသနှင့်ဆိုင်သော အကုသိုလ် အလုပ်၊ မောဟနှင့်ဆိုင်သော အကုသိုလ်အလုပ်များကို ဘယ်သတ္တဝါမဆို သူတော်ကောင်းတရား မသက်ဝင်က နေ့စဉ်ထာဝရ တလှုပ်လှုပ် တရွရွ ကိုယ်ဖြင့်လည်း အမြဲပြုနေကြ၏။ နှုတ်ဖြင့်လည်း တတွတ်တွတ် ပြောဆို မြည်တမ်းနေကြ၏။ စိတ်ဖြင့်လည်း တတွေးတွေး တတောတော ကြံစည်နေကြ၏။ ဤသို့ပြုလုပ်ပြောဆိုကြံစည်သမျှတို့သည် အဓိပတိပစ္စည်းပဋ္ဌာန်းကြီး မဟုတ်သော်လည်း ဟေတု အာရမ္မဏ စသော အကုသိုလ် ပဋ္ဌာန်းတရားကြီးများ အစစ်နှင့်သာ ဖြစ်ကြကုန်၏။ ဖြစ်ကြပုံ ပဋ္ဌာန်း ပါဠိတော် အရကား။

ဟေတုပစ္စယောတိ ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေန ပစ္စယော စသည်ဖြင့် သိအပ်၏။

အာရမ္မဏ အနန္တရ စသည်တို့မှာလည်း အကုသိုလ်နှင့်ဆိုင်သော ပဋ္ဌာန်းပစ္စည်း အသီးသီး ရှိကြကုန်၏။ ထိုသို့ ပါရှိသည့်အတိုင်း အကုသိုလ်ဘက် ဖြစ်နေချက်ကို အနက်မြန်မာ ပြန်ဆိုရမူ။

ဟေတုပစ္စယောတိ၊ ဟေတုပစ္စယောဟူသော။ ဓတ္တပဒေ၊ ဤပုဒ်၌ (အမှန်ဆုံး အနက်ပေးရိုး) ဟေတူ၊ လိုချင်သည့်လောဘဟိတ်ႇ ဖြစ်မှားသည့်

WWW.DHAMMARANSI.COM



ဒေါသဟိတ်, တွေဝေ သည့်မောဟဟိတ် တို့သည်။ **ဟေတုသမ္ပယုတ္တကာနံ**၊ ဤအကုသိုလ်ဟိတ် သုံးပါးနှင့် ယှဉ်ကုန်သော။ **ဓမ္မာနဉ္စ**၊ အကုသိုလ်စိတ် စေတသိက် တို့အားလည်းကောင်း။ **တံ သမုဋ္ဌာနာနံ**၊ ထိုအကုသိုလ်ဟိတ်များ အစားစားကြောင့် ဖြစ်ကုန်သော။ **ရူပါနဉ္စ**၊ အကုသိုလ်အလုပ်ကို အားထုတ် နေကြသည့် ကိုယ်အမူအရာ အစားစား, ပြောဆိုနေသည့် နှုတ်အမူအရာ အစားစား, ကြံစည်တွေးတောနေကြသည့် စိတ်အမူအရာ အစားစား ဖြစ်ပွား နေကြသည့် စိတ္တဇရုပ်တို့အားလည်းကောင်း။ **ဟေတုပစ္စယေန**၊ အကြောင်းရင်း ဖြစ်သော ဟေတုသတ္တိဖြင့်။ **ပစ္စယော ဥပကာရကော**၊ ခပ်သိမ်းကိစ္စ နိုင်မြဲကြမှု ကျေးဇူးပြုသည်။ **ဟောတိ**၊ ဖြစ်၏။ **ဣတိအတ္ထော**၊ ဤအနက်ကို။ **ဝေဒိတဗ္ဗော**၊ သိအပ်၏။ အခြားပဋ္ဌာန်းကိုမူကား အသီးသီး ပြသောအခါ ထင်ရှားပါလတ္တံ့ သတည်း။

ဤပဋ္ဌာန်းတရားကြီးများကို လွှတ်၍ ဖြစ်နိုင်သော အကုသိုလ်ကား အနည်းငယ်မျှ မရှိကြကုန်။ ဤပဋ္ဌာန်းပစ္စည်း အကုသိုလ်တရားကြီးကြောင့်သာ အပါယ်လေးပါး ဒုက္ခအစားစားတို့နှင့် တွေ့ကြုံနေကြရသည် ဟု သိကြပါလေ ပညာရှိ သဘောဖြူတွေတို့။

ဤအကုသိုလ်ဟူသမျှ ပဋ္ဌာန်းတရား ဖြစ်ပွားနေကြသည်ကို မကြားဘူးသူ မသိရှိသူတို့က ပဋ္ဌာန်းတရားဆိုသည်မှာ အလွန့်အလွန်ကြီး ကြီးကျယ် မြင့်မြတ်သော တရားတို့ချည်းဖြစ်ကြ၍ ဤပဋ္ဌာန်းတရားဖြစ်ပေါ်သောသူတို့သည် လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာသို့သာ ထိုပဋ္ဌာန်းကြီးက တဟုန်တည်း ဆောင်ရွက်ကြ၍ မြင့်မြတ် တိုးတက်သွားနိုင်ကြကုန်ရာ၏။ ယုတ်ညံ့ သိမ်ဖျင်းသော အပါယ်လေးပါး ဒုက္ခတရားတို့ကိုကား ထိုပဋ္ဌာန်းတရားကြီးက မဖြစ်ပွားစေနိုင်ဟု ထင်မှတ်နေကြသူတို့က ငါတို့ပဋ္ဌာန်းတရား ဟောပြောရာမှာ လူ, နတ်, နိဗ္ဗာန်သို့ ရောက်သမျှ ရသမျှ တို့သည်လည်း ကုသိုလ်ပဋ္ဌာန်း တရားကြီးတို့နှင့်သာ ဖြစ်ကြကုန်၏။ အပါယ်လေးပါး ဒုက္ခအစားစားတို့ဖြစ်ပွား သမျှတို့သည်လည်း အကုသိုလ်ပဋ္ဌာန်းတရားကြီးတို့နှင့်သာ ဖြစ်ကြကုန်၏။ ဟု ဟောပြောမိသောအခါ မိုးညှင်းကိုယ်တော်ကြီး ပဋ္ဌာန်းတရားတို့ကို ယုတ်ညံ့ သိမ်ဖျင်းအောင် နှိမ်နင်းပြောဟောသည်ဟု အလွန့်အလွန် နစ်နစ်နာနာကြီး အပြစ်တင်ကြ၍ ငါတို့နှင့်စပ်သော ဒါယကာတို့က ပဋ္ဌာန်းတရားကို အကုသိုလ်နှင့်

WWW.DHAMMARANSI.COM



စပ်၍ ဟောတော်မမူပါနှင့် အခြားသူတို့ကဲ့ရဲ့ပြစ်တင်ခြင်း အကုသိုလ်အပြစ်မှ ကင်းလွတ် ရန်ပါဘုရားဟု လျှောက်ထားကြသော်လည်း ပြောဟောတိုင်းတို့မှာ သူ့နေရာနှင့်သူ အခွင့်ဆိုက်သောအခါ ဘုရားဟောပါဠိတော်မှာ အကုသလာ ဓမ္မာဟု ပါတိုင်း ဟောပြောပြီးမှ တောင်းပန်ရသည်ကား ငါတို့ပဋ္ဌာန်းကြီးကို ယုတ်နိမ့်သိမ်ဖျင်းအောင် အကုသိုလ်တရား အပါယ်တရား မကောင်းကျိုးတရား အစားစားတို့နှင့်စပ်၍ ဟောကြားရခြင်း မဟုတ်ပါ။ ကုသလတိက ပဋ္ဌာန်းမှာ အကုသိုလ်လည်း ပါနေသောကြောင့်သာ ဟောကြားရသည်ဟုရှိရဲ့ ဟု တောင်းပန်ခဲ့ရဖူးလေ၏။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ဤကဲ့သို့ တွေ့ကရ နေရာဌာန အထည်ဝတ္ထု ပြုပြုသမျှသော ရုပ်နာမ်ဟူသမျှ တို့သည် အကုန်လုံး ပဋ္ဌာန်းတို့ချည်း ဖြစ်နေကြသည်ဟု ဟောပြောသည့်အတိုင်း ကုသိုလ် ဟူသမျှ အကုသိုလ်ဟူသမျှ ရုပ်နာမ် အဗျာကတ ဟူသမျှတို့သည် ပဋ္ဌာန်းတရား တို့ချည်းပဲဟု သိသောသူနှင့် မသိသောသူတို့ ပဋ္ဌာန်းတရား ရှိကြသူချည်းဖြစ်ကြသောကြောင့် ဘယ်သို့ထူးခြားကြသနည်းဟု သင်တို့စိတ်မှာ တွေးတောစရာ မေးမြန်းစရာ ရှိသည် မဟုတ်ပါလော။

ဤမေးမြန်းဖွယ်စကားကို ထူးခြားအောင်ပြရမူ မသိသောသူတို့က အကုသိုလ်တရားနှင့် မိုက်မှားကြပြီးနောက် ထိုအကုသိုလ်အလုပ်နှင့် အားထုတ် လျက်ရှိသော ရုပ်နာမ် ပဋ္ဌာန်းတရား အစားစားတို့ကိုပင် သက္ကာယဒိဋ္ဌိဝင်၍ မည်သည့်အကောင်မ အကောင်ထီးတို့က ငါ့ကို သူတို့ နှိပ်စက်စော်ကားသည် ကြိုက်ချစ်နှစ်သက်သည် စသည်ဖြင့် အမျှင်မပြတ် နိစ္စဓာတ် သုခဓာတ် သုဘဓာတ် အတ္တဓာတ် အရပ်ရပ်တို့ဖြင့် အထပ်ထပ်မိုက်မှား လိုက်စားနေကြ၍ ဘဝသံသရာ ကမ္ဘာတစ်လျှောက်လုံးကြီးတို့မှာ နက်သည်ထက်နက် ခက်သည် ထက် ခက်ကြလှသောဒုက္ခပင်လယ်ပြင်ကျယ်ကြီးတို့အတွင်းမှာအတင်းမြုပ်မြုပ် မြုပ်မြုပ် သွားနေကြရကုန်၏။ ဤကား ပဋ္ဌာန်းတရား စသည်များကို မသိသူတို့ ကြောက်ဖွယ်အတိ ဖြစ်သော သွားလမ်းတည်း။

❖

WWW.DHAMMARANSI.COM



## ၅၂။ မိုက်ပြီးသား အကုသိုလ်များကို အရင်းခံ၍ နိဗ္ဗာန်သို့ ကူးတတ်သွားနိုင်ပုံ။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပဋ္ဌာန်းတရားသိသူအများတို့၊ ဝိပဿနာတရားနှင့် အကုသိုလ်တရား စသည်များကိုပင် ရှုဆင်ခြင်က ဒုက္ခဘေးအပေါင်းမှ ကောင်းကောင်းကြီး လွတ်မြောက်ကြကုန်ရာ၏။ ရှုဆင်ခြင်ရပုံကား အတိုချုပ် မြန်မာစကားနှင့် (အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏။ အကြောင်းပျက်လျှင် အကျိုးပျက်၏။)ဟု ပြောဆို သိမှတ်အပ်၏။

**ဣမသ္မိံ သတိဣဒံ ဟောတိ ဣမသ္မိံ အသတိဣဒံ နဟောတိ** ။ အနက်ကား။ **ဣမသ္မိံ**၊ ဤအကြောင်းတရားသည်။ **သတိ**၊ ဖြစ်သည်ရှိသော်။ **ဣဒံ**၊ ဤအကျိုးတရားသည်။ **ဟောတိ**၊ ဖြစ်၏။ **ဣမသ္မိံ**၊ ဤအကြောင်းတရားသည်။ **အသတိ**၊ မရှိကွယ်ပျောက် အနိစ္စရောက်သည်ရှိသော်။ **ဣဒံ**၊ ဤအကျိုးတရားသည်။ **နဟောတိ**၊ အကုန်ကွယ်ပျောက် အနိစ္စရောက်လေ၏။ ဟု ဝိသုဒ္ဓိမဂ်မိန့်တော်ချက်အတိုင်း ပါဠိစကားဖြင့်လည်း ပြောဆို သိမှတ်အပ်၏။

ဤစကားနှစ်ရပ်များကို သေသေချာချာ သိမှတ်ထားစရာမှာ (အကြောင်းဖြစ်လျှင် ဆိုသည်ကား) သာမန်အကြောင်းမဟုတ် ထိုထိုအကောင်အထည် ဝတ္ထုအတွင်းက တည်ရှိနေကြသော ကုသိုလ် အကုသိုလ် အဗျာကတ အစားစားပဋ္ဌာန်းအကြောင်း ဖြစ်ခြင်းများကို သိစေလို၍ အကြောင်းဖြစ်လျှင်ဟု ဆို၏။ တစ်ဖန် အကျိုးဖြစ် ဆိုသည်ကား။ သာမန်အကျိုးမဟုတ် ထိုထိုအကောင်အထည်ဝတ္ထုအတွင်းနှင့် အပြည့်အပြည့် အသစ်အသစ် ဖြစ်ပေါ်လာသော ကုသိုလ်အကုသိုလ် အဗျာကတ အစားစား ပဋ္ဌာန်းအကျိုး ဖြစ်ပေါ်လာခြင်းများကို သိစေလို၍ အကျိုးဖြစ်၏ဟု ဆို၏။ (အကြောင်းပျက်လျှင် အကျိုးပျက်) ဆိုရာမှာလည်း ပြုလုပ် ပြောဆို ကြံစည်သော ကုသိုလ် အကုသိုလ် အဗျာကတ အကြောင်းတရားတို့ ရုပ်သိမ်း ချုပ်ငြိမ်းက ထိုအကြောင်းကြောင့် အသစ်အသစ် ဖြစ်ပေါ်နေကြသော ကိုယ်အမူအရာ အစားစား, နှုတ်အမူအရာ အစားစား, စိတ်အမူအရာ အစားစား, ရုပ်နာမ် အကျိုးတရားတို့လည်း ချုပ်ငြိမ်းကွယ်ပျောက် အနိစ္စရောက်သည်ကို သိစေလို၍ (အကြောင်းပျက်လျှင် အကျိုးပျက်)ဟု ဆိုအပ်ပါသတည်း။

WWW.DHAMMARANSI.COM



ဤပါဠိ မြန်မာစကား နစ်ရပ်ကို သေသေချာချာ နားလည်အောင် သိမှတ်ထားပြီးနောက် မိမိတို့ မိုက်မှားနေကြပြီးသော အကုသိုလ် ရုပ်နာမ်တရားတို့ကို ဝိပဿနာ ရှုလိုကြသော ယောဂီပျိုတို့သည် ကိုယ်ဖြင့် ပြုလုပ်သမျှသော အကုသိုလ် ကာယကံ၊ နှုတ်ဖြင့် ပြောဆိုသမျှသော အကုသိုလ် ဝစီကံ၊ စိတ်သက်သက်ဖြင့် ကြံစည် တွေးတောသမျှသော အကုသိုလ် မနောကံ၊ ဤအကုသိုလ်ကံ သုံးပါး အမူအရာပျက် အနိစ္စများကို ရှုစားကြလိုမူ အခြားမဟုတ် ရှေ့ကပြခဲ့သော လျောင်း. ထိုင်. ရပ်. သွား လေးပါးသော ဣရိယာပုတ်တို့အတွင်းမှာ အမူအရာ အစားစား ဖြစ်ပျက်သွားကြမှု အနိစ္စကို ရှုကြည့်ရသည်။ ကြည့်ရပုံကား။

လောဘကို ရှေ့ထား၍ဖြစ်စေ၊ ဒေါသကို ရှေ့ထား၍ဖြစ်စေ၊ မောဟကို ရှေ့ထား၍ ဖြစ်စေ ကိုယ်ကို စင်းစင်းအိပ်နေခြင်း ဣရိယာပုတ်ကို ပြုလုပ်နေဆဲအခါထဲမှာ ထိုလောဘဇော. ဒေါသဇော. မောဟဇော တို့တွင် ထိုက်သည် အားလျော်စွာ ပါဝင်သော ဟေတုအဓိပတိ. သဟဇာတ. နိဿယ စသည် ပစ္စည်းတို့ကအကြောင်း ထိုအကြောင်းတို့ကြောင့် တကွနက်ဖြစ်ပေါ်လျက်ရှိသော အကုသိုလ်စိတ် စေတသိက်နှင့် လျောင်းခြင်း ဣရိယာပုတ် အနေအစား ဖြစ်ပွားနေသော အကိုယ်လုံး တစ်ကောင်လုံးရှိ စိတ္တဇရုပ်တို့ကား အကျိုးပစ္စုပ္ပန်အစစ်ဖြစ်ကြကုန်၏။

ဤကား အိပ်လိုသော အကုသိုလ် အကြောင်းဖြစ်လျှင် အိပ်နေသော စိတ် စေတသိက် စိတ္တဇရုပ် အကျိုးတို့ ဖြစ်ပေါ်နေပုံတည်း။ ဤကား (အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏)ဟု ရှေ့ကပြခဲ့သော စကားအရနှင့် သိရှိကြရန်တည်း။

ထိုနောက် တစ်ဖန် အိပ်လိုသော ဆန္ဒ မရှိကြပြန်၍ လောဘ. ဒေါသ. မောဟ တို့ဖြင့် ထိုင်လိုက်ကြသောအခါ ရှေ့က ကိုယ်ကို စင်းစင်းအိပ်လိုခြင်း အကုသိုလ် ပစ္စည်းပဋ္ဌာန်းကြီးတို့ မရှိကွယ်ပျောက် အနိစ္စရောက်သည်နှင့် တကွနက် ကိုယ်ကို စင်းစင်းအိပ်နေခြင်းအမူအရာနှင့်တကွ အိပ်ရုပ်. အိပ်နာမ် အကျိုးတရားတို့လည်း အကုန်လုံး ချုပ်ပျောက်သွားကြကုန်၏။ ချုပ်ပျောက်သွားကြသည်ကို ကိုယ်တွေ့မျက်မြင် အထင်အရှား ဖြစ်ကြကုန်၏။

ဤကား (အကြောင်းပျက်လျှင် အကျိုးပျက်၏) ဟု ရှေ့ကပြခဲ့သော စကားအရ နှင့် သိရှိကြရန်တည်း။

WWW.DHAMMARANSI.COM



အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ဤဖြစ် ပျက်နေကြသောအကြောင်းအကျိုး အမျိုးမျိုးတို့တွင် ရုပ်နာမ်အမူအရာတို့ အသစ်အသစ်ဖြစ်၍ အနာဂတ်ဘက်သို့ တက်တက်နေကြသည်ကို ကိုယ်တွေ့ မျက်မြင် အိပ်နေရာမှ အကုသိုလ်စိတ်ဖြင့် ထိုင်လိုက်ကြဆဲ အခါထဲတွင် သင်တို့ တပ်တပ်ထင်ထင် သိမြင်နိုင်ကြသည် မဟုတ်ပါလော။ ဤသို့ သိမြင်ခြင်းသည် အိပ်နေသော ရုပ်ဟောင်း နာမ်ဟောင်း အမူအရာဟောင်းတို့ အနည်းငယ်မျှ မလိုက်ပါကြဘဲ ထိုင်လိုသော စိတ်ကြောင့် ထိုင်ရုပ် ထိုင်နာမ် ပဋ္ဌာန်းတရားတို့ အသစ်အသစ်ပြောင်းလျှင် ရှေ့အဖို့ အိပ်နေကြသော အိပ်ရုပ် အိပ်နာမ် အဟောင်း အဟောင်းတို့သည် မရှိကွယ်ပျောက် အနိစ္စရောက်သည်ဟု သင်တို့ သိရှိနိုင်သည် ရှုကြည့်နိုင်သည် (ဝါ) သိရှိနေသည် မဟုတ်ပါလော။

ဤသို့ တစ်ကိုယ်လုံးရှိ အတွင်းသား ရုပ်ဟောင်း နာမ်ဟောင်း အမူအရာ ဟောင်းတို့ ပျောက်ပျောက် ပျက်ပျက် မရှိ မရှိ လိုက်ချက်တို့ကို ဉာဏ်နှင့် မိမိ ပြူးပြူး ကြည့်၍ ရှုရှုသွားခြင်းသည်ပင်လျှင် ရုပ်နာမ်တရားတို့၏ သန္တတိပျက် အနိစ္စကို ရှုနိုင်သည်မည်၏။ (ဝါ) ရှုနေသည်မည်၏။

ဤအတူ ထိုင်ရာမှ ထလိုက်သော ရုပ်သစ် နာမ်သစ် အမူအရာ အသစ် ပြောင်းလျှင် ထိုင်နေသော ရုပ်ဟောင်း နာမ်ဟောင်း အမူအရာဟောင်းတို့ ပျက်ပျက် ပျောက်ပျောက် အနိစ္စ ရောက်ရောက် လိုက်နေသော ရုပ်နာမ်တရား တို့၏ သန္တတိပျက် အနိစ္စကိုလည်း ရှုနိုင်ကြသည် မဟုတ်ပါလော။

ဤအတူ ထရာမှ ညာလှမ်း ဘယ်လှမ်းတို့ ဆက်ဆက်လှမ်း၍ လှမ်း၍ သွားနေသော ရုပ်သစ် နာမ်သစ် အမူအရာသစ် ပြောင်းပြောင်းသွားလျှင် ရပ်နေခြင်း ညာလှမ်း ဘယ်လှမ်း လှမ်းနေခြင်း ရုပ်ဟောင်း နာမ်ဟောင်း အမူအရာ ဟောင်းတို့ ပျက်ပျက် ပျောက်ပျောက် အနိစ္စ ရောက်ရောက် လိုက်နေသော ရုပ်နာမ်တို့၏ သန္တတိ ပျက် အနိစ္စကိုလည်း ရှုနိုင်ကြသည် မဟုတ်ပါလော။

ဤကား အကုသိုလ်ဇောများ ပဋ္ဌာန်းအကြောင်းထား၍ ဣရိယာပုတ်ကြီး လေးပါးအစဉ်များနှင့်သာ ဖြစ်ပျက်နေကြသော ရုပ်နာမ်စုတို့ကို ဝိပဿနာ ရှုရပုံကို ပြချက်တည်း။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့သည် အကုသိုလ်နှင့်ဆိုင်သော ဣရိယာပုတ်ကြီးလေးပါးတို့ ဖြစ်ပျက်မှု

WWW.DHAMMARANSI.COM



အနိစ္စစုကို ရှေ့ကပြခဲ့သည့်အတိုင်း ထိုထို အကုသိုလ် စိတ်တို့ဖြင့် ထိုထို ကာရိယာပုတ်ကြီးငယ်တို့ကို နံနက်လင်းသည်ကစ၍ ပြုလုပ်နေဆဲ အခါထဲတို့မှာ ဝိပဿနာဘက်သို့မတက်နိုင်သော်လည်း ထိုထိုအကုသိုလ်အလုပ် ပြီးစီးသော အခါ ဆိတ်ငြိမ်ရာသို့ ကပ်၍ မိမိတို့အကုသိုလ်အလုပ်နှင့် ယနေ့ နံနက်မှစ၍ ကိုယ်ဖြင့် ပြုလုပ်ခဲ့သမျှ နှုတ်ဖြင့် ပြောဆိုခဲ့သမျှ စိတ်ဖြင့် ကြံစည်ခဲ့သမျှ အဝဝတို့ ရှေ့နောက် အစဉ်အဆက်တို့ကို တစ်ခုမကျန် စားမြုံ့ပြန်သောအလား ပြန်လည် စဉ်းစားကြည့်က များများထင်မြင်နိုင်ကြကုန်၏။

ထိုသို့ထင်မြင်လာသော ကိုယ် နှုတ် စိတ်တို့ကူးစက်နေကြသော ရုပ်နာမ် အမှုအရာ ရှေ့နောက်အစဉ်အဆက်တို့ ပျက်ပျောက် အနိစ္စရောက်သည် တို့ကိုလည်း ကြောင်ကြောင်ကြီး ထင်မြင်လာသည့်အတိုင်း အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ ဟု နံနက် လင်းစက ယခုစဉ်းစား ရှုကြည့်သည့်အဆုံးကျအောင် ဝိပဿနာ ရှုကြည့်ကြကုန်ရာ၏။ (ဝါ) ဝိပဿနာ ရှုကြည့်ကြပြီးလျှင် နိဗ္ဗာန်ခွင်သို့အလျင် ရောက်ရန် ဝိပဿနာဉာဏ် အဆင့်ဆင့်သို့ ကူးတက် အားထုတ်သွားကြ ကုန်ရာ၏။

ဤကား ပဋ္ဌာန်းတရား သိကြားနားလည်သူတို့ အကုသိုလ်ပြုပြီးသား တို့ကိုပင် ဝိပဿနာတင်၍ နိဗ္ဗာန်ခွင်သို့အလျင်အမြန် ရောက်နိုင်ရန် ထူးခြားချက် အဖြေစကားပါတည်း။

ဤသို့ရုပ်နာမ်နှစ်ပါး ပဋ္ဌာန်းတရားကြီးတို့ကိုမြင်မှု၊ ထိုရုပ်နာမ်နှစ်ပါး ပဋ္ဌာန်း တရားကြီးတို့၏အကြောင်း ပဋ္ဌာန်းကို မြင်မှု၊ ထိုရုပ်နာမ်ဟူသော အကျိုးပဋ္ဌာန်း တရား အကြောင်းပဋ္ဌာန်းတရားကြီး မမြဲသော အနိစ္စာကာရ ပညတ်ကလေးတွေ မြင်မှု၊ ဒုက္ခာ ကာရ ပညတ်ကလေးတွေ မြင်မှု၊ အနတ္တာကာရ ပညတ်ကလေးတွေ မြင်မှုဟူသောအနိစ္စာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာ ဉာဏ် အစဖြစ်၍ မဂ် ဖိုလ် နိဗ္ဗာန်နှင့် မလွဲနိုင်တော့ပြီ။ ကြပ်ကြပ် သဘောပိုက်၍ ကိုယ့်ကိုယ်၌ ထင်မြင်အောင် ကြည့်လိုက်ကြပါလေ သဘောဖြူတွေတို့။

❖

WWW.DHAMMARANSI.COM



## ၅၃။ ကုဋီယာပုတ်ကြီး လေးပါးတို့အတွင်းမှာ အမူအရာပျက် အစားစား ဝိပဿနာ ရှုသွားရပုံ။

အို… တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင်တို့သည် မည်သည့်စိတ်နှင့်မဆို ထိုထိုကုဋီယာပုတ်ကြီး တစ်ခုတစ်ခုတို့၏ အတွင်းမှာ ခြေ လက် ဦးခေါင်း စသော ကိုယ်အင်္ဂါ ကြီးငယ်တို့ လှုပ်ရှား ပြောင်းရွှေ့လိုသော ပဋ္ဌာန်းတရားအကြောင်းတို့ကြောင့် လှုပ်ရှား ပြောင်းရွှေ့ခြင်း ကိုယ်အမူအရာ အသစ်ပြောင်းလျှင် ရုပ်ဟောင်း နာမ်ဟောင်း ကိုယ်အမူအရာ အဟောင်းတို့လည်း အကုန်လုံး ပျက်ပျောက် အနိစ္စရောက်ချက်ကိုလည်း ယခုစာဖတ်နေဆဲ အခါထဲတွင် လှုပ်ရှား၍ ကြည့်မှု ကိုယ်အမူအရာ အသစ် ပြောင်းချက် အဟောင်းပြောင်းချက်တို့ကို တပ်တပ်ထင်ထင် ရှုမြင်နိုင်သည် မဟုတ်ပါလော။

တစ်နည်း။ ထွက်သက်ရှူလိုသောစိတ်ဖြင့် ထွက်သက် ကိုယ်အမူအရာကြီး ဖြစ်ပျက်မှု၊ ဝင်သက်ရှိုက်လိုသောစိတ်ဖြင့် ဝင်သက်ရှိုက်နေသောကိုယ်အမူအရာ ကြီး ဖြစ်ပျက်မှု အနိစ္စစုတို့ကိုလည်း ရှုမြင်နိုင်၏။ ထိုမှတစ်ပါး သတိထား၍ မျက်စိ မှိတ်မှု ဖွင့်မှု အမူအရာစုတို့၏ ဖြစ်ပျက်မှု အနိစ္စစုတို့ကိုလည်း ရှုမြင်နိုင်၏။ ဤကား ကုဋီယာပုတ်ကြီးလေးပါးတို့အထဲတွင် ကိုယ်အမူအရာ အစားစား ရုပ်နာမ်တရား တို့၏ ဖြစ်ပျက်မှုကို ဝိပဿနာ ရှုကြည့်ရပုံ နည်းပြ အကျဉ်းမျှပါတည်း။

ထိုထိုကုဋီယာပုတ်ကြီး လေးပါးတို့အတွင်းမှာ ကိုယ်အမူအရာ အစားစား တို့သာ ဖြစ်ပွားနိုင်ကြသည် မဟုတ်သေး ပြောဆိုလိုသော ကုသိုလ် အကုသိုလ် အဗျာကတ ပဋ္ဌာန်းနှင့်ဆိုင်သော ပြောဆိုမှု နှုတ်အမူအရာ အစားစား ရုပ်နာမ် တရားတို့ ပြောဆိုနေဆဲ အခါတွင် အသစ်အသစ် ပြောဆိုနေခြင်းကိုလည်း ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိနိုင်၏။ အသစ်ပြောင်းသမျှ အဟောင်း နှုတ် အမူအရာတို့ ပျက်ပျက်လိုက်နေကြသည့် အနိစ္စအချက်ကိုလည်း ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင်သိနိုင်ကြသည် မဟုတ်ပါလော။ ဤသို့သိရှိသည့်အတိုင်း ဝိပဿနာရှုရပုံကား။

အေ. ဘီ. စီ. ဒီ စသော အက္ခရာတို့ကိုလည်းကောင်း။ က. ခ. ဂ စသော အက္ခရာတို့ကိုလည်းကောင်း။ ရွတ်ဖတ် ပြောဆိုကြသောအခါ အသစ်အသစ်

WWW.DHAMMARANSI.COM



ပြောသမျှ တို့ကား ပြောလိုသော စိတ်များ ပဋ္ဌာန်းတရားတို့အဆက်ဆက်ကြောင့် ပြောပြော သွားသည်ကို နားနှင့်လည်း ကြားနိုင်၏။ မနောနှင့်လည်း သိနိုင်၏။ ပြောဆိုပြီးနောက် နှုတ်အမူအရာ အစားအစား ရုပ်နာမ်တရားတို့ ပျက်ပျက် ပျောက်ပျောက်လိုက်သော အနိစ္စအချက်များကို ဉာဏ်နှင့်မိမိ ကြည့်ကြည့် သိသိ ရှုရှုပြီး ပြောဆိုနေခြင်း၊ ရွတ်နေခြင်းသည်ပင်လျှင် နှုတ်အမူအရာ အစားအစား ရုပ်နာမ်တရားတို့၏အနိစ္စကို ရှုကြည့်၍ ပြောဆိုသည်မည်၏။ ဤသို့ပဋ္ဌာန်းတရား အစားစားတို့ဖြင့် ရှုကြည့်၍ စကားပြော ဘုရားဟောရာမှ မဂ်ဖိုလ်ကို ရဖူးသော သက်သေကား။

ကောသမ္ဗီ ဃောသိတာရုံတိုက်နေ မထေရ်ခြောက်ကျိပ်တို့က ဗဒရိကာရာမ တိုက်နေ အရှင်ခေမကကို ခန္ဓာငါးပါး အနတ္တတရားများကို မေးမြန်းကြရာ ဖြေဆို ဟောကြားရင်း မိမိလည်း နှလုံးသွင်းပါ၍ နာကြားသူ ရဟန်းတော် ခြောက်ကျိပ်နှင့် တကွ အရှင်ခေမကပါ ရဟန္တာဖြစ်ကြောင်းကို။

ထေရောပိ **အဉ္ဇေနနိဟာရေန အကထေတွာ ဝိပဿနာ သဟဂတ စိတ္တေနေဝ** ကထေသိ **အရဟတ္တံ** ပါပုဏာတိ။

ထေရောပိ၊ ရဟန်းတော် ခြောက်ကျိပ်သာ ရဟန္တာ ဖြစ်ကြရုံမက တရားဟောပြတော်မူသော အရှင်ခေမက မထေရ်သည်လည်း။ **အဉ္ဇေနနိဟာရေန**၊ သူတစ်ပါးတို့ ကျွတ်လွတ်ဖို့သာ ရည်ရွယ်ကာဖြင့်။ **အကထေတွာ**၊ မဟောမူ၍။ **ဝိပဿနာ သဟဂတ စိတ္တေနေဝ**၊ မိမိလည်း ဝိပဿနာရှုရင်း နှလုံးသွင်း သဖြင့်သာလျှင်။ **ကထေသိ**၊ ဟောကြားတော်မူ၏။ **အရဟတ္တံ**၊ အရဟတ္တဖိုလ်သို့။ **ပါပုဏာတိ**၊ မိမိရောက်ရလေ၏။ ဟု ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ၌ မိန့်မှာတော်မူသော ထုံးများကို နှလုံးထားကာ မိမိတို့လည်း ပြောဟောနေရင်း အခါကာလကလေး အတွင်းမှာတောင် မလစ်ဟင်းရအောင် ဝိပဿနာလုပ်ခြင်းကြီးများကို နှလုံးသွင်းကာသွင်းကာ ပြောဟောကြပါမှ မိမိသူတစ်ပါး နှစ်ပါး အကျိုး ပွားတိုးကြပေလိမ့်သတည်း။ (ဝါ) ပွားတိုးကြအောင် အထူးသတိဆောင်ကာ ဟောပြောကြပါလေ။

သည်သာမကသေး ပရိယတ်တရားများကို သင်အံ့ ပြန်ဆိုကြ ဖတ်ရွတ်ကြတိုင်းတို့မှာ မိမိ အသံနှင့်တကွ ရုပ်နာမ်ဖြစ်ပျက်မှု ပဋ္ဌာန်းစုတို့ကိုထင်မြင်အောင် ရှု၍ မဂ်ဖိုလ်များသို့ပေါက်ရောက်သွားနိုင်ကြောင်းကို ကောသလတိုင်း တောအုပ်

WWW.DHAMMARANSI.COM



တစ်ခု၌ရဟန်းငယ်တစ်ပါး ဆရာ့အထံက နေ့အခါညဉ့်ပထမယံပစ္ဆိမယံ အခါတို့၌ ပရိယတ်တရား စာပေကျမ်းဂန်များကို သင်ကြား၍ ရွတ်ဖတ်ပြန်အံ့တိုင်းတို့မှာ မိမိအသံတို့၏ ဖြစ်မှု (ဥဒယ)၊ ပျက်မှု (ဝယ) တို့ကို ထင်မြင်အောင် ရှုပြီးမှ ၎င်း အသံနှင့်တကွဖြစ်သော ဥပါဒါန်ရုပ် မဟာဘုတ်တို့ကိုလည်းကောင်း၊ ရွတ်ဖတ် ပြန်အံ့သော သဒ္ဒရုပ်ကို ဖြစ်စေတတ်သော နာမက္ခန္ဓာတို့ကိုလည်းကောင်း၊ ထိုနာမက္ခန္ဓာတို့၏မှီရာ ရူပကာယကြီးကို လည်းကောင်း၊ ထိုရွတ်ဖတ်ပြန်အံ့သော အသံနှင့် အတွဲလိုက်အတွဲလိုက်ဖြစ်မှုပျက်မှုပဋ္ဌာန်းစုတို့ကိုလည်း ထင်မြင်အောင် ရှု၍ ရဟန္တာဖြစ်ကြောင်းကို။

**သဇ္ဈာယံ ကတွာ ဥဒယဝယတော သမ္မသတိ တတော သေသံ ဥပါဒါယရူပံ ဘူတရူပံ နာမရူပန္တိပဉ္စသုခန္ဓေသု ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပါပုဏာတိ။**

**သဇ္ဈာယံ**၊ နေ့ညဉ့်မပြတ် အထပ်ထပ် ရွတ်ဖတ်ပြန်အံ့ခြင်းကို။ **ကတွာ**၊ ပြု၍ (ဝါ) ပြုတိုင်းပြုတိုင်း။ **ဥဒယဝယတော**၊ ထိုအသံ၏ ဖြစ်မှု ပျက်မှု အားဖြင့်။ **သမ္မသတိ**၊ သုံးသပ် ဆင်ခြင်၏။ **တတော**၊ ထိုနောက်မှ။ **သေသံ**၊ ကြွင်းသော။ **ဥပါဒါယရူပဉ္စ**၊ ထိုသဒ္ဒရုပ်နှင့် တကွဖြစ်သော ဥပါဒါရုပ်ကိုလည်းကောင်း။ **ဘူတရူပဉ္စ**၊ ထိုသဒ္ဒရုပ်တို့မှီရာ မဟာဘုတ်ကို လည်းကောင်း။ **နာမရူပဉ္စ**၊ ထိုသဒ္ဒရုပ်ကို ဖြစ်စေတတ်သော နာမက္ခန္ဓာ ထိုနာမ်တို့၏ မှီရာစပ်သမျှ ရူပကာယ တစ်ကိုယ်လုံးကြီးကို လည်းကောင်း။ **ဣတိ**၊ ဤသို့။ **ပဉ္စသု**၊ ငါးပါးကုန်သော။ **ခန္ဓေသု**၊ ခန္ဓာတို့၌။ **ဝိပဿနံ**၊ လက္ခဏာရေး ရှုမှု ဝိပဿနာစုကို။ **ဝဍ္ဎေတွာ**၊ ရွတ်ဖတ်ပြန်အံ့တိုင်းတို့မှာ အဖန်ဖန် ပွားများပါလျက်။ **အရဟတ္တံ**၊ အရဟတ္တ ဖိုလ်သို့။ **ပါပုဏာတိ**၊ ရောက်ရလေ၏။ ဟု သဂါထာဝဂ္ဂသံယုတ် သဇ္ဈာယသုတ် အဋ္ဌကထာမြတ်တို့မိန့်မှာတော် မူအပ်သော ထုံးကို နှလုံးသွင်းကာ သွင်းကာ စာပေကျမ်းဂန်များကို ကျက်မှတ်ပြန်အံ့တိုင်းတို့မှာ မိမိအသံသဒ္ဒရုပ်နှင့် ဖြစ်ပျက်တူ အသက်တူပြား တစ်လောကလုံးကြီးတို့မှာ ရှိရှိသမျှသော ရုပ်တရား နာမ်တရား ပဋ္ဌာန်းတရားတို့လည်း အတွဲလိုက် အတွဲလိုက် ဖြစ်ပျက်၍ တစ်ပြိုင်နက် လိုက်နေကြမှုတို့ကို ရှုခါရှုခါ ဝိပဿနာနှင့် တွဲဖြစ်အောင် တွဲကြ ပါလေ ယောဂီ ဟုတ်.မဟုတ်ကြ စာသင်သား စာသင်သမီး သူတော်ကောင်း အများတို့။

WWW.DHAMMARANSI.COM



သည်သာမကသေး ရှေးကပြခဲ့သော သူတော်ကောင်းတရား ပဋ္ဌာန်းများနှင့်လည်း မငွေ့ ၊ ဂေဟာသိတနှင့် မေ့သော မင်းစကား ခိုးသူစကား စသော (၃၂)ပါးသော တိရစ္ဆာနကထာ စကားမျိုးကို ပြောဆိုကြခြင်းသည် ဈာန်မဂ်ခရီးကို ဖီလာဆီး၍ ရပြီး ဈာန် သမာဓိပင် ကုန်စင်အောင် လျောကြစေတတ်သောကြောင့် တိရစ္ဆာနကထာ မည်လေသည်ဟု မှတ်ပါလေ။

အကယ်၍ မကင်းတရားနှင့် ငင်းတရားတို့ကို မေ့လျော့မှု ဂေဟာသိတ ပေမတို့ကို မမှီဝဲ မိမိတို့အမှု ပြီးစီးနိုင်လောက်အောင်မျှ ပြောကြားကြသူ တရားကို အဦးထား၍ ပြောကြားကြသူတို့မှာကား သီလညှိုးနွမ်းမှု စသည်နှင့် အပြစ်မဆိုသာ ဘုရား ရဟန္တာ အရိယာတို့ ပြောဟောရိုးတံထွာ ဓမ္မတာပင်တည်း။

ထိုသို့မဟုတ် မေ့လျော့မှု ဂေဟာသိတ တို့ကို မှီ၍သာ ဒဏ္ဍာရီစကား ရှေ့ဖြစ်နောက်ဖြစ်များကို သတိမေ့ကာ ငင်းစကားတို့ကို ပြောကြားမိသော အခါတို့၏ အပြီးသတ် အပြီးသတ်တိုင်းတို့မှာ ပဋ္ဌာန်းဝိပဿနာ ရှုတတ်ကြရာဖို့ကား။

ပြောကြားတတ်သူ ပြောကြားအပ်သူ ပြောကြားသောစကား ဤသုံးပါးတို့၏ အတွင်းသား ရုပ်နာမ်တို့သည် ယခု ပြောသူလည်း ပြောလျက်သားမတည်၊ နာသူလည်း အသံကို ကြားလျက်သားမတည်ကြဘဲ ပြောသောစကားသံ ကြားလုံးတို့နှင့် အတွဲလိုက် အတွဲလိုက် ပျက်စီးခြင်းသို့ဆိုက်ရောက်ကြကုန်ပြီ ဟု ဝိပဿနာရှုပါမှုကား ထိုသို့တိရစ္ဆာနကထာစကားတွေဟာ ကမ္မဋ္ဌာန်းတရားတွေ ထဲသို့ အဝင်အပါတို့သာ ဖြစ်လေရာ၏ဟု အထူးသတိပြုကာ တိရစ္ဆာနကထာ စကား မကင်းတရားနှင့် ပြောကြားမိကြသည့် အပြီးအပြီးတို့မှာ ဝိပဿနာနှင့် အုပ်ချုပ်ဖြစ်အောင် အုပ်ချုပ်ကြစရာ အထောက် သက်သေအရ ပါဠိတော်ကို ပြရမှာကား။

တေပိနာမ ခယံဂတာတိ ဇဝံ ပဝတ္တာပန သဗ္ဗတ္ထကမ္မဋ္ဌာနမေဝ ဟောတိ။

**တေပိနာမ**၊ ထိုပြောဆိုတတ်သောသူ ပြောဆိုအပ်သောသူ ပြောဆိုသော စကားတို့အတွင်းရှိ ပရမတ်တရားတို့မည်သည်။ **ခယံဂတာ**၊ ကုန်ဆုံးခြင်းသို့ ရောက်ကုန်၏ ဟူ၍။ **ဇဝံ**၊ ဤသို့။ (ဝါ) ဤလို။ ဤပုံ။ **ပဝတ္တာပန**၊ ဖြစ်ပါမူကား။ **သဗ္ဗတ္ထကမ္မဋ္ဌာနမေဝ**၊ အလုံးစုံလိုရာကိစ္စ ခပ်သိမ်းကိုပြီးစီးစေနိုင်သော ကမ္မဋ္ဌာန်းတို့ချည်း မည်သည်သာလျှင်။ **ဟောတိ**၊ ဖြစ်၏။ ဟု ဒသင်္ဂုတ္တရ အဋ္ဌကထာ၌ မိန့်တော်မူအပ်သည်နှင့် အညီသာ ရှေ့စကားရပ်တို့ကို ရေးပြအပ်ပါသတည်း ဟု

WWW.DHAMMARANSI.COM



ဉာဏ်ကြီးသူတို့လည်း သိရှိတော်မူကြ ပါစေသတည်း။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဋီကာတို့ကို ထောက်၍ ဤအနက် သမ္ဗာန် လိုက်သည်။

ဤသည်တို့ကား ပဋ္ဌာန်းတရားရှိသူများတို့ချည်း ဖြစ်ကြသော်လည်း မိမိတို့မှာ အမြဲထာဝရ ဖြစ်နေကြပါသော ပဋ္ဌာန်းတရား အစစ်များကို မသိသူများတို့ထက် သိသူများတို့က အလွန့်အလွန်ကြီး သာလွန်ပိုသာကြပြီးလျှင် ထူးခြားသောအချက်များကို သိစေလို၍ တရားပြောဟောဆဲ တို့မှာလည်း ပဋ္ဌာန်းဝိပဿနာနှင့် တွဲရန် စာပေ ကျမ်းဂန်များကို ကျက်ဖတ် ပြန်အံဆဲ တို့မှာလည်း ပဋ္ဌာန်းဝိပဿနာနှင့် တွဲရန် တိရစ္ဆာန ကထာထဲတို့မှာလည်း ပဋ္ဌာန်း ဝိပဿနာနှင့် တွဲရန် အဖိုးတန် အမျိုးမှန် အချက်ကောင်း အကွက်ကောင်း အစစ်ကြီးများကို ကျမ်းဂန်နှင့်အညီ ဖြစ်ပါသည်ကို ယုံယုံကြည်ကြည် လေးလေးစားစား ပွားများ အားသစ်တော်မူနိုင်ကြပါစေသတည်း။

ဤကား ဣရိယာပုတ်ကြီး လေးပါးထဲတွင် နုတ်အမူအရာ အစားစား ရုပ်နာမ် ပဋ္ဌာန်းတရားတို့ ဖြစ်ပျက်နေကြပုံနှင့် ဝိပဿနာရှုရပုံများကို အကျဉ်းမျှ ပြဆိုချက်ပါတည်း။

ဤကား ဣရိယာပုတ်ကြီးလေးပါးအတွင်းထဲမှာ နုတ်အမူအရာ အစားစား ရုပ်နာမ်တရားတို့သာ ဖြစ်ပျက်နိုင်သည် မဟုတ်သေး။ ထိုထိုအကြောင်းတရား တို့ကိုကြံစည်လိုသော ကုသိုလ်အကုသိုလ်အဗျာကတ ပဋ္ဌာန်းအကြောင်းတရား တို့ကြောင့် ကုသိုလ် အကုသိုလ် အဗျာကတနှင့်ဆိုင်သော ကြံစည်မှု စိတ်အမူအရာ အစားစား ရုပ်နာမ်တရားတို့ ကြံစည်နေဆဲ အခါထဲတွင် အသစ် အသစ် ကြံစည်နေခြင်းကိုလည်း ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိနိုင်၏။ အသစ် ကြံသမျှ အဟောင်းစိတ် အမူအရာတို့ ပျက်ပျက်လိုက်နေသည့် အနိစ္စအချက် တို့ကိုလည်း ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိနိုင်ကြသည် မဟုတ်ပါလော။

ဤသို့သိရှိကြရသည့်အတိုင်း ဣရိယာပုတ်ကြီး လေးပါးတို့အတွင်းမှာ ထိုထို ကြံစည်မှု ရုပ်နာမ်တို့ အသစ်ပြောင်းသမျှ ကြံစည်မှု ရုပ်နာမ်ဟောင်းတို့ ပျက်ပျောက် အနိစ္စရောက်ချက်တို့ကို သိနေ ကြည့်နေ ရှုနေခြင်းတို့သည်ပင်လျှင် ဝိပဿနာရှုခြင်း မည်၏။

ဤကား ဣရိယာပုတ်ကြီး လေးပါးထဲတွင် စိတ်အမူအရာ အစားစား ရုပ်နာမ်တရားတို့ ဖြစ်ပျက်နေကြပုံနှင့် ဝိပဿနာရှုရပုံများကို အကျဉ်းမျှ ပြချက်ပါတည်း။

WWW.DHAMMARANSI.COM



ဤရှေ့ကပြခဲ့သော ဏ္ဍရိယာပုတ်ကြီးလေးပါးတို့ အတွင်းမှာ ကုသိုလ် အကုသိုလ် အဗျာကတ အကြောင်းရ၍ ကိုယ်အမူအရာ အစားစား၊ နှုတ်အမူအရာ အစားစား၊ စိတ်အမူအရာ အစားစား အားထုတ်မှု ကမ္မပစ္စည်း စသည်များ ပဋ္ဌာန်း တရားတို့ ဖြစ်ပွားနေကြပုံနှင့် ဝိပဿနာအလုပ်ကို အားထုတ်ယူရပုံများကို အကြိမ်ကြိမ် အထပ်ထပ် သိရှိအောင် ရှုကြည့်ထိုက်ကြလှပေသတည်း။ ပဋ္ဌာန်း ပါဠိတော်ကိုမူကား ရေးပြခဲ့ပြီး ကမ္မပစ္စည်းတို့အရနှင့် တူလေသောကြောင့်ဟု မပြတော့ပေ။

❖

## ၅၄။ မိုက်မှားမိသမျှတို့ကို ဝိပဿနာရှုရပုံ။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သတ္တဝါ တိုင်းတို့မှာ ပဋ္ဌာန်းတရား အပြည့်အနက် ရှိနေကြသည်တို့ကို သိရှိသူနှင့် မသိသူတို့ အများကြီး ခြားနားပုံကို ရှေ့ကပြခဲ့သည်မှတစ်ပါး တစ်မျိုးထူးခြား သည်ကို ဥပမာဆိုရမူ မသင့်တင့်သော အဆိပ်ဆေး အာဟာရတို့ကို မှီဝဲမိကြသောအခါ အဖြေကို မသိသူ တို့မှာ ၎င်းအဆိပ်ဆေး အာဟာရတို့ဖြင့်သာ ဘေးဒုက္ခ တွေ့ကြုံကြကာ သေရရှာ သကဲ့သို့ ပဋ္ဌာန်းတရား မသိသူတို့မှာ မိမိတို့ မိုက်မှားမိသည်က ဆက်လက်ကြပြီး မိုက်၍ချည်း သွားကြရသဖြင့် အပါယ်စသော ဘေးဒုက္ခကြီးအတွင်းမှာ မြုပ်နစ်၍သာ အမြဲထာဝရ နေကြရသည်နှင့် တူလှ၏။ ပဋ္ဌာန်းတရား သိသူများကိုမူကား အဆိပ် ဖြေဆေးကို ရမိ သိရှိသောသူတို့သည် မသိလွဲမှား၍ အဆိပ်ဆေး အာဟာရတို့ကို စားမိစေကာမူ ၎င်းဖြေဆေးကို ထပ်မံ စားသောက်ပြန်သဖြင့် ကျန်းမာချမ်းသာစွာ နေထိုင်ရသည့်အတူ ပုထုဇဉ်တို့ အလိုက် မိုက်မှားပျော်ပါး လွန်ကျူးမိငြားသော်လည်း ပဋ္ဌာန်းတရား ဖြေဆေး များကို သုံးစားမှီဝဲကြသဖြင့် ထိုအကုသိုလ်မှု၌ ကုသိုလ် ဖြစ်အောင် အကြောင်းပြု၍ လူနတ်စည်းစိမ်ထက်မက မဂ်ဖိုလ်နိဗ္ဗာန်ကျအောင် ဖြေဆေးအလား ပြုပြင် သွားနိုင်ကြသည် မဟုတ်ပါလော။

အဘယ်သို့ ပြုပြင်ပေးရသနည်း ဟူမူ သူ့အသက်ကို သတ်ပြီးမှ ထိုမကောင်းမှုကို ပယ်ဖျောက်ခြင်းငှာ အလှူကိုလည်း ပေး၏။ သီလကိုလည်း ဆောက်တည်၏။ ဥပုသ်ကိုလည်း ကျင့်သုံး၏။ သမထဘာဝနာဖြင့် ဈာန်ကိုလည်း

WWW.DHAMMARANSI.COM



ရ၏။ ပဋ္ဌာန်းဝိပဿနာကိုလည်း ပွားများ၏။ ထိုထိုဝိပဿနာဖြင့် မဂ်တရားတို့ကိုလည်း ဖြစ်စေနိုင်၏။ အဘိညာဉ် သမာပတ်တို့ကိုလည်း ဖြစ်စေနိုင်၏။ ရပြီးသော သမာပတ် ဝင်စားခြင်းတို့ကိုလည်း ဖြစ်စေနိုင်၏။

ထိုမှတစ်ပါးသော သူ့ဥစ္စာခိုးခြင်း၊ သူ့သားအိမ်ရာ ပြစ်မှားခြင်း၊ မုသားဆိုခြင်း စသော အဆိပ်ထက်မကပြင်းထန်လှသော မကောင်းမှုတို့ကို ပြုမိပြီးမှ သတိသံဝေဂကြီး ကြီးကြီးရ၍ ထိုမကောင်းမှု ပဋ္ဌာန်းအဆိပ်စုတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှာ ရှေ့ကပြခဲ့တိုင်း ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ အစဖြာသော ဖြေဆေးအစားစား ပဋ္ဌာန်းတရားတို့ကို ပွားများအားထုတ်သဖြင့် ထိုထိုအဆိပ်အလား မကောင်းမှုတရားတို့ကို ပယ်ဖျောက်နိုင်ကြရုံမက ရှာန်မဂ်ဖိုလ်တိုင်အောင် ရရှိနိုင်ကြောင်းကို ပဋ္ဌာန်း ပညာဝါရ ဥပနိဿယပစ္စည်း၌။

ပါဏံဟန္တွာ တဿပဋိဃာတတ္ထာယ ဒါနံဒေတိ သီလံ သမာဒိယတိ ဥပေါသထ ကမ္မံ ကရောတိ ရှာန်ဥပ္ပါဒေတိ ဝိပဿနံဥပ္ပါဒေတိ မဂ္ဂံ ဥပ္ပါဒေတိ အဘိညံ ဥပ္ပါဒေတိ သမာပတ္တိံ ဥပ္ပါဒေတိ အဒိန္နံအာဒိယိတွာ မုသာဘဏိတွာ ပိသုဏံဘဏိတွာ ဖရုသံဘဏိတွာ သမ္ဖပ္ပလပိတွာ သန္ဓိံဆိန္ဒိတွာ နိလ္လောပံဟရိတွာ ဧကာဂါရိကံကရိတွာ ပရိပန္ထေဋ္ဌတွာ ပရဒါရံဂန္တွာ ဂါမဃာတံ ကရိတွာ နိဂမဃာတံကရိတွာ တဿ ပဋိဃာတတ္ထာယ ဒါနံဒေတိ သီလံ သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ ရှာန်ဥပ္ပါ ဒေတိ ဝိပဿနံဥပ္ပါဒေတိ မဂ္ဂံဥပ္ပါဒေတိ အဘိညံဥပ္ပါဒေတိ သမာပတ္တိံဥပ္ပါဒေတိ ၊ အစရှိ သဖြင့် ဟောကြားတော်မူအပ်သည်ကို အနက်မြန်မာပြန်ဆိုသော်။

ပါဏံ၊ သတ္တဝါ၏ အသက်ကို။ ဟန္တွာ၊ သတ်၍။ တဿ၊ ထိုမကောင်းမှု အကုသိုလ်ကို။ ပဋိဃာတတ္ထာယ၊ ပယ်ဖျောက်ခြင်း အကျိုးငှာ။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ သီလံ၊ နိစ္စသီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ် သုံးခြင်း အမှုကို။ ကရောတိ၊ ပြု၏။ ရှာနံ၊ ရှာန်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သမာပတ္တိံ၊ သမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဒိန္နံ၊ ဥစ္စာရှင် မပေးအပ်သော ဥစ္စာကို။ အာဒိယိတွာ၊ ခိုးယူ၍။ မုသာ၊ ချွတ်ယွင်းသော စကားကို။ ဘဏိတွာ၊ ပြောဆိုမိ၍။ ပိသုဏံ၊ ချောပစ်ကုန်းတိုက်သော စကားကို။ ဘဏိတွာ၊ ပြောဆိုမိ၍။ ဖရုသံ၊

WWW.DHAMMARANSI.COM



ကြမ်းတမ်းသောစကားကို။ **ဘဏိတွာ**၊ ပြောဆိုမိ၍။ **သမ္ဖံ**၊ အနက်မဲ့ပြား ပြိန်ဖျင်းသောစကားကို။ **ပလပိတွာ**၊ ပြောဆိုပြီး၍။ **သန္ဓိံ**၊ အိမ်ခြံစပ်ကို။ **ဆိန္ဒိတွာ**၊ ဖျက်ဆီးပြီး၍။ **နိလ္လောပံ**၊ ပုန်းအောင်းချောင်းမြောင်း လုယက်ခြင်းကို။ **ဟရိတွာ**၊ ဆောင်ပြီး၍။ **ဧကာဂါရိကံ**၊ တစ်အိမ်တည်း ခြံရံသည်ကို။ **ကရိတွာ**၊ ပြုပြီး၍။ **ပရိပန္ထေ**၊ ခရီးဆုံး၌။ **ဌတွာ**၊ ရပ်၍။ **ပရဒါရံ**၊ သူတစ်ပါး သားမယားကိုပြစ်မှားခြင်းသို့။ **ဂန္တွာ**၊ ရောက်၍။ **ဂါမဃာတံ**၊ ရွာကို လုယက် ဖျက်ဆီးခြင်းကို။ **ကရိတွာ**၊ ပြုပြီး၍။ **နိဂမဃာတံ**၊ ဖျက်ဆီးခြင်းကို။ **ကရိတွာ**၊ ပြုပြီး၍။ **တသ္သ**၊ ထိုအပြစ်ကို။ **ပဋိဃာတတ္ထာယ**၊ ပယ်ဖျောက်ခြင်းအကျိုးငှာ။ **ဒါနံ**၊ အလှူကို။ **ဒေတိ**၊ လှူ၏။ **သီလံ**၊ သီလကို။ **သမာဒိယတိ**၊ ဆောက်တည်၏။ **ဥပေါသထကမ္မံ**၊ ဥပုသ် သုံးခြင်း အမှုကို။ **ကရောတိ**၊ ပြု၏။ **ဈာနံ**၊ ဈာန်ကို။ **ဥပ္ပါဒေတိ**၊ ဖြစ်စေ၏။ **ဝိပဿနံ**၊ ဝိပဿနာကို။ **ဥပ္ပါဒေတိ**၊ ဖြစ်စေ၏။ **မဂ္ဂံ**၊ မဂ်ကို။ **ဥပ္ပါဒေတိ**၊ ဖြစ်စေ၏။ **အဘိညံ**၊ အဘိညာဉ်ကို။ **ဥပ္ပါဒေတိ**၊ ဖြစ်စေ၏။ **သမာပတ္တိံ**၊ သမာပတ်ကို။ **ဥပ္ပါဒေတိ**၊ ဖြစ်စေ၏။ ဟု အနက်မြန်မာပြန်ဆိုသည့်အတိုင်း ပွားများ အားထုတ်ကြကုန်ရာ၏။

အို ... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့၊ အကယ်၍မိမိတို့မှာ ထင်ရှားဖြစ်ပေါ်နေနိုင်ကြပါသော ထိုထိုလောဘကြမ်း၊ ဒေါသ ကြမ်း တို့ကို အနာဂါမိမဂ် အရဟတ္တမဂ်တို့ဖြင့် အကြွင်းမဲ့ ပယ်ဖျက်ပြီးသား မဟုတ်ပြား၍ ပုထုဇဉ် ဂတိအားလျော်စွာ ယခုလက်ငင်း ချက်ချင်း တွေ့ရှိနေဆဲ အခါ၌ လောဘကြမ်း၊ ဒေါသကြမ်းတို့ဖြစ်ပေါ်လာခဲ့လျှင် ယခုလည်း တာရှည်စွာ မဖြစ်ပွား။ နောင်အခါများတွင်လည်း စိတ်အစဉ်မှာ မဝင်လာစေကြောင်း နည်းကောင်း နည်းမြတ်တို့ကို သင်တို့အလိုရှိကြသည် မဟုတ်ပါလော။

ထိုအလိုရှိအပ်သော နည်းကောင်း နည်းမြတ်တို့ကား ထိုလောဘ ဒေါသတို့ ဖြစ်အောင် ကြံဆောင် ပြုလုပ်သော သူတစ်ပါးတို့၏ ကိုယ်နှုတ်စိတ် အမှုအရာ တို့နှင့်တကွ အတွင်းသား ရုပ်နာမ်တို့သည်လည်းကောင်း။ ထိုထိုအမှုတို့ကို အပြုလုပ်ခံရဆဲအခါထဲ၌ မိမိတို့မှာ ဖြစ်ပေါ်လာကြသော ကိုယ်နှုတ်စိတ် အမှုအရာ တို့နှင့်တကွ အတွင်းသား ရုပ်နာမ်တို့သည်လည်းကောင်း။ ယခုပြေငြိမ်း ပပျောက်အောင် ဆင်ခြင်နေဆဲ အခါထဲသို့ ကျရောက်အောင် မလိုက်ပါနိုင်ကြဘဲ ထိုထိုရှေးအခါက ဖြစ်ပေါ်လာ ကြခဲ့သော သူ့အမှုအရာနှင့် သူ့ရုပ်နာမ်တို့ အဖန်ဖန် ချုပ်ပျောက်သေဆုံး၍ စုံးစုံးမြုပ် မြုပ်မြုပ်လိုက်နေကြသော အနိစ္စအချက်စုကို

WWW.DHAMMARANSI.COM



ပြန်၍ပြန်၍ကြည့်ရှုပြီးလျှင် ဖြစ်ပျက် လိုက်နေသော ထင်ရှားသည့်အချက်စုတို့ကို ကြည့်ကာ သိကာ အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ ဟု တစ်နာရီ နှစ်နာရီ စသည် ကြာအောင် ဝိပဿနာ ရှုလိုက်ပါမှ သူတစ်ပါးဖြစ်ပြီး အလှကောင်မ အလှကောင်ထီးတို့၏နှစ်သက်ဖွယ်ကောင်းလှသောကိုယ်နှုတ်စိတ်အမူအရာဟောင်းတို့လည်းမရှိ။ သူတစ်ပါးဖြစ်ပြီး ဒေါသဖြစ်ကြောင်း ကိုယ်နှုတ်စိတ် အမူအရာဟောင်းတို့လည်းမရှိ။ မိမိတို့ဘက်က ငါဖြစ်ကြပြီး ထိုသူတို့နှင့် ရောယောင်၍လည်း လောဘထွက်နေ ဒေါသထွက်နေသော ကိုယ်နှုတ်စိတ် အမူအရာဟောင်းတို့လည်း ယခုအခါ မိမိမှာ မရှိကြဘဲ နှစ်ဦးစလုံးတို့မှာ အတွဲလိုက်အတွဲလိုက် အမြဲ သေပျောက် လိုက်နေချက်တို့ကို ထင်မြင်သိရှိကြပြီးလျှင် နှစ်သက်သော လောဘ၊ အမျက်ထွက်သော ဒေါသတို့ ပျောက်ငြိမ်းရုံမက မင်္ဂဖိုလ်ကြအောင် ပေါက်ရောက် သွားနိုင်ကြကြောင်းကို ကောဒသနိပါတ် ပါနိယဇာတ်၌ ရေခိုးမိရာက မင်္ဂဖိုလ်ရဖူးသော သက်သေကား။

ကာသိတိုင်း တစ်ခုသောရွာ၌ အဆွေခင်ပွန်းနှစ်ယောက် လယ်တောသို့ သွားကြရာ တစ်ယောက်၏ ရေဘူးထဲကရေကို ခိုးလိုသောစိတ်ဖြင့် သောက်မိပြီးနောက် ၎င်းအပြစ်ကို ကြောက်လှ၍ ခိုးသောက်မိသော မကောင်းမှုများကို စဉ်းစား၍ ထိုမကောင်းမှုတို့ ဖြစ်ပြီးလျှင် အကုန်အစင် ချုပ်ပျောက်သွားမှု အနိစ္စ ဝိပဿနာစုက ဆက်လက်၍ အထက်ဉာဏ်ကြီးတွေပါ ထင်မြင် ပေါက်ရောက်လာလျက် ပစ္စေက ဗောဓိဉာဏ်ခိုက်အောင် ဆိုက်ရောက်သောအခါ မိမိရသော မင်္ဂဖိုလ်နိဗ္ဗာန်တို့ဂုဏ်ကျေးဇူး အထူးတို့ကို နှလုံးသွင်းကာ ရပ်လျက် တည်နေပါသည်ကို ထိုရေရှင် ခင်ပွန်းက လာ၍ အဆွေ အိမ်ပြန်ကြစို့ဟု ခေါ်သောအခါ ငါအိမ်သို့မပြန်လို ယခု ပစ္စေကဗုဒ္ဓါအစစ် ဖြစ်ပြီဟု ဆိုလျှင် ၎င်းအဖော်က ပစ္စေကဗုဒ္ဓါဆိုတာ သင်လိုမဟုတ်ပါ။ သပိတ်သင်္ကန်း ဝတ်ဆင်မြန်းကာခေါင်းတုံးပါလျက် ဖြစ်ကြချက်ကို ပြောဆိုသောအခါမှ သတိရ၍ မိမိဦးခေါင်းကို လက်ဖြင့် သုံးသပ်လိုက်မှ ပစ္စေကဗုဒ္ဓါတို့အသွင် ထင်ရှား၍ နန္ဒမူလိုဏ်ဂူသို့ ကြွသွားတော်မူကြောင်း ထုံးဟောင်း သာဓကများကို သက်သေထားကာ ရှေးက မိမိတို့အပေါ်မှာ စော်ကားနှိပ်စက်လာသူ အနှိပ်စက်ခံသူများ နှစ်ဦးသား ရုပ်နာမ်တို့သည် အတွဲလိုက် အတွဲလိုက်ကြီး ချုပ်ပျောက်လျက် အနိစ္စ ရောက်ချက်များကိုလည်းကောင်း။ ရှေးက တွေ့ကြုံခံစားခဲ့ဖူးသော အလှကောင် အလှခဲ အလှဝတ္ထု

WWW.DHAMMARANSI.COM



တို့ကိုပင် တဏှာဝင်၍ ခင်မင်သူ ရုပ်နာမ်နစ်တွဲတို့လည်း မစဲ ချုပ်ပျောက် အနိစ္စ ရောက်မှုကိုရှု၍ မင်္ဂဖိုလ်ရသော ဝတ္ထုကား။

ဇင်းနိပါတ်လာ ကာသိတိုင်း ကာသိရွာမှာ သူကြွယ်တစ်ယောက်ဟာ သူတစ်ပါးမယား အလှကောင်မများကို စိတ်ပြစ်မှားကာ ထိတ်လန့်ပါလျက် ဇင်းအပြစ်စု ခန္ဓာစုကို ဝိပဿနာရှုရာ ပစ္စေကဗုဒ္ဓါဖြစ်လာသော ထုံးများကို နလုံးထား၍ ချစ်ခင်လှနေကြသော မိမိသူတစ်ပါး နှစ်ဦးသား ရုပ်နာမ်တို့လည်း အတွဲလိုက် အတွဲလိုက်ကြီး ချုပ်ပျောက်လျက် အနိစ္စရောက်ချက်များကို လည်းကောင်း။ ကြပ်ကြပ်ကြီး စဉ်းစား၍ ရှေးက ပြခဲ့ကြသော လောဘအငုပ် ဒေါသအငုပ်များ စွဲဒဏ်တရားတို့ကို ငါသူတစ်ပါး အထင်အမှတ် မထားကြဘဲ တစ်ခါတည်း ဖျောက်ဖျက်လိုက်ကြပါလေ။

(တစ်ထွေတစ်နည်းမှာ) ကြပ်ကြပ်ကြီး မစဉ်းစားမိ၍ ယခု အသစ်ဖြစ်နေကြသော ရုပ်နာမ်သမားချင်းတို့ကို အရင်က မိုက်ကြရင်းကြိုက်ကြရင်း ရုပ်ဟောင်း နာမ်ဟောင်းတို့ လုပ်ကြပြီးလျှင် ရှေးကအတိုင်း အမျက်မစင် ဒေါသဝင် နေကြပါသေးမှု လည်းကောင်း။ ရှေးကအတိုင်း ရှုးနောက်မှုမစင် အလှကောင်မ အလှကောင်ထီး ပစ္စည်းဝတ္ထုတို့ကိုပင် ချစ်ခင်သောလောဘ ဝင်နေကြမှု လည်းကောင်း။ ကျေအေး အောင် မိမိကိုယ်ကို မိမိ ဆုံးမကြရပုံကား။

ငါတရားသိသည်ဟု ထင်မြင်နေသောအမောင်အမိ။ အမှုနှင့် လက်ငင်းတွေ့ ရာမှာ ပုထုဇဉ်တို့ဂုဏ်ဓလေ့ပေမို့ မေ့လျော့၍ မိုက်မိပါသည် မှားမိပါသည် ဆိုလျှင် သာ တော်ပါသေးသည်။ ယခုမှာကား ရှေ့မိုက်မိ ကြိုက်မိခဲ့သော အတွင်းရှိ ဓာတ်သားစုဟာ သူကောင် ငါကောင်တို့လည်း မဟုတ်ပါ။ ယခုလည်း မရှိကြပါ သည်ကို အသေအချာသိရှိပြီး ဖြစ်ပါလျက် သူ့ကို ဒေါသ မကျေအေးနိုင်ဘူး၊ သူ့ကို ချစ်မှုလောဘ မဖြေမဝေးနိုင်သေးဘူးဟု ထင်နေကြသော အချက်တို့သည် သက်သက် ငါရှုးချက်၊ ငါမိုက်ချက်၊ သက္ကာယဒိဋ္ဌိ ငါမပျောက်ချက်၊ အနိစ္စ ဝိပဿနာအစစ်ကို ငါမသိချက်၊ အဝီစိစသော အောက်နရက်တို့မှာ ကမ္ဘာနှင့် ရက် တွက်၍ ထောင်တစ်သက်ခံရကြဖို့ ငါပနက် သဲချချက်တို့ပေတည်းဟု ကြောက် ထိတ်လန့်မှု သံဝေဂကြီး ကြီးကြီးထားကြကာ ရှေးကထားခဲ့သော ရန်ငြိုး ဒေါသများ သူငါလုပ်ပြီးလျှင် ချစ်ခင်ခဲ့ဖူးသော တဏှာဒိဋ္ဌိများကို ကုန်စင်အောင် ပယ်ရှား၍ ရှေးကပြခဲ့သော ဝိပဿနာ အဆင့်ဆင့်အတိုင်း ပွားများကြ ကုန်ရာသည် (ဝါ) ပွားများကြပါလေ။

WWW.DHAMMARANSI.COM



ဤကား ပဋ္ဌာန်းတရားမသိကြဘဲ မိုက်မဲနေကြသူတို့ထက် ပဋ္ဌာန်းတရား သိကြားနားလည်သူတို့က မိုက်မှားပြီးသော အကုသိုလ်တို့ကိုပင် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာခွင်သို့ အလျင်အမြန် ရောက်ရှိကြရန် အသုံးချနိုင်သော နည်းအမြွက်ကို ပြဆိုချက်ပါတည်း။

❖

## ၅၄။ မိုက်မှားပြီးသား အကုသိုလ်များကို ပယ်ဖျောက်ပုံ။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ မိမိတို့ပြုခဲ့ပြီးခဲ့သမျှသော အကုသိုလ်ကြီးတို့ကို ပယ်ဖျောက်နည်းတဝဖြင့် ထင်ရှားအောင် ပြရမူ။ မည်သူမဆို ပုထုဇဉ်မှန်သမျှ မိမိတို့လောဘအလျောက် ဒေါသအလျောက် မောဟအလျောက် မိုက်ခွင့်သာသလောက် သိသိသာသာ အမှတ်တရ မိုက်မှားထားမိ ကြတာများ ရှိတတ်ကြလေ၏။ ထိုမိုက်မှားမိသော အပြစ်များကို ကျန်းမာစဉ်အခါက ပယ်ဖျောက်နည်း အဝဝတို့ဖြင့် မပယ်ဖျောက် ကြဘဲ အမှတ်တမဲ့ နေလိုက်ကြပါမူ ထိုထို မိုက်ကြွေး မှားကြွေး အကုသိုလ်ဘေး တို့က မအေးငြားကြဘဲ မိုက်မှားသူတို့ ကျန်းမာချမ်းသာတုန်း အခါတို့မှာ ခပ်ပြုံးပြုံးကလေး ရှိရှာကြသေး၏။ အကုသိုလ် အခွင့်သာ၍ မကျန်းမာကြသော အခါ မညှာမတာသော ကြွေးရှင်ကြီး မောင်ချစ်တီးတို့က ပစ္စည်းရှိသမျှ လေလံ တင်၍ ပြောင်စင်အောင် ယူရုံမက လူကိုလည်း ထောင်ချ လိုက်သေးသလို ထိုအကုသိုလ်က ရောဂါအမျိုးမျိုး ကာယိကဒုက္ခ ဆိုးကြီးတွေနှင့်လည်း နှိပ်စက် စေတသိကဒုက္ခဆိုး အချက်တို့မှာတော့ သေခါနီးအခါတို့မှာ အပါယ်ဘက်သို့ ကျရန် အရိပ်နိမိတ်ကြီးတို့ဟု ဆိုအပ်သော မိမိတို့မိုက်မှားခဲ့ဖူးသော အကုသိုလ် ကံဟူသမျှတို့ကို မထင်ခြင် မနေရဘဲ သတိတရရရှိနေကြတတ်သော (ကံနိမိတ်) ထိုအကုသိုလ်အာရုံတွေအကုသိုလ်ပြုနေပုံအခြင်းအရာတွေမထင်ခြင်မနေရဘဲ သတိတရရ ရှိနေကြတတ်လှသော (ကမ္မနိမိတ်) ထိုအကုသိုလ် အခွင့်ပေးရာ အပါယ်ဘုံတို့မှာ ဆင်းရဲခံကြစရာ ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီး၊ ခွေးနက်ကြီး စသည်တို့ပါ မထင်ခြင် မနေသာဘဲ သတိတရရ ရှိနေကြလှသော လားရာ (ဂတိနိမိတ်) အစားစား တို့ ဘွားဘွားကြီး ထင်မြင်လာကြတော့မှ ကြောက်ထိတ်

WWW.DHAMMARANSI.COM



စိုးရိမ် ညှိုးပိန်ပူဆွေး ငိုကြွေး ဆင်းရဲ ဘယ်လောက်မှ စိတ်မချမ်းသာကြဘဲ စေတသိကဒုက္ခ အနည်းနည်း တို့နှင့်လည်း နှိပ်စက်ကြပြီး အပါယ်ထောင် ဘေးကြီးတို့မှာ တစ်ခါတည်း မလွတ်ရအောင် ဖြစ်ဖြစ်နေကြရဖို့သာ ထိုလွန်ကျူး လိုသော စေတနာနှင့် သိသိသာသာ မိုက်မှားထားကြသော အကုသိုလ် တည်းဟူသော မောင်ချစ်တီး ကံအကြောင်းကြီးတို့ ဖြစ်နေကြသောကြောင့် ထိုလွန်ကျူးလိုသော စေတနာနှင့် သိသိသာသာ မိုက်မှားထား ခဲ့ဖူးသော အကုသိုလ်ကံ အထူးများကို အမှတ်တမဲ့ မထားကြဘဲ မိုက်ခဲ့သမျှ သတိရအောင် စဉ်းစားကြပြီးလျှင် ထိုမိုက်မိခဲ့သော ဒုစရိုက်အပေါက်ကပင် အကုသိုလ် ကြွေးမြီစင်အောင်။

**ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယမော။** **ဥပ္ပန္နာနံ**၊ မိုက်မှားမှုအထူး ဖြစ်ဖူး ကုန်သော။ **ပါပကာနံ**၊ အကုသိုလ်တရားတို့ကို။ **ပဟာနာယ**၊ ပယ်ဖျောက်ခြင်းငှာ။ **ဝါယမော**၊ ကြိုးကြိုးကုတ်ကုတ် အားထုတ်ရခြင်းလည်းကောင်း။ ဟူသော သမ္မပဓာန် ပါဠိတော်အရ ပယ်ဖျောက်နည်း အဝဝတို့တွင် စောင့်စည်း၍ ကင်းစင်ပုံများကို ထင်ရှားစွာ သိစေလိုသောကြောင့်။

**တညို နပုနေဝံ ကရိဿာမိတိ စိတ္တာဓိဋ္ဌာန သံဝရေနေဝ သုဖ္ဖနတော သံဝရသုဒ္ဓိတိ ဝုစ္စတိ။** **တိ**၊ စောင့်စည်း၍ စင်ကြယ်ပုံများကို ထင်ရှားအောင် ပြဆိုဦးအံ့။ **တံ**၊ ထိုသီလကို။ **ပုန**၊ တစ်ဖန်။ **ဧဝံ**၊ ဤကဲ့သို့ လွန်ကြူးခြင်းကို။ **နကရိဿာမိ**၊ ငါမပြုတော့အံ့။ **ဣတိ**၊ ဤသို့။ (ဝါ) ဤလို။ ဤပုံ။ **စိတ္တာဓိဋ္ဌာန သံဝရေနေဝ**၊ စိတ်ကို ဆောက်တည်၍ စောင့်စည်းသဖြင့်သာလျှင်။ **သုဖ္ဖနတော**၊ စင်ကြယ်သောကြောင့်။ **သံဝရသုဒ္ဓိတိ**၊ စောင့်စည်းသဖြင့် စင်ကြယ်၏ဟူ၍။ **ဝုစ္စတိ**၊ ဆိုအပ်၏။ ဟူ၍ ပါရာဇိကဏ် အဋ္ဌကထာ မိန့်မှာတော်မူသည်နှင့်အညီ အမှတ်တရ လူကြီးကိုပင် သတ်မိကြစေကာမူ ထိုပါဏာတိပါတ ပေါက်က ဘယ်တော့မှ နောင်မပေါက်ရ။ မလွန်ကြူးရအောင် စာစကားနှင့် (**နပုနေဝံ ကရိဿာမိ**) ရွာစကားနှင့် (နောက်တစ်ဖန် ဤအမှုမျိုးကို ငါမပြုတော့အံ့ဟု) မြဲမြဲမြံမြံ ဓိဋ္ဌာန်ဆောက်တည်ပြီးမှ နေ့တိုင်း ပုတီးပါတ် (၅၀)(၆၀) စသည်ရအောင် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြည်ပါ၏ ဟု ပုတီးနှင့် လည်းကောင်း၊ နာရီနှင့် လည်းကောင်း သီလကုသိုလ်များကို အထပ်ထပ် ဆောက်တည် ပွားများ ထားလိုက်ကြပါက ခရီးတစ်တိုင် လမ်းများသွားသောသူသည် တစ်တိုင်

WWW.DHAMMARANSI.COM



ပြန်လာက လမ်းမှန်သို့ ပြန်ရောက်တာလို ဇင်းမိုက်မှားခဲ့သည့် ဒုစရိုက်ကို ယခု ဆောက်တည်သော သုစရိုက်တရားနှင့် ပယ်ရှားကြပါလေ။

ထိုအပြင် လွန်ကြူးခဲ့မိသမျှကြွင်းသီလတို့ကိုလည်း အဟုတ်ရှောင်ကြဉ်ရန် မြဲမြဲမြံမြံကြီး (နပုနေဝံ ကရိဿာမိ) နောင်တစ်ဖန် ဤအမှုကို မပြုတော့အံ့ဟု အဓိဋ္ဌာန် ဆောက်တည်ကြပြီးလျှင် အသီးအသီး ပုတီးပါတ်များများကြီး စိပ် သွားကြရန်ကား။

သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

သူ့သားအိမ်ရာကို လွန်ကြူးခြင်းမှ ရှောင်ကြဉ်ပါ၏။

မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

ဆဲရေးသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

အနက်ကင်းပြား လုပ်ကြံ၍ ရေးသားအပ်သော ဇာတ်ဝတ္ထုစကားကို ပြောဆို ခြင်းမှ ရှောင်ကြဉ်ပါ၏။

ဒုစရိုက်နှင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ပါ၏။

ဤသည်တို့ကား။ အာဇီဝဋ္ဌမကသီလ ကျိုးပေါက်ကြသူများ ပုတီးစိပ် သွားကြဖို့တည်း။

မနောပေါက်က ပုတီးစိပ်ကြဖို့ကား။ သူ့တစ်ပါးဥစ္စာကို ငါ့ဟာဖြစ်ပါစေဟု ကြံစည်ခြင်းမှ ရှောင်ကြဉ်ပါ၏။

သူတစ်ပါးတို့ ဆုံးပါးပျက်စီးခြင်းကို ကြံစည်ခြင်းမှ ရှောင်ကြဉ်ပါ၏။

မှားသော မိစ္ဆာအယူကို ယူခြင်းမှ ရှောင်ကြဉ်ပါ၏။

ဤကား သုစရိတ သီလသမား မနောဒုစရိုက် ဖြစ်မှားသူတို့ ပုတီးစိပ်ကြကာ အပြစ်ကို ပယ်ဖျောက်ကြဖို့ရာတည်း။

ဤသို့ ရေးပြထားတိုင်း လွန်ကျူးမိသမျှ ပုတီးစိပ်ထားကြသူတို့ နောင် ဘဝမှာ ဇင်းသီလပျက်မှုနှင့် သတိရ၍ သံသယဖြစ်လာကြမှု ငါသည် ထိုဒုစရိုက်တို့ ပြေငြိမ်းအောင် ရာထောင်မကသော သုစရိုက်တရားနှင့် ပယ်ရှားပြီးသားကပဲ ဘာအတွက်ကြောင့် သံသယဆက်ရမှာလဲ ဟု အာရုံကို ပြောင်းလဲ၍ စွဲမြဲလိုက်က အကုန်လုံး ကင်းငြိမ်းရ၏။ နောက်နောင် သံသရာမှာ ဒုစရိုက်အကျိုးပေးလာ စေကာမူ ယခု ပုတီးစိပ်ထားသည့် သုစရိုက်တရားတို့ကလည်း ထိုအပြစ်မှ

WWW.DHAMMARANSI.COM



လွတ်လပ်ခွင့်ကို ပေးနိုင်ကြကုန်၏ ဟု လယ်တီဆရာတော်ဘုရားကြီးများ မိန့်ကြား နည်းပေးတော် မူခဲ့သည့်အတိုင်း စောစောစီးစီးက ၎င်းဒုစရိုက်တို့၏ အပြစ်ကို ပြေငြိမ်းကြအောင် အထူးအားထုတ်ကြပါလေ ကြားသိသမျှအပေါင်း သူတော်ကောင်းတွေတို့။

ဩော်... အလွန့်အလွန်ကြီး ကရုဏာရှေ့ထား၍ ရှေ့က ချစ်ခင်ခဲ့သူ ရန်ဖြစ်ခဲ့သူ နှင့်စပ်သော လောဘအငုတ် ဒေါသအငုတ်များ စွဲဒဏ်တရားတို့ကို ဝိပဿနာတရားနှင့် ပယ်ရှားနိုင်လောက်အောင်လည်းကောင်း မိုက်ပြီးသား မှားပြီးသား ဒုစရိုက်တရားတို့ကို ရှာဖွေ၍ သုစရိုက်တရားတို့နှင့် မိဋ္ဌာန် ဆောက်တည်ပြီး ပယ်ဖျောက်နည်း အဝဝတို့ဖြင့် စောစောက ပယ်ဖျောက်ကြရန် တို့ကို လည်းကောင်း။ အကြိမ်ကြိမ် အထပ်ထပ် ရေးပြအပ်သည်တို့ကို မိမိတို့၏ အကြီးဆုံးဘေး အပြစ်ကြီးတို့မှ လွတ်မြောက်ရန် အချက်ကောင်း အကွက် ကောင်းကြီးတို့တည်းဟု သိရှိကြပြီးလျှင် ဖျောက်နည်း အဝဝတို့ဖြင့် ပယ်ဖျောက်ကြခဲ့စွ၊ ပယ်ဖျောက်ရန်ပင် ကြံမိခဲ့စွ၊ ထိုသို့မကြံမိဘဲ တည်မြဲတိုင်း တည်ရှိကြပါမူ၊ သေပေါက် သေဝတို့မှာ ထိုအပြစ်တို့ဘွားဘွားကြီး ထင်လာကြပြီး အပါယ်သို့ချည်း ကျရောက်မည့် ဒုက္ခ ဒုက္ခ ဒုက္ခ ဒုက္ခ ဟူ၍သာ ကရုဏာ ရှေ့ထားကာ ညည်းတွားလိုက်ရပါတော့သတည်း။

ရှေးရှေးက ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် တရားတို့က ဖြစ်ပွားသော အကုသိုလ်ကံတရား၊ ထိုထက်လွန်ကဲသော အကုသိုလ် ကမ္မပထတရားများကို ပယ်သတ်နိုင်သော ဘဝမျိုးကား အလွန်ရခဲ၏။ မြတ်စွာဘုရား သာသနာတော်ကြီးနှင့် ပက်ပင်းပါတွေ့ကြုံ၍ ဘုရားဟောတော် မူအပ်သော နိယျာနိက ဓမ္မဒေသနာနည်းကို ကြားသိရ၍ ထိုနည်းဖြင့် သတ်ပါမှသာ ထိုအကုသိုလ်တရားတို့ကင်းရှင်းနိုင်ကြသည်။ ထိုအကုသိုလ် တရားတို့ကို ပယ်သတ်ရန်မှာ သာသနာတွင်း၌ သမ္မာဒိဋ္ဌိ လက်နက်ကြီးပင် ဖြစ်သည်။ ထိုလက်နက်ကြီး တည်နေရာဌာနလည်း ပဋ္ဌာန်းကျမ်းတည်းဟူသော ဂိုဒေါင်ကြီးပင် ဖြစ်သည်။ ထိုဂိုဒေါင်ကြီးမှ ရှိနေသော သမ္မာဒိဋ္ဌိလက်နက်ကြီးကို အသုံးပြုလိုလျှင် ထိုပဋ္ဌာန်းကျမ်းတည်းဟူသော ဂိုဒေါင်ကြီးမှ ထုတ်ယူ၍ ဓာတ်ဆီ ထည့်တန်သည့်နေရာ ဓာတ်ဆီထည့်ကာ မိမိနှင့်ဆိုင်ရာ တပ်ဆင်သင့်သော နေရာမှာ တပ်ဆင်ကာ သူ့နေရာနှင့်သူ တပ်ဆင်တပ်မှပင် ထိုလက်နက်ကြီး ကိစ္စပြီးစီးနိုင်သည်။ တပ်ဆင်ပုံကား။

WWW.DHAMMARANSI.COM



ရုပ်နာမ်တရား မြင်အောင်ကြည့်ရမည်။ ဘုရား တရား သံဃာ မြင်အောင် ကြည့်ရမည်။ သာသနာသုံးပါး မြင်အောင်ကြည့်ရမည်။ ရုပ်နာမ်၏အကြောင်း မြင်အောင်ကြည့်ရမည်။ ရုပ်နာမ်၏ အနိစ္စ. ဒုက္ခ. အနတ္တ မြင်အောင်ကြည့်ရမည်။ ၎င်းအပေါက်ကြီးမှတစ်ပါး မဂ်ဖိုလ်နိဗ္ဗာန်ဝင်အောင် အပေါက် တစ်ပေါက်မျှ မရှိချေ။ ထိုအပေါက်ကို ရှာလိုလျှင် ပဋ္ဌာန်းတရားကြီးကစ၍ ရှာကြပါလေ သူတော်ကောင်း တွေတို့။

❖

## ၅၅။ ဗုဒ္ဓဘာသာဝါဒနှင့် လောကဓာတ်ပညာ အယူဝါဒတို့ ညှိနှိုင်းကြပြီး ဝိပဿနာ စခန်းသို့တက်လှမ်း၍ ရှုကြည့်ရပုံ။

အို... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ သင် တို့သည် ရှေ့ကပြဆိုခဲ့ပြီးသော ပဋ္ဌာန်းတရား အစားစားနှင့် အနောက်နိုင်ငံ ဓာတုဗေဒ ဆရာများ ကျမ်းဂန်အစားစားတို့နှင့် ညှိနှိုင်းကြကာ ဝိပဿနာ အလုပ်ကြီးများကို အလွယ်ဆုံးနည်းအရနှင့် သိရှိအားထုတ်သင့်ကြသည် မဟုတ်ပါလော။

ဤသိရှိအားထုတ်လိုကြပါမူ ရှေ့က ပြဆိုခဲ့သည့်အတိုင်း အကောင်အထည် ဒြပ် ပညတ်ကြီးငယ်တို့ကို တွေ့မြင်သိရှိကြသောအခါ ထိုပညတ်တို့၏ အတွင်း ထဲမှာ မြေကလာပ် ရေကလာပ် မီးကလာပ် လေကလာပ် စသည် ကလာပ်မှုန့် အမျိုးမျိုးတို့ကလည်း အကောင်အထည် ဒြပ် ပညတ် မဟုတ်ကြကုန်။ ထိုအကောင်အထည် ပညတ်တို့ကလည်း ထိုထိုကလာပ် အမျိုးမျိုးတို့မဟုတ်ကြ ပုံကို ဒိဋ္ဌိဝိသုဒ္ဓိစခန်းက ပရမတ် ပညတ်ခြား၍ ပြခဲ့သည့်အတိုင်း အနောက်နိုင်ငံ လောကဓာတ်ပညာဘက် တို့မှာ လွန်ခဲ့သောအနှစ် (၂၅၃၀)အထိ အနောက်နိုင်ငံ ဝိဇ္ဇာပညာရှိကြီးများ ဆုံးဖြတ်ချက်ချထားသည်မှာ ရွှေ. ငွေ. သံ. သွပ်. ကြေး အစရှိသည့် ဝတ္ထု ဓာတ်စင်များ၏ အသေးငယ်ဆုံးသော အဏုမြူသည် ပင်ကို ဓာတ်စင်၏ သဘောအတိုင်းသာ ဖြစ်သည်။ ရှေ့သို့ ပိုမိုတိုးတက်၍ ခွဲစိတ်နိုင်ရန် မဖြစ်ဟု ဆုံးဖြတ်ထားကြလေသည်။

WWW.DHAMMARANSI.COM



သို့သော် အနှစ် (၂၅၃၀) နောက်မှ ပေါ်ပေါက်လာသော ရေဒီယံသတ္တုနှင့် တန်ခိုးအလွန်ကြီးသော (အိပ်စရေခေါ်) အလင်းရောင်ခြည်များ၏ အထောက်အပံ့ဖြင့် အလွန် အံ့ဩဖွယ်ရာဖြစ်သော သတ္တုဓာတ်စင်တို့၏ အဏုမြူတရားသစ် ပေါ်ပေါက်လာလေ၏။ ၎င်းတရား၏အဆိုမှာ ဓာတ်စင်တို့၏အသေးငယ်ဆုံးသော မူလအဏုမြူသည် အစိုင်အခဲမဟုတ် ဟုအနောက်နိုင်ငံဝိဇ္ဇာပညာရှိကြီးတို့ထိုထို အထည်ဒြပ်အတွင်းက ဓာတ်အလင်း သိရှိထင်မြင် ပေါက်ရောက်ကြသည်နှင့် တစ်ထပ်တည်းတူလှ၏ဟု သင်တို့ နီးနော၍ ဝိသုဒ္ဓိမဂ်သို့ တက်လှမ်းသိရှိ ထိုက်သည် မဟုတ်ပါလော။

ထိုတစ်ပါး ထိုကျမ်းတို့မှာလည်းကောင်း အသေးဆုံး အဏုမြူမှ လျှပ်စစ်ဓာတ်ဖိုကလေးတစ်ခုကို ဓာတ်မကလေးတွေ ခြံရံပြေးလွှားနေသည်ဟု ပြဆိုရေးသားကြသည်ကား အခြားမဟုတ် ငါတို့ကျမ်းဂန်မှာလာသော ပရမာဏုမြူ (၃၆)လုံးတို့ ပေါင်းစုမိသောအခါ အထည်ဒြပ်ပေါ်ပေါက်လာသော အဏုမြူဒြပ် အတွင်းရှိ ရုပ်ကလာပ်တို့အတွင်းမှာပါသည့် ဓာတ်စွမ်းကောင်း တေဇောတို့က ပေါက်ဖွား ဖြစ်ပေါ်စေကြသော သားမြေးမြစ် စသည် အသစ်အသစ် ဖြစ်ပေါ်နေကြသည့် အဏုမြူ ရုပ်ကလာပ်စုတို့ပင် ဖြစ်သည်ဟူ၍လည်း ဗုဒ္ဓဘာသာကျမ်းဂန်တို့နှင့် နီးနော၍ သင်တို့သိထိုက်ကြသည် မဟုတ်ပါလော။

ဤရေးကပြခဲ့သော စကားနှစ်ရပ်တို့အရနှင့် သတ္တုချ၍ သိကြရန်ကား။ ထိုထို အကောင်အထည်ဒြပ် ပညတ်ကြီးတို့အတိုင်း တစ်ခုတည်း တစ်ကောင်တည်းမဟုတ် အဏုမြူဓာတ်မှုန့်ကလေးများတို့သာ ပေါင်းစု၍ အထည်ဒြပ် ပညတ် ဖြစ်ပေါ်လာသည့် အပြင် ၎င်းအဏုမြူ ဓာတ်ဖိုကလေးတွေက ဓာတ်မကလေး အစားစားနှင့် ပေါင်းစပ်ကြ၍ သားမြေးမြစ် အဆက်ဆက်တို့ ပေါက်ဖွားကြလျက် ထိုထို အကောင်အထည် ဝတ္ထုကြီးတို့အဖြစ် ကြီးပွားတိုးတက်လာသည်ဟူ၍လည်းကောင်း။ မကြီးသေးဘဲ ရှေးအတိုင်း တည်တံ့နေသည် ဟူ၍လည်းကောင်း။ လူအများတို့ သိရှိကြ၏။

ဤကဲ့သို့ သိရှိနေကြရာတွင် ထိုထိုအကောင်အထည်ဒြပ် ပညတ်ကြီးငယ်တို့နယ်က အကုန်လုံး ကွယ်ပျောက်၍ မသွားသော်လည်း အတွင်းသား မြန်မာလို ပရမတ်နယ် အနောက်နိုင်ငံသား ဝိဇ္ဇာပညာရှိကြီးများအလို ဟိုက်ဒရိုဂျင်ဓာတ်စင်၊

WWW.DHAMMARANSI.COM



ကာဗွန်ဓာတ်စင်၊ နိုက်ထရိုဂျင်ဓာတ်စင်၊ အောက်စီဂျင်ဓာတ်စင်၊ ယူရေနီယံဓာတ်စင် တို့နယ်ကမူကား တစ်မျိုးတစ်မျိုးစီ ပေါ်ပေါက်လာခြင်းကွယ်ပျောက်ခြင်း တို့မှုကား မထူးခြားကြဘဲ တူလှသည်ကိုလည်း သင်တို့ သိထိုက်သည် မဟုတ်ပါလော။

အို… တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့။ ဤရေးက အမျိုးမျိုး နှိုင်းဆ၍ ပြခဲ့သည့်အတိုင်း ထိုထိုဝတ္ထုကြီးငယ် အတွင်းသားတို့ တစ်မျိုးတစ်မျိုးစီ အသစ်အသစ် ဖြစ်ပေါ်ခြင်းတို့ကား အခြားအကြောင်းကြောင့်မဟုတ် အကျိုးကို ဖြစ်စေကြသော ပဋ္ဌာန်းတရား ရေးကပြခဲ့သော ကံ. စိတ်. ဥတု. အာဟာရ တည်းဟူသော အကြောင်းသင်္ခါရနယ် အစားစားတို့ကြောင့် ဖြစ်ပွားပေါ်ပေါက်လာကြကုန်၏။ အသစ်အသစ် ဖြစ်ပေါ် ရွေ့ပြောင်း လာကြသည် တို့နှင့်အမျှ အမျှ အဟောင်း အဟောင်း ရှိသမျှတို့လည်း အကုန်လုံး ပျက်ပျောက် အနိစ္စရောက်ရောက်လိုက် နေကုန်၏။ ထိုလိုက်နေကြပုံကို။

သင္ခတသင်္ခါရာ အနိစ္စာ ဟူသော စာစကား (အလုံးစုံပြုသမျှပျက်) ဟူသော ရွှာစကား အရတို့ဖြင့် သိရှိအပ်သော မိမိနှင့်တကွ လောကအားလုံးကြီးမှာ ရှိနေကြသည့် ငါတရားတို့နှင့် ဝိပဿနာအလုပ်တရားတို့ကို အလွယ်ဆုံးနည်းအားဖြင့် အနိစ္စ. အနိစ္စ ဟု အားထုတ်ကြသော ဝိပဿနာအသုံး ပုတီးစိပ် တစ်လုံး တစ်လုံးတို့ အထဲမှာ ဤလောကကြီး အတွင်းက သဝိညာဏက အဝိညာဏက အကုန်လုံးရှိသမျှတို့ပါ ပြန်းခနဲ သင်္ခါရနယ်က ပြုပြုသမျှအတွက်နှင့် တက်တက် သွားသမျှ အနိစ္စနယ် ဘက်က ဗုန်းခနဲ ဗုန်းခနဲ ပျက်ပျက် လိုက်နေကြသည်တို့ကို ထင်မြင်အောင် ဝိပဿနာရှုရပုံကား။

နေမထွက်ခင် ညဥ့်အခါ သဝိညာဏက အဝိညာဏက ရှိရှိသမျှတို့ အတွင်းသား ရုပ်နာမ်ဓာတ်ကလာပ် အားလုံးတို့မှာ များသောအားဖြင့် အေးရုပ် အေးသိနာမ် တို့သာတည်းဟု တစ်လောကလုံးကြီးတို့ကို ထင်မြင်မှု နှံ့ပြားသွားအောင် အခါခါ ရှုစားလိုက်ကြပါဦး။

ဤသို့ ရှုစားကြပြီးမှ အပူဥဏှာဥတုနှင့်တကွ နေမင်းကြီး ဘွားခနဲ ထွက်ပေါ် လာလျှင် ပူရုပ် တေဇောတို့ တက်တက်လာလျှင် ၎င်းသဝိညာဏက အဝိညာဏက တစ်လောကလုံးကြီးတို့၏ အတွင်းသားတို့မှာ ရှိရှိသမျှသော

WWW.DHAMMARANSI.COM



အေးရုပ် အေးသိနာမ်တို့ ချက်ချင်းသေပျောက် အနိစ္စရောက်ချက်ကို သိမှုနှင့် ကြည့်ရှုကာ အနိစ္စ ဟု ပုတီး တစ်လုံး စိပ်ပြီးသည်နောက်လည်း နေမင်းကြီးကို လည်းကောင်း၊ ရှိရင်းစွဲ အေးရုပ် အေးသိနာမ်တွေကလည်း အဆင့်ဆင့် ပျက်ပျက် လိုက်နေချက် အနိစ္စတို့ကို လည်းကောင်း၊ ဉာဏ်နှင့်မိမိ လောကအားလုံးကြီးတို့၏ အတွင်းသားတို့ကို ပြူပြူးကြီး ကြည့်ကာ သိကာ နေဝင်သည်တိုင်အောင် အနိစ္စ. အနိစ္စ ဟု ရှုကြ၍ ပုတီးစိပ်ကြပါလေ။

ဤသို့ ရှုရသောနည်းကား ဝါးစည်းတို့မှာ ကြိုးတစ်ချောင်းတည်းနှင့်ပင် ချည်တုပ်ကြကာ ဆွဲငင်ရာသို့ လိုက်ပါရသလို သိတ ဉဏ်ဥတု အပြောင်း သင်္ခါရ ကြိုးတစ်ချောင်းတည်းနှင့်ပင် စာမတတ်ကြသော သူများတို့ပင် တစ်လောကကြီး ကုန်အောင် လွယ်လွယ်ကလေးနှင့်သာ ထင်မြင် ထမြောက် သဘောပေါက်နိုင်ကြ ကုန်၏။ (ဝါ) သဘောပေါက်အောင် အခေါက်ခေါက် အခါခါ ပြန်၍လည်း ကြည့်ကြ ကြံ၍ ကြည့်၍လည်း သိကြ ရှုကြည့်ကြ ဟောပြောကြ နေထွက်က နေဝင် အတွင်းမှာ အေးရုပ် အေးသိနာမ်တွေ အဆင့်ဆင့် ပျက်လိုက်နေကြသည့် အနိစ္စ ပုတီးစိပ်ကြီးများကို နေ့အခါတိုင်းတို့မှာ ရေ့ကပြခဲ့သော နည်းအရနှင့် ပွားများ အားထုတ်ကြပါလေ။

အေးရုပ် အေးနာမ် အနိစ္စ နေ့ခါရှုကြရန်။ ဟု သံခိပ်မှတ်လေ။

(တစ်နည်း) နေမဝင်ခင် နေ့အခါတို့မှာ အဝိညာဏက သဝိညာဏကတို့ ရှိရှိသမျှ အတွင်းသား ရုပ်နာမ်ဓာတ်ကလာပ်တို့ အကုန်လုံးတို့ကား များသော အားဖြင့် ပူရုပ် ပူနာမ်တို့သာတည်းဟု တစ်လောကလုံးကြီးတို့ကို ထင်မြင်မှု နှံ့ပြား သွားအောင် အခါခါ ရှုစားလိုက်ကြပါဦး။

ဤသို့ ရှုစားကြပြီးမှ နေမင်းကြီး ဖြုတ်ခနဲ ဝင်သွားသောအခါ အအေး သိတဥတုကြီးက အေးရုပ် အေးသိနာမ်တွေ အဆင့်ဆင့် ဖြစ်စေပြန်၍ အေးရုပ် အေးသိနာမ်တွေ တက်တက် သွားသမျှတို့မှာလည်း ၎င်းတစ်လောကလုံးကြီး တို့အတွင်းမှာ ရှိရှိသမျှသော ပူရုပ် ပူသိနာမ်တို့ ချက်ချင်း ပျက်ပျောက် အနိစ္စ ရောက်ချက်ကို ကွက်ကွက် ကွင်းကွင်းကြီး ဉာဏ်အလင်းမိကြပြီး အနိစ္စဟု ဝိပဿနာရှုကာ ပုတီးတစ်လုံး စိပ်ပြီး နောက်လည်း အအေးသိတဥတု သင်္ခါရ အဆင့်ဆင့်တို့ ပြုပြုသွားတိုင်း အေးရုပ် အေးသိ နာမ်တွေ တစ်လောကလုံးကြီး

WWW.DHAMMARANSI.COM



တို့မှာ အဆင့်ဆင့် တက်တက်နေချက် သင်္ခါရတို့ကိုလည်းကောင်း၊ ပူရုပ် ပူသိနာမ် တွေကလည်း တစ်လောကလုံးကြီးတို့မှာ အဆင့်ဆင့် ပျက်ပျက် လိုက်နေချက် အနိစ္စတို့ကိုလည်းကောင်း ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်ကာ နေဝင်ကနေထွက် အတွင်းမှာ အနိစ္စ အနိစ္စ ဟု ရှုကြည့်ကြ ပုတီးစိပ်ကြ ပွားများ အားထုတ်ကြပါလေ။

ပူရုပ် ပူသိနာမ် အနိစ္စံ ညဥ့်ခါ ရှုကြရန် ဟု သံခိပ်မှတ်လေ။

ဤသည်တို့ကား ကာလမအား ဉာဏ်မများသူတို့လည်း အနိစ္စ အနိစ္စ ဟု အားထုတ်ကြသော ဝိပဿနာ ဉာဏ်အသုံး ပုတီးစိပ် တစ်လုံးတစ်လုံးတို့အထဲမှာ ၎င်း သဝိညာဏက အဝိညာဏက အစားစားတို့၏အပေါ်ယံ ပုံသဏ္ဍာန် အကောင် အထည်ဒြပ် ပညတ် အစားစားတို့ပင် မပျက်ကြငြားသော်လည်း ထိုသဝိညာဏက အဝိညာဏကအစားစားတို့၏အတွင်းသား အကုန်လုံးတို့မှုကား ပြုန်းခနဲ ပြုန်းခနဲ ပျက်ပျက်နေသည့် အနိစ္စအချက်များကိုပါ ကွက်ကွက် ကွင်းကွင်းကြီး ထင်ရှားပါအောင် ရေးသားခဲ့ ပြချက်တို့ပေတည်း။

ဤသို့လျှင် အများသူတို့ပင် ထင်မြင်လောက်အောင် ရေးပြ၍ လောက အားလုံးကြီးတို့နှင့်တကွ မိမိတို့ခန္ဓာကြီးတို့၏ အတွင်းသားရှိသမျှတို့ပါ အေးရုပ် အေးသိနာမ်တွေ အဆင့်ဆင့် ပျက်ပျက် လိုက်ချက်၊ တစ်ဖန် ပူရုပ် ပူသိနာမ် တွေလည်း အဆင့်ဆင့် ပျက်ပျက် လိုက်ချက် အနိစ္စသဘောသွား အစစ် တရားကြီးများကို ယုံကြည် အားထားလောက်အောင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ ပါဠိကို ပြရမူကား။

ရတ္တိံ ပဝတ္တရူပံ ဒိဝသံအပ္ပတွာ တတ္ထေဝနိရုဒ္ဓံ၊ ဒိဝသံ ပဝတ္တရူပမ္ပိ ရတ္တိံ **အပ္ပတွာ တတ္ထေဝနိရုဒ္ဓံ၊ တသ္မာ အနိစ္စံ ဒုက္ခမနတ္တာတိ တိလက္ခဏံ အာရောပေတိ။**

ရတ္တိံ၊ ညဥ့်အခါ၌။ ပဝတ္တရူပံ၊ ဖြစ်ပေါ်နေကြသော အေးရုပ် အဆင့်ဆင့် သည်။ **ဒိဝသံ**၊ နေ့အခါသို့။ **အပ္ပတွာ**၊ မရောက်မူ၍။ **တတ္ထေဝ**၊ ထိုညဥ့်အခါ အေးရုပ် အဆင့်ဆင့်မှာပင်လျှင်။ **နိရုဒ္ဓံ**၊ ခဏတစ်ဖြုတ်နှင့် ချုပ်ချုပ်လိုက်ရလေ၏။ **ဒိဝသံ**၊ နေ့အခါသို့။ **ပဝတ္တရူပမ္ပိ**၊ ဖြစ်ပေါ်နေကြသော ပူရုပ်အဆင့်ဆင့်တို့သည်လည်း။ **ရတ္တိံ**၊ ညဥ့်အခါသို့။ **အပ္ပတွာ**၊ မရောက်မူ၍။ **တတ္ထေဝ**၊ ထို့နေ့အခါ ပူရုပ်အဆင့်ဆင့်မှာ ပင်လျှင်။ **နိရုဒ္ဓံ**၊ ခဏတစ်ဖြုတ်နှင့် ချုပ်ချုပ်လိုက်ရလေ၏။ **တသ္မာ**၊ ထိုသို့တစ်လောက လုံးရှိ ရုပ်စုတွေ အဆင့်ဆင့် ချုပ်ပျောက်လေ၍

WWW.DHAMMARANSI.COM



သေသေလို့ချည်း လိုက်နေရသောကြောင့်။ **အနိစ္စံ**၊ ချုပ်ပျောက်သေမှု အနိစ္စစု သာတည်း။ **ဒုက္ခ**၊ သေဘေးသင့်မှု ဒုက္ခအစုသာတည်း။ **မနတ္တာ**၊ အနစ်မတိုး အစိုးလည်းမရ အလိုသို့မလိုက်ကြသည့် အနတ္တအစုသာတည်း။ **ဣတိ**၊ ဤသို့ (ဝါ) ဤလို ဤပုံ။ **တိလက္ခဏံ**၊ သုံးပါးသော လက္ခဏာရေးကို။ **အာရောပေတိ**၊ တင်၍ရှုရ၏ဟု ဝိသုဒ္ဓိမဂ်ကျမ်းဂန်ထွက်စကားကိုသာအနိစ္စစသည်တရားစစ်တို့ တစ်လောကလုံးကြီးတို့မှာ ဖြစ်နေကြတာ တွေကိုသာ ဉာဏ်သက်လွယ်ရာတို့ မြန်မာစကားတို့နှင့် ထင်ရှားအောင် ရေးက ရေးပြခဲ့ပါသတည်း။

ဤကား ဗုဒ္ဓဘာသာဝါဒနှင့် လောကဓာတ်ပညာ အယူဝါဒကို ညှိနှိုင်း၍ သူသိ ငါမြင် အထင်အရှား ဖြစ်နေကြသော ဓာတ်ပရမတ်တရား ပဋ္ဌာန်းများတို့ကို အတိုချုပ်အားဖြင့် ဝိပဿနာ ရှုစားကြပုံတို့ပါတည်း။

အို ... တရုတ်၊ မြန်မာ၊ ကုလား ဘာသာတူ ဘာသာခြား ပညာရှိအများတို့! သင်တို့ကြပ်ကြပ်ကြီး စဉ်းစားကြဖို့ကား (အကြောင်းဖြစ်လျှင် အကျိုးဖြစ်ရမည်) ဟူသောအမှတ်သည် မျက်မြင်ဒိဋ္ဌ ကိုယ်တွေ့လက်တွေ့အားဖြင့် သိရှိထိုက်ကြသည့်အတိုင်း ယခုမျက်မှောက်တွင် မည်သည့်သတ္တဝါမဆို ယဉ်ကျေးကောင်းမြတ်သော ဒါန သီလ စသော အကြောင်းတို့ကို ပြုနေကြသောကြောင့် နောက်နောင် ကောင်းမြတ်သောဘဝ အကျိုးအမျိုးမျိုး ဖြစ်နိုင်ကြ၏ဟူ၍ လည်းကောင်း ရိုင်းပြယုတ်မာသော သူ့အသက် သတ်ခြင်း စသော အကုသိုလ် အကြောင်းတို့ကို ပြုကြသောကြောင့် နောက်နောင် မကောင်းသောဘဝ အကျိုးအမျိုးမျိုးတို့ဖြစ်နိုင်ကြကုန်၏ ဟူ၍လည်းကောင်း သိထိုက်ကြ အယူရှိထိုက်ကြသည် မဟုတ်ပါလော။

ဤသို့အယူရှိထိုက်ကြသည့်အတွက် သတ္တဝါတိုင်းတို့မှာ အရေးအကြီးဆုံး အချက်တွေ ရှိကြသောကြောင့် ဥပမာပုံထား၍ ပြောကြားနေကြသည်ကား ဤအရေးက သေရေးရှင်ရေးတမျှ ကြီးလေးနေကြသည် ဟု ပြောဆိုနေကြ၏။ ပြောဆိုသည့်အတိုင်း ကြည့်သောအခါ စစ်ကြီးတွေအတွက် အရေးကြီးနေချက်တို့သည်လည်း သေရေးရှင်ရေးပေတည်း။

ထိုမှတစ်ပါးသော နိုင်ငံရေး ပစ္စည်းရေး ဘာသာရေး စသော အရေးဟူသမျှတို့သည်လည်း သေရေး ရှင်ရေးတို့သို့ဆိုက်ရောက်လာသော အရေးတို့ချည်းပင်

WWW.DHAMMARANSI.COM



တည်းဟု သိရှိထိုက်သည့်အတိုင်း ရဟန်းရှင်လူ ဘယ်သူမဆို ဤကြီးလေးသော ယနုဘဝတွေ့ရမည့် သေဘေး၊ နောက်နောင်ဘဝ ဘေးသင့်ကြပြီး ဖြစ်သွားကြရမည့် ရှင်ရေးတို့အတွက် ထိပ်ထက်မှာ သံမှိုနက်သကဲ့သို့ ငါတို့သေလျှင် ဘယ်တရားကို အားထား၍ သေမည် ဟူ၍လည်းကောင်း။ ငါတို့ မသေမီ ဘယ်တရားကို အားထုတ်၍ နေမည် ဟူ၍လည်းကောင်း။ သေပေါက်မှာ တိုက်ခိုက်ရမည့် သူတော်ကောင်းတရား စစ်သားကြီးတွေ ရှိနေထိုက်ကြသည့် အတိုင်း ဂတိဝိသုဒ္ဓိအသင်းကြီး အသင်းငယ် အသွယ်သွယ် ဖွဲ့စည်းလျက် ပြုပြင်ပေးနည်း အဝဝနှင့်တကွ ငါတို့ရှေ့ကပြခဲ့သော အတွင်းရန်သူကြီးများကို အောင်မြင်ရန်အချက် ဝိပဿနာ လက်နက်တို့ကို အသီးသီး စောစောကလေ့လာ ထားကြ တိုက်တွန်းထားကြပြီးလျှင် မကြာမကြာ အခါခါ တစ်ကိုယ်လုံး သေသေ လိုက်နေကြသည့် အနိစ္စနှင့်တကွ ရှေ့နောက်ဘဝ တိုင်းတို့၏ အနိစ္စတို့ကို လည်းကောင်း။ အမြဲသေဘေးသင့်လိုက်နေရသည့် တစ်ကိုယ်လုံး၏ ဒုက္ခနှင့် တကွ ရှေ့နောက်ဘဝတိုင်းတို့၏ ဒုက္ခတို့ကိုလည်းကောင်း။ အနည်းငယ်မျှ တည်တံ့နိုင်သော အနှစ်တို့ တစ်ကိုယ်လုံးမှာ မရှိကြသည့် အနတ္တနှင့်တကွ ရှေ့နောက် ဘဝတိုင်းတို့၏ အနတ္တတို့ကိုလည်းကောင်း၊ ဝိပဿနာတရား အစားစားဖြင့် အားထုတ် သွားကြပါမူ ထိုထို ရုပ်နာမ်ဘဝ စည်းစိမ်ချမ်းသာတို့၏ အပြစ်ကို မမြင်အောင် ကွယ်ကာခြင်း အဝိဇ္ဇာနှင့် တဏှာကင်း၍ မဂ်ဉာဏ်အလင်းသို့ ရောက်ကြသောအခါ ဝဋ္ဋဒုက္ခတို့မှာ ဖြစ်စေနိုင်ကြသော ကုသိုလ် အကုသိုလ်ကံ အကြောင်းဟူသမျှတို့ကို ချုပ်ငြိမ်းအောင် ပယ်ဖျက် လိုက်၍ ထိုထိုဝဋ္ဋဒုက္ခ၌ ဖြစ်ကြရခြင်း ဇာတိ၊ အိုရခြင်း ဇရာ၊ သေရခြင်း မရဏ စသော ဘေးဒုက္ခအပေါင်းတို့မှ အမြဲထာဝရ ကင်းလွတ်ကြပြီး မအို၊ မနာ၊ မသေ အမြဲ သန္တိသုခ အစစ်ကြီးတွေ ဖြစ်နေရသည့် အသခ်တဓာတ် နိဗ္ဗာန် ရွှေပြည်မြတ်သို့ အဆုံးသတ်အောင်မြင်စွာ စံနေတော်မူကြကုန်ရာ၏။

သို့အတွက် အရေးအကြီးဆုံး သူတော်တရား နလုံးထား၍ သေရေး တို့ကို လည်းကောင်း၊ အခွင့်အခါကောင်းကြီးကို ယခုအခါရပြီး အလွယ်ဆုံးနည်းနှင့် သိရှိကြရန် ရှေ့ကပြခဲ့သော နေရာတိုင်း အခါတိုင်းတို့မှာ ဝိပဿနာအလုပ်နှင့် အားထုတ်၍ နေနေသွားကြရသော ရှင်ရေးတို့ကို လည်းကောင်း။ သူရောငါပါ

WWW.DHAMMARANSI.COM



ယခုအခါ စစ်ပွဲကြီးတွေမှာ တိုက်ခိုက်နေရသော သူတို့ထက်မက (ဂတိဝိသုဒ္ဓိ) အသင်းအပင်းနှင့် တကွ ဘေးဒုက္ခအပေါင်းတို့မှ ကင်းလွတ်လိုသူ မှန်သမျှတို့ အရေးတကြီး အားထုတ်သွားကြ၍ အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီး အပါယ်အစရှိသော ဘေးဆိုးကြီး အပေါင်းတို့မှ ကင်းလွတ်ကြပါစေဟု မေတ္တာတော်ကြီး ကြီးကြီး ရှေ့ထား၍ ဤလက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကို ရေးသားခြင်းတစ်ရပ် အပြီးသတ်လိုက်ရပါသတည်း။

❖

## ၅၆။ ကျမ်းပြီးနိဂုံးနှင့် ထောက်ခံပြင်ဆင်သော တရားတော်များ။ (ဇွတ္တာဝတာစ)

၁။ မိုး ညှင်းတောရဝိဟာရမှိ၊ ဟရိတာမဏ်ကွဍ္ဍကေ။
သာသနာ မင်္ဂလာ ပါသာဒေ၊ စက်မေ ဝိဟာရုံဒိဝါ။

ပထျာဝတ္တဂါထာ

၂။ မိုးညှင်းအာစေရာသဘေန၊ ကိတ္တိသဒ္ဒေန ယာ မယာ။
မဂ္ဂါဖလပါဒကမှိ၊ ယာနေဥယျောဇိတာသဒါ။

ဥဘယရကာရပုဝိလာဂါထာ

၃။ ပဋ္ဌာနောဝါဒဒေသနာ၊ သဗ္ဗာဟိတတ္တသာဓကာ။
သဗ္ဗသတ္တသာဓာရဏာ၊ သာဓျေဇနေဟိ ဝေဒိယာ။

မိဿကဂါထာ

၄။ ကာသီတိ သတာဒွယမှိ၊ အာသဠ္ဍဒ္ဒါဒဇုဏှကေ။
နိဋ္ဌကွာဝ ရစိတာ သာ၊ နိဋ္ဌိတာ နိရုပ္ပဒ္ဒဝါ။

မိဿကဂါထာ

၅။ တေနပုညေနညေ ဟိစ၊ သဗ္ဗေသုခံ လာဘာမဟံ။
သဗ္ဗေပိ သတ္တာ လဘန္တု၊ ကာယစိတ္တာ သုခါဒယော။

မိဿကဂါထာ

WWW.DHAMMARANSI.COM



၁။ **မိုးညှင်းတောရဝိဟာရမှို**၊ မိုးညှင်းမင်းတရားကြီး တည်ထား ကိုးကွယ်အပ်ခဲ့သော ရွှေစေတီတော်ကြီးကို အမှီပြု၍ ရွှေ, ငွေ, မြ, ရွဲ, ပုလဲ, ပတ္တမြား ရတနာဆယ်ပါးတို့ဖြင့် မွမ်းမံအပ်သော ဆင်းတုတော်အရပ်ရပ် အုဋ္ဌပြာသာဒ်, အုဋ္ဌစေတီ, အုဋ္ဌကျောင်း, အုဋ္ဌရေကန်, အုဋ္ဌတံတိုင်း, အုဋ္ဌတန်ဆောင်းနှင့်တကွ သစ်သား, ဇရပ်, တန်ဆောင်း, ကျောင်းကြီး, ကျောင်းငယ် အသွယ်သွယ်သော သိန်းသောင်းများစွာ ရတနာမျိုးစုံ စုဝေးရာ မိုးညှင်းတောရကျောင်းတိုက်ကြီး၌။ **ဟရိတာမဏိက္ကုဋ္ဌကေ**၊ မြစိမ်းနာမ အမည်ရသော နစ်ထပ်အုဋ္ဌကျောင်းကြီး၌။ (ဆန်းကြောင့် တာ ဟု ဒီဃရောက်) ဒိဝါ၊ နေနှင့်ယှဉ်ရာ နေ့အခါ၌။ **ဝိဟာရံ ဝိဟာရန္တေန**၊ ဣရိယာယထမျှတကာပျော် သီတင်းသုံး နေတော်မူထသော။ **ရတ္တိယံ**၊ လရောင်ဓာတ်မီးရောင်လာ ညဉ့်အခါ၌ (ထည့်) **သာသနာ မဏ္ဍာ ပါသာဒေ၊ သာသန မဏ္ဍလ ပါသာဒေ**၊ သာသနာသုံးပါး ဘုရားအာဏာ တည်ရာ အစစ် မဏ္ဍိုင်မည်သော ဘုံနစ်ထပ်ရှိသော အုဋ္ဌကျောင်းပြာသာဒ်ကြီး၌ လည်းကောင်း။ (ဆန်းကြောင့် ဒီဃပြု လချေ) **စင်္ကမေ**၊ အရှင်မဟိန္ဒ ခီဏာသဝအမော် မဟာထေရ်ကျော် စင်္ကြံအလားမြင်ရသူအများတို့မှဒိတာ ဖြဟ္မစိုရ်ပွားများလောက်အောင် စိတ်နှလုံး ပျော်ဖွယ်ရာကောင်းသော စင်္ကြံကြီး၌လည်းကောင်း။ **ဝိဟာရ ဝိဟာရန္တေန**၊ သမထ ဝိပဿနာ ဘာဝနာ ရှင်ပျော်နေတော်မူထသော။

၂။ **ကိတ္တိသဒ္ဒေန**၊ အောက်ထက်မကျန် မြန်မာနိုင်ငံမက တရုတ်, ဂျပန် စသားတိုင်းအများတို့၌ သီလ, သမာဓိ, ပညာဂုဏ်ကြောင့် ကျော်စောသော အသံရှိထသော။ **မဂ္ဂါဖလပါဒကမှို**၊ ရုပ်နာမ်မြင်မှု အစပြုကြား စေတသိက်တရားတည်းဟူသော မဂ်ဖိုလ်တရားတို့၏ အမြစ်အရင်း အခြေမူလဖြစ်သော (ဆန်းကြောင့် ဂ္ဂါ ဟု ဒီဃာရောက်) **ယာနေ**၊ သမာဓိ တည်းဟူသော သမထယာဉ်, ပညာတည်းဟူသော ဝိပဿနာယာဉ် နှစ်ပါး၌။ **သဒါ**၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ **ဥယျောဇိတာ ဥယျောဇိတေန**၊ အားမထုတ်ခြင်း ထုတ်ခြင်း လေကြောင်းတရားကောင်းဖြင့် နစ်ထောင်းအားရလောက်အောင် တိုက်တွန်း နှိုးဆော်တော်မူပေထသော။ **မိုးညှင်းအာစေရာ သဘေန**၊ မိုးညှင်းတောရ ဆရာတော်ဘုရားဟု ဆိုအပ်သော။ **မယာ**၊ **ခန္ဓာပဋ္ဌက**၊ သမူဟာကို စွဲထဝေါဟာ မထေရ်ငါသည်။

WWW.DHAMMARANSI.COM



၃။ **သဗ္ဗာဟိတတ္ထသာဓကော၊** လူနတ်ဖြဟ္မာ မဂ်ဖလာနှင့် ခေမာနိဗ္ဗာန် ခြောက်တန်ရှိပြားကျိုးစီးပွားကိုမများအသီးပြီးစီးစေတတ်ထသော(ဆန်းကြောင့် ဗ္ဗာ ဟု ဒီဃရောက်)**သာဓုဇနေဟိ၊**ကတည့သိပဏ္ဍိမိုထ ကလျာဏမိတ် ကိုယ် စိတ်တူကြောင်း သူတော်ကောင်းလက္ခဏာ လေးပါးနှင့် ကျမ်းဂန်လာတိုင်း ပြည့်စုံကုန်သော သူတော်ကောင်း ပညာရှိတို့သည်။ **ဝေဒိယာ၊** အနုမာန. အတ္တပစ္စက်. ဉာဏ်နှစ်ချက်ဖြင့် ဆက်ဆက်သိအပ်ထသော။ **သဗ္ဗသတ္တသာ ဓာရဏာ၊** ကမ္ဘာသူ ကမ္ဘာသား ခပ်သိမ်း သော သတ္တဝါအများတို့နှင့် ဆက်ဆံသော (ဝါ) သတ္တဝါတိုင်း ဆက်ဆံသော (ဝါ) ဘုံဆိုင်ဖြစ်သော။ **ယောပဋ္ဌာနောဝါဒ ဒေသနာ၊** သဝိညာဏက အဝိညာဏက ရှိရှိသမျှ သခ်ါရတို့၏ အထူးထူး အပြားပြား များပြားလှသော အကြောင်းစုတည်းဟူသော ပဋ္ဌာန်းတရားဖြင့် ဝေနေယျ အဝေနေယျ တို့အား နားလည်ထင်မြင်လောက်အောင် မိမိ မြန်မာ ဘာသာဖြင့် ကွင်းကွင်းကွက်ကွက် အချက်ကျနစွာ လက်တွေ့ပဋ္ဌာန်းတရား တို့ဖြင့် ဆုံးမဟောပြောရာ ဟောပြောကြောင်း ဖြစ်ခြင်းကြောင့် အကြင်ပဋ္ဌာ နောဝါဒ ဒေသနာမည်သော လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကို။

၄။ **ရစိတာ၊** သတိရှေ့သွား သမ္ပဇည အလယ်ထား၍ သဒ္ဒါတရား နောက်ထပ် အဓိမောက္ခ လုံ့လပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်ဖြင့် ရေးသားစီရင်အပ်ပြီ။ (ဆန်းကြောင့် စီ ဒီဃရောက်) **သာပဋ္ဌာနောဝါဒဒေသနာ၊** ထိုပဋ္ဌာနောဝါဒ အမည်ရသော လက်တွေ့ ပဋ္ဌာန်းဘုံဆိုင်ကျမ်းသည်။ **ကာသီတိ သတာဒ္ဒယမှိ၊** ကောဇာ သက္ကရာဇ် တစ်ထောင့်သုံးရာနှစ်ခု၌။ (ဆန်းကြောင့် တာ ဒီဃရောက်) **အာသဠိဒွါဒဖုဏှကေ၊** ဝါဆိုလဆန်း တစ်ဆယ့်နှစ်ရက် (၁၂)နေ့၌။ **နိဋ္ဌကွာဝ နိဋ္ဌကွာဓေ၊** ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းလျက်သာလျှင်။ **နိရုပဒ္ဒဝါ နိရုပဒ္ဒဝါဓေ၊** ကာယိက ဒုက္ခဝေဒနာ အစဖြာသော ဥပဒ္ဒဝေါ ခပ်သိမ်း ကင်းငြိမ်းလျက် သာလျှင်။ **နိဋ္ဌိတာ၊** အပြီးအဆုံး နိဂုံးကမ္ပတ် သတ်ခြင်းသို့ ရောက်ခဲ့ပြီ။

WWW.DHAMMARANSI.COM



၅။ **တေနပုညေနဝ၊** ကျမ်းပြုတုံဆဲ မြဲစွဲဖြစ်ရိပ် ဤတိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကြောင့်လည်းကောင်း။ **အညေဟိ၊** ဤကုသိုလ်မှ တစ်ပါးကုန်သော။ **ပုညေဟိစ၊** အလောင်း သုံးဖြာ သူတော်စွာတို့ ဖြည့်ရာမှုကောင်း ပါရမီကုသိုလ် အပေါင်းတို့ကြောင့်လည်းကောင်း။ **အဟံ၊** မိုးညှင်းတောရ အာစေရပုဂ်ဝါ မထေရ်ငါသည်။ **သဗ္ဗာသုခံ၊** ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအစ ဆိုအပ်ပြီး ခပ်သိမ်းသော ချမ်းသာဟူသမျှကို။ (ဆန်းကြောင့် ဗ္ဗာ ဒီဃရောက်) **သဘာမိ၊** အလိုရှိကာ ဗျာပါမရှိ ရရရောက်ရ မျက်မှောက်ကိုယ်တွေ့ဆိုက်ရောက်ရပါလို၏။ **သဗ္ဗေပိ၊** ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ **သတ္တာ၊** ခန္ဓာငါးရှိ ကပ်ငြိတွယ်တာ သတ္တဝါတို့သည်။ **ကာယစိတ္တာ သုခါဒယော၊** ကိုယ်စိတ်အေးမြ သုခစသား ခြောက်ပါး ခြောက်ဝ မြတ်သုခတို့ကို။ **လဘန္တု၊** နယ်ကိုသတ်မှတ် အရပ်တွင်ကိန်း သတ္တဝါ ခပ်သိမ်းကို မယိမ်းအုပ်စိုး စိတ်စိုးမိုးကာ ချမ်းသာပါစေ မေတ္တာရေချမ်း ကုန်ဆွတ်ဖျန်းကာ ရနိုင်ကြပါစေကုန်သတည်း။

❖

## ပြင်ဆင်သော ဆရာတော်များ။

ဉာတိမိတ္တသဟာယ မက အတ္တသမဒဠှမိတ္တ အစစ်ဖြစ်သော မန္တလေး ရွှေရေးဆောင် စာသင်ဖက်ဖြစ်သည့် အဂ္ဂမဟာပဏ္ဍိတ ကျွန်းရွာဆရာတော်ကြီးသည် မုံရွာမြို့ကန်ပြားကြီးရွာသို့မန္တလေးမြို့မှ ဥပသမ္ပဒကံဆောင် ကြွ၍အပြန် မိုးညှင်းသို့ဝင်လာစဉ် မိုးညှင်းကိုယ်တော်ကြီးက သတ္တဝါအများ လွယ်လွယ်နှင့် နားလည်သွားကြအောင် ရေးသားစီရင်အပ်သော လက်တွေ့ပဋ္ဌာန်းဘုံဆိုင် ကျမ်းကို ကြည့်ရှုပြင်ဆင်ရန် တောင်းပန်ချက်အရ ပြင်ဆင်၍ ပြီးဆုံးသော နိဂုံးဂါထာတို့ကား။

၆၊ ကျွန်းရွာရဉာစရိယေန၊ သုဝဏ္ဏကိဋ္ဌကဝါသိနာ၊
တိကမ္မတ္တုံ လဒ္ဓလဍ္ဍေန၊ ကွာပိန္တာဒီဟိ ရာဇူဟိ၊
ပထျာဝတ္တဂါထာ

WWW.DHAMMARANSI.COM



## ၇။ ကာသိတိသတာဒွယမှိ၊ သာဝဏေကာဋ္ဌစုဒ္ဒသ၊ သောရိဝါရေ ဝိသောမိတော၊ နိဋ္ဌိတောနိရုပ္ပဒ္ဒဝေါတိ၊

## မိဿကဂါထာ

၆။ **ကွာပိန္ဒာဒီဟိ**၊ ရေမြေကိုအစိုးရတော်မူသော ပဋ္ဌမ ရွှေဘုရင်မင်းမြတ်အစ ရှိကုန်သော။ **ရာဇူဟိစ**၊ မင်းတို့အထံမှလည်း။ **တိက္ခတ္တုံ**၊ သုံးကြိမ်သုံးထပ်။ **လဒ္ဓလဉ္ဆနော**၊ ပဋ္ဌမ ရွှေဘုရင်မင်းမြတ် ပေးအပ်သော အဂ္ဂမဟာပဏ္ဍိတ ဟူသော ဘွဲ့တံဆိပ်တော် မြန်မာနိုင်ငံတော် ဘုရင်ခံမင်း ဆာချား(လ်)အင်နစ်ထံမှ ပေးအပ်သော လေးမြို့ဂိုဏ်းချုပ် ကျွန်းရွာတောရဆရာတော်ဟူသော ပထမ ဘွဲ့တံဆိပ်တော် မြစ်ကွေ့ခရိုင် သုမဗ္ဗာဝင် ကျွန်းရွာတောရ ဆရာတော်ဟူသော တတိယဘွဲ့တံဆိပ်တော်တို့ကို ကိုယ်နှုတ်ပယောဂ စသည်မဖက် သက်သက် သော မဂ္ဂ ဖလ ပါဒက သီလ သမာဓိ ပညာ ပဋိပတ္တိဂုဏ် အနေကဂန္ထကာရစသော ပရိယတ္တိဂုဏ်တို့ကြောင့် ရအပ်သော။ **ကွာပိန္ဒ**၊ တံဆိပ်လည်းရှိထသော (ဝါ) တံဆိပ်မျိုးစုံရ ဆရာတော်လည်း ဖြစ်ထသော။ **ဂန္ထကာရ ကေန**၊ ထေရီအပါဒါန် မဟာအဋ္ဌကထာ စသော ကျမ်းပေါင်း (၉၇)ကျမ်း၊ ပေအဂ်ါ (၁၀၀)ကျော်ခန့်ရှိ ကျမ်းဂန်အများပြု ကမ္ဘာအကျော် သက်တော် (၆၀)ကျော် မဟာထေရ်လည်း ဖြစ်ပေထသော။ (ထည့်သည်) **သုဝဏ္ဏကိဋ္ဌက** ဝါသီနာ၊ မန္တလေးမြို့ ချမ်းသာကြီးတိုက် ရွှေချအုဋ္ဌကျောင်းတော်ကြီး၌ ဥပုသ်နေ့မှတစ်ပါး နေ့စဉ် (၈၀၀)ရှစ်ရာကျော် (၉၀၀) နီးပါး နိုင်ငံအနှံ့အပြား စာချကျောင်းထိုင် သကျသီဟ အစိုးရစာမေးပွဲအောင်ပြီး မထေရ်ကြီး စသော သံဃာတော် တို့အား စာပေ ကျမ်းဂန် တစ်ကယ်တမ်း တတ်မြောက်လောက်အောင် စံကျောင်းဘက်မှ လာသော နည်းလမ်းအတိုင်း မခိုမကပ် ဆရာစားမချန်ဘဲ ပို့ချကြည့်ရှု ကျမ်းဂန်ရေးကာ သီတင်းသုံးနေဆဲ ဖြစ်ထသော။ ကျွန်းရွာရညာစရိယေန၊ ကျောက်ဆောက်မြို့နယ် ကျွန်းရွာဇာတိ လည်းဖြစ် တစ်ဆယ့်ခြောက်နှစ် (၁၆)နှစ် တောရ အရည်ဝါသီ မဟာထေရ်လည်းဖြစ်၍ ဘုရင်မင်း သာသနာပိုင်တို့မှ အစပြု၍ နိုင်ငံအလုံး ခြိမ့်ခြိမ့်အုံးမျှ ကျွန်းရွာတောရ ဆရာတော်ဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်ပြီးသော မဟာထေရ်သည်။ (ဆန်းကြောင့် ရီ ဒီဃ)။

WWW.DHAMMARANSI.COM



၇။ **ကာသီတိသတာဒွယမှိ**၊ တစ်ထောင့်သုံးရာခုနစ်၌။ **သာဝဏေကာဠ စုဒ္ဒသေ**၊ ဝါခေါင်လဆုပ် (၁၄)ရက်နေ့၌ (ဆန်းကြောင့် တာ ဒီဃရောက်) **သောရဝါရေ**၊ စနေနေ့ည ရှစ်နာရီအချိန်၌။ **ဝိသောဓိတော**၊ ပါဠိအနက် ပျက်ကာ ရန်စစ် ပင့်ရစ်သတ်မှန် ကံနှင့် ကတ္တား ထောက်ထား ကြိယာ မှန်ကန်စွာဖတ် သတိထင်အပ်သော။ **ဂန္ထော**၊ စံကျောင်းဘက်တွင် နေသွင်လပုံ ယုန်နှင့်မခြား လွန်ထင်ရှားသော စာသင်ဖက် အတိပိယ အတ္တပိယ အတ္တသမ မိတ်ဆွေရင်းစစ် ဖြစ်ကြီးဖြစ်သော မိုးညှင်းတောရ ဆရာတော်ဘုရားကြီးသည် ရေးသားစီရင် အပ်သော လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းသည်။ **နိရုပ္ပဒ္ဒဝေါ**၊ ဥပဒ်ဘေးဒဏ် ရန်မာရ်အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလျက်။ **နိဋ္ဌိတော**၊ ကိုယ်တိုင်ကိုယ်ကြပ် အမြတ်တနိုး ပြင်ဆင်မျိုးဖြင့် အဖိုးအနဂ္ဃ ထိုက်တန် လှအောင် အစဆုံးသာ ပြင်ကာစီကုံး အပြီးအဆုံးသို့ရောက်ခဲ့ပါပေသတည်း။

ထိုမှတစ်ပါး မြန်မာနိုင်ငံတွင် အဘိဓမ္မာအရာနှင့် ညဝါတို့မှာ အလွန့် အလွန်ပင် ထင်ရှားကျော်ကြားလှသော အမရပူရ တောင်မြို့တွင် ရဟန်းတော် အများ စာသင်သား အမျိုးမျိုးတို့အား မကြာခဏ တတ်မြောက်လွယ်ကြအောင် ချပို့လျက်ရှိသော ဆရာအုံးကြီး၏တပည့်ကြီး မင်္ဂလာတိုက်ဟောင်း ဆရာ တော်ကြီး ဦးဝိမလ အရှင်မြတ်ကလည်း။ ဤလက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်းကို အကြိမ်ကြိမ်အထပ်ထပ် ကြည့်ရှုပြင်ဆင်သဖြင့် အလွန်ပင် ပညာရှင်တို့ယုံကြည် အားထား ကိုးစားမှီခိုလောက်သော လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း ဟု သိရှိအပ် ပေတော့သတည်း။

❖

WWW.DHAMMARANSI.COM



## ပုံရိုက်နိဂုံး

အေးကြည်သံချို၊ နိဂုံးဆိုပိမ့်၊ မြင်းမိုရ်မေရု၊ ကတည်ုတည့်၊ ဗဟုပကား၊ ကျေးဇူးများသား၊ ထွန်ရှုပ်များမှန်စွာ၊ ဆရာသခင်၊ အရှင်မိုးညှင်း၊ ရွှေလမင်း၏၊ အလင်းဒေသနာ၊ ရောင်ဝါတင့်ဆန်း၊ ကမ္ဘာလွှမ်းသည့်၊ လက်တွေ့ပဋ္ဌာန်း ဘုံဆိုင်ကျမ်းကို၊ ရဟန်းရှင်လူ၊ စင်ဖြူသီလ၊ ဒါနခင်မင်၊ သူတော်စင်တို့၊ ကြည်လင်ဝမ်းသာ၊ သိပါစေရန်၊ စိတ်ရည်သန် ၍၊ သိသံအရင်း၊ ရှင်မိုးညှင်း၏၊ အတွင်းတပည့်၊ ကဝိတံခွန်၊ ဉာဏ်ရည်ချွန်သည့်၊ အမွန်ပါကဋ၊ ကောဝိဒဟု၊ နာမတွင်ခေါ်၊ မဟော်အသွင်၊ နေရင်း - ရှင်က၊ စီစဉ်ပုံရိုက်၊ မော်ကွန်းစိုက်၏၊ သောင်းထိုက်ဇမ္ဗူ၊ များမိုလ်လူတို့၊ ဆူဆူပရမေ၊ သမ္မုဒ္ဒေတို့၊ မိန့်ထွေဟောပြ၊ ဓမ္မခေါင်လွှမ်း၊ ဉာဏ်ပဋ္ဌာန်းကား၊ ကြားနာဖို့ခက်၊ အကြည့်ခက်နှင့်၊ အကျင့်လည်းခက်၊ ခက်သုံးချက်ကို၊ လက်ဝယ်တင်ထား၊ ပတ္တမြားသို့၊ ထင်ရှားလွယ်စေ၊ မေတ္တာစွေလျက်၊ မထေရ်မိုးညှင်း၊ ဆရာရင်းက၊ သာသနာလင်း၊ ကမ္ဘာချင်းအောင်၊ ကွင်းကွင်းကွက်ကွက်၊ ဟောချက်အရ၊ ရေးစီပြသည့်၊ နဋ္ဌအဖိုး၊ တန်ခိုးလွန်ကြီး၊ ဤကျမ်းကြီးသည်၊ ငြိမ်းထီး ကမ္ဘာကျော်စေသတည်း။

## လက်တွေ့ပဋ္ဌာန်းဘုံဆိုင်ကျမ်း

## ပြီးပါပြီ။

❖